အခန်း ၁ တစ်ဆယ်အထိကိန်းများ

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ ကိန်းပြည့်များကို အသုံးပြုတတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၁.၁။ ၁၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်
၁.၁.၁.၂။ ၁၀ အထိ ကိန်းများကို နှိုင်းယှဉ်တတ်ရန်
၁.၁.၁.၃။ ၁၀ အထိ ကိန်းများကို စီတတ်ရန်

စာသင်ချိန်

- ၁၉ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁–၂	၁ မှ ၅ အထိ ပစ္စည်းစစ်များ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ ဖတ်တတ်ရန်	● ပုံထဲတွင် ၁ မှ ၅ အထိ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်ခြင်း၊ အရေအတွက် ပြောခြင်း၊ ကိန်းဖတ်ခြင်း။ ● စာသင်ခန်းထဲတွင် ၁ မှ ၅ အထိ အရေအတွက်ရှိသော ပစ္စည်းများကို စုစည်းခြင်း၊ ရေတွက်ခြင်း၊ အရေအတွက် ပြောခြင်း၊ ကိန်းဖတ်ခြင်း။	● ကလေးများသည် ပုံထဲတွင် ၁ မှ ၅ အထိ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ ပြောတတ်၊ ကိန်းဖတ်တတ်မည်။ ● ကလေးများသည် စာသင်ခန်းထဲတွင် ၁ မှ ၅ အထိ အရေအတွက်ရှိသော ပစ္စည်းများကို စုစည်းတတ်၊ ရေတွက်တတ်၊ ကိန်းဖတ်တတ်မည်။
၃–၄	၁ မှ ၅ အထိ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်ခြင်းနှင့် အရေအတွက်တူအဝိုင်းငယ်များကို အရောင်ခြယ်ခြင်း။ ● ကိန်းများကို ဖတ်ခြင်းနှင့် မှန်ကန်စွာရေးခြင်း။	● ကလေးများသည် ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်ပြီး အရေအတွက်တူအဝိုင်းများကို အရောင်ခြယ်တတ်မည်။ ● ကလေးများသည် ကိန်းများကို ဖတ်တတ်ပြီး မှန်ကန်စွာ ရေးတတ်မည်။
၅	၁ မှ ၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပြထားသော ကိန်းအတိုင်းပစ္စည်းအရေအတွက်ကို ဝိုင်းခြင်း။ ● ပုံပါပစ္စည်းအရေအတွက်အတိုင်း ကိန်းကို ရေးခြင်း။ ● ကိန်းနှင့် အရေအတွက်တူသောပုံများကို ယှဉ်တွဲခြင်း။	● ကလေးများသည် ပြထားသော ကိန်းအတိုင်း ပစ္စည်းအရေအတွက်ကို ဝိုင်းတတ်မည်။ ● ကလေးများသည် ပုံပါပစ္စည်းအရေအတွက်အတိုင်း ကိန်းကိုရေးတတ်မည်။ ● ကလေးများသည် ကိန်းနှင့်အရေအတွက်တူသောပုံများကို ယှဉ်တွဲတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	၁ မှ ၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပြသောပစ္စည်းများ၏ အရေအတွက်ကိုပြောခြင်းနှင့် အရေအတွက်တူ ပစ္စည်းများကို စုစည်းခြင်း။ ● ပြသောကိန်းကို ပြောခြင်းနှင့် အရေအတွက်တူ ပစ္စည်းများကို စုစည်းခြင်း။	● ကလေးများသည် ပြထားသောပစ္စည်းများ၏ အရေအတွက်ကို ပြောတတ်ပြီး အရေအတွက်တူပစ္စည်းများကို စုစည်းတတ်မည်။ ● ကလေးများသည် ပြသောကိန်းကို ပြောတတ်ပြီး အရေအတွက်တူပစ္စည်းများကို စုစည်းတတ်မည်။
၇–၈	၆ မှ ၁၀ အထိ ပစ္စည်းစစ်များနှင့် ကိုယ်စားပြု ပစ္စည်းများ၏ အရေအတွက်ကို ရေတွတ်တတ်၊ ဖတ်တတ်ရန်	● ပုံထဲတွင်ရှိသော ၆ မှ ၁၀ အထိ ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများကို ရေတွက်ခြင်းနှင့် အရေအတွက်ကို ပြောခြင်း၊ ကိန်းဖတ်ခြင်း။ ● စာသင်ခန်းထဲတွင်ရှိသော ၆ မှ ၁၀ အထိ အရေအတွက်ရှိသော ပစ္စည်းများကို စုစည်းခြင်း၊ ရေတွက်ခြင်း၊ အရေအတွက်ပြောခြင်း၊ ကိန်းဖတ်ခြင်း။	● ကလေးများသည် ပုံထဲတွင်ရှိသော ၆ မှ ၁၀ အထိ ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ အရေအတွက်ကို ပြောတတ်၊ ကိန်းဖတ်တတ်မည်။ ● ကလေးများသည် စာသင်ခန်းထဲရှိ ၆ မှ ၁၀ အထိ အရေအတွက်ရှိသော ပစ္စည်းများကို စုစည်းတတ်၊ ရေတွက်တတ်၊ ကိန်းဖတ်တတ်မည်။
၉–၁၀	၆ မှ ၁၀ အထိ ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများ၏ အရေအတွက်ကို ရေတွတ်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်ခြင်းနှင့် အရေအတွက်တူ အဝိုင်းငယ်များကို အရောင်ခြယ်ခြင်း။ ● ကိန်းများကို ဖတ်ခြင်းနှင့် မှန်ကန်စွာရေးခြင်း။	● ကလေးများသည် ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ အရေအတွက်တူ အဝိုင်းငယ်များကို အရောင်ခြယ်တတ်မည်။ ● ကလေးများသည် ကိန်းများကို ဖတ်တတ်ပြီး မှန်ကန်စွာ ရေးတတ်မည်။
၁၁	၆ မှ ၁၀ အထိပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပုံပါပစ္စည်းအရေအတွက်အတိုင်း ကိန်းရေးခြင်း။ ● ကိန်းနှင့် အရေအတွက်တူသော ပုံများကို ယှဉ်တွဲခြင်း။	● ကလေးများသည် ပုံပါပစ္စည်းအရေအတွက်အတိုင်း ကိန်းကို ရေးတတ်မည်။ ● ကလေးများသည် ကိန်းနှင့်အရေအတွက်တူသောပုံများကို ယှဉ်တွဲတတ်မည်။
၁၂	၆ မှ ၁၀ အထိပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပြသောပစ္စည်းများ၏အရေအတွက်ကို ပြောခြင်းနှင့် အရေအတွက်တူသော ပစ္စည်းများကို စုစည်းခြင်း။ ● ပြထားသောကိန်းကို ပြောခြင်းနှင့် အရေအတွက်တူသောပစ္စည်းများကို စုစည်းခြင်း။	● ကလေးများသည် ပြသောပစ္စည်းများ၏ အရေအတွက်ကို ပြောတတ်ပြီး အရေအတွက်တူသောပစ္စည်းများကို စုစည်းတတ်မည်။ ● ကလေးများသည် ပြထားသောကိန်းကို ပြောတတ်ပြီး အရေအတွက်တူသော ပစ္စည်းများကို စုစည်းတတ်မည်။
၁၃	၁၀ အထိ ပစ္စည်းနှစ်မျိုး၏ အရေအတွက်များကို နှိုင်းယှဉ်တတ်ရန်	● တစ်ခုတစ်ခုချင်းစီယှဉ်တွဲခြင်းဖြင့် ပစ္စည်းနှစ်မျိုး၏ အရေအတွက်များကို နှိုင်းယှဉ်ခြင်း။	● ကလေးများသည် တစ်ခုတစ်ခုချင်း ယှဉ်တွဲခြင်းဖြင့် ပစ္စည်းနှစ်မျိုး၏ အရေအတွက်များကို နှိုင်းယှဉ်တတ်မည်။
၁၄	၁၀ အထိ ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်	● ကိုယ်စားပြုပစ္စည်းများကိုသုံးပြီး ကိန်းနှစ်ခုကို နှိုင်းယှဉ်ခြင်း။ ● ကိုယ်စားပြုပစ္စည်းများမပါဘဲ ကိန်းနှစ်ခုကို နှိုင်းယှဉ်ခြင်း။	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများကို သုံးပြီး ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်မည်။ ● ကလေးများသည် ကိုယ်စားပြုပစ္စည်းများမပါဘဲ ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်မည်။
၁၅	၁၀ အတွင်း ပေးထားသည့် ကိန်းများမှ အကြီးဆုံးနှင့် အငယ်ဆုံးကိန်းကို	● ပစ္စည်းအုပ်စုများမှ အများဆုံးအုပ်စုနှင့် အနည်းဆုံးအုပ်စုကို ရှာခြင်း။ ● ပေးထားသည့်ကိန်းများအနက် အကြီးဆုံးနှင့်	● ကလေးများသည် ပစ္စည်းအုပ်စုများမှ အများဆုံးအုပ်စုနှင့် အနည်းဆုံးအုပ်စုကို ရှာတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
	ရှာတတ်ရန်	အငယ်ဆုံးကိန်းကို ရှာခြင်း။	● ကလေးများသည် ပေးထားသည့် ကိန်းများ အနက် အကြီးဆုံးနှင့် အငယ်ဆုံးကိန်းကို ရှာတတ်မည်။
၁၆	၁ မှ ၁၀ အထိ ကိန်းများကို ငယ်စဉ်ကြီးလိုက် စီတတ်ရန်	● ၁ မှ ၁၀ အထိ ကိန်းများကို ငယ်စဉ်ကြီးလိုက် စီခြင်း။ ● ၁ မှ ၁၀ အထိ ကိန်းအစဉ်တစ်ခုတွင် လိုနေသော ကိန်းများကို ဖြည့်ခြင်း။	● ကလေးများသည် ၁ မှ ၁၀ အထိကိန်းများကို ငယ်စဉ်ကြီးလိုက်စီတတ်မည်။ ● ကလေးများသည် ၁ မှ ၁၀ အထိ ကိန်းစဉ်တစ်ခုတွင် လိုနေသောကိန်းများကို ဖြည့်တတ်မည်။
၁၇	၁၀ အထိ ပေးထားသော ကိန်းထက် ၁ ကြီးသော (သို့) ၁ ငယ်သော ကိန်းကို ရှာတတ်ရန်	● ကိုယ်စားပြုပစ္စည်းသုံးပြီး ပေးထားသော ကိန်းထက် ၁ ကြီးသော(သို့) ၁ ငယ်သော ကိန်းများကို ရှာခြင်း။ ● ကိုယ်စားပြုပစ္စည်းများမသုံးဘဲ ပေးထားသော ကိန်းထက် ၁ ကြီးသော (သို့) ၁ ငယ်သော ကိန်းများကို ရှာခြင်း။	● ကလေးများသည် ကိုယ်စားပြုပစ္စည်း သုံးပြီး ပေးထားသော ကိန်းထက် ၁ ကြီးသော (သို့) ၁ ငယ်သော ကိန်းများကို ရှာတတ်မည်။ ● ကလေးများသည် ကိုယ်စားပြုပစ္စည်းများ မသုံးဘဲ ပေးထားသော ကိန်းထက် ၁ ကြီးသော (သို့) ၁ ငယ်သော ကိန်းများကို ရှာတတ်မည်။
၁၈	၁၀ အထိ ကိန်းများကို ငယ်စဉ်ကြီးလိုက် စီတတ်ရန်	● ကိန်း ၅ လုံးအထိ ငယ်စဉ်ကြီးလိုက် စီခြင်း။ (ဥပမာ ၃၊ ၈၊ ၁ ⟶ ၁၊ ၃၊ ၈)	● ကလေးများသည် ကိန်း ၅ လုံးအထိ ငယ်စဉ်ကြီးလိုက် စီတတ်မည်။ (ဥပမာ ၃၊ ၈၊ ၁ ⟶ ၁၊ ၃၊ ၈)
၁၉	၁၀ အထိ ကိန်းများကို ကြီးစဉ်ငယ်လိုက် စီတတ်ရန်	● ကိန်း ၅ လုံးအထိ ကြီးစဉ်ငယ်လိုက် စီခြင်း။ (ဥပမာ ၂၊ ၇၊ ၆ ⟶ ၇၊ ၆၊ ၂)	● ကလေးများသည် ကိန်း ၅ လုံးအထိ ကြီးစဉ်ငယ်လိုက် စီတတ်မည်။ (ဥပမာ ၂၊ ၇၊ ၆ ⟶ ၇၊ ၆၊ ၂)

သင်ကြားသင်ယူရမည့်အချက်များ

ကိုယ်စားပြုပစ္စည်းများသုံးပြီး ကိန်းသဘောကို သင်ယူခြင်း

ဤအခန်းတွင် ကလေးများကိန်းသဘောကို သင်ယူရရှိရန် မျှော်မှန်းသည်။ ထိုသို့သင်ယူရာတွင် ပစ္စည်းများ၏အရေအတွက်ကို ကိန်းဖြင့်ဖော်ပြကြောင်း ကလေးများနားလည်ရမည်။ ဥပမာ ပထမပုံတွင်ပြထားသည့်အတိုင်း ပန်းသီး၊ ကြောင်နှင့်ပန်းပွင့်များ၏ အမျိုးအစား၊ အရောင်၊ အရွယ်အစား စသည်တို့ကို ထည့်သွင်းမစဉ်းစားဘဲ ယင်းတို့၏အရေအတွက်ကို ကိန်း '၂' ဖြင့် ဖော်ပြသည်။

သို့သော် ဤသဘောသည် ကလေးတချို့အတွက် စိတ်ကူးဆန်ပြီး ခက်ခဲသည်။ ကျောင်းသုံးစာအုပ်တွင် ကလေးများကိန်းသဘောကိုသင်ယူရာတွင် အထောက်အကူဖြစ်စေရန် ဒုတိယပုံတွင်ပြထားသည့်အတိုင်း ပစ္စည်းစစ်များနှင့်ကိန်းများအကြား ကြားခံအဖြစ်အကွက်များကဲ့သို့ ကိုယ်စားပြုပစ္စည်းများကို အသုံးပြုထားသည်။ ဤဖြစ်စဉ်တွင် ပန်းသီး၊ ကြောင်နှင့် ပန်းပွင့်ကဲ့သို့ပစ္စည်းစစ်များကို ကိုယ်စားပြုပစ္စည်း(အကွက်)များဖြင့် အစားထိုးအသုံးပြုထားသည်။ ဤနည်းဖြင့် ပစ္စည်းသုံးမျိုးစလုံးကို အကွက်နှစ်ကွက်ဖြင့် ဖော်ပြနိုင်သည်ကို ကလေးများနားလည်နိုင်မည်။ ဤသို့နားလည်ခြင်းဖြင့် ၂ ၏ ကိန်းသဘောကို ကလေးများရရှိလာမည်။





ပစ္စည်းများ၏အရေအတွက်ကို နှိုင်းယှဉ်ခြင်းမှ ကိန်းများကို နှိုင်းယှဉ်ခြင်းသို့



'၆ နှင့် ၄ မည်သည်က ကြီးသနည်း' ဆိုသည့်မေးခွန်းကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများအသုံးမပြုဘဲ မေးလျှင် အသက် ၆ နှစ်အရွယ် ကလေးများအတွက် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် ဤအခန်းတွင် ပုံပါအတိုင်း ကိန်းများကိုမနှိုင်းယှဉ်မီ ပစ္စည်းများ၏ အရေအတွက် နှိုင်းယှဉ်ခြင်းကို လေ့လာသင်ယူရမည်။

ကလေးများသည် ပုံတွင်ပြထားသည့်အတိုင်း အနီရောင်ပန်းပွင့်နှင့်အဝါရောင်ပန်းပွင့်များ၏ အရေအတွက်ကို တစ်ခုတစ်ခုချင်း ယှဉ်တွဲခြင်းဖြင့် နှိုင်းယှဉ်ကြသည်။ ထို့အပြင် ပန်းပွင့်များအစား ကိုယ်စားပြုပစ္စည်းများအသုံးပြုကာ အရေအတွက်ကိုနှိုင်းယှဉ်ခြင်းဖြင့် သင်ယူကြသည်။ နောက်ဆုံးတွင် ကိန်း ၆ သည် ကိန်း ၄ ထက်ပိုကြီးသည်ကို ကလေးများသိရှိလာသည်။ ဤအဆင့်သည် ကိန်းသဘောကို နားလည်လာစေသည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းကိုမသင်ယူမီ ကလေးများသည်ကိန်းများကို ရေတွက်တတ်ပြီးဖြစ်နိုင်သည်။ သို့သော် ကိန်းသဘောကို သေချာစွာနားလည်သည်ဟုမဆိုနိုင်ပေ။ ထို့ကြောင့် ကိန်းများ၏သဘောကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများ၏အရေအတွက်ဖြင့်ဆက်စပ်၍ သင်ယူရန် အရေးကြီးသည်။

သင်ခန်းစာ ၁၊ ၂ (၁၊ ၂/၆)

သင်ယူမှုဦးတည်ချက်

- ၁ မှ ၅ အထိ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ ဖတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်တွင် ပြထားသည့်ပစ္စည်းများ၏ပုံ(ဘောလုံး ၁ လုံး၊ ဦးထုပ် ၂ လုံး စသည်ဖြင့်)
- အကွက်ငယ်များ၊ အဝိုင်း ၁ ဝိုင်းမှ ၅ ဝိုင်းအထိ ပါသော ကတ်ပြားများ၊ ၁ မှ ၅ အထိ ကိန်းကတ်ပြားများ

(ကလေးတစ်ဦးစီအတွက်နှင့်သင်ပုန်းပေါ်ကပ်ရန်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ "၁၊ ၂၊ ၃၊ ၄၊ ၅ ငါးလေး တစ်ကောင်ဖမ်းမိတယ်" သီချင်းကဗျာကို ဟန်အမူအရာဖြင့် သီဆိုပါစေ။ ၁ ခုမှ ၅ ခု အထိ ပစ္စည်းများကို ရေတွက်စေပြီး ပစ္စည်းများ၏အရေအတွက်ကို ကလေးများပြောနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၂။ ကျောင်းသုံးစာအုပ်မှ ပုံကို ကလေးများကြည့်ရှုစေပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ပုံထဲမှာ ဘာပစ္စည်းတွေတွေ့သလဲ။
- ပစ္စည်းတစ်မျိုးမှာ ဘယ်လောက်စီရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'ဘောလုံး ၁ လုံး၊ ပိုးကောင် ၃ ကောင်' စသည်ဖြင့် ကလေးများ တင်ပြပါစေ။

၃။ ဆရာက ဘောလုံးတစ်လုံးပုံ၊ အကွက်တစ်ကွက်၊ အဝိုင်းတစ်ဝိုင်းပါသောပုံများကို တစ်ခုပြီး တစ်ခု သင်ပုန်းပေါ်ကပ်ပါ။ ပုံတစ်ခုစီသည် ကိန်း ၁ ကို ဖော်ပြသည်ကိုပြရန် ကိန်းကတ်ပြား ၁ ကို ကပ်ပါ။ 'တစ်'ဟု ဖတ်ရသည်ကို ကလေးများကို ပြောပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်း ၁ ကို ပစ္စည်းစစ်၊ ကိုယ်စားပြုပစ္စည်း (အကွက် သို့မဟုတ် အဝိုင်းတစ်ခုနှင့် ကိန်းတစ်ခုအစရှိသည့် နည်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။

ဤနည်းတစ်ခုစီသည် 'တစ်'ဟုဆိုလိုသည်ကို ကလေးများ သေချာနားလည်ပါစေ။



ဖြည့်စွက်ရှင်းလင်းချက်

ကိန်းများရေတွက်ခြင်းကိုပြရာတွင် ကိန်းများကို တစ်ခုပြီးတစ်ခု ရေတွက်လျှင် ပိုမိုထိရောက်သည်။ ဥပမာ ဆရာက ကလေးများကို သူတို့၏ ခဲတံဘူးထဲတွင် ခဲတံမည်မျှရှိသနည်းဟု မေးနိုင်သည်။ ကလေးများအား သူတို့၏ ခဲတံဘူးထဲမှ ခဲတံများကို တစ်ချောင်းပြီးတစ်ချောင်း ကိန်းများဖြင့် ရေတွက်စေ၍ ယူခိုင်းပါ။







၄
လေး

၅
ငါး

၄။ ဦးထုပ်၊ ပိုးကောင်၊ ခဲတံနှင့် ပန်းပွင့်ပုံများကို အထက်ပါအတိုင်းပြုလုပ်ပါစေ။ ကိုယ်စားပြုပစ္စည်းများကို သင်ပုန်းပေါ်မကပ်မီ ပစ္စည်းတစ်မျိုးစီတွင် မည်မျှကပ်ရမည်ကို ကလေးများအား မေးပါ။ ကိန်းကပ်ပြားကို သင်ပုန်းပေါ်ကပ်စေပြီး ဖတ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အရေအတွက်အသီးသီးကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းများဖြင့် ဖော်ပြနိုင်သည်ကို ကလေးများ နားလည်ပါစေ။

➔ ပစ္စည်းများ၏ အရေအတွက်ကို ယင်းတို့၏ အမျိုးအစားပေါ်မူတည်မှုမရှိဘဲ ကိန်းများဖြင့် ဖော်ပြနိုင်သည်ကို သေချာနားလည်ပါစေ။ (ဥပမာ၊ ဟော လုံး ၁ လုံး၊ ဦးထုပ် ၁ လုံး၊ ဝက်ဝံရုပ် ၁ ရုပ်)

၅။ ပုံထဲတွင်ပြထားသော တခြားပစ္စည်းများ (ဝက်ဝံရုပ်၊ ကုလားထိုင်၊ ခဲဖျက်၊ ကားအရုပ်၊ စာအုပ်)၏ အရေအတွက်ကို အကွက်များ၊ အဝိုင်းကတ်များ၊ ကိန်းကတ်ပြားများပြခြင်းဖြင့် တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။ (နှစ်ယောက်တစ်တွဲစီ ပြုလုပ်နိုင်သည်)

၆။ အခန်းထဲရှိ ၅ အထိ အမျိုးအစားတူ ပစ္စည်းများ၏ အရေအတွက်ကိုရေတွက်စေပြီး ကိန်းပြောပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းစစ်များအစား အကွက်များ၊ အဝိုင်းကတ်များနှင့် ကိန်းကတ်များပြပါစေ။ ကိန်းများကို မှန်ကန်စွာ ဖတ်ပါစေ။

၇။ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းကတ်ပြားများသုံးပြီး ကိန်းအသီးသီးကို ကျပန်းမေးခြင်းဖြင့် ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ပုန်းအသုံးပြုပုံနမူနာ



၁ ၂ ၃ ၄ ၅

ဘောလုံးတစ်လုံးပုံ၊ အကွက်တစ်ကွက်၊ အဝိုင်းတစ်ဝိုင်းပါ ကတ်ပြားနှင့် ကိန်းကတ်ပြား ၁ ကို ဦးစွာထားပါ

ထို့နောက် ကိန်း ၂၊ ၃၊ ၄ နှင့် ၅ စသည်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်ပါ

သင်ခန်းစာ ၃၊ ၄ (၃၊ ၄/၁၉)

သင်ယူမှုဦးတည်ချက်

- ၁ မှ ၅ အထိ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ခန်းစာ ၁ နှင့် ၂ တွင် အသုံးပြုခဲ့သော ကလေးများနှင့် ဆရာအတွက် ပစ္စည်းများ
- ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း သင်ပုန်းပေါ်တွင် အနီနှင့်အပြာဖြင့် လေးကြောင်းမျဉ်းကို ဆွဲပါ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယခင် သင်ခန်းစာများကို ပြန်လည် သတိရရန် ဘောလုံး ၁ လုံးပုံနှင့် အကွက် ၁ ကွက်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကိုမေးပါ။

- ဘောလုံး ဘယ်နှစ်လုံးရှိသလဲ။
- ဘောလုံး ၁ လုံးအတွက် အကွက်ဘယ်နှစ်ကွက် ထားသင့်သလဲ။

ကိန်း ၂ မှ ကိန်း ၅ အထိကို အထက်ပါအတိုင်း ပြုလုပ်သွားပါ။

၂။ ကျောင်းသုံးစာအုပ်ကိုကြည့်စေပြီး ၁ အတွက် အဝိုင်းမည်မျှအား အရောင်ခြယ်ရမည်ကို မေးပါ။ ကျောင်းသုံးစာအုပ်တွင် အဝိုင်းတစ်ဝိုင်းကို အရောင်ခြယ်ပါစေ။ အရောင်ခြယ်ပြီးလျှင် အဝိုင်း ၁ ဝိုင်းနှင့်ကတ်ကို သင်ပုန်းပေါ်တင်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဘယ်ဘက်ထိပ်ဆုံးမှ ညာဘက်သို့ ခြယ်သွားရမည်ကို သိပါစေ။

၃။ အောက်ပါ အတိုင်း '၁' ရေးခြင်းကို သိပါစေ။

(၁) ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း ဆရာက '၁' ကို ရေးနည်းမှန်စွာဖြင့် သင်ပုန်းပေါ်တွင် အခါခါရေးပြပါ။

(၂) ဆရာက သင်ပုန်းကို မျက်နှာချင်းဆိုင်လျက် '၁' ကို လေထဲတွင်ရေးပြပါ။ ကလေးများက ဆရာကို ကြည့်၍ '၁'ကို လေထဲတွင် အကြိမ်ကြိမ်ရေးပါစေ။

(၃) ကျောင်းသုံးစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်တို့တွင်'၁' ရေးခြင်းကို လေ့ကျင့်ပါ။

(၄) ကိန်း ၂ မှ ၅ ထိကို အဆင့် (၁) မှ (၃) အတိုင်း ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို ကျွမ်းကျင်စွာရေးတတ်ရန် အချိန်လုံလောက်စွာ လေ့ကျင့်ပါစေ။

၄။ ၁ မှ ၅ အထိကိန်းများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးစေခြင်းဖြင့် နှိုက်ချုပ်ပါစေ။



ကိန်းကို အရေအတွက်သဘောအဖြစ် နားလည်ရန် အဝိုင်းများကို အရောင်ခြယ်ခြင်းဖြစ်သည်။

ဖြည့်စွက်ရှင်းလင်းချက်

၁။ ဦးထုပ် ၁ လုံးကို အမည်းရောင်ခြယ်ပါ။



၂။ အလံ ၂ ခုကို အမည်းရောင်ခြယ်ပါ။



၃။ ထီး ၃ ချောင်းကို အမည်းရောင်ခြယ်ပါ။



၄။ ဘူး ၄ ဘူးကို အမည်းရောင်ခြယ်ပါ။



၅။ အဝိုင်း ၅ ဝိုင်းကို အမည်းရောင်ခြယ်ပါ။



၃ ဘယ်လောက်ရှိသလဲ

(က)



(ခ) ပစ္စည်းအရေအတွက်နဲ့တူတဲ့ ကိန်းကို ရေးကြမယ်



၄

ဖြည့်စွက်လုပ်ငန်း

ဤလုပ်ငန်းသည် ၅ အထိ ကိန်းများ ရေတွက်ခြင်း၊ ဖတ်ခြင်းနှင့် ရေးခြင်းကို ကလေးများ ပိုမိုကျွမ်းကျင်လာစေရန်အတွက် ဖြစ်သည်။

(၁) ၅ အတွင်းကိန်းတစ်ခုကိုပြရန် ဆရာက လက်ချောင်းထောင်ပြပါ။

(၂) ကလေးတစ်ဦးချင်းစီက ဆရာပြသောကိန်းကို မိမိတို့လေ့ကျင့်ခန်းစာအုပ်တွင်ရေးပါ။

(၃) ကိန်းကို ကျပန်းပြောင်းပြီး (၁) နှင့် (၂)ကို အကြိမ်ကြိမ်ပြုလုပ်ပါ။

(၄) ဆရာက ၅ အတွင်း ကိန်းကတ်ပြား တစ်ခုခုကို ပြပါ။



(၅) ကလေးအသီးသီးက တူညီသော အရေအတွက်ကို လက်ချောင်းထောင်ပြရမည်။

(၆) ကိန်းကို ကျပန်းပြောင်းပြီး (၄)နှင့် (၅)ကို အကြိမ်ကြိမ်ပြုလုပ်ပါ။

ကစားနည်းကို ကလေးနှစ်ယောက်တစ်တွဲ ကစားနိုင်သည်။



သင်ခန်းစာ ၅ (၅/၁၉)

သင်ယူမှုဦးတည်ချက်

- ၁ မှ ၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ငါးများ၊ ခွက်များ၊ ပန်းသီးများ၊ ငှက်များနှင့် ပူဖောင်းများ ရုပ်ပုံကားချပ်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁ မှ ၅ အထိ ကိန်းကတ်ပြားများကို ကျပန်းပြပါ။ ယခင် သင်ခန်းစာကို သတိရရန် ယင်းတို့ကို ဖတ်ပါစေ။ ထို့အပြင် ခဲတံကဲ့သို့ စာရေးကိရိယာများကိုပြပြီး မည်မျှရှိသလဲမေးပါ။

၂။ အဓိက မေးခွန်း ၃ (က) မှ ငါး ၄ ကောင်ပုံကားချပ်ကို သင်ပုန်းပေါ်တွင် ကပ်ပါ။ လေးထောင့်ကွက်ထဲမှ ကိန်းများကို တစ်တန်းလုံး ဖတ်ပါစေ။ ကိန်းကိုဖတ်ပြီး ပုံထဲမှ ငါးမည်မျှကို ဝိုင်းရမလဲဟု ကလေးများကိုမေးပါ။ ကလေးများဖြေသည့်အတိုင်း ဆရာက ငါးများကို ဝိုင်းပါ။ ပြီးနောက် သူတို့၏ ကျောင်းသုံးစာအုပ်ရှိ ငါး ၂ ကောင်ကို ဝိုင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် ကိန်းကိုဖတ်ပြီး ကိန်းအတိုင်း ပုံထဲမှပစ္စည်းများ၏အရေအတွက်ကို ရေတွက်၍ ဝိုင်းရမည်ကို နားလည်ပါစေ။

၃။ အဓိက မေးခွန်း ၃ (က) မှ ကျန်ပုစ္ဆာများရှိ ပစ္စည်းများကို ဝိုင်းပါစေ။ ရုပ်ပုံကားချပ်များကပ်ပြီး ပေးထားသောပစ္စည်းများ၏ အရေအတွက်ကို ဝိုင်းခြင်းအားဖြင့် အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ အဓိက မေးခွန်း ၃ (ခ)တွင် ပစ္စည်းများ၏ အရေအတွက်အတိုင်း ကိန်းများကို ကလေးတစ်ဦးချင်းစီရေးပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ မေးခွန်း ၁ တွင် အကွက်အရေအတွက်နှင့် တူသောကိန်းများကို ရေးပါစေ။ ထို့နောက် ဘယ်ဘက်အခြမ်းမှ ပစ္စည်းများ၏အရေအတွက်နှင့် တူသည့်ကိန်းများကို ယှဉ်တွဲပါ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယှဉ်တွဲခြင်းမပြုမီ ကွက်လပ်များတွင် ကိန်းများကို မှန်ကန်စွာရေးခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၆။ ပစ္စည်းစစ်များ၊ ကိုယ်စားပြု ပစ္စည်းများနှင့် ကိန်းများကို ၁ မှ ၅ အထိကျပန်းမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၁ ကွက်လပ်မှာ ကိန်းတွေရေးပြီး အရေအတွက်တူတဲ့ ပုံနဲ့ ယှဉ်တွဲပါ



ဖြည့်စွက်လေ့ကျင့်ခန်း

အရေအတွက်တူသော ပုံများကို ယှဉ်တွဲပါ။



ကိန်းတွေနဲ့ ကစားကြမယ်

(၁) သစ်ရွက် ဘယ်လောက်ရှိသလဲ
အရေအတွက်အတိုင်း
အကွက်ငယ်တွေကိုစီပြီး
ကိန်းကိုပြောပါ
အရေအတွက်မတူတဲ့ ပစ္စည်းတွေနဲ့
အတူ ရုပ်ပုံအမျိုးမျိုးကိုလည်း
အသုံးပြုပါ



(၂) ဘာကိန်းဖြစ်သလဲ
ကိန်းနဲ့အရေအတွက်တူတဲ့
အဝိုင်းတွေပါတဲ့ ကတ်ပြားကို
ထောင်ပြပါ
ကိန်းကတ်ပြားအမျိုးမျိုးကိုလည်း
အသုံးပြုပါ



(၃) ဘာကိန်းဖြစ်သလဲ
ကိန်းနဲ့ အရေအတွက်တူ
ပစ္စည်းတွေကို ပြပါ
ဘယ်ပစ္စည်းမဆို ပြနိုင်တယ်
ကိန်းကတ်ပြားအမျိုးမျိုးကိုလည်း
အသုံးပြုပါ



ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါ အရေအတွက်တူသောပုံများနှင့် ကိန်းများကို ယှဉ်တွဲပါ။



သင်ခန်းစာ ၆ (၆/၁၉)

သင်ယူမှုဦးတည်ချက်

- ၁ မှ ၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဆရာအတွက် ၁ ခုမှ ၅ ခုအထိ ပစ္စည်းပုံများပါသော ကတ်ပြားများ
- ဆရာအတွက် ၁ မှ ၅ အထိကိန်းကတ်ပြားများ
- ကလေးများအတွက် အကွက် ၅ ကွက်၊ အဝိုင်း ၁ ဝိုင်းမှ ၅ ဝိုင်းထိပါသော ကတ်ပြားများ၊ ၁ မှ ၅ အထိကိန်းကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ ၅ ရှိ ဖြည့်စွက်လုပ်ငန်းကို ဆရာနှင့် ကလေးများပြုလုပ်ခြင်းဖြင့် ယခင်သင်ခန်းစာများကို သတိရပါစေ။

၂။ ဆရာက အရေအတွက် ၅ အတွင်းပါသည့် ပစ္စည်းပုံကတ်ပြားတစ်ခုခုကို ပြပါ။ ကလေးအသီးသီးအား အရေအတွက်တူအကွက်ငယ်များကို မိမိတို့စာရေးစာပွဲပေါ်တင်ထားပါစေ။ ဤလုပ်ငန်းကို ကိန်းပြောင်းပြီး အကြိမ်ကြိမ်ပြုလုပ်ပါ။
(ပစ္စည်းများ ➔ ကိုယ်စားပြုပစ္စည်းများ)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် အကွက်များကို ပြသည့်အခါ ကိန်းကို အသံထွက်ရွတ်ပါစေ။ (အောက်ပါ လုပ်ငန်းများအတွက်လည်း အလားတူပြုလုပ်ပါ)

➔ အကွက်များ မရနိုင်လျှင် တခြားကိုယ်စားပြု ပစ္စည်းများကို အသုံးပြုပါ။

၃။ ဆရာက ၅ အတွင်း ကိန်းကတ်ပြားတစ်ခုကို ပြပါ။ ကလေးအသီးသီးက အရေအတွက်တူအဝိုင်းများပါသည့် ကတ်ပြားကိုပြရမည်။ ကိန်းပြောင်းပြီး ဤလုပ်ငန်းကို ထပ်တလဲလဲပြုလုပ်ပါ။
(ကိန်း ➔ ကိုယ်စားပြုပစ္စည်း)

၄။ ဆရာက ၅ အတွင်း ကိန်းကတ်ပြားတစ်ခုကို ပြပါ။ ကလေးအသီးသီးက ခဲတံကဲ့သို့ အရေအတွက်တူ ပစ္စည်းစစ်များပြပါ။ ဤလုပ်ငန်းကို ကိန်းပြောင်းပြီး ထပ်တလဲလဲပြုလုပ်ပါ။ (ကိန်း ➔ ပစ္စည်းစစ်များ)

၅။ အချိန်ရလျှင် ဆရာက ၁ ခုမှ ၅ ခုထိ ပစ္စည်းများပါသော ကတ်ပြားတစ်ခုကို ပြပါ။ ကလေးအသီးသီးက အရေအတွက်တူကိန်းကတ်ပြားကို ပြပါစေ။
(ပစ္စည်းစစ်များ ➔ ကိန်း)

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၇၊ ၈ (၇၊ ၈/၁၉)

သင်ယူမှုဦးတည်ချက်

- ၆ မှ ၁၀ အထိ ပစ္စည်းစုံများနှင့် ကိုယ်စားပြု ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်တွင် ပြထားသည့်ပစ္စည်းများနှင့် အကောင်များ၏ပုံများ (မျောက် ၆ ကောင်၊ ယုန် ၇ ကောင် စသည်ဖြင့်)
- အကွက်များ၊ ၆ မှ ၁၀ ထိ အဝိုင်းများပါသော ကတ်ပြားများနှင့် ၆ မှ ၁၀ ထိ ကိန်းကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ 'ပန်းကလေး ၁၀ ပွင့်' သီချင်းကို ကလေးများ ဟန်အမူအရာဖြင့် သီဆိုပါစေ။ ၁ ခုမှ ၁၀ ခုထိ ပစ္စည်းများ၊ အကောင်များကို ရေတွက်ပါစေ။ အရေအတွက်ကို ပြောနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၂။ ကျောင်းသုံးစာအုပ်မှပုံကို ကလေးများ ကြည့်ရှု စေပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ပုံထဲမှာ ဘာတွေကို တွေ့သလဲ။
- ပစ္စည်း(သို့)အကောင်တစ်မျိုးစီက ဘယ်လောက် စီရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'မျောက် ၆ ကောင်၊ ပျား ၈ ကောင် စသည်ဖြင့်' ကလေးများကို တင်ပြပါစေ။

၃။ ဆရာက မျောက် ၆ ကောင်ပုံ၊ အကွက် ၆ ကွက်၊ အဝိုင်း ၆ ဝိုင်းပါသော ပုံများကို တစ်ခုပြီး တစ်ခု သင်ပုန်းပေါ်ကပ်ပါ။ ပုံတစ်ခုစီသည် ကိန်း ၆ ကိုဖော်ပြသည်ကို ပြရန် ကိန်းကတ်ပြား ၆ ကို ကပ်ပါ။ 'ခြောက်'ဟု ဖတ်ရသည်ကို ကလေးများကို ပြောပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်း ၆ ကို ပစ္စည်းစစ်၊ ကိုယ်စားပြုပစ္စည်း (အကွက် သို့မဟုတ် အဝိုင်း)နှင့် ကိန်းအစရှိသည့် နည်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။ ဤနည်း တစ်ခုစီသည် 'ခြောက်'ဟုဆိုလိုသည်ကို ကလေးများ သေချာနားလည်ပါစေ။

၄ အမျိုးတူပစ္စည်းတွေ ရေကြည့်ကြမယ်





ဖြည့်စွက်လေ့ကျင့်ခန်း

အရေအတွက်တူသော ပုံများကို ယှဉ်တွဲပါ။







၉
ကိုး



၁၀
တစ်ဆယ်



ဖြည့်စွက်လေ့ကျင့်ခန်း

၁။ ဦးထုပ် ၆ လုံးကို အမည်းရောင် ခြယ်ပါ။



၂။ အလံ ၇ ခုကို အမည်းရောင်ခြယ်ပါ။



၃။ ထီး ၈ ချောင်းကို အမည်းရောင်ခြယ်ပါ။



၄။ ဘူး ၉ ဘူးကို အမည်းရောင်ခြယ်ပါ။



၅။ အိုင်း ၁၀ ခုကို အမည်းရောင်ခြယ်ပါ။



၄။ ယုန်များ၊ ပျားများ၊ ငှက်များနှင့် ရှဉ့်များ၏ ရုပ်ပုံများဖြင့် အထက်ပါအတိုင်းပြုလုပ်ပါစေ။ ကိုယ်စားပြုပစ္စည်းများကို သင်ပုန်းပေါ်မကပ်မီ အကောင်တစ်မျိုးစီအတွက် မည်မျှစီကပ်ရမည်ကို ကလေးများအားမေးပါ။ ကိန်းကတ်ပြားကို သင်ပုန်းပေါ်ကပ်စေပြီး ကိန်းဖတ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အရေအတွက်အသီးသီးကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းများဖြင့် ဖော်ပြနိုင်သည်ကို ကလေးများနားလည်ပါစေ။

➔ ပစ္စည်းများ၊ အကောင်များ၏ အရေအတွက်ကို ယင်းတို့၏ အမျိုးအစားပေါ်မူတည်မှုမရှိဘဲ ကိန်းများဖြင့် ဖော်ပြနိုင်သည်ကို သေချာနားလည်ပါစေ။ (ဥပမာ၊ မျောက် ၆ ကောင်၊ သစ်ပင် ၆ ပင်၊ ကလေး ၆ ယောက် . . .)

၅။ ပုံထဲတွင်ပြထားသောတခြားပစ္စည်းများ (ပန်းပွင့်၊ သစ်ပင်၊ ကြာရွက်၊ ငါး၊ ဖား) များ၏အရေအတွက်ကို အကွက်များ၊ အိုင်းကတ်ပြားများ၊ ကိန်းများ ပြခြင်းဖြင့် တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။ (နှစ်ယောက်တစ်တွဲစီ ပြုလုပ်နိုင်သည်)

၆။ အခန်းထဲရှိ ၁၀ အတွင်း အမျိုးအစားတူပစ္စည်းများ၏အရေအတွက်ကို ရေတွက်ပြီး ကိန်းပြောပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းစစ်များအစား အကွက်များ၊ အိုင်းကတ်ပြားများနှင့် ကိန်းကတ်ပြားများပြပါစေ။ ကိန်းများကို မှန်ကန်စွာဖတ်ပါစေ။

၇။ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းများသုံးပြီး ကိန်းအသီးသီးကို ကျပန်းမေးခြင်းဖြင့် ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၉၊ ၁၀ (၉၊ ၁၀/ ၁၉)

သင်ယူမှုဦးတည်ချက်

- ၆ မှ ၁၀ အထိ ပစ္စည်းစစ်များနှင့် ကိုယ်စားပြု ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးများနှင့် ဆရာအတွက် သင်ခန်းစာ ၇ နှင့် ၈ တွင် အသုံးပြုသောပစ္စည်းများ
- ကျောင်းသုံးစာအုပ်တွင်ပြထားသည့်အတိုင်း သင်ပုန်းပေါ်တွင် အနီနှင့် အပြာရောင်ဖြင့် လေးကြောင်းမျဉ်းကို ဆွဲပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယခင်သင်ခန်းစာများကို ပြန်လည်သတိရရန် သစ်ပင်၆ပင်ပုံနှင့် အကွက် ၆ကွက်ကို သင်ပုန်းပေါ် ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- သစ်ပင် ဘယ်နှစ်ပင်ရှိသလဲ။
- သစ်ပင် ၆ ပင် အတွက် အကွက်ဘယ်နှစ်ကွက်ကို ကပ်သင့်သလဲ။

ကိန်း ၆ မှ ၁၀ အထိကို အထက်ပါအတိုင်း ပြုလုပ်ပါ။

၂။ ကျောင်းသုံး စာအုပ်ကို ကြည့်စေပြီး ၆ အတွက် အဝိုင်းမည်မျှအား အရောင်ခြယ်ရမည်ကို မေးပါ။ ကျောင်းသုံးစာအုပ်တွင် အဝိုင်း ၆ ဝိုင်းကို အရောင်ခြယ်ပါစေ။ ကလေးများ အရောင်ခြယ်ပြီးလျှင် အဝိုင်း ၆ ဝိုင်းပါကတ်ပြားကို သင်ပုန်းပေါ်ကပ်ပါ။ တခြားကိန်းများအတွက် ဤနည်းအတိုင်းပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဝိုင်းများကို ဘယ်ဘက်ထိပ်ဆုံးမှ ညာဘက်သို့ အရောင်ခြယ်သွားရမည်ကို သိပါစေ။

၃။ အောက်ပါအတိုင်း '၆'ကို အရေးလေ့ကျင့်ပါစေ။

(၁) ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း ဆရာက '၆' ကို သင်ပုန်းပေါ်တွင် ရေးနည်းမှန်စွာ အကြိမ်ကြိမ်ရေးပြပါ။

(၂) ဆရာက သင်ပုန်းကိုမျက်နှာချင်းဆိုင်လျက် '၆'ကို လေထဲတွင်ရေးပြပါ။ကလေးများက အတုခိုးပြီး '၆' ကို လေထဲတွင် အကြိမ်ကြိမ် ရေးပါစေ။

(၃) ကျောင်းသုံးစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်တို့တွင် '၆' ကို အရေးလေ့ကျင့်ပါ။

(၄) ကိန်း ၇ မှ ၁၀ အထိကို အဆင့် (၁) မှ (၃) အတိုင်း ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို ကျွမ်းကျင်စွာရေးတတ်ရန် အချိန်ပေးလေ့ကျင့်ပါစေ။

၄။ ၆ မှ ၁၀ အထိ ကိန်းများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးစေခြင်းဖြင့် နိဂုံးချုပ်ပါစေ။



ဖြည့်စွက်လုပ်ငန်း

ဤလုပ်ငန်းသည် ၅ အထိ ကိန်းများ ရေတွက်ခြင်း၊ ဖတ်ခြင်းနှင့် ရေးခြင်းကို ကလေးများ ပိုမိုကျွမ်းကျင်လာစေရန်အတွက် ဖြစ်သည်။

(၁) ၅ အတွင်းကိန်းတစ်ခုကိုပြရန် ဆရာက လက်ချောင်းထောင်ပြပါ။

(၂) ကလေးတစ်ဦးချင်းစီက ဆရာပြသောကိန်းကို မိမိတို့လေ့ကျင့်ခန်းစာအုပ်တွင်ရေးပါ။

(၃) ကိန်းကို ကျပန်းပြောင်းပြီး (၁) နှင့် (၂)ကို အကြိမ်ကြိမ်ပြုလုပ်ပါ။



(၄) ဆရာက ၅ အတွင်း ကိန်းကတ်ပြား တစ်ခုခုကို ပြပါ။

(၅) ကလေးအသီးသီးက တူညီသော အရေအတွက်ကို လက်ချောင်းထောင်ပြရမည်။

(၆) ကိန်းကို ကျပန်းပြောင်းပြီး (၄)နှင့် (၅) ကို အကြိမ်ကြိမ်ပြုလုပ်ပါ။

ကစားနည်းကို ကလေးနှစ်ယောက်တစ်တွဲ ကစားနိုင်သည်။



၆ ဘယ်လောက်ရှိသလဲ



၁၀

ဖြည့်စွက်လုပ်ငန်း

(၁) အကွက် ၆ ကွက်ကို အမည်းရောင်ခြယ်ပါ။



(၂) အကွက် ၇ ကွက်ကို အမည်းရောင်ခြယ်ပါ။



(၃) အကွက် ၈ ကွက်ကို အမည်းရောင်ခြယ်ပါ။



(၄) အကွက် ၉ ကွက်ကို အမည်းရောင်ခြယ်ပါ။



(၅) အကွက် ၁၀ ကွက်ကို အမည်းရောင်ခြယ်ပါ။

သင်ခန်းစာ ၁၁ (၁၁/၁၉)

သင်ယူမှုဦးတည်ချက်

- ၆ မှ ၁၀ အထိ ပစ္စည်းများကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မင်းကွတ်သီးပုံကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၆ မှ ၁၀ အထိ ကိန်းကတ်ပြားများကို ကျပန်းပြပါ။ ယခင်သင်ခန်းစာကို သတိရရန် ယင်းတို့ကို ဖတ်ပါစေ။ ထို့အပြင် ခဲတံကဲ့သို့ ပစ္စည်းများကိုပြပြီး မည်မျှရှိသလဲ မေးပါ။

၂။ မင်းကွတ်သီးပုံ ကားချပ်ကို သင်ပုန်းပေါ်တွင် ကပ်ပါ။ အဓိကမေးခွန်း ၆ ကို ကလေးများတစ်တန်းလုံးနှင့် အတူတကွဖြေရှင်းပါစေ။ ကျောင်းသုံးစာအုပ်ရှိ လေးထောင့်ကွက်ထဲတွင် မင်းကွတ်သီးများ၏ အရေအတွက်ကို ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် ၁ မှ ၅ အထိ ကိန်းများနှင့် နှိုင်းယှဉ်လျှင် ၆ မှ ၁၀ အထိ ကိန်းများတွင် အမှားပိုမို ပြုလုပ်လေ့ရှိသည်။ အမှားများကို ရှောင်နိုင်ရန် မင်းကွတ်သီးများကို တစ်ခုပြီး တစ်ခုခဲတံဖြင့်ခြစ်ပြီး ကိန်းကိုအသံထွက် ရွတ်ဆို၍ ရေတွက်ပါစေ။

၃။ အဓိကမေးခွန်း ၆ မှ ကျန်ပုစ္ဆာများကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် ၁ မှ ၅ အထိ ကိန်းများနှင့် ယှဉ်လျှင် ၆ မှ ၁၀ အထိကိန်းများတွင် အမှားပိုမိုပြုလုပ်လေ့ရှိသည်။ အမှားများကို ရှောင်နိုင်ရန် ပစ္စည်းများကို တစ်ခုပြီးတစ်ခုခဲတံဖြင့်ခြစ်ပြီး ရေတွက်ပါစေ။

၄။ မေးခွန်း ၂ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် စာသင်ခန်းထဲမှ ပစ္စည်းများကို သုံးပြီး ဤကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းကို ပို၍လေ့ကျင့်ပါစေ။

၅။ ပစ္စည်းစစ်များ၊ ကိုယ်စားပြု ပစ္စည်းများနှင့် ကိန်းများကို ၆ မှ ၁၀ အထိ ကျပန်းမေးပြီး ကလေးများ သင်ခန်းစာကို နှိုးဆွပါစေ။

သင်ခန်းစာ ၁၂ (၁၂/၁၉)

သင်ယူမှုဦးတည်ချက်

- ၆ မှ ၁၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဆရာအတွက် ၆ ခု မှ ၁၀ ခု အထိ ပစ္စည်းများ ပါသော ပုံ
- ဆရာအတွက် ၆ မှ ၁၀ အထိ ကိန်းကတ်ပြားများ
- ကလေးတစ်ဦးစီအတွက် အကွက် ၁၀ ကွက်၊ အဝိုင်း ၆ ဝိုင်းမှ ၁၀ ဝိုင်း အထိပါသော ကတ်ပြားများနှင့် ၆ မှ ၁၀ အထိ ကိန်းကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁ မှ ၅ အထိ ကိန်းများနေရာတွင် ၆ မှ ၁၀ အထိ ကိန်းများဖြင့် အစားထိုး၍ စာမျက်နှာ ၆ မှ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတိုင်း တသွေမတိမ်း ပြုလုပ်ပါ။

၂ အရေအတွက်တူတဲ့ပုံနဲ့ ကိန်း ဒါမှမဟုတ် ပုံအချင်းချင်း ယှဉ်တွဲကြမယ်



ကိန်းတွေနဲ့ ကစားကြမယ်

စာမျက်နှာ (၆) '၁ မှ ၅ အထိ ကိန်းတွေနဲ့ကစားကြမယ်' ကစားနည်းအတိုင်း ၆ မှ ၁၀ အထိကို ကစားပါ

၁၁

ဖြည့်စွက်လုပ်ငန်း

ဆရာက ဗုံကို ၁ ချက်မှ ၁၀ ချက် အတွင်းတီးပါ။ ပြီးလျှင် ကလေးများက ဆရာတီးသည့် အချက်အရေအတွက်ပေါ်မူတည်၍ ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းကတ်ပြားကို အသံထွက်ရွတ်ဆို၍ ပြရမည်။



၇ ဘယ်ဟာကများပြီး ဘယ်ဟာကနည်းသလဲ

(က)



(ခ)



နည်းသည်

များသည်

(ဂ)



နည်းသည်

များသည်

(ဃ)



များသည်

နည်းသည်

၈ ဘယ်ဟာကများပြီး ဘယ်ဟာကနည်းသလဲ



မုန်လာဥ များသည်
ခရမ်းသီး နည်းသည်

၁၂

သင်ခန်းစာ ၁၃ (၁၃/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ပစ္စည်းနှစ်မျိုး၏ အရေအတွက်များကို နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- နှင်းဆီပန်း အနီနှင့်အဝါ၊ ခရမ်းသီးနှင့် မုန်လာဥနီပုံ ကတ်ပြားများ
- သင်ပုန်းပေါ်ကပ်ရန် အကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ နှင်းဆီပန်းအနီပုံ ကတ်ပြား ၆ ခုနှင့် နှင်းဆီပန်းအဝါပုံ ကတ်ပြား ၄ ခုကို သင်ပုန်းပေါ်မှ အိတ်ပါကားချပ်တွင် အပေါ်အောက် တစ်တန်းတည်းထားပါ။

- နှင်းဆီပန်းအနီနှင့် နှင်းဆီပန်းအဝါ၊ ဘယ်ဟာက ပိုများသလဲ၊ ဘယ်ဟာက နည်းသလဲ။ ဘယ်လို သိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း တစ်ခုတစ်ခုချင်းဆက်သွယ်မှုကိုပြုရန် နှင်းဆီပန်းအဝါနှင့် အနီကြားတွင် မျဉ်းကြောင်းများဆွဲပါ။

၂။ အဓိကမေးခွန်း (က)အတိုင်း မေးခွန်း(ခ)ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တစ်ခုတစ်ခုချင်း ဆက်သွယ်မှုကိုပြုရန် ကျောင်းသုံးစာအုပ်တွင် မျဉ်းကြောင်းများ ဆွဲပါစေ။

၃။ မေးခွန်း (ဂ) နှင့် (ဃ) ကို ကလေးတစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲ စစ်ဆေးပါစေ၊ ပြီးနောက် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တစ်ခုတစ်ခုချင်းဆက်သွယ်မှုကိုပြုရန် ကျောင်းသုံးစာအုပ်တွင် မျဉ်းကြောင်းများ ဆွဲပါစေ။

၄။ မေးခွန်း ၃ တွင် ပြထားသည့်အတိုင်း ခရမ်းသီးပုံကတ်ပြား ၆ ခုနှင့် မုန်လာဥနီပုံကတ်ပြား ၇ ခုကို သင်ပုန်းပေါ်တွင် ရောနှောပြီးကပ်ပါ။ ကိန်းများကို မည်သို့နှိုင်းယှဉ်ရမလဲဟု ကလေးများကို မေးပါ။ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်မေးခွန်းများမှ အတိုင်း တစ်ခုတစ်ခုချင်းဆက်သွယ်မှုကိုပြုရန် ကတ်ပြားနှစ်မျိုးကို အထက်အောက် အတန်းလိုက်ရွှေ့ပြီး ထားပါ။

၅။ အမျိုးအစားမတူသော ပစ္စည်းနှစ်ခု၏ အရေအတွက်များကို မည်သို့ နှိုင်းယှဉ်ရမည်ကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လုပ်ငန်း

ဘယ်ဟာက ပိုများသလဲ၊ ဘယ်ဟာက နည်းသလဲ။

(၁)



နည်းသည်

များသည်

(၂)



နည်းသည်

များသည်

(၃)



ဖား များသည်

လိပ် နည်းသည်

သင်ခန်းစာ ၁၄ (၁၄/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၈(က)တွင် ပြထားသည့်အတိုင်း အကွက် ၆ ကွက်နှင့် အကွက် ၅ ကွက်ကို သင်ပုန်းပေါ်မှ အိတ်ပါကားချပ်တွင် အပေါ်အောက် အတန်းလိုက်ထည့်ပါ။ ပြီးခဲ့သောသင်ခန်းစာကို ပြန်လည်သတိရရန် အောက်ပါမေးခွန်းများကို မေးပါ။

- အပေါ်ကအတန်းမှာ အကွက်ဘယ်လောက် ရှိသလဲ။ (အဖြေရပြီးနောက် အကွက် ၆ ကွက်ကို တင်ပါ)
- အောက်ကအတန်းမှာ အကွက်ဘယ်လောက် ရှိသလဲ။ (အဖြေရပြီးနောက် အကွက် ၅ ကွက်ကို တင်ပါ)
- ဘယ်ဟာက ပိုများသလဲ၊ ဘယ်ဟာက နည်းသလဲ။

အောက်ပါအတိုင်း ပြောနိုင်သည်ကို သိပါစေ။

- အကွက် ၆ ကွက်က ပိုများတယ်
- အကွက် ၅ ကွက်က နည်းတယ်
- ၆ က ပိုကြီးတယ်
- ၅ က ငယ်တယ်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများအရေအတွက်နှင့် ကိန်းနှစ်မျိုးစလုံးအတွက် အထက်ပါဖော်ပြချက်များ အသုံးပြုနိုင်သည်ကို သေချာသိပါစေ။

၂။ အဓိကမေးခွန်း ၈ (ခ) ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။ ကိန်းကတ်ပြားများကို ဦးစွာထားပါ။ ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။

- ကိန်းတစ်ခုစီအတွက် အကွက်ဘယ်လောက် ထားရမလဲ။ (အဖြေရပြီးနောက် အကွက်များကို ကပ်ပါ)
- ဘယ်အကွက်တွေက ပိုများသလဲ၊ နည်းသလဲ။
- ဘယ်ကိန်းတွေက ပိုကြီးသလဲ၊ ငယ်သနည်း။

၃။ မေးခွန်း ၄၊ ၅ နှင့် ၆ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အကွက်များကို အသုံးပြုပါ။

၄။ ကိန်းနှစ်ခုကို မည်သို့ နှိုင်းယှဉ်ရမည်ကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၈ ဘယ်ကိန်းကကြီးပြီး ဘယ်ကိန်းကငယ်သလဲ

(က)





(ခ) ၇ ကငယ်တယ်

၉ ကကြီးတယ်

၉ ဘယ်ကိန်းက ကြီးသလဲ

(က) ၅ ၈ (ခ) ၉ ၃

၁၀ ဘယ်ကိန်းက ငယ်သလဲ

(က) ၄ ၆ (ခ) ၇ ၂

၁၁ ကွင်းအတွင်းက စာလုံးတွေသုံးပြီး ပြင်ပြောပါ

(က) ၆ က ၅ ထက်ကြီးတယ် (ငယ်တယ်)

(ခ) ၃ က ၉ အောက်ငယ်တယ် (ကြီးတယ်)



၁၃

ဖြည့်စွက်လုပ်ငန်း

မည်သည့်ကိန်းက ပိုကြီးသနည်း။ အောက်ပါနည်းအတိုင်း ရှာပါ။

(၁) ဆရာက ကိန်းကတ်ပြား ၂ ခုကို ပြသည်။ ပြီးလျှင် ကလေးများက အရေအတွက်တူ ပစ္စည်းများကို စုထားသည်။



(၂) ဘယ်ပစ္စည်းအုပ်စုက ပိုများသလဲ၊ နည်းသလဲ ဆရာက မေးသည်။



(၃) ဘယ်ကိန်းက ပိုကြီးသလဲ၊ ဘယ်ကိန်းကငယ်သလဲ ဆရာက မေးသည်။



ဘယ်ဟာကအများဆုံးနဲ့ ဘယ်ဟာကအနည်းဆုံးဖြစ်သလဲ

(က)





(ခ)



၉ ဘယ်ကိန်းကအကြီးဆုံးနဲ့ ဘယ်ကိန်းကအငယ်ဆုံးဖြစ်သလဲ

(က) ၂ ၄ ၁ အကြီးဆုံး အငယ်ဆုံး

(ခ) ၆ ၃ ၈ အငယ်ဆုံး အကြီးဆုံး

၇ ဘယ်ကိန်းက အကြီးဆုံး ဘယ်ကိန်းက အငယ်ဆုံး ဖြစ်သလဲ

(က) ၈ ၅ ၂ အကြီးဆုံး အငယ်ဆုံး

(ခ) ၇ ၃ ၁၀ အငယ်ဆုံး အကြီးဆုံး

၈ ဘယ်ကိန်းက အငယ်ဆုံး ဘယ်ကိန်းက အကြီးဆုံး ဖြစ်သလဲ

၇ ၆ ၉ ၄

အကြီးဆုံး အငယ်ဆုံး

သင်ပုန်းအသုံးပြုပုံ နမူနာ (အဓိကမေးခွန်း ၉(ခ)အတွက်)



သင်ခန်းစာ ၁၅ (၁၅/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများ ပေးထားသည့်အနက် အကြီးဆုံးနှင့် အငယ်ဆုံးကိန်းကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ယုန်များ၊ မျောက်များနှင့် ဆိတ်များပုံကတ်ပြားများ
- အကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ (က)နှင့် (ခ) တွင် ပြထားသည့်အတိုင်း ယုန်များ၊ မျောက်များနှင့် ဆိတ်များပုံ ကတ်ပြားများကို သင်ပုန်းပေါ်တွင် ကပ်ပါ။ ပြီးလျှင် အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ဟာက အများဆုံးလဲ၊ ဘယ်ဟာက အနည်းဆုံးလဲ။
- ယုန်/မျောက်/ဆိတ် ဘယ်နှစ်ကောင်နဲ့ အကွက် ဘယ်နှစ်ခုရှိသလဲ။

ကလေးများ အတန်းသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းကတ်ပြား ၇ ကို သင်ပုန်းပေါ်ရှိ ယုန်ပုံများ၏ ဘေးတွင် ကပ်ပါ။ တခြားကိန်းကတ်ပြားများကိုလည်း တခြားပုံများဘေးတွင် အသီးသီးကပ်ပါ။

➔ 'အကွက် ၉ ကွက်က အများဆုံး'နှင့် 'အကွက် ၆ ကွက်က အနည်းဆုံး'ဟူ၍ ပြောနိုင်သည်ကို ကလေးများ သိပါစေ။

၂။ အဓိကမေးခွန်း ၉(က) ကို ဘယ်ဘက်အောက်မှ လေးထောင့်ကွက်တွင်ပြထားသည့် အဆင့်များအတိုင်း တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။ အောက်ပါအတိုင်းပြောနိုင်သည်ကို သိပါစေ။

➢ အကွက် ၄ ကွက်က အများဆုံး
➢ အကွက် ၁ ကွက်က အနည်းဆုံး
➢ ၄ က အကြီးဆုံး
➢ ၁ က အငယ်ဆုံး

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများ အရေအတွက်နှင့် ကိန်းနှစ်မျိုးစလုံး အတွက် အထက်ပါဖော်ပြချက်များကို အသုံးပြုနိုင်သည်ကို ကလေးသေချာစွာသိပါစေ။

၃။ အဓိကမေးခွန်း ၉ (ခ)၊ မေးခွန်း ၇ နှင့် ၈ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အကွက်များကို အသုံးပြုပါ။

၄။ ကိန်း ၃ လုံး (သို့) ၃ လုံးထက် ပိုသော ကိန်းများကို မည်သို့နှိုင်းယှဉ်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၆ (၁၆/၁၉)

သင်ယူမှုဦးတည်ချက်

- ၁ မှ ၁၀ အထိ ကိန်းများကို ငယ်စဉ်ကြီးလိုက် စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁ မှ ၁၀ အထိ ကိန်းကတ်ပြားများ
- သင်ပုန်းပေါ် ကပ်ရန် ၁ ခုမှ ၁၀ အထိ အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၁၀ တွင် ပြထားသည့်အတိုင်း ၁ ခုမှ ၁၀ ခုအထိအကွက်များကို ကပ်ပါ။ ကျောင်းသုံးစာအုပ်တွင် အကွက်များ၏ အရေအတွက်ကို ကွက်လပ်များတွင် ဖြည့်ပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ အဓိကမေးခွန်း ၁၀ တွင် ပြထားသည့် အတိုင်း တချို့ကိန်းများကို ကွက်လပ်များအဖြစ်ထား၍ ကိန်းကတ်ပြားများကို သင်ပုန်းပေါ်တွင် ကပ်ပါ။ ကျန်သောကိန်းကတ်ပြားများကို ရွေး၍ ကွက်လပ်များတွင် ဖြည့်ပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။ ကွက်လပ်များကို နေရာလွဲထား၍ ဤလုပ်ငန်းကို အကြိမ်ကြိမ် ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အကွက်များကို အသုံးပြု၍ ဖြေရှင်းပါစေ။

၃။ မေးခွန်း ၉ ကို ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များတွင် ဖြည့်ခြင်းဖြင့် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် ကလေးများကိုပံ့ပိုးပေးရန် ကိန်းကတ်ပြားများကို အသုံးပြုပါ။

၄။ ၁ မှ ၁၀ အထိ ကိန်းကတ်ပြားများကို အစဉ်လိုက် မည်သို့စီရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၁၀ ကိန်းကတ်ပြားတွေကို အစဉ်လိုက်စီကြမယ်





၉ လိုတဲ့ကိန်းတွေကို ဖြည့်ပါ

(က) ၁ ၂ ၃ ၄ ၅ ၆ ၇

(ခ) ၅ ၆ ၇ ၈ ၉ ၁၀

(ဂ) ၄ ၅ ၆ ၇ ၈ ၉

၁၅

ဖြည့်စွက်လုပ်ငန်း

အောက်တွင်ပြထားသည့်အတိုင်း အမျိုးအစားမတူသော အကောင်အုပ်စု ၃ စု ရှိသည်။



(၁) အုပ်စု အသီးသီးရှိ အကောင်အရေအတွက်အတိုင်း အကွက်များကို အမည်းရောင်ခြယ်ပါ။

(၂) အုပ်စုတစ်ခုစီတွင် အကွက်မည်မျှစီကို အရောင်ခြယ်သနည်း။

(၃) မည်သည့် အုပ်စုသည် အရေအတွက် အများဆုံးနည်း။
မည်သည့် အုပ်စုသည် အရေအတွက် အနည်းဆုံးနည်း။

၁၁ တစ်ကြီးတဲ့ကိန်းနဲ့ တစ်ငယ်တဲ့ကိန်းရှာကြမယ်

ဘယ်ကိန်းက ၄ ထက် ၁ ကြီးပြီး ဘယ်ကိန်းက ၄ အောက် ၁ ငယ်သလဲ



၃ က ၄ ထက် ၁ ကြီးတယ် ၃ က ၄ အောက် ၁ ငယ်တယ်

၁၀ ၁ ကြီးတဲ့ကိန်းကို ရှာပါ

(က) ၇ ___၈___ က ၇ ထက် ၁ ကြီးတယ်

(ခ) ၅ ___၆___ က ၅ ထက် ၁ ကြီးတယ်

၁၁ ၁ ငယ်တဲ့ကိန်းကို ရှာပါ

(ဂ) ၆ ___၅___ က ၆ အောက် ၁ ငယ်တယ်

(ဃ) ၉ ___၈___ က ၉ အောက် ၁ ငယ်တယ်

၁၂ ၁ ကြီးတဲ့ကိန်းကို ရေးပါ

(က) ၆ ___၇___ (ခ) ___၉___ ၁၀ (ဂ) ___၃___ ၄

၁၃ ၁ ငယ်တဲ့ကိန်းကို ရေးပါ

(က) ___၇___ ၈ (ခ) ___၁___ ၂ (ဂ) ___၃___ ၄

ဖြည့်စွက်လုပ်ငန်း

၁ မှ ၁၀ အထိ အစက် ၁၀ စက်ရှိသည်။ အစက် ၁ မှ အစက် ၂ ကို မျဉ်းတစ်ကြောင်းဆွဲပြီး ဆက်ပါ။ ပြီးလျှင် အစက် ၂ နှင့် ၃ ကို မျဉ်းတစ်ကြောင်းဖြင့် ဆက်ပါ။ ၁၀ အထိ ဆက်သွားပါ။ ထို့နောက် ဘာပုံဖြစ်သည်ကို တွေ့လိမ့်မည်။

(က)



ကြယ်

(ခ)



ကား

သင်ခန်းစာ ၁၇ (၁၇/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိပေးထားသောကိန်းထက် ၁ ကြီး (သို့) ၁ ငယ်သောကိန်းကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အကွက် ၄ ကွက်ကို သင်ပုန်းပေါ် ကပ်ပြီး အကွက်မည်မျှရှိသလဲမေးပါ။ ကလေးများ မှန်ကန်စွာ ဖြေကြားပြီးလျှင် '၄' ကို အကွက်များဘေးတွင် ကပ်ပါ။ အကွက် ၄ ကွက်တွဲကိုထပ်ကပ်ပြီး နောက်ထပ်အကွက် ၁ ကွက်ထပ်ပေါင်းလျှင် အကွက်မည်မျှရှိမည်ကို မေးပါ။ ကလေးများ မှန်ကန်စွာဖြေဆိုပြီးလျှင် အဓိကမေးခွန်း ၁၁ တွင် ပြထားသည့်အတိုင်း '၅' ကို ရေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ '၅ သည် ၄ ထက် ၁ ကြီးသည်' ဆိုသည့် ဖော်ပြချက်ကို ကလေးများ သိပါစေ။

၂။ ထိုနည်းအတိုင်း အကွက်များ သုံးပြီး '၃ သည် ၄ အောက် ၁ ငယ်သည်' ဆိုသည့် ဖော်ပြချက်ကို ကလေးများ သိပါစေ။

၃။ သင်ပုန်းပေါ်တွင် အကွက်များသုံးပြီး အဓိကမေးခွန်း ၁၀ (က) ကို ကလေးများ တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ '၈ သည် ၇ ထက် ၁ ကြီးသည်'ကို ပြရန် အကွက် ၇ ကွက်တွင် နောက်ထပ် ၁ ကွက် ထပ်ပေါင်းပါ။

၄။ မေးခွန်း ၁၀ (ခ)၊ ၁၁၊ ၁၂ နှင့် ၁၃ တို့ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် ကလေးများကို ပံ့ပိုးကူညီရန် အကွက်များကို သုံးပါ။

၅။ ၁၀ အတွင်း ကိန်းတချို့ထက် ၁ ကြီးသောကိန်း၊ ၁ ငယ်သောကိန်းများကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၈ (၁၈/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိကိန်းများကို ငယ်စဉ်ကြီးလိုက်စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ "ပန်းကလေး ၁၀ ပွင့်" သီချင်းကို ကလေးများ ဟန်အမူအရာဖြင့် သီဆိုပါစေ။

၂။ အဓိကမေးခွန်း ၁၂ (က) တွင် ပြထားသည့် အတိုင်း ကိန်းပါသည့်အကျီပုံများကိုဆွဲပါ။ ပြီးလျှင် ညာဘက်အောက်မှ လေးထောင့်ကွက်တွင် ပြထားသည့်အတိုင်း ကိန်းတစ်ခုစီအတွက် အဝိုင်းများဆွဲပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ကိန်းက အငယ်ဆုံးလဲ။
- ဘယ်ကိန်းက ဒုတိယ အငယ်ဆုံးလဲ၊ စသည်ဖြင့်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ လေ့ကျင့်ခန်းစာအုပ်တွင် ဆွဲနိုင်ရန် ဤသင်ခန်းစာတွင် ဆရာက အဝိုင်းများကို ကိုယ်စားပြုပစ္စည်းအဖြစ် သင်ပုန်းပေါ်တွင် ဆွဲပြပါ။

၃။ အဓိကမေးခွန်း ၁၂ မှ ကျန်သည့် မေးခွန်းများကို မေးခွန်း(က)အတိုင်း မိမိတို့ လေ့ကျင့်ခန်းစာအုပ်တွင် ကိန်းတစ်ခုစီအတွက် အဝိုင်းများဆွဲပြီး တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် မေးခွန်း(က)ကို ဖြေရှင်းသည့် နည်းအတိုင်း သင်ပုန်းပေါ်တွင် ရှင်းပြပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သော "ကိန်းများ အား ငယ်စဉ်ကြီးလိုက် မည်သို့ စီရမည်"ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။



သင်ပုန်းအသုံးပြုပုံ နမူနာ [အဓိကမေးခွန်း ၁၂(က)]



၁၃ ကိန်းတွေကို ကြီးရာကငယ်ရာကို အစဉ်လိုက်စီကြမယ်

(က)



၅ , ၄ , ၃ , ၂ , ၁

(ခ)



၃ , ၂ , ၁

(ဂ)



၄ , ၃ , ၂ , ၁ ,

(ဃ)



၁၀ , ၈ , ၆ , ၅ , ၂

(င)



၅ , ၄ , ၃ , ၂ , ၁

ဖြည့်စွက်လုပ်ငန်းများ – ကိန်းအတွက် ရုပ်ပုံစာအုပ်ပြုလုပ်ကြမယ်

ကလေးများအား ၁၀ အတွင်း ကိန်းတစ်ခုစီအတွက် ရုပ်ပုံစာအုပ်ပြုလုပ်ပါစေ။ အောက်ပါအတိုင်းပြောပြီး ကလေးများကို တင်ပြပါစေ။

- ၃ အတွက် ရုပ်ပုံစာအုပ် လုပ်ထားတယ်
- ကြောင် ၃ ကောင် ရှိတယ်
- ငှက် ၃ ကောင် ရှိတယ်

စသည်ဖြင့်။ အကွက်များကဲ့သို့ ကိုယ်စားပြုပစ္စည်းများ ထည့်သွင်းပါစေ။





စာမျက်နှာ ၁ စာမျက်နှာ ၂ စာမျက်နှာ ၃ စာမျက်နှာ ၄ စာမျက်နှာ ၅

သင်ခန်းစာ ၁၉ (၁၉/၁၉)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိကိန်းများကို ကြီးစဉ်ငယ်လိုက်စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁၀ မှ ၁ အထိကို အောက်ပါအတိုင်း နောက်ပြန်ရေတွက်ပါစေ။

(၁) ဆရာက ၁၀ မှ ၁ ထိ အသံထွက်ရေတွက်ပါ။ ပြီးလျှင် တစ်တန်းလုံးက ၁၀ မှ ၁ အထိကို ရေတွက်ပါ။ အကြိမ်ကြိမ် ရေတွက်ပါ။

(၂) နှစ်ယောက်တစ်တွဲစီ လေ့ကျင့်ပါစေ။ ကလေးတစ်ဦးကရေတွက်ပြီး ကျန်တစ်ဦးက စစ်ဆေးပါ။ နေရာလဲပြီး ပြုလုပ်ပါ။ အကြိမ်ကြိမ် ပြုလုပ်ပါ။

၂။ အဓိကမေးခွန်း ၁၃(က)မှ ကိန်းပါအကျီပုံများကို ဆွဲပါ။ မေးခွန်းများမေးပြီး ကိန်းတစ်ခုစီအတွက် အဝိုင်းများ ဆွဲပါ။ အောက်ပါမေးခွန်းများကိုမေးပါ။

- ဘယ်ကိန်းက အကြီးဆုံးလဲ။
- ဘယ်ကိန်းက ဒုတိယအကြီးဆုံးလဲ။ စသည်ဖြင့်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ လေ့ကျင့်ခန်းစာအုပ်တွင် ဆွဲနိုင်ရန် ဤသင်ခန်းစာတွင် ဆရာက အဝိုင်းများကို ကိုယ်စားပြုပစ္စည်းအဖြစ် သင်ပုန်းပေါ်တွင် ဆွဲပြပါ။

၃။ အဓိကမေးခွန်း ၁၂ မှ ကျန်သည့် မေးခွန်းများကို မေးခွန်း(က)အတိုင်း မိမိတို့ လေ့ကျင့်ခန်းစာအုပ်တွင် ကိန်းတစ်ခုစီအတွက် အဝိုင်းများဆွဲပြီး တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် မေးခွန်း(က)ကို ဖြေရှင်းသည့် နည်းလမ်းအတိုင်း သင်ပုန်းပေါ်တွင် ရှင်းပြပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သော 'ကိန်းများကို ကြီးစဉ်ငယ်လိုက် မည်သို့စီရမည်'မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၂ မည်မျှနှင့်မည်မျှ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ အပြည့်ကိန်းများကို အသုံးပြုတတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၂.၁။ ၁၀ အထိ ကိန်းတစ်ခုကို ကိန်းနှစ်ခု ခွဲ၍ ဖော်ပြတတ်ရန်။

စာသင်ချိန်

- ၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၅ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်။	● အနီရောင်နှင့် အပြာရောင် ကြယ်သီးများကို အသုံးပြု၍ ကြယ်သီး ၅ လုံးအုပ်စုများ ပြုလုပ်ခြင်းနှင့် အုပ်စုအသီးသီးကို ကိန်းဖြင့် ဖော်ပြခြင်း။	● ကလေးများသည် အနီရောင်နှင့် အပြာရောင် ကြယ်သီး ၅ လုံးကို အုပ်စုများ ပြုလုပ်နိုင်သည်။ ● ကလေးများသည် ၅ ကို ကိန်းနှစ်လုံး ခွဲနိုင်သည်။
၂	၆ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်။	● ပဲစေ့ ၆ စေ့အနက် ပဲစေ့တချို့ ပြထားသောအခါ ကျန်သော ပဲစေ့များ၏ အရေအတွက်ကို ရှာခြင်း။	● ကလေးများသည် ပဲစေ့ ၆ စေ့အနက် ပဲစေ့တချို့ပြထားသောအခါ ကျန်သောပဲစေ့အရေအတွက်ကို ဖြေနိုင်သည်။ ● ကလေးများသည် ၆ ကို ကိန်းနှစ်လုံး ခွဲနိုင်သည်။
၃	၇ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်။	● အန်စာတုံး ၂ တုံးအနက် ၁ တုံးကို ပြထားသောအခါ အစက်အားလုံး ၇ ဖြစ်စေမည့် အန်စာတုံးမျက်နှာပြင်ရှိ အစက်များကို ပြခြင်း။	● ကလေးများသည် အန်စာတုံး နှစ်တုံးအနက် တစ်တုံးကို ပြထားသောအခါ အစက်အားလုံး ၇ ဖြစ်စေမည့် အန်စာတုံးနောက်တစ်တုံးရှိ ကိန်းကိုပြော ပြနိုင်သည်။ ● ကလေးများသည် ၇ကို ကိန်းနှစ်လုံးခွဲနိုင်သည်။
၄	၈ နှင့် ၉ တို့ကို ကိန်းနှစ်လုံးစီဖြင့် ခွဲ၍ ဖော်ပြတတ်ရန်။	● အဝိုင်းငယ် ၈ ဝိုင်းအနက် တချို့ကို ပြထားသောအခါ အားလုံး ၈ ဖြစ်စေမည့် အဝိုင်းငယ်များကို ရေးဆွဲခြင်း။ ● ကိန်းကတ်ပြား ၁ ခုကို ပြထားသောအခါ အားလုံး ၉ ဖြစ်စေမည့် နောက်ထပ်ကိန်းကတ်ပြားတစ်ခုကို သတ်မှတ်ခြင်း။	● ကလေးများသည် အဝိုင်းငယ် ၈ ဝိုင်းအနက် တချို့ကို ပြထားသောအခါ အားလုံး ၈ ဖြစ်စေမည့် အဝိုင်းငယ်များကို ရေးဆွဲတတ်သည်။ ● ကလေးများသည် ကိန်းကတ်ပြား ၁ခုကို ပြထားသောအခါ အားလုံး ၉ ဖြစ်စေမည့် နောက်ထပ်ကိန်းကတ်ပြားတစ်ခုကို သတ်မှတ်တတ်သည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
			● ကလေးများသည် ၈ နှင့် ၉ ကို ကိန်းနှစ်လုံးခွဲနိုင်သည်။
၅	၁၀ ကို ကိန်းနှစ်လုံးခွဲ၍ ဖော်ပြတတ်ရန်။	● ကိန်းကတ်ပြား ၁ ခုကို ပြထားသောအခါ အားလုံး ၁၀ ဖြစ်စေမည့် ကိန်းကို ရေးခြင်း။	● ကလေးများသည် ကိန်းကတ်ပြား ၁ ခုကို ပြထားသောအခါ အားလုံး ၁၀ ဖြစ်စေမည့် ကိန်းကို ရေးနိုင်သည်။ ● ကလေးများသည် ၁၀ ကို ကိန်း နှစ်လုံးခွဲနိုင်သည်။
၆	၁၀ ကို ကိန်းနှစ်လုံး ခွဲ၍ ဖော်ပြတတ်ရန်။	● အကွက်ငယ် ၁၀ ခုအနက် တချို့ကို ပြထားသောအခါ ကျန်သော အကွက်များကို ရှာခြင်း။	● ကလေးများသည် အကွက်ငယ် ၁၀ ခု အနက် တချို့ကိုပြထားသောအခါ ကျန်သောအကွက်များကို ရှာနိုင်သည်။ ● ကလေးများသည် ၁၀ ကို ကိန်းနှစ်လုံးခွဲနိုင်သည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤသင်ခန်းစာသည် ၁၀ အထိ ကိန်းများကို ကိန်း ၂ လုံးဖြစ်အောင် ကိန်းခွဲခြင်းနှင့် ကိန်း ၂ လုံးကို ကိန်း ၁ လုံးဖြစ်အောင် ကိန်းတွဲခြင်းတို့ကို ကလေးများ သင်ယူသည်။ ဤသင်ခန်းစာသည် သူတို့၏ ဆက်လက်သင်ယူမှုများအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်။



ပထမဦးစွာ ၁၀ အထိ ကိန်းများကို ကိန်းတွဲခြင်းနှင့်ကိန်းခွဲခြင်းများဖြင့် ကလေးများသည် နောင်လာမည့် သင်ခန်းစာဖြစ်သော ၁၀ အထိ ကိန်းများ အပေါင်းနှင့် အနုတ် သင်ယူခြင်းအတွက် အဆင်သင့်ဖြစ်ပေမည်။ ဥပမာအားဖြင့် ပုံတွင်ပြထားသည့်အတိုင်း ၇ ကို ၅ နှင့် ၂ သို့ ကိန်းခွဲနိုင်ခြင်းသည် အောက်ပါသင်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်။

၅ + ၂ = ၇ ၊ ၇ − ၂ = ၅ ၊ ၇ − ၅ = ၂

ဒုတိယအနေဖြင့် ကလေးများသည် ကိန်းခွဲခြင်းနှင့်ကိန်းတွဲခြင်း စိတ်ကူးအကြံအစည်များကို နောင်လာမည့် ၁၀ အထိ ကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အပေါင်းနှင့်အနုတ်ပြဿနာတွင် အသုံးပြုနိုင်မည်။ အထူးသဖြင့် ၁၀ ကို ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းတို့သည် ထိုသင်ခန်းစာများအတွက် အဓိကစိတ်ကူးအကြံအစည် ဖြစ်လာပေမည်။ ဥပမာအားဖြင့် ကလေးများသည် ၉ + ၃ ကို တွက်ရာတွင် အောက်ပါစိတ်ကူးနှစ်ခုကို အသုံးချမည်။



(၁) ၃ ကို ၁ နှင့် ၂ သို့ ကိန်းခွဲခြင်း

(၂) ၁၀ ဖြစ်ရန် ၉ နှင့် ၁ ကို ကိန်းတွဲခြင်း

ထို့ကြောင့် ဆရာများသည် ၁၀ အထိ ကိန်းများကို ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းတို့ကို ကလေးများအားမှန်မှန်လေ့ကျင့်ခွင့်ပေးရမည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ဤသင်ခန်းစာကိုမလေ့လာမီ ကလေးများသည်နေ့စဉ်ဘဝတွင် ဒြပ်ရှိပစ္စည်းများဖြင့် ကိန်းတွဲခြင်းနှင့်ကိန်းခွဲခြင်း အတွေ့အကြုံရှိကောင်းရှိနိုင်သည်။ သို့သော် သူတို့၏အတွေ့အကြုံများသည် ကိန်းများဖြင့်ဆက်စပ်မှုမရှိသေးပါ။ ဆရာများသည်ကလေးများ၏ အတွေ့အကြုံများကို ကိန်းများဆိုင်ရာအသိသညာနှင့်ချိတ်ဆက်၍ သူတို့၏သင်ယူမှုကိုကူညီရမည်။

သင်ခန်းစာ ၁ (၁/၆)

သင်ယူမှုဦးတည်ချက်

- ၅ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကြယ်သီး အနီ ၄လုံးနှင့် ကြယ်သီး အပြာ ၄ လုံး၊ အိတ်တစ်လုံး
- အနီရောင် စက္ကူ အဝိုင်းနှင့် အပြာရောင် စက္ကူ အဝိုင်း ၁၀ ခုစီ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးအဖွဲ့ အသီးသီးကို ကြယ်သီးအနီ ၄ လုံးနှင့် ကြယ်သီးအပြာ ၄ လုံး တစ်စုံစီနှင့် အိတ်တစ်လုံးစီပေးပါ။ ထို့နောက် အောက်ပါ ကစားနည်းကို သရုပ်ပြ၍ ရှင်းပြပါ။

(၁) အိတ်ထဲတွင် ကြယ်သီးအနီ ၄ လုံးနှင့် ကြယ်သီးအပြာ ၄ လုံးကို ထည့်ပါ။

(၂) အိတ်ထဲမှ ကြယ်သီး ၅ လုံးကို ထုတ်ပါ။

(၃) ကြယ်သီးအနီ မည်မျှနှင့် ကြယ်သီးအပြာ မည်မျှထုတ်သည်ကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အနီရောင်နှင့် အပြာရောင်မရလျှင် တခြားအရောင်များကို အသုံးပြုနိုင်သည်။

➔ ○●○○● နှင့် ●●○○○ တို့သည် အရောင်တွဲဖက်မှု တူသည်ကို နားလည်ပါစေ။

၂။ ဤလုပ်ငန်းကို ကလေးများ တစ်ကြိမ်လုပ်ဆောင်ပါစေ။

၃။ ကြယ်သီးအနီ မည်မျှနှင့် ကြယ်သီး အပြာ မည်မျှအား ယူခဲ့သည်ကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ဖြေကြားသည့် အပေါ် မူတည်၍ စက္ကူဝိုင်းအနီနှင့် စက္ကူဝိုင်းအပြာ တို့ကို သင်ပုန်းပေါ်တွင် ကပ်ပါ။

➔ ကလေးများ၏ အဖြေမှရသော ကိန်းခွဲ (၄) ခုစလုံးကို သင်ပုန်းပေါ်ကပ်ပါ။

မှတ်ချက်။ ။ 'မည်မျှ'သည် 'ဘယ်လောက်' နှင့် အဓိပ္ပာယ်တူသည်

၂ မည်မျှနှင့်မည်မျှ





ကလေးတစ်ယောက်စီမှာ ကြယ်သီးအနီ မည်မျှနဲ့ ကြယ်သီးအပြာ မည်မျှစီရှိသလဲ



၁၉

ဖြည့်စွက်ရှင်းလင်းချက် – ပစ္စည်းစစ်များမှကိန်းများသို့

ဤလုပ်ငန်း တောက်လျောက် အဓိကလုပ်ငန်းများတွင် ပစ္စည်းစစ်မှ စိတ်ကူးသက်သက်သို့ အောက်ပါအစီအစဉ်ကို အသုံးပြုမည်

ပစ္စည်းစစ်များ ⟶ ကိုယ်စားပြုပစ္စည်း ⟶ ကိန်းများ

ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းတို့၏ သဘောကို ကလေးများ သိရှိနားလည်စေသည်။

သင်ခန်းစာ (၁) ပစ္စည်းစစ်များ 

⬇

သင်ခန်းစာ (၄) ကိုယ်စားပြုပစ္စည်းများ  နှင့် 

⬇

သင်ခန်းစာ (၅) ကိန်းများ ၄ နှင့် ၁

၁ ဖြစ်အောင်လုပ်ကြည့်ကြမယ်





ကြယ်သီးအနိုနဲ့အပြာ မည်မျှစီရှိသလဲ





၁ မည်မျှနဲ့မည်မျှက ၅ ဖြစ်သလဲ



၂၀

၄။ ကျောင်းသုံးစာအုပ်ထဲရှိ ကလေးပုံတစ်ခုစီတွင်ရှိသော ကြယ်သီးအနီနှင့်အပြာ အရေအတွက်ကို ဖြေပါစေ။

၅။ မည်သည့် ကလေး၏ ကြယ်သီးအနီနှင့် ကြယ်သီးအပြာ တွဲဖက်မှုသည် သူတို့နှင့် တူသည်ကို မေးပါ။

၆။ ကလေးများအား ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၁)ကို ကွက်လပ်တွင်ဖြည့်ပြီး ဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဝိုင်းပုံများနှင့် ကိန်းတွဲများကို ချိတ်ဆက်ပါ။

ဖြည့်စွက်လုပ်ငန်းများ ၅ မိတ်ဆွေကစားနည်း

မောင်မောင် **မမ**









ဤကစားနည်းသည် သာမန်အားဖြင့် နှစ်ဦးတွဲ ကစားရသည်။ ပထမဦးစွာ ပုံပါအတိုင်း မောင်မောင်က လက်ချောင်း ၁၊ ၂၊ ၃ သို့မဟုတ် ၄ ချောင်း ထောင်ပြသည်။ မမက မောင်မောင်၏ လက်ချောင်းများကို ကြည့်၍ ၅ ဖြစ်စေရန် လက်ချောင်းများကို ထောင်ပြရမည်။ ဥပမာ၊ မောင်မောင်က လက်တစ်ချောင်း ထောင်ပြလျှင် မမက လက်ချောင်း ၄ ချောင်း ထောင်ပြရမည်။

အောက်ပါ အဆင့်များကို အသုံးပြုနိုင်သည်။

(၁) ကလေးတစ်ဦးနှင့် ဆရာက အရင် ကစားပြမည်။

(၂) ဆရာက ကလေးအားလုံးနှင့် နှစ်ဦးတွဲ သဘောမျိုး ကစားမည်။

(၃) ကလေးများ နှစ်ယောက်တစ်တွဲ ကစားမည်။

၆ မှ ၁၀ အထိ ကိန်းများအတွက်လည်း ဤကစားနည်းကို ကစားနိုင်သည်။

သင်ခန်းစာ ၂ (၂/၆)

သင်ယူမှုဦးတည်ချက်

- ၆ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပဲစေ့ ၆ စေ့ (ကလေး ၂ ဦးစီအတွက်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၅ ဖြစ်စေသည့် ကိန်းတွဲများကို ပြန်လည် သတိရပါစေ။ (ဥပမာ ၅ မိတ်ဆွေ ကစားနည်း)

[သင်ကြားသင်ယူရမည့်အချက်]

➔ ပြီးခဲ့သော သင်ခန်းစာက အတိုင်း အတွဲ ၄ တွဲကို သင်ပုန်းပေါ် ရေးပါ။

၂။ ဆရာနှင့် ကလေးတစ်ဦးက "၆ ပြုလုပ်ခြင်း" ကစားနည်းကို ကစားပြပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ပဲစေ့များ မရရှိင်လျှင် တခြားပစ္စည်းတစ်ခုခု ကို အသုံးပြုနိုင်သည်။

၃။ ကလေးများ ကစားနည်းကို နားလည်စေရန် ဆရာက ကလေးအားလုံးနှင့်အတူ နှစ်ဦးတွဲ ကစား သည့်အနေဖြင့် ကစားရမည်။

၄။ ၆ မိတ်ဆွေ ပဲစေ့ကစားနည်းကို နှစ်ဦး တစ်တွဲ ကစားပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ၆ ဖြစ်စေမည့် ကိန်းတွဲအမျိုးမျိုးကို ကလေး များကိုယ်တိုင် ရှာဖွေတွေ့ရှိပါစေ။

၅။ ၆ ဖြစ်စေမည့် ကိန်းတွဲများကို ကျောင်းသုံး စာအုပ်ရှိ ပုံများနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်]

➢ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၆။ မေးခွန်း (၂) ကို ဖြေခြင်းအားဖြင့် သင်ခန်း စာကို နိဂုံးချုပ်ပါစေ။

➔ သင်ခန်းစာကို နိဂုံးချုပ်ရန် မေးခွန်းများမေးပြီး ၆ ဖြစ်စေမည့် ကိန်းတွဲများအားလုံးကို သင် ပုန်းပေါ်ရေးပါ။

၂ ၆ ဖြစ်အောင်လုပ်ကြည့်ကြမယ်







၂ မည်မျှနဲ့မည်မျှက ၆ ဖြစ်သလဲ



၂၁

'၆ ပြုလုပ်ခြင်း' ကစားနည်း

ဤကစားနည်းသည် သာမန်အားဖြင့် နှစ်ယောက် တစ်တွဲ ကစားရသည်။

၁။ စားပွဲပေါ်တွင် ပဲစေ့ ၆ စေ့ထားပါ။

၂။ မောင်မောင် က ပဲစေ့ ၆ စေ့အနက် တချို့ကို လက်သီးဆုပ်ထဲတွင် ထည့်ပြီး ကျန်ပဲစေ့များကို တခြားလက်သီးဆုပ်ထဲတွင် ထည့်မည်။

၃။ မောင်မောင်က လက်တစ်ဖက်သာ ဖြန့်ပြပြီး "ပဲစေ့ အားလုံး ၆ စေ့ ရှိတယ်။ ကျွန်တော့်လက်ဆုပ်ထဲမှာ ပဲစေ့ ဘယ်လောက်ရှိသလဲ" မေးပါ။

၄။ မမက မေးခွန်းကို ကျယ်ကျယ် ဖြေဆိုရမည်။

၅။ ဆုပ်ထားသော လက်ကို ဖြည်ပြီး အဖြေကို စစ်ဆေးပါ။

၆။ ကစားနည်း အဆင့် (၁)မှ (၅)အထိကို ထပ် တလဲလဲ ပြုလုပ်ပါ။

၇။ နေရာလဲပြီး ပြုလုပ်ပါ။



၃ ၇ ဖြစ်အောင်လုပ်ကြည့်ကြမယ်



၄ မည်မျှနဲ့မည်မျှက ၇ ဖြစ်သလဲ



အံစာတုံးကစားနည်း

၁။ ကလေးများကို နှစ်ယောက်စီအဖွဲ့ခွဲပြီး တစ်ဖွဲ့လျှင် အံစာတုံး နှစ်တုံးစီပေးပါ။
၂။ ပထမ ကလေးသည် အံစာတုံးကို လှိမ့်ပြီး ကိန်းတစ်ခု ရယူမည်။
၃။ ဒုတိယ ကလေးသည် ပထမကလေးရရှိသည့် ကိန်းပေါ် မူတည်ပြီး ၇ ဖြစ်စေမည့် ဒုတိယကိန်းကို ပြောရမည်။ ထိုကိန်းရသည်အထိ အံစာတုံးကိုလှိမ့်ပါ။
၄။ ကလေးနှစ်ဦး နေရာချင်းလဲပြီး တခြားကိန်းတွဲများကိုရသည်အထိ ထပ်တလဲလဲ ကစားပါ။

ကိန်းခွဲ(သို့)ကိန်းတွဲပုံများ

ဤကျောင်းသုံးစာအုပ်တွင် ကိန်းခွဲများကိုဖော်ပြရန် အောက်ပါကိန်းခွဲပုံများကို ထပ်တလဲလဲ အသုံးပြုထားသည်။ အထူးသဖြင့် ဤပုံသည် ၁၉ အထိ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းအခန်းများတွင် အကျယ်တဝင့်အသုံးပြုထားသည်။ ဤအခန်းတွင်မူ ကလေးများသည် နောက်ပိုင်း သင်ကြားသင်ယူရာတွင် အထောက်အကူဖြစ် စေရန် ဤပုံကို အကျွမ်းတဝင်ဖြစ်လာရန် လိုအပ်သည်။



သင်ခန်းစာ ၃ (၃/၆)

သင်ယူမှုဦးတည်ချက်

- ၇ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အတန်းရှေ့တွင် သရုပ်ပြရန် အရွယ်အစားကြီးသော အံစာတုံး ၂ တုံး
- ကလေးတစ်ဦးလျှင် အံစာတုံး ၁ တုံးစီ
- အံစာတုံးပုံ ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၆ ဖြစ်စေသည့် ကိန်းတွဲများကို ပြန်လည်သတိရပါစေ။ (ဥပမာ ၆ မိတ်ဆွေ ကစားနည်း)

[သင်ကြားသင်ယူရမည့်အချက်]

➔ ကလေးများ မှန်ကန်စွာ ဖြေဆိုခြင်းရှိ၊ မရှိ တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ ဆရာနှင့် ကလေးတစ်ဦး ၇ ပြုလုပ်သည့် အံစာတုံး ကစားနည်းကို ကစားပြပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကစားနည်းကို နားလည်ရန် ကလေးများအား သေချာကြည့်ရှုစေပြီး ၇ ဖြစ်စေသည့် ကိန်းတွဲများကို အာရုံစိုက်ပါစေ။

၃။ ကလေးနှစ်ယောက် တစ်တွဲစီ အံစာတုံး ကစားနည်း အဆင့် (၄)ဆင့်ကို အကြိမ်ကြိမ် ကစားပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ၇ ဖြစ်စေမည့် ကိန်းတွဲများကို ကလေးများကိုယ်တိုင် တွေ့ရှိပါစေ။

၄။ ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော အံစာတုံးမျက်နှာပြင်များကို ၇ ဖြစ်စေရန် ယှဉ်တွဲပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ယှဉ်တွဲပြီးနောက်၊ ကလေးများ၏ အဖြေများမှန်၊ မမှန်ကို အံစာတုံးပုံ ကားချပ်ကြီး သုံးပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ ၇ ဖြစ်စေသည့် ကိန်းတွဲများဖြင့် မေးခွန်း (၃) မှ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ အောက်ပါပုံကို သုံးပြီး ကိန်းတွဲ ၆ တွဲကို ရှာပါစေ။ ၇ မိတ်ဆွေ လက်ချောင်းကစားနည်းကို ကစားပါစေ။



သင်ခန်းစာ ၄ (၄/၆)

သင်ယူမှုဦးတည်ချက်

- ၈ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ဖော်ပြတတ်ရန်နှင့် ၉ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပလတ်စတစ် အိတ်ပါသည့် ကားချပ်များ
- အဝိုင်းပုံ ၁ ပုံမှ ၈ ပုံထိ ပါသော ကတ်ပြားများ (ကလေးနှစ်ယောက်လျှင် တစ်စုံစီ) (၄ – ၂ ခု)
- သင်ပုန်းတွင် အသုံးပြုရန် အဝိုင်းပုံ ၁ ပုံ မှ ၈ ပုံ အထိ ကတ်ပြား တစ်စုံ (၄ – ၂ ခု)
- ၁ မှ ၉ ထိ ကိန်းများ ပါသော ကိန်းကတ်ပြားများ (ကလေးနှစ်ဦးလျှင် တစ်စုံစီ) (၄ – ၂ ခု)
- ဆရာများအတွက် ၁ မှ ၉ ထိ ကိန်းများ ပါသော ကိန်းကတ်ပြားအကြီး တစ်စုံ
- သင်ပုန်းတွင် အသုံးပြုရန် အပြာနှင့် အဖြူ ရောင် အဝိုင်းပုံများ ပါသည့် ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၇ ဖြစ်စေမည့် ကိန်းတွဲများကို ပြန်လည် လေ့ကျင့်ပါ။ (ဥပမာ၊ ၇ မိတ်ဆွေ ကစားနည်း)

၂။ ဆရာနှင့် ကလေးတစ်ဦးက ၈ ပြုလုပ်သည့် အဝိုင်းကတ်ပြား ကစားနည်းကို ကစားပြပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ၈ ဖြစ်စေသည့် ကိန်းကို ကျယ်လောင်စွာ ရွတ်ဆိုပါစေ။

၃။ ကလေးနှစ်ဦး တစ်တွဲစီ အဝိုင်းကတ်ပြား ကစားနည်းကို ထပ်တလဲလဲ ကစားပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကိန်းတွဲများ များနိုင်သမျှ များများ တွေ့ရှိရန် အချိန် လုံလောက်စွာ ပေးပါ။

၄။ အဖြူရောင် အဝိုင်းများပါသည့် ကတ်ပြား အသီးသီးတွင် ၈ ဖြစ်စေရန် အရောင်ခြယ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကျောင်းသုံးစာအုပ်ထဲရှိ အဝိုင်းများတွင် အရောင် ခြယ်စေပြီး၊ အဖြေများကို ကားချပ်သုံးပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ မေးခွန်း ၄ ကို ကျောင်းသုံးစာအုပ်တွင် ဖြေရှင်းပါ။

➔ ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။ "၈ သည် ၁ နှင့် ၇ "စသည့် ဖော်ပြချက်ကိုသုံးပြီး အဖြေများကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။



ဖြည့်စွက်လုပ်ငန်းများ – ၇ မိတ်ဆွေကစားနည်း

ဤကစားနည်းသည် သာမန်အားဖြင့် ၅ မိတ်ဆွေ ကစားနည်း၊ ၆ မိတ်ဆွေ ကစားနည်းနှင့် အတူတူ ဖြစ်သည်။ သို့သော်၊ ဤကစားနည်းတွင် လက်နှစ်ဖက်စလုံးကို အသုံးပြုရန်လိုသည်။ ကလေးများသည် ကိန်းတွဲပြုလုပ်ခြင်းနှင့် အကျွမ်းတဝင် ဖြစ်လာရန် ကစားနည်းကို ပုံမှန်ကစားသင့်သည်။ အထူးသဖြင့်၊ ၁၀ ၏ ကိန်းတွဲများ ပြုလုပ်ခြင်းသည် ၁၉ အထိ ကိန်းများ ပေါင်းခြင်း နုတ်ခြင်းအတွက် အဓိက ကျသော ကျွမ်းကျင်မှု တစ်ခု ဖြစ်သည်။

ထို့အပြင် ကစားနည်းများသည် ၁၀ အထိ ပေါင်းခြင်း၊ နုတ်ခြင်း အတွက် ပြင်ဆင်မှု ဖြစ်သည်။

၈ မှ ၁၀ အထိ ကိန်းများအတွက်လည်း ဤကစားနည်းကို ကစားနိုင်သည်။



၅ ဖြစ်အောင်လုပ်ကြည့်ကြမယ်



၁ မည်မျှနဲ့မည်မျှက ၉ ဖြစ်သလဲ



'အဝိုင်းကတ်ပြားကစားနည်း' အဆင့်ဆင့် (၈ ပြုလုပ်ရန်)

(၁) ကလေးနှစ်ဦးစီကို အဝိုင်းပုံ ၁ ပုံမှ ၈ ပုံ အထိ ပါသော အဝိုင်းကတ်ပြားများ ပေးပါ။ ကတ်ပြားများကို မှောက်လျက်ထားပါ။ (၄ – ၂ ခု)

(၂) ပထမကလေးက ကတ်ပြားတစ်ခုကို လှန်သည်။ (ဥပမာ၊ အဝိုင်းပုံ ၂ ပုံ ပါသော ကတ်ပြား)

(၃) ပထမကလေးရသော ကိန်းနှင့် တွဲလျှင် ၈ ရမည့် ကိန်းကို ဒုတိယကလေးက အသံထွက်ဖြေရမည်။

(၄) ၈ ၏ ကိန်းတွဲ အမျိုးမျိုးကို ရရှိရန် ပထမကလေးက ဒုတိယကလေးနေရာယူကာ နေရာလဲပြီး ကစားနည်းကို ထပ်တလဲလဲ ကစားပါ။

'ကိန်းကတ်ပြား ကစားနည်း' အဆင့်ဆင့် (၉ ပြုလုပ်ရန်)

အဝိုင်းကတ်ပြား ကစားနည်းနှင့် အတူတူပင် ဖြစ်သည်။ သို့သော် အဝိုင်းကတ်ပြားကစားနည်းတွင် အဝိုင်းပုံများပါသည့်ကတ်ပြားကိုအသုံးပြုပြီး ကိန်းကတ်ပြား ကစားနည်းတွင်မူ ကိန်းများပါသော ကတ်ပြားများကို အသုံးပြုသည်။

၆။ ဆရာနှင့် ကလေးတစ်ဦးက ၉ ပြုလုပ်သည့် ကိန်းကတ်ပြား ကစားနည်းကို ကစားပြပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကိန်းတစ်ခုနှင့် ၉ ဖြစ်စေသည့်ကိန်းကို ကျယ်လောင်စွာရွတ်ဆိုပါစေ။

၇။ ကျောင်းသုံးစာအုပ်ရှိ ကိန်းကတ်ပြားများကို ယှဉ်တွဲစေပြီး အဖြေကို တစ်တန်းလုံးနှင့် အတည်ပြုစစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကျောင်းသုံးစာအုပ်ပေါ်တွင် ယှဉ်တွဲစေပြီး ကိန်းကတ်ပြားပုံအကြီးကိုသုံး၍အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၈။ ကျောင်းသုံးစာအုပ်ပေါ်ရှိ ကွက်လပ်များတွင် ဖြည့်ခြင်းဖြင့် မေးခွန်း ၅ ကိုဖြေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ '၉ သည် ၁ နှင့် ၈ ဖြစ်သည်' စသည့် ဖော်ပြချက်ကို အသုံးပြုပါ။

၉။ အောက်တွင် ပြထားသော ပုံများဆွဲပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

➔ ပုံများနှင့် တကွ '၈ သည် ၁ နှင့် ၇ ဖြစ်သည်' စသည့် ဖော်ပြချက်ကိုလည်း အသုံးပြုပါ။



သင်ခန်းစာ ၅ (၅/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ ကို ကိန်းနှစ်လုံးဖြင့် ခွဲ၍ ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ငယ် ၁၀ ကွက်စီ နှင့် ကိန်း ၁ မှ ၁၀ အထိ ပါသော ကိန်းကတ်ပြားများ(၅ – ၂ ခု)
- ဆရာ အတွက် ၁ မှ ၁၀ အထိ ကိန်းများ ပါသောကိန်းကတ်ပြားအကြီးများ (၅ – ၂ ခု)
- ကိန်းတွဲများ ရေးရန် ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၈ နှင့် ၉ ဖြစ်စေသည့် ကိန်းတွဲများကို ပြန်လည် လေ့ကျင့်ပါ။ (ဥပမာ ၈ နှင့် ၉ မိတ်ဆွေ ကစားနည်း)

[သင်ကြားသင်ယူရမည့်အချက်]

➔ မှန်ကန်စွာ ဖြေဆိုခြင်း ရှိ၊ မရှိ တစ်တန်းလုံး နှင့် စစ်ဆေးပါ။

၂။ '၁၀ ကိန်းတွဲ ကစားနည်း' အဆင့်များ အတိုင်း ၁၀ ကိန်းတွဲ ကစားနည်း ကစားပါ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကစားနည်း၏ အဆင့် (၁) နှင့် (၂) အတွင်း ဥပမာ 'ဘယ်ကိန်းက ၈ ကို ၁၀ ဖြစ်စေမှာလဲ' ဆိုသည့် မေးခွန်းကိုအစဉ်အမြဲမေးပါ။ အဆင့် (၃) ကို ကစားနေစဉ်အတွင်း ကလေး(၈)က ထိုမေးခွန်းကို ထပ်ခါတလဲလဲ မေးပါစေ။

၃။ ကျောင်းသုံးစာအုပ်ရှိ ၁၀ ဖြစ်စေသည့် ကိန်းတွဲ အသီးသီးအတွက် ကိန်းကို ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ ကားချပ်တွင်ကိန်းတွဲများ ရေးပြီး ကလေး များ၏ အဖြေ မှန်၊ မမှန်ကို တစ်တန်းလုံး နှင့် စစ်ဆေးပါ။

၄။ ကျောင်းသုံးစာအုပ်ရှိ ၁၀ ဖြစ်စေသည့် ကိန်းတွဲများ အားလုံးကို ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ၊ ၁၀ ဖြစ်စေသည့် ကိန်းတွဲ ၉ တွဲကို တွေ့ရှိပါစေ။

၅။ ကိန်းတွဲ ၉ တွဲ စလုံးကို နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ '၁ နှင့် ၉ သည် ၁၀ ဖြစ်သည်' စသဖြင့် ကိန်း တွဲအားလုံးအတွက် ကျယ်ကျယ်ရွတ်ဆိုပါစေ။



သင်ခန်းစာ(၅)မှ ၁၀ကိန်းတွဲ ကစားနည်းအဆင့်ဆင့်

၁။ ဆရာနှင့် ကလေး ၂ ဦး၊ ကလေး (က) နှင့် (ခ) က သရုပ်ပြခြင်း

(၁) ကလေး (က)မှာ အတုံးငယ် ၁၀ တုံး ရှိပြီး ကလေး (ခ)မှာ ကိန်းကတ်ပြားများ ရှိသည်။

(၂) ဆရာက ကိန်းကတ်ပြား တစ်ခု (ဥပမာ ၈) ကို ပြပြီး၊ ကလေးများကို ၈ နှင့် ၁၀ ဖြစ်စေမည့် အကွက်အရေအတွက်နှင့် ကိန်းကတ်ပြားကိုပြရန် ပြောသည်။

(၃) ကလေး (က) နှင့် (ခ) က အကွက် ၂ ကွက်နှင့် ကိန်းကတ်ပြား ၂ ကို အသီးသီး ပြသကြသည်။

(၄) ကလေး အားလုံး ကစားနည်းကို နားလည်သည့် အထိ အဆင့် (၂) နှင့် (၃) ကို ထပ်တလဲလဲ လုပ်ပါ။

၂။ ဆရာနှင့် တစ်တန်းလုံး ကစားသည်။

(၁) ဆရာက အဆင့် (၁) ပါအတိုင်း ဆောင်ရွက်သည်။ အတန်းထက်ဝက်က ကလေး (က) နေရာတွင် ဝင်ကစားမည်ဖြစ်ပြီး တခြားတစ်ဝက်က ကလေး (ခ) နေရာတွင် ဝင်ကစားမည်။

(၂) ကြိမ်ဖန်များစွာ ကစားပါ၊ ဖြစ်နိုင်လျှင် နေရာလဲ ကစားပါ။

၃။ ကလေး (က)၊ (ခ)၊ (ဂ) သုံးဦး တစ်ဖွဲ့ ကစားပါ။

(၁) ကလေး(က) နှင့် (ခ)သည် အဆင့် (၁)မှာကဲ့သို့ ကစားပြီး ကလေး (ဂ) သည် ဆရာနေရာတွင် ကစားပါ။

(၂) ကြိမ်ဖန်များစွာ ကစားပါ။ နေရာလဲ၍ ကစားပါ။

သင်ခန်းစာ ၆ (၆/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ ကို ကိန်းနှစ်ခုလုံးဖြင့် ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက် ၁၀ ကွက်နှင့် ကိန်း ၁ မှ ၁၀ အထိ ပါသော ကိန်းကတ်ပြားများ (ကလေးအားလုံးအတွက်) (၅ – ၂ ခု)
- အိတ်ပါ ကားချပ်နှင့် အကွက်ကြီးများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁၀ ဖြစ်စေသည့် ကိန်းတွဲများကို ပြန်လည်လေ့ကျင့်ပါ။ (ဥပမာအားဖြင့် ၁၀ မိတ်ဆွေ ကစားခြင်း)

[သင်ကြားသင်ယူရမည့်အချက်]

➔ ကလေးများ မှန်ကန်စွာ ဖြေဆိုခြင်း ရှိ၊ မရှိ တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ ၁၀ ကိန်းတွဲ ကစားနည်းကို ဆရာနှင့် တစ်တန်းလုံး ကစားပါ။ (သင်ခန်းစာ ၆ မှ ၁၀ ကိန်းတွဲ ကစားနည်း အဆင့်ဆင့်ကို ကြည့်ပါ)

[သင်ကြားသင်ယူရမည့်အချက်]

➔ ကစားနည်းကို ရှင်းလင်းစွာ နားလည်ရန် အချိန် လုံလောက်စွာ အသုံးပြုပါ။

၃။ ၁၀ ကိန်းတွဲ ကစားနည်းကို ဆရာနှင့် တစ်တန်းလုံး ကစားပါ။ (သင်ခန်းစာ ၆ မှ ၁၀ ကိန်းတွဲ ကစားနည်း အဆင့်ဆင့်ကို ကြည့်ပါ)

[သင်ကြားသင်ယူရမည့်အချက်]

➔ အတန်ကြာကစားပြီးနောက် ကလေးများ နေရာလဲ ကစားပါစေ။

၄။ ကျောင်းသုံးစာအုပ်ရှိ ၁၀ ဖြစ်စေသည့် ကိန်းတွဲများကို ရေးပြီး မေးခွန်း (၇) ကို ဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်]

➔ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ ကိန်းတွဲပုံကို သုံးပြီး ၁၀ ကိန်းတွဲများကို နှိုးချုပ်ပါစေ။

၇ ၁၀ ဖြစ်မယ့်ကိန်းတွဲတွေကို ရှာကြမယ်



၂၆

သင်ခန်းစာ ၆ မှ ၁၀ ကိန်းတွဲကစားနည်းအဆင့်ဆင့်

ကစားနည်းသည် သင်ခန်းစာ ၅ မှ ကစားနည်းအတိုင်း ဖြစ်သည်။ သို့သော်၊ ဆရာက သင်ပုန်းပေါ်တွင် ကိန်းကတ်ပြားအစား အကွက်ပုံ ကတ်ပြားများကို အိတ်ပါ ကားချပ်တွင် ထည့်ရမည်။

၁။ ဆရာနှင့် တစ်တန်းလုံး ကစားနည်းကို ကစားကြသည်။

(၁) ဆရာက အကွက်ပုံတချို့ကို အိတ်ပါကားချပ်တွင် ထည့်ပြီးပြပါ။ (ဥပမာ အကွက် ၄ ကွက်)

(၂) အတန်းတစ်ဝက်က သင်ပုန်းပေါ် ပြထားသည့် အရေအတွက်အား ၁၀ ဖြစ်အောင်လုပ်မည့် အကွက်အရေအတွက်ကို ပြရမည်။ (ဥပမာ အကွက် ၆ ကွက်)

(၃) အတန်း၏ တခြားတစ်ဝက်က သင်ပုန်းပေါ်မှ အရေအတွက်အား ၁၀ ဖြစ်အောင်လုပ်မည့်ကိန်းကတ်ပြားကို ပြရမည်။ (ဥပမာ ကိန်း ၆ ပါသည့် ကိန်းကတ်ပြား)

၂။ ကလေးများသည် ၃ ယောက် တစ်ဖွဲ့စီ ကစားကြသည်။

(၁) တတိယ ကလေးက အဆင့် (၁) တွင် ဆရာ၏ နေရာတွင် အကွက်များပြပြီး ဝင်ကစားရမည်။

(၂) ပထမ နှင့် ဒုတိယ ကလေးက အဆင့် (၂) နှင့် (၃)အတိုင်း ဆောင်ရွက်ရမည်။

အခန်း ၃ သုည

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ အပြည့်ကိန်းများကို အသုံးပြုတတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၃.၁။ ၀ အတွက် ဥပမာပေးတတ်ရန်

စာသင်ချိန်

- ၂ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားတွင် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဇယားတွင်ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသောစံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	သုည၏အဓိပ္ပာယ်ကို ပြောတတ်ရန် သုညကိုဖတ်တတ်၊ ရေးတတ်ရန်	● ဥပမာများဖြင့် သုည၏အဓိပ္ပာယ်ကို ရှင်းပြခြင်း။ ● သုညကို ဖတ်ခြင်း၊ ရေးခြင်း။	● ကလေးများသည် ဥပမာများဖြင့် သုည၏ အဓိပ္ပာယ်ကိုရှင်းပြနိုင်မည်။ ● ကလေးများသည် သုညကိုဖတ်နိုင်၊ ရေးနိုင်မည်။
၂	သုညအတွက် ဥပမာများ ပေးတတ်ရန်	● ပုံပြင်များဖြင့် သုညအတွက် ဥပမာများပေးခြင်း။	● ကလေးများသည် ပုံပြင်များဖြင့် သုညအတွက် ဥပမာများပေးနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ပထမတန်းတွင် ကလေးများသည် '၀' ၏အဓိပ္ပာယ်(၃)မျိုးကို စာသင်နှစ်တစ်လျှောက်လုံး သင့်တော်လျော်ညီသောအခန်းများတွင် သင်ယူရမည်ဖြစ်သည်။

(က) အရေအတွက်အားဖြင့် ဘာမှမရှိခြင်းအတွက် '၀'

(ခ) မူလမှတ်အတွက် '၀'

(ဂ) နေရာအလိုက်တန်ဖိုးအဖြစ် '၀'



(ခ) မူလမှတ်အတွက် '၀'

ဆယ်	ခု
၇	၀

(ဂ) နေရာအလိုက်တန်ဖိုးအဖြစ် '၀'

ယခင်အခန်းများတွင် ကလေးများသည် ပစ္စည်းများ၏အရေအတွက်နှင့်ကိန်းများကို ဆက်စပ်၍ နားလည်သင်ယူထားသည့်အတွက်ကြောင့် ဤအခန်းတွင် (က) အရေအတွက်အားဖြင့် ဘာမျှမရှိသည့် အဓိပ္ပာယ်အဖြစ် '၀' ကို လေ့လာသင်ယူရမည်ဖြစ်သည်။ ထို့နောက်အခန်း ၁၀ (၂၀ အထိ ကိန်းများ)တွင် ကိန်းမျဉ်းအသုံးပြုရာ၌ (ခ) မူလမှတ်အဖြစ် '၀' ကို ကလေးများလေ့လာရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် အခန်း ၇ (ကိန်းကြီးများ)တွင် (ဂ)နေရာလိုက်တန်ဖိုးအဖြစ် '၀' ကို ကလေးများ လေ့လာရမည်ဖြစ်သည်။

'၀' ၏သဘောသည် ပထမတန်းကလေးများအတွက် နားလည်ရန်ခက်ခဲစေသည်။ ထို့ကြောင့် ကလေးများနှင့်ရင်းနှီးသောအကြောင်းအရာဥပမာများသုံးပြီး အရေအတွက်သဘောနှင့် ဆက်စပ်၍ '၀' ကို လေ့လာသင့်သည်။ ဤကျောင်းသုံးစာအုပ်တွင် ကလေးများသည် ၁ မှ ၁၀ အထိကိန်းများကို သင်ယူပြီးသည့်နောက် '၀' ကို သင်ယူရမည်ဖြစ်သည်။ အခန်း ၁ တွင် ၁၀ ကို ၁ မှ ၉ အထိ ကိန်းများအတိုင်း သင်ယူရမည်ဖြစ်သည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းကိုမသင်ယူမီ ကလေးများသည် ၀ မှ ၁၀ အထိကိန်းများကို ရေတွက်နိုင်ပြီဖြစ်သည်။ သို့သော်လည်း အရေအတွက်အားဖြင့် သုညဏ်၏သဘောကို ကလေးများနားလည်ပြီဟု မယူဆနိုင်ပေ။ ထို့ကြောင့် ပစ္စည်းများ၏အရေအတွက်ကို နေ့စဉ်ဘဝဖြစ်ရပ်များနှင့်ဆက်စပ်၍ သုညဏ်၏သဘောကို ကလေးများလေ့လာရန် အရေးကြီးပေသည်။

သင်ခန်းစာ ၁ (၁/ ၂)

သင်ယူမှုဦးတည်ချက်

- သုည၏အဓိပ္ပာယ်ကို ပြောတတ်ရန် သုညကိုဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ရှိပုံကိုကြည့်စေပြီး ပုံထဲက ကလေးသုံးဦး ဘာလုပ်နေကြသလဲဟု မေးပါ။

၂။ အဓိကမေးခွန်း ၁ အား တစ်တန်းလုံးကိုမေးပါ။ ပထမကလေးနှင့် ဒုတိယကလေးအတွက် ကွက်လပ်များကို ဖြည့်ပါစေ။ သုည၏အဓိပ္ပာယ်နှင့် မည်သို့ဖတ်ရမည်ကို သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သုညသည် အရေအတွက်အားဖြင့် တစ်ခုမျှမရှိသည်ကိုဆိုလိုသည်ဟု ကလေးများ သေချာစွာ ပြောနိုင်ပါစေ။

၃။ အောက်ပါအတိုင်း 'သုည'ရေးခြင်းကို ကလေးများလေ့ကျင့်ပါစေ။

(၁) ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း ဆရာက '၀' ကို သင်ပုန်းပေါ်တွင် ရေးနည်းမှန်စွာဖြင့် အကြိမ်ကြိမ်ရေးပြပါ။

(၂) ဆရာက သင်ပုန်းဘက်သို့ လှည့်ကာ '၀'ကို လေထဲတွင်ရေးပြပါ။ ကလေးများက ဆရာပြသည့်အတိုင်း '၀' ကို လေထဲတွင် ထပ်တလဲလဲ ရေးပါ။

(၃) '၀' ကို သူတို့၏ကျောင်းသုံးစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များတွင် ရေးကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သုညကို ကျွမ်းကျင်စွာရေးနိုင်ရန် လေ့ကျင့်ခိုင်လုံလောက်စွာပေးပါ။

၄။ ပန်းသီး၊ ကြောင် စသည့်ပစ္စည်းအမျိုးမျိုး အစားထိုးကာ '၀' ကို ဝါကျထဲတွင် ထည့်ပြောခြင်းအားလေ့ကျင့်ပါ။ (ဖြည့်စွက်ရှင်းလင်းချက်တွင် ကြည့်ပါ)

၅။ '၀' ၏အဓိပ္ပာယ်နှင့် မည်သို့ဖတ်ရမည်၊ ရေးရမည်ကိုမေးပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါစေ။

၃ သုည

ခြင်းထဲကို ဘောလုံးပစ်ကြမယ်
တစ်ယောက် ၃ လုံးစီပစ်မယ်



၁ ဘယ်လောက်စီရှိသလဲ ကြည့်ကြမယ်



အရေအတွက်အားဖြင့် တစ်ခုမျှ မရှိသည်ကို (တစ်နည်းအားဖြင့်) ဘာမျှမရှိသည်ကို '၀' (သုည)ဖြင့် ဖော်ပြသည်။

သုညရေးနည်း



၂၇

ဖြည့်စွက်ရှင်းလင်းချက်

သုည၏အဓိပ္ပာယ်သည် စိတ်ကူးဆန်ပြီးခက်ခဲသည်။ သို့ဖြစ်ရာ ပထမတန်းကလေးများသည် ၁ မှ ၁၀ အထိကိန်းများကို သင်ယူပြီးမှသာ '၀' ကို သင်ယူရမည်။ '၀'ကို ၁ မတိုင်မီကိန်းဂဏန်းတစ်ခုအဖြစ် မှတ်မိရန် ကလေးများအတွက် ခက်ခဲမည်မဟုတ်ပေ။ သို့သော် '၀' ကို အရေအတွက်အားဖြင့် ဘာမှမရှိသည်ကိုမူ နားလည်သည်ဟု မဆိုနိုင်ပေ။

ကလေးများအရေအတွက်အားဖြင့် ဘာမျှမရှိသည့် '၀' ၏ သဘောကို နားလည်စေရန် ညာဘက်လေးထောင့်ကွက်ထဲမှအတိုင်း '၀' အစားထိုးကာ ဝါကျကို ပြောင်းဖွဲ့ပြောခြင်းသည် (နေ့စဉ်ဘဝတွင် မကြုံတွေ့ရနိုင်သော်လည်း) ကလေးများအတွက် အထောက်အကူပြုပေမည်။

ကျွန်မမှာ ပန်းသီး မရှိဘူး	➔ ကျွန်မမှာ ပန်းသီး သုညလုံးရှိတယ်
ကြောင် မရှိဘူး	➔ ကြောင် သုညကောင်ရှိတယ်

၁ သစ်ကိုင်းပေါ်မှာ ငှက်ဘယ်နှကောင်ရှိသလဲ



၃ ၂ ၁ ၀



၂ ပူဖောင်း ဘယ်နှလုံးရှိသလဲ



၂ ၁ ၀

၃ ကွက်လပ်တွေမှာ သရက်သီးအရေအတွက်ကို ရေးပါ



၁ ၀ ၂ ၃

၂၈

ဖြည့်စွက်ရှင်းလင်းချက်

ပြီးခဲ့သောစာမျက်နှာမှ လေးထောင့်ကွက်ထဲတွင် ရှင်းပြခဲ့သော 'သုည'အား ဝါကျတွင် ထည့်သွင်းပြောခြင်းကို နောင်သင်ယူရမည့် 'သုညဖြင့်ပေါင်းခြင်း' သင်ခန်းစာများတွင် ထိရောက်စွာအသုံးပြုမည်ဖြစ်သည်။



ကျွန်တော်တို့နေ့စဉ်ဘဝတွင် အထက်ပါကိစ္စရပ်များ ၂ + ၀ = ၂ မရှိပါ။ သို့သော် '၀' နှင့် ပေါင်းခြင်းသည် ပထမတန်းနောက်ပိုင်းရှိ ၁၂ + ၃၀ နှင့် ၄၀ + ၃၇ ကဲ့သို့သော သင်ခန်းစာများအတွက် လိုအပ်သောကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။

သင်ခန်းစာ ၂ (၂/ ၂)

သင်ယူမှုဦးတည်ချက်

- သုညအတွက် ဥပမာများပေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ '၀'၏အဓိပ္ပာယ်၊ '၀'အား ပစ္စည်းစစ်များသုံးပြီး မည်သို့ဖတ်သည်၊ ရေးသည်ကို မေးပါ။ ပြီးလျှင် '၀'ကိုပစ္စည်းများဖြင့် ဖော်ပြခြင်းကို လေ့ကျင့်ပါစေ။

၂။ မေးခွန်း ၁ ပါပုံများအကြောင်းကို ရှင်းပြရန် ကလေးများကို မေးပါ။ ကလေးတချို့မေးခွန်းကို အတန်းရှေ့ထွက်ပြီး တင်ပြပါစေ။ ကွက်လပ်များကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ငှက်တစ်ကောင်မျှမရှိခြင်းသည် '၀' ငှက်ဖြစ်သည်ကို သေချာနားလည်ပါစေ။

၃။ မေးခွန်း ၂ နှင့် ၃ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေအနေဖြင့် ဘာကြောင့် '၀' ပါဝင်နေသည်ကို မေးပါ။

(ဥပမာ – အဖြေ။ ပူဖောင်းတစ်လုံးမှ မရှိသည့်အတွက် '၀' ပူဖောင်းဖြစ်သည်)

၄။ အချိန်ရလျှင် အောက်ပါအတိုင်း ပတ်ဝန်းကျင်မှ ပစ္စည်းများကိုသုံးပြီး မေးခွန်း ၁ တွင်ကဲ့သို့ '၀' ပုံပြင်တစ်ခု ပြုလုပ်ပါစေ။

(၁) အရင်က လိမ္မော်သီး ၂ လုံး ရှိတယ်။

(၂) ကျွန်တော် ၁ လုံး စားလိုက်တော့ ၁ လုံးကျန်တယ်။

(၃) နောက်ထပ် ၁ လုံးစားလိုက်ပြန်တော့ ကျွန်တော့်မှာ လိမ္မော်သီး '၀' လုံးကျန်တယ်။

ကလေးတချို့ကို အတန်းသို့ တင်ပြပါစေ။

၅။ '၀'၏ အဓိပ္ပာယ်၊ မည်သို့ဖတ်ရသည်၊ ရေးရသည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၄ နောက်ထပ်ဘာလာမလဲ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၂။ ပစ္စည်းများ၏ အဆင့်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၂.၁.၁။ အဆင့်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသောစံများကို အခြေခံ၍ ကလေးများကို အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှုဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ပစ္စည်းနှစ်မျိုးပါဝင်သော အဆင့်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်	● ပစ္စည်းနှစ်မျိုးပါဝင်သော အဆင့်ပုံစံ အစီအစဉ်ကို ရှာခြင်းနှင့် အဆင့်ပုံစံတွင် နောက်ထပ်လာမည့် အမျိုးအမည်ကို သတ်မှတ်ခြင်း။	● ကလေးများသည် ပစ္စည်းနှစ်မျိုးပါဝင်သော အဆင့်ပုံစံအစီအစဉ်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် အဆင့်ပုံစံတွင် နောက်ထပ်လာမည့် အမျိုးအမည်ကို သတ်မှတ်နိုင်မည်။
၂	ပစ္စည်းသုံးမျိုး ပါဝင်သောအဆင့်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်	● ပစ္စည်းသုံးမျိုးပါဝင်သော အဆင့်ပုံစံအစီအစဉ်ကို ရှာခြင်းနှင့် အဆင့်ပုံစံတွင် နောက်ထပ်လာမည့် အမျိုးအမည်ကို သတ်မှတ်ခြင်း။	● ကလေးများသည် ပစ္စည်းသုံးမျိုးပါဝင်သော အဆင့်ပုံစံအစီအစဉ်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် အဆင့်ပုံစံတွင် နောက်ထပ်လာမည့်အမျိုးအမည်ကို သတ်မှတ်နိုင်မည်။
၃	ပစ္စည်းနှစ်မျိုး (သို့) သုံးမျိုးပါဝင်သော အဆင့်ပုံစံ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ပစ္စည်းနှစ်မျိုး သို့မဟုတ် သုံးမျိုးပါဝင်သော အဆင့်ပုံစံအစီအစဉ်ကို ရှာခြင်းနှင့် အဆင့်ပုံစံရှိ ကွက်လပ်တစ်ခု သို့မဟုတ် နှစ်ခုတွင် လာမည့် အမျိုးအမည်ကို သတ်မှတ်ခြင်း။	● ကလေးများသည် ပစ္စည်းနှစ်မျိုး သို့မဟုတ် သုံးမျိုးပါဝင်သော အဆင့်ပုံစံအစီအစဉ်ကို ရှင်းပြနိုင်မည်။ ● ကလေးများသည် အဆင့်ပုံစံရှိကွက်လပ်များတွင် လာမည့်အမျိုးအမည်ကို သတ်မှတ်တတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

အောက်ပါအတိုင်းသာ မေးလျှင် ကလေးများ အခက်တွေ့နိုင်သည်။

မေးခွန်း – နောက်ထပ်ဘာလာမလဲ။



တချို့ ကလေးများသည် အဆင်ပုံစံကို မသိမြင်နိုင်ပဲ ရှိမည်။ အဆင်ပုံစံတွင် အစီအစဉ်တစ်ခုရှိသည်ကို မသိရှိနိုင်ဘဲ နေမည်။ ထို့ကြောင့် ကလေးများ၏ နေ့စဉ်ဘဝတွင် ရင်းနှီးနေသော ဥပမာတစ်ခုကို အသုံးပြုပါ အထောက်အကူဖြစ်ပေမည်။ ဤအခန်းတွင် အောက်ပါပုံပြင်ကို အသုံးပြုပြီး အစီအစဉ်၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်သည်။

စုစု နှင့် ထွန်းထွန်း တို့ သင်ပုန်းကို တစ်လှည့်စီ ဖျက်ဖို့ ဆုံးဖြတ်ကြတယ်။ စုစုက သင်ပုန်းကို အရင်ဖျက်ပြီး ထွန်းထွန်းက နောက်မှ ဖျက်တယ်။
အဲဒီနောက် . . .
မေးခွန်း – နောက်ထပ်ဘာလာမလဲပြောကြည့်ရအောင်။





ဤနည်းအားဖြင့် ကလေးများသည် အစီအစဉ်တစ်ခုရှိသည့် အဆင်ပုံစံကို အလွယ်တကူ တွေ့ရှိနိုင်သည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများ၏ ပတ်ဝန်းကျင်တွင် အဆင်ပုံစံအစီအစဉ်ရှိသည့် အရာဝတ္ထုအများအပြားရှိသည်။ သို့သော် အဆင်ပုံစံကို သတိပြုမိချင်မှ ပြုမိပေမည်။ ထို့ကြောင့် ဆရာက ကလေးများအား အဆင်ပုံစံအစီအစဉ်များရှိသည်ကို ပထမဦးဆုံး သတိပြုမိစေရမည်။

သင်ခန်းစာ ၁ (၁/၃)

သင်ယူမှုဦးတည်ချက်

- ပစ္စည်းနှစ်မျိုး တစ်လှည့်စီပါသော အဆင်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါ ကားချပ်နှင့် ကလေး ၂ ယောက်ပုံ ကတ်ပြားများ စသည်ဖြင့်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးပုံများကို စီစဉ်ထားပုံနှင့် ဆက်စပ်သော မေးခွန်းကို ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို ရှင်းပြနေစဉ် ကလေးပုံများကို အိတ်ပါကားချပ်ထဲတွင် တစ်ခုပြီးတစ်ခု ထည့်ပါ။

၂။ ကလေးများအား အဖြေနှင့် အကြောင်းပြချက် မေးပါ။ ထို့နောက် တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မိန်းကလေးနှင့် ယောကျ်ားလေး တစ်လှည့်စီ လာသည်ကို အမှန်တကယ် နားလည်ပါစေ။

၃။ မေးခွန်း (၁) ကို တစ်တန်းလုံး ဖြေရှင်းပါစေ။ အဖြေများနှင့် အကြောင်းပြချက်များကို တင်ပြပါစေ။

➔ လိုအပ်လျှင် အိတ်ပါကားချပ်နှင့် ပုံများကို အသုံးပြုပါ။

၄ နောက်ထပ်ဘာလာမလဲ

စုစု နဲ့ ထွန်းထွန်း တို့ သင်ပုန်းကို တစ်လှည့်စီဖျက်ဖို့ ဆုံးဖြတ်ကြတယ်
စုစုက သင်ပုန်းကို အရင်ဖျက်ပြီး ထွန်းထွန်းက နောက်မှ ဖျက်တယ် အဲဒီနောက် . . .



၁ နောက်ထပ် ဘာလာမလဲ ပြောကြည့်ရအောင်





၂ နောက်ထပ်ဘာလာမလဲပြောပါ

(က)





(ခ)





၂၉

ဖြည့်စွက်ရှင်းလင်းချက် – အစီအစဉ်အား ရှင်းပြပုံ

စုစုနှင့် ထွန်းထွန်း မေးခွန်းကို ရှင်းပြရန် အောက်ပါအတိုင်း အိတ်ပါ ကားချပ်ကို အသုံးပြုခြင်းက များစွာ အထောက်အကူပြုသည်။





၄။ မေးခွန်း (၂) ကို ကျောင်းသုံးစာအုပ်တွင် ဖြေရှင်းပါစေ။

➔ ကလေးများ၏အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးသို့ မျှဝေပါစေ။

၅။ သင်ခန်းစာတွင် သင်ယူခဲ့သော အကြောင်းအရာများကို ပြန်မေးပြီး ကလေးများကိုယ်တိုင် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

နမူနာ ဖြည့်စွက်ချက် – ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှ အဆင်ပုံစံများ

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ နေရာအမျိုးမျိုးတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တည်ရှိနေသော အဆင်ပုံစံများကို တွေ့နိုင်သည်။ အောက်ပါတို့ကို ဥပမာအနေဖြင့် ပြထားသည်။

(၁) လမ်းနံဘေးမှ အဆင်ပုံစံ



(၁) လမ်းနံဘေးမှ အဆင်ပုံစံ



(၃) ခြံစည်းရိုးမှ အဆင်ပုံစံ



တို့ တစ်လှည့်စီလာသည်

သင်ခန်းစာ ၂ (၂/၃)

သင်ယူမှုဦးတည်ချက်

- ပစ္စည်းသုံးမျိုးပါသော အဆင့်ပုံစံ အစီအစဉ်ကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါ ကားချပ်နှင့် ကလေး ၃ ယောက်ပုံ စသည်ဖြင့်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဇင်ဇင်တို့ မိသားစုမေးခွန်းကို ကလေးပုံ အစီအစဉ်နှင့် ချိတ်ဆက်၍ ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို ရှင်းပြနေစဉ် ကလေး ၃ ယောက်ပုံ ကတ်ပြားများကို အိတ်ပါကားချပ်ထဲတွင် တစ်ခုပြီး တစ်ခု ထည့်ပါ။

၂။ ကလေးများ၏ အဖြေနှင့် အကြောင်းပြချက်ကို တင်ပြပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဇင်ဇင်၊ ညီမနှင့် အစ်ကိုတို့ တစ်လှည့်စီလာသည်ကို နားလည်သည့် တိုင်အောင် အိတ်ပါကားချပ်ကို အသုံးပြုပြီး ရှင်းပြပါ။

၃။ မေးခွန်း (၃) ကို တစ်တန်းလုံးအား ဖြေရှင်းပါစေ။ အဖြေများနှင့် အကြောင်းပြချက်များကို တင်ပြပါစေ။

➔ လိုအပ်လျှင် အိတ်ပါကားချပ်နှင့် ပုံများကို အသုံးပြုပါ။

ဇင်ဇင်တို့ မိသားစုမှာ ဇင်ဇင် သူညီမနဲ့ အစ်ကိုတို့ ခြံဝင်းကို တစ်လှည့်စီ တံမြက်စည်း လှည်းကြတယ် ဇင်ဇင်က မနေ့ကလှည်းပြီး သူညီမက ဒီနေ့လှည်းတယ် သူ့အစ်ကိုက မနက်ဖြန် လှည်းမယ် အဲဒီနောက် . . .



၁ နောက်ထပ် ဘာလာမလဲ တစ်တွဲစီကြည့်ပြီး ပြောကြည့်ရအောင်



၂ နောက်ထပ်ဘာလာမလဲ ပြောပါ



၃၁

ဖြည့်စွက် လေ့ကျင့်ခန်း

ကွက်လပ်တွင် လာမည့်ကိန်းကို ပြောပါ။

၁။	၁	၂	၁	၂	၁	၂	၁	?	၂
၂။	၅	၃	၅	၃	၅	၃	၅	၃	?	၅
၃။	၃	၆	၃	၆	၃	?	၃	၆	၃	၆
၄။	?	၅	ဝ	၅	ဝ	၅	ဝ	၅	ဝ	ဝ
၅။	?	၂	?	၂	?	?	?	၂	?	

၂ ၇

(ဂ) 

အဝါရောင်



၄ နောက်ထပ်လာမယ့်ပုံကို ဝိုင်းပါ

(က) 

(ခ) 

(ဂ) 

(ဃ) 

ဖြည့်စွက် လေ့ကျင့်ခန်း

ကွက်လပ်တွင် လာမည့်ကိန်းကို ပြောပါ။

၆။ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၁ | ? | ၂

၇။ | ၇ | ၅ | ၃ | ၇ | ၅ | ၃ | ၇ | ၅ | ? | ၃

၈။ | ၅ | ၂ | ၆ | ၅ | ၂ | ၆ | ၅ | ? | ၆ | ၂

၉။ | ၈ | ၇ | ၉ | ၈ | ၇ | ၉ | ? | ၇ | ၉ | ၈

၁၀။ | ၃ | ၆ | ၉ | ၃ | ? | ? | ၃ | ၆ | ၉ | ၆ ၉

၄။ မေးခွန်း (၄) ကို ကျောင်းသုံးစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

➔ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံး သို့ မျှဝေပါစေ။

၅။ မတူညီသော အရောင်များ၊ အရွယ်အစားများနှင့် ပုံများရှိသော ပစ္စည်းများကို တစ်လှည့်စီထား ခြင်းဖြင့် အဆင်ပုံစံပြုလုပ်နိုင်ကြောင်း ကလေးများ ကိုယ်တိုင်သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃ (၃/၃)

သင်ယူမှုဦးတည်ချက်

- ပစ္စည်းနှစ်မျိုး သို့မဟုတ် သုံးမျိုးပါသော အဆင်ပုံစံပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါ ကားချပ်နှင့် ကလေး ၃ ယောက်ပုံ စသည်ဖြင့်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁) ပါ ပုစ္ဆာများကို တစ်တန်းလုံး တစ်ခုပြီးတစ်ခု ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် စုစုနှင့် ထွန်းထွန်းတို့ သင်ပုန်းကို တစ်လှည့်စီဖျက်သည့် ပုစ္ဆာကို ပြန်လည်အသုံးပြုပါ။

အခန်း ၄ နောက်ထပ်ဘာလာမလဲ

လေ့ကျင့်ခန်း (၁)

၁။ နောက်ထပ်ဘာလာမလဲ ဝိုင်းပါ။

(က)



(ခ)



(ဂ)



(ဃ)



၃၃

ဖြည့်စွက် လေ့ကျင့်ခန်း

မေးခွန်းများ – ကွက်လပ်များတွင် ဖြည့်ရမည့်ပုံကို ဝိုင်းပါ။

(၁)



(၂)



(၃)



၂။ နောက်ထပ်ဘာလာမလဲ ဝိုင်းပါ။

(က)



(ခ)



(ဂ)



(ဃ)



(င)



ဖြည့်စွက် လေ့ကျင့်ခန်း

မေးခွန်းများ – ကွက်လပ်များတွင် ဖြည့်ရမည့် ပုံကို ဝိုင်းပါ။

(၁)



(၂)



(၃)



၂။ မေးခွန်း ၂(က) နှင့် ၂(ခ) ကို တစ်တန်းလုံး တစ်ခုပြီး တစ်ခု ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖြစ်ရပ်များတွင်လည်း ကွက်လပ်တွင် ပစ္စည်း ၂ မျိုး ထည့်ရမည်ကို ကလေးများ နားလည်ပါစေ။

➔ ကလေးများ အဖြေကိုပြောရာ၌ အကြောင်းရင်း ကိုပါ ထည့်ပြောပါစေ။

၃။ မေးခွန်း ၂(ဂ) မှ ၂(င) အထိကို ကျောင်းသုံး စာအုပ်တွင် မှန်ကန်သောအဖြေများကို ဝိုင်းပြီး ဖြေပါစေ။ အဖြေများနှင့်အကြောင်းပြချက်များကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ဖြေရန် အခက်အခဲရှိလျှင် ယခင် သင်ခန်းစာကအတိုင်း ကတ်ပြားများနှင့် အိတ်ပါ ကားချပ်ကို အသုံးပြုပြီး ရှင်းပြပါ။

➔ ရုပ်ပုံများကို မှန်ကန်စွာ ဝိုင်းခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၄။ သင်ခန်းစာတွင် သင်ယူထားသည့် အကြောင်း အရာများကို ပြန်မေးပြီး ကလေးများကိုယ်တိုင် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၅ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ

ရည်ရွယ်ချက်

ဤအခန်းသည် ထောင့်မှန်စတုဂံတုံး၊ လုံးရည်နှင့် စက်လုံးကဲ့သို့သော ထုပုံများအကြောင်း ဖြစ်သည်။ ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၆။ ပတ်ဝန်းကျင်ရှိ လေးထောင့်ဘူးများ၊ ဘူးဝိုင်းများနှင့် အလုံးများကို ခွဲခြားသတ်မှတ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၆.၁.၁။ နေ့စဉ်ဘဝရှိ လေးထောင့်ဘူးများ၊ ဘူးဝိုင်းများနှင့် အလုံးများကဲ့သို့ ကျိုးမြေတြီဆိုင်ရာပုံများကို သတ်မှတ်တတ်ရန်။

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားတွင် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသောစံများကို အခြေခံ၍အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ကျိုးမြေတြီပုံများကို လေးထောင့်ဘူးများ၊ ဘူဝိုင်းများနှင့် အလုံးများအဖြစ် အမျိုးအစား ခွဲခြားတတ်ရန်	● ကလေးများယူလာသော ပစ္စည်းများကို အသုံးပြုပြီး တူသောပုံများကို အုပ်စုဖွဲ့ခြင်း။ ● အုပ်စုတစ်စုအတွင်း တူညီသောသွင်ပြင်များနှင့် အုပ်စုများအတွင်း မတူသောသွင်ပြင်များကို ရှင်းပြခြင်း။	● ကလေးများသည် ပစ္စည်းများကို အသုံးပြုပြီး တူသောပုံများကို အုပ်စုပြုလုပ်နိုင်သည်။ ● ကလေးများသည် ပစ္စည်းနှစ်ခုကို အုပ်စုတစ်စုတည်းအတွင်းရှိသည် (သို့) မတူသော အုပ်စုများတွင် ရှိသည်ကို ရှင်းပြနိုင်သည်။
၂	ပတ်ဝန်းကျင်ရှိ လေးထောင့်ဘူးများ၊ ဘူးဝိုင်းများနှင့် အလုံးများကဲ့သို့ ကျိုးမြေတြီပုံများကို ရှာတတ်ရန်	● စာသင်ခန်းအတွင်းရှိ ကျိုးမြေတြီပုံသုံးမျိုးရှိသောပစ္စည်းများကို ရှာခြင်း။ ● ပတ်ဝန်းကျင်ရှိ ကျိုးမြေတြီပုံသုံးမျိုးရှိသော ပစ္စည်းများကို ရှာခြင်း။	● ကလေးများသည် စာသင်ခန်းအတွင်းရှိ ကျိုးမြေတြီပုံသုံးမျိုးရှိသော ပစ္စည်းများကို ရှာနိုင်သည်။ ● ပတ်ဝန်းကျင်ရှိ ကျိုးမြေတြီပုံသုံးမျိုးရှိသော ပစ္စည်းများကို ကလေးများသည် ရှာနိုင်သည်။
၃	ဆင်ခြေလျှောပေါ်တွင် တင်နိုင်ခြင်း၊ တစ်ခုပေါ်တစ်ခု ထပ်ဆင့်ထားနိုင်ခြင်းတို့အပေါ်မူတည်၍ ကျိုးမြေတြီပုံများကို ခွဲခြားတတ်ရန်	● ကျိုးမြေတြီပုံသုံးမျိုးကို ဆင်ခြေလျှောပေါ်တွင် တင်နိုင်ခြင်းအပေါ် မူတည်၍ ခွဲခြားခြင်း။ ● ကျိုးမြေတြီပုံသုံးမျိုးကို တစ်ခုပေါ်တစ်ခု ထပ်ဆင့်ထားနိုင်ခြင်းအပေါ်မူတည်၍ ခွဲခြားခြင်း။	● ကလေးများသည် ကျိုးမြေတြီပုံသုံးမျိုးကို ဆင်ခြေလျှောပေါ်တွင် တင်နိုင်သည့် အကြောင်းပြချက်ဖြင့် ခွဲခြားနိုင်သည်။ ● ကလေးများသည် ကျိုးမြေတြီပုံသုံးမျိုးကို တစ်ခုပေါ်တစ်ခု ထပ်ဆင့်နိုင်သည့် အကြောင်းပြချက်ဖြင့် ခွဲခြားနိုင်သည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄	ဂျီသြမေတြီပုံများကို အသုံးပြု၍ ပစ္စည်းအမျိုးမျိုး ပြုလုပ်တတ်ရန်	● ဂျီသြမေတြီပုံသုံးမျိုးကို အသုံးပြုပြီး ကား၊ စက်ရုပ်စသည့် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ခြင်း။ ● မည်သည့်ပစ္စည်းပြုလုပ်ထားသည်၊ ပစ္စည်း၏ အစိတ်အပိုင်းများအဖြစ် ဂျီသြမေတြီပုံများကို အသုံးပြုရသည့်အကြောင်းရင်းကို ရှင်းပြခြင်း။	● ဂျီသြမေတြီပုံသုံးမျိုးကို အသုံးပြုပြီး ကိုယ်ပိုင် ပစ္စည်းများကို ကလေးများ ပြုလုပ်နိုင်သည်။ ● ကလေးများသည် သူတို့ပြုလုပ်ထားသည့် ပစ္စည်းများကို အမည်ပေးနိုင်ပြီး ပစ္စည်း၏ အစိတ်အပိုင်းများအဖြစ် ဂျီသြမေတြီပုံများကို အသုံးပြုရသည့်အကြောင်းရင်းကို ရှင်းပြနိုင်သည်။

သင်ကြားသင်ယူရမည့်အချက်များ

ကလေးများသည် နေ့စဉ်ဘဝတွင် ဂျီသြမေတြီဆိုင်ရာပုံများကို အသုံးပြုပေမည်။ သို့သော် နေ့စဉ်ဘဝတွင် ထိုပုံများကို ရှင်းလင်းစွာ ခွဲခြားနိုင်မည်မဟုတ်ပါ။ ဥပမာအားဖြင့် ကလေးများသည် 'လေးထောင့်'ဟူသော စကားလုံးကို ထောင့်မှန်စတုဂံ (ပြင်ညီပုံ)နှင့် ထောင့်မှန်စတုဂံတုံး (ထုပုံ) နှစ်ခုစလုံးအတွက် အသုံးပြုနေကြသည်။ ထို့အတူ ကလေးများသည် 'အဝိုင်း'ဟူသော စကားလုံးကို လုံးရှည်(ထုပုံ)၏ လုံးသော မျက်နှာပြင်နှင့် စက်ဝိုင်း(ပြင်ညီပုံ) နှစ်နေရာစလုံးတွင် သုံးနေကြသည်။

ယခုသင်ခန်းစာတွင် ကလေးများသည် ထုပုံများဖြစ်သော ထောင့်မှန်စတုဂံတုံး၊ လုံးရှည်နှင့် စက်လုံးများကို သတ်မှတ်နိုင်မည်ဟု မျှော်မှန်းပြီး ပုံများ၏သွင်ပြင်များကို သချိုင်္ဂဟာရများဖြင့် မိတ်ဆက်ခြင်းမပြုဘဲ သူတို့သိသောစကားလုံးဖြင့် ရှင်းပြရန်ဖြစ်သည်။ ထိုပုံများကို ကလေးများ မြင်တွေ့ခွင့်၊ ထိတွေ့ခွင့်ပေးပြီး ပုံများ၏သွင်ပြင်များကို ရှာတွေ့ရန် အရေးကြီးပါသည်။

ထို့အတူ ကလေးများအတွက် ထိုပုံများ၏ စိတ်ကူးသက်သက်ဖြစ်သော အခြေခံသဘောများကိုရရှိရန် ခက်ခဲပေမည်။ အထူးသဖြင့် ပုံများကို အရောင်၊ အရွယ်အစား၊ မည်သည့်ပစ္စည်းဖြင့် ပြုလုပ်ထားသည် စသည်တို့မပါဝင်ဘဲ သတ်မှတ်နိုင်သည်ကို နားလည်မည်ဟု မျှော်လင့်သည်။

ထုပုံများသည် ကလေးများ၏ နေ့စဉ်ဘဝနှင့် ပိုမိုရင်းနှီးသောကြောင့် ကလေးများသည် ထုပုံများကို ဦးစွာသင်ယူပြီး ပြင်ညီပုံများကို နောက်သင်ခန်းစာ (အခန်း ၁၈)တွင် သင်ယူကြမည်။ ထိုပြင်ညီပုံများသည် ပို၍စိတ်ကူးဆန်သည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သူတို့၏ နေ့စဉ်ဘဝတွင် အသုံးပြုနေသော ထုပုံများဆိုင်ရာ သိပြီးအသိပညာတချို့ ရှိနိုင်သည်။ သို့သော် သူတို့၏အသိပညာသည် မတိကျ မသေချာပါ။ ကလေးများအချင်းချင်း သူတို့၏အသိပညာများကို မျှဝေနိုင်အောင် ဆရာကပံ့ပိုးကူညီမှုပေးရန် လိုအပ်သည်။ သူတို့၏ မှားယွင်းသောအသုံးအနှုန်းများကို သင်ခန်းစာတစ်လျှောက်လုံး ပြုပြင်ပေးရန် လိုအပ်သည်။

သင်ခန်းစာ ၁ (၁/၄)

သင်ယူမှုဦးတည်ချက်

- ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ဂျီသြမေတြီပုံများကို လေးထောင့်ဘူးများ၊ ဘူးဝိုင်းများနှင့် အလုံးများ အဖြစ် အမျိုးအစားခွဲခြားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးများအား အလုံးများ၊ လေးထောင့်ဘူးများနှင့် ဘူးဝိုင်းများကို အိမ်မှယူခဲ့ကြရန် ကြို၍ပြောပါ။
- အလုံးများ၊ လေးထောင့်ဘူးများနှင့် ဘူးဝိုင်းအမျိုးမျိုးပြကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယူလာသောပစ္စည်းများ၏ အမျိုးအမည်ကို မေးပါ။ တစ်တန်းလုံးကို ရှင်းပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မိမိနားလည်သည့်စကားဖြင့် ဖြေစေပါ (ဥပမာ ဘူးဝိုင်း၊ လေးထောင့်ဘူး၊ အလုံးစသည်ဖြင့်)

➔ ရှုပ်ထွေးမှုမရှိစေရန် လေးထောင့်ထု၊ ထုလုံးရှည်နှင့် အလုံးများကိုသာ အသုံးပြုပါစေ။

၂။ သူတို့၏ ပစ္စည်းအမျိုးမျိုးမှ တူသောပုံများကို အုပ်စုဖွဲ့ပါစေ။ (အုပ်စုလိုက် လုပ်ငန်း)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နှစ်သက်သလို အုပ်စုဖွဲ့ပါစေ။ ဤအဆင့်တွင် နောက်စာမျက်နှာမှ အုပ်စုဖွဲ့ပုံကို ကြို၍မပြောပါနှင့်။

၃။ သူတို့၏ အုပ်စုဖွဲ့ပုံနှင့် ပတ်သက်၍ အကြောင်းပြချက်များကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။ (ညာဘက်မှ အကွက်ကို ကြည့်ပါ)

[သင်ကြားသင်ယူရမည့်အချက်များ]

'ဘာကြောင့် အုပ်စုတစ်ခုထဲမှာ ရှိနေတာလဲ၊ ဘာကြောင့် အုပ်စုမတူရတာလဲ' စသည့် မေးခွန်းများ မေးပြီး ကလေးများ ပစ္စည်းအုပ်စုတစ်စုအတွင်း တူသည့်အချက်များနှင့် ပစ္စည်းအုပ်စုများအကြား ခြားနားချက်များကို မိမိနားလည်သည့်စကားဖြင့် တင်ပြပါစေ။

၄။ ပုံများကို အုပ်စုဖွဲ့ခြင်းနှင့် ပုံများ၏ ထူးခြားချက်များကို ဖော်ပြခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၅ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ

ကလေးတွေ အိမ်က ဘူးခွံတွေနဲ့ ကစားစရာတွေကို ယူလာကြတယ်



၁ ပုံတူတဲ့ပစ္စည်းတွေကို စုကြရအောင်



၃၅

ဖြည့်စွက်ရှင်းလင်းချက် – ပုံများကိုအမျိုးအစားခွဲခြားခြင်း

ကလေးများကိုယ်တိုင် ပစ္စည်းများကို လက်ဖြင့် လက်တွေ့ကိုင်တွယ် စမ်းသပ်ပါစေ။ ပစ္စည်းအုပ်စုအသီးသီးကို ကလေးများနားလည်သည့်စကားဖြင့် အမည်ပေးပါ။ ပုံများ၏ ဆင်တူသောအချက်များနှင့် မတူသောအချက်များကို တင်ပြရာတွင် ကလေးများထံမှ မျှော်မှန်းထားသော အဖြေများမှာ အောက်ပါအတိုင်း ဖြစ်နိုင်သည်။

လေးထောင့်ဘူးများ

- ပြားနေသောအပိုင်းသာပါသည်။ လုံးနေသောအပိုင်း မပါ။
- ချွန်နေသောအပိုင်းများ ပါဝင်သည်။

ဘူးဝိုင်းများ

- ပြားနေသောအပိုင်းနှင့် ဝိုင်းနေသောအပိုင်းများ ပါဝင်သည်။

အလုံးများ

- ပြားနေသောအပိုင်းမရှိ၊ ချွန်နေသောအပိုင်းများမရှိ။
- မည်သည့်နေရာမဆို စမ်းလျှင် လုံးနေသည်။



ဘူးဝိုင်းတွေ



လေးထောင့်ဘူးတွေ



အလုံးတွေ



ပစ္စည်းအုပ်စု ၁ စုအတွင်းမှာ ဘာတွေတူသလဲ အုပ်စု ၃ စုမှာ ဘာတွေကွာခြားသလဲ တခြားထူးခြားချက်တွေကိုလည်း ရှင်းပြပါ

၂ ပတ်ဝန်းကျင်မှာရှိတဲ့ပုံတွေကို ရှာကြမယ်



(ဘီဒို)
(သေတ္တာ)



(ဂေ်လီလုံး)
(ပင်ပေါင်)



(နို့ဆီဘူး)
(နို့မှုန့်ဘူး)



အပေါ်က ဘယ်လိုပုံမျိုးတွေလဲ



အရောင် အရွယ်အစားနဲ့ မဆိုင်ဘဲ ပုံတူတွေကို အုပ်စုဖွဲ့နိုင်တယ် ဒီလိုပုံမျိုးရှိတဲ့ တခြားပစ္စည်းတွေကိုလည်း ရှာကြမယ်

စာသင်ခန်းတွင် စကားပြောခြင်းနှင့်နားထောင်ခြင်းဆိုင်ရာစည်းမျဉ်း

သင်ယူစဉ် ကလေးများသည် အဖွဲ့လိုက် သို့မဟုတ် တစ်တန်းလုံးနှင့် သူတို့၏ ထင်မြင်ချက်များကို ပြောဆိုပြီး တခြားသူများ၏ ထင်မြင်ချက်များကို နားထောင်ကြသည်။ စကားပြောခြင်းနှင့် နားထောင်ခြင်း၌ ပိုမိုကျွမ်းကျင်လာရန် ပုံမှန်လေ့ကျင့်ပေးရန် လိုသည်။ ထို့ကြောင့် စာသင်ခန်းတွင် စကားပြောခြင်းနှင့် နားထောင်ခြင်းဆိုင်ရာ စည်းမျဉ်းများ သတ်မှတ်ရန်လိုသည်။ စည်းမျဉ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကလေးများ စကားပြောချင်လျှင် လက်ထောင်ပါ။
- ဆရာက လက်ညှိုးညွှန်ပြပြီး ခွင့်ပြုချက်ပေးသောအခါ မတ်တပ်ရပ်ပြီး စကားပြောပါ။
- အားလုံးကြားရအောင် သင့်တော်သော အသံအကျယ်ဖြင့် နှေးနှေးပြောပါ။
- နားထောင်နေစဉ် အချင်းချင်း စကားမပြောပါနှင့်၊ စကားပြောသူကို ကြည့်ပါ။

ကလေးများ သူတို့၏စိတ်ကူးကို ထုတ်ဖော်ပြောဆိုရန် ဆရာက အားပေးသင့်သည်။ ကလေး၏စကားက မရှင်းလျှင် ဆရာက သူတို့၏စိတ်ကူးအတိုင်း ပြင်၍ ပြောပေးသင့်သည်။

➔ အုပ်စုတစ်စုစီကို မိမိနားလည်သော စကားလုံးများဖြင့် အမည်ပေးပါစေ။ ထိုစကားလုံးများကို အခန်း (၅)ရှိ သင်ခန်းစာတစ်လျှောက် အသုံးပြုပါ။ (ဥပမာ – ဘူးဝိုင်းများ၊ အလုံးများ၊ လေးထောင့်ဘူးများ)

သင်ခန်းစာ ၂ (၂/၄)

သင်ယူမှုဦးတည်ချက်

- ပတ်ဝန်းကျင်ရှိ လေးထောင့်ဘူးများ၊ ဘူးဝိုင်းများနှင့် အလုံးများကဲ့သို့ ကျိုးမြေတြီဆိုင်ရာပုံများကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ခန်းစာ (၁) တွင် အသုံးပြုခဲ့သော ပစ္စည်းများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အုပ်စုသုံးမျိုး၏အမည်နှင့် ထူးခြားချက်များကို မေးလျှောက် သင်ခန်းစာ (၁)ကို ပြန်လည်သတိရပါစေ။

၂။ ရုပ်ပုံကားချပ်တွင် ပြထားသော ပစ္စည်းများ၏ အမည်များနှင့် မည်သည့် ကျိုးမြေတြီပုံများ ဖြစ်သည်ကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို အမျိုးအစားခွဲရာတွင် ယင်းတို့၏ အရောင်၊ အရွယ်အစား၊ အလေးချိန်နှင့် ပြုလုပ်ထားသည့် ပစ္စည်းအား ထည့်သွင်းစဉ်းစားရန် မလိုကြောင်း အဓိကထား ပြောကြားပါ။

၃။ ကျောင်းနှင့် စာသင်ခန်းပတ်ဝန်းကျင်တွင် ပုံသုံးမျိုးနှင့်တူသော ပစ္စည်းအမည်များကို အဖွဲ့လိုက်ရှာဖွေပါစေ။ တွေ့ရှိချက်များကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းအမည်များကို တတ်နိုင်သမျှ များများရှာနိုင်ရန် ကလေးများကို အားပေးပါ။ သင်ပုန်းပေါ်တွင် ပစ္စည်းအုပ်စုသုံးစုကို ခွဲခြား၍ စာရင်းပြုစုပြီး တွေ့ရှိချက်ကို မျှဝေပါ။

၄။ ပစ္စည်းများကို ထပ်မံအုပ်စုဖွဲ့ပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃ (၃/၄)

သင်ယူမှုဦးတည်ချက်

- ဆင်ခြေလျှောပေါ်တွင် တင်နိုင်ခြင်း၊ တစ်ခုပေါ် တစ်ခု ထပ်ဆင့်နိုင်ခြင်းတို့အပေါ် မူတည်၍ ကျိုးကြောင်းဆင်ခြင်တုံးများကို ခွဲခြားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဆင်ခြေလျှော ပြုလုပ်ရန် သစ်သားပြား (သို့) ကတ်ထူးပြား ကြီးကြီး တစ်ခု
- ပြီးခဲ့သော သင်ခန်းစာများတွင် အသုံးပြုခဲ့သော ပုံ(၃) မျိုးရှိသည့် ပစ္စည်းများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပစ္စည်းအုပ်စုသုံးမျိုး၏ အမည်နှင့် ထူးခြားချက်များကိုမေးလျက် ပြီးခဲ့သောသင်ခန်းစာကို ပြန်လည်သတိရပါစေ။

၂။ ဆင်ခြေလျှောပေါ်တွင် တင်၍ရနိုင်ခြင်းအပေါ် မူတည်၍ ပစ္စည်းအုပ်စုသုံးမျိုးကို ကလေးများအဖွဲ့လိုက် ခွဲခြားသတ်မှတ်ပါစေ။ တွေ့ရှိချက်ကို တစ်တန်းလုံးကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နမူနာတွင် ပြထားသည့်အတိုင်း သူတို့၏ တွေ့ရှိချက်များကို သင်ပုန်းမှတ်ချက် ရေးပါ။

၃။ တစ်ခုပေါ်တစ်ခု ထပ်ဆင့်နိုင်ခြင်းအပေါ် မူတည်၍ ပစ္စည်းအုပ်စုသုံးမျိုးကို ကလေးများအဖွဲ့လိုက် ခွဲခြားသတ်မှတ်ပါစေ။ တွေ့ရှိချက်ကို တစ်တန်းလုံးကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို မြင့်နိုင်သမျှ မြင့်အောင် ဆင့်ခြင်းဖြင့် မည်သည့် ပစ္စည်းမျိုးကို အသုံးပြုသင့်သည်၊ မည်သို့ထားသင့်သည်ကို ကလေးများ ရှာဖွေတွေ့ရှိပါစေ။

၄။ ညာဘက်တွင် ပြထားသည့်အတိုင်း သင်ပုန်းကို အသုံးပြုပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နိဂုံးချုပ်ရန် ကလေးများကို မေးခွန်းများ ထပ်မေးပါ။

၃ ပစ္စည်းတွေနဲ့ ကစားကြမယ်

(က) ပစ္စည်းတွေကို တင်ကြည့်ရအောင်



(ခ) ပစ္စည်းတွေကို မြင့်နိုင်သမျှမြင့်အောင် ထပ်တင်ကြမယ်



၃၇

သင်ပုန်းကြီးအသုံးပြုပုံနမူနာ

ပစ္စည်းပုံစံသုံးမျိုး

ဘူးပုံများ	ဘူးဝိုင်းပုံများ	အလုံးပုံများ
– မုန့်ဘူး – ကွန်ပါဘူး	– အချို့ရည်ဘူး – နို့မှုန့်ဘူး	– ဘောလုံး – ခြင်းလုံး
– ပြားသောအပိုင်းများ – ဝိုင်းသောအပိုင်း မပါ – ချွန်သောအပိုင်းများ – ဆင်ခြေလျှောပေါ် မလိမ့်နိုင် – တစ်ခုပေါ် တစ်ခု အလွယ်တကူဆင့်နိုင်	– ပြားသောအပိုင်းနှင့် ဝိုင်းသော အပိုင်း – ဆင်ခြေလျှောပေါ် လိမ့်နိုင် – ပြားသော အောက်ခြေမှာ မလိမ့်နိုင် – ပြားသောအပိုင်းအပေါ်မှာ ဆင့်နိုင် – လုံးသောအပိုင်းအပေါ် မဆင့်နိုင်	– လုံးသောအပိုင်းများသာ ချွန်သော ထောင့်များမပါ – ဆင်ခြေလျှောပေါ် အမြဲလိမ့်နိုင် – တစ်ခုပေါ် တစ်ခု မဆင့်နိုင်

၄ ပစ္စည်းတွေကိုသုံးပြီး ပုံအမျိုးမျိုး လုပ်ကြည့်ကြရအောင်











ပုံများကိုစိတ်ကူးခြင်းနှင့်ပုံဖော်ခြင်း

စိတ်ကူးခြင်း

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ပစ္စည်းများတွင် ပုံသဏ္ဌာန်များ၊ အရောင်များ၊ အလေးချိန်များ၊ အရွယ်အစားများနှင့် ပြုလုပ်ထားသောပစ္စည်းစသည်ဖြင့်မတူသော ထူးခြားချက်များရှိကြသည်။ သို့သော် ပုံများကို အမျိုးအစားခွဲသောအခါ ပုံကိုသာအဓိကထားပြီး တခြားထူးခြားချက်များကို အာရုံမစိုက်ဘဲ အမျိုးအစားခွဲခြားခြင်းဖြစ်သည်။

ပုံဖော်ခြင်း

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ပစ္စည်းများတွင် ဂျီသြမေတြီပုံများနှင့် တိတိကျကျမတူသော ပုံများရှိသည်။ (ဥပမာ– အချိုရည်ဘူး၊ ခဲတံဘူး) သို့သော် သေးငယ်သောကွာခြားချက်များကို လျစ်လျူရှုပြီး ဂျီသြမေတြီပုံများ၏ သတ်မှတ်ချက်များကိုသာဂရုစိုက်ရန် ဖြစ်သည်။

သင်ခန်းစာ ၄ (၄/၄)

သင်ယူမှုဦးတည်ချက်

- ဂျီသြမေတြီပုံများကို အသုံးပြု၍ ပစ္စည်းအမျိုးမျိုး ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပြီးခဲ့သော သင်ခန်းစာများတွင် အသုံးပြုခဲ့သော ပုံအမျိုးအစားသုံးမျိုးရှိသည့် ပစ္စည်းများ
- ကော် (သို့) တိတ်ခွေများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပစ္စည်းအုပ်စုသုံးမျိုး၏ အမည်နှင့် ထူးခြားချက်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ပြန်လည်မှတ်မိပါစေ။

၂။ ကျောင်းသုံးစာအုပ်ရှိ ဓာတ်ပုံထဲတွင် မည်သည့် ပစ္စည်းများဖြစ်သည်၊ မည်သည့် ဂျီသြမေတြီပုံများကို ပစ္စည်း၏ အစိတ်အပိုင်း အသီးသီးအဖြစ် အသုံးပြုထားသည်ကို ကလေးများကို မေးပါ။

၃။ ကလေးများယူလာသော ဂျီသြမေတြီပုံများကို အသုံးပြု၍ ပစ္စည်းအမျိုးမျိုးကို တစ်ဦးချင်းပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့ပြုလုပ်ထားသော ပုံ၏အမည်ကို ပေးပါစေ။

➔ သူတို့ ကြိုက်နှစ်သက်ရာ ပစ္စည်းပြုလုပ်ရန် အားပေးပါ။

၄။ အောက်ပါအချက်များဖြင့် ကလေးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

- ပစ္စည်းများ၏ အမည်
- ပစ္စည်း၏ အစိတ်အပိုင်းအသီးသီးတွင် မည်သည့် ဂျီသြမေတြီပုံ အသုံးပြုထားသည်၊ ဘာကြောင့် အသုံးပြုသည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ သိသောစကားဖြင့် တင်ပြပါစေ။ လိုအပ်ပါက သူတို့၏တင်ပြချက်များကို ရှင်းလင်းအောင် ပြင်ပြောပေးပါ။

အခန်း ၆ အပေါင်း သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိ ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းတို့ကို ပြုလုပ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၁.၁။ ပေါင်းလဒ် ၁၀ အထိရသည့် ပေါင်းခြင်းကို ပြုလုပ်တတ်ရန်။

စာသင်ချိန်

- ၁၃ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကိုပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသောစံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	အတူတူထားခြင်း အပေါင်းပုံပြင်များကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်။	● ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများပါသည့် ရုပ်ပုံများမှ 'အတူတူထားခြင်း' ပုံပြင်များ ပြုလုပ်ခြင်း။ ● ထိုပုံပြင်များကို ညီမျှခြင်းများဖြင့် ဖော်ပြခြင်း။	● ကလေးများသည် ရုပ်ပုံများမှ 'အတူတူထားခြင်း' ပုံပြင်များပြုလုပ်တတ်မည်။ ● ကလေးများသည် 'အတူတူထားခြင်း' ပုံပြင်များကို ညီမျှခြင်းများဖြင့် ဖော်ပြနိုင်မည်။ ● ကလေးများသည် ညီမျှခြင်းများကို မှန်ကန်စွာ ရေးနိုင်၊ ဖတ်နိုင်မည်။
၂–၃	၁၀ အထိ 'အတူတူထားခြင်း'အပေါင်းပုံစံ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● ရုပ်ပုံများနှင့် မေးခွန်းများမှ ညီမျှခြင်းကို ဖြည့်ပြီး အဖြေရှာခြင်း။ ● ရုပ်ပုံမပါသော အပေါင်းများကို တွက်ခြင်း။	● ကလေးများသည် ညီမျှခြင်းကို မှန်ကန်စွာ ရေးနိုင်၊ ဖြေရှင်းနိုင်မည်။ ● ကလေးများသည် သင့်တော်သောယူနစ်များဖြင့် မှန်ကန်စွာအဖြေရှာနိုင်မည်။
၄	၁၀ အထိပေးထားသော အပေါင်းများမှ 'အတူတူထားခြင်း' ပုံပြင်များ ပြုလုပ်တတ်ရန်။	● ပေးထားသော ၁၀ အထိ အပေါင်းမှ 'အတူတူထားခြင်း' ပုံပြင်များကို ရုပ်ပုံများနှင့် ပြုလုပ်တတ်ပြီး ညီမျှခြင်းကိုဖြည့်ခြင်း။	● ကလေးများသည် ပေးထားသောအပေါင်းမှ 'အတူတူထားခြင်း' ပုံပြင်များကို ရုပ်ပုံများပြပြီး ရှင်းပြနိုင်မည်။ ● ကလေးများသည် ညီမျှခြင်းကို ဖြည့်တတ်မည်။
၅	'တိုးလာခြင်း' ပုံပြင်များကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်။	● ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများပါသည့် ရုပ်ပုံများမှ 'တိုးလာခြင်း' ပုံပြင်များ ပြုလုပ်ခြင်း။ ● ထိုပုံပြင်များကို ညီမျှခြင်းများဖြင့် ဖော်ပြခြင်း။	● ကလေးများသည် ရုပ်ပုံများမှ 'တိုးလာခြင်း' ပုံပြင်များကို ပြုလုပ်တတ်မည်။ ● ကလေးများသည် 'တိုးလာခြင်း' ပုံပြင်များကို ညီမျှခြင်းများဖြင့် ဖော်ပြနိုင်မည်။ ● ကလေးများသည် ညီမျှခြင်းများကို မှန်ကန်စွာ ရေးနိုင်၊ ဖတ်နိုင်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆–၇	၁၀အထိ 'တိုးလာခြင်း' ပုံစံ အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● ရုပ်ပုံများနှင့် မေးခွန်းများမှ ညီမျှခြင်းကို ဖြည့်ပြီး အဖြေရှာခြင်း။ ● ရုပ်ပုံမပါသော အပေါင်းများကို တွက်ခြင်း။	● ကလေးများသည် ညီမျှခြင်းကို မှန်ကန်စွာ ရေးနိုင်၊ ဖြေရှင်းနိုင်မည်။ ● ကလေးများသည် သင့်တော်သောယူနစ်များဖြင့် အဖြေရှာနိုင်မည်။
၈	ပေးထားသော ၁၀ အထိ အပေါင်းများမှ 'တိုးလာခြင်း'ပုံပြင်များ ပြုလုပ်တတ်ရန်။	● ပေးထားသော ၁၀ အထိအပေါင်းမှ 'တိုးလာခြင်း'ပုံပြင်ကို ရုပ်ပုံများနှင့်ပြုလုပ်တတ်ပြီး ညီမျှခြင်းကို ဖြည့်ခြင်း။	● ကလေးများသည် ပေးထားသောအပေါင်းမှ 'တိုးလာခြင်း' ပုံပြင်ပြုလုပ်ပြီး ရုပ်ပုံများပြ၍ ရှင်းပြနိုင်မည်။ ● ကလေးများသည် ညီမျှခြင်းကိုဖြည့်တတ်မည်။
၉	၁၀ အထိ ကိန်းများကို သုညဖြင့် ပေါင်းတတ်ရန်။	● ရုပ်ပုံများမှ သုညနှင့် ကိန်းများ ပေါင်းခြင်း။ ● ၁၀အထိ ကိန်းများကို သုညဖြင့် ပေါင်းခြင်း။	● ကလေးများသည် ရုပ်ပုံများမှ သုညနှင့် ကိန်းများအပေါင်းကို ဖြည့်တတ်မည်။ ● ကလေးများသည် ၁၀ အထိ ကိန်းများကို သုညနှင့် ပေါင်းတတ်မည်။
၁၀–၁၁	၁၀အထိ အပေါင်းများကို ကျွမ်းကျင်စွာတွက်တတ်ရန်နှင့် အဖြေတူ အပေါင်းကတ်ပြားများကို ဒေါင်လိုက်၊ အလျားလိုက် စီစဉ်တတ်ရန်။	● အပေါင်းကတ်ပြားများ ပြုလုပ်ခြင်းနှင့် ကျွမ်းကျင်စွာ ပေါင်းခြင်း။ ● အပေါင်းကတ်ပြားများကို ဒေါင်လိုက်စီခြင်း။ ● အပေါင်းကတ်ပြားများကို အလျားလိုက်စီခြင်း။	● ကလေးများသည် ၁၀ အတွင်း အပေါင်းများကို ကျွမ်းကျင်စွာ တွက်နိုင်မည်။ ● ကလေးများသည် အပေါင်းကတ်ပြားများကို ဒေါင်လိုက်စီနိုင်မည်။ ● ကလေးများသည် အပေါင်းကတ်ပြားများကို အလျားလိုက်စီနိုင်မည်။
၁၂–၁၃	၁၀ အထိ အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● ၁၀ အထိ အပေါင်းပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် အပေါင်းပုစ္ဆာများကို ညီမျှခြင်းများဖြင့် မှန်ကန်စွာဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် အပေါင်းကိုအသုံးချနိုင်မည့် အခြေအနေများစွာရှိသည်။ ဤအခန်းတွင် အပေါင်းပုံစံ (၂)မျိုးဖြစ်သော 'အတူတူထားခြင်း' နှင့် 'တိုးလာခြင်း'ကို သင်ကြားမည်။ ထိုအပေါင်းများကို ပထမတန်းကလေးများနှင့် ရင်းနှီးကျွမ်းဝင်သော အခြေအနေများကို အသုံးပြုပြီး သင်ကြားမည်။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်။

'အတူတူထားခြင်း'ပုံစံ အပေါင်း

(ဥပမာ) ကြက် ၂ကောင်နှင့် ကြက် ၁ ကောင်ရှိသည်။
အတူတူထားလျှင် ကြက်အားလုံးမည်မျှရှိသနည်း။



ဤအပေါင်းပုံစံတွင် ပထမပစ္စည်းအုပ်စု နှစ်စုရှိပြီး ယင်းအုပ်စုနှစ်စုကို အတူတူထားခြင်းဖြစ်သည်။ ဤကျောင်းသုံးစာအုပ်တွင် 'အတူတူထားခြင်း'လူပ်ရှားမှုကို အထက်ပါပုံတွင် ပြထားသည့်အတိုင်း မြား ၂ ချောင်းဖြင့် ဖော်ပြသည်။ 'အတူတူထားခြင်း'ကိုပြသရန် ကလေးများအတွက် ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများကို လက်တွေ့ရွေ့ကြည့်ရန်လည်း အရေးကြီးပါသည်။

'တိုးလာခြင်း'ပုံစံ အပေါင်း

(ဥပမာ)
ကြက် ၂ ကောင်ရှိသည်။ နောက်ထပ် ကြက် ၁ ကောင် တိုးလာသည်။ တိုးလာပြီးနောက် ကြက်မည်မျှရှိသနည်း။



ဤအပေါင်းပုံစံတွင် ပထမအုပ်စုတစ်စုရှိပြီး နောက်ထပ်အုပ်စုတစ်စုထပ်ရောက်လာသည်။ ဤကျောင်းသုံးစာအုပ်တွင် 'တိုးလာခြင်း' အခြေအနေကို ပထမအုပ်စုသို့ မြားတစ်ချောင်းထိုးခြင်းဖြင့် ဖော်ပြသည်။ ဤဖြစ်ရပ်တွင်လည်း 'တိုးလာခြင်း'ကိုပြသရန် ကလေးများအတွက် ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများကို လက်တွေ့ရွေ့ကြည့်ရန် အရေးကြီးပါသည်။

ပထမတန်းများကလေးအတွက် အထက်ပါအခြေအနေနှစ်ခုသည် လုံးဝမတူဟု ထင်ရသည်။ ၂ + ၁ = ၃ အပေါင်းတစ်ခုတည်းကို ဖြစ်ရပ်နှစ်ခုစလုံးတွင် အသုံးချနိုင်ကြောင်း သူတို့နားလည်ရန်လိုအပ်ပါသည်။

၁၀ အထိကိန်းများပေါင်းခြင်းသင်ခန်းစာဖွဲ့စည်းပုံ

အဓိကအားဖြင့် ဤအခန်းတွင် သင်ကြားသင်ယူမှု ဖွဲ့စည်းထားပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။



ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ကလေးများသည် အပေါင်းကို ပထမဦးဆုံးအကြိမ် လေ့လာခြင်းဖြစ်သည်။ သို့သော် အခန်း (၂) မည်မျှနှင့် မည်မျှတွင် ကိန်းများတွဲခြင်းနှင့်ကိန်းများခွဲခြင်း အပေါင်းသဘောကို တစ်စေ့တစောင်းလေ့လာခဲ့ပြီးဖြစ်သည်။ ကလေးများသည် အပေါင်းကိုပိုမိုနားလည်စေရန် ဆရာများသည် ထိုသိပြီး အသိပညာများကို ပြန်လည်ဖော်ထုတ်အသုံးချသင့်သည်။

သင်ခန်းစာ ၁ (၁/၁၃)

သင်ယူမှုဦးတည်ချက်

- အတူတူထားခြင်း အပေါင်းပုံပြင်များကို ညီမျှခြင်းသုံးပြီး ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပန်းသီးပုံ၊ ငါးပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် ပန်းသီးပုံကတ်ပြားများ ပါသော အိတ်ပါကားချပ်ကိုကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ဘက်က ခြင်းထဲမှာ ပန်းသီး ဘယ်လောက်ရှိသလဲ။
- ညာဘက်က ခြင်းထဲမှာ ပန်းသီး ဘယ်လောက်ရှိသလဲ။
- အတူတူထားပြီးနောက် ပန်းသီး ဘယ်လောက်ရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အတူတူထားခြင်းကို ကျောင်းသားများ နားလည်စေရန်အတွက် သင်ပုန်းပေါ်မှ ပန်းသီးပုံများကို အတူတူထားသည့် ပုံဖြစ်အောင်ရွေ့ပါ။

➔ လိုအပ်လျှင် ပန်းသီးအရေအတွက်ကို ပြောင်းပြီး အတူတူထားခြင်း ပုံပြင်နောက်တစ်ခု ပြုလုပ်ပါစေ။

၂။ အကွက်ပုံကတ်ပြားများပါသော အိတ်ပါကားချပ်ကို ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်က လက်ထဲတွင် အကွက် ဘယ်လောက်ရှိသလဲ။
- ညာဘက်က လက်ထဲတွင် အကွက် ဘယ်လောက်ရှိသလဲ။
- အတူတူထားပြီးနောက် အကွက် ဘယ်လောက်ရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များတွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အကွက်အရေအတွက်ကို ပြောင်းပြီး အတူတူထားခြင်း ပုံပြင်နောက်တစ်ခုကို မေးပါ။

➔ သင်ပုန်းပေါ်မှ အကွက်ပုံကတ်ပြားများကို ရွေ့ပါ။

၆ အပေါင်း သင်ခန်းစာ ၁

အတူတူထားရင်အားလုံးဘယ်လောက်ရှိမလဲ

ကိန်းတွေကို ပုံပြင်လို ပြောကြည့်ရအောင်



၃၉

ဖြည့်စွက်ရှင်းလင်းချက် – အတူတူထားခြင်း

ဤအခန်းတွင် ကလေးများသည် 'အတူတူထားခြင်း'နှင့် 'တိုးလာခြင်း' အပေါင်းပုံစံ ၂ မျိုးကို သင်ယူရသည်။ ထိုအပေါင်းပုံစံ ၂ မျိုးကိုပြရန်အတွက် မတူညီသော အကွက် ရွေ့လျားပုံကို အသုံးပြုသည်။

'အတူတူထားခြင်း' အပေါင်းပုံစံ ဆိုပါစို့၊ ဥပမာ ၃ + ၁ တွင် အကွက် ၃ ကွက်နှင့် အကွက် ၁ ကွက်ကို ခွာထားသည်။ ထို့နောက်မှ တစ်နေရာတည်း တွင် အတူတူထား လိုက်သည်။

ဤရွေ့လျားပုံကို အောက်ပါပုံတွင် ပြထားသည့်အတိုင်း မြားကိုသုံးပြီး ဖော်ပြသည်။



၁ အတူတူထားလိုက်ရင် ငါးအားလုံး ဘယ်လောက်ရှိသလဲ



ငါးအစား အကွက်သုံးရင် အကွက် ၃ ကွက်နဲ့ ၁ ကွက်ကို အတူတူထားရမယ်



၃ နှင့် ၁ ကို အတူတူထားလျှင် ၄ ဖြစ်သည်ကို

၃ + ၁ = ၄

ဟု ရေးသည်။ အဖြေ ငါး ၄ ကောင်



"၃ အပေါင်း ၁ အညီ ၄" လို့ဖတ်တယ်
"+" ကို အပေါင်း "=" ကို အညီလို့ ဖတ်တယ်
၃ + ၁ = ၄ ကို ညီမျှခြင်းလို့ ခေါ်တယ်
ဒီတွက်နည်းကို **ပေါင်းခြင်း** လို့ခေါ်တယ်

၁ ရှေ့စာမျက်နှာက  ပုံပြင်အတွက် ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ **၃ + ၂ = ၅** **အဖြေ ၅ လုံး**

၃။ ငါးပုံနှင့် အကွက်ပုံ ပါသော အိတ်ပါ ကားချပ်ကို သင်ပုန်းပေါ်တွင် ကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ဘက်က ငါးကန်ထဲမှာ ငါးဘယ်လောက် ရှိသလဲ။
- ညာဘက်က ငါးကန်ထဲမှာ ငါးဘယ်လောက် ရှိသလဲ။
- အတူတူထားပြီးနောက် ငါးဘယ်လောက် ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် ငါးပုံနှင့် အကွက်ပုံများကို ချိတ်ဆက်ပါ။ အတူတူထားခြင်းကို ရှင်းလင်းစွာပြရန် ပုံများကို ရွှေ့ပြီး 'အတူတူထားခြင်းဖြင့်' ဟူသည့် စကားကို ကလေးများနားလည်စေရန် ဂရုစိုက်၍ ပြောပါ။

၄။ အောက်ပါတို့ကို မိတ်ဆက်သင်ကြားပါ။

- '+' နှင့် '=' တို့၏ အဓိပ္ပာယ်အပါအဝင် ညီမျှခြင်း ၃ + ၁ = ၄ ၏ အဓိပ္ပာယ်
- ၃ + ၁ = ၄ ကို မည်သို့ ဖတ်ရမည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းကို ငါးများ အတူတူထားခြင်းပုံပြင်နှင့် အကွက်များ ရွှေ့ခြင်းတို့ဖြင့် ချိတ်ဆက်ပါ။

၅။ ရှေ့စာမျက်နှာမှ ပန်းသီး ပုံပြင်၏ ညီမျှခြင်းနှင့် အဖြေကို ရေးပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် တခြားအပေါင်းများကိုသုံးပြီး ညီမျှခြင်း၏ အဓိပ္ပာယ်နှင့် မည်သို့ဖတ်ရမည်ကို မေးပါ။

၆။ အပေါင်းညီမျှခြင်း၏ အဓိပ္ပာယ်နှင့် မည်သို့ဖတ်ရမည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းကို အတူတူထားခြင်း ပုံပြင်၊ အကွက်များ ရွှေ့ခြင်းတို့နှင့် ထပ်၍ ချိတ်ဆက်ပါ။

ဖြည့်စွက်ရှင်းလင်းချက် – အပေါင်းဆိုင်ရာစကားအသုံးအနှုန်းများ (အတူတူထားခြင်း)

ဤအခန်းတွင် အောက်ပါ စကားအသုံးအနှုန်းများကိုသုံးပြီး အတူတူထားခြင်း အပေါင်းပုံစံကို ဖော်ပြမည်။

(၁) အတူတူထားရင် ဘယ်လောက်ရှိသလဲ။
(၂) အတူတူပေါင်းရင် ဘယ်လောက်ရှိသလဲ။
(၃) အားလုံး ဘယ်လောက်ရှိသလဲ။
(၄) အားလုံးပေါင်း ဘယ်လောက်ရှိသလဲ။

ဤအခန်း၏ အစပိုင်းတွင် ကလေးများ အပေါင်း၏သဘောကို သိရှိနားလည်ရန် အထက်ပါ(၁)ရှိ အသုံးအနှုန်းကို အသုံးပြုမည်။ ထို့နောက် အတူတူထားခြင်း အပေါင်းပုံစံနှင့် ရင်းနှီးပြီးနောက်တွင် ပုစ္ဆာများကိုဖြေရှင်းရာ၌ တခြားအသုံးအနှုန်းများကို အသုံးပြုမည်။ ဤနည်းအားဖြင့် ထိုအသုံးအနှုန်းပြောစကားများ အားလုံးသည် အပေါင်းကို ဆိုလိုသည်ဟု ကလေးများနားလည်လိမ့်မည်။

သင်ခန်းစာ ၂ (၂/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ အတူတူထားခြင်း အပေါင်းပုံစံ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံ၊ ကြက်ပုံနှင့် ဘောလုံးပုံကတ်ပြားများပါသော အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကြက်ပုံနှင့် အကွက်ပုံကတ်ပြားများကို အိတ်ပါကားချပ်များတွင်ထည့်ကာ သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာ ကြက် ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ ကြက် ဘယ်လောက်ရှိသလဲ။
- အတူတူထား လိုက်ရင် ကြက် ဘယ်လောက်ရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၁) ပါ ကွက်လပ်ကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကြက်ပုံကားချပ်၊ အကွက်ပုံကားချပ်နှင့် ညီမျှခြင်းများကို ချိတ်ဆက်ပါ။

➔ 'အတူတူထားခြင်း'ကို ပြရန် အကွက်များကို ရွှေ့ပြီး ကလေးများကိုယ်တိုင် သူတို့၏ အကွက်များကို ရွှေ့ပါစေ။

၂။ မေးခွန်း (၂) နှင့် (၃)ကို ဖြေပါစေ။ မေးခွန်း အသီးသီးဖြေပြီးနောက် အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် ပုံများ၊ အကွက်များသုံးပြီး ရှင်းပြပါ။

၃။ မေးခွန်း (၄) ကို လေ့ကျင့်ခန်းစာအုပ်ထဲတွင် ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိသော ကလေးများကို အကွက်ပုံကတ်ပြားများသုံးပြီး ကူညီပါ။

၄။ ဥပမာ၊ ၁ + ၃ ကို မည်သို့ တွက်ရမည်ကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ (၂)

လေ့ကျင့်ခန်း (၁)

၁။ ကြက် ၂ ကောင်နှင့် ကြက် ၁ ကောင်ရှိသည်။ အတူတူထားလျှင် ကြက်အားလုံး မည်မျှရှိသနည်း။







အဖြေ ၃ ကောင်

၂။ ဘောလုံး ၃ လုံးနှင့် ဘောလုံး ၂ လုံးရှိသည်။ အတူတူထားလျှင် ဘောလုံးအားလုံး မည်မျှရှိသနည်း။







အဖြေ ၅ လုံး

၃။ ပူဖောင်းအနီ ၁ လုံး၊ အပြာ ၄ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှရှိသနည်း။







အဖြေ ၅ လုံး

၄၁

သင်ပုန်းအသုံးပြုပုံနမူနာ



(က) ၁ + ၂ = ၃
(ခ) ၃ + ၁ = ၄
(ဂ) ၂ + ၂ = ၄
(ဃ) ၂ + ၃ = ၅

ကြက်ပုံနှင့် အကွက်ပုံ ကတ်ပြားများ ထည့်ရန် အိတ်ပါသည့် ကားချပ်ကို အသုံးပြုပါ။ နောက်ပုစ္ဆာများအတွက် ကြက်ပုံနေရာတွင် ဘောလုံးပုံနှင့် ပူဖောင်းပုံ အစား ထိုးပါ။





၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၁ + ၂ = ၃ (ခ) ၃ + ၁ = ၄ (ဂ) ၂ + ၂ = ၄ (ဃ) ၂ + ၃ = ၅

၅။ အတူတူထားလိုက်လျှင် ငှက်ပျောသီးအားလုံး မည်မျှရှိသနည်း။



၄ + ၃ = ၇ အဖြေ ၇ လုံး

၆။ ပန်းအနီ ၃ ပွင့်၊ ပန်းအဝါ ၅ ပွင့်ရှိသည်။ ပန်းပွင့်အားလုံး မည်မျှရှိသနည်း။



၃ + ၅ = ၈ အဖြေ ၈ ပွင့်

၇။ အောက်ပါတို့ကို တွက်ပါ။

(က) ၄ + ၄ = ၈ (ခ) ၇ + ၁ = ၈ (ဂ) ၂ + ၅ = ၇ (ဃ) ၆ + ၃ = ၉

ဖြည့်စွက်ရှင်းလင်းချက် – ကိုယ်စားပြုပစ္စည်းများကိုအသုံးပြုခြင်း

ညီမျှခြင်းသည် စိတ်ကူးသက်သက်ဖြင့် ဖော်ပြခြင်းဖြစ်၍ ကလေးအများစုအတွက် ရေးသားရန် ခက်ခဲနိုင်သည်။ ကလေးများ နားလည်ရလွယ်ကူစေရန် ပစ္စည်းစစ်နှင့် ကိုယ်စားပြုပစ္စည်း ၂ မျိုးစလုံးကိုသုံးပြီး စတင်ပါ။

- ပုဏ္ဍာအမျိုးမျိုးတွင် ပစ္စည်းစစ်အမျိုးမျိုး အသုံးပြုသော်လည်း ကိုယ်စားပြုပစ္စည်းကိုမူ တစ်မျိုးတည်းကိုသာ အသုံးပြုပါ။
- တွက်ချက်မှုအဆင့်ဆင့်ကိုပြရန် ကိုယ်စားပြုပစ္စည်းများကို ရွှေ့ပါ။



သင်ခန်းစာ ၃ (၃/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ အတူတူထားခြင်း အပေါင်းပုံစံပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ငှက်ပျောသီး၊ ပန်းပွင့်နှင့် အကွက်ပုံ အသီးသီး ပါသောကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ငှက်ပျောသီးပုံ၊ အကွက်ပုံကတ်ပြားများ ထည့်ထားသော အိတ်ပါကားချပ်များကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာ ငှက်ပျောသီး ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ ငှက်ပျောသီး ဘယ်လောက်ရှိသလဲ။
- အတူတူထားလိုက်ရင် ငှက်ပျောသီးဘယ်လောက်ရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၅) ပါ ကွက်လပ်ကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ငှက်ပျောသီး၊ အကွက်ပုံနှင့် ညီမျှခြင်းများကို ချိတ်ဆက်ပါ။

➔ 'အတူတူထားခြင်း'ကိုပြရန် အကွက်များကို ရွှေ့ပါ။

➔ '+' နှင့် '=' ကို အသုံးပြုပြီး ညီမျှခြင်းကို မှန်ကန်စွာ ရေးပါစေ။

၂။ မေးခွန်း (၆)ကို ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤသင်ခန်းစာတွင် ယခင်သင်ခန်းစာကဲ့သို့ မဟုတ်ဘဲ အဖြေများအားလုံးသည် ၅ ထက်ပိုများလာသည်။ ကလေးများ အခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် ပုံများ၊ အကွက်များ သုံးပြီး ရှင်းပြပါ။

၃။ မေးခွန်း (၇) ကို လေ့ကျင့်ခန်းစာအုပ်ထဲတွင် ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိသော ကလေးများကို အကွက်ပုံကတ်ပြားများသုံးပြီး ကူညီပါ။

၄။ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။ မည်သည်တို့ သင်ယူခဲ့သည်ကို မေးခွန်းများမေးပြီး အတည်ပြု၍ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၄ (၄/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိပေးထားသော အပေါင်းများမှ "အတူတူထားခြင်း" ပုံပြင်များ ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါ ကားချပ်၊ ကြောင်ပုံ၊ ကားပုံ ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကြောင်ပုံ ကတ်ပြားများ ထည့်ထားသော အိတ်ပါ ကားချပ်ကို သင်ပုန်းပေါ် ကပ်ပြီး မေးခွန်း (က) ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါမေးခွန်းများကို မေးပါ။

- ပုံထဲမှာ ၆ က ဘယ်နေရာမှာလဲ။
- ပုံထဲမှာ ၂ က ဘယ်နေရာမှာလဲ။
- + လက္ခဏာကို တွေ့ရင် ဘာလုပ်မလဲ။

➔ ညီမျှခြင်း ၆ + ၂ = ၈ ကို သင်ပုန်းပေါ်တွင် ရေးပါ။

၂။ ကားပုံ ကတ်ပြားများ ထည့်ထားသော အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ မေးခွန်း(ခ) ကို တစ်တန်းလုံးနှင့် အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း(က)တွင် မေးသော မေးခွန်းများ အတိုင်း မေးပါ။

➔ ၃ + ၄ = ၇ ကို သင်ပုန်းပေါ်တွင် ရေးပါ။

၃။ ၁ + ၅ သင်္ချာပုံပြင်ကို တစ်ဦးချင်းစီ ပြုလုပ်စေပြီး စာရွက်အလွတ် (သို့)လေ့ကျင့်ခန်းစာအုပ်တွင် ပုံဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အတန်းကို တင်ပြရာ၌ မြင်သာရန် ညီမျှခြင်းနှင့် ပုံကို ကြီးကြီး ရေးဆွဲပါစေ။

၄။ ရုပ်ပုံ၊ ညီမျှခြင်းနှင့်တကွ သင်္ချာပုံပြင်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "၀၀ နှင့် ၀၀ ရှိသည်။ အတူတူထားရင် ၀၀ ရှိတယ်"ကဲ့သို့ စကားများသုံးပြီး တင်ပြပါစေ။

➔ အချိန်ရလျှင် ညီမျှခြင်း နောက်တစ်ခုပေးပြီး ပုံပြင် ပြုလုပ်ပါစေ။

၅။ ကလေးများကို "သင်ခန်းစာတွင် မည်သည့်တို့ကို သင်ယူခဲ့သည်"ကို မေးမြန်းပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၂ အပေါင်းပုံပြင်တွေ ပြောပြရအောင်

(က) ၆ + ၂ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ကြောင် ___၆___ ကောင်နဲ့ ___၂___ ကောင်ရှိတယ် ကြောင်အားလုံး ___၈___ ကောင် ရတယ်

(ခ) ၃ + ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ကားအနီ ___၃___ စီးနဲ့ ကားအပြာ ___၄___ စီးရှိတယ် အတူတူထားရင် ကားအားလုံး ___၇___ စီးရှိတယ်

(ဂ) ၁ + ၅ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ



နမူနာအဖြေကို အောက်တွင်ကြည့်ပါ

ဖြည့်စွက်အသိပညာ – ညီမျှခြင်းမှပုံပြင်များပြုလုပ်ခြင်း

သင်ခန်းစာ (၁) မှ (၃) တွင် ကလေးများသည် စာသားမေးခွန်းမှ ညီမျှခြင်းရေးတတ်ရန် သင်ယူခဲ့သည်။ သင်ခန်းစာ (၄) တွင်မူ ညီမျှခြင်းမှ စာသားမေးခွန်း (ပုံပြင်) ပြုလုပ်ရန် သင်ယူရမည်ဖြစ်သည်။ ဤနည်းဖြင့် ကလေးများ အပေါင်းကို ပိုမိုနားလည်လာမည် ဖြစ်သည်။

စာသားမေးခွန်း ပုံပြင် ⇄ (သင်ခန်းစာ ၁–၃ / သင်ခန်းစာ ၄) ⇄ ညီမျှခြင်း

မေးခွန်း (ဂ)အတွက် နမူနာ အဖြေများ

ပန်းသီး ၁ လုံးနှင့် ပန်းသီး ၅ လုံး ရှိတယ် အတူတူထားလျှင် ပန်းသီး ၆ လုံး ရှိတယ်



၁ + ၅ = ၆

ပန်းပွင့် အနီ ၁ ပွင့်နှင့်ပန်းပွင့်အပြာ ၅ ပွင့်ရှိတယ် အတူတူထားလျှင် ပန်းပွင့် ၆ ပွင့် ရှိတယ်



၁ + ၅ = ၆

တိုးလာပြီးရင်ဘယ်လောက်ရှိမလဲ

ပုံပြင်ပြောကြမယ်



ရေကန်ထဲမှာ လိပ် ၅ ကောင် ရှိတယ် လိပ် ၁ ကောင် ထပ်တိုးလာတယ်

တိုးလာပြီးရင် လိပ်အားလုံး ၆ ကောင် ဖြစ်သွားတယ်





အကွက် ၅ ကွက်ရှိတယ် အကွက် ၁ ကွက် ထပ်တိုးလိုက်မယ်

တိုးလာပြီးရင် အကွက် ၆ ကွက်ဖြစ်သွားတယ်



ဖြည့်စွက်ရှင်းလင်းချက် – အပေါင်းတွင်အသုံးပြုသော စကားအသုံးအနှုန်းများ (တိုးလာခြင်း)

'အတူတူထားခြင်း' ပုံစံ အပေါင်းကဲ့သို့ပင် 'တိုးလာခြင်း' ပုံစံ အပေါင်းတွင် အောက်ပါအတိုင်း စကားအသုံးအနှုန်းအမျိုးမျိုးကို အသုံးပြုသည်။

(၁) တိုးလာပြီးနောက် ____ အားလုံးဘယ်လောက်ရှိသလဲ

(၂) တိုးလာပြီးနောက် ____ ပေါင်းဘယ်လောက်ရှိသလဲ

(၃) တိုးလာပြီးနောက် ____ ဘယ်လောက်ရှိသလဲ

(၄) အားလုံး ဘယ်လောက်ရှိသလဲ

အပေါင်းကို စကားအသုံးအနှုန်း အမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်ကို ကလေးများ သိရှိနားလည်သည်။ တချို့စကားတွင် 'ပေါင်း' ဆိုသည့် စကားပါပြီး တချို့တွင် မပါပေ။ ထို့ကြောင့် 'ပေါင်း'ဆိုသည့် စာသားကို မြင်မှ ပေါင်းရမည်ဟု လေ့နံ့ထားထစ်မှတ်၍ မရဘဲ ကလေးများသည် အပေါင်းသဘောကို အမှန်တကယ်နားလည်မှသာ ဖြစ်ပေမည်။

သင်ခန်းစာ ၅ (၅/၁၃)

သင်ယူမှုဦးတည်ချက်

- "တိုးလာခြင်း" ပုံပြင်များကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- လိပ်ပုံ၊ ငါးပုံ၊ အကွက်ပုံကတ်ပြားများနှင့် အိတ်ပါ ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် လိပ်ပုံကားချပ်ကိုတင်ပြီး ကလေးများကို မေးပါ။

- မူလက လိပ်ဘယ်လောက်ရှိသလဲ။
- လိပ် ဘယ်လောက်ထပ်တိုးလာသလဲ။
- 'တိုးလာပြီး' နောက် လိပ်အားလုံး ဘယ်လောက်ရှိသလဲ။

ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ တိုးလာခြင်း သဘောကို နားလည်စေရန် ကားချပ်ထဲမှ လိပ်ပုံကတ်ပြားများကို တိုးလာသည့်ပုံဖြစ်အောင် ရွှေ့ပါ။

➔ လိုအပ်လျှင် လိပ်အရေအတွက်ကို ပြောင်းပြီး တိုးလာခြင်း ပုံပြင်နောက်တစ်ခုကို မေးပါ။

၂။ အကွက်ပုံ ထည့်ထားသော အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- မူလအကွက်ပုံကတ်ပြား ဘယ်လောက်ရှိသလဲ။
- အကွက်ပုံကတ်ပြား ဘယ်လောက်ထပ်တိုးသလဲ။
- 'တိုးလာပြီး'နောက် အကွက်ပုံကတ်ပြား ဘယ်လောက်ရှိသလဲ။

ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အကွက်ပုံ အရေအတွက်ကို ပြောင်းပြီး တိုးလာခြင်း ပုံပြင် နောက်တစ်ခုကိုမေးပါ။

➔ သင်ပုန်းပေါ်မှ အကွက်ပုံကတ်ပြားများကို လိုအပ်သလို ရွှေ့ပါ။

၃။ ငါးပုံနှင့် အကွက်ပုံ ကတ်ပြားများကို အိတ်ပါကားချပ်တွင်ထည့်၍ သင်ပုန်းပေါ်ကပ်ပြီး ကလေးများကို မေးပါ။

- မူလက ငါး ဘယ်လောက်ရှိလဲ။
- ငါး ဘယ်လောက်ထပ်ထည့်သလဲ။
- တိုးလာပြီးနောက် ငါးဘယ်လောက်ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် ငါးပုံကတ်ပြားနှင့် အကွက်ပုံကတ်ပြားများကို ချိတ်ဆက်ပါ။ တိုးလာခြင်းသဘောကိုပြရန် ကတ်ပြားများကို ရွှေ့ပြီး 'တိုးလာသည်'ဆိုသည့် စကားကို ကျယ်လောင်စွာ ပြောပါ။

၄။ တိုးလာခြင်းပုံစံ အပေါင်းသည်လည်း အပေါင်းသဘောဖြစ်ပြီး ညီမျှခြင်းဖြင့် ၅ + ၂ = ၇ ဟု ဖော်ပြသည်ကို သိရှိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းကို တိုးလာခြင်းပုံပြင်နှင့် အကွက်ပုံကတ်ပြား ရွှေ့လျားခြင်းတို့ဖြင့် ချိတ်ဆက်ပါ။

၅။ ပြီးခဲ့သော စာမျက်နှာမှ လိပ်ပုံပြင် အတွက် ညီမျှခြင်းနှင့် အဖြေရေးပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် တခြားအပေါင်းပုံပြင်များ ပေးပြီး ညီမျှခြင်းရေးပါစေ။

၆။ တိုးလာခြင်းပုံစံအပေါင်း၏ အဓိပ္ပာယ်နှင့် မည်သို့ ပေါင်းရမည်ကိုမေးပြီး ကလေးများအား သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၃ တိုးလာပြီးရင် ငါးအားလုံး ဘယ်လောက်ရှိမလဲ











ငါး အစား အကွက် သုံးနိုင်တယ်



အကွက် ~~၅~~ ကွက်ရှိတယ်
နောက်ထပ်အကွက် ~~၂~~ ကွက် တိုးမယ်

၅ ကို ၂ တိုးလျှင် ၇ ဖြစ်သည်ကို

၅ + ၂ = ၇

ဟု ရေးသည်။

အဖြေ ငါး ၇ ကောင်



တိုးလာတဲ့ ဖြစ်ရပ်မှာလည်း **"+"** နဲ့ **"="** ကိုပဲ သုံးတယ် ဒီတွက်နည်းကလည်း **ပေါင်းခြင်း** ဖြစ်တယ်



ရွှေ့စာမျက်နှာက  ပုံပြင်အတွက် ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ **၅ + ၁ = ၆** **အဖြေ ၆ ကောင်**

ဖြည့်စွက်ရှင်းလင်းချက် – တိုးလာခြင်းပုံစံအပေါင်း

ကလေးများသည် ဤအခန်းတွင် 'အတူတူထားခြင်း'နှင့် 'တိုးလာခြင်း'အပေါင်း ၂ မျိုးကို သင်ယူရသည်။ ထိုအပေါင်း ၂ မျိုးအတွက် မတူသောအကွက်ရွှေ့လျားပုံများကို အသုံးပြုသည်။

'တိုးလာခြင်း'ပုံစံ အပေါင်းဆိုပါစို့။ ဥပမာ၊ ၃ + ၁ ပုစ္ဆာတွင် အကွက် ၃ ကွက်ကို အရင်ထားသည်။ ထို့နောက်မှ အကွက် ၁ ကွက်ကို ထပ်ပေါင်းသည်။

ထိုရွှေ့လျားမှုကို အောက်ပါအတိုင်း မြားဖြင့်ဖော်ပြထားသည်။



သင်ခန်းစာ ၆ (၆/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ "တိုးလာခြင်း"ပုံစံ အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- လိပ်ပုံ၊ ငါးပုံ၊ အကွက်ပုံကတ်ပြားများနှင့် အိတ်ပါ ကားချပ်

လေ့ကျင့်ခန်း (၂)

၁။ နာနတ်သီး ၂ လုံးရှိသည်။ နောက်ထပ် ၃ လုံးတိုးလာသည်။ တိုးလာပြီးနောက် နာနတ်သီးမည်မျှရှိသနည်း။



၂ + ၃ = ၅ အဖြေ ၅ လုံး

၂။ ကြက် ၄ ကောင်ရှိသည်။ နောက်ထပ် ကြက် ၄ ကောင်တိုးလာသည်။ တိုးလာပြီးနောက် ကြက်အားလုံး မည်မျှရှိသနည်း။



၄ + ၄ = ၈ အဖြေ ၈ ကောင်

၃။ မိမိတွင် လိမ္မော်သီး ၅ လုံးရှိသည်။ လိမ္မော်သီး ၃ လုံးထပ်ရသည်။ သူမမှာ လိမ္မော်သီးအားလုံး မည်မျှရှိသနည်း။



၅ + ၃ = ၈ အဖြေ ၈ လုံး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ နာနတ်သီးပုံ၊ အကွက်ပုံများကို အိတ်ပါကားချပ်တွင် ထည့်၍ သင်ပုန်းပေါ်ကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- မူလက နာနတ်သီး ဘယ်လောက်ရှိသလဲ။
- နောက်ထပ် တိုးလာတဲ့ နာနတ်သီးက ဘယ်လောက်လဲ။
- 'တိုးလာပြီး'နောက် နာနတ်သီး ဘယ်လောက်ရှိသလဲ။

မေးခွန်း (၁)၏ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာနတ်သီးပုံ၊ အကွက်ပုံ ကတ်ပြားများကို ညီမျှခြင်းနှင့် ချိတ်ဆက်ပါ။

➔ 'တိုးလာခြင်း' သဘောကို ပြရန် နာနတ်သီးပုံနှင့် အကွက်ပုံကတ်ပြားများကို ရွှေ့ပါ။

၂။ မေးခွန်း (၂)၊ (၃) နှင့် (၄) ကို ဖြေစေပြီး မေးခွန်း တစ်ခုပြီးတိုင်း အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် အကွက်ပုံများသုံးပြီး ရှင်းပြပါ။

သင်ပုန်းအသုံးပြုပုံနမူနာ

တိုးလာပြီးနောက် ဘယ်လောက်ရှိသလဲ။



၂ + ၃ = ၅

အဖြေ = ၅ လုံး

၅။

(က) ၆ + ၁ = ၇
(ခ) ၃ + ၃ = ၆
(ဂ) ၂ + ၇ = ၉
(ဃ) ၄ + ၅ = ၉

- နာနတ်သီးပုံ၊ အကွက်ပုံ ကတ်ပြားများ ထည့်ရန် အိတ်ပါသည့် ကားချပ်ကို သုံးပါ။ တခြားမေးခွန်းများအတွက် တခြားပုံ (ဥပမာ ကြက်ပုံ) အစားထိုးပါ။



၁။



၃။ မေးခွန်း (၅) ကို ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်ထဲတွင် ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ အခက်အခဲရှိလျှင် ပုံများ၊ အကွက်များသုံးပြီး ကူညီပါ။

၄။ ကလေးများတိုးလာခြင်းပုံစံ အပေါင်းကို မည်သို့ ဖြေရှင်းရမည်ကို သေချာစေခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၇ (၇/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ တိုးလာခြင်းပုံစံအပေါင်း ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံ၊ လိပ်ပြာပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် အကွက်ငယ်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ လိပ်ပြာပုံ၊ အကွက်ပုံကတ်ပြားများကို အိတ်ပါကားချပ်များတွင်ထည့်၍ သင်ပုန်းပေါ်ကပ်ပြီး ကလေးများကို မေးပါ။

- မူလက လိပ်ပြာ ဘယ်လောက်ရှိသလဲ။
- နောက်ထပ် ရောက်လာတာ လိပ်ပြာ ဘယ်လောက်လဲ။
- တိုးလာပြီးတော့ လိပ်ပြာ ဘယ်လောက် ရှိသလဲ။

မေးခွန်း (၆) ကွက်လပ်များကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိပ်ပြာပုံ၊ အကွက်ပုံနှင့် ညီမျှခြင်းကို ချိတ်ဆက်ပါစေ။

➔ တိုးလာခြင်း သဘောကိုပြရန် အကွက်ပုံကို ရွှေ့ပြီး ကလေးများကိုလည်း သူတို့၏အကွက်များကို ရွှေ့ပါစေ။

၂။ မေးခွန်း (၇) ကို တစ်ဦးချင်းစီ ဖြေဆိုစေပြီး တစ်တန်းလုံးနှင့် အဖြေကိုစစ်ဆေးပါ။

➔ ကလေးများ အခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် အကွက်များသုံးပြီး ရှင်းပြပါ။

၃။ မေးခွန်း (၈) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ ကလေးများ အခက်အခဲရှိလျှင် ပုံများ၊ အကွက်ပုံ ကတ်ပြားများ သုံးပြီး ပံ့ပိုးပေးပါ။

၄။ ကလေးများကို ဤသင်ခန်းစာတွင် မည်သည့်တို့ သင်ယူခဲ့သည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၄။ အေးအေးတွင်ခဲတံ ၃ ချောင်းရှိသည်။ သူ၏အမေက ၆ ချောင်းထပ်ပေးလိုက်သော် အေးအေးတွင် ခဲတံမည်မျှရှိမည်နည်း။



၃ + ၆ = ၉ အဖြေ ၉ ချောင်း

၅။ အောက်ပါတို့ကိုတွက်ပါ။

(က) ၆ + ၁**၇** (ခ) ၃ + ၃**၆** (ဂ) ၂ + ၇**၉** (ဃ) ၄ + ၅**၉**

၆။ လိပ်ပြာ ၆ ကောင်ရှိသည်။ နောက်ထပ် လိပ်ပြာ ၄ ကောင်တိုးလာသည်။ တိုးလာပြီးနောက် လိပ်ပြာမည်မျှရှိသနည်း။



၆ + ၄ = ၁၀ အဖြေ ၁၀ ကောင်

၇။ ငါး ၃ ကောင်ရှိသည်။ ငါး ၇ ကောင်ထပ်တိုးလာသည်။ တိုးလာပြီးနောက် ငါးအားလုံး မည်မျှရှိသနည်း။ **၃ + ၇ = ၁၀ အဖြေ ၁၀ ကောင်**

၈။ အောက်ပါတို့ကိုတွက်ပါ။

(က) ၅ + ၅**၁၀** (ခ) ၃ + ၄ **၇** (ဂ) ၇ + ၂ **၉**

(ဃ) ၃ + ၆ **၉** (င) ၉ + ၁**၁၀** (စ) ၂ + ၅ **၇**

ဖြည့်စွက်လေ့ကျင့်ခန်းများ (ကိန်းခွဲပုံနှင့်အပေါင်းကိုချိတ်ဆက်ခြင်း)

ကွက်လပ်ဖြည့်ပါ။ ကိန်းခွဲပုံတွင် လိုအပ်သည့်ကိန်းကို ဖြည့်ပါ။

(က) ၆ → ၅ + ၁ = **၆**

(ခ) ၈ → ၂ + **၆** = ၈

(ဂ) **၉** → ၆ + ၃ = **၉**

(ဃ) **၁၀** → ၅ + ၅ = **၁၀**

(င) **၇** → ၅ + ၂ = **၇**

(စ) **၁၀** → ၈ + ၂ = **၁၀**

သင်ခန်းစာ ၈ (၈/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ပေးထားသော အပေါင်းပုစ္ဆာများကို 'တိုးလာခြင်း'ပုံပြင်များ ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မျောက်ပုံ၊ ကိတ်မုန့်ပုံ ကတ်ပြားနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မျောက်ပုံကတ်ပြားပါသော အိတ်ပါကားချပ်ကို သင်ပုန်းပေါ် ကပ်ပြီး မေးခွန်း(က)ကို တစ်တန်းလုံးနှင့် အတူတကွဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ မေးခွန်းများကို မေးပါ။

- ပုံထဲမှာ ၄ က ဘယ်နေရာမှာလဲ။
- ပုံထဲမှာ ၃ က ဘယ်နေရာမှာလဲ။
- '+' ကို မြင်ရင် ဘာလုပ်မလဲ။

➔ ၄ + ၃ = ၇ ဟူ၍ ညီမျှခြင်း အပြည့်အစုံကို သင်ပုန်းပေါ်တွင် ရေးပါ။

၂။ မေးခွန်းများ မေးပြီး မေးခွန်း (ခ) ကို ကလေးများနှင့် အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (ခ) အတွက် ဆင်တူပုံပြင်များပြုလုပ်ပါ။

➔ သင်ပုန်းပေါ်တွင် ၂ + ၈ = ၁၀ ကို ရေးပါ။

၃။ ကလေးတိုင်း ၃ + ၅ အတွက် ပုံပြင်ပြုလုပ်စေပြီး ပုံဆွဲပါစေ။

➔ အတန်းသို့ တင်ပြရာတွင် မြင်သာရန် ပုံနှင့်ညီမျှခြင်းကို ကြီးကြီးရေးဆွဲပါစေ။

၄။ ရုပ်ပုံ၊ ညီမျှခြင်းနှင့်တကွ ပုံပြင်ကိုတစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြား သင်ယူရမည့် အချက်များ]

➔ "မူလက ၀၀ ရှိတယ်။ ၀၀ နောက်ထပ် ရောက်လာတယ်။ တိုးလာပြီးနောက် ၀၀ ရှိတယ်' ပြောပြီးတင်ပြပါစေ။

➔ အချိန်ရလျှင် ညီမျှခြင်းနောက်တစ်ခုပေးပြီး ပုံပြင် ပြုလုပ်ပါစေ။

၅။ ကလေးများကို "ဤသင်ခန်းစာတွင် မည်သည်တို့ကို သင်ယူခဲ့သည်"ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၄ အပေါင်းပုံပြင်တွေ ပြောပြရအောင်

(က) ၄ + ၃ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပြပါ



မျောက် ___၄___ ကောင်ရှိတယ် နောက်ထပ် မျောက် ___၃___ ကောင် တိုးလာတယ်
တိုးလာပြီးရင် မျောက်အားလုံး ___၇___ ကောင်ရှိတယ်

(ခ) ၂ + ၈ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပြပါ



မောင်မောင်မှာ ကိတ်မုန့် ___၂___ ခုရှိတယ် အခု သူ့ကို ကိတ်မုန့် ___၈___ ခု
ထပ်ပေးလိုက်တယ် ထပ်ပေးလိုက်ပြီးရင် မောင်မောင်မှာ ကိတ်မုန့် ___၁၀___ ခုရှိတယ်

(ဂ) ၃ + ၅ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပြပါ



မေးခွန်း(ဂ)အတွက်အဖြေနမူနာ

အောက်ပါတို့မှာ ၃ + ၅ အတွက် နမူနာပုံပြင်များ ဖြစ်သည်။ ကလေးများကို "မူလက ၀၀ ရှိတယ်။ ၀၀ ထပ်ရောက်လာတယ်။ တိုးလာပြီးတော့ ၀၀ ရှိတယ်" ဟူ၍ တင်ပြပါစေ။

မူလက ဇင်ဇင်မှာ ပန်းသီး ၃ လုံး ရှိတယ် သူ့အမေက ပန်းသီး ၅ လုံး ထပ်ပေးတယ် တိုးလာပြီးတော့ ပန်းသီး ၈ လုံးရှိတယ်



မူလက ကြောင် ၃ ကောင် ရှိတယ် ကြောင် ၅ ကောင်နောက်ထပ် ရောက်လာတယ် တိုးလာပြီးတော့ ကြောင် ၈ ကောင်ရှိတယ်



သင်ခန်းစာ ၉ (၉/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများကို သုညဖြင့် ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဘောလုံးပုံကတ်ပြားနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဘောလုံး ၂ လုံးပုံနှင့် ဘောလုံး ၁ လုံးပုံ ကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ဘက်က ခြင်းတောင်းထဲမှာ ဘောလုံးဘယ်လောက်ရှိသလဲ။
- ညာဘက်က ခြင်းတောင်းထဲမှာ ဘောလုံးဘယ်လောက်ရှိသလဲ။
- ဘောလုံး အားလုံး ဘယ်လောက်ရှိသလဲ။
- ညီမျှခြင်းနဲ့ ဘယ်လိုဖော်ပြမလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အတူတူထားရန် ဘောလုံး ၂လုံးနှင့် ၁လုံးကို ရွေ့ပါ။

၂။ ၂ + ၀၊ ၁ + ၀၊ ၀ + ၂၊ ၀ + ၁ နှင့် ၀ + ၀ ပုစ္ဆာများအတွက် ဘောလုံးပုံကားချပ်များကို သုံးပြီး ၂ + ၁ = ၃ တွင် မေးသကဲ့သို့ အလားတူ မေးခွန်းများကို မေးပါ။

[သင်ကြား သင်ယူရမည့် အချက်များ]

➔ ဘောလုံးမရှိခြင်းကို သုည '၀' ဖြင့် ဖော်ပြသည်ကို ကလေးများ မှတ်မိပါစေ။

➔ ဘောလုံးများ အတူတူထားခြင်း ဥပမာကို သုံး၍ သုည '၀'ပါသော်လည်း ပေါင်းခြင်းကို ပြုလုပ်နိုင်ကြောင်း ရှင်းပြပါ။

၃။ မေးခွန်း (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြား သင်ယူရမည့် အချက်များ]

➔ ကလေးများအခက်အခဲရှိလျှင် ၂ + ၁ = ၃ တွင်မေးသည့် အလားတူမေးခွန်းများကို မေးပါ။

၄။ အောက်ပါအချက်များကို ပြောပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

- သုည '၀' ကို ကိန်းတစ်ခုဖြင့် ပေါင်းလျှင် ထိုကိန်းပဲ ပြန်ရသည်။

သုညနဲ့ပေါင်းကြမယ်

၅ ခြင်းတောင်းနှစ်ခုထဲက ဘောလုံးတွေကို အတူတူထားလိုက်ရင် ဘောလုံးဘယ်လောက်ရှိသလဲ



၂ + ၁ = ၃ လုံး

၂ + ၀ = ၂ လုံး

၁ + ၀ = ၁ လုံး

၀ + ၂ = ၂ လုံး

၀ + ၁ = ၁ လုံး

၀ + ၀ = ၀ လုံး



ကိန်းတစ်ခုခုနဲ့ သုညကိုပေါင်းရင် အဖြေက အဲဒီကိန်းပဲဖြစ်တယ်

၆ ပေါင်းပါ

(က) ၄ + ၀ = ၄ (ခ) ၀ + ၇ = ၇ (ဂ) ၀ + ၈ = ၈

(ဃ) ၆ + ၀ = ၆ (င) ၀ + ၃ = ၃ (စ) ၉ + ၀ = ၉

၄၉

ဖြည့်စွက်အသိပညာ – ၀ နှင့် ပေါင်းခြင်း

ကိန်းတစ်ခုကို ၀ နှင့် ပေါင်းလျှင် အပြောင်းအလဲမရှိဘဲ ထိုကိန်းသာပြန်ရသည့် အတွက် ၀ နှင့် ပေါင်း၍ ရသည့်အဖြေက ရှင်းသည်။ ထို့ကြောင့် ၀ နှင့် ပေါင်းရန် လိုအပ်ချက်ကို ကလေးများအလွယ်တကူ နားလည်ကြမည်မဟုတ်။ သို့သော် အတန်းကြီးလာသောအခါ ခု၊ ဆယ်၊ ရာ တစ်ခုခုတွင် ၀ ပါသော ဂဏန်း ၂လုံး သို့မဟုတ် ၃လုံး (၃လုံးထက်ပို) ပါကိန်းများကို တွက်ချက်ရာတွင် မရှိမဖြစ် လိုသော ကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။ (ဥပမာ ၈၀ + ၄၃၊ ၅၀၂ + ၁၉၃)

ထိုအကြောင်းကြောင့် "ညာဘက်က ခြင်းထဲမှာ ပန်းသီး ၂ လုံး ရှိတယ် ဘယ်ဘက်က ခြင်းထဲမှာ ပန်းသီးတစ်လုံးမျှ မရှိဘူး ပန်းသီးအားလုံး ဘယ်လောက် ရှိသလဲ" စသည့် လက်တွေ့ဘဝမှ အဖြစ်အပျက်များကိုသုံးပြီး ဆရာက ကလေးများ ကို ၀ နှင့် ပေါင်းခြင်း၏အဓိပ္ပာယ်ကို နားလည်စေဖို့ရန် အလွန်အရေးကြီးသည်။

အပေါင်းကတ်ပြားတွေရေးပြီး စီကြမယ်



(က) အပေါင်းကတ်ပြားတွေရေးပြီး
အဖြေတူအပေါင်းကတ်ပြားတွေကို ဒေါင်လိုက်စီပါ

(ခ) ဒေါင်လိုက်စီထားတဲ့ အပေါင်းကတ်ပြားတွေကို ကြည့်ရင်
ရှေ့ကိန်းအစဉ်နဲ့ နောက်ကိန်းအစဉ်တွေမှာ ဘယ်လိုတွေ့ရသလဲ

(ဂ) အလျားလိုက်စီထားတဲ့ အပေါင်းကတ်ပြားတွေကိုကြည့်ရင်
ဘယ်လိုတွေ့ရသလဲ

(ဃ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

(ခ) ပထမကိန်းတစ်ခုတိုးသွားလျှင် ဒုတိယကိန်းတစ်ခုလျော့သွားသည်။

(ဂ) ညာဘက်ရွေ့သွားတိုင်း ဒုတိယကိန်းနှင့် အဖြေက တစ်ခုတိုးသွားသည်။

(ဃ) ပုံတွင် ပြထားသည့်အတိုင်း တစောင်းကြည့်လျှင် ဒုတိယကိန်းများတူသည်။

၁၀ အထိကိန်းများပေါင်းခြင်း၏အရေးပါပုံ

၁၀ အတွင်း ကိန်းများပေါင်းခြင်းသည် အပေါင်းအားလုံး၏ အခြေခံကျွမ်းကျင်မှု တစ်ခုဖြစ်သည်။ ထို့ကြောင့် ၁၉ အထိကိန်းများပေါင်းခြင်းကို မသင်ယူမီ ကလေးများသည် အပေါင်း၏အဓိပ္ပာယ်နှင့် အပေါင်းကိုလက်ချိုးမရေတဲ့ ကျွမ်းကျင်လျင်မြန်စွာ တွက်တတ်ရန် လိုသည်။

ထိုသို့လုပ်နိုင်ရန် အကွက်ငယ်များကို ကိုင်တွယ်ပြီး ၁၀ အထိ ကိန်းများပေါင်းခြင်းကို အချိန်လုံလောက်စွာ လေ့ကျင့်ရန်လိုသည်။ အကွက်ငယ်များသုံးပြီး ပေးထားသောပုစ္ဆာများကို လျင်မြန်စွာဖြေရှင်းနိုင်သောအခါ အကွက်ငယ်များမသုံးဘဲ ပေါင်းတတ်ရန် လေ့ကျင့်ရမည်။

အပေါင်းကတ်ပြားများဖြင့် လေ့ကျင့်ခြင်းသည် ကလေးများ၏ အတွက်အချက် ကျွမ်းကျင်မှုတိုးတက်လာရန် နည်းလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကတ်ပြားများသုံးပြီး အပေါင်းကို ပုံမှန်လေ့ကျင့်သင့်သည်။

သင်ခန်းစာ ၁၀၊ ၁၁ (၁၀၊ ၁၁/၁၃)

သင်ခန်းစာ၏ ဦးတည်ချက်

- ၁၀ အထိ အပေါင်းများကို ကျွမ်းကျင်စွာ ပေါင်းတတ်ရန်နှင့် ၁၀ အထိ အပေါင်းများတွင် အဖြေများ၏ ထူးခြားချက်များကို ပြောတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးနှစ်ဦးလျှင် ကတ်ပြား ၄၅ ချပ်
- သင်ပုန်းပေါ် ကပ်ရန် အပေါင်းကတ်ပြား အကြီး ၄၅ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးနှစ်ယောက်တစ်တွဲကို ပုံပါအတိုင်း အပေါင်းကတ်ပြား ၄၅ ချပ် ပြုလုပ်ပါစေ။ (ရှေ့ဘက်တွင် အပေါင်း၊ နောက်ကျောတွင် အဖြေ)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားပေါ်တွင် ကိန်းကြီးကြီး ရေးပါစေ။

➔ ကတ်ပြားအားလုံးကို ရေးသားပြီးစီးသောအခါ ကလေးများကတ်ပြားအားလုံးတွင် ရေးပြီး၊ အဖြေအားလုံး မှန်၊ မမှန် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ ကလေးနှစ်ယောက်တစ်တွဲ အပေါင်းကတ်ပြားများသုံးပြီး အပေါင်းကို လေ့ကျင့်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆရာက အပေါင်းကတ်ပြား၏ ရှေ့ဘက်ကို ပြပြီး တစ်တန်းလုံးက အဖြေပေးရမည်။

➔ ထိုသို့ မေးဖြေခြင်းကို ကလေးများအလှည့်အကျင့် ဖြစ်သွားသောအခါ နှစ်ယောက်တစ်တွဲ အပြန်အလှန် မေးပါစေ။

၃။ ကလေးများအား အဖြေတူအပေါင်းကတ်ပြား အကြီးကိုပုံပါအတိုင်း သင်ပုန်းပေါ်တွင် ဒေါင်လိုက်စီစဉ်ပါစေ။

၄။ မေးခွန်း (ခ)၊ (ဂ)နှင့်(ဃ) ကို တစ်တန်းလုံးအား မေးပြီး တွေ့ရှိချက်ကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရှိလျှင် ကလေးနှစ်ယောက်တစ်တွဲ အပေါင်းကတ်ပြားများသုံးပြီး အပေါင်းကို လေ့ကျင့်ပါစေ။

သင်ခန်းစာ ၁၂၊ ၁၃ (၁၂၊ ၁၃/၁၃)

သင်ခန်းစာ၏ ဦးတည်ချက်

- ၁၀ အထိ အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံ ကတ်ပြားနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများအား မေးခွန်း (၁) ပါ ပုစ္ဆာများကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ခုပြီးတစ်ခု ဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြား သင်ယူရမည့် အချက်များ]

➔ ကလေးများအား အခက်အခဲရှိလျှင် အကွက်များကို သုံးပါ။

၂။ မေးခွန်း (၂) မှ (၆) အထိကို ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်တွင် ဖြေပါစေ။

[သင်ကြား သင်ယူရမည့် အချက်များ]

➔ မေးခွန်းတိုင်းအတွက် ညီမျှခြင်းနှင့် အဖြေကို ရေးပါစေ။

➔ အဖြေကို ညီမျှခြင်းနှင့်အတူ တစ်တန်းလုံးကို တင်ပြပြီး စစ်ဆေးပါ။

➔ ကလေးများအခက်အခဲရှိလျှင် အကွက်များကို သုံးပါစေ။

အခန်း ၆ အပေါင်း သင်ခန်းစာ ၁

လေ့ကျင့်ခန်း (၃)

၁။ အောက်ပါတို့ကိုပေါင်းပါ။

(က) ၅ + ၄ = ၉ (ခ) ၁ + ၆ = ၇ (ဂ) ၇ + ၃ = ၁၀

(ဃ) ၄ + ၃ = ၇ (င) ၅ + ၀ = ၅ (စ) ၂ + ၆ = ၈

(ဆ) ၃ + ၁ = ၄ (ဇ) ၂ + ၇ = ၉ (ဈ) ၀ + ၀ = ၀

(ည) ၈ + ၁ = ၉ (ဋ) ၄ + ၆ = ၁၀ (ဌ) ၅ + ၂ = ၇

(ဍ) ၃ + ၃ = ၆ (ဎ) ၁ + ၇ = ၈ (ဏ) ၆ + ၃ = ၉

၂။ ပန်းသီးအစိမ်း ၅ လုံးနှင့် ပန်းသီးအနီ ၂ လုံးရှိသည်။ အတူတူထားလျှင် ပန်းသီးမည်မျှရှိသနည်း။ ၅ + ၂ = ၇ အဖြေ ၇ လုံး

၃။ နွယ်နွယ်တွင် ပန်းအနီ ၃ ပွင့်နှင့် ပန်းအဖြူ ၆ ပွင့်ရှိသည်။ သူမှာ ပန်းပွင့်အားလုံး ပေါင်း မည်မျှရှိမည်နည်း။ ၃ + ၆ = ၉ အဖြေ ၉ ပွင့်

၄။ ကျောင်းကစားကွင်းတွင် မောင်မောင်တစ်ယောက်တည်းရှိနေသည်။ နောက်ထပ် သူငယ်ချင်း ၉ ယောက် ရောက်လာသည်။ ကျောင်းကစားကွင်းတွင် ကလေးပေါင်း မည်မျှရှိသနည်း။ ၁ + ၉ = ၁၀ အဖြေ ၁၀ ယောက်

၅။ ယောကျ်ားလေးတစ်ယောက်သည် သကြားလုံး ၄ လုံး၊ မိန်းကလေး တစ်ယောက်သည် သကြားလုံး ၄ လုံး၀ယ်လာသည်။ သူတို့သည် သကြားလုံးပေါင်း မည်မျှ၀ယ်လာသနည်း။ ၄ + ၄ = ၈ အဖြေ ၈ လုံး

၆။ အိမ်ခေါင်မိုးပေါ်တွင် ငှက် ၇ ကောင်ရှိသည်။ နောက်ထပ် ငှက် ၂ ကောင် ရောက်လာသည်။ ငှက်အားလုံးပေါင်း မည်မျှရှိသနည်း။

၇ + ၂ = ၉ အဖြေ ၉ ကောင်

၅၁

ပုစ္ဆာများကိုဖြေရှင်းခြင်း

ဤအခန်းတွင် ကလေးများသည် အောက်ပါပုံတွင် ပြထားသည့်အဆင့်များအတိုင်း အပေါင်းဆိုင်ရာပုစ္ဆာများကို သင်ယူခဲ့ကြသည်။ နောက်ဆုံးအဆင့်တွင် ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများကိုမသုံးဘဲ ပုစ္ဆာကို ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရသည်။ သို့သော် အခက်အခဲရှိသေးလျှင် ဒုတိယအဆင့်သို့ ပြန်သွားပြီး ပစ္စည်းစစ်၊ ကိုယ်စားပြုပစ္စည်းများကို သုံးနိုင်သည်။

ပစ္စည်းစစ်များ ကိုယ်စားပြုပစ္စည်းများ ➡ သချိ်ာပုံပြင်

⬇

ပစ္စည်းစစ်များ ကိုယ်စားပြုပစ္စည်းများ ➡ ညီမျှခြင်း ➡ အဖြေ

⬇

မေးခွန်း ➡ ညီမျှခြင်း ➡ အဖြေ

အခန်း ၇ အနုတ် သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိ ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းကိုပြုလုပ်တတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၃.၁ ။ အဖြေ ၁၀ အတွင်းရမည့် နုတ်ခြင်းကိုပြုလုပ်တတ်ရန်

စာသင်ချိန်

- ၁၅ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	'လျော့သွားခြင်း'ပုံပြင်ကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်။	● ပစ္စည်းစစ်ပုံ၊ ကိုယ်စားပြုပစ္စည်းပုံများမှ 'လျော့သွားခြင်း' ပုံပြင်များကို ပြုလုပ်ခြင်း။ ● ထိုပုံများကို ညီမျှခြင်းဖြင့် ဖော်ပြခြင်း။	● ကလေးများသည် ပုံများမှ 'လျော့သွားခြင်း' ပုံပြင်များကို ပြုလုပ်တတ်မည်။ ● ကလေးများသည် 'လျော့သွားခြင်း' ပုံပြင်မှ ညီမျှခြင်းများကို ပြုလုပ်တတ်မည်။ ● ကလေးများသည် ညီမျှခြင်းများကို မှန်ကန်စွာ ရေးတတ်ဖတ်တတ်မည်။
၂–၃	၁၀ အထိ ကိန်းများကို အသုံးပြု၍ လျော့သွားခြင်းပုံစံ အနုတ်ပဟေဠိများကို ဖြေရှင်းတတ်ရန်။	● မေးခွန်းနှင့်ပုံမှ ညီမျှခြင်းရေးပြီး အဖြေကိုရှာခြင်း။ ● ရုပ်ပုံမပါသည့် အနုတ်များကို နုတ်ခြင်း။	● ကလေးများသည် ညီမျှခြင်းကိုရေးပြီး မှန်ကန်စွာ ဖြေရှင်းနိုင်မည်။ ● ကလေးများသည် မျိုးပြပစ္စည်း(ကောင်၊ ယောက်) နှင့်တကွ အဖြေကို မှန်ကန်စွာရေးတတ်မည်။
၄	၁၀ အထိပေးထားသော နုတ်ခြင်းမှ လျော့သွားခြင်း ပုံပြင်များ ပြုလုပ်တတ်ရန်။	● ၁၀ အထိ ပေးထားသောကိန်းများ နုတ်ခြင်းမှ လျော့သွားခြင်းပုံပြင်ကို ပုံနှင့်တကွပြုလုပ်ပြီး ညီမျှခြင်းရေးခြင်း။	● ကလေးများသည် ပေးထားသော နုတ်ခြင်းမှ ကိန်းများ လျော့သွားခြင်းပုံပြင်ကို ရုပ်ပုံပြပြီး ရှင်းပြတတ်မည်။ ● ကလေးများသည် ညီမျှခြင်း ရေးတတ်မည်။
၅	၁၀ အထိ 'ဖြည့်စွက်ခြင်း'ပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● အနုတ်ပုစ္ဆာနှင့် ပုံမှ ညီမျှခြင်းနှင့်အဖြေကိုရေးခြင်း။ ● ၁၀ အထိကိန်းများ နုတ်ခြင်းကို လေ့ကျင့်ခြင်း။	● ကလေးများသည် အနုတ်ပုစ္ဆာနှင့်ပုံမှ ညီမျှခြင်း ရေးပြီး မှန်ကန်စွာ ဖြေရှင်းနိုင်မည်။ ● ကလေးများသည် မျိုးပြပစ္စည်း(ဥပမာ ခု၊ ကောင်၊ ယောက်)နှင့်တကွ အဖြေကို မှန်ကန်စွာ ရေးတတ်မည်။ ● ကလေးများသည် ၁၀ အထိ ကိန်းများကို မှန်ကန်စွာ နုတ်နိုင်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	ခြားနားခြင်းပုံပြင်များကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်။	● ပုံများ၊ ပစ္စည်း၊ ကိုယ်စားပြုပစ္စည်းများဖြင့် ခြားနားခြင်း ပုံပြင်များ ပြုလုပ်ခြင်း။ ● ညီမျှခြင်းများဖြင့် 'ခြားနားခြင်း' ပုံပြင်များကို ဖော်ပြခြင်း။	● ကလေးများသည် ရုပ်ပုံများမှ 'ခြားနားခြင်း' ပုံပြင်များကို ပြုလုပ်တတ်မည်။ ● ကလေးများသည် 'ခြားနားခြင်း' ပုံပြင်များမှ ညီမျှခြင်းများကို ပြုလုပ်တတ်မည်။
၇ – ၈	၁၀ အထိ ကိန်းများဖြင့် 'ခြားနားခြင်း'ပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● မေးခွန်းနှင့်ပုံမှ ညီမျှခြင်းရေးပြီး အဖြေကို ရှာခြင်း။ ● ကိန်းနှစ်ခု၏ ခြားနားခြင်းကို အနုတ်သုံးပြီး ရှာခြင်း။	● ကလေးများသည် ခြားနားခြင်းပုစ္ဆာများကို ညီမျှခြင်းရေးပြီး မှန်ကန်စွာဖြေရှင်းနိုင်မည်။ ● ကလေးများသည် မိုးပြပစ္စည်း(ကောင်၊ ယောက်) နှင့်တကွ အဖြေကို မှန်ကန်စွာ ရေးတတ်မည်။ ● ကလေးများသည် ကိန်းနှစ်ခု၏ ခြားနားခြင်းကို အနုတ်သုံးပြီး ရှာတတ်မည်။
၉	ပေးထားသော ၁၀ အထိကိန်းများ နုတ်ခြင်းကို 'ခြားနားခြင်း'ပုံပြင်များ ပြုလုပ်တတ်ရန်။	● ၁၀ အထိ ပေးထားသော နုတ်ခြင်းမှ ခြားနားခြင်း ပုံပြင်ကို ပုံနှင့်တကွပြုလုပ်ပြီး ညီမျှခြင်း ရေးခြင်း။	● ကလေးများသည် ပေးထားသော နုတ်ခြင်းမှ ခြားနားခြင်းပုံပြင်ကို ရုပ်ပုံပြပြီး ရှင်းပြတတ်မည်။ ● ကလေးများသည် ညီမျှခြင်းရေးပြီး ဖြေရှင်းတတ်မည်။
၁၀	၁၀ အထိ ကိန်းများမှ သုညကို နုတ်တတ်ရန်။	● ရုပ်ပုံကိုကြည့်ပြီး သုညကို နုတ်တတ်ခြင်း။ ● ၁၀ အထိ ကိန်းများမှ သုညကို နုတ်ခြင်း။	● ကလေးများသည် ရုပ်ပုံကို ကြည့်ပြီး ကိန်းမှ သုညကို နုတ်ခြင်းကို ရေးနိုင်မည်။ ● ကလေးများသည် ၁၀ အထိ ကိန်းများမှ သုညကို မှန်ကန်စွာ နုတ်နိုင်မည်။
၁၁ – ၁၂	၁၀ အထိ နုတ်ခြင်းကို ကျွမ်းကျင်စွာ တွက်တတ်ရန်နှင့် အဖြေတူ အနုတ်ကတ်ပြားများကိုဒေါင်လိုက်၊ အလျားလိုက်စီတတ်ရန်။	● ကိန်းနှစ်လုံး အနုတ်ကတ်ပြားများပြုလုပ်ပြီး ၁၀ အထိကိန်းများ နုတ်ခြင်းကို လေ့ကျင့်ခြင်း။ ● အဖြေတူ အနုတ်ကတ်ပြားများကို ဒေါင်လိုက် စီစဉ်ခြင်း။ ● အဖြေတူ အနုတ်ကတ်ပြားများကို အလျားလိုက် စီစဉ်ခြင်း။	● ၁၀ အထိကိန်းများ အနုတ်ကတ်ပြားများကို အဖြေမှန်ဖြင့် ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၁၀ အထိ ကိန်းနှစ်လုံး အနုတ်ကို မှန်ကန်စွာနှင့် လျင်မြန်စွာဖြေနိုင်မည်။ ● ကလေးများသည် အဖြေတူ အနုတ်ကတ်ပြားများကို ဒေါင်လိုက် စီစဉ်တတ်မည်။ ● ကလေးများသည် အဖြေတူ အနုတ်ကတ်ပြားများကို အလျားလိုက် စီစဉ်တတ်မည်။
၁၃ – ၁၅	၁၀ အထိ ကိန်းများ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်။	● ၁၀ အထိကိန်းများ နုတ်ခြင်းကို လေ့ကျင့်ခြင်း။ ● ၁၀ အထိကိန်းများ အနုတ်ပုစ္ဆာများကိုဖြေရှင်းခြင်း။	● ကလေးများသည် အနုတ်ပုစ္ဆာများကို သချိုင်းညီမျှခြင်းများဖြင့် မှန်ကန်စွာဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

အပေါင်းကဲ့သို့ပင် အနုတ်ကို ကျွန်ုပ်တို့ နေ့စဉ်ဘဝတွင် အသုံးချနိုင်ရန် အခြေအနေများစွာ ရှိသည်။ ဤအခန်းတွင် လျော့သွားခြင်း၊ ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်းဟူ၍ အနုတ်သုံးမျိုးကို သင်ကြားမည်။ ထိုအနုတ်များကို ကလေးများ၏ နေ့စဉ်ဘဝ အဖြစ်အပျက်များနှင့် ဆက်စပ်၍ သင်ယူစေမည် ဖြစ်သည်။

'လျော့သွားခြင်း' ပုံစံအနုတ်

(ဥပမာ)
ပန်းသီး ၃ လုံးရှိသည်။ ပန်းသီး ၂ လုံးကို စားလိုက်လျှင် ပန်းသီးမည်မျှကျန်သနည်း။



ဤအနုတ်ပုံစံ၌ မူလက ပစ္စည်းအရေအတွက်တစ်စုံတစ်ရာရှိပြီး ယင်းတို့ထဲမှ တချို့ကို နောက်မှထုတ်ယူလိုက်သည်။ ကျန်သည့် အရေအတွက်ကိုရှာရန် အနုတ်ကိုအသုံးပြုသည်။ ကျောင်းသုံးစာအုပ်တွင် လျော့သွားခြင်းဖြစ်ရပ်ကိုပြရန် အထက်ပါပုံတွင် ပြထားသည့်အတိုင်း မြားများ၊ မျဉ်းပြတ်ပါသော ဘောင်များဖြင့် ပြထားသည်။ ဤပုံစံအနုတ်သည် ပုံစံ ၃ မျိုးအနက် ကလေးများအတွက် အလွယ်ကူဆုံး ဖြစ်သည်။ ထို့ကြောင့် ဤပုံစံအနုတ်ကို ပထမဦးစွာသင်ကြားခြင်း ဖြစ်သည်။

'ဖြည့်စွက်ခြင်း' ပုံစံအနုတ်

(ဥပမာ)
အနီရောင်နှင့် အစိမ်းရောင် ပန်းသီး စုစုပေါင်း ၃ လုံးရှိသည်။ ပန်းသီး ၂ လုံးက အစိမ်းရောင်ဖြစ်သည်။ အနီရောင်ပန်းသီးမည်မျှရှိသနည်း။



အနုတ်ပုံစံတွင် ပစ္စည်းနှစ်မျိုးရှိပြီး ပစ္စည်းတစ်မျိုး၏ အရေအတွက်ကို ပေးထားသည်။ ထို့နောက် တခြားပစ္စည်းတစ်မျိုး၏ အရေအတွက်ကို ရှာရန် အနုတ်ကို အသုံးပြုရမည်။ ကျောင်းသုံးစာအုပ်တွင် ဖြည့်စွက်ခြင်းဖြစ်ရပ်ကို မျဉ်းပြတ်ပါသော ဘောင်များသုံး၍ ပြထားသည်။

'ခြားနားခြင်း' ပုံစံအနုတ်

(ဥပမာ)
အနီရောင်ပန်းသီး ၃ လုံးနှင့် အစိမ်းရောင်ပန်းသီး ၂ လုံး ရှိသည်။
အနီရောင်ပန်းသီးက အစိမ်းရောင်ပန်းသီးထက် မည်မျှပိုသနည်း။



အနုတ်ပုံစံတွင် ပစ္စည်း ၂ မျိုး ရှိသည်။ ပစ္စည်း ၂ မျိုး၏ အရေအတွက်များ၏ ခြားနားခြင်းကို ရှာရန် အနုတ်ကို အသုံးပြုသည်။ ဤကျောင်းသုံးစာအုပ်တွင် ခြားနားခြင်းဖြစ်ရပ်ကို ပုံတွင်ပြထားသည့်အတိုင်း အရောင်မတူသည့်အကွက်များကိုသုံးကာ ပစ္စည်း ၂ မျိုးကို တစ်ခုတစ်ခုချင်း ယှဉ်တွဲခြင်းဖြင့် ပြသည်။

ပထမတန်း ကလေးများအတွက် အထက်ပါဖြစ်ရပ်သုံးမျိုးသည် တစ်ခုနှင့်တစ်ခု အလွန်ကွာခြားသည်ဟု ထင်ရနိုင်သည်။ ဖြစ်ရပ်တိုင်းတွင် ၃ − ၂ = ၁ ဟူသည့် နုတ်ခြင်းကိုသာ အသုံးပြုထားသည်ကို ကလေးများ နားလည်ရမည်။

၁၀ အထိ ကိန်းများနှုတ်ခြင်းသင်ခန်းစာ ဖွဲ့စည်းပုံ

အဓိကအားဖြင့် ဤအခန်းတွင် သင်ကြားသင်ယူမှု ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။



ဤအခန်းအတွက်သီပြီးအသိပညာများ

ဤအခန်းတွင် ကလေးများသည် အနုတ်ကို ပထမဦးဆုံးအကြိမ်လေ့လာခြင်း ဖြစ်သည်။ သို့သော် အခန်း (၂) ၁၀ အထိ ကိန်းများ တွဲခြင်းနှင့် ကိန်းများခွဲခြင်းတွင် အနုတ်သဘောကို အနည်းငယ်လေ့လာခဲ့ပြီး ဖြစ်သည်။ ကလေးများသည် အနုတ်ကို ပိုမိုနားလည်စေရန် ဆရာများသည် ထိုသီပြီး အသိပညာများကို ပြန်လည်ဖော်ထုတ်အသုံးချသင့်သည်။

သင်ခန်းစာ ၁ (၁/၁၅)

သင်ယူမှုဦးတည်ချက်

- လျော့သွားခြင်း ပုံပြင်ကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပူဖောင်းရုပ်ပုံကားချပ်၊ ပန်းသီး၊ ရုပ်ပုံကားချပ် နှင့် အိတ်ပါကားချပ်
- အကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် ပူဖောင်းပုံထည့်ထားသော အိတ်ပါ ကားချပ်ကို ကပ်ပြီး ကလေးများကို အောက်ပါမေးခွန်းများကို မေးပါ။

- မူလက ပူဖောင်း ဘယ်လောက်ရှိသလဲ။
- ပူဖောင်း ဘယ်လောက်လျော့သွားသလဲ။
- လျော့သွားပြီးနောက် ပူဖောင်း ဘယ်လောက် ကျန်သလဲ။

ကျောင်းသုံးစာအုပ်မှ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ လျော့သွားခြင်း သဘောကို နားလည်စေရန် အိတ်ပါကားချပ်မှ ပူဖောင်း ၃ လုံးကို ဖယ်လိုက်ပါ။

➔ လိုအပ်လျှင် ပူဖောင်း အရေအတွက်ကို ပြောင်းပြီး တခြားပူဖောင်းပုံပြင်ကို ပြောပါ။

၂။ အကွက်ထည့်ထားသော အိတ်ပါ ကားချပ်ကို သင်ပုန်းပေါ်တွင် ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- မူလက အကွက် ဘယ်လောက်ရှိသလဲ။
- အကွက် ဘယ်လောက်ယူသွားသလဲ။
- လျော့သွားပြီးနောက် အကွက် ဘယ်လောက် ကျန်သလဲ။

ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လျော့သွားခြင်းကို ရှင်းပြရန် ကားချပ်ထဲမှ ကတ်ပြား ၃ ခုကို ထုတ်လိုက်ပါ။

➔ လိုအပ်လျှင် အကွက် အရေအတွက်ကို ပြောင်းပြီး တခြားလျော့သွားခြင်း ပုံပြင်ကို မေးပါ။

၇ အနုတ် သင်ခန်းစာ ၁

ဘယ်လောက်ကျန်သလဲ



၅၂

ဖြည့်စွက်ရှင်းလင်းချက် – 'လျော့သွားခြင်း'ပုံစံ အနုတ်

ဤအခန်းတွင် ကလေးများသည် 'လျော့သွားခြင်း'၊ 'ဖြည့်စွက်ခြင်း'နှင့် 'ခြားနားခြင်း' ဟူသော အနုတ် ပုံစံ ၃ မျိုးကို သင်ယူရမည်။ ထိုအနုတ် ၃ မျိုးအတွက် ကတ်ပြား ရွေ့လျားပုံ ၃ မျိုးကို အသုံးပြုမည်။

'လျော့သွားခြင်း'ပုံစံ အနုတ်၌ ဥပမာ၊ ၃ – ၂ တွင် ကတ်ပြား ၃ ခုကို အလျင်ထားသည်။ ထို့နောက်မှ 'လျော့သွားခြင်း'ကို ပြရန် ကတ်ပြား ၂ ခုကို ဖယ်လိုက်သည်။

အောက်ပါပုံတွင် ပြထားသည့်အတိုင်း ဤလှုပ်ရှားမှုကို မြား၊ မျဉ်းပြတ်ပါသော ဘောင်ဖြင့် ဖော်ပြသည်။



၃။ ပန်းသီးပုံနှင့် အကွက်ပုံများ ထည့်ထားသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- မူလက ပန်းသီး ဘယ်လောက် ရှိသလဲ။
- ပန်းသီး ဘယ်လောက်စားလိုက်သလဲ။
- လျော့သွားပြီးနောက် ပန်းသီး ဘယ်လောက် ကျန်သလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်မှ ပန်းသီးပုံနှင့် အကွက်များကို ချိတ်ဆက်ပေးပါ။ ယင်းတို့အားရွှေ့ပြီး လျော့သွားခြင်း သဘောကို ပြရန် 'လျော့သွားသည်' ဆိုသည့်စကားကို ထပ်ခါထပ်ခါပြောဆိုပါ။

၄။ အောက်ပါတို့ကို စတင်သင်ကြားပါ။

- '–' ၊ '=' နှင့် အဓိပ္ပာယ် အပါအဝင် ၅ – ၂ =၃ ဟူသည့် ညီမျှခြင်းအဓိပ္ပာယ်
- ၅ –၂ = ၃ ကို မည်သို့ ဖတ်ရမည်။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်း၊ ပန်းသီး လျော့သွားခြင်း ပုံပြင်၊ ကတ်ပြားများရွှေ့ခြင်း ညီမျှခြင်းကို ချိတ်ဆက်ပါ။

၅။ ပူဖောင်း ပုံပြင် အတွက် ညီမျှခြင်းနှင့် အဖြေကို ရေးစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် တခြား အနုတ်ပုံပြင်များ ပေးပြီး ညီမျှခြင်း၏ အဓိပ္ပာယ်နှင့်ညီမျှခြင်းအား မည်သို့ဖတ်ရမည်ကို မေးပါ။

၆။ ညီမျှခြင်း၏ အဓိပ္ပာယ်နှင့် မည်သို့ ဖတ်ရမည် ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပန်းသီးလျော့သွားခြင်း ပုံပြင်နှင့်ကတ်ပြားများ ရွှေ့ခြင်းကို ညီမျှခြင်းနှင့် ချိတ်ဆက်ပါ။



ဖြည့်စွက်ရှင်းလင်းချက် – နုတ်ခြင်းတွင်သုံးသည့်အသုံးအနှုန်း (လျော့သွားခြင်း)

ဤအခန်းတွင် 'လျော့သွားခြင်း' ပုံစံ အနုတ်အတွက် 'ဘယ်လောက်ကျန်သလဲ' ဆိုသည့် စကားစုကို အများဆုံး သုံးထားသည်။ သို့သော် အနုတ်ကို အသုံးပြုသည့် ကိစ္စရပ်များစွာရှိပြီး ထိုကိစ္စရပ်များအတွက် အောက်ပါဖော်ပြချက်များကို အသုံးပြုသည်။

(၁) စားလိုက်လျှင်

(၂) ပျံသွားပြီးနောက်

(၃) ထွက်ပြေးသွားပြီးနောက်

(၄) ရောင်းလိုက်ပြီးနောက်

(၅) လွတ်သွားသော်

သို့ဖြစ်၍ ကလေးများသည် ထိုကိစ္စရပ်များတွင် နုတ်ရမည်ကို သိရမည်။

သင်ခန်းစာ ၂ (၂/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများကို အသုံးပြု၍ လျော့သွားခြင်းပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်တွင် ကပ်ရန် ငှက်ပုံကားချပ်၊ ကြောင်ပုံကားချပ်နှင့် အိတ်ပါကားချပ်
- ကလေးများအတွက် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ငှက်ပုံနှင့် အကွက်ပုံပါသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- မူလက ငှက်ဘယ်လောက်ရှိသလဲ။
- ငှက်ဘယ်လောက် ထွက်သွားသလဲ။
- လျော့သွားပြီးနောက် ငှက် ဘယ်လောက် ကျန်သလဲ။

ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၁) ပါ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ငှက်ပုံ၊ အကွက်ပုံ ကတ်ပြားနှင့် ညီမျှခြင်းကို ချိတ်ဆက်ပါစေ။

➔ သင်ပုန်းပေါ်မှ ကတ်ပြားများကို ရွှေ့ပါ၊ 'လျော့သွားခြင်း'သဘောကိုပြုရန် ကလေးများ၏ ကိုယ်ပိုင်အကွက်များကို ရွှေ့ပါစေ။

၂။ ကြောင်ပုံ၊ ပင့်ကူပုံနှင့် ကတ်ပြားများ သုံးပြီး မေးခွန်း (၂) နှင့် (၃) ကို တစ်တန်းလုံး ဖြေရှင်းပါစေ။ အောက်ပါမေးခွန်းများကို ဖြေပါ။

- မူလက ကြောင်/ပင့်ကူ ဘယ်လောက်ရှိသလဲ။
- ကြောင်/ပင့်ကူ ဘယ်လောက်ထွက်သွားသလဲ။
- လျော့သွားပြီးနောက် ကြောင်/ပင့်ကူ ဘယ်လောက်ကျန်သလဲ။

မေးခွန်း (၂) နှင့် (၃) တွင် ကွက်လပ်ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ငှက်ပုံ၊ ကတ်ပြားနှင့် ညီမျှခြင်းကို ချိတ်ဆက်ပါစေ။

➔ သင်ပုန်းပေါ်တွင် ကတ်ပြားများကို ရွှေ့ပြီး ကလေးများကိုလည်း သူတို့၏ ကိုယ်ပိုင် အကွက်များကို ရွှေ့ပါစေ။

သင်ခန်းစာ (၂)

လေ့ကျင့်ခန်း (၁)

၁။ ငှက် ၄ ကောင် ရှိသည်။ ငှက် ၂ ကောင် ပျံသွားလျှင် ငှက်မည်မျှကျန်သနည်း။



၄ – ၂ = ၂ အဖြေ ၂ ကောင်

၂။ ကြောင် ၃ ကောင်ရှိသည်။ ကြောင် ၁ ကောင် ထွက်သွားလျှင် ကြောင်မည်မျှ ကျန်သနည်း။



၃ – ၁ = ၂ အဖြေ ၂ ကောင်

၃။ ပင့်ကူ ၅ ကောင် ရှိသည်။ ပင့်ကူ ၁ ကောင်ထွက်သွားလျှင် ပင့်ကူမည်မျှ ကျန်သနည်း။



၅ – ၁ = ၄ အဖြေ ၄ ကောင်

ဖြည့်စွက်ရှင်းလင်းချက် – 'လျော့သွားခြင်း'ပုံစံ အနုတ်

ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းကို ကလေးများ အခန်း(၂)တွင် သင်ယူခဲ့သည်။ အနုတ်ကို သင်ယူရာ၌ ထိုသိပြီးအသိပညာကို ပြန်လည်အသုံးပြုနိုင်သည်။ (ဥပမာ အနေဖြင့်) ၇ ၏ ကိန်းခွဲခြင်းကို အနုတ်သင်ယူရာတွင် အောက်ပါအဆင့်များအတိုင်း ပြန်လည်အသုံးပြုနိုင်သည်။

(၁) ကလေး (က) နှင့် (ခ) သည် သူတို့ ကစားနေကျ ကစားနည်းဖြစ်သည့် '၇ မိတ်ဆွေ'ကို ကစားကြသည်။ (အခန်း ၂ သင်ခန်းစာ ၃ ကို ကြည့်ပါ)

(၂) ကလေးများသည် '၇ မိတ်ဆွေ' ကစားနည်းကို ဆက်လက်ကစားကြသည်။ သို့သော် ယခုတကြိမ်တွင် (ဥပမာအနေဖြင့်) ကလေး (က) က '၇ အနုတ် ၂ က' ဟုပြော၍ လက်နှစ်ချောင်းထောင်ပြသည်။ ထို့နောက် ကလေး(ခ) က '၅'ဟု ပြော၍ လက်ငါးချောင်းထောင်ပြသည်။

(၃) ဤတစ်ကြိမ်တွင် ကလေး (က) က လက်ချောင်းများ အစား ၇ – ၁၊ ၇ – ၂၊ ၇ – ၆ စသည့် ကိန်းကတ်ပြားများသုံးသည်။ ကလေး (က) က '၇ အနုတ် ၂' ဟု ပြောကာ ၇ – ၂ ကတ်ပြားကို ပြသည်။ ကလေး (ခ) က '၅' ဟု ပြောကာ ဖြေဆိုသည်။ ကလေး (ခ) သည် မေးခွန်းအားလုံးကို လက်ချိုးမရေတွက် အမြန်ဖြေနိုင်သည်အထိ ကလေး(က) ကိန်းကတ်ပြားကို ကျပန်းရွေးချယ်ပြီး ထပ်တလဲလဲ ပြုလုပ်ရမည်။

၇ အပြင် တခြားကိန်းများကိုလည်း ဤနည်းအတိုင်းအသုံးပြုနိုင်သည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၃။ မေးခွန်း (၄) နှင့် (၅) ကို ဖြေပြီး ကွက်လပ်များ တွင် ဖြည့်ပါစေ။ မေးခွန်းတစ်ခုဖြေပြီးတိုင်း အဖြေ ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

ပဟေဠိဖြေရှင်းရာ၌ ကလေးများ အခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် ပုံများ၊ ကတ်ပြားများသုံးပြီး ရှင်းပြပါ။

၄။ ဥပမာ ၄ – ၃ ကို မည်သို့ တွက်ရမည်ကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃ (၃/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများကို အသုံးပြု၍ လျော့သွားခြင်းပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးရုပ်ပုံကားချပ်၊ အကွက်များနှင့် အိတ်ပါ ကားချပ်
- ကလေးများအတွက် အကွက်များ

[သင်ကြားသင်ယူရမည့်အချက်များ]

၁။ ကလေးရုပ်ပုံများနှင့် ကတ်ပြားများပါသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- မူလက ကလေး ဘယ်လောက်ရှိသလဲ။
- ကလေး ဘယ်လောက်ထွက်သွားသလဲ။
- ထွက်သွားပြီးနောက် ကလေးဘယ်လောက် ကျန်သလဲ။

မေးခွန်း (၆)မှ ကွက်လပ်ကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးပုံများ၊ အကွက်များနှင့် ညီမျှခြင်းကို ချိတ်ဆက်ပါ။

➔ သင်ပုန်းပေါ်မှ ကတ်ပြားများ ရွှေ့ပါ။ ကလေးများ တွက်ချက်ရာတွင် အကွက်များကို ရွှေ့ပါစေ။

၂။ မေးခွန်း(၇)ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိသော ကလေးများကို အကွက်ပုံကတ်ပြားများ သုံးပြီး ကူညီပါ။

၃။ မည်သို့ နုတ်ရမည်ကို ပြောကြားပြီး သင်ခန်းစာ ကို နိဂုံးချုပ်ပါစေ။

၄။ သရက်သီး ၃ လုံးရှိသည်။ သရက်သီး ၂ လုံးစားလိုက်လျှင် သရက်သီးမည်မျှ ကျန်သနည်း။



၃ – ၂ = ၁ အဖြေ ၁ လုံး

၅။ ဘဲ ၅ ကောင်ရှိသည်။ ဘဲ ၄ ကောင် ထွက်သွားလျှင် ဘဲမည်မျှကျန်သနည်း။



၅ – ၄ = ၁ အဖြေ ၁ ကောင်

(၁) နှုန်းစဉ်

၆။ ကလေး ၈ ယောက်ရှိသည်။ ကလေး ၅ ယောက် ထွက်သွားလျှင် ကလေးမည်မျှ ကျန်သနည်း။



၈ – ၅ = ၃ အဖြေ ၃ ယောက်

(၂) နှုန်းစဉ်

၇။ အောက်ပါတို့ကိုတွက်ပါ။

(က) ၅ – ၂ = ၃ (ခ) ၄ – ၁ = ၃ (ဂ) ၅ – ၃ = ၂ (ဃ) ၃ – ၁ = ၂

(င) ၆ – ၅ = ၁ (စ) ၉ – ၄ = ၅ (ဆ) ၇ – ၂ = ၅ (ဇ) ၈ – ၆ = ၂

ဖြည့်စွက်လေ့ကျင့်ခန်း

ကွက်လပ်ဖြည့်ပါ။ (၇ အပြင် တခြားကိန်းများဖြင့်လည်း အလားတူမေးခွန်း များပြုလုပ်နိုင်သည်)



၂ အနုတ်ပုံပြင်တွေ ပြောပြရအောင်

(က) ၈ – ၃ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



လိမ္မော်သီး ___၈___ လုံးရှိတယ် လိမ္မော်သီး ___၃___ လုံးကို စားလိုက်တယ်
လိမ္မော်သီး ___၅___ လုံးကျန်တယ်

(ခ) ၇ – ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ဆိတ် ___၇___ ကောင်ရှိတယ် ဆိတ် ___၄___ ကောင် ထွက်ပြေးသွားတယ်
ဆိတ် ___၃___ ကောင် ကျန်တယ်

(ဂ) ၆ – ၂ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ



မေးခွန်း (ဂ) အတွက်နမူနာအဖြေများ

အောက်ပါတို့သည် ၆ – ၂ အတွက် နမူနာ ပုံပြင်များဖြစ်သည်။ "မူလက ဝဝ ရှိသည်။ ထို့နောက် ဝဝ ကို စားလိုက်သည်။ လျော့သွားပြီးနောက် ဝဝ ရှိသည်"

မူလက မင်းမင်းမှာ ပန်းသီး ၆ လုံး ရှိတယ် ထို့နောက် ၂ လုံးကို စား လိုက်တယ် လျော့သွားပြီးနောက် ပန်းသီးဘယ်လောက်ရှိသလဲ



မူလက ကြောင် ၆ ကောင်ရှိတယ် ထို့နောက်တော့ ကြောင် ၂ ကောင် ထွက်ပြေးသွားတယ် လျော့သွားပြီး နောက် ကြောင်ဘယ်လောက်ရှိမလဲ



သင်ခန်းစာ ၄ (၄/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ပေးထားသော နုတ်ခြင်းမှ လျော့သွားခြင်း ပုံပြင်များ ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- လိမ္မော်သီးပုံ၊ ဆိတ်ပုံကားချပ်နှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ လိမ္မော်သီးပုံကို အိတ်ပါကားချပ်ထဲထည့်ပြီး သင်ပုန်းပေါ်တွင် ကပ်ပါ။ ပုစ္ဆာ(က)ကို မေးခွန်းများမေးပြီး ကလေးများနှင့်အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ မေးခွန်းများကို မေးပါ။
ပုံထဲမှာ ၈ က ဘယ်မှာလဲ။
ပုံထဲမှာ ၃ က ဘယ်မှာလဲ။
'–' ကို တွေ့ရင် ဘာလုပ်မလဲ

➔ သင်ပုန်း ပေါ်တွင် ၅ – ၃ = ၂ ဟူ၍ ညီမျှခြင်း အပြည့်အစုံရေးပါ။

၂။ ဆိတ်ပုံကို အိတ်ပါကားချပ်ထဲထည့်ပြီး သင်ပုန်းပေါ်ကပ်ပါ။ ပုစ္ဆာ(ခ)ကို မေးခွန်းများမေးပြီး ကလေးများနှင့်အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (က) ကဲ့သို့ အလားတူ မေးခွန်းများ မေးပါ။

➔ ၇ – ၄ = ၃ ကို သင်ပုန်းပေါ်တွင် ရေးပါ။

၃။ ကလေးတစ်ဦးချင်းစီကို စာရွက်အလွတ် (သို့) လေ့ကျင့်ခန်းစာအုပ်ထဲတွင် ၆ – ၂ အတွက် ပုံပြင်ပြုလုပ်စေပြီး ပုံဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံနှင့်အတူ ညီမျှခြင်း ရေးပါစေ။

၄။ ပုံပြင်၊ ရုပ်ပုံနှင့်ညီမျှခြင်းကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "မူလက ဝဝ ရှိသည်။ ထို့နောက် ဝဝ ကို ဖယ်ထုတ်လိုက်သည်။ လျော့သွားပြီးနောက် ဝဝ ရှိသည်" စသည့် ဝါကျများသုံးပြီး တင်ပြပါစေ။

➔ အချိန်ရလျှင် နုတ်ခြင်း နောက်တစ်ခုပေးပြီး ပုံပြင် ပြုလုပ်ပါစေ။

၅။ "ယနေ့ ကလေးတို့ ဘာတွေသင်ယူခဲ့သလဲ" စသည့် မေးခွန်းများမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၅ (၅/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ဖြည့်စွက်ခြင်းပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပန်းပွင့်၊ ဘောလုံးပုံ၊ အကွက်များ၊ အိတ်ပါကားချပ်နှင့် ကတ်ပြားများ
- ကလေးများအတွက် အကွက်များ

[သင်ကြားသင်ယူရမည့်အချက်များ]

၁။ ပန်းပွင့်ပုံကားချပ်နှင့် အကွက်များကို အိတ်ပါကားချပ်တွင်ထည့်ပြီး ကလေးများကို အောက်ပါမေးခွန်းများ မေးပါ။

- ပန်းပွင့် အားလုံး ဘယ်လောက်ရှိသလဲ။
- အနီရောင် ပန်းပွင့် ဘယ်လောက်ရှိသလဲ။
- ပန်းပွင့် အားလုံး၏ အရေအတွက်နှင့် အနီရောင်ပန်းပွင့်၏ အရေအတွက်ကို ပေးထားလျှင် အဝါရောင်ပန်းပွင့်၏ အရေအတွက်ကို ဘယ်လိုရှာမလဲ။

ထို့နောက် ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပန်းပွင့်ပုံ၊ အကွက်နှင့် ညီမျှခြင်းတို့ကို ချိတ်ဆက်ပါစေ။

➔ ဖြည့်စွက်ခြင်းသဘောကိုပြရန် သင်ပုန်းပေါ်တွင် ကတ်ပြားလေးခုကို ဖုံးထားပါ (ဖြည့်စွက်ခြင်းပုံစံအနုတ်တွင် ကြည့်ပါ)

➔ နုတ်ခြင်းကို အသုံးပြုနိုင်ရန်အတွက် ကတ်ပြားအရေအတွက်ကိုလျော့ရန် ကတ်ပြားလေးခုကို ဖုံးလိုက်သည်ကို အဓိက ညွှန်ပြပါ။

၂။ မေးခွန်း (၂) နှင့် (၃) ကို တစ်ဦးချင်းစီ ဖြေစေပြီး တစ်ခုပြီးလျှင် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအခက်အခဲရှိလျှင် သင်ပုန်းပေါ်တွင် ရုပ်ပုံများ အကွက်များ သုံးပြီး ရှင်းပြပါ။

၃။ လေ့ကျင့်ခန်း (၂)ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ "ယနေ့ ကလေးတို့ ဘာတွေ သင်ယူခဲ့သလဲ" စသည့် မေးခွန်းများမေးပြီး ဖြေဆိုစေ၍ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၂ (ဃ) **ပန်းအဝါနဲ့ ပန်းအနီ အားလုံးပေါင်း ပန်း ၉ ပွင့်ရှိတယ် ပန်းအနီ ၄ ပွင့်ရှိရင် ပန်းအဝါ ဘယ်နှပွင့်ရှိသလဲ**



၉ – ၄ = ၅ အဖြေ ၅ ပွင့်

၂ အစိမ်းရောင်နဲ့ အပြာရောင်ဘောလုံး အားလုံးပေါင်း ၆ လုံးရှိတယ် ဘောလုံး ၃ လုံးက အပြာရောင်ဖြစ်ရင် အစိမ်းရောင်ဘောလုံး ဘယ်နှလုံးရှိသလဲ



၆ – ၃ = ၃ အဖြေ ၃ လုံး

၃ အခန်းထဲမှာ ကလေး ၁၀ ယောက်ရှိတယ် ၂ ယောက်က ယောက်ျားလေးဖြစ်တယ် မိန်းကလေး ဘယ်နှယောက်ရှိသလဲ **၁၀ – ၂ = ၈ အဖြေ ၈ ယောက်**

လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၇ – ၂၅ (ခ) ၈ – ၆ ၂ (ဂ) ၅ – ၄ ၁ (ဃ) ၉ – ၇ ၂

(င) ၁၀ – ၃ ၇ (စ) ၁၀ – ၇ ၃ (ဆ) ၁၀ – ၅ ၅ (ဇ) ၁၀ – ၈ ၂

ဖြည့်စွက်ခြင်းပုံစံအနုတ်

'ဖြည့်စွက်ခြင်း'ပုံစံအနုတ်တွင် တခြားအနုတ်ပုံစံများနှင့် မတူသော ရွေ့လျားမှုကို အသုံးပြုသည်။ ဥပမာ၊ ၃ – ၂ တွင် ကတ်ပြားသုံးခုကို အလျင် ထားသည်။ ထို့နောက်မှ 'ဖြည့်စွက်ခြင်း'ကို ပြရန် ကတ်ပြားနှစ်ခုကို စာရွက် တစ်ရွက်ဖြင့် ဖုံးလိုက်သည်။

ဤကျောင်းသုံးစာအုပ်တွင် ယင်းအခြေအနေကို အစက်မျဉ်းဖြင့် ဖော်ပြသည်။ (အောက်ပါပုံတွင် ပြထားသည့်အတိုင်း)



သင်ခန်းစာ ၆ (၆/၁၅)

သင်ယူမှုဦးတည်ချက်

- 'ခြားနားခြင်း'ပုံစံ ပုံပြင်များကို ညီမျှခြင်းများဖြင့် ဖော်ပြတတ်ရန်။

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- နွား၊ ကြက်ကလေးနှင့် ကြက် ရုပ်ပုံ ကားချပ်
- အရောင် ၂ မျိုးရှိသောကတ်ပြားများနှင့် ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ နွားရုပ်ပုံများ ထည့်ထားသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- နွားညို ဘယ်လောက်ရှိသလဲ။
- နွားမည်း ဘယ်လောက်ရှိသလဲ။
- ဘယ်နွားကပိုများသလဲ၊ ဘယ်လိုနိုင်းယှဉ်မလဲ။
- နွားညိုက နွားမည်းထက် ဘယ်လောက်ပိုများသလဲ။

ကျောင်းသုံးစာအုပ်မှ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နွား ၂ မျိုးကို တစ်ကောင် တစ်ကောင်ချင်းစီ ယှဉ်တွဲပေးခြင်းဖြင့် 'ခြားနားခြင်း' သဘောကို ရှင်းပြပါ (နောက်စာမျက်နှာမှ ဖြည့်စွက်ရှင်းလင်းချက်ကို ကြည့်ပါ)

၂။ ကတ်ပြားများ ထည့်ထားသည့် ကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- အဝါရောင်ကတ်ပြား ဘယ်လောက်ရှိသလဲ။
- အဖြူရောင်ကတ်ပြား ဘယ်လောက်ရှိသလဲ။
- ဘယ်အရောင်က ပိုများသလဲ၊ ဘယ်လို နှိုင်းယှဉ်မလဲ။
- အဝါရောင် ကတ်ပြားက အဖြူရောင်ကတ်ပြားထက် ဘယ်လောက် ပိုများသလဲ။

ကျောင်းသုံးစာအုပ်မှ ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် ကတ်ပြားအရေအတွက်ကို ပြောင်းပြီး တခြား ခြားနားခြင်းပုံပြင်ကို မေးပါ။

➔ ဤဖြစ်ရပ်ကို ရှင်းပြရန် အောက်ပါအတိုင်း ဖော်ပြချက်အမျိုးမျိုးရှိသည်ကို သိပါစေ။

- ၇ သည် ၅ ထက် ၂ ပိုသည်။
- ၇ နှင့် ၅ ၏ ခြားနားခြင်းသည် ၂ ဖြစ်သည်။

ဘယ်လောက်ခြားနားသလဲ

ပုံပြင်တစ်ပုဒ်ပြောပြမယ်



နွားညို ၇ ကောင်
နွားမည်း ၅ ကောင်
ရှိတယ်



နွားညိုက နွားမည်းထက်
၂ ကောင်ပိုများတယ်





အဝါရောင်အကွက် ၇ ကွက်နဲ့
အဖြူရောင်အကွက် ၅ ကွက်
ရှိတယ်

အဝါရောင်အကွက်က အဖြူရောင်
အကွက်ထက် ၂ ကွက် ပိုများတယ်

၇ က ၅ ထက် ၂ ပိုကြီးတယ် (နောက်တစ်နည်း) ၇ နဲ့ ၅ ရဲ့ ခြားနားခြင်းက ၂ ဖြစ်တယ်

ဖြည့်စွက်ရှင်းလင်းချက် – နုတ်ခြင်းတွင် သုံးသည့် စကားအသုံးအနှုန်းများ (ခြားနားခြင်း)

'ခြားနားခြင်း'ပုံစံအနုတ်တွင် အဓိကအားဖြင့် ဖော်ပြချက် ၃ မျိုးရှိသည်။

(၁) A က B ထက် ဘယ်လောက်ပိုများသလဲ။

(၂) ဘယ်အရာက ပိုများသလဲ၊ ဘယ်လောက်ပိုများသလဲ။

(၃) A နှင့် B ကြား ခြားနားခြင်းကို ရှာပါ။

ကလေးများသည် ပထမဖော်ပြချက်ကို သင်ယူသောအခါ A သည် B ထက် ပိုကြီးသောကြောင့် A ထဲက B ကို နုတ်ရမည်ကို အလေးအနက်ထားပါ။ (၂) နှင့် (၃) ဖြစ်ရပ်များအတွက် ကြီးသော၊ များသောအရာကို အလျင်ရှာရမည်ဖြစ်ပြီး (များသောအရာ) မှ (နည်းသောအရာ)ကို နုတ်ရမည်ကို အလေးထားပါစေ။

၃။ ကြက်ပုံနှင့် ကတ်ပြားများကို သင်ပုန်းပေါ်ထားပြီး အောက်ပါအတိုင်း မေးပါ။

- ကြက်ဝါ ဘယ်လောက်ရှိသလဲ။
- ကြက်နီ ဘယ်လောက်ရှိသလဲ။
- ဘယ်ကြက်ပိုများသလဲ၊ ဘယ်လိုနှိုင်းယှဉ်မလဲ။
- ကြက်ဝါက ကြက်နီထက် ဘယ်လောက် ပိုများသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကြက်ဝါ၊ ကြက်နီနှင့် ကတ်ပြားများကို ချိတ်ဆက်ပါစေ။

➔ ခြားနားခြင်း သဘောကို ပြရန် တစ်ခုကိုတစ်ခု ယှဉ်တွဲပြပါ။ (ဖြည့်စွက်ရှင်းလင်းချက်ကို ကြည့်ပါ)

၄။ ခြားနားခြင်း ဖြစ်ရပ်သည်လည်း အနုတ် သဘောဖြစ်ပြီး ခြားနားခြင်းကို ၉ – ၆ = ၃ ဖြင့် ပြသသည်ကို သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းကို ခြားနားခြင်း ပုံပြင်၊ ကတ်ပြားများရွှေ့ခြင်းနှင့် ချိတ်ဆက်ပါ။

၅။ ယခင် စာမျက်နှာမှ နွားပုံပြင်အတွက် ညီမျှခြင်းနှင့် အဖြေ ရေးပါစေ။
အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် တခြား အနုတ် ညီမျှခြင်းရေးပါစေ။

၆။ 'ခြားနားခြင်း'ပုံစံ အနုတ်၏အဓိပ္ပာယ်နှင့် မည်သို့ နုတ်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၃ ကြက်ဝါတွေက ကြက်နီတွေထက် ဘယ်လောက်ပိုများသလဲ





၉ က ၆ ထက် ၃ ပိုများသည်။ (နောက်တစ်နည်း)
၉ နှင့် ၆ ၏ ခြားနားခြင်းသည် ၃ ဖြစ်သည်ကို

၉ – ၆ = ၃

ဟု ရေးသည်။

အဖြေ ၃ ကောင်



၄ ရှေ့စာမျက်နှာက ပုံပြင်ကို ညီမျှခြင်းတစ်ခုရေးပြီး အဖြေဖော်ပြပါ

၇ – ၅ = ၂ အဖြေ ၂ ကောင်

ဖြည့်စွက်ရှင်းလင်းချက် – 'ခြားနားခြင်း'ပုံစံ အနုတ်

'ခြားနားခြင်း'ပုံစံ အနုတ်တွင် အရောင်မတူသော ကတ်ပြား ၂ မျိုးကို အသုံးပြုသည်။ ဥပမာအနေဖြင့် ၃ – ၂ ကို တွက်ချက်သည့် အဆင့်များကို အောက်ပါအတိုင်း ရှင်းပြထားသည်။

(၁) အဝါရောင်ကတ်ပြား ၃ ခုနှင့်အဖြူရောင်ကတ်ပြား ၂ ခုကို အပြိုင်ထားထားသည်။

(၂) တစ်ခု တစ်ခုချင်းယှဉ်တွဲသည့်သဘောကိုသုံး၍ အဝါရောင်ကတ်တစ်ခုစီကို အဖြူရောင်ကတ်ပြားတစ်ခုစီနှင့် ပုံပါအတိုင်းယှဉ်တွဲမည်။

(၃) အဝါရောင်ကတ်များသည် အဖြူရောင်ကတ်များထက် ၁ ခု ပိုသည်မှာ ထင်ရှားလာပေမည်။ အဓိပ္ပာယ်မှာ ၃ – ၂ = ၁ ဖြစ်သည်။



လေ့ကျင့်ခန်း (၃)

၁။ ကျီးကန်း ၄ ကောင်နှင့် ကြက် ၃ ကောင်ရှိသည်။ ကျီးကန်းသည် ကြက်ထက် မည်မျှပိုများသနည်း။



၄ – ၃ = ၁ အဖြေ ၁ ကောင်

၂။ ခွေး ၅ ကောင်နှင့် ကြောင် ၈ ကောင်ရှိသည်။ ကြောင်သည် ခွေးထက် မည်မျှပိုများသနည်း။



၈ – ၅ = ၃ အဖြေ ၃ ကောင်

၃။ ပန်းကန်ပြား ၂ ချပ်နှင့် ကိတ်မုန့် ၆ ခု ရှိသည်။ ပန်းကန်ပြားတစ်ချပ်လျှင် ကိတ်မုန့်တစ်ခုစီထည့်သော် ပန်းကန်ပြား မည်မျှထပ်လိုသနည်း။

၆ – ၂ = ၄ အဖြေ ၄ ချပ်

၄။ ကိန်းနှစ်ခု၏ ခြားနားခြင်းကို ရှာပါ။

(က) ၁၀ နှင့် ၁၉ (ခ) ၉ နှင့် ၈ ၁ (ဂ) ၅ နှင့် ၇ ၂

(ဃ) ၅ နှင့် ၂ ၃ (င) ၁၀ နှင့် ၄ ၆ (စ) ၃ နှင့် ၆ ၃

၅။ ကားအိမ် ၄ စီးနှင့် ကားအပြာ ၁၀ စီးရှိသည်။ ကားအိမ်နှင့် ကားအပြာ အရေအတွက် မည်မျှခြားနားသနည်း။ ၁၀ – ၄ = ၆ အဖြေ ၆ စီး

အမျိုးအစားမတူသောပစ္စည်း ၂ မျိုးပါသည့်အနုတ်

'ဤအခန်းတွင် အမျိုးအစားမတူသော ပစ္စည်း ၂ မျိုးပါသည့် အနုတ်ကို မိတ်ဆက် ဖော်ပြထားသည်။

ဥပမာ၊ ပန်းကန် ၂ ချပ်နဲ့ ကိတ်မုန့် ၆ လုံးရှိသည်။ ပန်းကန်မည်မျှ ထပ်လိုသနည်း။



ဤအနုတ် ပုံစံသည် ခြားနားခြင်း ပုံစံ ဖြစ်သည်။ ညီမျှခြင်းဖြင့် ဆိုလျှင် ၆–၂=၄ ပင် ဖြစ်သည်။ ညီမျှခြင်းမှ ၆ သည် ကိတ်မုန့် အရေအတွက်ကို ဖော်ပြပြီး၊ ၂ သည် ပန်းကန်ပါသော ကိတ်မုန့်အရေအတွက်ကို ဖော်ပြသည်။ ၄ က ပန်းကန်မပါသော ကိတ်မုန့်အရေအတွက်ကို ဖော်ပြသည်။ သို့ ဖြစ်၍ ၆–၂ သည် (ကိတ်မုန့် ၆ခု) ထဲက (ပန်းကန် ၂ ချပ်)ကို နုတ်သည့် အဓိပ္ပာယ် မဟုတ်သည်ကို သတိပြုရမည်။

သင်ခန်းစာ ၇၊ ၈ (၇၊ ၈ / ၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများဖြင့် 'ခြားနားခြင်း'ပုံစံ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ခန်းစာပါ ရုပ်ပုံကားချပ်၊ အဝါရောင်ကတ်ပြားနှင့် အဖြူရောင်ကတ်ပြား

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ရုပ်ပုံကားချပ်နှင့် ကတ်ပြားများကို သင်ပုန်းပေါ် ထားပြီးနောက် အောက်ပါအတိုင်း မေးပါ။

- ကျီး ဘယ်လောက်ရှိသလဲ။
- ကြက် ဘယ်လောက်ရှိသလဲ။
- ဘယ်ဟာက ပိုများသလဲ၊ ဘယ်လို နှိုင်းယှဉ်မလဲ။
- ကျီးက ကြက်ထက် ဘယ်လောက် ပိုများသလဲ။

ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၁)ပါ ကွက်လပ်များတွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'ခြားနားခြင်း' သဘောကိုပြရန် အရောင်မတူသောကတ်ပြား ၂မျိုးကို တစ်ခုစီယှဉ်တွဲပါ။

၂။ ထိုနည်းအတိုင်း မေးခွန်း (၂) နှင့် (၃) ကို တစ်ဦးချင်းဖြေစေပြီး မေးခွန်းတစ်ခုပြီးတိုင်း အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိသေးလျှင် သင်ပုန်းပေါ်တွင် ကတ်ပြားများ သုံးပြီး ရှင်းပြပါ။

၃။ မေးခွန်း (၄) နှင့် (၅) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်း ဖြေစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ ဤမေးခွန်းများကို ဖြေရာတွင် အောက်ပါအတိုင်း အဆင့် ၂ ဆင့် လုပ်ဆောင်ရမည်ကို အလေးအနက်ထားပါ။

(၁) ဘယ်အရာက ပိုကြီး၊ ပိုများသည်ကို ရှာပါ။

(၂) ကြီးသောအရာမှ ငယ်သောအရာကို နုတ်ပါ။

➔ အခက်အခဲရှိသော ကလေးများကို သင်ပုန်းပေါ်တွင် ကတ်ပြားများသုံးပြီး ပုံပိုးပေးပါ။

၄။ ခြားနားခြင်းပုံစံ အနုတ်ပုစ္ဆာများကို မည်သို့တွက်ရမည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၉ (၉/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိပေးထားသော နုတ်ခြင်းမှ 'ခြားနားခြင်း' ပုံပြင်များ ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပန်းသီးပုံ၊ မုန်လာဥနီပုံ၊ ခရမ်းသီးပုံအကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပန်းသီးအနီပုံ(၁)နှင့် ပန်းသီးအစိမ်းပုံ(၂) ပါသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ မေးခွန်းများမေးပြီး ပုစ္ဆာ(က)ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ မေးခွန်းများကို မေးပါ။

- ပုံထဲမှာ ၇ က ဘယ်မှာလဲ။
- ပုံထဲမှာ ၄ က ဘယ်မှာလဲ။
- ပုံထဲမှာ ၇ – ၄ က ဘယ်မှာလဲ။

➔ သင်ပုန်းပေါ်တွင် ၇ – ၄ = ၃ ဟူ၍ ညီမျှခြင်းကို အပြည့်အစုံ ရေးပါ။

၂။ မုန်လာဥနီပုံနှင့် ခရမ်းသီးပုံများကို ကားချပ်ထဲထည့်ကာ သင်ပုန်းပေါ်ကပ်ပါ။ ပုစ္ဆာ (က) တွင် မေးခဲ့သော မေးခွန်းများကိုမေးပြီး ပုစ္ဆာ(ခ)ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၉ – ၇ = ၂ ကို သင်ပုန်းပေါ်တွင် ရေးပါ။

၃။ ကလေးတစ်ဦးချင်းစီကို စာရွက် အလွတ် (သို့) လေ့ကျင့်ခန်းစာအုပ်ထဲတွင် ၈ – ၃ အတွက် ပုံပြင်ရေးပြီး ပုံဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံနှင့်တကွ ညီမျှခြင်း အပြည့်အစုံ ရေးပါစေ။

၄။ ပုံ၊ ညီမျှခြင်းပါသောပုံပြင်အသီးသီးကို အတန်းသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ '၀၀ နှင့် ၀၀ တို့ ရှိသည်။ ၀၀သည် ၀၀ ထက် ၀၀ ပိုရှိသည်' စသည့် စကားများသုံးပြီး တင်ပြပါစေ။

➔ အချိန်ရလျှင် ညီမျှခြင်း နောက်တစ်ခု ပေးပြီး ပုံပြင် ပြုလုပ်ပါစေ။

၅။ 'ဒီနေ့ ဘာတွေ သင်ယူခဲ့သလဲ' မေးခွန်းမေးပြီး ဖြေစေ၍ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၄ အနုတ်ပုံပြင် ပြောကြမယ်

(က) ၇ – ၄ ကို ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



အရောင်မခွဲခြားနိုင်သော ကလေးများရှိလျှင် အပေါ်တန်းသည် ပန်းသီးအနီအောက်တန်းသည် ပန်းသီးအစိမ်းဖြစ်ကြောင်းပြောပါ

ပန်းသီးအနီ ___၇___ လုံးနဲ့ ပန်းသီးအစိမ်း ___၄___ လုံးရှိတယ်

ပန်းသီးအနီက ပန်းသီးအစိမ်းထက် ___၃___ လုံးပိုများတယ်

(ခ) ၉ – ၇ အတွက် ကွက်လပ်ဖြည့်ပြီး ပုံပြင်ပြောပါ



ခရမ်းသီး ___၉___ လုံးနဲ့ မုန်လာဥနီ ___၇___ လုံးရှိတယ် ခရမ်းသီးက မုန်လာဥနီထက် ___၂___ လုံး ပိုများတယ်

(ဂ) ၈ – ၃ အတွက် ပုံဆွဲပြပြီး ပုံပြင်ပြောပါ



နမူနာအဖြေကို အောက်တွင်ကြည့်ပါ။

ပုစ္ဆာ (ဂ) အတွက်နမူနာအဖြေများ

အောက်ပါတို့သည် ၇ – ၄ ၏ နမူနာပုံပြင်များဖြစ်သည်။ "၀၀ နှင့် ၀၀ တို့ ရှိသည်။ ၀၀ သည် ၀၀ ထက် ၀၀ ပိုရှိသည်"စသည့် စကားများသုံးပြီး တင်ပြပါစေ။

ပန်းအနီ ၇ ပွင့်နဲ့ ပန်းအပြာ ၄ ပွင့် ရှိတယ် ပန်းအနီက ပန်းအပြာထက် ၃ ပွင့်ပိုများတယ်



ပန်းသီး ၇ လုံးနဲ့ လိမ္မော်သီး ၄ လုံး ရှိတယ် ပန်းသီးက လိမ္မော်သီးထက် ၃ လုံး ပိုတယ်



သုညကိုနုတ်ကြမယ်

၅ **ပူဖောင်း ၃ လုံးရှိတယ် ပူဖောင်းတချို့ လွတ်သွားရင် ပူဖောင်း ဘယ်နှလုံးကျန်သလဲ**



၃ − ၁ = ___၂___ လုံး



၃ − ၂ = ___၁___ လုံး



၃ − ၃ = ___၀___ လုံး



၃ − ၀ = ___၃___ လုံး



ကိန်းတစ်လုံးထဲက "၀" သုညကို နုတ်ရင် အဖြေက အဲဒီကိန်းပဲဖြစ်တယ်



ကိန်းတစ်လုံးထဲက အဲဒီကိန်းကိုပဲ နုတ်ရင် ဘယ်ကိန်းရသလဲ

၆ တွက်ပါ

(က) ၄ − ၀ = ၄ (ခ) ၅ − ၅ = ၀ (ဂ) ၁၀ − ၀ = ၁၀

(ဃ) ၀ − ၀ = ၀ (င) ၆ − ၀ = ၆ (စ) ၂ − ၂ = ၀

ဖြည့်စွက်အသိပညာ − ၀ ဖြင့်နုတ်ခြင်း

'၀' (သုည) ဖြင့် နုတ်ခြင်း ၃ မျိုး ရှိသည်။ ယင်းတို့မှာ −

(၁) a - a = 0

(၂) a - 0 = 0

(၃) 0 - 0 = 0

သုည၏ အဓိပ္ပာယ်ကိုသုံး၍ ရှင်းပြနိုင်သောကြောင့် ပထမအမျိုးအစားက ကလေးများအတွက် လွယ်ကူသည်။ သို့သော် ဒုတိယနှင့် တတိယအမျိုးအစား၏ အဓိပ္ပာယ်က ကလေးများအတွက် ခက်ခဲနိုင်သည်။

သို့ဖြစ်၍ "မူလက ပူဖောင်း___လုံးရှိသည်။ ပူဖောင်း___လုံး လွတ်လိုက်ပြီး ပူဖောင်း___ လုံးရှိသည်" ဆိုသည့် အနုတ်ပုံစံကို ရှင်းပြရန် နေ့စဉ်ဘဝမှ ဥပမာများကို အသုံးပြုရန် အရေးကြီးသည်။

ထိုအနုတ်ပုံစံများကို သင်ကြားသင်ယူမည့် လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၃ − ၁ = ၂ → ၃ − ၂ = ၁ → ၃ − ၃ = ၀ → ၃ − ၀ = ၃ →

၂ − ၀ = ၂ → ၁ − ၀ = ၁ ၀ − ၀ = ၀ →

သင်ခန်းစာ ၁၀ (၁၀/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများမှ သုညကို နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပူဖောင်းပုံ ကားချပ်နှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပူဖောင်းပုံ ၃ ပုံကို အိတ်ပါကားချပ်ထဲ ထည့်၍ သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- အစက ပူဖောင်း ဘယ်လောက်ရှိလဲ။
- ပူဖောင်း ဘယ်လောက်လွတ်သွားသလဲ။
- ပူဖောင်း ဘယ်လောက်ကျန်သလဲ။
- ညီမျှခြင်းနဲ့ ဘယ်လို ဖော်ပြနိုင်သလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဒုတိယမေးခွန်းကို မေးသောအခါ အိတ်ပါကားချပ်ထဲမှ ပူဖောင်းပုံတစ်ပုံကို ဖယ်ထုတ်လိုက်ပါ။

၂။ ၃ − ၂၊ ၃ − ၁၊ ၃ − ၀ တို့ အသီးသီးကို ဖြေရှင်းရာ၌ ပူဖောင်း ပါသည့် ကားချပ်ကို သုံး၍ ၃ − ၁ = ၂ တွင် မေးသည့် မေးခွန်းများ အတိုင်း မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'ပူဖောင်း တစ်ခုမျှ လွတ်မသွားခြင်း'ကို '၀(သုည) ပူဖောင်းလွတ်သွားခြင်း'ဟု ယူဆနိုင်ကြောင်းကို ပြောပါ။

၃။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၄) ကို ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ၃ − ၁ = ၂ တွင် မေးသည့် မေးခွန်းများအတိုင်း မေးပါ။

၄။ အောက်ပါအချက်များကို ဖော်ပြခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

- ကိန်းတစ်ခုထဲက '၀' (သုည)ကို နုတ်ရင် ထိုကိန်းပဲ ပြန်ရတယ်။
- ကိန်းတစ်ခုထဲက ထိုကိန်းကိုပဲ ပြန်နုတ်ရင် '၀' (သုည)ရတယ်။

➔ အထက်ပါ အချက် ၂ ချက်ကို ကလေးများကိုယ်တိုင် တွေ့ရှိရန် ပံ့ပိုးပေးပါ။

သင်ခန်းစာ ၁၀၊ ၁၁ (၁၀၊ ၁၁/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ နုတ်ခြင်းကို ကျွမ်းကျင်စွာ တွက်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးနှစ်ယောက်တစ်တွဲအတွက် ကတ်ပြားအလွတ် ၄၅ ခု
- သင်ပုန်းပေါ်ကပ်ရန် အနုတ် ကတ်ပြားအကြီး ၄၅ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးနှစ်ယောက်တွဲစီသည် ပုံတွင်ပြထားသည့်အနုတ်ကတ်ပြား ၄၅ ခု ပြုလုပ်ပါစေ (ကတ်ပြားပေါ်တွင် ၀ – ၀ ဟု ရေးပြီး နောက်ကျောတွင် အဖြေရေးပါစေ)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားပေါ်တွင် ကိန်းများကို ကြီးကြီးရေးပါစေ။

➔ ကတ်ပြားများ အားလုံးပြုလုပ်ပြီးသောအခါ ကလေးများကတ်ပြားအားလုံး လုပ်၊ မလုပ် အဖြေ မှန်၊ မမှန် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ နှစ်ယောက်တစ်တွဲနှင့် တစ်တန်းလုံးတွင် အနုတ်ကတ်ပြားများကိုသုံးပြီး နုတ်ခြင်းကို လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အစပိုင်းတွင် ဆရာက အနုတ်ကတ်ပြား၏ ရှေ့ဘက်ကို ပြပြီး တစ်တန်းလုံးက အဖြေကို ပြောရမည်။

➔ ဤလုပ်ငန်းကို ကလေးများ အကျွမ်းတဝင် ဖြစ်သွားသည့်အခါ နှစ်ယောက်တစ်တွဲ ပြုလုပ်ပါစေ။

၃။ ပုံတွင် ပြထားသည့် အတိုင်း အနုတ်ကတ်ပြားအကြီးများကို သင်ပုန်းပေါ်တွင် ဒေါင်လိုက်စီပါစေ။

၄။ မေးခွန်း (ခ)၊ (ဂ)နှင့် (ဃ)ကို တစ်တန်းလုံးအားမေးပြီး တွေ့ရှိချက်ကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် နှစ်ယောက်တစ်တွဲ အနုတ်ကတ်ပြားများကိုသုံးပြီး အနုတ်ကိုလေ့ကျင့်ပါစေ။

အနုတ်ကတ်ပြားတွေရေးပြီး စီကြမယ်



(က) အနုတ်ကတ်ပြားတွေရေးပြီး အဖြေတူအနုတ်ကတ်ပြားတွေကို ဒေါင်လိုက်စီပါ

(ခ) ဒေါင်လိုက်စီထားတဲ့ အနုတ်ကတ်ပြားတွေကို ကြည့်ရင် ရှေ့ကိန်းအစဉ်နဲ့ နောက်ကိန်းအစဉ်တွေမှာ ဘယ်လိုတွေ့ရသလဲ

(ဂ) အလျားလိုက်စီထားတဲ့ အနုတ်ကတ်ပြားတွေကိုကြည့်ရင် ဘယ်လိုတွေ့ရသလဲ

(ဃ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

(ခ) ပထမကိန်း ၁ ခုတိုးသွားပြီး ဒုတိယကိန်း ၁ ခုတိုးသည်။

(ဂ) ညာဘက်ရွေ့သွားတိုင်း ပထမကိန်းနှင့် အဖြေက ၁ ခုတိုးသွားသည်။

(ဃ) ပုံတွင်ပြထားသည့်အတိုင်း တစောင်းကြည့်လျှင် ပထမကိန်းများတူသည်။

၆၃

၁၀ အထိကိန်းများနုတ်ခြင်း၏အရေးပါမှု

➔ အပေါင်းကဲ့သို့ပင် ၁၀ အတွင်း ကိန်းများနုတ်ခြင်းသည် အနုတ်အားလုံးအတွက် အခြေခံကျွမ်းကျင်မှုတစ်ခု ဖြစ်သည်။ ထို့ကြောင့်၊ ကလေးများသည် ၁၉ အထိ ကိန်းများနုတ်ခြင်းကိုမသင်ယူမီ အနုတ်၏အဓိပ္ပာယ်ကိုနားလည်ရန်နှင့် လက်ချိုးရေတွက်ခြင်းမပြုဘဲ ကျွမ်းကျင်လျင်မြန်စွာ တွက်ချက်နိုင်ရန် လိုအပ်သည်။

➔ ထိုသို့ဖြစ်ရန် ကလေးများသည် အကွက်ငယ်များကို ကိုင်တွယ်တွက်ချက်ခြင်း၊ လက်ချောင်းကစားနည်းများ ကစားခြင်းဖြင့် ၁၀ အထိကိန်းများ နုတ်ခြင်းကို လေ့ကျင့်ရန် အချိန်လုံလောက်စွာပေးရန် လိုသည်။ ပစ္စည်းများကိုင်တွယ်၍ ကျွမ်းကျင်လျင်မြန်စွာနုတ်တတ်သောအခါ ပစ္စည်းများမပါဘဲ နုတ်တတ်ရန် ဆက်လက်လေ့ကျင့်ရပေမည်။

➔ အနုတ်ကတ်ပြားများဖြင့် လေ့ကျင့်ခြင်းသည်အတွက်အချက် ကျွမ်းကျင်လာစေမည့် နည်းတစ်နည်းဖြစ်သည်။ သို့ဖြစ်၍ အနုတ်ကတ်ပြားများကိုသုံးကာ ပုံမှန်လေ့ကျင့်သင့်ပေသည်။

လေ့ကျင့်ခန်း (၄)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ - ၄ = ၁ (ခ) ၇ - ၅ = ၂ (ဂ) ၉ - ၆ = ၃
(ဃ) ၁၀ - ၁၀ = ၀ (င) ၉ - ၃ = ၆ (စ) ၈ - ၄ = ၄
(ဆ) ၁၀ - ၁ = ၉ (ဇ) ၈ - ၀ = ၈ (ဈ) ၆ - ၂ = ၄
(ည) ၈ - ၃ = ၅ (ဋ) ၄ - ၁ = ၃ (ဌ) ၀ - ၀ = ၀
(ဍ) ၈ - ၆ = ၂ (ဎ) ၉ - ၄ = ၅ (ဏ) ၁၀ - ၂ = ၈

၂။ ကားအရောင်းဆိုင်တွင် ကား ၅ စီးရှိသည်။ ကား ၂ စီး ရောင်းလိုက်သော် ကားမည်မျှကျန်သနည်း။ ၅ - ၂ = ၃ အဖြေ ၃ စီး

၃။ စာသင်ခန်းတစ်ခန်းတွင် ယောကျ်ားလေး ၇ ယောက်နှင့် မိန်းကလေး ၉ ယောက် ရှိသည်။ မိန်းကလေးသည် ယောကျ်ားလေးထက် မည်မျှပိုများသနည်း။
၉ - ၇ = ၂ အဖြေ ၂ ယောက်

၄။ မောင်မောင်တွင် သကြားလုံး ၇ လုံးရှိသည်။ သကြားလုံး ၃ လုံးစားလိုက်သော် သကြားလုံးမည်မျှကျန်သနည်း။ ၇ - ၃ = ၄ အဖြေ ၄ လုံး

၅။ သစ်ကိုင်းပေါ်တွင် ငှက် ၁၀ ကောင်ရှိသည်။ ငှက် ၅ ကောင် ပျံသွားသော် ငှက်မည်မျှကျန်သနည်း။ ၁၀ - ၅ = ၅ အဖြေ ၅ ကောင်

၆။ ရှဉ့် ၈ ကောင်နှင့် မျောက် ၅ ကောင်ရှိသည်။ ရှဉ့်နှင့်မျောက် မည်သည်က များသနည်း။ မည်မျှပိုများသနည်း။ ၈ - ၅ = ၃ အဖြေ ၃ ကောင်

၇။ ကလေး ၁၀ ယောက်ရှိပြီး ၄ ယောက်မှာ မိန်းကလေးဖြစ်သည်။ ယောကျ်ားလေးနှင့် မိန်းကလေး မည်သည်ကပိုများသနည်း။ မည်မျှပိုများသနည်း။
၁၀ - ၄ = ၆ အဖြေ ၆ ယောက်

၈။ ပန်းပွင့် ၉ ပွင့်ရှိသည်။ ပန်းပွင့် ၅ ပွင့်သည် အနီရောင်ဖြစ်ပြီး ကျန်ပန်းပွင့်များသည် အဖြူရောင်ဖြစ်သည်။ ပန်းပွင့်အနီနှင့် အဖြူ မည်သည်က ပိုများသနည်း။ မည်မျှပိုများသနည်း။
၉ - ၅ = ၄ အဖြေ ၄ ပွင့်

မေးခွန်း(၇)အတွက် သင်ပုန်းအသုံးပြုပုံနမူနာ

ဤမေးခွန်းကို အနုတ်ပုံစံ ၂ မျိုးဖြင့် ဖွဲ့စည်းထားသည်။



သင်ခန်းစာ ၁၃၊ ၁၄၊ ၁၅ (၁၃၊ ၁၄၊ ၁၅/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀ အထိ ကိန်းများဖြင့် အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁)ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအခက်အခဲရှိလျှင် ကတ်ပြားများကို သုံးပါ။

၂။ မေးခွန်း (၂) မှ (၆) အထိကို လေ့ကျင့်ခန်းစာအုပ်ထဲတွင် ဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့် အဖြေကို ရေးပါစေ။
➔ အဖြေစစ်ဆေးရန် ညီမျှခြင်းနှင့်အတူ အဖြေကို တစ်တန်းလုံးသို့ တင်ပြပါစေ။
➔ အခက်အခဲရှိလျှင် အကွက်များကို သုံးပါ။

၃။ မေးခွန်း (၇) နှင့်(၈) ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့် အဖြေ ၂ မျိုးစလုံးရေးပါစေ။
➔ အခက်အခဲရှိလျှင် အကွက်များကို သုံးပါ။ (တနည်းအားဖြင့် သင်ပုန်းအသုံးပြုပုံ နမူနာကိုလည်း ကြည့်ပါ)

အခန်း ၈ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိ ကိန်းများပေါင်းခြင်းနှင့် နုတ်ခြင်းတို့ကို ပြုလုပ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၁.၁။ ၁၀ အထိကိန်းသုံးလုံးဖြင့်ပေါင်းခြင်းနှင့် နုတ်ခြင်းများကို ပြုလုပ်တတ်ရန်။

စာသင်ချိန်

- ၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၄ + ၂ + ၃)	● ပစ္စည်းစစ်များ ကိုယ်စားပြုပစ္စည်းများ အသုံးပြု၍ ၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။ ● ၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံး လုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ပစ္စည်းစစ်များ ကိုယ်စားပြု ပစ္စည်းများအသုံးပြု၍ ၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။ ● ကလေးများသည် ၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၂	၁၀ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၈ – ၁ – ၃)	● ပစ္စည်းစစ်များကိုယ်စားပြုပစ္စည်းများ အသုံးပြု၍ ၁၀ အတွင်း □ – □ – □ ပုံစံကိုကိန်းသုံးလုံးဖြင့် တွက်ခြင်း။ ● ၁၀ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ပစ္စည်းစစ်များကိုယ်စားပြု ပစ္စည်းအသုံးပြု၍ ၁၀ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။ ● ကလေးများသည် ၁၀ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၃	၁၀ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၃ + ၄ – ၆)	● ၁၀ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ၁၀ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၄	၁၀ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၅ – ၃ + ၂)	● ၁၀ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ၁၀ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅–၆	၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို ကျွမ်းကျင်စွာပြုလုပ်တတ်ရန် ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်း။ ● ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို ကျွမ်းကျင်စွာပြုလုပ်နိုင်မည်။ ● ကလေးများသည် ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

၁၀ အထိ ကိန်းသုံးလုံးဖြင့် ပေါင်းခြင်း၊ နုတ်ခြင်းပြုလုပ်ရာတွင် ကိန်းများသက်သက်ပေါင်းခြင်း၊ နုတ်ခြင်းမဟုတ်ဘဲ လက်တွေ့ဖြစ်ရပ်များနှင့်ဆက်စပ်၍ ပေါင်းခြင်း၊ နုတ်ခြင်းအားဖြင့် ကလေးများသင်ယူရရှိရန် အရေးကြီးသည်။ ထို့အပြင် တွက်ချက်သည့်အဆင့်အသီးသီးကိုပြသရန် ကိုယ်စားပြုပစ္စည်းများအသုံးပြုခြင်းက ကလေးများအတွက် အထောက်အကူဖြစ်စေလိမ့်မည်။ ဤချဉ်းကပ်ခြင်းသည် ကိန်းသုံးလုံးဖြင့် ပေါင်းခြင်း၊ နုတ်ခြင်း သင်ခန်းစာကို ကလေးများ အလွယ်တကူနားလည်စေလိမ့်မည်။ ဤချဉ်းကပ်ခြင်းကို ဥပမာအနေဖြင့် ညာဘက်တွင် ပုံဖြင့် ပြသထားသည်။



ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပြီးခဲ့သော အခန်းများတွင် ၁၀ အထိကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းကို လေ့လာခဲ့ပြီးဖြစ်သည်။ ကိုယ်စားပြုပစ္စည်းများသုံးပြီး လက်တွေ့ဖြစ်ရပ်များနှင့်ဆက်စပ်ကာ ပေါင်းခြင်း၊ နုတ်ခြင်း၏ အဓိပ္ပာယ်ကို ကလေးများပြန်လည်သတိရစေရန် အရေးကြီးသည်။ ဤနည်းအားဖြင့် ကိန်းသုံးလုံး ပေါင်းခြင်း၊ နုတ်ခြင်းကို ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး လက်တွေ့ဖြစ်ရပ်များနှင့်ဆက်စပ်၍ ကလေးများ သင်ယူရရှိရန် အထောက်အကူဖြစ်စေမည်။

သင်ခန်းစာ ၁ (၁/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၄ + ၂ + ၃)

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကြောင်ပုံကားချပ်များ၊ အကွက်ငယ်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၁ မှ ကြောင်ပုံများကို ကလေးများကြည့်စေပြီး အောက်ပါမေးခွန်းများ မေးပါ။

- မူလက ကြောင်ဘယ်လောက်ရှိသလဲ။
- အဲဒီနောက် ကြောင်ဘယ်လောက်ရောက်လာသလဲ။
- ဒီမေးခွန်းအထိ ညီမျှခြင်းနဲ့ ဘယ်လိုဖော်ပြမလဲ။
- နောက်ဆုံး ကြောင်ဘယ်လောက်ထပ်ရောက်လာသလဲ။
- နောက်ဆုံးမှာ ကြောင်အားလုံး ဘယ်လောက်ရှိသလဲ။
- ပုံပြင်တစ်ခုလုံးကို ညီမျှခြင်းနဲ့ ဘယ်လိုဖော်ပြမလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤပုံပြင်တွင် ၂ ကြိမ်တိုးလာသည်ကို ကလေးများ တွေ့ရှိပါစေ။

➔ ဤတွက်ချက်မှုအား မည်သို့ ပြုလုပ်ရမည်ကို ပြရန် အကွက်များကို အသုံးပြုပါ။

၂။ မေးခွန်း (၁) အား တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဓိကမေးခွန်း (၁) တွင် မေးသော မေးခွန်းများကဲ့သို့ မေးပါ။

➔ ဤတွက်ချက်မှုအား မည်သို့ ပြုလုပ်ရမည်ကို ပြရန် အကွက်များကို အသုံးပြုပါ။

၃။ မေးခွန်း (၂) ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်စေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဓိကမေးခွန်း(၁)တွင် မေးသော မေးခွန်းများကဲ့သို့ မေးပါ။

➔ လိုအပ်လျှင် အကွက်များကို အသုံးပြုပါ။

၄။ □+ □ + □ အား မည်သို့တွက်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၈ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁

၁ ဘယ်လောက်ရှိသလဲပြောကြည့်ရအောင်



၁ ၅ + ၁ + ၂ ကို တွက်ပါ ၈



၂ တွက်ပါ

(က) ၃ + ၄ + ၁ ၈ (ခ) ၁ + ၂ + ၃ ၆ (ဂ) ၃ + ၅ + ၂ ၁၀

(ဃ) ၁ + ၁ + ၅ ၇ (င) ၆ + ၁ + ၂ ၉ (စ) ၇ + ၂ + ၁ ၁၀

၆၅

ဖြည့်စွက်အသိပေးခြင်း

ဤအဆင့်တွင် ၄ + ၂ + ၃ = ၆ + ၃ = ၉ စသည့် ညီမျှခြင်းကို ဆရာများက အသုံးမပြုသင့်ပေ။ ယင်းအစား ညာဘက်မှ ပုံတွင်ပြထားသည့်အတိုင်း ရေးသားသင့်သည်။ ဤနည်းအားဖြင့်ကလေးများသည် ၄ + ၂ ၏ ပေါင်းလဒ်ကို မှတ်သားထားရန် မမျှော်လင့်မည် မဟုတ်ပေ။



ထို့အပြင် ပေါင်းခြင်းတွင် အပေါင်းဖက်စပ်ရဂုဏ်သတ္တိကို အသုံးပြုနိုင်သော်လည်း ဤအဆင့်တွင် ပထမကိန်းနှစ်လုံးကို ဦးစွာတွက်ရန် ကလေးများကို ညွှန်ကြားသင့်သည်။ နောက်ဆုံးကိန်းနှစ်ခုဖြင့် စတွက်ခွင့်ပြုလျှင် ကလေးအများစုသည် ပုံတွင်ပြထားသည့်အတိုင်း ၁၀ – ၈– ၁ = ၃ကဲ့သို့ အမှားမျိုးကို ပြုလုပ်ပေလိမ့်မည်။ ကလေးများသည် ဖက်စပ်ရဂုဏ်သတ္တိကို အတန်ကြီး လာသောအခါ သင်ယူရပေမည်။



သင်ခန်းစာ ၂

၂ ဘယ်လောက်ရှိသလဲတွက်ကြည့်ရအောင်



နောက်ဆုံး ယုန်ဘယ်လောက်ကျန်သလဲ

၈ – ၁ – ၃ = ___၄___ အဖြေ ___၄___ ကောင်

၃ တွက်ပါ

(က) ၈ – ၃ – ၂ = **၃** (ခ) ၆ – ၄ – ၁ = **၁** (ဂ) ၁၀ – ၂ – ၅ = **၃**

(ဃ) ၇ – ၁ – ၆ = **၀** (င) ၉ – ၃ – ၃ = **၃** (စ) ၁၀ – ၇ – ၂ = **၁**

၃ ဘယ်လောက်ရှိသလဲ ပြောကြည့်ရအောင်



၄ တွက်ပါ

(က) ၈ + ၁ – ၃ = **၆** (ခ) ၃ + ၄ – ၆ = **၁** (ဂ) ၄ + ၆ – ၅ = **၅**

(ဃ) ၅ + ၂ – ၃ = **၄** (င) ၆ + ၃ – ၉ = **၀** (စ) ၇ + ၃ – ၁ = **၉**

၆၆

သင်ခန်းစာ ၂၊ ၄

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ ၅ + ၂ + ၁ ကို မေးခွန်းပြုလုပ်ပါ။ အဖြေကိုလည်း ရှာပါ။

ပန်းအနီ ၅ ပွင့်၊ ပန်းအပြာ ၂ ပွင့်နှင့် ပန်းအဝါ ၁ ပွင့်ရှိသည်။ ပန်းပွင့်အားလုံး မည်မျှရှိသနည်း။ (အဖြေ ၈ ပွင့်)

၂။ ၉ – ၃ – ၄ ကို မေးခွန်းပြုလုပ်ပါ။ အဖြေကိုလည်း ရှာပါ။

ငှက်မှာ လိမ္မော်သီး ၉ လုံးရှိသည်။ ညီမလေးကို လိမ္မော်သီး ၃ လုံးပေး လိုက်သည်။ သူ့သူငယ်ချင်းကို လိမ္မော်သီး ၄ လုံးပေးလိုက်သည်။ အခုသူမှာ လိမ္မော်သီး မည်မျှကျန်သနည်း။ (အဖြေ ၂ လုံး)

၃။ ၄ + ၂ – ၃ ကို မေးခွန်းပြုလုပ်ပါ။ အဖြေကိုလည်း ရှာပါ။

ကားပေါ်မှာ လူ ၄ ယောက်ရှိသည်။ နောက်ထပ်လူ ၂ ယောက်ရောက်လာသည်။ လူ ၃ ယောက်ကားပေါ်က ဆင်းသွားသည်။ ကားပေါ်မှာ နောက်ဆုံး လူမည်မျှကျန်သနည်း။ (အဖြေ ၃ ယောက်)

သင်ခန်းစာ ၂ (၂/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် □ – □ – □ ပုံစံကို တွက်တတ်ရန် (ဥပမာ ၈ – ၁ – ၃)

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ယုန်ပုံကားချပ်များ အကွက်ငယ်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၂) မှ ယုန်ပုံများကို ကလေးများကြည့်ပါစေ။ ပုံပြင်ကို ညီမျှခြင်းဖြင့် ဖော်ပြရန် အဓိကမေးခွန်း (၁) တွင် မေးခဲ့သော မေးခွန်းများကဲ့သို့ မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၈ – ၁ – ၃ အား မည်သို့ တွက်ရမည်ကိုပြရန် အကွက်ငယ်များကို အသုံးပြုပါ။

➔ ၈ – ၁ ကို အရင်တွက်ပြီးနောက် ၇ – ၃ ကို တွက်ရမည်ကို သေချာသိပါစေ။

၂။ မေးခွန်း (၃) ကို တစ်ဦးချင်းစီ တွက်စေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အဓိကမေးခွန်း (၂)တွင် မေးသော မေးခွန်းများကဲ့သို့ မေးပါ။

➔ လိုအပ်လျှင် အကွက်များကို အသုံးပြုပါ။

၃။ □ – □ – □ အား မည်သို့ တွက်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃၊ ၄ (၃၊ ၄/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် □ + □ – □ ပုံစံကို တွက်တတ်ရန် (ဥပမာ ၃ + ၄ – ၆)
- ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် □ – □ + □ ပုံစံကို တွက်တတ်ရန် (ဥပမာ ၅ – ၃ + ၂)

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ငယ်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

သင်ခန်းစာ (၃)နှင့် (၄) ကို သင်ခန်းစာ ၁ နှင့် ၂ အတိုင်း သင်ကြားနိုင်သည်။

သင်ခန်းစာ ၅၊ ၆ (၅၊ ၆/၆)

သင်ယူမှုဦးတည်ချက်

- ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို ကျွမ်းကျင်စွာပြုလုပ်တတ်ရန်
- ၁၀ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁) ကို ကလေးများ ဖြေရှင်းစေပြီး အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ပထမကိန်း ၂ ခု စတွက်သည်ကို သေချာပါစေ။

၂။ မေးခွန်း ၂ မှ ၄ အထိကို ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အရင်ဆုံး ညီမျှခြင်းကို မှန်ကန်စွာ ရေးနိုင်သည်ကို သေချာပါစေ။

၃။ ဖြည့်စွက်လေ့ကျင့်ခန်း(၁)၊ (၂)၊ (၃) ကို ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေများကို တစ်တန်းလုံးတွင် တင်ပြပါစေ။ အဖြေမှန်များစွာ ရှိနိုင်သည်။

၄။ ကိန်း ၃ လုံးဖြင့်တွက်ခြင်းကို မည်သို့ ပြုလုပ်ရ မည်ကိုမေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၈ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁

၄ ဘယ်လောက်ရှိသလဲ ပြောကြည့်ရအောင်



၅ တွက်ပါ

(က) ၅ – ၃ + ၂ = ၄ (ခ) ၁၀ – ၄ + ၃ = ၉ (ဂ) ၄ – ၂ + ၈ = ၁၀
(ဃ) ၇ – ၃ + ၃ = ၇ (င) ၁၀ – ၇ + ၅ = ၈ (စ) ၈ – ၈ + ၆ = ၆

လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ + ၁ + ၃ (ခ) ၇ – ၂ – ၄ (ဂ) ၈ + ၂ – ၃ (ဃ) ၁၀ – ၇ + ၄
(င) ၄ + ၅ – ၆ (စ) ၂ – ၂ + ၉ (ဆ) ၄ + ၃ + ၃ (ဇ) ၉ – ၆ – ၂

၂။ ကလေး ၇ ယောက် ကစားကွင်းတွင် ကစားနေသည်။ နောက်ထပ် ကလေး ၃ ယောက် ရောက်လာသည်။ ထို့နောက် ကလေး ၄ ယောက် အိမ်ပြန်သွားသည်။ ကစားကွင်းတွင် နောက်ဆုံး ကလေးမည်မျှကျန်သနည်း။ ၇ + ၃ – ၄ = ၆ အဖြေ ၆ ယောက်

၃။ ထွန်းထွန်းမှာ ပန်းသီး ၁၀ လုံး ရှိသည်။ ထွန်းထွန်းသည် ပထမနေ့တွင် ပန်းသီး ၄ လုံး နောက်တစ်နေ့တွင် ပန်းသီး ၂ လုံး စားလိုက်သည်။ ထွန်းထွန်းမှာ နောက်ဆုံး ပန်းသီးမည်မျှကျန်သနည်း။ ၁၀ – ၄ – ၂ = ၆ အဖြေ ၆ ယောက်

၄။ ကျောင်းပန်းခြံတွင် ပန်းအဖြူ ၃ ပွင့်၊ ပန်းအပြာ ၂ ပွင့်နှင့် ပန်းအနီ ၄ ပွင့် ရှိသည်။ ကျောင်းပန်းခြံတွင် ပန်းပွင့်အားလုံး မည်မျှရှိသနည်း။

၃ + ၂ + ၄ = ၉ အဖြေ ၉ ပွင့်

၆၇

၅ မိနစ်ခန့်ကြာပြီးနောက်

၅ မိနစ်ခန့်ကြာပြီးနောက်

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ ကားပေါ်မှာ ကလေး ၆ ယောက် ရှိသည်။ နောက်ထပ် ကလေး ၂ ယောက် ရောက်လာသည်။ ကလေး ၁ ယောက် ကားပေါ်မှ ဆင်းသွားသည်။ ကားပေါ်မှာ နောက်ဆုံး ကလေးမည်မျှကျန်သနည်း။

၆ + ၂ – ၁ = ၇ အဖြေ ၇ ယောက်

၂။ ဝင်းဝင်းမှာ သကြားလုံး ၉ လုံး ရှိသည်။ ညီမလေးကို သကြားလုံး ၅ လုံးပေး လိုက်သည်။ အမေက ဝင်းဝင်းကို သကြားလုံး ၃ လုံး ထပ်ပေးသည်။ အခု သူ့မှာ သကြားလုံးမည်မျှရှိသနည်း။

၉ – ၅ + ၃ = ၇ အဖြေ ၇ လုံး

၃။ ၈ – ၃ + ၄ ကို မေးခွန်းပြုလုပ်ပါ။ အဖြေကိုလည်း ရှာပါ။

ငှက် ၈ ကောင်ရှိသည်။ ၃ ကောင်ပျံသွားသည်။ နောက်ထပ် ၄ ကောင် ထပ်ရောက်လာသည်။ ငှက်အားလုံး မည်မျှရှိသနည်း။

၈ – ၃ + ၄ = ၉ အဖြေ ၉ ကောင်

အခန်း ၉ ဘယ်ဟာကအလျားပိုရှည်သလဲ နှိုင်းယှဉ်ကြမယ်

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ပါ ရည်ရွယ်ချက်များကို ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၇။ ပစ္စည်းများ၏ အလျားများကို နှိုင်းယှဉ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၇.၁.၁။ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပစ္စည်းများ၏ အလျားများကို နှိုင်းယှဉ်တတ်ရန်။

စာသင်ချိန်

- ၅ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါ ဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသော စံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	အလျားနှစ်ခုကို တိုက်ရိုက် နှိုင်းယှဉ်တတ်ရန်။	● ခဲတံ နှစ်ချောင်း၊ ကြိုးနှစ်ချောင်းနှင့် ထောင့်မှန်စတုဂံပုံစာရွက်ရှိ အနားများ၏ အလျားများကို တိုက်ရိုက်နှိုင်းယှဉ်ခြင်း။	● ကလေးများသည် အလျား နှစ်ခုကို မှန်ကန်စွာ တိုက်ရိုက်နှိုင်းယှဉ်နိုင်ပြီး မည်သို့နှိုင်းယှဉ်သည်ကို ရှင်းပြနိုင်မည်။
၂	အလျားနှစ်ခုကို ကြားခံပစ္စည်းတစ်ခုခု အသုံးပြုပြီး သွယ်ဝိုက် နှိုင်းယှဉ်တတ်ရန်။	● ထောင့်မှန်စတုဂံပုံ (စာရွက်ကဲ့သို့ ခေါက်၍ မရသော)မာသောပစ္စည်း၏ အနားနှစ်ဖက် အလျားများကို ကြိုး၊ ဖဲကြိုး စသည့် ကြားခံပစ္စည်းများအသုံးပြု၍ သွယ်ဝိုက်နှိုင်းယှဉ်ခြင်း။	● ကလေးများသည် ထောင့်မှန်စတုဂံပုံ(စာရွက်ကဲ့သို့ ခေါက်၍မရသော)မာသောပစ္စည်း၏အနားနှစ်ဖက်၏အလျားများကို ကြားခံပစ္စည်းများအသုံးပြု၍ မှန်ကန်စွာသွယ်ဝိုက်နှိုင်းယှဉ်နိုင်မည်။
၃	အလျားများကို ကြားခံပစ္စည်းတစ်ခုခု အသုံးပြုပြီး သွယ်ဝိုက် နှိုင်းယှဉ်တတ်ရန်။	● စားပွဲ၏ ရှည်သော အနား၊ တိုသော အနားနှင့် တံခါးပေါက်အကျယ်တို့၏ အလျားများကို သွယ်ဝိုက်နှိုင်းယှဉ်ခြင်း။	● ကလေးများသည် စားပွဲ၏ ရှည်သောအနား၊ တိုသောအနား၊ တံခါးပေါက်အကျယ်၏ အလျားများကို မှန်ကန်သော နည်းလမ်းဖြင့် သွယ်ဝိုက်နှိုင်းယှဉ်နိုင်မည်။
၄	စံမဟုတ်သော ယူနစ်များကို အသုံးပြု၍ အလျားများကို တိုင်းတာတတ်ရန်။	● စာရေးခုံ၏ အနားနှစ်ဘက် အလျားများကို ခဲတံ၊ ခဲဖျက်၊ လက်တစ်ထွာ စသည်တို့ဖြင့် တိုင်းတာခြင်း။	● ကလေးများသည် စာရေးခုံ၏ အနားနှစ်ဘက် အလျားများကို စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာနိုင်သည်။ ● ကလေးများသည် စာရေးခုံ၏ မည်သည့် အလျားသည် ရှည်သည်၊ ယူနစ်မည်မျှ ပိုရှည်သည်ကို ပြောနိုင်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	စံမဟုတ်သော ယူနစ်များကို အသုံးပြု၍ အလျားများကို တိုင်းတာတတ်ရန်။	• အကွက်များပေါ်တွင် ခဲတံများ၏ အလျားများကို တိုင်းတာခြင်း။ • မီးရထားများ၏ အလျားများကို တိုင်းတာခြင်း။ • ဒေါင်လိုက် ထပ်ထားသော အတုံးများ၏ အမြင့်များကို တိုင်းတာခြင်း။	• ကလေးများသည် အကွက်များပေါ်ရှိ ခဲတံများ၏ အလျားများကို ပြောပြနိုင်မည်။ • ကလေးများသည် ရထားတွဲများ၏ အလျားများကို မှန်ကန်စွာ ပြောပြနိုင်မည်။ • ကလေးများသည် အတုံးများ၏ အမြင့်များကို မှန်ကန်စွာ ပြောပြနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

အလျား၊ ထုထည်၊ ဧရိယာ စသည်တို့ကို တိုင်းတာရာတွင် သမားရိုးကျတိုင်းတာနည်းမှ ကမ္ဘာသုံးတိုင်းတာနည်းအထိ အဆင့်လေးဆင့် ရှိသည်။ ဤကျောင်းသုံးစာအုပ်တွင် အတိုင်းအတာကို သင်ကြားရာ၌ အဆင့်လေးဆင့်အတိုင်းသွားရန် စီစဉ်ထားသည်။ ဤအခန်းတွင် ကလေးများသည် ပထမအဆင့်သုံးဆင့်ကို သင်ယူပြီး နောက်ဆုံးအဆင့်ကို ဒုတိယတန်း Grade 2 တွင် သင်ယူလေ့လာပေမည်။

- **တိုက်ရိုက်နှိုင်းယှဉ်ခြင်း**

  ပစ္စည်းနှစ်ခု၏ အစွန်းများကို စမှတ်တူတွင် ထားပြီး ဘေးချင်းယှဉ်၍ထားခြင်း သို့မဟုတ် အနား တစ်ဘက်ကို တခြားအနား တစ်ဘက်ပေါ် ခေါက်ထားခြင်းဖြင့် အလျားများကို တိုက်ရိုက်နှိုင်းယှဉ်ခြင်း။

- **သွယ်ဝိုက်နှိုင်းယှဉ်ခြင်း**

  တိုက်ရိုက် နှိုင်းယှဉ်ရန် မဖြစ်နိုင်သော (သို့မဟုတ်) ခက်ခဲသော အလျားများကို ကြိုး၊ ဖဲကြိုးစသည့် ကြားခံ ပစ္စည်းများကိုသုံးကာ သွယ်ဝိုက်နှိုင်းယှဉ်ခြင်း။

- **စံမဟုတ်သော ယူနစ်များအသုံးပြု၍ တိုင်းတာခြင်း**

  ခဲတံ (သို့မဟုတ်) ခဲဖျက် စသည့် ပစ္စည်းများသုံး၍ အလျားများကို တိုင်းတာခြင်း။ ထိုသို့ အလျားများကို တိုင်းတာရာတွင် တိုင်းသည့်ပစ္စည်း အရေအတွက်နှင့် ပစ္စည်းအမည်ကိုတွဲ၍ ဖော်ပြနိုင်သည်။ (ဥပမာ– ခဲတံ ၅ ချောင်း စာရှည်သည်)။ ဤအဆင့်တွင် "မည်သည်က ပို၍ရှည်သည်" ဆိုသည်ထက် ပို၍သိရှိနိုင်သည်။ ဥပမာ–

  "အလျား (က) သည် အလျား (ခ) ထက် ၂ ယူနစ် ပို၍ရှည်သည်။"

  "အလျား (ဂ) နှင့် အလျား (ဃ) တို့ ပေါင်းခြင်းသည် ၅ ယူနစ် ရှိသည်။"

  "အလျား (င) သည် အလျား (စ) ထက် ၃ ဆ ပို၍ရှည်သည်။" (အမြောက်တွက်နည်းကို သိလျှင်)

  သို့သော် မတူသော ပစ္စည်းများဖြင့် တိုင်းထားသော အလျားနှစ်ခုကို နှိုင်းယှဉ်ရန်မှာ မဖြစ်နိုင်ပေ။ ထိုအကြောင်းကြောင့် ကမ္ဘာသုံးယူနစ်များကို လိုအပ်သည်။

- ကမ္ဘာသုံး ယူနစ်များဖြင့် တိုင်းတာခြင်း (ဒုတိယတန်း Grade 2 တွင် သင်ကြားမည်)

  'မီလီမီတာ'၊ 'စင်တီမီတာ'၊ 'မီတာ'၊ 'လက်မ' စသဖြင့် ကမ္ဘာသုံးယူနစ်များ သုံးပြီး အလျားများကို နှိုင်းယှဉ်ခြင်း။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် သူတို့၏ နေ့စဉ်ဘဝတွင် အသုံးပြုသော 'ရှည်သည်'၊ 'တိုသည်'၊ 'ပို၍ရှည်သည်'၊ 'အောက်တိုသည်' စသည့် အလျားဆိုင်ရာ ဖော်ပြချက်တချို့ကို သိထားပြီးဖြစ်မည်။ ကလေးများအချင်းချင်း ထင်မြင်ယူဆချက်များကို မျှဝေစေရန် ဆရာက ပံ့ပိုးပေးရမည်ဖြစ်ပြီး ပထမသင်ခန်းစာ၏ နိဒါန်းပိုင်းတွင် ထိုဖော်ပြချက်များကို ကလေးအားလုံး ပြောဆို အသုံးပြုနိုင်ရန် သေချာစွာ ပြုလုပ်ပေးရမည်။

၉ ဘယ်ဟာကပိုရှည်သလဲ နှိုင်းယှဉ်ကြမယ်

၁ ဘယ်ဟာက အလျားပိုရှည်သလဲ



သင်ပုန်းအသုံးပြုပုံနမူနာ



- အဖြေ (သို့) ရလဒ်များကို တစ်တန်းလုံးတွင် မျှဝေရန် သင်ပုန်းကို အသုံးပြုပါ။

သင်ခန်းစာ ၁ (၁/၅)

သင်ယူမှုဦးတည်ချက်

- အလျားနှစ်ခုကို တိုက်ရိုက်နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

အဖွဲ့တစ်ခုစီအတွက် အောက်ပါပစ္စည်းများ

- ခဲတံ ၂ ချောင်း
- ကြိုး ၂ ချောင်း (သို့မဟုတ် ဖဲကြိုး)
- ထောင့်မှန်စတုဂံ စာရွက် (ဥပမာ ပြက္ခဒိန်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပစ္စည်းများပြ၍ ထက်ရှည်သည်နှင့် အောက်တိုသည် ဖော်ပြချက်ကို ပြန်လည်မေးမြန်းခြင်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထက်ရှည်သည်၊ အောက်တိုသည်ကို ကလေးများ နားလည်အောင် သေချာလုပ်ပါ။

၂။ မည်သည့်ခဲတံက ပိုရှည်သည်ကို ခန့်မှန်းပါစေ။ မြင်ရုံဖြင့် မဟုတ်ဘဲ မည်သို့ တိကျစွာ နှိုင်းယှဉ်ရမည်ကို မေးမြန်းပါ။ နှစ်ယောက်တစ်တွဲ ဆွေးနွေး၍ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ခဲတံ ၂ချောင်းကို ပူးထားပြီး ခဲတံ၏ အောက်ခြေကို မျဉ်းတစ်ကြောင်း(သို့) အခြေတူအောင် ထား၍ တိုင်းရမည်ကို ကလေးများကို သိပါစေ။

၃။ ကြိုး ၂ ချောင်း၏ အရှည်ကို မည်ကဲ့သို့ နှိုင်းယှဉ်ရမည်ကို မေးပါ။ အုပ်စုအတွင်း ဆွေးနွေးစေပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကြိုးနှစ်ချောင်းကို ဖြောင့်အောင်ထားပြီး ပူးထားရမည်၊ အစကို မျဉ်းတပြေးတည်း ညီအောင်ထားရမည်ကို နားလည်ပါစေ။

၄။ ပြက္ခဒိန်၏ အလျား(က)နှင့် အလျား(ခ) အလျားများ မည်ကဲ့သို့ နှိုင်းယှဉ်ရမည်ကို အုပ်စုအတွင်း ဆွေးနွေးပါစေ။ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိပါက အလျား(က)နှင့် အလျား(ခ) အလျားများ အစ တူအောင် အနားများကို ဘေးချင်းယှဉ်ကာ မည်ကဲ့သို့ ထားရမည်ကို အရိပ်အမြွက်ပေးပါ။

➔ ပြက္ခဒိန်၏ အနားတစ်ဖက်ပေါ်သို့ တခြားအနားတစ်ဖက်ခေါက်ခြင်းဖြင့် ပြက္ခဒိန်၏ အလျားနှစ်ဖက်ကို နှိုင်းယှဉ်နိုင်ကြောင်းသိပါစေ။

၅။ မေးခွန်း(၁) နှင့်(၂) ကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (၁) အတွက် အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးကို မေးပြီး စစ်ဆေးပါ။

၆။ တိုက်ရိုက် နှိုင်းယှဉ်ခြင်း၏ အရေးပါသော အချက်များကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။



အလျားများကိုသွယ်ဝိုက်နှိုင်းယှဉ်ပုံ (သင်ခန်းစာ ၂)

၁။ အလျား (က) ပေါ်တွင် ဖဲကြိုးကို ထားပါ။ ဖဲကြိုး၏ အစွန်းတစ်ဘက်ကို အလျား (က) ၏ အစွန်းတစ်ဘက်တွင် ထားရမည်။ အလျား(က)၏အရှည်ကို ပြရန် ဖဲကြိုးပေါ်တွင် မှတ်သားပါ။



၂။ အလျား (ခ) ပေါ်တွင် ဖဲကြိုးကိုထားပါ။ တဖန် ဖဲကြိုး၏ အစွန်းတစ်ဘက်က အလျား(ခ)၏ အစွန်းတစ်ဘက်ပေါ်တွင် ထားရမည်။ အလျား(ခ)သည် အလျား(က) 'အောက်တိုပြီး' အလျား(က) 'ထက်ရှည်သည်'ကို ရှင်းလင်းစွာ တွေ့နိုင်သည်။



၂ အလျားတွေကို ဘယ်လိုနှိုင်းယှဉ်ကြမလဲ

အလျား(က)



အလျား(ခ)

အနားနှစ်ဘက်ကို ဖဲကြိုး၊ ကြိုး၊ တုတ်ချောင်းတို့ဖြင့် နှိုင်းယှဉ်နိုင်တယ်



အလျားတွေကို ကြိုးတစ်ချောင်းသုံးပြီး နှိုင်းယှဉ်မယ်





ဖဲကြိုး၏အစကို ထောင့်စွန်းတစ်ခုမှာ ထားပြီး အခြားထောင့်စွန်းမှာ မှတ်မယ်

နောက်အနားတစ်ဘက်ကိုလည်း ထိုနည်းတူပြုလုပ်ပြီး နှိုင်းယှဉ်မယ်

၃ စားပွဲအနားတွေရဲ့ အလျားနဲ့ တံခါးပေါက်အကျယ်ကို နှိုင်းယှဉ်ပြီး စားပွဲကို တံခါးပေါက်က ထုတ်လို့ ရ မရ ပြောပါ











စားပွဲရဲ့တိုတဲ့ အနား အလျားက တံခါးပေါက်ရဲ့ အကျယ်အောက် ငယ်တယ် ဒါကြောင့် စားပွဲရဲ့ တိုတဲ့အနားဘက်က ထုတ်မယ်

သင်ခန်းစာ ၂၊ ၃ (၂၊ ၃/၅)

သင်ယူမှုဦးတည်ချက်

- အလျားနှစ်ခုကို ကြားခံပစ္စည်းတစ်ခုခု အသုံးပြုပြီး သွယ်ဝိုက် နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးအဖွဲ့တိုင်းအတွက် ထောင့်မှန် စတုဂံပုံမာသော ပစ္စည်း (ဥပမာ – ပန်းချီကားဘောင်)
- အဖွဲ့အသီးသီးအတွက် တိုင်းစရာကြိုး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၃)

၁။ ပစ္စည်းများ၏ အလျားများကို သွယ်ဝိုက်၍ မည်ကဲ့သို့ နှိုင်းယှဉ်ခဲ့သည်ကို ပြန်လည်မေးမြန်းပါ။

၂။ စားပွဲ၏ အလျားနှင့် တံခါးပေါက်အကျယ်တို့ကို မည်သို့နှိုင်းယှဉ်ရမည်ကိုမေးပါ။ အဖွဲ့လိုက် ဆွေးနွေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်ပါက မေးခွန်းမေးပြီး သဲလွန်စပေးပါ။

၃။ ကလေးတချို့ကို စားပွဲ၏ ရှည်သောအနား အလျား၊ တိုသောအနား အလျားနှင့် ပြတင်းပေါက် အကျယ်တို့၏ အလျားများကို ကြိုးဖြင့် နှိုင်းယှဉ်ကြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးပြီးပါက ဖြစ်နိုင်လျှင် စားပွဲကို အခန်းမှ ထုတ်ပါစေ။

➔ အချိန်ရပါက တခြားပစ္စည်းများ သုံး၍ အလားတူ မေးခွန်းမေးပါ။

၄။ ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ (၂) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ (၁) တွင် အလျားများကို မည်ကဲ့သို့ နှိုင်းယှဉ်ခဲ့သည်ကို ပြန်လည်မေးမြန်းပါ။

၂။ ပန်းချီကား တစ်ချပ်၏ အလျား (က) နှင့် အလျား (ခ) မည်သည့်အလျားက ပိုရှည်သည်၊ မည်ကဲ့သို့ နှိုင်းယှဉ်မည်ကို မေးမြန်းပါ။ အုပ်စုတွင်း ဆွေးနွေးစေ၍ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားနှစ်ခုကို တိုက်ရိုက်နှိုင်းယှဉ်၍ မရကြောင်း သတိပြုမိပါစေ။ လိုအပ်လျှင် သဲလွန်စပေးပါ။

➔ ဤအခြေအနေတွင် ကြိုးကို မပေးပါနှင့်။

၃။ ပန်းချီကား၏ အလျားနှစ်ဖက်ကိုကြိုးဖြင့် အဖွဲ့လိုက်နှိုင်းယှဉ်ပါစေ။ သူတို့၏ တွေ့ရှိချက်နှင့် အလျားများ နှိုင်းယှဉ်နည်းကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကြိုးကို မှန်ကန်စွာ အသုံးပြုစေပြီး ကြိုးပေါ်တွင် အလျားများ မှတ်သားခြင်းကို ပြုလုပ်ပါစေ။

➔ အချိန်ရှိပါက တခြားအလျားများကို နှိုင်းယှဉ်ပါစေ။

၄။ အလျားများကို ကြားခံပစ္စည်းသုံး၍ သွယ်ဝိုက်နှိုင်းယှဉ်နိုင်ကြောင်းကို ကလေးများသိသော စကားဖြင့် နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၄ (၄/၅)

သင်ယူမှုဦးတည်ချက်

- စံမဟုတ်သော ယူနစ်များကို အသုံးပြု၍ အလျားများကို တိုင်းတာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ခဲတံ၊ ခဲဖျက် စသည့် စာသင်ခန်းအတွင်းရှိ ပစ္စည်းများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အလျားများကို မည်ကဲ့သို့ သွယ်ဝိုက်၍ နှိုင်းယှဉ်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ လက်တစ်ထွာ၊ ခဲတံ၊ ခဲဖျက်တို့ကိုသုံး၍ အလျားများကို မည်သို့ တိုင်းတာရမည်ကို မေးပါ။ ထိုပစ္စည်းများဖြင့် ကလေးများကို နမူနာ ပြုလုပ်၍ ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထိုပစ္စည်းများဖြင့် မည်ကဲ့သို့ တိုင်းတာရမည်ကို ကလေးအားလုံး သေချာစွာ နားလည်ပါစေ။

၃။ စားပွဲတစ်ခု၏ အလျား (က)နှင့် အလျား(ခ) ကို လက်တစ်ထွာ၊ ခဲတံ၊ ခဲဖျက်ဖြင့် တိုင်း၍ အရေအတွက်များကို မှတ်သားစေပြီး ကွက်လပ်တွင် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းအခြေအနေအရ ဤလုပ်ငန်းကို တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် ပြုလုပ်ပါစေ။

➔ တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်သည် စားပွဲတစ်ခုတည်းကို ပစ္စည်းသုံးမျိုးဖြင့် တိုင်းပါစေ။

၄။ ကလေးများ၏ ရလဒ်များအား တစ်တန်းလုံးကို မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါကဲ့သို့ တင်ပြပါစေ။

'အလျား (က) သည် ခဲတံ ၅ ချောင်း၊ အလျား (ခ)သည် ခဲတံ ၃ ချောင်း စာရှည်သည်။ ထို့ကြောင့် အလျား (က) သည် အလျား (ခ) ထက် ခဲတံ ၂ ချောင်းစာ ပိုရှည်သည်'

၅။ မေးခွန်း (၃)ကို ဖြေစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၆။ မေးခွန်းများ မေးပြီး ကလေးများအား သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၃ ဘယ်ဟာက ပိုရှည်သလဲ ဘယ်လောက်ပိုရှည်သလဲ







ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(၁) အလျား(က)က လက်တစ်ထွာနဲ့ _____ ထွာ
အလျား(ခ)က လက်တစ်ထွာနဲ့ _____ထွာ ရှည်တယ်

(၂) အလျား(က)က ခဲတံနဲ့ _____ ချောင်း
အလျား(ခ)က ခဲတံနဲ့ _____ ချောင်း ရှည်တယ်

(၃) အလျား(က)က ခဲဖျက်နဲ့ _____ တုံး
အလျား(ခ)က ခဲဖျက်နဲ့ _____ တုံး ရှည်တယ်

၄ ဘယ်ဟာက ပိုရှည်သလဲ ဘယ်လောက်ပိုရှည်သလဲ ကွက်လပ်ဖြည့်ပါ



အောပင် က ခဲတံ ထက် ခဲဖျက် ၃ တုံး ပိုရှည်တယ်

သတိပြုရန်အချက်များ – စံမဟုတ်သောယူနစ်များဖြင့် တိုင်းတာခြင်း

ဤအခန်း မတိုင်မီ ကလေးများသည် ၂၀ အထိ ကိန်းများ၊ ၁၀ အတွင်း ပေါင်းခြင်းနုတ်ခြင်းများကို လေ့လာသင်ယူပြီးဟု ယူဆသည်။ ထို့ကြောင့် ၁၀ ထက်ပိုသော ကိန်းများဖြင့် တွက်ချက်ရခြင်းကို ရှောင်ရှားနိုင်ရန် ဆရာက တိုင်းတာသည့် အလျားနှင့် ပစ္စည်းများကို ဂရုတစိုက် ရွေးချယ်ရန်လိုသည်။ ဤကျောင်းသုံးစာအုပ်တွင် စာသင်ခုံများကို ဖော်ပြထားသော်လည်း ကျောင်း၏အခြေအနေပေါ်မူတည်၍ တခြားပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်။

ဖြည့်စွက်ရှင်းလင်းချက်

လူများစုသည် 'သွယ်ဝိုက်နှိုင်းယှဉ်ခြင်း'နှင့် 'စံမဟုတ်သော ယူနစ်များဖြင့် နှိုင်းယှဉ်ခြင်း'တို့အကြား ခြားနားမှုကို ကောင်းစွာနားမလည်ကြပေ။ သို့သော် ခြားနားချက်က ကြီးသည်။ အဓိကခြားနားချက်မှာ စံမဟုတ်သော ယူနစ်ဖြင့် တိုင်းတာလျှင် အတိုင်းအတာကို ကိန်းဂဏန်းဖြင့် ဖော်ပြနိုင်သည်။ ထို့ကြောင့် အလျားအတိုင်းအတာအတွက် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားကို ပြုလုပ်နိုင်သည်။ ဤအချက်ကို ကလေးများအား သင်ကြားရန် မလိုသော်လည်း ဆရာများက သိထားသင့်သည်။

၄ အလျားတွေကို နှိုင်းယှဉ်ကြမယ်

(က) ဘယ်ခဲတံက အတိုဆုံးလဲ
အနီရောင်(၄)

(ခ) ဘယ်ခဲတံက အရှည်ဆုံးလဲ
အဝါရောင်(၃)





ဘယ်လို နှိုင်းယှဉ်ရမလဲ

၅ ရထားတွဲတွေရဲ့ အလျားကို နှိုင်းယှဉ်ပါ

(က) ဘယ်ရထားတွဲက အတိုဆုံးလဲ **အနီရောင်(၃)**

(ခ) ဘယ်ရထားတွဲက အရှည်ဆုံးလဲ **အစိမ်းရောင်(၁)**





အလျားတွေကို ဘယ်လိုနှိုင်းယှဉ်ရမလဲဆိုတာ ရှင်းပြရအောင်

၆ ပုံမှာပြထားတဲ့အတိုင်း အရောင်တူအတုံးတွေကို ဆင့်ရအောင် ဘယ်အရောင်အတုံးကို အမြင့်ဆုံးစီနိုင်သလဲ

အဝါရောင်



ဖြည့်စွက်ရှင်းလင်းချက်–စံမဟုတ်သောယူနစ်များ၏ သတ်မှတ်ချက်

စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာခြင်းသည် နေ့စဉ်ဘဝတွင် များစွာအသုံးဝင်သော်လည်း သတ်မှတ်ချက်ရှိသည်။ အလျားတစ်ခုကို ယူနစ်တစ်ခုဖြင့် တိုင်းတာပြီး နောက်အလျား တစ်ခုကို တခြားယူနစ်ဖြင့် တိုင်းတာလျှင် အလျားကို နှိုင်းယှဉ်၍ မရနိုင်ပေ။

ဥပမာ – အောက်ပါ ပုံတွင် အပြာရောင် အလျားသည် ခဲဖျက်ဖြင့် ၅ ယူနစ်ရှိပြီး အဝါရောင် အလျားသည် ခဲတံဖြင့် ၃ ယူနစ် ရှိသည်။ သို့သော် အလျားနှစ်ခုကို ယူနစ်နှစ်မျိုးဖြင့် တိုင်းတာသည့် အတွက် ၅ ယူနစ်သည် ၃ ယူနစ်ထက် ပိုရှည်သည်ဟု ယူဆလို့ မရပေ။

ထို့ကြောင့် တစ်ကမ္ဘာလုံး သုံးသည့် ယူနစ်များဖြစ်သော မီလီမီတာ၊ စင်တီမီတာ၊ မီတာ စသည်တို့ကို အသုံးပြုရန် လိုအပ်ခြင်းဖြစ်သည်။ ထိုယူနစ်များကို ဒုတိယတန်းတွင် စတင်သင်ကြားမည် ဖြစ်သည်။



သင်ခန်းစာ ၅ (၅/၅)

သင်ယူမှုဦးတည်ချက်

- စံမဟုတ်သော ယူနစ်များ သုံးပြီး အလျားများကို တိုင်းတာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယခင်သင်ခန်းစာမှ စံမဟုတ်သော ယူနစ်များသုံးပြီး အလျားများကို မည်ကဲ့သို့ နှိုင်းယှဉ်ခဲ့သည်ကို ပြန်လည်မေးမြန်းပါ။

၂။ အဓိက မေးခွန်း (၄) ကို တစ်ဦးချင်းစီ ဖြေရှင်းစေပါ။ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ မေးခွန်းများကို မေးပါ။

- ခဲတံအစိမ်း(၁)က အကွက် ဘယ်လောက်ရှိသလဲ။
- ခဲတံအဝါ(၃)နဲ့ ခဲတံအနီ(၄) ဘယ်ဟာက ပိုရှည်သလဲ။
- ခဲတံအဝါ(၃)က ခဲတံအနီ(၄)ထက် အကွက်ဘယ်လောက် ပိုရှည်သလဲ။

၃။ မေးခွန်း (၄)ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (၄) ကဲ့သို့ မေးခွန်းများကိုထပ်မေးပါ။

၄။ မေးခွန်း (၅)ကို တစ်ဦးချင်းစီဖြေပါစေ။ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (၅) ကဲ့သို့ မေးခွန်းများကို မေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များနှင့် ပတ်သက်၍ မေးခွန်းများမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၁၀ နှစ်ဆယ်အထိကိန်းများ

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ ကိန်းပြည့်များကို အသုံးပြုတတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၄.၁။ ၂၀ အထိပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်
၁.၁.၄.၂။ ၂၀ အထိကိန်းများကို နှိုင်းယှဉ်တတ်ရန်
၁.၁.၄.၃။ ၂၀ အထိကိန်းများကို စီစဉ်တတ်ရန်

စာသင်ချိန်

- ၁၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားတွင် သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဇယားတွင်ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသောစံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၀ အုပ်စုတစ်စုဖွဲ့ခြင်းဖြင့် ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများဖြင့် ၁၀ အုပ်စုပြုလုပ်ပြီး ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်ခြင်း၊ ဖတ်ခြင်း။	● ကလေးများသည် ၁၀ အုပ်စုတစ်စုပြုလုပ်ပြီး ပစ္စည်းများ၏အရေအတွက်ကို ရေတွက်တတ်မည်။ ဖတ်တတ်မည်။
၂–၃	၁၁ မှ ၁၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများဖြင့် ၁၁ မှ ၁၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်ခြင်း၊ ဖတ်ခြင်းနှင့် ရေးခြင်း။	● ကလေးများသည် ၁၁ မှ ၁၅ အထိ ပစ္စည်းများ၏ အရေအတွက်ကို မှန်ကန်စွာ ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်မည်။
၄–၅	၁၆ မှ ၂၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများဖြင့် ၁၆ မှ ၂၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း။	● ကလေးများသည် ၁၆ မှ ၂၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို မှန်ကန်စွာ ရေတွက်နိုင်၊ ဖတ်နိုင်၊ ရေးနိုင်မည်။
၆	၂၀ အထိကိန်းများ နှင့်ဆိုင်သောပုစ္ဆာများ ဖြေရှင်းတတ်ရန်	● ၂၀ အထိကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းနှင့်ဆိုင်သော ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၂၀ အထိကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းနှင့်ဆိုင်သော ပုစ္ဆာများဖြေရှင်းနိုင်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၇	၂၀ အထိကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်	● ကိုယ်စားပြုပစ္စည်းများသုံးပြီး ကိန်းနှစ်ခုကို နှိုင်းယှဉ်ခြင်း။ ● ကိုယ်စားပြုပစ္စည်းများအသုံးမပြုဘဲ ကိန်းနှစ်ခုကို နှိုင်းယှဉ်ခြင်း။	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများသုံးပြီး ကိန်းနှစ်ခုနှိုင်းယှဉ်တတ်မည်။ ● ကလေးများသည် ကိုယ်စားပြုပစ္စည်းများ အသုံးမပြုဘဲ ကိန်းနှစ်ခုနှိုင်းယှဉ်တတ်မည်။
၈	၂၀ အတွင်းကိန်းများ အနက် အကြီးဆုံးကိန်း နှင့် အငယ်ဆုံးကိန်းများ ကို ရှာတတ်ရန်	● ကိုယ်စားပြုပစ္စည်းများသုံး၍/ ကိုယ်စားပြုပစ္စည်း မသုံးဘဲ ၂၀ အတွင်း ကိန်းများအနက် အကြီးဆုံးကိန်းနှင့် အငယ်ဆုံးကိန်းကို ရှာခြင်း။	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများသုံး၍ အကြီးဆုံးကိန်းနှင့် အငယ်ဆုံးကိန်းကို ရှာတတ်မည်။ ● ကလေးများသည် ကိုယ်စားပြုပစ္စည်းများ အသုံးမပြုဘဲ အကြီးဆုံးကိန်းနှင့် အငယ်ဆုံးကိန်းကို ရှာတတ်မည်။
၉–၁၀	ကိန်းမျဉ်းသုံးပြီး ၂၀ အထိကိန်းများကို ရှာတတ်ရန်၊ နှိုင်းယှဉ်တတ်ရန်နှင့် စီတတ်ရန်	● ကိန်းမျဉ်းသုံးပြီး ၂၀ အထိကိန်းများကို ရှာခြင်း၊ နှိုင်းယှဉ်ခြင်းနှင့်စီခြင်း။	● ကလေးများသည် ကိန်းမျဉ်းသုံးပြီး ၂၀ အထိ ကိန်းများကို ရှာတတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်မည်။
၁၁	၂၀ အထိပေးထားသော ကိန်းထက် အနည်းငယ်ပိုကြီးသော/ အောက်ငယ်သောကိန်းကို ရှာတတ်ရန်	● ကိန်းမျဉ်းသုံးပြီး ကိန်းမျဉ်းအသုံးမပြုဘဲ ပေးထားသောကိန်းထက် အနည်းငယ်ပိုကြီးသော/ အောက်ငယ်သောကိန်းကို ရှာခြင်း။	● ကလေးများသည် ကိန်းမျဉ်းသုံးပြီး အနည်းငယ်ပိုကြီးသော/ အောက်ငယ်သောကိန်းများကို ရှာတတ်မည်။ ● ကလေးများသည် ကိန်းမျဉ်းအသုံးမပြုဘဲ အနည်းငယ်ပိုကြီးသောကိန်းနှင့် အောက်ငယ်သောကိန်းကို ရှာတတ်မည်။
၁၂	၂၀ အထိကိန်းများကို စီတတ်ရန်	● ၂၀ အထိ ငယ်စဉ်ကြီးလိုက် (သို့မဟုတ်)ကြီးစဉ်ငယ်လိုက်အစဉ်တွင် လိုနေသောကိန်းများကို ရှာခြင်း။	● ကလေးများသည် ၂၀ အထိ ငယ်စဉ်ကြီးလိုက် (သို့) ကြီးလိုက်ငယ်လိုက်အစဉ်တွင် လိုနေသောကိန်းများကို ရှာတတ်မည်။
၁၄	၂၀ အထိကိန်းများကို စီတတ်ရန်	● ၂၀ အတွင်းကိန်းများကို ငယ်စဉ်ကြီးလိုက် (သို့မဟုတ်) ကြီးစဉ်ငယ်လိုက်စီခြင်း။	● ကလေးများသည် ၂၀ အတွင်းကိန်းများကို ငယ်စဉ်ကြီးလိုက်စီတတ်မည်။ ● ကလေးများသည် ၂၀ အတွင်းကိန်းများကို ကြီးစဉ်ငယ်လိုက်စီတတ်မည်။
၁၄	၂၀ အထိကိန်းများကို အုပ်စုဖွဲ့ပြီး ရေတွက်တတ်ရန်	● ၂ ခုစီအုပ်စုဖွဲ့ခြင်း၊ ၅ ခုစီအုပ်စုဖွဲ့ခြင်းဖြင့် ကိန်းများကို ရေတွက်ခြင်း။	● ကလေးများသည် ၂ ခုစီ၊ ၅ ခုစီဖြင့် အုပ်စုများဖွဲ့ပြီး ၂၀ အထိကိန်းများကို ရေတွက်တတ်မည်။
၁၅–၁၆	၂၀ အထိကိန်းများ ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ၂၀ အထိကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၂၀ အထိကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

၁၀ အုပ်စုပြုလုပ်ခြင်း



ဤအခန်းတွင် ကလေးများသည် ယခင်အခန်းများကဲ့သို့ ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများသုံးပြီး ၂၀ အထိကိန်းများကို လေ့လာကြရမည်ဖြစ်သည်။ ကလေးများသည် ၁၁ မှ ၂၀ အထိ ကိန်းများကို '၁၀ အုပ်စု ပြုလုပ်ခြင်း' စိတ်ကူးအပေါ်အခြေခံ၍ သင်ယူကြရမည်။ ဤ '၁၀ အုပ်စု ပြုလုပ်ခြင်း' စိတ်ကူးသည် ပထမတန်း သချိာတွင်အဓိကကျပြီး ပထမတန်းကျောင်းသုံးစာအုပ်၏ နောက်ပိုင်းအခန်းများဖြစ်သည့် ကိန်းကြီးများ၊ ပေါင်းခြင်း နှင့် နုတ်ခြင်းအခန်းတို့တွင်လည်း ဤစိတ်ကူးကို ပြန်လည်အသုံးပြုမည်ဖြစ်သည်။

ဤစိတ်ကူးသည် အင်္ဂလိပ်နှင့် တခြားဘာသာစကားများကဲ့သို့ မဟုတ်သည့် မြန်မာဘာသာစကားနှင့် လျော်ညီသည့်အတွက် '၁၀ အုပ်စု ပြုလုပ်ခြင်း' စိတ်ကူးကိုအသုံးပြုသည့်ချဉ်းကပ်နည်းသည် အလွန်မှ သဘာဝကျသည်။ ဤအကြောင်းကြောင့် '၁၀ အုပ်စုပြုလုပ်ခြင်း' စိတ်ကူးကို ပထမတန်းကျောင်းသုံးစာအုပ် တစ်အုပ်လုံးတွင် အသုံးပြုထားရခြင်းဖြစ်သည်။ ထို့အပြင် နောက်ပိုင်းအခန်းတွင် နေရာလိုက်တန်ဖိုးသဘောကို ကလေးများ သင်ယူရာတွင် ချောချောမွေ့မွေ့ဖြစ်စေရန် ဤချဉ်းကပ်နည်းက အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်သည်။

ကိန်းများ

'ကိန်းများ'ဟူသည့်အခေါ်အဝေါ်ကိုအသုံးမပြုဘဲ ကိန်းများသဘောကို ဤအခန်းတွင် ပထမဆုံးအနေဖြင့် သင်ကြားသည်။ (ကိန်းများဟူသည့်အခေါ်အဝေါ်ကို အတန်းကြီးတွင် အသုံးပြုမည်ဖြစ်သည်။) ကိန်းများကို အောက်ပါတို့အတွက် အသုံးပြုသည်။

- ကိန်းများကို နှိုင်းယှဉ်ရန်
- ကိန်းများကို စီတတ်ရန်
- အနည်းငယ် ပိုကြီးသောကိန်း/ ငယ်သောကိန်းများကို ရှာဖွေရန်



ကိန်းအစီအစဉ်သည် အမြင်အားဖြင့် ရှင်းလင်းထင်သာသည့်အတွက် နောက်ပိုင်းအခန်းများနှင့် အတန်းများတွင် ကိန်းကြီးများအတွက် ကိန်းမျဉ်းကို ဆက်လက်အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် ကိန်းမျဉ်းအသုံးပြုခြင်းသည် ဒုတိယတန်းတွင် ပေတံဖြင့် အလျားများတိုင်းတာခြင်းအတွက် အထောက်အပံ့ဖြစ်စေသည်။

ဆရာများသည် ကိန်းမျဉ်းနှင့်ပတ်သက်၍ အောက်ပါအချက်များကို သတိပြုရမည်။

- စမှတ်သည် ဘယ်ဘက် ဝ တွင် ဖြစ်သည်။
- ကိန်းမျဉ်းပေါ်၌ ညာဘက်သို့ ရွေ့သွားလျှင် ကိန်းများပိုကြီးသွားသည်။
- အစဉ်လိုက်ကိန်းနှစ်ခုကြားမှ အကွာအဝေးတိုင်းသည် တူညီကြသည်။





ဤအခန်းအတွက်သီပြီးအသိပညာ

ကလေးများသည် ယခင်အခန်းများတွင် ၀ မှ ၁၀ အထိ ကိန်းများကို သင်ယူကြသည်။ ဤအခန်းကို မသင်ယူမီ ကလေးများသည် ၂၀ အထိ ရေတွက်နိုင်ပြီး ဖြစ်မည်။ သို့သော် ကလေးများသည် ၂၀ အထိကိန်းများ၏သဘောကို အမှန်တကယ် နားလည်ပြီဟု မဆိုလိုပေ။ ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများ၏ အရေအတွက်နှင့်ဆက်စပ်၍ ကိန်းသဘောကို ကလေးများသင်ယူရရှိနိုင်ရန် အရေးကြီးပေသည်။

သင်ခန်းစာ ၁ (၁/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၀ အုပ်စုတစ်စုဖွဲ့ခြင်းဖြင့် ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပြောင်းဖူးနှင့် ပျားပုံကားချပ်(ကျောင်းသုံးစာအုပ်ထဲက အတိုင်း)
- သင်ပုန်းပေါ်ကပ်ရန်အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပြောင်းဖူးပုံကားချပ်ကိုကပ်ပြီး ပြောင်းဖူးအရေအတွက်ကို ရှာကြမည်ဟု ကလေးများကို ပြောပါ။

(၁) ပြောင်းဖူးများကို ဘယ်ဘက်မှစ၍ ရေတွက်ပါစေ။ ဘယ်ဘက်မှ ပြောင်းဖူး ၁၀ ဖူးကို ဝိုင်းပါစေ။

(၂) အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်က အဝိုင်းထဲမှာ ပြောင်းဖူး ဘယ်လောက်ရှိသလဲ။
- အဝိုင်းအပြင်ဘက် ညာဘက်မှာ ပြောင်းဖူး ဘယ်လောက်ရှိသလဲ။

၁၀ နှင့် ၄ အား 'တစ်ဆယ့်လေး' ဟု ခေါ်သည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးအများစုသည် ဤသင်ခန်းစာ မသင်ယူမီကတည်းက ကိန်း ၁၄ ကိုသိရှိပြီး ဖြစ်နိုင်သည်။ သို့သော်ကိန်း ၁၄ ကို အားလုံးသိသည်ဟု မယူဆနိုင်ပေ။ သို့ဖြစ်၍ ဤအဆင့်တွင် သင်ပြီး အသိပညာဖြစ်သော ၁၀ အထိကိန်းများကိုသာ အသုံးပြုသင့်သည်။

၂။ ယခုတခါအကွက်များသုံးပြီး ပြောင်းဖူးကို ရေတွက်မည်ဟု ကလေးများကို ပြောပါ။

(၁) သင်ပုန်းပေါ်မှ ပြောင်းဖူးပုံကားချပ်တွင် ပြောင်းဖူးတစ်ခုစီနေရာ၌ အကွက်တစ်ခုစီထားပါ။ (ပြောင်းဖူး ၁၄ ဖူးလုံးအတွက်)

(၂) အကွက် ၁၀ ကွက်ကိုရွေးပြီး ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း ၁၀ အုပ်စုပြုလုပ်ပါ။ ကျန်ရှိသည့်အကွက် ၄ ကွက်ကိုလည်း ပြထားသည့်အတိုင်းစီပါ။

(၃) အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- အကွက်အားလုံး ဘယ်လောက်ရှိသလဲ။

၁၀ နှစ်ဆယ်အထိကိန်းများ

၁ ဘယ်လောက်ရှိသလဲ ရေတွက်ရအောင်

(က)



(ခ)



ဆရာများအတွက် ဖြည့်စွက်အသိပညာ – စတုရန်းပုံအကွက်များအသုံးပြုခြင်း ၁

နောက်စာမျက်နှာများတွင် တွေ့ရမည်ဖြစ်သည့်အတိုင်း အကွက်များနှင့် အတိုင်များကို ပစ္စည်းစစ်များနှင့် ကိန်းများအကြား ချိတ်ဆက်ပေးရန် ကိုယ်စားပြုပစ္စည်းများကို ဤအခန်းတစ်ခုလုံးတွင် အသုံးပြုထားသည်။ တုတ်ချောင်းများ၊ ပေသီးများ အစားဤကဲ့သို့ အတိုင်၊ အကွက်များအသုံးပြုရခြင်း၏ အကြောင်းရင်းမှာ ဤလေးထောင့်ပုံအတိုင်၊ အကွက်များသည် ပမာဏသဘောကို ကောင်းစွာပြနိုင်ခြင်းကြောင့် ဖြစ်သည်။

ညာဘက်တွင် ပြထားသည့်ပုံကိုကြည့်ပါ။ တစ်ကို အကွက်ငယ်တစ်ခုဖြင့် ဖော်ပြလျှင် ၁၀ ကို အကွက်ငယ်ထက် ဆယ်ဆရှည်သော အတိုင်တစ်ခုဖြင့် ဖော်ပြမည်။ ၁၀၀ ကို အတိုင်ထက် ဆယ်ဆကြီးသော အကွက်ကြီးတစ်ခုဖြင့် ဖော်ပြမည်။



(က)





၁၀ နဲ့ ၄

၁၄

တစ်ဆယ့်လေး



၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ရင် လွယ်မယ်



၁၀ နဲ့ ၄ ဆိုရင် တစ်ဆယ့်လေး

(ခ)





၁၀ နဲ့ ၈

၁၈

တစ်ဆယ့်ရှစ်



ပစ္စည်းတွေကို ရေတွက်ရာမှာ ၁၀ အုပ်စု ပြုလုပ်ပြီး ရေတွက်ရင်လွယ်တယ်

၇၄

၃။ 'တစ်ဆယ့်လေး'ကို '၁၄'ဟု ရေးသည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၀ နှင့် ၄ သည် ၁၄ ဖြစ်လာသည်ကိုပြရန် ဆရာက ကိန်းကတ်ပြားများကိုသုံးလျှင် ပိုမိုထိရောက်မည် ဖြစ်သည်။



၄။ ပျားပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ ပြီးလျှင် ကလေးများအား

(၁) ပျား ၁၀ ကောင်ကို ဝိုင်းခြင်းဖြင့် ပျားများကို ရေတွက်ပါစေ။

(၂) အကွက်များသုံးပြီး ပျားများကို ရေတွက်ပါစေ။ (ပျားတစ်ကောင်စီ ပေါ်တွင် အကွက်တစ်ခုစီကပ်ပါ)

(၃) 'တစ်ဆယ့်ရှစ်'ကို '၁၈' ဟု ရေးသည်ကို သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်း ၁၄ အတွက် အသုံးပြုခဲ့သော အဆင့်များအတိုင်း ပြုလုပ်ပါ။

၅။ ၁၄ နှင့် ၁၈ ကို မည်သို့ ရေတွက်ရမည်၊ ဖတ်ရမည်ကိုမေးပြီး နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် ၁၉ အတွင်း တခြားကိန်းများနှင့် ပတ်သက်ပြီးမေးပါ။

ဆရာများအတွက်ဖြည့်စွက်အသိပညာ – စတုရန်းပုံအကွက်များအသုံးပြုခြင်း ၂

ဤအကွက်များ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ပေသီး၊ ပိုက်များနှင့်နှိုင်းယှဉ်၍ ပြထားသည်။ ခုမှ ဆယ်၊ ဆယ်မှ ရာသို့ အကူးအပြောင်းကို ပြရာတွင် ပို၍သိသာထင်ရှားသည့်အတွက် အကွက်များ၊ အတိုင်များကို သုံးခြင်းက အကျိုးအမြတ်များစွာ ရရှိနိုင်သည်။

- ဤအကွက်များသည် ထိုကိန်းများ၏ ပမာဏကို ရှင်းလင်းစွာ ဖော်ပြပေးနိုင်သည်။ (ဥပမာ၊ ၁၀ သည် ၁ ထက် ၁၀ ဆ ပိုကြီးသည်။) ပေသီးတစ်ခုစီသည် ကိန်းများ၏ ပမာဏကို မပြနိုင်ပေ။ (ဥပမာ၊ ၁၁ ကို အရွယ်တူပေသီးနှစ်ခုဖြင့် ပြသည်။)
- ဤအကွက်များကို သင်ပုန်းပေါ်တွင်အလွယ်တကူဆွဲနိုင်သည်။ စက္ကူဖြင့် အလွယ်တကူပြုလုပ်နိုင်သည်။ ပိုက်ချောင်းများကိုမူ ဆယ်နှင့်ရာနှင့်ချီ၍ ပြင်ဆင်ရန် ကလေးတစ်ဦးစီအတွက် မဖြစ်နိုင်ပါ။ သင်ပုန်းပေါ်တွင် ပိုက်ချောင်းအများကြီး ဆွဲရမည်ဆိုလျှင် အချိန်အကြာကြီးအသုံးပြုရပေမည်။

ပထမတန်းအရွယ်ကတည်းက စတုရန်းပုံအကွက်များအသုံးပြုခြင်းတွင် ကလေးများ ရင်းနှီးကျွမ်းကျင်မှုရရှိရန် ပထမတန်းအစကတည်းက စတုရန်းပုံအကွက်များကို စဉ်ဆက်မပြတ် အသုံးပြုရန် အရေးကြီးသည်။



	ကိန်းမည်မျှကြီးသည်ကို ပြနိုင်သလား။	ဆရာက အလွယ်တကူ ပြင်ဆင်နိုင်သလား။
အကွက်	ပြနိုင်သည်	ပြင်ဆင်နိုင်သည်
ပေသီး	မပြနိုင်ပါ	ပြင်ဆင်နိုင်သည်
ပိုက်ချောင်း	ပြနိုင်သည်	မပြင်ဆင်နိုင်ပါ

သင်ခန်းစာ ၂၊ ၃ (၂၊ ၃/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၁ မှ ၁၅ အထိပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ကျောင်းသုံးစာအုပ်ပေါ်မှ ပုံကားချပ်များ
- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ ၁ တွင် သင်ယူခဲ့သော ၁၄ နှင့် ၁၈ အား မည်သို့ရေတွက်ရမည်၊ ဖတ်ရမည်ကို ပြန်လည်သတိရပါစေ။

၂။ ငှက်ပုံကားချပ်ကို တင်ပါ။

(၁) ငှက် ၁၀ ကောင်ကို ဝိုင်းခြင်းဖြင့် ငှက်များကို ရေတွက်ပါစေ။

(၂) အောက်ပါမေးခွန်းများကို မေးပါ။

- အဝိုင်းထဲမှာ ငှက်ဘယ်လောက်ရှိသလဲ။
- အဝိုင်းအပြင်ဘက်မှာ ငှက်ဘယ်လောက်ရှိသလဲ။

၁၀ နှင့် ၁ အား 'တစ်ဆယ့်တစ်'ဟု ခေါ်သည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးအများစုသည် ဤသင်ခန်းစာ မသင်ယူမီကတည်းက ကိန်း ၁၁ ကိုသိရှိပြီး ဖြစ်နိုင်သည်။ သို့သော် ကိန်း ၁၁ ကို အားလုံးသိသည်ဟု မယူဆနိုင်ပေ။ သို့ဖြစ်၍ ဤအဆင့်တွင် သင်ပြီးအသိပညာဖြစ်သော ၁၀ အထိ ကိန်းများကိုသာ အသုံးပြုသင့်သည်။

၃။ ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း အကွက်များကို သင်ပုန်းပေါ်ကပ်ပါ။

အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာအကွက် ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- အကွက်အားလုံး ဘယ်လောက်ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ငှက်အစား အကွက်များကို အသုံးပြုသည်ကို ကလေးများသိရှိပါစေ။

၄။ သင်ပုန်းပေါ်တွင် လေးကြောင်းမျဉ်းအသုံးပြုပြီး ၁၁ အား မည်သို့ရေးရသည်ကိုပြပါ။ ကလေးများ ၁၁ ကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးကျင့်ပါစေ။

➔ ၁၁ ကို ကျွမ်းကျင်စွာရေးနိုင်စေရန် အချိန်လုံလောက်စွာ လေ့ကျင့်ပေးပါ။

၂ (က) အားလုံးဘယ်လောက်ရှိသလဲ ရေကြည့်ကြမယ်



၇၅

ဆရာများအတွက် ဖြည့်စွက်အသိပညာ – ကလေးများ မှားတတ်သော အမှားများ

ကိန်းသဘောကို သင်ယူရာတွင် ပထမတန်း ကလေးများသည် တစ်ဆယ့်သုံးကို ၁၀၃ ဟု ရေးခြင်းကဲ့သို့ အမှားများကို မကြာခဏပြုလုပ်လေ့ရှိသည်။ ထိုသို့မှားရခြင်းမှာ တစ်ဆယ့်သုံးကို ၁၀ နှင့် ၃ ဟု နားလည်ကာ ၁၀၃ အဖြစ် ပေါင်းရေးလိုက်ကြခြင်း ဖြစ်သည်။ ကလေးများ ဤကဲ့သို့ အမှားမျိုးကို ရှောင်ကြဉ်နိုင်ရန် ကူညီပေးရန်မှာ ဆရာ၏ တာဝန်ဖြစ်ပေသည်။

ကလေးများ စိတ်ရှုပ်ထွေးခြင်းမှ ရှောင်ကြဉ်နိုင်ရန် နည်းလမ်းတစ်ခုမှာ ညာဘက်မှ ပုံကိုပြသည့်အခါ ၁၀ နှင့် ၃ သည် ၁၃ ဖြစ်သည်ဟု ပြောမည့်အစား တစ်ဆယ်အုပ်စု တစ်စုနှင့် ၃ ခုဟု ပြောရမည်ဖြစ်သည်။

ဤသဘောကို ကလေးများတိတိကျကျ နားလည်သဘောပေါက်စေရန် တခြားညွှန်ကြားချက်များကိုလည်း ရှာကြံကြည့်ပါ။







၁ ကွက်လပ်တွေမှာ ကိန်းတွေရေးပါ



၅။ ကိန်း ၁၁ တွင် ပြုလုပ်ခဲ့သော နည်းလမ်းများအတိုင်း ကိန်း ၁၂ မှ ၁၅ ထိကို ကလေးများရေတွက်၊ ဖတ်ရှု၊ ရေးသားပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် ဤကိန်းများကို စာသားဖြင့် ဖတ်ရှု၊ ရေးသားရန် မလိုအပ်သည်ကို သတိပြုပါ။

၆။ မေးခွန်း ၁ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို မှန်ကန်စွာ ရေးပါစေ။

➔ အချိန်ရလျှင် အကွက်များပြပြီး ၁၁ မှ ၁၅ အထိ ကိန်းများကို ကျပန်းမေးပါ။

၇။ ၁၁ မှ ၁၅ အထိ ကိန်းများကို မည်သို့ ရေတွက်၊ ဖတ်ရှု၊ ရေးသားရမည်ကို မေးပြီး နိဂုံးချုပ်ပါစေ။

၂၀ အထိကိန်းများ သင်ရာတွင် ညွှန်ကြားရမည့်အချက် ၁

ကလေးတချို့သည် ကိန်းစနစ်ကို နားလည်ရန် အခက်အခဲရှိနိုင်သည်။ (ပြီးခဲ့သော စာမျက်နှာကို ကြည့်ပါ)။ ထိုအခက်အခဲရှိသောကလေးများအတွက် နည်းလမ်းတစ်ခုပံ့ပိုးပေးထားသည်။

တစ်ဆယ့်လေးကို ၁၀၄၊ နှစ်ဆယ် ၁၁၀ ဟု ရေးသော ကလေးများရှိလျှင် ကလေးများကိန်းသဘောကို အမှန်တကယ်သဘောပေါက်ရန် ပံ့ပိုးပေးသင့်သည်။

ဆရာက နေရာလိုက်တန်ဖိုးကို သင်ကြားရန် မလိုပါ။ ဂဏန်းတစ်ခုစီက မည်သည်ကို ဆိုလိုသည်ကို နားလည်စေရန် ၁၀ အတွက် အကွက်တစ်ခုနှင့် ခုအတွက်အကွက်တစ်ခု ပြုလုပ်ပါ။ ညာဘက်မှ ပုံသည် ၁၄ သည် ၁ ဆယ်နှင့် ၄ ခုကို ဆိုလိုပြီး ၁၄ ဟု ရေးသည်ကို ပြသည်။



တစ်ဆယ်အုပ်စုထားရန် လေးထောင့်ကွက်	အကွက်တစ်ကွက်ချင်းစီ ထားရန် လေးထောင့်ကွက်

သင်ခန်းစာ ၄၊ ၅ (၄၊၅/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၆ မှ ၂၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ကျောင်းသုံးစာအုပ်ပေါ်မှ ပုံကားချပ်များ
- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယခင်သင်ခန်းစာများတွင် သင်ယူခဲ့သော ၁၁ မှ ၁၅ ထိ ကိန်းများအား မည်သို့ ရေတွက်ရမည်၊ ဖတ်ရမည်ကို ကလေးများ ပြန်လည်သတိရပါစေ။

၂။ ခရမ်းချဉ်သီးပုံကားချပ်ကို ကပ်ပါ။

(၁) ခရမ်းချဉ်သီး ၁၀ လုံးကို ဝိုင်းခြင်းဖြင့် ခရမ်းချဉ်သီးများကို ရေတွက်ပါစေ။

(၂) အောက်ပါမေးခွန်းများကို မေးပါ။

- အဝိုင်းထဲမှာ ခရမ်းချဉ်သီး ဘယ်လောက်ရှိသလဲ။
- အဝိုင်းအပြင်ဘက်မှာ ခရမ်းချဉ်းသီး ဘယ်လောက်ရှိသလဲ။

၁၀ နှင့် ၆ အား 'တစ်ဆယ့်ခြောက်'ဟု ခေါ်သည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် သင်ခန်းစာ ၁ ကဲ့သို့ ၁၆ ကို ပြရန် ကိန်းကတ်ပြား ၁၀ နှင့် ကိန်းကတ်ပြား ၆ ကို အသုံးပြုပါ။

၃။ ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း အကွက်များကို သင်ပုန်းပေါ်ကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- အကွက်အားလုံး ဘယ်လောက်ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ခရမ်းချဉ်သီးအစား အကွက်များကို အသုံးပြုသည်ကို ကလေးများသိရှိပါစေ။

၄။ သင်ပုန်းပေါ်တွင် လေးကြောင်းမျဉ်းအသုံးပြုပြီး ၁၆ အား မည်သို့ရေးရသည်ကိုပြပါ။ ကလေးများ ၁၆ ကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးကျင့်ပါစေ။

➔ ၁၆ ကို ကျွမ်းကျင်စွာရေးနိုင်စေရန် အချိန်လုံလောက်စွာ လေ့ကျင့်ပေးပါ။

၅ (ခ) အားလုံးဘယ်လောက်ရှိသလဲ ရေကြည့်ကြမယ်



??

၂၀ အထိကိန်းများ သင်ရာတွင် သင်ကြားရမည့်အချက် ၂

ယခင်စာမျက်နှာမှ သင်ကြားရမည့်အချက် (၁) တွင် ညွှန်ကြားခဲ့သည့်အတိုင်း ၁၁ မှ ၂၀ အထိကိန်းများကို သင်ကြားလျှင် ၂၀ ကို မည်သို့ဖော်ပြမည်နည်း။ အောက်ပါအတိုင်း ၁ ခုစီ တိုးလာလျှင် '၁၀ အုပ်စုနှင့် ၁၀ ကွက်'ရရှိမည် (တတိယပုံ)။ ထို့နောက်ဆရာက ၁၀ အုပ်စုအသစ်ကို '၁၀ အုပ်စုနှစ်စုနှင့် ၀ ခု'ဖြစ်ရန် ဘယ်ဘက်အကွက်သို့ ရွှေ့သည်။ ၁၁၀ မဟုတ် (၁၀ အုပ်စု ၁ စုနှင့် ၁၀ ကွက်၊ ၂၀ ဖြစ်သည်)ဟု ကလေးများက ပြောနိုင်မည်။







၂ ကွက်လပ်တွေမှာ ကိန်းတွေရေးပါ



ပိုမိုခက်ခဲသော လေ့ကျင့်ခန်း ၁ (* ပိုတော်သောကလေးများအတွက်)

လေ့ကျင့်ခန်း ၁

အောက်ပါကတ်ပြား ၄ ခုမှ ၂၀ ဖြစ်မည့် ကတ်ပြား ၂ ခုကို ရွေးပါ။



လေ့ကျင့်ခန်း ၂

အောက်ပါကတ်ပြား ၄ ခုအနက် ၂၀ ဖြစ်မည့် ကတ်ပြား ၃ ခုကို ရွေးပါ။



၅။ ကိန်း ၁၆ တွင် ပြုလုပ်ခဲ့သော နည်းလမ်းများအတိုင်း ကိန်း ၁၇ မှ ၁၉ ထိကို ကလေးများရေတွက်၊ ဖတ်ရှု၊ ရေးသားပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် ဤကိန်းများကို စာသားဖြင့် ဖတ်ရှု၊ ရေးသားရန် မလိုအပ်သည်ကို သတိပြုပါ။

၆။ နာနတ်သီးပုံကားချပ်ကို ကပ်ပါ။

(၁) နာနတ်သီး ၁၀ လုံးစီကို ဝိုင်းခြင်းဖြင့် နာနတ်သီးများကို ရေတွက်ပါစေ။

(၂) အောက်ပါမေးခွန်းများကို မေးပါ။

- အဝိုင်းတစ်ခုစီမှာ နာနတ်သီး ဘယ်လောက်စီ ရှိသလဲ။

၁၀ အုပ်စု ၂ စုအား 'နှစ်ဆယ်'ဟု ခေါ်သည်ကို ကလေးများ သိပါစေ။

၇။ မေးခွန်း ၂ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို မှန်ကန်စွာ ရေးပါစေ။

➔ အချိန်ရလျှင် အကွက်များပြပြီး ၁၆ မှ ၂၀ အထိ ကိန်းများကို ကျပန်းမေးပါ။

၈။ ၁၆ မှ ၂၀ အထိ ကိန်းများကို မည်သို့ ရေတွက်၊ ဖတ်ရှု၊ ရေးသားရမည်ကိုမေးပြီး နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၆ (၆/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းများနှင့်ဆိုင်သော ပုစ္ဆာများ ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁ ကို ကလေးများဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းအသီးသီးတွင် ပစ္စည်း ၁၀ ခုကို ဝိုင်းပါစေ။

➔ ကလေးများ အခက်အခဲရှိလျှင် အောက်ပါ မေးခွန်းများကို မေးပါ။

- အဝိုင်းထဲမှာ ခဲတံ ဘယ်နှချောင်း ရှိသလဲ။
- အဝိုင်းအပြင်မှာ ခဲတံ ဘယ်နှချောင်းကျန်သလဲ။
- အားလုံးပေါင်း ခဲတံ ဘယ်နှချောင်း ရှိသလဲ။

၂။ မေးခွန်း ၂ ကိုဖြေစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- ညာဘက်မှာ အကွက် ဘယ်လောက်ရှိသလဲ။
- အကွက်အားလုံးပေါင်း ဘယ်လောက်ရှိသလဲ။

လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို ရေတွက်၍ ကိန်းရေးပါ။

(က) 

အဖြေ ၁၄ ချောင်း

(ခ) 

အဖြေ ၁၈ ပွင့်

(ဂ) 

အဖြေ ၁၃ ကောင်

(ဃ) 

အဖြေ ၂၀ ကောင်

၂။ အောက်ပါတို့ကို ရေတွက်၍ ကိန်းရေးပါ။

(က) 

၁၆

(ခ) 

၁၁

(ဂ) 

၁၉

(ဃ) 

၁၃

ပိုမိုခက်ခဲသော လေ့ကျင့်ခန်း ၂ (*ပိုတော်သောကလေးများအတွက်)

အောက်ပါလေ့ကျင့်ခန်းသည် ယခင်စာမျက်နှာတွင် ပေးထားသော လေ့ကျင့်ခန်းများကို ပြန်လည်အသုံးချခြင်းဖြစ်သည်။ သို့သော် ကတ်ပြားမည်မျှ ရွေးချယ်ရမည်ကိုမူ ကလေးများအား အသိမပေးပါ။

လေ့ကျင့်ခန်း

အဝိုင်းများပါသော ကတ်ပြား ၆ ကတ်ရှိသည်။ ကတ်ပြားများကို ပေါင်းခြင်းဖြင့် ၂၀ ပြုလုပ်ပါ။ [(ဥပမာ၊ (က)၊ (ခ) နှင့် (ဃ)]

(*တခြား နည်း ၃ နည်းဖြင့် ပေါင်းစပ်နိုင်သေးသည်)

(က) 

(ခ) 

(ဂ) 

(ဃ) 

(c) 

(စ) 

အဖြေ။(ဃ)နှင့်(စ) ၊ (ခ)(ဂ)(ဃ)နှင့်(c) ၊ (က)(ဂ)နှင့်(စ)

၃။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) တစ်ဆယ့်နှစ် ___၁၂___ (ခ) တစ်ဆယ့်ခုနစ် ___၁၇___

(ဂ) တစ်ဆယ့်ငါး ___၁၅___ (ဃ) တစ်ဆယ့်ရှစ် ___၁၈___

၄။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၁၀ နှင့် ၅ သည် ___၁၅___ ဖြစ်သည်။ (ခ) ၁၀ နှင့် ___၂___ သည် ၁၂ ဖြစ်သည်။

(ဂ) ၁၇ သည် ၁၀နှင့် ___၇___ ဖြစ်သည်။ (ဃ)၁၀ နှင့် ၁၀ သည် ___၂၀___ ဖြစ်သည်။

၅။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က)



(ခ)



(ဂ)



(ဃ)



ဖြည့်စွက်လေ့ကျင့်ခန်းများ

အထက်ပါစာမျက်နှာမှ မေးခွန်း ၄နှင့် ၅ ကို ကလေးများကောင်းစွာ ဖြေဆိုနိုင်လျှင် အောက်ပါအဆင့်မြင့် လေ့ကျင့်ခန်းများကို ပေးပါ။

လေ့ကျင့်ခန်း ၁

(၁) ၁၂ နှင့် ၃ သည် ___၁၅___ ဖြစ်သည်။

(၂) ၁၄ နှင့် ၂ သည် ___၁၆___ ဖြစ်သည်။

(၃) ၄ နှင့် ၁၁ သည် ___၁၅___ ဖြစ်သည်။

(၄) ၅ နှင့် ၁၄ သည် ___၁၉___ ဖြစ်သည်။

(၅) ၁၇ နှင့် ၃ သည် ___၂၀___ ဖြစ်သည်။

(၆) ၂ နှင့် ၁၈ သည် ___၂၀___ ဖြစ်သည်။

(၇) ၁၀၊ ၃ နှင့် ၄ သည် ___၁၇___ ဖြစ်သည်။

(၈) ၆၊ ၁ နှင့် ၁၃ သည် ___၂၀___ ဖြစ်သည်။

လေ့ကျင့်ခန်း ၂

(၁) ၁၁ နှင့် ___၂___ သည် ၁၃ ဖြစ်သည်။

(၂) ၁၃ နှင့် ___၃___ သည် ၁၆ ဖြစ်သည်။

(၃) ၁၈ နှင့် ___၂___ သည် ၂၀ ဖြစ်သည်။

(၄) ၁၂ နှင့် ___၈___ သည် ၂၀ ဖြစ်သည်။

(၅) ___၃___ နှင့် ၁၂ သည် ၁၅ ဖြစ်သည်။

(၆) ___၆___ နှင့် ၁၃ သည် ၁၉ ဖြစ်သည်။

(၇) ___၄___ နှင့် ၁၆ သည် ၂၀ ဖြစ်သည်။

(၈) ___၉___ နှင့် ၁၁ သည် ၂၀ ဖြစ်သည်။

၃။ မေးခွန်း ၃ ကို ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို စာဖြင့်ဖတ်စေပြီး ကိန်းရေးပါစေ။

၄။ မေးခွန်း ၄ နှင့် ၅ ကို ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း ၅ ရှိ ပုံများသည် အခန်း ၁၁ နှင့် ၁၂ အတွက် ကြိုတင်ပြင်ဆင်မှုဖြစ်သည်။ ထို့ကြောင့် ပုံများ၏ အဓိပ္ပာယ်ကို ကလေးများ သေချာစွာနားလည်ပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၇ (၇/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန်အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၃ (က) တွင် ပြထားသည့် အတိုင်း ကိန်း ၁၅ နှင့် ၁၁ ကို သင်ပုန်းပေါ်တွင် ရေးပါ။ ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။

- ကိန်းတစ်ခုစီအတွက် အကွက်ဘယ်နှစ်ကွက် ထားရမလဲ။ (အဖြေရပြီးနောက် အကွက်များကို ကပ်ပါ)
- ဘယ်အကွက်တွေက ပိုများ/ ပိုနည်းသလဲ။
- ဘယ်ကိန်းက ပိုကြီး/ ပိုငယ်သလဲ။

၂။ အဓိကမေးခွန်း ၃ မှ ကျန်သည့် မေးခွန်းများကို တစ်ဦးချင်းစီဖြေရှင်းပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် သင်ပုန်းပေါ်တွင် အကွက်များကို အသုံးပြုပါ။

၃။ မေးခွန်း ၃ နှင့် ၄ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ကလေးများ စိတ်ကူးထဲတွင် အကွက်များကို ပုံဖော်စဉ်းစား နိုင်ရန် အောက်ပါမေးခွန်းများကို မေးပါ။

- ၁၃ က ၁၀ နဲ့ ဘာလဲ။
- ၁၆ က ၁၀ နဲ့ ဘာလဲ။
- ၁၃ နဲ့ ၁၆ ဘယ်ဟာက ပိုကြီးသလဲ။

၄။ ကိန်းနှစ်ခုကို မည်သို့ နှိုင်းယှဉ်ရမည်ကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။



ဖြည့်စွက်လေ့ကျင့်ခန်းများ

အထက်ပါမေးခွန်းများကို ကောင်းစွာဖြေနိုင်သော ကလေးများအတွက် ဆရာက အောက်ပါမေးခွန်းများကို ထပ်လောင်းပေးသင့်သည်။

ဥပမာ

၁၂ နှင့် ၁၆ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။

အဖြေ – ၁၃၊ ၁၄၊ ၁၅

လေ့ကျင့်ခန်း

(၁) ၁၀ နှင့် ၁၄ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။ **၁၁၊ ၁၂၊ ၁၃**

(၂) ၁၀ နှင့် ၂၀ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။
၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉

(၃) ၇ နှင့် ၁၃ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။
၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂

(၄) ၁၉ နှင့် ၁၅ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။ **၁၈၊ ၁၇၊ ၁၆**

(၅) ၁၂ နှင့် ၈ ကြားတွင် မည်သည့်ကိန်းများရှိသနည်း။ **၁၁၊ ၁၀၊ ၉**

(၆) ၆ နှင့် ၁၅ ကြားတွင် ကိန်းမည်မျှရှိသနည်း။ **၈ လုံးရှိသည်။**

(၇) ၁၈ နှင့် ၄ ကြားတွင် ကိန်းမည်မျှရှိသနည်း။ **၁၄ လုံးရှိသည်။**

သင်ခန်းစာ ၇

၃ ကြီးတဲ့ကိန်းကို ဝိုင်းပါ

(က) ၁၃ နဲ့ ၁၆ (ခ) ၂၀ နဲ့ ၁၈

၄ ငယ်တဲ့ကိန်းကို ဝိုင်းပါ

(က) ၁၉ နဲ့ ၁၂ (ခ) ၁၀ နဲ့ ၁၁

သင်ခန်းစာ ၈

၅ ဘယ်ကိန်းကအကြီးဆုံးနဲ့ ဘယ်ကိန်းကအငယ်ဆုံးဖြစ်သလဲ

(က)



အကြီးဆုံးကိန်းက ၁၈ ဖြစ်တယ် အငယ်ဆုံးကိန်းက ၁၃ ဖြစ်တယ်

(ခ)



အကြီးဆုံးကိန်းက ၁၇ ဖြစ်တယ် အငယ်ဆုံးကိန်းက ၁၁ ဖြစ်တယ်

၆ ၁၅၊ ၁၉၊ ၁၀၊ ၁၃၊ ၁၈ ထဲက အကြီးဆုံးကိန်းနဲ့ အငယ်ဆုံးကိန်းကိုရှာပါ

အကြီးဆုံးကိန်းသည် ၁၉ ဖြစ်သည်။ အငယ်ဆုံးကိန်းသည် ၁၀ ဖြစ်သည်။

ကတ်ပြားကစားနည်း

၁။ ၁၁ မှ ၂၀ အထိ ကတ်ပြား ၁၀ ကတ်ပြင်ဆင်ပါ။ ကတ်ပြားများကို မှောက်ထားပါ။

၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀

၂။ ကလေးများကို နှစ်ယောက်တစ်တွဲစီ အုပ်စုဖွဲ့၍ တစ်ဦးလျှင် ကတ်ပြား ၃ ခုစီ ယူစေပါ။

ဥပမာ – မောင်မောင်က ၁၂၊ ၁၆ နှင့် ၁၇ ရပြီး မမက ၁၁၊ ၁၃ နှင့် ၁၉ ရသည်။

၃။ ကတ်ပြားတစ်ခုစီပြ၍ ၃ ခါကစားရမည်။ သင့်ကတ်ပြားမှကိန်းသည် တခြားသူ ထက်ပိုကြီးလျှင် သင်ကအနိုင်ရသည်။ နှစ်ခါနိုင်လျှင် သင်ကစားပွဲကို အနိုင်ရမည်ဖြစ်သည်။



သင်ခန်းစာ ၈ (၈/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းများအနက် အကြီးဆုံးကိန်းနှင့် အငယ်ဆုံးကိန်းများကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန်အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကိန်းကတ်ပြား ၁၃၊ ၁၈ နှင့် ၁၅ ကို အဓိကမေးခွန်း ၄ (က) တွင် ပြထားသည့်အတိုင်း သင်ပုန်းပေါ်တွင် ထားပါ။ ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။

- ကိန်းတစ်ခုစီအတွက် အကွက်ဘယ်နှစ်ကွက် ထားရမလဲ။ (အဖြေရပြီးနောက် အကွက်များကို ထားပါ)
- ဘယ်အကွက်က အများဆုံးလဲ/ အနည်းဆုံးလဲ။
- ဘယ်ကိန်းက အကြီးဆုံး/ အငယ်ဆုံးလဲ။

ကျောင်းသုံးစာအုပ်မှ ကွက်လပ်များကို ဖြည့်ပါ။

၂။ အဓိကမေးခွန်း ၄ (ခ) မှ ကျန်သည့်ပုစ္ဆာများကို တစ်ဦးချင်းစီဖြေပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် သင်ပုန်းပေါ်တွင် အကွက်များကို အသုံးပြုပါ။

၃။ မေးခွန်း ၅ ကို တစ်ဦးချင်းစီဖြေပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်း ၅ လုံးကို နှိုင်းယှဉ်ခြင်းမှာ ခက်ခဲသော အလုပ်ဖြစ်သည်။ ထို့ကြောင့် အခက်အခဲရှိသော ကလေးများအား အောက်ပါအတိုင်း ကိန်းများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးစေလျှင် ကောင်းမည်။

၁၅ →	၁၀	နှင့်	၅
၁၉ →	၁၀	နှင့်	၉
၂၀ →	၁၀	နှင့်	၁၀
၁၃ →	၁၀	နှင့်	၃
၁၈ →	၁၀	နှင့်	၈

၄။ ကိန်း ၃ လုံး (သို့) ၃လုံးထက်ပိုသော ကိန်းများအား မည်သို့နှိုင်းယှဉ်ရမည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၉၊ ၁၀ (၉၊ ၁၀/၁၆)

သင်ယူမှုဦးတည်ချက်

- ကိန်းများသုံးပြီး ၂၀ အထိကိန်းများကို ရှာတတ်ရန်၊ နှိုင်းယှဉ်တတ်ရန်နှင့် စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁၊ ၂၊ ၃ ပြထားသော ကိန်းကတ်ပြား ၃ ခု
- အရောင်မတူသည့် အရောင်ကတ်ပြား ၃ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဖိုးဝရုပ် ကစားနည်းအား တစ်တန်းလုံးကို ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကစားနည်းအား မည်သို့ကစားရမည်ကို သင်ပုန်းပေါ်တွင် ရှင်းပြပါ။

၂။ ဖိုးဝရုပ်ကစားနည်းကို တစ်တန်းလုံးရှိ ကလေးများ ကစားပါစေ။

➔ မည်သည့်နေရာသို့ ရွှေ့ရမည်ကို မေးပါ။ (သို့မဟုတ်) ကလေးများကိုယ်တိုင် ရွှေ့ပါစေ။

၃။ မေးခွန်း ၅ (က) နှင့် (ခ) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။ မေးခွန်း (ဂ) ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများ ဖြေရှင်းရာတွင် ကိန်းများကို ကလေးများ အသုံးပြုပါစေ။

၄။ မေးခွန်း ၆ (က)ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။ မေးခွန်း (ခ)နှင့် (ဂ)ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများ ဖြေရှင်းရာတွင် ကိန်းများကို ကလေးများ အသုံးပြုပါစေ။

➔ ကိန်းများ၏ ဘယ်ဘက်တွင်ရှိသော ကိန်းများသည်ငယ်ပြီး ညာဘက်တွင်ရှိသော ကိန်းများသည်ကြီးသည်ကို ကလေးများအား ပြောပြပါ။

၅။ မေးခွန်း ၇ (က)ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။ မေးခွန်း(ခ)နှင့်(ဂ)ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများဖြေရှင်းရာတွင် ကိန်းများကို ကလေးများ အသုံးပြုပါစေ။

ဖိုးဝရုပ်ကို ဘယ်သူရမလဲ

ကတ်ပြား ၃ ခုရှိတယ်
- ၁ ရရင် ရွှေ့ကို ၁ လှမ်းတက်မယ်
- ၂ ရရင် ရွှေ့ကို ၂ လှမ်းတက်မယ်
- ၃ ရရင် ရွှေ့ကို ၃ လှမ်းတက်မယ်

တစ်ကြိမ်ပြီးတစ်ကြိမ် ရွှေ့ဆက်လှမ်းတက်မယ်
၂၀ အရင်ရောက်သူက ဖိုးဝရုပ်ရမယ်



၅ ပုံကိုကြည့်ပြီး ကွက်လပ်မှာ ကိန်းတွေဖြည့်ကြမယ်

(က) ၆ ကနေ ၂ တိုးရင် ___၈___ ရမယ်
(ခ) ၁၄ ကနေ ၃ လျော့ရင် ___၁၁___ ရမယ်
(ဂ) ၁၅ ကနေ ၅ တိုးရင် ___၂၀___ ရမယ်

၆ ဘယ်ကိန်းက ပိုကြီးသလဲ

(က) ၁၂ ၈ (ခ) ၁၄ ၁၉ (ဂ) ၂၀ ၁၅

၇ ကိန်းတွေဖြည့်ပါ

(က) ၇ ၈ ၉ ၁၀ ၁၁ (ခ) ၁၀ ၁၁ ၁၂ ၁၃ ၁၄

(ဂ) ၁၄ ၁၅ ၁၆ ၁၇ ၁၈ ၁၉ ၂၀

၈၃

ဖိုးဝရုပ် ကစားနည်း

(ကြိုတင်ပြင်ဆင်မှု) ၁ ၂ ၃

- ၁၊ ၂၊ ၃ ရေးထားသော ပြထားသည့် ကိန်းကတ်ပြား ၃ ခု
- အရောင်မတူသည့်ကတ်ပြား ၃ ခု (တစ်ဖွဲ့လျှင် ကတ်ပြား ၁ ခု)
- ၀ မှ ၂၀ အထိ ကိန်းများတစ်ခုကို သင်ပုန်းပေါ်တွင် ဆွဲပါ။

(ကစားနည်းစည်းမျဉ်း)

(၁) စာသင်ခန်းရှိ ကလေးများကို အုပ်စု ၃ စု ခွဲပါ။

(၂) အုပ်စု ၁၊ ၂၊ ၃ စသည်ဖြင့် အမည်ပေးပါ။

(၃) အုပ်စု ၁ မှ ကလေးတစ်ယောက်က ကိန်းကတ်ပြားကိုလှန်မကြည့်ဘဲ ကတ်ပြားကို ယူရမည်။ ဥပမာအနေဖြင့် အုပ်စု ၁ က ကတ်ပြား ၂ ကိုရလျှင် သူတို့၏ အရောင်ပါ ကတ်ကို ကိန်းများပေါ်တွင် ၀ မှ ၂ သို့ ရွှေ့ပါ။ ကိန်းကတ်ပြားကို ပြန်ထားပါ။

(၄) အုပ်စု ၂ က အုပ်စု ၁ ပြုလုပ်သွားသည့်အတိုင်းပြုလုပ်ပါ။ ပြီးလျှင် အုပ်စု ၃ ကလည်း ထိုနည်းအတိုင်းပြုလုပ်ပါ။

(၅) အုပ်စု ၁ မှ တခြားကလေးတစ်ဦးအား ပထမကလေး ကစားသွားသည့်အတိုင်း ကစားနည်းကို ဆက်လက်ကစားစေပါ။ ကတ်ပြား ၃ ကိုရလျှင် သူတို့၏ အရောင်ကတ်ပြားကို ကိန်းများပေါ်တွင် (လက်ရှိရောက်နေသည့် နေရာ) ၂ မှ ၅ သို့ ရွှေ့ပါ။

(၆) အုပ်စု ၂ မှ တခြားကလေးအား မိမိအုပ်စုထဲမှ ပထမကလေးအတိုင်း ကစားနည်းကို ဆက်လက်ကစားစေပါ။ ပြီးလျှင် အုပ်စု ၃ က ထိုနည်းအတိုင်း ပြုလုပ်ပါ။

(၇) ၂၀ သို့ ပထမဆုံးရောက်သောအုပ်စုက ဖိုးဝရုပ်ကိုရမည် ဖြစ်သည်။



၆။ မေးခွန်း ၈ (က) နှင့် (ခ) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။ မေးခွန်း(ဂ)၊ (ဃ)နှင့် (င)ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီးအဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများ ဖြေရှင်းရာတွင် ကိန်းများကို ကလေးများ အသုံးပြုပါစေ။

➔ အောက်ပါဝေါဟာရနှစ်ခုကိုဆက်စပ်၍ နားလည်ပါစေ။

➢ 'ရှေ့သို့သွားခြင်း'နှင့် 'တိုးလာခြင်း'

➢ 'နောက်သို့သွားခြင်း'နှင့် 'လျော့သွားခြင်း'

၇။ မေးခွန်း ၉ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများ ဖြေရှင်းရာတွင် ကိန်းများကို ကလေးများ အသုံးပြုပါစေ။

၈။ ကိန်းများသုံးပြီး ကိန်းဆိုင်ရာ မည်သည့်အချက်များကို ရှာဖွေနိုင်သည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၈ ကွက်လပ်မှာ ကိန်းတွေဖြည့်ပါ

(က) ၁၇ ကနေ ၄ လျော့ရင် **၁၃** ရတယ်

(ခ) ၉ ကနေ ၅ တိုးရင် **၁၄** ရတယ်

(ဂ) ၁၅ ကနေ **၃** တိုးရင် ၁၈ ရတယ်

(ဃ) **၁၇** ကနေ ၂ တိုးရင် ၁၉ ရတယ်

(င) **၁၃** ကနေ ၇ လျော့ရင် ၆ ရတယ်

၉ ကိန်းတွေဖြည့်ပါ



သင်ပုန်းအသုံးပြုပုံနမူနာ (သင်ပုန်း၏ဘယ်ဘက်ခြမ်းတစ်ခြမ်းသာ)

ဖိုးဝရုပ်ကို ဘယ်သူရမလဲ

စမှတ်



	ပထမ အကြိမ်	ဒုတိယ အကြိမ်	တတိယ အကြိမ်	စတုတ္ထ အကြိမ်	ပဉ္စမ အကြိမ်
အုပ်စု ၁	၂	၃	၁		
အုပ်စု ၂	၃	၁			
အုပ်စု ၃	၃	၃			

မှတ်ချက်

ကိန်းစဉ်ကို သင်ကြားရာတွင် ကိန်းများအသုံးပြုခြင်းသည် ပို၍ထင်သာမြင်သာရှိသဖြင့် ကလေးများအတွက် များစွာအထောက်အကူ ပြုပေသည်။ ကလေးများသည် ကိန်းများပေါ်မှ ကိန်းများကို သိရှိရန်သာမက ကိန်းများကို ကိန်းများအသုံးပြုပြီး နှိုင်းယှဉ်တတ်၊ စီတတ်ရန် လိုအပ်သည်။ ဤကဲ့သို့ ကစားနည်းတစ်ခုဖြင့် သင်ယူခြင်းသည် ကလေးများသင်ခန်းစာကို ပျော်ရွှင်စွာသင်ယူနိုင်စေပြီး ပိုမိုကျွမ်းကျင်လာစေမည်ဖြစ်သည်။ သို့ရာတွင် ကိန်းများဟူသောဝေါဟာရသည် ဤအသက်အရွယ်ကလေးများအတွက် ခဲယဉ်းစေသဖြင့် ထိုအသုံးအနှုန်းကိုသတိပြု၍ သုံးနှုန်းစေလိုပါသည်။ အကယ်၍ ကလေးများ နားလည်ပါက အသုံးပြုနိုင်ပါသည်။

သင်ခန်းစာ ၁၁ (၁၁/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိ ပေးထားသောကိန်းထက် အနည်းငယ်ပိုကြီးသော/ အောက်ငယ်သောကိန်းကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၀ မှ ၂၀ ထိ ကိန်းများကို သင်ပုန်းပေါ်တွင် ဆွဲပါ။ ပြီးခဲ့သော သင်ခန်းစာများကို ပြန်သတိရရန် အောက်ပါအတိုင်း မေးခွန်းများမေးပါ။

- ၁၁ ကို ၃ တိုးရင် ဘာကိန်းရမလဲ။
- ၁၄ က ၅ လျော့ရင် ဘာကိန်းရမလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများသုံးပြီး အဖြေရှာပါစေ။

၂။ အဓိကမေးခွန်း ၆ ကို ကိန်းများသုံးပြီး တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို ချိတ်ဆက်ပါ။

- 'တိုးလာခြင်း'နှင့် 'ပိုကြီး'
- 'လျော့သွားခြင်း'နှင့် 'ပိုငယ်'

၃။ မေးခွန်း ၁၀၊ ၁၁ နှင့် ၁၂ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤမေးခွန်းများကို ဖြေရန် ကလေးများအား ကျောင်းသုံးစာအုပ်ရှိ ကိန်းများကို အသုံးပြုပါစေ။

၄။ ကိန်းများသုံးပြီး မည်သည်တို့ကို လေ့လာခဲ့သည်ကို မေးမြန်းပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၆ ကြီးတဲ့ကိန်းနဲ့ ငယ်တဲ့ကိန်းကို ရှာကြမယ်

(က) ဘယ်ကိန်းက ၁၆ ထက် ၁ ကြီးသလဲ
(ခ) ဘယ်ကိန်းက ၁၅ အောက် ၁ ငယ်သလဲ
(ဂ) ဘယ်ကိန်းက ၁၈ ထက် ၂ ကြီးသလဲ
(ဃ) ဘယ်ကိန်းက ၁၃ အောက် ၃ ငယ်သလဲ



၁၆ ထက် ၁ ကြီးတဲ့ကိန်းက ___၁၇___ ဖြစ်တယ်
၁၅ အောက် ၁ ငယ်တဲ့ကိန်းက ___၁၄___ ဖြစ်တယ်
၁၈ ထက် ၂ ကြီးတဲ့ကိန်းက ___၂၀___ ဖြစ်တယ်
၁၃ အောက် ၃ ငယ်တဲ့ကိန်းက ___၁၀___ ဖြစ်တယ်



၁၀ ကွက်လပ်မှာ ၁ ကြီးတဲ့ကိန်းကိုရေးပါ

(က) ၁၄၊ ___၁၅___ (ခ) ၁၉ ၊ ___၂၀___ (ဂ) ၁၅၊ ___၁၆___

၁၁ ကွက်လပ်မှာ ၁ ငယ်တဲ့ကိန်းကိုရေးပါ

(က) ___၁၇___ ၊ ၁၈ (ခ) ___၁၃___ ၊ ၁၄ (ဂ) ___၁၂___ ၊ ၁၃

၁၂ ကွက်လပ်မှာ ကိန်းတွေဖြည့်ပါ

(က) ၁၂ ထက် ၃ ကြီးတဲ့ကိန်းက ___၁၅___ ဖြစ်တယ်
(ခ) ၁၉ အောက် ၂ ငယ်တဲ့ကိန်းက ___၁၇___ ဖြစ်တယ်
(ဂ) ၁၃ ထက် ၅ ကြီးတဲ့ကိန်းက ___၁၈___ ဖြစ်တယ်

ကလေးများအတွက် ဉာဏ်စမ်းမေးခွန်း

ဆရာက ကလေးများကို ကိန်းများသုံးခြင်းနှင့် ဆိုင်သော ဉာဏ်စမ်းမေးခွန်းတချို့ပေးနိုင်သည်။

ဉာဏ်စမ်း (*ဉာဏ်စမ်းမေးခွန်းမဖြေမီ သင်ပုန်းပေါ်တွင် ကိန်းများတစ်ခုဆွဲပါ။)

"ကိန်းများပေါ်မှာ ကျွန်တော်က ၁၃ မှာ ရောက်နေတယ်။ အရင်ဆုံး ကျွန်တော် ညာဘက်ကို ၅ ကွက်ရွှေ့တယ်။ ပြီးတော့ ဘယ်ဘက်ကို ၃ ကွက်ပြန်ရွှေ့တယ်။ နောက်ဆုံး ညာဘက်ကို ၄ ကွက် ရွှေ့လိုက်တယ်။ အခုကျွန်တော် ဘယ်မှာရောက်နေလဲ"
(အဖြေ ၁၉)

ဤပုံစံ ဉာဏ်စမ်းမေးခွန်းများ ထပ်ပေးပါ။ ကလေးများကို နှစ်ယောက်တစ်တွဲသို့မဟုတ် အုပ်စုဖွဲ့ကာ ဤပုံစံမျိုးဉာဏ်စမ်းမေးခွန်းပြုလုပ်စေပြီး အချင်းချင်းပေးစေပါ။ နမူနာ ဉာဏ်စမ်းမေးခွန်းတချို့ကို အောက်တွင်ဖော်ပြထားသည်။

– "ကျွန်တော် ကိန်းများပေါ်က ၁၅ မှာ ရောက်နေတယ်။ ညာဘက်ကို ၅ ရွှေ့တယ်၊ ပြီးတော့ ဘယ်ဘက်ကို ၃ ရွှေ့တယ်။ နောက်ဆုံးအနေနဲ့ ဘယ်ဘက်ကို ၇ ထပ်ရွှေ့ပြန်တယ်။ အခုကျွန်တော် ဘယ်မှာလဲ" **(အဖြေ ၁၀)**

– "ကျွန်တော် ကိန်းများပေါ်က ၁၈ မှာ ရောက်နေတယ်။ ဘယ်ဘက်ကို ၆ ရွှေ့တယ်၊ အဲဒီနောက် ညာဘက်ကို ၄ ရွှေ့တယ်။ နောက်ဆုံးအနေနဲ့ ဘယ်ဘက်ကို ၆ ထပ်ရွှေ့တယ်။ အခုကျွန်တော် ဘယ်မှာလဲ" **(အဖြေ ၁၀)**

၇ နောက်လာမယ့်ကိန်းက ဘာကိန်းလဲ

(က) ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ___၁၅___



(ခ) ၂၀၊ ၁၉၊ ၁၈၊ ၁၇၊ ___၁၆___



၁၃ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၁၀၊ ၁၁၊ ___၁၂___ ၊ ___၁၃___ ၊ ___၁၄___

(ခ) ၁၈၊ ၁၇၊ ၁၆၊ ၁၅၊ ___၁၄___ ၊ ___၁၃___

၁၄ ကိန်းတွေဖြည့်ပါ

(က)



(ခ)



(ဂ)



(ဃ)



ဖြည့်စွက်လေ့ကျင့်ခန်း

ကိန်းများတစ်လျှောက်မှ ကိန်းများကို တစ်ခုပြီးတစ်ခု ရေတွက်နိုင်သည့်အတွက် တခြားသော လေ့ကျင့်ခန်းများစွာအတွက် ကိန်းများကို အသုံးပြုနိုင်သည်။

ဥပမာ

၁၂ နှင့် ၁၇ ကြားမှ ခြားနားချက်ကိုရှာရန် အောက်ပါကိန်းများကို အသုံးပြုပါ။



အဖြေ – ၅

လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို ဖြေရန် အထက်ပါကိန်းများကို သုံးပါ။

(၁) ၁၃ နှင့် ၁၈ ကြားရှိ ခြားနားချက်ကို ရှာပါ။ **အဖြေ ၅**

(၂) ၁၇ နှင့် ၂၀ ကြားရှိ ခြားနားချက်ကို ရှာပါ။ **အဖြေ ၃**

(၃) ၁၉ နှင့် ၁၅ ကြားရှိ ခြားနားချက်ကို ရှာပါ။ **အဖြေ ၄**

(၄) ၁၂ နှင့် ၁၁ ကြားရှိ ခြားနားချက်ကို ရှာပါ။ **အဖြေ ၁**

သင်ခန်းစာ ၁၂ (၁၂/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းများကို စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၀ မှ ၂၀ အထိ ကိန်းများကို သင်ပုန်းပေါ်တွင် ဆွဲပါ။ ၁ မှ ၂၀ အထိ ကိန်းများကို အောက်ပါအတိုင်းတိုး၍ရေခြင်းနှင့် နောက်ပြန်ရေခြင်းကို ကလေးများ လေ့ကျင့်ပါစေ။

(၁) ဆရာက ၁ မှ ၁၀ အထိ ရေတွက်ပါ။ ပြီးလျှင် တစ်တန်းလုံးက ၁ မှ ၁၀ အထိ ရေတွက်ပါ။ အကြိမ်ကြိမ်ရေတွက်ပါ။

(၂) ဆရာက ၂၀ မှ ၁ အထိ ရေတွက်ပါ။ ပြီးလျှင် တစ်တန်းလုံးက ၂၀ မှ ၁ အထိ ရေတွက်ပါ။ အကြိမ်ကြိမ်ရေတွက်ပါ။

(၃) နှစ်ယောက်တစ်တွဲလေ့ကျင့်ပါစေ။ တစ်ယောက်က ရေတွက်လျှင် ကျန်တစ်ယောက်က စစ်ဆေးပါ။

ဤသို့ အချင်းချင်းနေရာလဲပြီး ပြုလုပ်ပါ။ အကြိမ်ကြိမ်ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအချက်ကို သေချာစွာ နားလည်ပါစေ။

- 'ရှေ့သို့' ⟷ ညာဘက်သို့ ရွှေ့ခြင်း
- 'နောက်ပြန်' ⟷ ဘယ်ဘက်သို့ ရွှေ့ခြင်း

၂။ အဓိကမေးခွန်း ၇ ကို ကိန်းများသုံးပြီး ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအချက်ကို သေချာစွာ နားလည်ပါစေ။

- တိုးလာခြင်း ⟷ ညာဘက်သို့ ရွှေ့ခြင်း
- လျော့သွားခြင်း ⟷ ဘယ်ဘက်သို့ ရွှေ့ခြင်း

၃။ မေးခွန်း ၁၃ နှင့် ၁၄ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ကိန်းများ အသုံးပြုပါစေ။

၄။ ၁ မှ ၁၀ အထိ ကိန်းများကို တိုး၍သော်လည်းကောင်း နောက်ပြန်သော်လည်းကောင်း ရေတွက်ခြင်းကို လေ့ကျင့်စေပြီး နိဂုံးချုပ်ပါစေ။

➔ ဖြစ်နိုင်လျှင် ကိန်းများအသုံးမပြုဘဲ ပြုလုပ်ပါစေ။

သင်ခန်းစာ ၁၃ (၁၃/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းများကို စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ ၁၂ အတိုင်း ၁ မှ ၂၀ အထိ ကိန်းများအား တိုး၍ရေခြင်းနှင့် နောက်ပြန်ရေခြင်းကို ကလေးများ လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖြစ်နိုင်လျှင် ကိန်းမျဉ်းအသုံးမပြုဘဲ ပြုလုပ်ပါစေ။

၂။ အဓိကမေးခွန်း ၈ ကို ကလေးများ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ကိန်းမျဉ်းအသုံးပြုပါစေ။

၃။ အဓိက မေးခွန်း ၈ မှ ကျန်သည့် ပုစ္ဆာများကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ အဓိကမေးခွန်း ၉ ကို ကလေးများ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ကိန်းမျဉ်းအသုံးပြုပါစေ။

၅။ အဓိကမေးခွန်း ၉ မှ ကျန်သည့် ပုစ္ဆာများနှင့် မေးခွန်း ၁၅ နှင့် ၁၆ တို့ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

၆။ ၁ မှ ၂၀ ကိန်းများကို တိုး၍ရေခြင်းနှင့် နောက်ပြန်ရေခြင်းကို ပြန်လည်လေ့ကျင့်စေပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

➔ ကိန်းမျဉ်း အသုံးမပြုပါစေနှင့်။

၈ ကိန်းတွေကို ငယ်ရာကကြီးရာကိုစီကြမယ်

(က)



၁၁ ၊ ၁၄ ၊ **၁၇** ၊ **၂၀** ၊

(ခ)



၁၀ ၊ **၁၂** ၊ **၁၄** ၊ **၁၆** ၊ **၁၉**

(ဂ)



၁၃ ၊ **၁၅** ၊ **၁၈** ၊ **၂၁** ၊ **၂၃** ၊ **၂၈**

၉ ကိန်းတွေကို ကြီးရာကငယ်ရာကိုစီကြမယ်

(က)



၁၈ ၊ ၁၆ ၊ **၁၂** ၊ **၁၄** ၊

(ခ)



၂၀ ၊ **၁၇** ၊ **၁၅** ၊ **၁၂** ၊ **၁၀**

(ဂ)



၁၉ ၊ **၁၈** ၊ **၁၇** ၊ **၁၆** ၊ **၁၄** ၊ **၁၂**

၁၅ ကိန်းတွေကို ငယ်ရာကကြီးရာကိုစီပါ

(က) ၁၅၊ ၁၉၊ ၁၃၊ ၁၂၊ ၁၇ **၁၂** ၊ **၁၃** ၊ **၁၅** ၊ **၁၇** ၊ **၁၉**

(ခ) ၁၀၊ ၁၆၊ ၁၄၊ ၂၀၊ ၁၈ **၁၀** ၊ **၁၄** ၊ **၁၆** ၊ **၁၈** ၊ **၂၀**

၁၆ ကိန်းတွေကို ကြီးရာကငယ်ရာကိုစီပါ

(က) ၁၆၊ ၁၉၊ ၁၀၊ ၁၄၊ ၁၂ **၁၉** ၊ **၁၆** ၊ **၁၄** ၊ **၁၂** ၊ **၁၀**

(ခ) ၁၃၊ ၁၇၊ ၂၀၊ ၁၁၊ ၁၈ **၂၀** ၊ **၁၈** ၊ **၁၇** ၊ **၁၃** ၊ **၁၁**

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါလေ့ကျင့်ခန်းများသည် အထက်ပါစာမျက်နှာတွင် သင်ယူခဲ့သော ကိန်းများနှိုင်းယှဉ်ခြင်း သင်ခန်းစာကို ပြန်လည်အသုံးချခြင်း ဖြစ်သည်။

လေ့ကျင့်ခန်း

အကြီးဆုံးနဲ့ အငယ်ဆုံးကိန်းနှစ်ခု၏ ခြားနားချက်ကို ရှာပါ။

(၁) ၁၂၊ ၁၈၊ ၁၀၊ ၁၆၊ ၁၃ **အဖြေ ၈** (၂) ၁၉၊ ၁၄၊ ၁၇၊ ၁၁၊ ၁၃ **အဖြေ ၈**

(၃) ၁၃၊ ၂၀၊ ၁၁၊ ၁၀၊ ၁၈ **အဖြေ ၁၀** (၄) ၁၈၊ ၁၅၊ ၁၂၊ ၁၆၊ ၁၄ **အဖြေ ၆**

မေးခွန်း (၁) အတွက် ရှင်းလင်းချက်

ကိန်းမျဉ်းအသုံးပြုခြင်းအားဖြင့် ကိန်းနှစ်ခု၏ ခြားနားချက်ဖြစ်သည့် ၈ ကို အလွယ်တကူရှာဖွေနိုင်သည်။



၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ကြမယ်

(က)  ၁၂ လုံး



၁ ခုစီရေတွက်မယ့်အစား အုပ်စုဖွဲ့ပြီး ရေတွက်ကြမယ်

၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂



(ခ)  ၁၅ လုံး

၁၇ ဘယ်လောက်ရှိသလဲ ဘယ်လိုရေတွက်မလဲ

(က)  ၁၆ လုံး

(ခ) 

လက်ချောင်း ၂၀ ချောင်း

၁၈ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၂ ခုစီ တိုးပြီး ရေတွက်မယ်

၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀

(ခ) ၅ ခုစီ တိုးပြီး ရေတွက်မယ်

၅၊ ၁၀၊ ၁၅၊ ၂၀

၁၉ ၂ ခုစီနဲ့ ၅ ခုစီတိုးပြီး ၂၀ အထိပြောပါ

၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀

၅၊ ၁၀၊ ၁၅၊ ၂၀

၈၈

ဖြည့်စွက်လေ့ကျင့်ခန်း

(၁) အောက်ပါလေးထောင့်ကွက်ထဲမှ ၁၂ ထက်ကြီးသော ကိန်းများကို ရွေးပြီး ငယ်စဉ်ကြီးလိုက်စီပါ။

၁၅၊	၈၊	၁၁၊	၁၇၊	၁၉၊	၆၊	၁၆၊	၁၃

အဖြေ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၁၉

(၂) အောက်ပါ လေးထောင့်ကွက်ထဲမှ ၁၆ အောက်ငယ်သော ကိန်းများကို ရွေးပြီး ငယ်စဉ်ကြီးလိုက်စီပါ။

၁၈၊	၇၊	၁၂၊	၁၀၊	၂၀၊	၁၇၊	၁၄၊	၉

အဖြေ ၇၊ ၉၊ ၁၀၊ ၁၂၊ ၁၄

(၃) အောက်ပါ လေးထောင့်ကွက်ထဲမှ ၈ ထက်ကြီးပြီး ၁၆ အောက်ငယ်သော ကိန်းများကို ရွေးပါ။ ထိုကိန်းများကို ငယ်စဉ်ကြီးလိုက်စီပါ။

၁၀၊	၁၇၊	၅၊	၁၃၊	၁၉၊	၁၄၊	၉၊	၇

အဖြေ ၉၊ ၁၀၊ ၁၃၊ ၁၄

(မှတ်ချက်) ဤပုစ္ဆာများကို ဖြေရှင်းရာတွင် ဆရာက အဆင့်ဆင့် ညွှန်ကြားချက်ပေးရမည်ဖြစ်သည်။

သင်ခန်းစာ ၁၄ (၁၄/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိ ကိန်းများကိုအုပ်စုဖွဲ့ပြီး ရေတွက်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပန်းသီးပုံနှင့် ကြယ်သီးပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ တစ်တန်းလုံးက အဓိကမေးခွန်း ၁၀ (က)မှ ပန်းသီးများကို တစ်ခုစီရေတွက်ပါစေ။ ပြီးလျှင် တခြားနည်းဖြင့် မည်သို့ရေတွက်မည်ကို တစ်တန်းလုံးကိုမေးပါ။ ကလေးများ ၂ ခုစီ ရေတွက်ခြင်းကို ရှာတွေ့လျှင် ပန်းသီးများကို ၂ ခုစီ တစ်တန်းလုံးတွင် ရေတွက်ပါစေ။ မေးခွန်း(ခ)ကို ထိုနည်းအတိုင်း ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေတွက်စဉ်တွင် ပန်းသီး ၂ ခုစီ (သို့) ကြယ်သီး ၅ ခုစီကို ဝိုင်းပါ။ (သို့မဟုတ်) ထောက်ပြပါ။

၂။ မေးခွန်း ၁၇ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး ၂ ခုစီ၊ ၅ ခုစီဖြင့် ရေတွက်စေခြင်းဖြင့် အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေတွက်စဉ်တွင် ၄ က်ပျောသီး ၂ လုံးစီ (သို့) လက် ၅ ချောင်းစီကို ဝိုင်းပါစေ။ (သို့မဟုတ်) ထောက်ပြပါစေ။

၃။ မေးခွန်း ၁၈ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ ၂ ခုစီနှင့် ၅ ခုစီ တိုး၍ ၂၀ အထိ (မေးခွန်း ၁၉) ရေတွက်ခြင်းကို အောက်ပါအတိုင်း လေ့ကျင့်ပါစေ။

(၁) ဆရာနှင့် ကလေးများ အတူတကွ ၂၀ အထိ ကိန်းများကို ၂ ခုစီ ရေတွက်သည်။ အကြိမ်ကြိမ်ရေတွက်သည်။

(၂) နှစ်ယောက်တစ်တွဲစီ လေ့ကျင့်ပါစေ။ တစ်ဦးကရေတွက်လျှင် ကျန်တစ်ဦးက စစ်ဆေးပါ။ နေရာလဲပြီးလုပ်ဆောင်ပါ။ အကြိမ်ကြိမ်လေ့ကျင့်ပါ။

(၃) ၅ ခုစီရေတွက်ခြင်းကို ထိုနည်းအတိုင်း လေ့ကျင့်ပါ။

(၄) ကလေးတချို့အား အတန်းရှေ့ထွက်၍ ကိန်းများရေတွက်ပြပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၅၊ ၁၆ (၁၅၊ ၁၆/၁၆)

သင်ယူမှုဦးတည်ချက်

- ၂၀ အထိကိန်းများဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁ နှင့် ၂ ကို ကလေးများ တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးသို့ တင်ပြစေပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပြီးခဲ့သော သင်ခန်းစာများတွင် အလားတူ မေးခွန်းများကို မည်သို့ဖြေရှင်းခဲ့သည်ကို ပြန်လည် သတိရပါစေ။

➔ လိုအပ်လျှင် အကွက်များ (သို့မဟုတ်) ကိန်းမျဉ်းကို အသုံးပြုပါ။

လေ့ကျင့်ခန်း (၂)

၁။ ကွက်လပ်တွင် အစဉ်လိုက်ကိန်းများဖြည့်ပါ။

(က) ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄

(ခ) ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀

(ဂ) ၁၃၊ ၁၂၊ ၁၁၊ ၁၀၊ ၉၊ ၈၊ ၇

(ဃ) ၁၉၊ ၁၈၊ ၁၇၊ ၁၆၊ ၁၅၊ ၁၄၊ ၁၃

၂။ ကွက်လပ်တွင် အစဉ်လိုက်ကိန်းများဖြည့်ပါ။

(က) ၂ ခုစီတိုး၍ ရေတွက်ခြင်း

၂၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀

(ခ) ၃ ခုစီတိုး၍ ရေတွက်ခြင်း

၃၊ ၆၊ ၉၊ ၁၂၊ ၁၅

(ဂ) ၄ ခုစီ တိုး၍ ရေတွက်ခြင်း

၄၊ ၈၊ ၁၂၊ ၁၆၊ ၂၀

(ဃ) ၅ ခုစီတိုး၍ ရေတွက်ခြင်း

၅၊ ၁၀၊ ၁၅၊ ၂၀

ကလေးများအတွက် ဖြည့်စွက်လုပ်ငန်း

အထက်ပါစာမျက်နှာမှ လေ့ကျင့်ခန်း (၂)ကို ဖြေပြီးနောက် ဆရာက အောက်ပါလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

လေ့ကျင့်ခန်း – ကွက်လပ်အသီးသီးတွင် ဖြည့်ရမည့်ကိန်းများကို ရှာပါ။

(ခ) ၁၊ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉ (ဂ) ၂၊ ၆၊ ၁၀၊ ၁၄၊ ၁၈

လုပ်ငန်း ကွက်လပ်များမှာ သင့်တော်သည့်ကိန်းများကို ရေးကြမယ်။



၃။ ကွက်လပ်တွင် ကိန်းများဖြည့်ပါ။

(က) ၁၂ ထက် ၄ ကြီးသောကိန်းသည် ၁၆ ဖြစ်သည်။

(ခ) ၁၈ အောက် ၃ ငယ်သောကိန်းသည် ၁၅ ဖြစ်သည်။

(ဂ) ၂၀ သည် ၁၄ ထက် ၆ ကြီးသည်။

(ဃ) ၉ သည် ၁၃ အောက် ၄ ငယ်သည်။

(င) ၁၉ သည် ၁၇ ထက် ၂ ကြီးသည်။

(စ) ၁၁ အောက် ၄ ငယ်သောကိန်းသည် ၇ ဖြစ်သည်။

၄။ ၂၀ အောက်ငယ်ပြီး ၁၂ ထက်ကြီးသောကိန်းများကို ငယ်ရာမှ ကြီးရာသို့ စီပါ။

၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉

၅။ ၂၀ အောက်ငယ်ပြီး ၁၄ ထက်ကြီးသောကိန်းများကို ကြီးရာမှ ငယ်ရာသို့ စီပါ။

၁၉၊ ၁၈၊ ၁၇၊ ၁၆၊ ၁၅

၆။ ပုံတွင်ပြထားသည့်အတိုင်း အောင်အောင်သည် လှေကားထစ် ၁၁ ထစ်တွင် ရပ်နေသည်။ မိုးမိုးက ၁၄ ထစ်တွင်ရပ်နေပြီး ခိုင်ခိုင်က ၁၈ ထစ်တွင် ရပ်နေကြသည်။



(က) အောင်အောင် ၃ ထစ်တက်လိုက်လျှင် မိုးမိုးနှင့် တစ်ထစ်တည်းတွင် ရှိနေမည်။

(ခ) ခိုင်ခိုင် ၄ ထစ်ဆင်းလိုက်လျှင် မိုးမိုးနှင့် တစ်ထစ်တည်းတွင် ရှိနေမည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၂။ မေးခွန်း ၃ ကို ကလေးများတစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးသို့ တင်ပြစေပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပြီးခဲ့သော သင်ခန်းစာများတွင် အလားတူ မေးခွန်းများအား မည်သို့ဖြေရှင်းခဲ့သည်ကို ပြန်လည် သတိရပါစေ။

➔ လိုအပ်လျှင် အကွက်များ (သို့မဟုတ်) ကိန်းမျဉ်းကို အသုံးပြုပါ။

၃။ မေးခွန်း ၄ နှင့် ၅ ကို ကလေးများ တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးသို့ တင်ပြစေပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း ၄ ၏ အဖြေကိုရှာရန် အောက်ပါ အတိုင်း အဆင့် (၂) ဆင့် လုပ်ဆောင်ရမည်ကို ကလေးများ နားလည်ပါစေ။

(၁) ၁၂ ထက်ပိုသော ကိန်းများကို ရွေးချယ်ခြင်း

(၂) ရွေးထားသော ကိန်းများကို ငယ်စဉ်ကြီးလိုက်စီခြင်း

၄။ မေးခွန်း ၆ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးသို့တင်ပြစေပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် ဆရာလမ်းညွှန်မှ ဤသင်ခန်းစာများအတွက် ထည့်သွင်းထားသောဖြည့်စွက်လုပ်ငန်းများ၊ လေ့ကျင့်ခန်းများကိုပေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အထက်ပါစာမျက်နှာမှ မေးခွန်း ၆ အတွက် ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း ၆ (က) နှင့် (ခ) အပြင် အောက်ပါမေးခွန်းများကို ပေးနိုင်သည်။ ကွင်းထဲတွင် 'အထက်' သို့မဟုတ် 'အောက်' တစ်ခုခုရွေးပြီး ကွက်လပ်ထဲတွင် ကိန်းရေးပါ။

(ဂ) အောင်အောင်သည် (အထက်၊ အောက်) သို့ ၇ ထစ်သွားလျှင် ခိုင်ခိုင်နှင့် တစ်ထစ်တည်းတွင် ရှိမည်။

(ဃ) ခိုင်ခိုင်သည် ၆ ထစ်ဆင်းပြီး ၂ ထစ်တက်လျှင် ၁၄ ထစ်တွင်ရှိမည်။

(င) မိုးမိုးသည် (အထက်၊ အောက်) သို့ ၂ ထစ်သွားလျှင် ၁၂ ထစ်တွင် ရှိမည်။

(စ) အောင်အောင်သည် (အထက်၊ အောက်) သို့ ၆ ထစ်သွားလျှင် ၁၇ ထစ်တွင် ရှိမည်။

(ဆ) စုစုသည် ၁၃ ထစ်တွင်ရှိသည်။ သူမနှင့်တစ်ထစ်တည်းတွင်ရှိဖို့ရန် အောင်အောင် သည် (အထက်၊ အောက်) သို့ ၂ ထစ်၊ မိုးမိုးသည် (အထက်၊ အောက်) သို့ ၁ ထစ်နှင့် ခိုင်ခိုင်က (အထက်၊ အောက်) သို့ ၅ ထစ် အသီးသီး သွားရမည်ဖြစ်သည်။

အခန်း ၁၁ အပေါင်း သင်ခန်းစာ ၂

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းကို ပြုလုပ်တတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၂.၁။ ပေါင်းလဒ် ၁၉ အတွင်းရမည့်ပေါင်းခြင်းကို ပြုလုပ်တတ်ရန်

စာသင်ချိန်

- ၁၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

- အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကို အခြေခံ၍ ကလေးများကို အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၀ နှင့် ဂဏန်း ၁ လုံး ပါကိန်းကို ပေါင်းတတ်ရန်	● ၁၀ နှင့် ဂဏန်း ၁ လုံးပါကိန်းကို ၁၀ အုပ်စုဖွဲ့ပြီး ပေါင်းခြင်း။ (ရေတွက်ခြင်း မပြုဘဲ)	● ကလေးများသည် ၁၀ နှင့် ဂဏန်း ၁ လုံးပါကိန်းကို ၁၀ အုပ်စုဖွဲ့ပြီး ပေါင်းတတ်မည်။ (ရေတွက်ခြင်း မပြုဘဲ)
၂	အဖြေ ၁၉ အတွင်းရမည့်ဂဏန်း ၂ လုံးပါကိန်းနှင့်ဂဏန်း ၁ လုံးပါကိန်းကို ပေါင်းတတ်ရန်	● အဖြေ ၁၉ အတွင်းရမည့်ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ၁၀ အုပ်စုဖွဲ့ပြီး ပေါင်းခြင်း။ (ရေတွက်ခြင်း မပြုဘဲ)	● ကလေးများသည် အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ၁၀ အုပ်စုဖွဲ့ပြီး ပေါင်းတတ်မည်။ (ရေတွက်ခြင်း မပြုဘဲ)
၃-၄	အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းပေါင်းခြင်း ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါ ကိန်းကို ပေါင်းခြင်း။ ● အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းပေါင်းခြင်း ပုစ္ဆာများကို ဖြေရှင်းခြင်း။ ● ၁၀ ၏ကိန်းတွဲများကို ပြန်လည်လေ့ကျင့်ခြင်း။	● ကလေးများသည် အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ပေါင်းတတ်မည်။ ● ကလေးများသည် အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းပေါင်းခြင်းပုစ္ဆာများကို ဖြေရှင်းတတ်မည်။
၅	ပထမကိန်းသည် ၉ ဖြစ်ပြီး ဒုတိယကိန်းသည် ၉ အောက်ငယ်သော ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်	● ပေါင်းနည်းအဆင့်များကို ဖော်ပြရန် အကွက်ပုံကတ်ပြားများ၊ကိန်းခွဲပုံများသုံးပြီး ဂဏန်း ၁လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း။	● ကလေးများသည် အကွက်ကတ်များသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး တွက်နည်းအဆင့်ဆင့်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် ကိန်းခွဲပုံများသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး တွက်နည်းအဆင့်ဆင့်ကို ရှင်းပြတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	ပထမကိန်းသည် ၈ ဖြစ်ပြီး ဒုတိယကိန်းသည် ၈ အောက်ငယ်သော ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်	● ပေါင်းနည်းအဆင့်များကို ဖော်ပြရန် အကွက်ပုံကတ်ပြားများ၊ ကိန်းခွဲပုံများသုံးပြီး ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း။	● ကလေးများသည် အကွက်ပုံ ကတ်ပြားများ သုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး တွက်နည်းအဆင့်ဆင့်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် ကိန်းခွဲပုံများသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး တွက်နည်းအဆင့်ဆင့်ကို ရှင်းပြတတ်မည်။
၇	ပထမကိန်းသည် ၇ (သို့) ၆ ဖြစ်ပြီး ဒုတိယကိန်းသည် ထိုကိန်းများ အောက်ငယ်သော ဂဏန်း ၁ လုံးပါ ကိန်း ၂ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်	● ဂဏန်း ၁ လုံးပါကိန်း ၂ ခုကို ကိန်းခွဲပုံကို သုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း။ (ဒုတိယကိန်းကို ကိန်းခွဲ၍)	● ကလေးများသည်ကိန်းခွဲပုံကိုသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး တွက်နည်းအဆင့်ဆင့်ကို ရှင်းပြတတ်မည်။
၈	ပထမကိန်းသည် ဒုတိယကိန်းအောက် ငယ်ပြီး ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်	● အကွက်ပုံကတ်ပြားများ၊ ကိန်းခွဲပုံများသုံးပြီး ဂဏန်း ၁ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းနှင့် ပေါင်းနည်းအဆင့်များကို နည်း ၂ နည်းဖြင့် ဖော်ပြခြင်း။ (ပထမကိန်းကို ကိန်းခွဲခြင်းနှင့် ဒုတိယကိန်းကို ကိန်းခွဲခြင်း)	● ကလေးများသည် အကွက်ပုံကတ်ပြားများကို သုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ပြီး နည်း ၂ နည်းဖြင့် တွက်ချက်မှု အဆင့်ဆင့်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် ကိန်းခွဲပုံကိုသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်မည်။ နည်း ၂ နည်းဖြင့် တွက်ချက်မှုအဆင့်ဆင့်ကို ရှင်းပြတတ်မည်။
၉	ပထမကိန်းသည် ဒုတိယကိန်းအောက်ငယ်သော ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်	● ကိန်းခွဲပုံသုံးပြီး ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်း။	● ကလေးများသည် ကိန်းခွဲပုံသုံးပြီး ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်မည်။ တွက်ချက်မှုအဆင့်ဆင့်ကို ရှင်းပြနိုင်မည်။
၁၀ – ၁၂	အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၁ လုံးပါ ကိန်းများပေါင်းခြင်း ပုစ္ဆာများကိုကိန်းပြောင်းဖွဲ့ပြီး ဖြေရှင်းတတ်ရန်	● ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း။ ● ဂဏန်း ၁လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ဂဏန်း ၁လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်မည်။ ● ကလေးများသည် ဂဏန်း ၁လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၃	ဂဏန်း ၁လုံးပါ ကိန်းများကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းရာတွင် ကိန်းများနှင့် အဖြေများ၏ ထူးခြားချက်များကို ရှင်းပြတတ်ရန်	● ဖတ်စာအုပ်တွင် ပြထားသည့် အပေါင်းကတ်ပြားများကို စီစဉ်ခြင်း။ ● ဂဏန်း ၁ လုံးပါ ကိန်းများကို ကိန်းပြောင်းဖွဲ့၍ ပေါင်းရာတွင် ကိန်းများနှင့်အဖြေများ၏ ထူးခြားချက်များကို ရှာခြင်း။	● ဂဏန်း ၁ လုံးပါ ကိန်းများကို ကိန်းပြောင်းဖွဲ့၍ ပေါင်းရာတွင် ကိန်းများနှင့်အဖြေများ၏ ထူးခြားချက်များကို ရှာတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁၄	ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ပြီး ကျွမ်းကျင်စွာ ပေါင်းတတ်ရန်	● ဂဏန်း ၁ လုံးပါ ကိန်းများဖြင့် အပေါင်းကတ်ပြားများကို ပြုလုပ်ခြင်းနှင့် ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းကို လေ့ကျင့်ခြင်း။	● ကလေးများသည် ဂဏန်း ၁ လုံးပါကိန်းများဖြင့် အဖြေမှန်ပါသည့် အပေါင်းကတ်ပြားများကို ပြုလုပ်တတ်မည်။ ● ကလေးများသည် ဂဏန်း ၁ လုံးပါကိန်းများ ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်းကို မှန်ကန်လျင်မြန်စွာ ဖြေတတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ၁၉ အထိ ပေါင်းခြင်းကို နှစ်မျိုး ခွဲခြားထားသည်။ ယင်းတို့မှာ 'ကိန်းပြောင်းဖွဲ့မှု မပါသော ပေါင်းခြင်း' နှင့် 'ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း'တို့ ဖြစ်သည်။ အသေးစိတ်ရှင်းလင်းချက်ကို အောက်တွင် ဖော်ပြထားသည်။

ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်း

(ဥပမာ) ၁၀ + ၃၊ ၁၄ + ၂၊ ၆ +၁၁

ဤအပေါင်းပုံစံတွင် အပေါင်းကိန်းနှစ်ခုအနက် တစ်ခုတွင် ၁၀ အုပ်စုရှိသည်။ ထို့ကြောင့် ၁၀ အုပ်စုကို မပြောင်းလဲဘဲထားပြီး ကျန်သည့်အပိုင်းဖြင့် ပေါင်းမည်။ ဥပမာအားဖြင့် ၁၄ + ၂ ကို ပေါင်းသောအခါ ၁၀ အုပ်စုမပြောင်းလဲဘဲထားပြီး ပုံတွင် ပြထားသည့်အတိုင်း အဖြေ ၁၆ ရရန် ၄ + ၂ ကို အရင်ပေါင်းမည်။ ဤနည်းသည် ကလေးများအား လွယ်ကူစေသည့်အတွက် တခြားနည်းဖြင့် မပေါင်းမီ ဤနည်းကို သင်ကြားသင်ယူသင့်သည်။



ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း

(ဥပမာ) ၉ + ၃၊ ၈ + ၅၊ ၄ + ၉

ဤအပေါင်းပုံစံတွင် မည်သည့် ကိန်းနှစ်ခုစလုံးတွင်မှ ၁၀ အုပ်စု မပါပေ။ ထို့ကြောင့် ဤအပေါင်းကို တွက်ရာတွင် အဓိကလုပ်ဆောင်ရမည့်အချက်မှာ ၁၀ အုပ်စုဖြစ်ရန် အရင်ပြုလုပ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၉ + ၃ ကို ပေါင်းရာတွင် အဓိကလုပ်ဆောင်ရမည့်အပိုင်းသည် ပုံတွင်ပြထားသည့်အတိုင်း ၁၀ အုပ်စုပြုလုပ်ခြင်း ဖြစ်သည်။ ဤအပေါင်းပုံစံသည် '၁၀ အထိ ကိန်းများကို ကိန်းခွဲခြင်း၊ ကိန်းတွဲခြင်း သဘော'ကိုသုံးကာ ၁၀ အုပ်စုပြုလုပ်ပြီး တွက်ရမည်ဖြစ်သောကြောင့် ကိန်းပြောင်းဖွဲ့မှုမပြုလုပ်ဘဲ ပေါင်းခြင်းထက်ပို၍ ခက်ခဲသည်။



၁၉ အထိကိန်းများပေါင်းခြင်း သင်ခန်းစာဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။



ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ခေါင်းစဉ်အသစ်ကို သင်ယူရန် အောက်ပါသိပြီးအသိပညာများကို အသုံးချရန် လိုသည်။

(၁) ၁၀ အထိပေါင်းခြင်း (အခန်း ၆)

(၂) ၂၀ အထိကိန်းများ (အခန်း ၁၁)

(၃) ၁၀ အထိကိန်းများကို ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်း (အခန်း ၂)

ပထမဦးစွာ အပေါင်း၏သဘောနှင့် ၁၀ အတွင်း မည်သို့ပေါင်းရမည်ကို မှတ်မိစေရန်လိုအပ်သည်။ ထို့အပြင် ဤအခန်းတွင် ၁၀ ထက်ကြီးသော ကိန်းများကိုပေါင်းရမည်ဖြစ်၍ တွက်ချက်နေစဉ် ၁၀ အုပ်စုကို အဓိကအာရုံစိုက်ရန် လိုအပ်ပါသည်။ ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းသည် ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် အထက်ပါအခန်း (၃) ခန်းကို ကလေးများ သေချာနားလည်စေရန်လိုပြီး ယခုသင်ယူမည့်ခေါင်းစဉ်အတွက် အဆင်သင့်ဖြစ်ရန် ဆရာများမှ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

သင်ခန်းစာ ၁ (၁/၁၄)

သင်ယူမှုဦးတည်ချက်

- ၁၀ နှင့် ဂဏန်း ၁ လုံးပါကိန်းကို ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြား၊ သရက်သီးပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် ၁၀ ကတ်ပြားများ
- သင်ပုန်းပေါ်ကပ်ရန် ၁၀ ကတ်ပြား အကြီးများ (ဆရာအတွက်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သရက်သီးပုံကတ်ပြားနှင့် ကတ်ပြားအကွက်များကို အိတ်ပါကားချပ်တွင် ထည့်ပြီး သရက်သီး ၁၀ လုံးနှင့် ၃ လုံး ပုစ္ဆာကိုပြောပြပါ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေတွက်ခြင်းဖြင့် မည်သို့အဖြေရှာရမည်ကို ပြပါ။

၂။ ရေတွက်ခြင်းထက် ပိုကောင်းသော တွက်နည်းများကို အကွက်ပုံကတ်ပြားများသုံး၍ ကလေးများ တစ်ဦးချင်းစီရှာဖွေပါစေ။ သူတို့၏ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခန်း (၁၁) နှင့်ဆက်စပ်၍ ကလေးများ ၁၀ အုပ်စုတစ်စု နှင့် ၃ သည် ၁၃ ဖြစ်သည်ကို ပြန်လည်အမှတ်ရပါစေ။

၃။ ကလေးများ ၁၀ + ၅ ကို အကွက်ကတ်ပြားများသုံးပြီး တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါ။

၄။ လေ့ကျင့်ခန်းစာအုပ်တွင် အပေါင်းများကို တွက်စေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအဆင့်တွင် အကွက်ကတ်ပြားများ သုံးရန်မလိုပါ။ သို့သော် တွက်ချက်ရာ၌ အခက်အခဲရှိသော ကလေးများကိုပံ့ပိုးပေးရန် အကွက်ကတ်ပြားများ ပြန်သုံးပါ။

၅။ ၁၀ နှင့် ဂဏန်း ၁ လုံးပါကိန်းများ ပေါင်းခြင်း၊ ဂဏန်း ၁ လုံးပါကိန်းနှင့် ၁၀ပေါင်းခြင်းကို ပြန်လည်မေးခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

➔ ဂဏန်းတစ်လုံးပါကိန်းအမျိုးမျိုးကို အသုံးပြု၍ ပုစ္ဆာများတွက်ပါစေ။

၁၁ အပေါင်း သင်ခန်းစာ ၂

၁ စုစုမှာသရက်သီး ၁၀ လုံးရှိပြီး ထွန်းထွန်းမှာသရက်သီး ၃ လုံးရှိတယ် သရက်သီးအားလုံးပေါင်း ဘယ်လောက်ရှိသလဲ



ဒီမေးခွန်းအတွက် ညီမျှခြင်း ရေးပါ

၁၀ + ၃ = ?၁၃

၁၀ + ၃ ကို ဘယ်လိုတွက်မလဲ



ညီမျှခြင်း

၁၀ + ၃ = ၁၃

အဖြေ ၁၃ လုံး

၂ ၁၀ + ၅ ကို ဘယ်လိုတွက်မလဲ



၁၀ + ၅ = ၁၅

၃ ပေါင်းပါ

(က) ၁၀ + ၂ ၁၂ (ခ) ၁၀ + ၇ ၁၇ (ဂ) ၁၀ + ၉ ၁၉ (ဃ) ၆ + ၁၀ ၁၆

ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် အခန်း (၁၁) တွင် ၂၀ အထိ ကိန်းများကို သင်ယူခဲ့ပြီးဖြစ်သည့်အတွက် ဆရာက ထိုသိပြီးအသိပညာကို ပြန်လည်အသုံးချသင့်သည်။ ဥပမာ ပုံတွင်ပြထားသည့်အတိုင်း ၁၀ နှင့် ၃ သည် ၁၃ ဖြစ်သည်ကို ကလေးများ သင်ယူပြီးဖြစ်သည်။ ဆရာက သူတို့၏သိပြီးအသိပညာကို အောက်ပါအတိုင်း အသုံးပြုနိုင်သည်။

ဆရာ ။ ။ ၁၀ + ၃ ကို တွက်ကြမယ်။
အဲဒီလိုမတွက်ခင် ပုံမှာ ဘယ်ဘက်က ဘယ်နှစ်ကွက်ရှိသလဲ။

ကလေး ။ ။ ၁၀ ကွက်

ဆရာ ။ ။ ညာဘက်မှာ ဘယ်နှစ်ကွက်ရှိသလဲ။

ကလေး ။ ။ ၃ ကွက်

ဆရာ ။ ။ အရင်က သင်ပြီးပြီ။
၁၀ နဲ့ ၃ က ဘာဖြစ်သလဲ။

ကလေး ။ ။ ၁၃

ဆရာ ။ ။ ၁၀ နဲ့ ၃ ကို အတူတူတွဲလိုက်ခြင်းဖြင့် ရေတွက်ဖို့မလိုဘဲ အဖြေ ၁၃ ကို ရတယ်။



၂ ရွှေငါး ၁၄ ကောင်ရှိတယ် ရွှေငါး ၂ ကောင် ပေါင်းထည့်ရင် ရွှေငါးအားလုံးဘယ်လောက်ရှိသလဲ









ညီမျှခြင်း

၁၄ + ၂ = ၁၆ အဖြေ ၁၆ ကောင်

၃ ပေါင်းပါ

(က) ၁၂ + ၂ = ၁၄ (ခ) ၁၅ + ၄ = ၁၉ (ဂ) ၁၄ + ၃ = ၁၇
(ဃ) ၅ + ၁၁ = ၁၆ (င) ၁၃ + ၅ = ၁၈ (စ) ၁ + ၁၄ = ၁၅

ဖြည့်စွက်ရှင်းလင်းချက်

၁၄ + ၂ ကို တွက်ရာတွင် ပထမဦးစွာ ၁၀ အုပ်စုကို အပြောင်းအလဲ မပြုလုပ်ဘဲ ထားရမည်ကို ကလေးများ နားလည်ပါစေ။ အောက်ပါအတိုင်း ရှင်းပြနိုင်သည်။



သင်ခန်းစာ ၂ (၂/၁၄)

သင်ယူမှုဦးတည်ချက်

- အဖြေ ၁၉ အတွင်း ရမည်ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ငါးပုံကတ်ပြား၊ အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် ၁၀ ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ငါးပုံကတ်ပြား၊ အကွက်ပုံကတ်ပြားများကို အိတ်ပါကားချပ်တွင်ထည့်ပြီး သင်ပုန်းပေါ်ကပ်ကာ ရွှေငါး ၁၄ ကောင်နှင့် ၂ ကောင်ပုစ္ဆာကို ပြောပြပါ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၄ သည် ၁၀ နှင့် ၄ ဖြစ်ကြောင်း မှတ်မိပါစေ။

➔ ရေတွက်ခြင်းဖြင့် ၁၄ + ၂ ကို မည်သို့ အဖြေရှာရမည်ကို တစ်တန်းလုံးကို ပြပါ။

၂။ ရေတွက်ခြင်းထက် ပိုကောင်းသော တွက်နည်းများကို ကတ်ပြားအကွက်များသုံး၍ ကလေးတစ်ဦးချင်းစီ ရှာဖွေပါစေ။ သူတို့၏ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခန်း (၆) နှင့်ဆက်စပ်၍ ကလေးများ ၄ နှင့် ၂ သည် ၆ ဖြစ်သည်ကို ပြန်လည် မှတ်မိပါစေ။

➔ ၁၀ အုပ်စုတစ်စုနှင့် ၃ သည် ၁၃ ဖြစ်သည်ကို မှတ်မိပါစေ။

၃။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၃)ကို တွက်ချက်စေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအဆင့်တွင် ကတ်ပြားများ သုံးစရာ မလိုပါ။ တွက်ရာ၌အခက်အခဲရှိသော ကလေးများကို ပံ့ပိုးပေးရန် လိုအပ်ပါက ကတ်ပြားများ ပြန်လည်အသုံးပြုပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူပြီးသော အပေါင်းများကို မည်သို့တွက်ရမည်ကို မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃၊ ၄ (၃၊ ၄/၁၄)

သင်ယူမှုဦးတည်ချက်

- အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းပေါင်းခြင်းပဉ္စာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း(၁)နှင့် (၂)ကို ကလေးများ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် ကိန်းကတ်ပြားသုံးပြီး မည်သို့ တွက်ရမည်ကို ပြန်လည်လေ့ကျင့်ပါ။

၂။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၃)၊ (၄)၊ (၅) နှင့် (၆) ကို ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းမှ ညီမျှခြင်းရေးရာတွင် ကလေးများ အခက်အခဲရှိလျှင် ဆရာက မေးခွန်း(၃)ကို နမူနာအဖြစ်သုံးပြီး တစ်တန်းလုံးနှင့် ဖြေရှင်းနိုင်သည်။

၃။ ၁၀ ဖြစ်စေမည့် ကိန်းတွဲများကို ပြန်လည် လေ့ကျင့်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ခန်းစာ (၅) မှ ကိန်းပြောင်းဖွဲ့မှုပါသော ပေါင်းခြင်းအတွက် ပြင်ဆင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိန်းတွဲများကို ကလေးအားလုံး နားလည်စေရန် ဆရာကဂရုပြုရမည်။

➔ အချိန်ရလျှင် ကိန်းတွဲများနှင့် ပို၍ရင်းနှီးမှုရှိရန် ၁၀ မိတ်ဆွေကစားနည်းကို ကစားပါစေ။

လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၀ + ၄ = **၁၄** (ခ) ၁၀ + ၈ = **၁၈** (ဂ) ၁ + ၁၀ = **၁၁**

(ဃ) ၁၀ + ၆ = **၁၆** (င) ၉ + ၁၀ = **၁၉** (စ) ၅ + ၁၀ = **၁၅**

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၃ + ၄ = **၁၇** (ခ) ၁၁ + ၅ = **၁၆** (ဂ) ၃ + ၁၆ = **၁၉**

(ဃ) ၁၂ + ၃ = **၁၅** (င) ၂ + ၁၄ = **၁၆** (စ) ၅ + ၁၂ = **၁၇**

၃။ ကျောင်းဝင်းထဲတွင် ကျောင်းသား ၈ ယောက် ကစားနေကြသည်။ နောက်ထပ် ကျောင်းသား ၁၀ ယောက် ဝင်ကစားကြသည်။ ကျောင်းဝင်းထဲတွင် ကစားနေသည့် ကျောင်းသားပေါင်း မည်မျှရှိသနည်း။ **၈ + ၁၀ = ၁၈ အဖြေ ၁၈ ယောက်**

၄။ မြမြတွင် စာအုပ် ၁၂ အုပ်ရှိသည်။ နောက်ထပ် စာအုပ် ၃ အုပ် ထပ်ဝယ်လိုက်သော် စာအုပ်ပေါင်း မည်မျှရှိမည်နည်း။ **၁၂ + ၃ = ၁၅ အဖြေ ၁၅ အုပ်**

၅။ ပူဖောင်းအပြာ ၁၀ လုံးနှင့် ပူဖောင်းအနီ ၆ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှ ရှိသနည်း။ **၁၀ + ၆ = ၁၆ အဖြေ ၁၆ လုံး**

၆။ ကျောင်းကားထဲတွင် ယောကျ်ားလေး ၅ ယောက်နှင့် မိန်းကလေး ၁၄ ယောက် ရှိသည်။ ကျောင်းကားထဲတွင် စုစုပေါင်းကလေးမည်မျှရှိသနည်း။

၅ + ၁၄ = ၁၉ အဖြေ ၁၉ ယောက်

မှတ်မိသလား

၁၀ ဖြစ်စေမည့် ကိန်းတွဲ ၉ ခုကို ရေးပါ။

၁ နှင့် ၉	၄ နှင့် ၆	၇ နှင့် ၃
၂ နှင့် ၈	၅ နှင့် ၅	၈ နှင့် ၂
၃ နှင့် ၇	၆ နှင့် ၄	၉ နှင့် ၁

၉၃

ကိန်းတွဲခြင်းနှင့်ကိန်းခွဲခြင်းကို ပြန်လည်လေ့ကျင့်ခြင်း

သင်ခန်းစာ (၅) မှစ၍ ကလေးများသည် ကိန်းခွဲနည်းကိုသုံးကာ အပေါင်းကို သင်ယူရမည်ဖြစ်သည်။ ဤအပေါင်းတွင် ကလေးများသည် ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းသဘောကို အသုံးပြုရမည် ဖြစ်သည်။

ဥပမာ၊ ၉ + ၃ ကိစ္စရပ်တွင် အောက်ဖော်ပြပါအတိုင်း ၁၀ ဖြစ်ရန် ကိန်းတွဲခြင်း၊ ၃ ကိုကိန်းခွဲခြင်း စသည်တို့ကို အတူတကွ အသုံးပြုမည်။

ထို့ကြောင့် ယခုအချိန်တွင် ဤသဘောကိုမှတ်မိရန် အရေးကြီးသည်။





၃ မြက်ခင်းပြင်ပေါ်မှာ လိမ္မော်ရောင်ခရု ၉ ကောင်နဲ့ အညိုရောင်ခရု ၃ ကောင်ရှိတယ် ခရုအားလုံးဘယ်လောက်ရှိသလဲ



ပုစ္ဆာအတွက် သင်္ချာညီမျှခြင်း ရေးပါ



ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် ၉ + ၃ ကို မည်သို့ တွက်ရမည်ကို သူတို့ကိုယ်တိုင် ရှာတွေ့ရန် ခက်ခဲပေမည်။ ထို့ကြောင့်ဆရာက ကလေးများကို အောက်ပါမေးခွန်းများမေးပြီး ပံ့ပိုးကူညီနိုင်သည်။ (အကွက်ပုံကတ်ပြားများကိုလည်း တပြိုင်နက်တည်းသုံးပါ)

ဆရာ ။ ။ ၉ + ၃ ကို တွက်ကြမယ်။ အဖြေက ၁၀ ထက်ကြီးမယ်လို့ ထင်သလား။

ကလေး ။ ။ ၁၀ ထက်ကြီးမယ်လို့ ထင်တယ်။

ဆရာ ။ ။ ဟုတ်တယ်။ ဒါပေမယ့် ၁၀ အုပ်စု မရှိဘူး။ အဲဒီတော့ ဘာလုပ်ရမလဲ။

ကလေး ။ ။ ၁၀ အုပ်စုလုပ်မယ်။

ဆရာ ။ ။ ၁၀ အုပ်စု ဘယ်လိုလုပ်မှာလဲ။

ကလေး ။ ။ ၃ ကို ၁ နဲ့ ၂ အဖြစ် ခွဲမယ်။ ရတဲ့ ၁ ကို ၉ နဲ့ ပေါင်းလိုက်ရင် ၁၀ ဖြစ်မယ်။

ဆရာ ။ ။ ဒါဆိုရင် ဘာရသလဲ။

ကလေး ။ ။ ၁၀ နဲ့ ၂

ဆရာ ။ ။ ဒါဖြင့် အဖြေကဘာလဲ။

ကလေး ။ ။ ၁၂

သင်ခန်းစာ ၅ (၅/၁၄)

သင်ယူမှုဦးတည်ချက်

- ပထမကိန်းသည် ၉ ဖြစ်ပြီး ဒုတိယကိန်းသည် ၉ အောက်ငယ်သော ဂဏန်း ၁ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြား၊ ခရုပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် ၁၀ ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ခရုပုံ ကတ်ပြား၊ အကွက်ပုံ ကတ်ပြားများကို အိတ်ပါကားချပ်တွင် ထည့်ကာ သင်ပုန်းပေါ်ကပ်ပြီး လိမ္မော်ရောင် ခရု ၉ ကောင်နှင့် အညိုရောင်ခရု ၃ ကောင် ပုစ္ဆာကို ပြောပြပါ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေတွက်ခြင်းဖြင့် မည်သို့အဖြေရှာရမည်ကို တစ်တန်းလုံးကို မေးပါ။

၂။ ရေတွက်ခြင်းထက် ပိုကောင်းသောတွက်နည်းကို တစ်ဦးချင်းရှာဖွေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်သင်ခန်းစာများမှာကဲ့သို့ ဤပေါင်းခြင်းတွင် ၁၀ အုပ်စုမရှိသည်ကို နားလည်ပါစေ။

၃။ ကလေးများ ၉ + ၃ အား မည်သို့တွက်သည်ကို (၁၀ ကတ်ပြားများသုံး၍) တစ်တန်းလုံးသို့ တင်ပြပါစေ။ သူတို့၏စိတ်ကူးအမြင်များကို တစ်တန်းလုံးတွင် ဆွေးနွေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် ကတ်ပြားများကို အသုံးပြု၍ ကလေးများ မိမိတို့ စိတ်ကူးဖြင့် မည်သို့တွက်သည်ကို ရှင်းပြပါစေ။

၄။ ပေါင်းနည်းအဆင့် (၄) ဆင့်ကို ကလေးများအား လုံးနားလည်မှု ရှိ၊ မရှိ စစ်ဆေးအတည်ပြုပါစေ။

➔ ကျောင်းသုံးစာအုပ် (စာ – ၉၅)မှ ဘောင်ခတ်ဖော်ပြထားသော အဆင့်(၄) ဆင့်ကို သင်ပုန်းပေါ်တွင် ရှင်းလင်းစွာ ရေးပါ။

➔ တွက်ချက်မှုအဆင့်တိုင်းကို ပြုလုပ်သောအခါ သင်ပုန်းပေါ်တွင် အကွက်ပုံကတ်ပြားများကို အသုံးပြုပါ။

➔ တွက်နည်းအဆင့်(၄)ဆင့်နှင့် ပုံကို ချိတ်ဆက်ပါ။

၅။ ၉ + ၃ ကို တွက်သည့်အဆင့်များအတိုင်း ဆောင်ရွက်စေခြင်းဖြင့် ၉ + ၅ ကို မည်သို့ တွက်ရမည်ကို တစ်တန်းလုံးရှာဖွေပါစေ။

သင်ခန်းစာ ၆ (၆/၁၄)

သင်ယူမှုဦးတည်ချက်

- ပထမကိန်းသည် ၈ ဖြစ်ပြီး ဒုတိယကိန်းသည် ၈ အောက်ငယ်သော ဂဏန်း ၁ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်တွင် ကပ်ရန် ကတ်ပြားအကြီးများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၉ +ဂဏန်း ၁ လုံးပါကိန်း(ဥပမာ ၉ + ၄) ကို မည်သို့တွက်ရမည်ကို မှတ်မိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်သင်ခန်းစာတွင် ၉ + ၃ ကို တွက်သကဲ့သို့ အဆင့်လိုက် တွက်သွားရမည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ အကွက်ပုံကတ်ပြားပါသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ ၈ + ၅ ကို မည်သို့တွက်ရမည်ကို ကလေးများအုပ်စုဖွဲ့ကာ ဆွေးနွေးစေပြီး ကတ်ပြားများသုံး၍ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် ကတ်ပြားများကို အသုံးပြု၍ သူတို့စိတ်ကူးများကို ရှင်းပြပါစေ။

၃။ တွက်နည်းအဆင့် (၄) ဆင့်ကို တစ်တန်းလုံးရှိ ကလေးများ အတည်ပြုပါစေ။

➔ အောက်ပါ အဆင့် (၄) ဆင့်ကို ပုံနှင့် တကွ သင်ပုန်းပေါ်တွင် ရေးပါ။

၁၀ အုပ်စု အရင်ဖွဲ့ပါ
(၁) ၁၀ ဖြစ်ဖို့ ၈ မှာ ၂ လိုတယ်။
(၂) ၅ ကို ၂ နှင့် ၃ အဖြစ် ခွဲမယ်။
(၃) ၈ နဲ့ ၂ ပေါင်းတော့ ၁၀ ရတယ်။
(၄) ၁၀ နှင့် ၃ က ၁၃ ဖြစ်သည်။

➔ အောက်ပါမေးခွန်းများအတွက် ပြင်ဆင်ရန် အဆင့် (၄) ဆင့်နှင့် ပုံကိုချိတ်ဆက်ပါ။



ကိန်းခွဲပုံနှင့် အဆင့် (၄) ဆင့်

အောက်ပါပုံမှာ ၈ + ၅ ကို အဆင့် (၄) ဆင့်ဖြင့် မည်သို့တွက်ရမည်ကို ပုံဖြင့်ရှင်းလင်းထားခြင်းဖြစ်သည်။



သင်ခန်းစာ ၈

၁ ၈ + ၇ ကို ဘယ်လိုတွက်မလဲ ရှင်းပြပါ



၆ ပေါင်းပါ

(က) ၉ + ၄ = ၁၃



(ခ) ၈ + ၃ = ၁၁



(ဂ) ၉ + ၆ = ၁၅



(ဃ) ၈ + ၆ = ၁၄



၅ ၇ + ၄ ကိုတွက်ပါ

၇ + ၄ = ၁၁



၇ ပေါင်းပါ

(က) ၇ + ၅ = ၁၂



(ခ) ၆ + ၆ = ၁၂



၈ ပေါင်းပါ

(က) ၇ + ၆ ၁၃ (ခ) ၆ + ၅ ၁၁ (ဂ) ၇ + ၇ ၁၄

၁၉ အထိ ကိန်းများ ပေါင်းခြင်း၏ အရေးကြီးပုံ

ကလေးများသည် ကြီးသောကိန်းများပေါင်းခြင်းကို နောင်တွင်လေ့လာရမည် ဖြစ်သည်။ ထိုအပေါင်းများအားလုံးသည် ၁၉ အထိ ကိန်းများပေါင်းခြင်းပေါ်တွင် အခြေခံသည်။ ထို့ကြောင့် ၁၉ အထိ ကိန်းများပေါင်းခြင်းကို မရေတွက်ဘဲ ကျွမ်းကျင်စွာ ပြုလုပ်တတ်ရန် အရေးကြီးသည်။

ဥပမာ၊ ၃၅၈ + ၂၉၄ အား ၁၉ အထိ ကိန်းများပေါင်းခြင်းတွင် နေရာလိုက်တန်ဖိုး အသီးသီးအရ ပေါင်းသကဲ့သို့ တွက်ချက်သည်။



၄။ ၈ + ၇ ကို တစ်တန်းလုံးအနေဖြင့် ကိန်းခွဲပုံဆွဲ၍ တွက်ပါစေ။ မည်သို့တွက်ရမည်ကို ကလေးတချို့က တစ်တန်းလုံးကို ရှင်းပြပါစေ။

➔ ပုံနှင့်အဆင့် (၄) ဆင့်ကို ချိတ်ဆက်ခြင်းဖြင့် မည်သို့တွက်ရမည်ကို ရှင်းပြပါစေ။

၅။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း(ဖ)ကို တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါ။

➔ ကလေးများ အခက်အခဲရှိလျှင် အဆင့် (၄) ဆင့်ကိုသုံးပြီး ကူညီပံ့ပိုးပေးပါ။

သင်ခန်းစာ ၇ (၇/၁၄)

သင်ယူမှုဦးတည်ချက်

- ပထမကိန်းသည် ၇ (သို့) ၆ ဖြစ်ပြီး ဒုတိယကိန်းသည် ထိုကိန်းများအောက်ငယ်သော ဂဏန်း ၁ လုံးပါကိန်းနှစ်ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၉ + ဂဏန်း ၁ လုံးပါကိန်း (ဥပမာ ၉ + ၆) နှင့် ၈ + ဂဏန်း ၁ လုံးပါကိန်း (ဥပမာ ၈ + ၄) တို့အား မည်သို့တွက်ရမည်ကို အဆင့် (၄) ဆင့်နှင့် ပုံများကိုသုံးပြီး ပြန်လည်လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအခက်အခဲရှိလျှင် အကွက်ပုံကတ်ပြားများကို အသုံးပြုပါ။

၂။ ၇ + ၄ အား မည်သို့တွက်ရမည်ကို ကလေးများအဖွဲ့လိုက်ဆွေးနွေးပါစေ။ ပုံကိုသုံးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

➔ ကလေးများ တင်ပြပြီးနောက် ၇ + ၄ အား မည်သို့တွက်ရမည်ကို တစ်တန်းလုံးတွင် ပြန်လည်အတည်ပြုပါ။

၃။ အဆင့် (၄) ဆင့် အတိုင်း မည်သို့တွက်ရမည်ကို မေးပြီး မေးခွန်း (၇) ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

၄။ မေးခွန်း (၈) ကို ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်ထဲတွင် တွက်ပါစေ။

➔ အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ ဥပမာ ၆ + ၅ ကို သုံးကာ အဆင့် (၄) ဆင့်ကို ထပ်မံစစ်ဆေးအတည်ပြုခြင်းဖြင့် ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၈ (၈/၁၄)

သင်ယူမှုဦးတည်ချက်

- ပထမကိန်းသည် ဒုတိယကိန်းအောက် ငယ်ပြီး ဂဏန်းတစ်လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြားများ၊ ပန်းပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးတိုင်းအတွက် အကွက်ပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၉ + ၃ ကို အကွက်များ သုံးကာ အဆင့် (၄) ဆင့်ဖြင့် မည်သို့တွက်ရမည်ကို ပြန်လည်သတိရပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၀ အုပ်စု အလျင်ဆုံးဖွဲ့ရမည်ကို အလေးထားပါ။

၂။ သင်ပုန်းပေါ်ရှိ အိတ်ပါကားချပ်တွင် အကွက်ပုံကတ်ပြားနှင့် ပန်းပုံကတ်ပြားများထည့်ပါ။ အနီရောင်ပန်း ၄ ပွင့်နှင့် အဝါရောင်ပန်း ၉ ပွင့် ပုစ္ဆာကို အစပျိုးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ မေးခွန်းကို အမှန်တကယ် နားလည်ပါစေ။

၃။ ၄ + ၉ အား တွက်သည့် နည်းအမျိုးမျိုးကို ကလေးတစ်ဦးချင်းစီရှာဖွေပါစေ။ တွေ့ရှိချက်များအား တစ်တန်းလုံးကို တင်ပြပါစေ။

➔ ၁၀ အုပ်စုကို အလျင်ဆုံးပြုလုပ်ရမည်ဖြစ်ပြီး တွက်နည်း တစ်မျိုးထက်မက ရှိသည်။

➔ သင်ပုန်းပေါ်မှ ကတ်ပြားများကို အသုံးပြုပြီး သူတို့တွေ့ရှိသည့်နည်းကို တင်ပြပါစေ။

၄။ မေးခွန်း (၈) ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

➔ သင်ပုန်းပေါ်မှ အကွက်ပုံ ကတ်ပြားများနှင့် ကိန်းခွဲပုံများကို သုံး၍ အဆင့် (၄)ဆင့်ကို ရှင်းပြပါစေ။

၅။ တွက်နည်း (၂)နည်းနှင့် အဆင့် (၄) ဆင့်ကို မေးခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။



သင်ပုန်း အသုံးပြုပုံ နမူနာ



- ပန်းပုံကတ်ပြားများနှင့် အကွက်ပုံကတ်ပြားများအတွက် အိတ်ပါသည့်ကားချပ်များကို အသုံးပြုပါ။
- တွက်ချက်မှုအဆင့်ဆင့်ကိုပြရန် ကတ်ပြားများကို ရွှေ့ပါ။

၉ ရွှေကိန်းကို ကိန်း ၂ လုံးခွဲပြီး ၃ + ၈ ကို ဘယ်လိုတွက်မလဲ ရှင်းပြပါ

(၁) ၁၀ ဖြစ်ဖို့ ၈ မှာ ___၂___ လိုတယ်
(၂) ၃ ကို ___၁___ နဲ့ ___၂___ ခွဲမယ်
(၃) ၈ နဲ့ ___၂___ ပေါင်းပြီး ၁၀ ဖြစ်အောင် လုပ်မယ်
(၄) ၁၀ နဲ့ ___၁___ က ___၁၁___ ဖြစ်တယ်



၁၀ ပေါင်းပါ

(က) ၂ + ၉ = ၁၁


(ခ) ၅ + ၇ = ၁၂


(ဂ) ၇ + ၉ = ၁၆


(ဃ) ၅ + ၈ = ၁၃


၁၁ ပေါင်းပါ

(က) ၄ + ၇ ၁၁ (ခ) ၆ + ၉ ၁၅ (ဂ) ၄ + ၈ ၁၂ (ဃ) ၆ + ၈ ၁၄
(ဃ) ၃ + ၉ ၁၂ (c) ၇ + ၈ ၁၅ (စ) ၅ + ၉ ၁၄ (ဇ) ၆ + ၇ ၁၃



၉၈

ပထမကိန်းကိုကိန်းခွဲခြင်း (သို့မဟုတ်) ဒုတိယကိန်းကိုကိန်းခွဲခြင်း

၁၉ အတွင်းကိန်းများကို ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်း အားလုံးပေါင်း ၃ဖ ခုရှိသည်။

(၁) ပထမကိန်းက ၇၊ ၈ သို့မဟုတ် ၉ ဖြစ်ပြီး ဒုတိယကိန်းက ၆ အောက်ငယ်သည်။
(ဥပမာ၊ ၉ + ၃၊ ၈ + ၅၊ ၇ + ၄)
ဤအပေါင်းတွင် ဒုတိယကိန်းထက် ပထမကိန်းနှင့် ၁၀ ပြုလုပ်ခြင်းက ပို၍ လွယ်သည်။ ထို့ကြောင့်ဒုတိယကိန်းကို ကိန်းခွဲရမည်ဖြစ်သည်။

(၂) ပထမကိန်းက ၆ အောက်ငယ်ပြီး ဒုတိယကိန်းက ၇၊ ၈ သို့မဟုတ် ၉ ဖြစ်သည်။
(ဥပမာ၊ ၄ + ၉၊ ၃ + ၈၊ ၅ + ၇)
ဤအပေါင်းတွင် ပထမကိန်းထက် ဒုတိယကိန်းနှင့် ၁၀ ပြုလုပ်ခြင်းက ပို၍ လွယ်မည်။ ထို့ကြောင့်ပထမကိန်းကို ကိန်းခွဲရမည်ဖြစ်သည်။

(၃) ပထမကိန်းနှင့် ဒုတိယကိန်းနှစ်ခုစလုံးသည် ၅ ထက်ကြီးသည်။
(ဥပမာ၊ ၉ + ၇၊ ၈ + ၈၊ ၈ + ၉)
ဤအပေါင်းတွင် ပထမကိန်းနှင့် ဒုတိယကိန်း မည်သည့်ကိန်းကိုမဆိုခွဲလျှင် လွယ်ကူမည်ဖြစ်သည်။ ထို့ကြောင့် ပထမကိန်း (သို့မဟုတ်) ဒုတိယကိန်းကို ကိန်းခွဲနိုင်သည်။

သင်ခန်းစာ ၉ (၉/၁၄)

သင်ယူမှုဦးတည်ချက်

- ပထမကိန်းသည် ဒုတိယကိန်းအောက်ငယ်သော ဂဏန်း ၁ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ (၈) ကို ပြန်လည်လေ့ကျင့်ခြင်းဖြင့် ကလေးများ ၄ + ၉ ၏ တွက်နည်း ၂ မျိုးအား သင်ယူခဲ့သည်ကို မေးပါ။
(ဤသင်ခန်းစာတွင် ပထမကိန်းကို ခွဲရန် ပြောပါ)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရှင်းပြရန် ကိန်းခွဲပုံများကို အသုံးပြုပါ။
အခက်အခဲရှိလျှင် ကတ်ပြားများကို အသုံးပြုပါ။

၂။ အဆင့် (၄) ဆင့် အတိုင်း မည်သို့တွက်ရမည်ကို မေးပြီး မေးခွန်း (၉) နှင့် (၁၀) ကို တစ်တန်းလုံး ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖြစ်နိုင်လျှင် ကလေးများအား အတန်းရှေ့ထွက်ပြီး မည်သို့တွက်ရမည်ကို ရှင်းပြပါစေ။

၃။ မေးခွန်း (၁၁) ကို လေ့ကျင့်ခန်းစာအုပ်ထဲတွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါစေ။

၄။ ဥပမာ ၅ + ၈ ကို သုံးကာ အဆင့် (၄) ဆင့်ကို မေးမြန်းအတည်ပြုပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၀၊ ၁၁၊ ၁၂ (၁၀၊ ၁၁၊ ၁၂/၁၄)

သင်ယူမှုဦးတည်ချက်

- အဖြေ ၁၉ အတွင်းရမည့် ဂဏန်း ၁ လုံးပါကိန်းများပေါင်းခြင်းပုစ္ဆာများကို ကိန်းပြောင်းဖွဲ့ပြီး ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်ကလေးတိုင်းအတွက် အကွက်ပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိလျှင် အဆင့်(၄)ဆင့်ဖြင့် ရှင်းပြပါ။

၂။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၂) ကို ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအတွက် ပိုမိုလွယ်ကူသောနည်းဖြင့် ဖြေရှင်းပါစေ။
(ပထမကိန်းကိုကိန်းခွဲခြင်း (သို့မဟုတ်) ဒုတိယကိန်းကိုကိန်းခွဲခြင်း)

၃။ မေးခွန်း (၃) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤမေးခွန်းသည် ကလေးများ၏ အတွက်အချက်ဆိုင်ရာကျွမ်းကျင်မှုကို ပိုမိုတိုးတက်လာစေမည့်မေးခွန်းတစ်ခုဖြစ်သည်။

လေ့ကျင့်ခန်း (၂)

၁။ ၁၀ အုပ်စု ပြုလုပ်ပြီး အောက်ပါတို့ကို ပေါင်းပါ။

(က) ၈ + ၄ = ၁၂



(ခ) ၉ + ၆ = ၁၅



(ဂ) ၄ + ၇ = ၁၁



(ဃ) ၆ + ၆ = ၁၂



၂။ အောက်ပါတို့ကို ပေါင်းပါ။

(က) ၉ + ၈ ၁၇ (ခ) ၅ + ၆ ၁၁ (ဂ) ၄ + ၉ ၁၃ (ဃ) ၇ + ၅ ၁၂
(င) ၈ + ၈ ၁၆ (စ) ၆ + ၇ ၁၃ (ဆ) ၉ + ၉ ၁၈ (ဇ) ၉ + ၂ ၁၁
(ဈ) ၈ + ၆ ၁၄ (ည) ၇ + ၉ ၁၆ (ဋ) ၃ + ၉ ၁၂ (ဌ) ၇ + ၇ ၁၄
(ဍ) ၅ + ၈ ၁၃ (ဎ) ၇ + ၄ ၁၁ (ဏ) ၉ + ၅ ၁၄ (တ) ၈ + ၇ ၁၅

၃။ ပုံထဲရှိ ပွင့်ချပ်ထဲမှ ကိန်းအသီးသီးကို အလယ်ကကိန်းနှင့် ပေါင်းပါ။

(က)



(ခ)



လက်ချိုးရေတွက်ခြင်းကို ပယောဂ်စေခြင်း

မူလတန်းအထက်ဆင့် ကလေးအချို့သည် ၃၅၈ + ၂၉၄ ကဲ့သို့ အပေါင်းကို တွက်ရန် လက်ချိုးရေတွက်နေဆဲ ဖြစ်သည်။ ၁၉ အတွင်း ကိန်းများပေါင်းခြင်းကို လက်ချိုးရေတွက်ကာ သင်ယူသည့်အတွက်ကြောင့် ကလေးများသည် တိုး၍ရေတွက်နည်းကို အများဆုံးအသုံးပြုကြသည်။ သို့သော် တိုး၍ရေတွက်ပြီး ပုစ္ဆာဖြေရှင်းလျှင် အချိန်ပိုကြာသည်။ ထိုအကြောင်းကြောင့် တိုး၍ရေတွက်ခြင်းကို အမြန်ဆုံးရပ်ဆိုင်းသင့်ပေသည်။

တိုး၍ရေတွက်နည်းကိုအသုံးပြုသည့် ကလေးများသည် ၁၀ အုပ်စုပြုလုပ်ပြီး တွက်ခြင်းကို နားမလည်ဟုယူဆရသည်။ ထို့ကြောင့် အကွက်ပုံကတ်ပြားများ၊ ကိန်းခွဲပုံများကို ထပ်တလဲလဲသုံးပြီး ကျွမ်းကျင်စွာပေါင်းတတ်ရန် ထိုကလေးများကို ကူညီသင့်ပေသည်။

အကွက်ပုံကတ်ပြားများ၊ ကိန်းခွဲပုံများဖြင့် ၁၀ ပြုလုပ်ကာ ပေါင်းတတ်ရန် အချိန်ယူပြီး လေ့ကျင့်လျှင် ၁၉ အတွင်း ကိန်းများပေါင်းခြင်းကို စိတ်တွက်ဖြင့် ကျွမ်းကျင်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

သင်ခန်းစာ ၁၃၊ ၁၄
(၁၃၊ ၁၄/၁၄)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ပြီး ကျွမ်းကျင်စွာ ပေါင်းတတ်ရန်
- ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ပြီး ပေါင်းရာတွင် ကိန်းများနှင့် အဖြေများ၏ ထူးခြားချက်များကို ရှင်းပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးနှစ်ဦးစီအတွက် ကတ်ပြားအလွတ် ၃၆ ကတ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၁၃)

၁။ ပုံတွင်ပြထားသည့်အတိုင်း အပေါင်းကတ်ပြား ၃၆ ခုကို ပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားများပေါ်တွင် မြင်ရရန် ကိန်းများကို ကြီးကြီးရေးပါစေ။

၂။ ကတ်ပြားများဖြင့် အပေါင်းကိုနှစ်ယောက်တစ်တွဲစီ မည်သို့လေ့ကျင့်ရမည်ကို သရုပ်ပြပါ။ အပေါင်းကတ်ပြားများဖြင့်အပေါင်းကို နှစ်ယောက်တစ်တွဲစီ လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အပေါင်းကို ကျွမ်းကျင်စွာတွက်နိုင်သည်အထိ အချိန်လုံလောက်စွာပေးပါ။

➔ အချိန်ရလျှင် ကလေးတချို့အား နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်ကာ အပေါင်းကတ်ပြားများဖြင့် အပေါင်းများပြုလုပ်ပါစေ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၁၄)

၁။ ပုံတွင်ပြထားသည့်အတိုင်း အပေါင်းကတ်ပြားများကို ကလေးတချို့က သင်ပုန်းပေါ်တွင် စီစဉ်ပါ။

➔ အချိန်ရလျှင် အစီအစဉ်ကို ပြောင်းပြီး အစီအစဉ်အသစ်အတွက် မေးခွန်း (ဃ)၊ (င)၊ (စ) ကိုမေးပါ။ (ဘယ်ဘက်ကိုကြည့်ပါ)

၂။ မေးခွန်း (ဃ)၊ (င)၊ (စ) ကို တစ်တန်းလုံးတွင် မေးပါ။ တွေ့ရှိချက်များကို တင်ပြပါစေ။

အပေါင်းကတ်ပြားတွေ ပြုလုပ်ပြီး စီကြမယ်

ကျောင်းသား (ခ) ဖြေသည်။



ကျောင်းသား(က)က ကတ်ပြားကို ပြသည်။

ကတ်ပြား
၈ + ၃ ရှေ့ဘက်
၁၁ နောက်ဘက်

ဧဏာကြောလျှင် နေရာလဲ ကစားပါ

(က) ပုံထဲကအတိုင်း အပေါင်းကတ်ပြားတွေ ပြုလုပ်ပါ

(ခ) ရုပ်ပုံအတိုင်း အပေါင်းတစ်ခုစီကို ဖြေရှင်းဖို့ လေ့ကျင့်ပါ

(ဂ) အပေါင်းကတ်ပြားတွေကို ပြထားတဲ့အတိုင်း သင်ပုန်းပေါ်မှာ စီပါ



(ဃ) – ဒေါင်လိုက်အတိုင်းတစ်ခုၦ ပထမကိန်းများတူသည်။
– အောက်သို့တစ်ခုဆင်းသွားတိုင်း ဒုတိယကိန်းက တစ်ခုတိုးသွားသည်။
– အောက်သို့တစ်ခုဆင်းသွားတိုင်း အဖြေက ၁ တိုးသွားသည်။

(ဃ) ဒေါင်လိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(င) အလျားလိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(စ) တခြားဘာတွေ ထပ်တွေ့ရသလဲ

(င) – အလျားလိုက်အတန်းရှိ အဖြေများတူသည်။
– ဒုတိယကိန်းက ၁ တိုးသွားလျှင် ပထမကိန်းက ၁ လျော့သွားသည်။

(စ) – တစောင်းအနေအထားရှိ အတန်းတွင် ဒုတိယကိန်းများတူသည်။

ဖြည့်စွက်လုပ်ငန်းများ – အပေါင်းကတ်ပြားများ စီစဉ်ခြင်း

အချိန်ရလျှင် အပေါင်းကတ်ပြားများ စီစဉ်ထားပုံကို အောက်ပါပုံအတိုင်း ပြောင်းစေပါ။ စီစဉ်ထားပုံအသစ်အတွက် အလားတူမေးခွန်းများကို မေးပါ။ အဖြေတချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(ဃ) ဒေါင်လိုက်အတိုင်တစ်ခုရှိ ပထမကိန်းများတူသည်။ အောက်ကိုတစ်ခု ရွှေ့သွားတိုင်း ဒုတိယကိန်းများက တစ်ခုတိုးသွားသည်။

(င) အလျားလိုက်အတန်းတစ်ခုရှိ ဒုတိယကိန်းများတူသည်။

(စ) တစောင်းအနေအထားရှိ အတန်းတွင် အဖြေများတူသည်။



လေ့ကျင့်ခန်း (၃)

၁။ ထွန်းထွန်းတွင် မူလက သကြားလုံး ၇ လုံးရှိသည်။ သကြားလုံး ၉ လုံးထပ်ရသော် သူ၌ သကြားလုံးမည်မျှရှိသနည်း။ **၇ + ၉ = ၁၆ အဖြေ ၁၆ လုံး**

၂။ ရေကန်ထဲတွင် ဖား ၈ ကောင်နှင့် ကုန်းပေါ်တွင် ဖား ၆ ကောင်ရှိသည်။ ဖားအားလုံး မည်မျှရှိသနည်း။ **၈ + ၆ = ၁၄ အဖြေ ၁၄ ကောင်**

၃။ ဧော်ဧော်တွင် မူလက စာအုပ် ၉ အုပ်ရှိသည်။ သူ့ဖခင်က နောက်ထပ်စာအုပ် ၂ အုပ်ပေးလိုက်သော် ဧော်ဧော်တွင် စာအုပ်မည်မျှရှိသွားသနည်း။ **၉ + ၂ = ၁၁ အဖြေ ၁၁ အုပ်**

၄။ ကျောင်းဥယျာဉ်ထဲတွင် ပန်းအဖြူ ၆ ပွင့်နှင့် ပန်းအနီ ၇ ပွင့်ရှိသည်။ ပန်းအားလုံး မည်မျှရှိသနည်း။ **၆ + ၇ = ၁၃ အဖြေ ၁၃ ပွင့်**

၅။ ဇင်ဇင်တွင် သရက်သီးအစိမ်း ၈ လုံးနှင့် သရက်သီးအဝါ ၉ လုံးရှိသည်။ သူ့တွင် သရက်သီးအားလုံး မည်မျှရှိသနည်း။ **၈ + ၉ = ၁၇ အဖြေ ၁၇ လုံး**

၆။ အောက်ပါပုံဖြင့် ၅ + ၇ အတွက် သချိုင်းမေးခွန်း ပြုလုပ်ပါ။



ဒီးကွက် ၅ ကောင်ရှိတယ်။ နောက်ထပ် ၇ ကောင်ရောက်လာရင် ဒီးကွက်အားလုံး ဘယ်လောက်ရှိသလဲ။

၇။ ၈ + ၃ အတွက် သချိုင်းမေးခွန်း ပြုလုပ်ပါ။

ပန်းသီး အနီ ၈ လုံးနဲ့ အစိမ်း ၃ လုံးရှိတယ်။ ပန်းသီးအားလုံးဘယ်လောက်ရှိမလဲ

၈။ အဖြေတူ ကတ်ပြားများကို မျဉ်းဖြင့် ဆက်ပါ။



ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါလေ့ကျင့်ခန်းများသည် သင်ခန်းစာ (၁၃)နှင့် (၁၄)အတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။

၁။ ကွက်လပ်ဖြည့်ပါ။

(၁) ၉ + ၂ = ~~၁၁~~ (၂) ၈ + ၃ = ~~၁၁~~ (၃) ၇ + ၄ = ~~၁၁~~

(၄) ၉ + ၃ = ~~၁၂~~ (၅) ၈ + ၄ = ~~၁၂~~ (၆) ၇ + ၅ = ~~၁၂~~

(၇) ၉ + ၄ = ~~၁၃~~ (၈) ၈ + ၅ = ~~၁၃~~ (၉) ၇ + ၆ = ~~၁၃~~

၂။ ကွက်လပ်ဖြည့်ပါ။

(၁) ၉ + ~~၅~~ = ၁၄ (၂) ၈ + ~~၆~~ = ၁၄ (၃) ၇ + ~~၇~~ = ၁၄

(၄) ၉ + ~~၆~~ = ၁၅ (၅) ၈ + ~~၇~~ = ၁၅ (၆) ၇ + ~~၈~~ = ၁၅

၃။ ကွက်လပ်ဖြည့်ပါ။

(၁) ~~၉~~ + ၇ = ၁၆ (၂) ~~၈~~ + ၈ = ၁၆ (၃) ~~၇~~ + ၉ = ၁၆

(၄) ~~၉~~ + ၈ = ၁၇ (၅) ~~၈~~ + ၉ = ၁၇ (၆) ~~၉~~ + ၉ = ၁၈

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁ မှ ၅ အထိကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့်အဖြေကို မှန်ကန်စွာရေးပါစေ။ ဤအဆင့်တွင် ကလေးများသည် ပုံများ၏ အကူအညီမလိုဘဲ ဖြေရှင်းနိုင်မည်ဟု မျှော်မှန်းရသည်။

၂။ မေးခွန်း(၆)နှင့်(၇)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အပေါင်းအမျိုးမျိုးကို ပြုလုပ်ရန် အားပေးပါ။ ဤမေးခွန်းသည် ကလေးများ၏ အတွက်အချက်ဆိုင်ရာ ကျွမ်းကျင်မှုကို ပိုမိုတိုးတက်လာစေမည့် မေးခွန်းတစ်ခု ဖြစ်သည်။

၃။ မေးခွန်း (၈) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤမေးခွန်းသည် ကျောင်းသား၏ အတွက်အချက်ဆိုင်ရာ ကျွမ်းကျင်မှုကို ပိုမိုတိုးတက်လာစေမည့် မေးခွန်းတစ်ခု ဖြစ်သည်။

အခန်း ၁၂ အနုတ် သင်ခန်းစာ ၂

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိကိန်းများပေါင်းခြင်း၊ နုတ်ခြင်းကို ပြုလုပ်တတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၄.၁။ ၁၉ အတွင်းကိန်းများနုတ်ခြင်းကို ပြုလုပ်တတ်ရန်

စာသင်ချိန်

- ၁၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

- အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို သင်ကြားပို့ချရမည်ဖြစ်ပြီး ဇယားတွင်ဖော်ပြထားသော စံများကို အခြေခံ၍ ကလေးများကို အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို နုတ်တတ်ရန်	● ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ၁၀ အုပ်စုဖွဲ့ခြင်းသဘောကိုသုံးကာ နုတ်ခြင်း။ (ရေတွက်ခြင်း မပြုဘဲ)	● ကလေးများသည် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ၁၀ အုပ်စုဖွဲ့ခြင်းသဘောကိုသုံးကာ နုတ်တတ်မည်။ (ရေတွက်ခြင်း မပြုဘဲ)
၂	အဖြေ ၁၀ ရစေမည့် ၁၉ အတွင်း ကိန်းများကို နုတ်တတ်ရန်	● အဖြေ ၁၀ ရစေမည့် ၁၉ အတွင်းကိန်းများကို ၁၀ အုပ်စုဖွဲ့ခြင်းသဘောကိုသုံးပြီး နုတ်ခြင်း။ (ရေတွက်ခြင်း မပြုဘဲ) ● ၁၉ အတွင်းဂဏန်း ၂ လုံးပါကိန်းမှ ၁၀ တို့ကို ၁၀ အုပ်စုသဘောသုံးပြီးနုတ်ခြင်း။ (ရေတွက်ခြင်း မပြုဘဲ)	● ကလေးများသည် အဖြေ ၁၀ ရမည့် ၁၉ အတွင်းကိန်းများကို နုတ်တတ်မည်။ (ရေတွက်ခြင်း မပြုဘဲ) ● ကလေးများသည် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ၁၀ တို့ကို နုတ်တတ်မည်။ (ရေတွက်ခြင်း မပြုဘဲ)
၃–၅	၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို နုတ်သည့်ပုစ္ဆာများကို ဖြေရှင်းတတ်ရန် ဂဏန်း ၂ လုံးပါကိန်းမှ ၁၀ ကို နုတ်သည့် ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ၁၉ အတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲနုတ်ခြင်း။ ● ၁၉ အတွင်းကိန်းများ၏ ကိန်းပြောင်းဖွဲ့မှု မပါသော အနုတ်ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၁၉ အတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်တတ်မည်။ ● ကလေးများသည် ၁၉ အတွင်း ကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုမပါသော အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်ရန်	● နှုတ်နည်းအဆင့်ဆင့်ကိုဖော်ပြရန် ကတ်ပြားများကိုရွေးပြီး ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ နှုတ်ခြင်း။	● ကလေးများသည် အကွက်များကို ရွေးပြီး ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်ပြီး တွက်သည့်အဆင့်များကို ရှင်းပြတတ်မည်။
၇	ဂဏန်း ၂လုံးပါကိန်းမှ ဂဏန်း ၁လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်ရန်	● ကိန်းခွဲပုံသုံးပြီး ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ နှုတ်ခြင်း။	● ကလေးများသည် ကိန်းခွဲပုံသုံးပြီး ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်မည်။
၈	ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့မှု ၂ မျိုးဖြင့် နှုတ်တတ်ရန်	● ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ နည်း ၂ နည်းဖြင့် နှုတ်ခြင်း။ (အနုတ် – အပေါင်းနည်းနှင့်အနုတ် – အနုတ်နည်း) ကိန်းခွဲပုံ၊ အကွက်များသုံးပြီး တွက်ချက်မှုအဆင့်ဆင့်ကို ဖော်ပြခြင်း။	● ကလေးများသည် ကတ်ပြားများရွေ့ကာ ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်ပြီး နည်း ၂ နည်းဖြင့် တွက်ချက်မှုအဆင့်များကို ရှင်းပြတတ်မည်။ ● ကလေးများသည် ကိန်းခွဲပုံကိုသုံးပြီး ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်ပြီး နည်း ၂ နည်းဖြင့် တွက်ချက်မှုအဆင့်ဆင့်ကို ရှင်းပြတတ်မည်။
၉	ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့ပြီး နှုတ်တတ်ရန်	● ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ နှုတ်ခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ နှုတ်တတ်မည်။
၁၀	ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်း ၂ မျိုးရောထားသော ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ နှုတ်ခြင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်း ၂ မျိုးရောထားသော ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ပုစ္ဆာများကိုပုံဆွဲ၍ နှုတ်ခြင်း။	● ကလေးများသည် ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်း ၂ မျိုးရောထားသော၊ ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ပုစ္ဆာများကို ပုံဆွဲ၍ နှုတ်တတ်မည်။
၁၁	၁၉ အတွင်း ကိန်းများ နှုတ်ခြင်းကို မေးခွန်းများ ပြုလုပ်တတ်ရန်နှင့် ဖြေရှင်းတတ်ရန်	● ပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ၁၉ အတွင်း ပေးထားသော အနုတ်မှ မေးခွန်းပြုလုပ်ခြင်း။ ● ပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ၁၉ အတွင်း အနုတ်မေးခွန်းများပြုလုပ်ရန်နှင့် ထိုမေးခွန်းကို ဖြေရှင်းခြင်း။	● ကလေးများသည် ပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ၁၉ အတွင်းပေးထားသော နှုတ်ခြင်းကို မေးခွန်းများပြုလုပ်တတ်မည်။ ● ကလေးများသည် ပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ၁၉ အတွင်း အနုတ်မေးခွန်းများ ပြုလုပ်တတ်ပြီး ထိုမေးခွန်းကို ဖြေတတ်မည်။
၁၂–၁၄	၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ ကျွမ်းကျင်စွာ နှုတ်တတ်ရန်	● အနုတ်ကတ်ပြားများကို ပြုလုပ်ပြီး ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ကို လေ့ကျင့်ခြင်း။	● ကလေးများသည် ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ကတ်ပြားများကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၁၉ အတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့၍ လျင်မြန်စွာနှင့် မှန်ကန်စွာ နှုတ်တတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁၅	၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါ ကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ ကျွမ်းကျင်စွာ နုတ်တတ်ရန် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်း နုတ်ခြင်းတွင် ပါသော ကိန်းများနှင့် အဖြေများ၏ ထူးခြားချက်ကို ရှင်းပြတတ်ရန်	● ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း အနုတ်ကတ်ပြားများကို စီစဉ်ခြင်း။ ● ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းနုတ်ခြင်းတွင်ပါသော ကိန်းများနှင့် အဖြေများ၏ ထူးခြားချက်ကို ရှင်းပြရန်။	● ကလေးများသည် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းနုတ်ခြင်းကို လျင်မြန်စွာနှင့် မှန်ကန်စွာတွက်တတ်မည်။
၁၆	၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်း အနုတ် ပုစ္ဆာများကို ကိန်းပြောင်းဖွဲ့၍ တွက်တတ်ရန်	● ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ကို လေ့ကျင့်ခြင်း။ ● ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ပုစ္ဆာများကို လေ့ကျင့်ခြင်း။	● ကလေးများသည် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ နုတ်တတ်မည်။ ● ကလေးများသည် ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ၏ ကိန်းပြောင်းဖွဲ့မှုပါသော အနုတ်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် (၁၉) အထိ ကိန်းများနုတ်ခြင်းကို (၂) မျိုး ခွဲခြားထားသည်။ ပထမတစ်မျိုးမှာ 'ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်ခြင်း' နှင့် နောက်တစ်မျိုးမှာ 'ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း'တို့ ဖြစ်သည်။ အသေးစိတ်ရှင်းလင်းချက်ကို အောက်တွင် ဖော်ပြထားသည်။

ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲနုတ်ခြင်း

(ဥပမာ) ၁၇ – ၄၊ ၁၅ – ၃၊ ၁၂ – ၂

ဤနုတ်ခြင်းပုံစံတွင် ၁၀ အုပ်စုကို မူလအတိုင်း မပြောင်းလဲဘဲထားပြီး ကျန်သည့်အပိုင်းဖြင့် နုတ်မည်။ ဥပမာအားဖြင့် ၁၇ – ၄ ကို နုတ်သည့်အခါ ၁၀ အုပ်စု မပြောင်းလဲဘဲထားပြီး ပုံတွင်ပြထားသည့်အတိုင်း အဖြေ ၁၃ ရရန် ကျန်သည့်အပိုင်းဖြစ်သော ၇ မှ ၄ ကို နုတ်မည်။ ဤနည်းသည် ကလေးများအတွက် လွယ်ကူသဖြင့် တခြားနည်းကိုမသင်မီ ဤနည်းကို သင်ကြားသင်ယူသင့်သည်။



ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း

(ဥပမာ) ၁၃ – ၉၊ ၁၄ – ၈၊ ၁၂ – ၄

ဤနုတ်ခြင်းပုံစံတွင် ၁၀ အုပ်စုကို မူလအတိုင်းထားရန် မဖြစ်နိုင်၍ ၁၀ အုပ်စုမှ နုတ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ၁၃ – ၉ ပုစ္ဆာတွင် ၃ မှ ၉ ကို မနုတ်နိုင်ပေ။ ထို့ကြောင့် ပုံတွင်ပြထားသည့်အတိုင်း ၁၀ – ၉ ကဲ့သို့ ၁၀ မှ နုတ်ရမည်။ ဤအနုတ်သည် ကိန်းပြောင်းဖွဲ့မှုပါသော နုတ်ခြင်းကဲ့သို့မဟုတ်ဘဲ အဆင့် (၁)ဆင့်ထက်မက တွက်ရမည်ဖြစ်သောကြောင့် ပို၍ခက်ခဲသည်။



၁၉ အထိကိန်းများနှတ်ခြင်းသင်ခန်းစာဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။



ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ခေါင်းစဉ်အသစ်ကို သင်ယူရန် အောက်ပါသိပြီးအသိပညာများကို အသုံးချရန် လိုအပ်သည်။

(၁) ၁၀ အထိနှုတ်ခြင်း (အခန်း ၇)

(၂) ၂၀ အထိကိန်းများ (အခန်း ၁၁)

(၃) ၁၀ အထိကိန်းများကို ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်း (အခန်း ၂)

ပထမဦးစွာ အနုတ်၏သဘောနှင့် ၁၀ အတွင်းကိန်းများကို မည်သို့နှုတ်ရမည်ကို မှတ်မိစေရန် လိုအပ်သည်။ ထို့အပြင် ဤအခန်းတွင် ၁၀ ထက်ကြီးသောကိန်းများကို နှုတ်ရမည်ဖြစ်သည့်အတွက် တွက်နေစဉ် ၁၀ အုပ်စုကို အဓိကအာရုံစိုက်ရန်လိုသည်။ နောက်ဆုံးအနေဖြင့် ကိန်းတွဲခြင်းနှင့်ကိန်းခွဲခြင်းသည် ကိန်းပြောင်းဖွဲ့၍နှုတ်ခြင်းအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ကြောင့် ကလေးများသည် အထက်ပါအခန်း(၃)ခန်းကို သေချာနားလည်ရန်လိုပြီး ယခုသင်ယူမည့်အခန်းအတွက် အဆင်သင့်ဖြစ်ရန် လိုအပ်သည်။

၁၂ အနုတ် သင်ခန်းစာ ၂

၁ (က) **ပန်းခြံထဲမှာ ပန်း ၁၇ ပွင့်ရှိတယ်။ ပန်း ၄ ပွင့်ကို ခူးလိုက်ရင် ပန်းဘယ်နှပွင့်ကျန်မလဲ**



~~၁၇~~ – ~~၄~~ = ? ၁၃





ညီမျှခြင်း

၁၇ – ၄ = ~~၁၃~~

အဖြေ ~~၁၃~~ ပွင့်





၁ တွက်ပါ

(က) ၁၅ – ၂ ၁၃ (ခ) ၁၈ – ၆ ၁၂ (ဂ) ၁၄ – ၃ ၁၁

(ဃ) ၁၆ – ၁ ၁၅ (င) ၁၇ – ၅ ၁၂ (စ) ၁၉ – ၇ ၁၂

ဖြည့်စွက်ရှင်းလင်းချက်

၁၇– ၄ ကို တွက်သည့်အခါ ၁၀ အုပ်စုကို မပြောင်းဘဲ ထားရမည်ကို ကလေးများ နားလည်ပါစေ။ ရှင်းပြပုံမှာ အောက်ပါအတိုင်းဖြစ်သည်။



သင်ခန်းစာ ၁ (၁/၁၆)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံ ကတ်ပြားများနှင့် ပန်းပုံကတ်ပြားများ နှင့်အတူ အိတ်ပါကားချပ်
- ကလေးအသီးသီးအတွက် အကွက်ပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပန်းပုံများ၊ အကွက်ပုံကတ်ပြားများကို အိတ်ပါကားချပ်တွင်ထည့်ပြီး ပန်းခူးသည့်ပုစ္ဆာကို ရှင်းပြပါ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အနုတ် အသုံးပြုရမည့် ပုစ္ဆာဖြစ်သည်ကို မှတ်မိပါစေ။ ညီမျှခြင်းမည်သို့ရေးရမည်ကို ပြန်လည်အမှတ်ရပါစေ။

၂။ အကွက်ကတ်ပြားများကို သုံးပြီး ၁၇–၄ ကို တွက်သည့် အကောင်းဆုံးနည်းကို ကလေးများ တစ်ဦးချင်းစီ ရှာဖွေပါစေ။ သူတို့၏ နည်းလမ်းနှင့် အကြောင်းပြချက်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၇ သည် ၁၀ အုပ်စုနှင့် ၇ ဖြစ်သည်ကို သတိရပါစေ။

၃။ ၁၀ အုပ်စုသည် တွက်ချက်ရာတွင် အပြောင်းအလဲမရှိသည့်အတွက် ၁၇–၄ ကို တွက်သည့် အကောင်းဆုံးနည်းမှာ ၁၇ တွင် ၇ မှ ၄ ကို နုတ်ခြင်းဖြစ်သည်ကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါ။

➔ အရိပ်အမြွက်ပြမေးခွန်းများမေးပြီး ကလေးများ ဤအချက်ကို ကိုယ်တိုင်တွေ့ရှိစေရန် ကူညီပါ။

၄။ သူတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၁) ကို ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ ဤအဆင့်တွင် ကတ်ပြားများကို သုံးစရာမလိုပေ။ သို့သော် ကလေးများ အခက်တွေ့လျှင် ကတ်ပြားများသုံးပြီး ပံ့ပိုးပေးပါ။

၅။ သင်ခန်းစာတွင် သင်ယူခဲ့သော အနုတ်ကို မည်သို့တွက်ရမည်ကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

➔ ၁၀ အုပ်စုကိုမပြောင်းဘဲ ကျန်သည့်ကိန်းမှ နုတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်ကို စစ်ဆေးအတည်ပြုပါ။

သင်ခန်းစာ ၂ (၂/၁၆)

သင်ယူမှုဦးတည်ချက်

- အဖြေ ၁၀ ရစေမည့် ၁၉ အတွင်း ကိန်းများကို နှုတ်တတ်ရန်
- ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ၁၀ တို့ကို နှုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးအသီးသီးအတွက် အကွက်ပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အကွက်ပုံ ၁၂ ပုံ ပါသည့် အိတ်ပါကားချပ်ကို သင်ပုန်းပေါ်တွင်ထားပါ။ အကွက်များကို သုံးပြီး ၁၂–၂ ကို တွက်သည့်အကောင်းဆုံးနည်းကို ကလေးများ တစ်ဦးချင်းစီ ရှာဖွေပါစေ။ သူတို့၏ တွက်နည်းနှင့် အကြောင်းပြချက်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၂–၂ ကို တွက်သည့် အကောင်းဆုံးနည်းမှာ ၁၂ တွင် ၂ မှ ၂ ကို နှုတ်ခြင်းဖြစ်ပြီး ၁၀ အုပ်စုကို မပြောင်းလဲဘဲ ထားသည်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၂။ သူတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း (၂) ကိုဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၃။ အကွက်ပုံ ၁၆ ခု ပါသည့် အိတ်ပါကားချပ်ကို ထားပါ။ အကွက်များသုံးပြီး ၁၆–၁၀ ကိုတွက်သည့် အကောင်းဆုံးနည်းကို တစ်ဦးချင်းစီ ရှာဖွေပါစေ။ သူတို့၏တွက်နည်းများနှင့် အကြောင်းပြချက်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၆–၁၀ ကို တွက်သည့် အကောင်းဆုံးနည်းမှာ ၁၆ မှ ၁၀ အုပ်စုကို ဖယ်ထုတ်သည့်နည်း ဖြစ်သည်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း(၃)ကို ဖြေစေပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သော အနုတ်ကို မည်သို့တွက်ရမည်ကိုမေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၁ (ခ) ငှက်ပျောသီး ၁၂ လုံးရှိတယ် ငှက်ပျောသီး ၂ လုံးကို မင်းမင်းနဲ့သီတာတို့ စားလိုက်တယ် ငှက်ပျောသီး ဘယ်နှလုံးကျန်သလဲ



၁၂ − ၂ = ၁၀ အဖြေ ၁၀ လုံး



၂ တွက်ပါ

(က) ၁၆ − ၆ ၁၀ (ခ) ၁၃ − ၃ ၁၀ (ဂ) ၁၉ − ၉ ၁၀

၁ (ဂ) စာသင်ခန်းထဲမှာ ကျောင်းသား ၁၆ ယောက်ရှိပြီး ၁၀ ယောက် ထွက်သွားတယ် ကျောင်းသားဘယ်နှယောက်ကျန်သလဲ





၃ တွက်ပါ

(က) ၁၄ − ၁၀ ၄ (ခ) ၁၁ − ၁၀ ၁ (ဂ) ၁၇ − ၁၀ ၇

သင်ခန်းစာ(၁)အတွက် ဖြည့်စွက်ရှင်းလင်းချက်

သင်ခန်းစာ (၁)တွင် ၁၇ − ၄ ၏ တွက်နည်း (၃)နည်းအား အောက်ပါအတိုင်း ရှင်းလင်းထားသည်။



၇−၄=၃ ကိုသာ ပြုလုပ်ပါ။ ပြီးလျှင် ၁၀ နှင့် ၃ က ၁၃ ဖြစ်သည်။ အလွယ်ကူဆုံး တွက်နည်းဖြစ်သည်။



၁၀ − ၄ = ၆ ။ ထို့နောက် ၆ + ၇ = ၁၃ ။ ကိန်းပြောင်းဖွဲ့ခြင်း ပြုလုပ်ရန်နှင့် အဆင့်(၂) ဆင့် တွက်ရန်လိုသည်။



၁၀ − ၂ = ၈ နှင့် ၇ − ၂ = ၅။ ထို့နောက် ၈+၅=၁၃ ။ ကိန်းပြောင်းဖွဲ့ခြင်း ပြုလုပ်ရန်နှင့် အဆင့်(၃)ဆင့် တွက်ရန်လိုသည်။

လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၃ – ၂ ၁၁ (ခ) ၁၄ – ၁ ၁၃ (ဂ) ၁၇ – ၁ ၁၆
(ဃ) ၁၅ – ၃ ၁၂ (င) ၁၉ – ၈ ၁၁ (စ) ၁၉ – ၅ ၁၄
(ဆ) ၁၉ – ၄ ၁၅ (ဇ) ၁၈ – ၂ ၁၆ (ဈ) ၁၄ – ၂ ၁၂

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၁ – ၁ ၁၀ (ခ) ၁၈ – ၈ ၁၀ (ဂ) ၁၄ – ၄ ၁၀
(ဃ) ၁၂ – ၂ ၁၀ (င) ၁၇ – ၇ ၁၀ (စ) ၁၅ – ၅ ၁၀

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၅ – ၁၀ ၅ (ခ) ၁၂ – ၁၀ ၂ (ဂ) ၁၃ – ၁၀ ၃
(ဃ) ၁၈ – ၁၀ ၈ (င) ၁၉ – ၁၀ ၉ (စ) ၁၆ – ၁၀ ၆

၄။ သူရတွင် သကြားလုံး ၁၈ လုံးရှိသည်။ သူ၏ အစ်ကိုကို သကြားလုံး ၈ လုံး ပေးလိုက်သော် သူရတွင် သကြားလုံး မည်မျှကျန်မည်နည်း။

၁၈ – ၈ = ၁၀ အဖြေ ၁၀ လုံး

၅။ စာကြည့်တိုက်ထဲတွင် ကျောင်းသား ၁၉ ယောက်ရှိသည်။ ၇ ယောက် စာသင်ခန်းသို့ ပြန်သွားသော် စာကြည့်တိုက်ထဲ၌ ကျောင်းသား မည်မျှကျန်သနည်း။

၁၉ – ၇ = ၁၂ အဖြေ ၁၂ ယောက်

၆။ ဆရာတွင် နံနက်ပိုင်း၌ မြေဖြူခဲ ၁၄ ချောင်းရှိရာ မွန်းလွဲပိုင်းတွင် မြေဖြူခဲ ၁၀ ချောင်းသာ ကျန်ရှိသည်ကို တွေ့ရသည်။ ဆရာသည် မြေဖြူခဲ မည်မျှသုံးလိုက်သနည်း။

၁၄ – ၁၀ = ၄ အဖြေ ၄ ချောင်း

၇။ ဆရာမတွင် စာရွက် ၁၆ ရွက်ရှိရာ ကျောင်းသားများကို စာရွက် ၅ ရွက် ပေးလိုက်သော် ဆရာမတွင် စာရွက် မည်မျှကျန်ရှိသနည်း။ ၁၆ – ၅ = ၁၁ အဖြေ ၁၁ ရွက်

၈။ ကလေး ၁၅ ယောက်ရှိရာ ၁၀ ယောက်မှာ မိန်းကလေးဖြစ်သော် ယောကျ်ားလေး မည်မျှရှိမည်နည်း။ ၁၅ – ၁၀ = ၅ အဖြေ ၅ ယောက်

၉။ စိုးစိုးတွင် ခဲတံ ၇ ချောင်းရှိပြီး ဇာဇာတွင် ခဲတံ ၁၇ ချောင်းရှိသည်။ မည်သူ့တွင် ခဲတံ မည်မျှပိုများသနည်း။ ၁၇ – ၇ = ၁၀

အဖြေ ဇာဇာတွင် ခဲတံ ၁၀ ချောင်း ပိုရှိသည်။

ဖြည့်စွက်လေ့ကျင့်ခန်း

ဥပမာပြထားသည့်အတိုင်း ကိန်းခွဲပုံ အသီးသီးအတွက် ညီမျှခြင်း နှစ်ခုစီရေးပါ။

(ဥပမာ) ၁၁



၁၁ – ၁ = ၁၀
၁၁ – ၁၀ = ၁

(က) ၁၄



၁၄ – ၄ = ၁၀
၁၄ – ၁၀ = ၄

(ခ) ၁၇



၁၇ – ၇ = ၁၀
၁၇ – ၁၀ = ၇

(ဂ) ၁၆



၁၆ – ၆ = ၁၀
၁၆ – ၁၀ = ၆

(ဃ) ၁၂



၁၂ – ၂ = ၁၀
၁၂ – ၁၀ = ၂

(င) ၁၉



၁၉ – ၉ = ၁၀
၁၉ – ၁၀ = ၉

သင်ခန်းစာ ၃၊ ၄၊ ၅ (၃၊ ၄၊ ၅/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို နုတ်သည့်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်
- ဂဏန်း ၂ လုံးပါကိန်းမှ ၁၀ ကို နုတ်သည့် ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁)၊ (၂) နှင့် (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အကွက်များသုံးပြီး မည်ကဲ့သို့ နုတ်ရမည်ကို ပြန်လည်လေ့ကျင့်ပါ။

၂။ မေးခွန်း (၄) မှ (၉) အထိကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းမှ ညီမျှခြင်းရေးရန် ကလေးများ အခက်တွေ့လျှင် ဆရာက မေးခွန်း (၄) ကို ဥပမာအနေဖြင့် တစ်တန်းလုံးတွင် နမူနာ တွက်ပြနိုင်သည်။

➔ မေးခွန်း (၉) တွင် အောက်ပါအချက် (၂) ချက်အတွက် ဖြေဆိုရမည်ကို ဂရုပြုပါ။

- မည်သူ့တွင် ခဲတံ ပိုများသနည်း။
- မည်သူက မည်သူ့ထက် ခဲတံမည်မျှ ပိုများသနည်း။

သင်ခန်းစာ ၆ (၆/၁၆)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြား၊ ကားပုံကတ်ပြားများနှင့် အိတ်ပါကားချပ်
- ကလေးအသီးသီးအတွက် အကွက်ပုံကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကားပုံကတ်ပြားများနှင့် အကွက်ပုံကတ်ပြားများကို သင်ပုန်းပေါ်ထားပြီး ပုစ္ဆာကိုဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၃–၉ ကို ရေတွက်ခြင်းမပြုဘဲ တွက်နည်းအားရှာဖွေရမည်ကို ကလေးများသိပါစေ။

၂။ အကွက်များ သုံးပြီး ၁၃–၉ ကို မည်သို့ တွက်ရမည်ကို တစ်ဦးချင်းစီရှာဖွေပါစေ။ သူတို့၏ တွက်နည်းနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၃ သည် ၁၀ အုပ်စု နှင့် ၃ ဖြစ်သည်ကို ပြန်လည်အမှတ်ရပါစေ။

➔ အဓိကအချက်မှာ '၉ ကို မည်သည်ကနုတ်ယူရမလဲ'ဆိုသည့်အချက်ဖြစ်သည်ကို မှတ်မိပါစေ။

၃။ ၁၃–၉ ကို ကလေးများ သူတို့နည်းနှင့် ဖြေရှင်းပုံကို အတန်းသို့တင်ပြပါစေ။ သူတို့၏ စိတ်ကူးများကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် ကတ်ပြားများကို ရွှေ့ပြပြီး သူတို့၏စိတ်ကူးများကို ရှင်းပြပါစေ။

၄။ အနုတ်တွက်နည်း အဆင့် (၄) ဆင့်ကို တစ်တန်းလုံးနှင့် စစ်ဆေးအတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဆင့်တစ်ခုစီ ပြောသည့်အခါ အကွက်ပုံကတ်ပြားများကိုလည်း လိုက်ရွှေ့ပါ။

➔ ၁၀–၉ နှင့် ၁+၃ တို့ကို ရေတွက်ခြင်းမပြုဘဲ နုတ်နိုင်သည့်အတွက်ကြောင့် ၁၃–၉ ကို ရေတွက်ခြင်းမပြုဘဲ နုတ်နိုင်ကြောင်းသိရှိပါစေ။

၂ ဆိုင်တစ်ဆိုင်မှာ မနက်က ကားအရုပ် ၁၃ ခုရှိတယ် နေ့ခင်းမှာ ဝယ်သူက ကားအရုပ် ၉ ခု ဝယ်သွားတယ် ကားအရုပ် ဘယ်လောက်ကျန်သလဲ



~~၁၃~~ – ~~၉~~ = ? ၄

ဘယ်လိုတွက်မလဲ စဉ်းစားရအောင်



၁၃ – ၉ = ~~၄~~ အဖြေ ~~၄~~ ခု

၁၀၅

၅ စာနှစ်ဝင်ပင်

တိုးချဲ့ရေတွက်ခြင်း၏ အားနည်းချက်

ဤအဆင့်တွင် ကလေးများ အခက်အခဲကြီးကြီးမားမား မရှိသေးသည့်အတွက် ရေတွက်ခြင်း၏ အားနည်းချက်များကို ပထမတန်း ကလေးများသည် သိရှိနိုင်မည် မဟုတ်ပေ။ သို့သော် ရေတွက်ခြင်းနည်းကိုသာ ဆက်လက်အသုံးပြုမည်ဆိုလျှင် ၁၀ အုပ်စုကို စိတ်ကူးတွင် မှန်းဆအသုံးချနိုင်ခြင်းမရှိဘဲ အတန်းကြီးလာသောအခါ စိတ်တွက်တွက်ရာ၌ အခက်အခဲတွေ့နိုင်သည်။



စိတ်ထဲတွင် ၁၀ အုပ်စု မရှိ

စိတ်ထဲတွင် ၁၀ အုပ်စုရှိ

သင်ခန်းစာ ၇

၁၃ – ၉ ကို ဘယ်လိုတွက်မလဲ။

(၁) ၁၃ ရှိ ၃ ကနေ ၉ ကို မနုတ်နိုင်ပါ။
(၂) ၁၃ ကို ၁၀ နဲ့ ၃ အဖြစ် ခွဲမယ်။
(၃) ၉ ကို ၁၀ က နုတ်ရင် ၁ ရတယ်။
(၄) ၁ နဲ့ ၃ ကို အတူတူထားရင် ၄ ရတယ်။



၁ ၁၄ ကနေ ၈ ကို ဘယ်လိုနုတ်မလဲ ရှင်းပြပါ

၁။ ၁၄ ရှိ <u>၄</u> က <u>၈</u> ကို မနုတ်နိုင်ပါ
၂။ ဒါကြောင့် ၁၄ ကို <u>၁၀</u> နဲ့ <u>၄</u> ဖြစ်အောင် အရင်ခွဲမယ်
၃။ ၈ ကို <u>၁၀</u> က နုတ်ရင် <u>၂</u> ရတယ်
၄။ နောက်ဆုံး <u>၄</u> နဲ့ <u>၂</u> ကို အတူတူထားရင် <u>၆</u> ရတယ်



သင်ခန်းစာ ၈

၂ ရှေ့ကိန်းကို ၁၀ နဲ့ တခြားကိန်းတစ်ခုနဲ့ခွဲပြီး အနုတ်ကို တွက်ပါ

(က) ၁၂ – ၉ = <u>၃</u>



(ခ) ၁၄ – ၇ = <u>၇</u>



(ဂ) ၁၅ – ၈ = <u>၇</u>



(ဃ) ၁၃ – ၆ = <u>၇</u>



၃ တွက်ပါ

(က) ၁၅ – ၉ ၆ (ခ) ၁၆ – ၇ ၉ (ဂ) ၁၂ – ၈ ၄

၁၀၆

ကိန်းခွဲပုံနှင့် အဆင့် (၄) ဆင့်

အောက်ပါတို့သည် ၁၃ – ၉ ကို ကိန်းခွဲပုံသုံးပြီး အဆင့် (၄) ဆင့်ဖြင့် မည်သို့ တွက်ရမည်ကို ရှင်းပြပုံနမူနာဖြစ်သည်။

အဆင့် (၁)နှင့် (၂)	အဆင့် (၃)	အဆင့် (၄)
၁၃ – ၉ =	၁၃ – ၉ =	၁၃ – ၉ = ၄
၁၃ ကို ၁၀နှင့် ၃ အဖြစ်ခွဲ	၁၀ ထဲက ၉ ကို နုတ်တော့ ၁ ရတယ်	၁ နဲ့ ၃ ကို ပေါင်းထားလျှင် ၄ ရတယ်
၁၃ တွင် ၃ မှ ၉ ကို နုတ်၍ မရပါ		

၅။ မေးခွန်း (၄) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၃–၉ တွက်ရာတွင် အသုံးပြုခဲ့သည့် အဆင့် (၄) ဆင့်ကို အသုံးပြုနိုင်ကြောင်း သိရှိပါစေ။

သင်ခန်းစာ ၇ (၇/၁၆)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁၃–၉ ကို အဆင့် (၄) ဆင့်ဖြင့် တွက်ခဲ့သည်ကို တစ်တန်းလုံးတွင် ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဆင့် (၄) ဆင့်ကို ရှင်းပြရာတွင် အကွက်ပုံကတ်ပြားများနှင့် ကိန်းခွဲပုံများကို အသုံးပြုပါ။

၂။ မေးခွန်း (၃) ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဆင့် (၄) ဆင့်ဖြင့် မည်သို့တွက်ရမည်ကို ကိန်းခွဲပုံသုံး၍ တင်ပြပါစေ။

၃။ မေးခွန်း (၅) ကို ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲတွေ့လျှင် ကိန်းခွဲများ (လိုအပ်လျှင် အကွက်များ) သုံး၍ ရှင်းပြပါ။

၄။ ကိန်းခွဲပုံကို သုံး၍ အဆင့် (၄)ဆင့်ဖြင့် မည်သို့ နုတ်ရမည်ကို စစ်ဆေးအတည်ပြုပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၈ (၈/၁၆)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့မှု ၂ မျိုးဖြင့် နှုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ပုံကတ်ပြားများနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁၄–၈ အား မည်သို့ တွက်ရမည်ကို အကွက်များသုံးပြီး အဆင့် (၄) ဆင့်ဖြင့် တစ်တန်းလုံးနှင့် ပြန်လည်လေ့ကျင့်ပါ။

၂။ ၁၃–၄ အား မည်သို့တွက်ရမည်ကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကွက်ပုံကတ်ပြားများကို ရွှေ့ပြီး မည်သို့တွက်ရမည်ကို တင်ပြပါစေ။

➔ အောက်ပါအရိပ်အမြွက်ပြမေးခွန်းများ မေးပြီး နည်းတစ်နည်းထက်မက ဖြေရှင်းနိုင်သည်ကို ကလေးများကိုယ်တိုင် တွေ့ရှိပါစေ။

- အကွက် ၄ ကွက်ကို အကွက် ၁၃ ကွက်မှ နုတ်ရာတွင် အကွက် ၁၀ ကွက်အုပ်စုမှ နုတ်ပြီး တွက်လို့ရသလို တခြားနည်းလမ်းများရှိသေးသလား။

၃။ မေးခွန်း (၆) ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဆင့် (၄) ဆင့်အတိုင်း အကွက်ကတ်ပြားများကို ရွှေ့ပါ။ အဆင့် (၄) ဆင့်ကို ရှင်းပြရန် ကိန်းခွဲပုံများကိုလည်း အသုံးပြုပါ။

၄ ၁၃ – ၄ ကိုတွက်တဲ့ နည်းလမ်းတွေကိုစဉ်းစားပြီး ဖြေပါ







အနုတ်–အပေါင်း နည်း နှင့် အနုတ်–အနုတ် နည်း

၁၉ အတွင်းကိန်းများကို ကိန်းပြောင်းဖွဲ့ပြီး နုတ်ရာတွင် အဓိက နည်း ၂ နည်း ရှိပြီး ထိုနည်း ၂ နည်းမှာ 'အနုတ်–အပေါင်း' နည်း နှင့် 'အနုတ်–အနုတ်' နည်း တို့ဖြစ်သည်။

(၁) အနုတ်–အပေါင်း နည်း
ဤနည်းကို အောက်ပါ အဆင့် (၂) ဆင့်ဖြင့် တွက်သည်။

၁၀ – ၄ = ၆
၆ + ၃ = ၉



(၁) အနုတ်–အနုတ် နည်း
ဤနည်းကို အောက်ပါ အဆင့် (၂) ဆင့်ဖြင့် တွက်သည်။

၁၃ – ၃ = ၁၀
၁၀ – ၁ = ၉



*** ကလေးများ အားသန်သောနည်းကို အသုံးပြုပါစေ။**

သင်ခန်းစာ ၉

၇ တွက်ပါ

(က) ၁၄ – ၅ ၉	(ခ) ၁၃ – ၆ ၇	(ဂ) ၁၇ – ၉ ၈
(ဃ) ၁၁ – ၆ ၅	(င) ၁၅ – ၆ ၉	(စ) ၁၃ – ၇ ၆
(ဆ) ၁၂ – ၅ ၇	(ဇ) ၁၆ – ၈ ၈	(ဈ) ၁၈ – ၉ ၉

၅ **စာသင်ခန်းထဲမှာ ကလေး ၁၅ ယောက်ရှိတယ် ၆ ယောက်က မိန်းကလေးတွေဖြစ်ပြီး ကျန်တာက ယောကျ်ားလေးတွေဖြစ်တယ် ယောကျ်ားလေးနဲ့ မိန်းကလေး ဘယ်သူကပိုများသလဲ ဘယ်လောက် ပိုများသလဲ**



မိန်းကလေး ၆ ယောက် ရှိတယ်

ယောကျ်ားလေး အရေအတွက်က ၁၅ – ၆ = ၉ ဖြစ်တယ်

ဒါကြောင့် **ယောကျ်ားလေး**က ပိုများတယ်

ကွာခြားချက်က ၉ – ၆ = ၃ ဖြစ်တယ်

ဒါကြောင့် **ယောကျ်ားလေး**က **မိန်းကလေး**ထက် ၃ ယောက် ပိုများတယ်





အဓိကမေးခွန်း (၇)ကို မေးခွန်းများမေးပြီး အဆင့်ဆင့်ဖြေရှင်းခြင်း



မိန်းကလေး ၆ ယောက် ရှိတယ်။

ယောကျ်ားလေး အရေအတွက် ၁၅ – ၆ = ၉ — ယောကျ်ားလေး အရေအတွက်ကို ဘယ်လိုရှာမလဲ။ ယောကျ်ားလေး ဘယ်လောက်ရှိသလဲ

ထို့ကြောင့် ယောကျ်ားလေးက ပိုများတယ် — ဘယ်သူက ပိုများသလဲ

ခြားနားခြင်းသည် ၉ – ၆ = ၃ — ယောကျ်ားလေးက ဘယ်လောက် ပိုများသလဲ၊ ဘယ်လိုရှာမလဲ

ထို့ကြောင့် ယောကျ်ားလေးက မိန်းကလေးထက် ၃ ယောက် ပိုတယ်။ — အဖြေက ဘာလဲ

သင်ခန်းစာ ၉ (၉/၁၆)

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့ပြီး နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ ၈ ကဲ့သို့ ၁၄–၅ ကို နည်း ၂ နည်းဖြင့် တစ်တန်းလုံးတွင် ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ နည်း ၂ နည်းတွင် ကိန်းခွဲပုံများကို အသုံးပြုပါ။



၂။ မေးခွန်း ၈ မှ ကျန်သည့် ပုစ္ဆာများကို ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်တွင် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအတွက် လွယ်သည့်နည်းကို အသုံးပြုပါစေ။

➔ တွက်ချက်ရာ၌ လိုအပ်လျှင် ကိန်းခွဲပုံများ ဆွဲပါစေ။

သင်ခန်းစာ ၁၀ (၁၀/၁၆)

သင်ယူမှုဦးတည်ချက်

- ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်း ၂ မျိုးရောထားသော ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများ နုတ်ခြင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် ပုံဆွဲပြီး မေးခွန်းကိုရှင်းပြပါ။ အောက်ပါမေးခွန်းများကိုမေးပြီး ဖြေရှင်းပါစေ။

➔ ယောကျ်ားလေး ဘယ်နှယောက်ရှိလဲ။ ဘယ်လိုရှာမလဲ။

➔ ဘယ်သူကပိုများလဲ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား။

➔ ဘယ်လောက်ပိုများသလဲ။ ဘယ်လိုရှာမလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေကိုရှာရန် အောက်ပါအဆင့် (၂) ဆင့် လိုအပ်သည်ကို ကလေးများသေချာသိပါစေ။
(၁) ယောကျ်ားလေးအရေအတွက်ကိုရှာခြင်း
(၂) ခြားနားခြင်းကို ရှာခြင်း

၂။ သင်ပုန်းပေါ်တွင် ပုံဆွဲပြီး မေးခွန်း (၈) ကို ရှင်းပြပါ။ ကလေးများအား သူတို့၏လေ့ကျင့်ခန်း စာအုပ်တွင် တစ်ဆင့်ပြီးတစ်ဆင့် ဆရာနှင့်အတူတူ လိုက်၍ပုံဆွဲပါစေ။ အောက်ပါမေးခွန်းကို မေးပြီး ဖြေရှင်းပါစေ။

- သားကို ခဲတံဘယ်နှချောင်းပေးသလဲ။ ဘယ်လိုရှာမလဲ။
- ဘယ်သူက ခဲတံပိုရသလဲ။ သားလား။ သမီးလား။
- ဘယ်လောက်ပိုရသလဲ။ ဘယ်လိုရှာသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံကို မှန်ကန်စွာဆွဲသားခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၃။ မေးခွန်းကို နားလည်ပါစေ။ လေ့ကျင့်ခန်း စာအုပ်တွင် ပုံဆွဲစေပြီး မေးခွန်းကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ ညီမျှခြင်းနှင့်အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါမေးခွန်းများကဲ့သို့ မေးခွန်းများကို မေးပြီး ပုစ္ဆာကိုနားလည်ပါစေ။

- စာရွက်အားလုံး ဘယ်လောက်ရှိသလဲ။
- အောင်အောင်ကို စာရွက်ဘယ်လောက်ပေးလိုက်သလဲ။
- အဖြေရဖို့ ဘာတွေကိုရှာရမလဲ။

၄။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း ၁၀ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ ညီမျှခြင်းနှင့်အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ ပုံဆွဲပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၈ အဖေကခဲတံ ၁၄ ချောင်းကို သားနဲ့သမီးကိုခွဲပေးတယ် သမီးကခဲတံ ၉ ချောင်း ရတယ် ဘယ်သူက ခဲတံဘယ်နှချောင်းပိုရသလဲ



သမီးကို ခဲတံ ၉ ချောင်းပေးတယ်

သားအတွက် ခဲတံအရေအတွက်က ၁၄ − ၉ = ၅ ဖြစ်တယ်

ကွာခြားချက်က ၉ − ၅ = ၄ ဖြစ်တယ်

ဒါကြောင့် သမီး က သား ထက် ၄ ချောင်း ပိုရတယ်

၉ အောင်အောင်နဲ့သီတာတို့ ပုံဆွဲဖို့ စာရွက်အလွတ် ၁၂ ရွက်ကို ဝေယူရာ အောင်အောင်က ၅ ရွက်ရတယ် ဘယ်သူက ဘယ်လောက်ပိုရသလဲ ပုံကို ပြီးအောင်ဆွဲပြီး အဖြေရှာပါ

အောင်အောင်



အရင်ပုစ္ဆာတွေလို ညီမျှခြင်းကို ရေးပါ

၇ − ၅ = ၂

အဖြေ သီတာက အောင်အောင်ထက် ၂ ရွက်ပိုရသည်။

၁၀ စာသင်ခန်းထဲမှာ ကလေး ၁၇ ယောက်ရှိတယ် ၉ ယောက်က ယောကျ်ားလေးများဖြစ်ပြီး ကျန်သူတွေက မိန်းကလေးတွေဖြစ်ကြတယ် ဘယ်သူက ဘယ်လောက် ပိုများသလဲ ပုံဆွဲပြီး အဖြေရှာပါ **အောက်ပါပုံတွင် ကြည့်ပါ**

မေးခွန်း (၈)ကို ပုံများဆွဲပြီး အဆင့်ဆင့်ဖြေရှင်းခြင်း



၆ ၁၆ – ၇ အတွက် မေးခွန်းပြုလုပ်မယ်

ညာဘက်က ပြထားတဲ့ ပစ္စည်းတွေကို သချိုင်းမေးခွန်း ပြုလုပ်ရာမှာ အသုံးပြုနိုင်တယ်



ဒီလို မေးခွန်းတစ်ခုပြုလုပ်ထားတာရှိတယ်

ငှက်ပျောသီး ၁၆ လုံးရှိတယ် ၇ လုံးစားလိုက်တယ်
ငှက်ပျောသီး ဘယ်လောက်ကျန်သလဲ

၁၁ ၁၄ – ၉ အတွက် မေးခွန်းတစ်ခုပြုလုပ်ပါ အနုတ်ပုစ္ဆာမျိုးစုံ ကြိုးစားပြီး ပြုလုပ်ပါ

နမူနာအဖြေများအတွက် အောက်ဖော်ပြပါဧယားတွင် ကြည့်ပါ။

၁၂ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပြီး မေးခွန်းတွေပြုလုပ်ပါ ပုစ္ဆာတွေကို တွက်ပါ

(က) ကုလားထိုင် **၈** လုံးနဲ့ စားပွဲ **၁၂** လုံးရှိတယ် ဘယ်ဟာက ဘယ်လောက်ပိုများသလဲ **၁၂ – ၈ = ၄ အဖြေ စားပွဲက ၄ လုံး ပိုသည်။**

(ခ) ကလေး **၁၆** ယောက်ရှိပြီး **၇** ယောက်မှာ ယောကျ်ားလေးတွေ ဖြစ်ကြတယ် မိန်းကလေးဘယ်လောက်ရှိသလဲ

၁၆ – ၇ = ၉ အဖြေ မိန်းကလေး ၉ ယောက်ရှိသည်။

သင်ခန်းစာ ၁၁ (၁၁/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း ကိန်းများနုတ်ခြင်းကို မေးခွန်းများပြုလုပ်တတ်ရန်နှင့် ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၆ ကို နမူနာအနေဖြင့် တစ်တန်းလုံးတွင် ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများပြုလုပ်ရမည့် နောက်ဆုံးစာကြောင်းသည် 'ငှက်ပျောသီး ဘယ်လောက်ကျန်သလဲ' ဆိုသည့်မေးခွန်းမျိုးဖြစ်ရမည်ကို အလေးအနက်ပြုပါ။

၂။ မေးခွန်းကို တစ်ဦးချင်းစီ ပြုလုပ်ပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများပြုလုပ်ထားသော မေးခွန်းအမျိုးမျိုးကို ရွေးချယ်ပြီး ထိုမေးခွန်းများကို တင်ပြပါစေ။

၃။ မေးခွန်းကို တစ်ဦးချင်းစီပြုလုပ်ပါစေ။ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများ ပြုလုပ်ရာတွင် ပစ္စည်းအမျိုးမျိုးကို အသုံးပြုရန် အားပေးပါ။

၄။ မေးခွန်း (၁၂) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ပြုလုပ်ထားသော မေးခွန်း၊ ညီမျှခြင်းနှင့် အဖြေကို တင်ပြပါစေ။

မေးခွန်း ၁၁ အတွက် နမူနာအဖြေများ

ပစ္စည်းအမျိုးမျိုးဖြင့် အနုတ်ပုံစံအမျိုးမျိုးပြုလုပ်ရန် ကလေးများကို အားပေးပါ။

မူလက သကြားလုံး ၁၄ လုံးရှိသည်။
ထို့နောက် သကြားလုံး ၉ လုံးကို စားလိုက်သည်။
သကြားလုံး မည်မျှကျန်သနည်း။

လျော့သွားခြင်း အနုတ်ပုံစံ

ကစားကွင်းတွင် ကလေး ၁၄ ယောက်ရှိသည်။
၉ ယောက်မှာ မိန်းကလေးဖြစ်သည်။
ယောကျ်ားလေး မည်မျှရှိသနည်း။

ဖြည့်စွက်ခြင်း အနုတ်ပုံစံ

ပန်းပွင့်အနီ ၁၄ ပွင့်နှင့် ပန်းပွင့်အဝါ ၉ ပွင့်ရှိသည်။ ပန်းပွင့်အနီသည် အဝါထက် မည်မျှပိုများသနည်း။

ခြားနားခြင်း အနုတ်ပုံစံ

သင်ခန်းစာ ၁၂၊ ၁၃၊ ၁၄ (၁၂၊ ၁၃၊ ၁၄/၁၆)

သင်ခန်းစာ၏ ဦးတည်ချက်

- ၁၉ အတွင်း ဂဏန်း ၂လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ ကျွမ်းကျင်စွာ နုတ်တတ်ရန်။
- ၁၉ အတွင်း ဂဏန်း ၂လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများနုတ်ခြင်းတွင် ပါသော ကိန်းများနှင့်အဖြေများ၏ ထူးခြားချက်ကို ရှင်းပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးတိုင်းအတွက် ကတ်ပြားအလွတ် ၃၆ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုံပါအတိုင်း အနုတ်ကတ်ပြား ၃၆ ခုကို နှစ်ယောက်တစ်တွဲ ပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားများပေါ်တွင် ကိန်းများကို ကြီးကြီးရေးပါစေ။

၂။ ကတ်ပြားများသုံး၍ အနုတ်ကို နှစ်ယောက်တစ်တွဲ မည်သို့လေ့ကျင့်ရမည်ကို သရုပ်ပြပါ။ နှစ်ယောက်တစ်တွဲ အနုတ်ကတ်များဖြင့် အနုတ်ကို လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျွမ်းကျင်စွာ နုတ်တတ်စေရန် အချိန်လုံလောက်စွာပေးပါ။

➔ အချိန်ရလျှင် တချို့ကလေးများကို နှစ်ယောက်တစ်တွဲစီ အတန်းရှေ့ထွက်ပြီး ကတ်ပြားများဖြင့် နုတ်ခြင်းကို ပြုလုပ်ပါစေ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၁၆)

၁။ ပုံပါအတိုင်း ကလေးတချို့အား အနုတ်ကတ်ပြားများကို သင်ပုန်းပေါ်တွင် စီစဉ်ပါစေ။

၂။ မေးခွန်း (ဃ)၊ (င)၊ (စ)တို့ကို တစ်တန်းလုံးကို မေးပြီး သူတို့၏တွေ့ရှိချက်များကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် အစီအစဉ်ကိုပြောင်းပြီး အစီအစဉ်အသစ်အတွက် မေးခွန်း(ဃ)၊ (င)၊ (စ) ကို မေးပါ။

အနုတ်ကတ်ပြားတွေ ပြုလုပ်ပြီးစီကြမယ်



အနုတ်ကတ်ပြား

၁၄ – ၈	ရှေ့ဘက်
၆	နောက်ဘက်

(က) ပုံထဲကအတိုင်း အနုတ်ကတ်ပြားတွေ ပြုလုပ်ပါ

(ခ) ရုပ်ပုံအတိုင်း အနုတ်တစ်ခုစီကို ဖြေရှင်းဖို့လေ့ကျင့်ပါ

(ဂ) အနုတ်ကတ်ပြားတွေကို ပြထားတဲ့အတိုင်း သင်ပုန်းပေါ်မှာ စီပါ

၁၁ – ၂	၁၂ – ၃	၁၃ – ၄	၁၄ – ၅	၁၅ – ၆	၁၆ – ၇	၁၇ – ၈	၁၈ – ၉
၁၁ – ၃	၁၂ – ၄	၁၃ – ၅	၁၄ – ၆	၁၅ – ၇	၁၆ – ၈	၁၇ – ၉	
၁၁ – ၄	၁၂ – ၅	၁၃ – ၆	၁၄ – ၇	၁၅ – ၈	၁၆ – ၉		
၁၁ – ၅	၁၂ – ၆	၁၃ – ၇	၁၄ – ၈	၁၅ – ၉			
၁၁ – ၆	၁၂ – ၇	၁၃ – ၈	၁၄ – ၉				
၁၁ – ၇	၁၂ – ၈	၁၃ – ၉					
၁၁ – ၈	၁၂ – ၉						
၁၁ – ၉							



တွေ့ရှိတာကို တစ်တန်းလုံးကို ပြောပြမယ်

(ဃ) ဒေါင်လိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(င) အလျားလိုက်ကတ်ပြားတွေကိုကြည့်ရင် ဘာတွေတွေ့ရသလဲ

(စ) တခြားဘာတွေကို ထပ်တွေ့ရသလဲ

(ဃ)– ဒေါင်လိုက်တိုင်တစ်ခုရှိ ပထမကိန်းများ တူသည်။
– အောက်သို့တစ်ခုဆင်းသွားတိုင်း ဒုတိယကိန်းက တစ်ခုတိုးသွားသည်။
– အောက်သို့တစ်ခုဆင်းသွားလျှင် အဖြေတစ်ခုလျော့သည်။

(င) – အလျားလိုက်တန်းရှိ အဖြေများတူသည်။
– ပထမကိန်းတိုင်း တစ်ခုတိုးပြီး ဒုတိယကိန်းတိုင်းလည်း တစ်ခုတိုးသည်။

(စ) – တစောင်းအနေအထားတွင် ဒုတိယကိန်းများ တူသည်။

၁၁၁

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါလေ့ကျင့်ခန်းများသည် သင်ခန်းစာ (၁၅)နှင့် (၁၆)အတွက် ပြင်ဆင်မှုဖြစ်သည်။

၁။ ကွက်လပ်ဖြည့်ပါ။

(၁) ၁၁ – ၂ = ၉	(၂) ၁၂ – ၃ = ၉	(၃) ၁၃ – ၄ = ၉
(၄) ၁၁ – ၃ = ၈	(၅) ၁၂ – ၄ = ၈	(၆) ၁၃ – ၅ = ၈
(၇) ၁၁ – ၄ = ၇	(၈) ၁၂ – ၅ = ၇	(၉) ၁၃ – ၆ = ၇

၁။ ကွက်လပ်ဖြည့်ပါ။

(၁) ၁၁ – ၅ = ၆	(၂) ၁၂ – ၆ = ၆	(၃) ၁၃ – ၇ = ၆
(၄) ၁၁ – ၆ = ၅	(၅) ၁၂ – ၇ = ၅	(၆) ၁၃ – ၈ = ၅

၃။ ကွက်လပ်ဖြည့်ပါ။

(၁) ၁၁ – ၇ = ၄	(၂) ၁၂ – ၈ = ၄	(၃) ၁၃ – ၉ = ၄
(၄) ၁၁ – ၈ = ၃	(၅) ၁၂ – ၉ = ၃	(၆) ၁၃ – ၁၀ = ၃
(၇) ၁၁ – ၉ = ၂	(၈) ၁၂ – ၁၀ = ၂	(၉) ၁၃ – ၁၁ = ၂

လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၈ – ၉ = ၉ (ခ) ၁၆ – ၉ = ၇ (ဂ) ၁၁ – ၉ = ၂
(ဃ) ၁၅ – ၉ = ၆ (င) ၁၇ – ၉ = ၈ (စ) ၁၄ – ၉ = ၅

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၂ – ၈ = ၄ (ခ) ၁၆ – ၈ = ၈ (ဂ) ၁၇ – ၈ = ၉
(ဃ) ၁၁ – ၈ = ၃ (င) ၁၃ – ၈ = ၅ (စ) ၁၅ – ၇ = ၈
(ဆ) ၁၃ – ၇ = ၆ (ဇ) ၁၂ – ၇ = ၅ (ဈ) ၁၁ – ၇ = ၄

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၂ – ၄ = ၈ (ခ) ၁၄ – ၅ = ၉ (ဂ) ၁၁ – ၄ = ၇
(ဃ) ၁၅ – ၆ = ၉ (င) ၁၁ – ၃ = ၈ (စ) ၁၆ – ၇ = ၉
(ဆ) ၁၄ – ၆ = ၈ (ဇ) ၁၃ – ၆ = ၇ (ဈ) ၁၂ – ၈ = ၄

၄။ သန္တာတွင် ဆီးသီး ၁၂ လုံးရှိရာ ၃ လုံး စားလိုက်သည်။ သူမမှာ ဆီးသီးမည်မျှ ကျန်သနည်း။
၁၂ – ၃ = ၉ အဖြေ ၉ လုံး

၅။ ဈေးဆိုင်တစ်ဆိုင်၌ သံပုရာသီး ၁၆ လုံးရှိရာ ၉ လုံးရောင်းလိုက်သည်။ သံပုရာသီး မည်မျှကျန်သနည်း။
၁၆ – ၉ = ၇ အဖြေ ၇ လုံး

၆။ မောင်လှတွင် စာရွက် ၁၅ ရွက်ရှိရာ ယခုစာရွက် ၇ ရွက်သာ ကျန်တော့သည်။ မောင်လှသည် စာရွက်မည်မျှ အသုံးပြုခဲ့သနည်း။
၁၅ – ၇ = ၈ အဖြေ ၈ ရွက်

၇။ ကလေး ၁၈ ယောက်ရှိသည့်အနက် ၉ ယောက်မှာ ယောကျ်ားလေးဖြစ်သည်။ မိန်းကလေး မည်မျှရှိသနည်း။
၁၈ – ၉ = ၉ အဖြေ ၉ လုံး

၈။ စာသင်ခန်းထဲတွင် ကျောင်းသားကျောင်းသူ ၁၄ ယောက်ရှိသည့်အနက် ၈ ယောက်မှာ ကျောင်းသားများဖြစ်ကြသည်။ ကျောင်းသားသည် ကျောင်းသူထက် မည်မျှပိုများသနည်း။ ၁၄ – ၈ = ၆
၈ – ၆ = ၂ အဖြေ ကျောင်းသား ၂ ယောက်ပိုပါသည်။

၉။ မောင်ဦးတွင် ခဲတံ ၇ ချောင်းရှိပြီး မသဇင်တွင် ခဲတံ ၁၂ ချောင်း ရှိသည်။ မည်သူမှာ ခဲတံ မည်မျှပိုရှိသနည်း။
၁၂ – ၇ = ၅
အဖြေ မသဇင်တွင် ခဲတံ ၅ ချောင်းပိုရှိသည်။

၁၉ အထိအနုတ်၏ အရေးပါပုံ

အတန်းကြီးလာသောအခါ ကလေးများသည် ကြီးသောကိန်းများနုတ်ခြင်းကို သင်ယူရမည်ဖြစ်သည်။ သို့သော် ထိုတွက်ချက်မှုသည် ၁၉ အတွင်း နုတ်ခြင်းအပေါ် အခြေခံသည်။ သို့ဖြစ်၍ ၁၉ အတွင်း ရေတွက်ခြင်းမပြုဘဲနုတ်ခြင်းကို ကျွမ်းကျင်စွာ ပြုလုပ်တတ်ရန် အရေးကြီးသည်။

ဥပမာ။ ၈၂၉ – ၃၇၅ ကို ၁၉ အထိကိန်းများနုတ်ခြင်းတွင် နေရာလိုက်တန်ဖိုးအသီးသီး အရ နုတ်သကဲ့သို့ တွက်ချက်သည်။



သင်ခန်းစာ ၁၅–၁၆ (၁၅–၁၆/၁၆)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့၍ ကျွမ်းကျင်စွာ နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁)၊ (၂)၊ (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ မေးခွန်းတစ်ခုပြီးတိုင်းအဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ကလေးများအား ကူညီနိုင်ရန် အကွက်ပုံကတ်ပြားများ (သို့) ကိန်းခွဲပုံများကို အသုံးပြုပါ။

၂။ မေးခွန်း (၄) မှ (၉)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ မေးခွန်းတစ်ခုပြီးတိုင်းအဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့်အဖြေကို မှန်ကန်စွာရေးနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

အခန်း ၁၃ ဘယ်အချိန်မှာဘာလုပ်သလဲ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၈။ နာရီတွင် ဖော်ပြသော အချိန် 'နာရီ'နှင့် "နာရီခွေ"တို့ကို ဖတ်တတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၈.၁.၁။ နေ့စဉ်ဘဝနှင့်ဆက်စပ်၍ 'နာရီတိ' နှင့် 'နာရီခွေ'ကို ပြောတတ်ရန်

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများက ကလေးများကို သင်ကြားပို့ချပြီး ဇယားတွင် ဖော်ပြထားသော စံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	နာရီတွင်ဖော်ပြသော အချိန် 'နာရီ' ကို ဖတ်တတ်ရန်နှင့် အချိန် ရေးတတ်ရန်	● နာရီတွင် ဖော်ပြသောအချိန် 'နာရီ' ကို ဖတ်တတ်ရန်နှင့် အိပ်ယာထခြင်း၊ ကျောင်းသွားခြင်းစသည့် နေ့စဉ်လုပ်ငန်းဆောင်တာများနှင့်ဆက်စပ်၍ အချိန်ကို ရေးခြင်း။	● ကလေးများသည် နာရီတွင်ဖော်ပြသော အချိန် 'နာရီ'ကိုဖတ်တတ်ပြီး နေ့စဉ်လုပ်ငန်းဆောင်တာနှင့်ပတ်သက်သောအချိန်ကို ရေးတတ်မည်။
၂	နာရီတွင် ပြသော အချိန် 'နာရီခွေ'ကို ဖတ်တတ်ရန်နှင့် အချိန်ရေးတတ်ရန်	● နာရီတွင် အချိန် 'နာရီခွေ'ကိုဖတ်ပြီး အချိန်ရေးခြင်း။	● ကလေးများသည် နာရီတွင် အချိန်'နာရီခွေ'ကို ဖတ်တတ်ပြီး အချိန်ရေးတတ်မည်။
၃ – ၄	'နာရီ'၊ 'နာရီခွေ'ကို သုံးပြီး အချိန်နာရီဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● 'နာရီ၊ နာရီခွေ'တို့ကို သုံးပြီး အချိန်နာရီဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် 'နာရီနှင့် နာရီခွေ'တို့ကို သုံးပြီး နာရီပေါ်တွင် ပြထားသောအချိန်ကို ရေးတတ်မည်။ ● ကလေးများသည် ပေးထားသောအချိန်မတိုင်မီ တစ်နာရီနှင့် ပေးထားသောအချိန်ပြီး နောက်တစ်နာရီကို ရေးတတ်မည်။ ● ကလေးများသည် အချိန်ကိုပြရန် နာရီပေါ်မှာ လက်တံများကို ဆွဲတတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ကလေးများသည် နာရီတွင် ဖော်ပြသောအချိန် 'နာရီ'၊ 'နာရီခွဲ'နှင့်သက်ဆိုင်သည့် အောက်ပါအကြောင်းအရာတချို့ကို နားလည်မည်ဟု မျှော်မှန်းသည်။

- နာရီက အချိန် 'နာရီ'ဟု ပြလျှင် လက်တံရှည်က အစဉ်အမြဲ ၁၂ ကိုပြပြီး လက်တံတိုက ကိန်းတစ်ခုခုကို ပြသည်။
- နာရီက အချိန် 'နာရီခွဲ'ဟု ပြလျှင် လက်တံရှည်က အစဉ်အမြဲ ၆ ကို ပြပြီး လက်တံတိုက ကိန်းနှစ်ခုကြားတွင် ရှိနေမည်။
- လက်တံရှည်က တစ်ပတ်လည်သည့်အခါ လက်တံတိုက နောက်ကိန်းတစ်ခုသို့ ရွေ့သွားသည်။
- လက်တံတိုက တစ်နေ့လျှင် နှစ်ပတ်လည်သည်။

နာရီလက်တံများကို လက်တွေ့ရွေ့လျှင် အထက်ပါအချက်များကို မြင်နိုင်သည့်အတွက် နာရီမူပုံ (သို့) နာရီ အသုံးပြုပြီး အထက်ပါ အချက်များကို သင်ယူစေသင့်သည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် နာရီတွင်ဖော်ပြသော အချိန်နှင့်ပတ်သက်၍ သိပြီးအသိပညာများ ရှိနိုင်သည်။ သို့သော် ကလေးများ၏ ပတ်ဝန်းကျင် အခြေအနေကိုလိုက်ကာ နားလည်မှုအဆင့်များ မတူညီနိုင်ပေ။ ဥပမာအားဖြင့် သူတို့၏အိမ်တွင် ဒစ်ဂျစ်တယ်နာရီကိုသာ အသုံးပြုလျှင် လက်တံပါသည့် နာရီနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးနိုင်သည်။ ထို့ကြောင့် ကလေးတချို့တွင် အခြေခံအသိတချို့ ရှိနိုင်သော်လည်း တစ်တန်းလုံးကို သင်ကြားရာတွင် အခြေခံမှစ၍ သင်ကြားသင့်သည်။

သင်ခန်းစာ ၁ (၁/၄)

သင်ယူမှုဦးတည်ချက်

- နာရီတွင် ဖော်ပြသော အချိန် "နာရီ"ကို ဖတ်တတ်ရန်နှင့် အချိန်ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- နာရီမူပုံ (သို့) နာရီကြီး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အချိန်နှင့်ပတ်သက်၍ ကလေးများမည်မျှသိထားသည်ကို သိရှိရန် အောက်ပါမေးခွန်းများ မေးပါ။

- ဒီမနက် ဘယ်အချိန်အိပ်ရာထသလဲ။
- ဒီမနက် ဘယ်အချိန်ကျောင်းသွားသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

၂။ နာရီမူပုံ တစ်ခုကို ပြပြီး နာရီနှင့် ပတ်သက်သည့် အောက်ပါအချက်များကို သေချာသိပါစေ။

- နာရီပေါ်မှ ကိန်းများ
- 'လက်တံတို'နှင့် 'လက်တံရှည်' အမည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ၏ သိပြီးအသိပညာကို သိရှိရန် ကလေးများကို အကြိမ်ကြိမ်မေးပါ။

➔ အင်္ဂလိပ်ကိန်း ၁ မှ ၁၂ ကို ပြန်လည်စစ်ဆေးပါ။

၃။ ကျောင်းသုံးစာအုပ်မှ 'ဘယ်အချိန် ဘာလုပ်သလဲ' မေးခွန်းကို တစ်တန်းလုံးကို မေးပါ။ ဥပမာ–

- ဘယ်အချိန် အိပ်ယာက ထသလဲ။
- လက်တံတို၊ လက်တံရှည်က နာရီမှာ ဘယ်နေရာကို ညွှန်ပြနေသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လက်တံတိုက ညာဘက်သို့ လည်သည်ကို ကလေးများ သေချာ သိပါစေ။

၄။ ကျောင်းသုံးစာအုပ်ရှိ အဖြစ်အပျက် တစ်ခုစီအတွက် ပြသောအချိန် 'နာရီ'ကို ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရလျှင် တခြား လုပ်ငန်းများ လုပ်ဆောင်ချိန်ကိုမေးကာ အချိန် 'နာရီ'ကို လေ့ကျင့်ပြီး အချိန် ရေးပါစေ။

၅။ နာရီတစ်ခုတွင် အချိန် 'နာရီ'ကို မည်သို့ ဖတ်သည်၊ မည်သို့ ရေးသည်ကိုပြောပြီး နိဂုံးချုပ်ပါစေ။

၁၃ ဘယ်အချိန်မှာဘာလုပ်သလဲ

၁ ဘယ်အချိန်မှာဘာလုပ်သလဲ



၂ ၇ နာရီခွဲဆိုတာ ဘာလဲ



ဖြည့်စွက်ရှင်းလင်းချက် – နာရီမူပုံ



နာရီမူပုံများနှင့် နာရီစစ်များသည် ဤအခန်းအတွက်အရေးပါပြီး ကလေးများ အချိန်ကိုနားလည်စေရန် အထောက်အကူပြုသည်။ နာရီလက်တံ မည်သို့ရွေ့သည်ကို လက်တွေ့ရွေ့ပြခြင်းဖြင့် ကလေးများကို ပြသနိုင်သည်။ ထို့အပြင် အချိန်ကို ပြရန် ကလေးများနာရီကို လက်တွေ့ အသုံးပြုနိုင်မည်။ ပုံတွင်ပြထားသည့် ကတ်ထူစက္ကူဖြင့် ပြုလုပ်ထားသော နာရီမူပုံသည် အသုံးဝင်ပြီး ယင်းနာရီမူပုံကို အလွယ်တကူ ဈေးသက်သာစွာဖြင့် ပြုလုပ်နိုင်သည်။







၁ နာရီမှာပြတဲ့ အချိန်ကို ရေးပါ

(က)



၂ နာရီခွဲ

(ခ)



၁၂ နာရီခွဲ

(ဂ)



၁၀ နာရီခွဲ

(ဃ)



၃ နာရီခွဲ

ဖြည့်စွက်လုပ်ငန်း – 'တစ်နာရီ' ပုံပြင်ပြုလုပ်ခြင်း

'၁ နာရီ'၊ 'နာရီခွဲ'နှင့် 'တစ်နာရီ (ကြာချိန်)' စသည်တို့၏ အဓိပ္ပာယ်ကို ကလေးများ နားလည်စေရန် အောက်ပါတို့သည် လုပ်ငန်းကောင်းတစ်ခု ဖြစ်သည်။



ကလေးများအား မိမိတို့စိတ်ကူးရှိသည့် ပုံပြင်များကို ပြုလုပ်ပါစေ။ ပြီးလျှင် နာရီမူပုံ သုံးပြီး တင်ပြပါစေ။ ပုံပြင်တစ်ခုကို အောက်တွင် ပြထားသည်။



သင်ခန်းစာ ၂ (၂/၄)

သင်ယူမှုဦးတည်ချက်

- နာရီတွင် ပြသော အချိန် "နာရီခွဲ"ကို ဖတ်တတ်ရုန်နှင့် အချိန်ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- နာရီမူပုံ (သို့) နာရီကြိုး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ နာရီတွင် ပြသောအချိန် 'နာရီ'ဖြင့် အချိန်ကို မည်သို့ ဖတ်ရမည်၊ မည်သို့ အချိန် ရေးရမည်ကို ပြန်လည်မှတ်မိပါစေ။

၂။ လက်တံတိုသည် ၇ မှ ၈ သို့ ရွေ့ပုံကို နာရီမူပုံ (သို့) နာရီ သုံးပြီး ကလေးများကို ပြပါ။ ပြီးလျှင် အောက်ပါအချက်များကို အတည်ပြု ပြောကြားပါ။

- လက်တံတိုက ၇ မှ ၈ သို့ ရွေ့သည်။
- လက်တံရှည်က ၁၂ မှ ညာဘက်သို့ တစ်ပတ်လည်ရာ ၁၂ သို့ ပြန်ရောက်သည်။
- ၇ နာရီပြီး နောက်တစ်နာရီက ၈ နာရီ ဖြစ်တယ်။
- လက်တံရှည်က ၆ ကို ပြပြီး လက်တံတိုက ၇ နှင့် ၈ ကြား အလယ်တည့်တည့်ကို ပြသော အခါ ထိုအချိန်ကို ၇နာရီခွဲဟု ခေါ်ပြီး လက်တံတိုက ၇ နာရီနှင့် ၈ နာရီကြား တည့်တည့်တွင် ဖြစ်သည်။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တခြားအချိန်များကို မေးပြီး ကလေးများ နားလည်ခြင်း ရှိမရှိ စစ်ဆေးအတည်ပြုပါ။

- လက်တံတိုနဲ့ လက်တံရှည် ၁၀ နာရီမှ ၁၁ နာရီထိ ဘယ်လို ရွေ့သလဲ။
- ၁၀ နဲ့ ၁၁ ကြား အလယ်တည့်တည့်က ဘယ်အချိန်လဲ။

၃။ နာရီ အသီးသီးတွင် ပြသော အချိန်ကို ဖတ်ပြီး အချိန် ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အချိန်ရေးခြင်းကို လေ့ကျင့်ရန် ကလေးများကို အချိန် လုံလောက်အောင်ပေးပါ။

➔ အချိန်ရလျှင် 'နာရီခွဲ'သုံး၍ တခြားအချိန်များကို လေ့ကျင့်ပြီး အချိန်ရေးပါစေ။

၄။ နာရီတွင် ပြသော 'နာရီခွဲ'အချိန်ကို မည်သို့ ဖတ်ရမည်ကို ပြောပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၃၊ ၄ (၃၊ ၄/၄)

သင်ယူမှုဦးတည်ချက်

- 'နာရီ'၊ 'နာရီခွဲ'ကိုသုံးပြီး အချိန် နာရီဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- နာရီမူပုံ (သို့) နာရီကြိုး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ နာရီမူပုံ သို့မဟုတ် နာရီစစ်ကိုပြပြီး အချိန် 'နာရီ'နှင့် 'နာရီခွဲ'ကို ကလေးများအား ပြန်လည် မေးမြန်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'နာရီ'နှင့် 'နာရီခွဲ'တို့တွင် ရှိမည့် လက်တံတိုနှင့် လက်တံရှည်တို့၏ အနေအထားကို ပြန်လည် မှတ်မိပါစေ။

၂။ မေးခွန်း (၁) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ ကလေးများ အခက်အခဲရှိလျှင် နာရီမူပုံ သို့မဟုတ် နာရီအစစ်ကို အသုံးပြုပါ။

၃။ မေးခွန်း (၂) ကို ဖတ်စာအုပ်တွင် တစ်ဦးချင်းစီ ဖြေပါစေ။ သူတို့၏ အဖြေများကို နာရီမူပုံ (သို့) နာရီစစ် သုံးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ 'တစ်နာရီ ကြာပြီးနောက် အချိန်'ဆိုသည့် စကား၏ အဓိပ္ပာယ်ကို ပြန်လည်မှတ်မိစေပြီး မေးခွန်း ၃(က)နှင့် (ခ)ကို တစ်တန်းလုံး ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာရီမူပုံကို အသုံးပြုပါ။

➔ အောက်ပါအချက်များကို ပြန်လည်မှတ်မိပါစေ။

- လက်တံတိုက ရှေ့ကို တစ်ကွက် ရွေ့သည်။
- လက်တံရှည်က ညာဘက်မှ တစ်ပတ်ပတ်ပြီး သူ့နေရာသူ ပြန်လာသည်။

၅။ မေးခွန်း ၃ (ဂ) နှင့် (ဃ) ကို တစ်ဦးချင်းစီ ဖြေပါစေ။ သူတို့၏ အဖြေများကို နာရီမူပုံ (သို့) နာရီစစ် သုံးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာရီလက်တံများကို လက်တွေ့ရွေ့စေပြီး တစ်နာရီ ကြာပြီးနောက် အချိန်ကို ပြပါစေ။

လေ့ကျင့်ခန်း

၁။ နာရီတွင်ပြသော အချိန်ကို ရေးပါ။

(က)



၅ နာရီ

(ခ)



၁ နာရီ

(ဂ)



၆ နာရီခွဲ

(ဃ)



၁၂ နာရီ

၂။ နာရီလက်တံအရှည်ဆွဲပါ။

(က) ၃ နာရီ



(ခ) ၉ နာရီခွဲ



၃။ နာရီအသီးသီးတွင် ၁ နာရီကြာပြီးနောက် ပြမည့်အချိန်ကို ရေးပါ။

(က)



၉ နာရီ

(ခ)



၁၀ နာရီခွဲ

(ဂ)



၃ နာရီ

(ဃ)



၂ နာရီခွဲ

၁၁၅

ဖြည့်စွက်လေ့ကျင့်ခန်း

သူတို့တွေ ဘယ်အချိန် အိပ်ရာက ထသလဲ။ မျဉ်းဆွဲပြီး ယှဉ်တွဲပါ။

၇ နာရီနဲ့ ၈ နာရီ ကြားမှာ အိပ်ရာက ထတယ်



၆ နာရီ မတိုင်ခင် အိပ်ရာက ထတယ်



၈ နာရီ မတိုင်ခင် တစ်နာရီမှာ အိပ်ရာက ထတယ်









၄။ နာရီအသီးသီးတွင် လွန်ခဲ့သော ၁ နာရီက ပြသည့်အချိန်ကို ရေးပါ။

(က) (ခ) (ဂ) (ဃ)



(က)	(ခ)	(ဂ)	(ဃ)
၆ နာရီ	၂ နာရီခွဲ	၁၀ နာရီ	၈ နာရီခွဲ

၅။ နာရီများတွင် နာရီလက်တံအရှည်နှင့် လက်တံအတိုရေးဆွဲပြီး မည်သည့်အချိန်တွင် မည်သည်ကို လုပ်သနည်း။ ကိုယ်ပိုင်ပုံပြင်ပြောပါ။

(အဖြေနမူနာကို အောက်တွင်ကြည့်ပါ)



မေးခွန်း ၅ ၏ အဖြေနမူနာ



၆။ မေးခွန်း ၄ (က) နှင့် (ခ) ကို တစ်တန်းလုံး ဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာရီမူပုံကို သုံးပါ။

➔ မေးခွန်း နံပါတ်(၃)ပါ တစ်နာရီကြားပြီးနောက် အချိန်နှင့်ဆက်စပ်ကာ 'လွန်ခဲ့သော တစ်နာရီက အချိန်'၏ အဓိပ္ပာယ်ကို နားလည်ပါစေ။

၇။ မေးခွန်း ၄ (ဂ)နှင့်(ဃ)ကို တစ်ဦးချင်းစီ ဖြေပါစေ။ ကလေးတချို့ကို နာရီမူပုံ (သို့) နာရီစစ် သုံးပြီး အဖြေများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာရီ လက်တံများကို လက်တွေ့ ရွှေ့စေပြီး လွန်ခဲ့သော တစ်နာရီက အချိန်ကို ပြပါစေ။

၈။ မေးခွန်း (၅) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ ကလေးတချို့ကို နာရီမူပုံ (သို့) နာရီစစ် သုံးပြီး အဖြေများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နာရီမူပုံ (သို့) နာရီစစ် သုံးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

၉။ သင်ခန်းစာများတွင် သင်ကြားခဲ့သည့် အကြောင်းအရာများကို ပြန်လည်မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၁၄ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၃။ ၁၉ အထိ ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းတို့ကို ပြုလုပ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၃.၅.၂။ ၁၉ အထိ ကိန်းသုံးလုံးဖြင့် ပေါင်းခြင်း၊ နုတ်ခြင်းများကို ပြုလုပ်တတ်ရန်

စာသင်ချိန်

- ၇ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများဖြင့် ၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။ ● ၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ပစ္စည်းစစ်များ၊ ကိုယ်စားပြု ပစ္စည်းများဖြင့် ၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။ ● ကလေးများသည် ၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၂	၁၉ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၁၅ – ၂ – ၄)	● ၁၉ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ၁၉ အတွင်း □ – □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၃	၁၉ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၁၆ – ၆ +၄)	● ၁၉ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ၁၉ အတွင်း □ – □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၄	၁၉ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန် (ဥပမာ ၁၀ + ၅ – ၃)	● ၁၉ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်ခြင်း။	● ကလေးများသည် ၁၉ အတွင်း □ + □ – □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်နိုင်မည်။
၅–၇	၁၉ အတွင်း ကိန်းသုံးလုံးဖြင့် ကျွမ်းကျင်စွာ တွက်တတ်ရန် ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် အထက်ပါပုံစံများကို တွက်ခြင်း။ ● ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် အထက်ပါပုံစံများကို တွက်နိုင်မည်။ ● ကလေးများသည် ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ကလေးများသည် ၁၉ အထိ ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို သင်ယူကြသည်။ နောင်တွင် တွေ့ရမည့် ၃၅၈ + ၂၉၄ ကဲ့သို့ ပေါင်းခြင်း၏ အခြေခံတစ်ခုလည်းဖြစ်သည်။ ဤဥပမာတွင် ကလေးများသည် ဆယ်နေရာနှင့် ရာနေရာများတွင် ၁၉ အထိ ကိန်းသုံးဖြင့် တွက်ခြင်းကို ပြုလုပ်ကြသည်။ ဤနည်းအားဖြင့် နောင်လာမည့်အတန်းများတွင် ကိန်းများကို တွက်ချက်ရာ၌ အထောက်အကူဖြစ်စေရန် ဤအခန်းက ပြင်ဆင်ပေးမည်ဖြစ်သည်။



ဤအခန်းအတွက်သိပြီးအသိပညာများ

အခန်း (၈) တွင် ၁၀ အထိ ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို ကလေးများသင်ယူခဲ့ပြီးဖြစ်သည်။ လက်တွေ့ဖြစ်ရပ်များသုံးပြီး ကိန်းသုံးလုံးဖြင့် တွက်ခြင်းကို ကလေးများရင်းနှီးပြီဟု မျှော်လင့်ရသည်။ ထို့ကြောင့် လက်တွေ့ဖြစ်ရပ်တစ်ခုတည်းကိုသာ ဤအခန်း၏ အစတွင် အသုံးပြုထားသည်။

၁၄ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂

၁ ကားပေါ်မှာ ကြောင်အားလုံးဘယ်လောက်ရှိသလဲ



ကြောင် ၅ ကောင် ရှိတယ် ➡ ကြောင် ၄ ကောင် ထပ်ရောက်တယ် ➡ နောက်ထပ် ကြောင် ၃ ကောင်ရောက်တယ်



ညီမျှခြင်း ၅ + ၄ + ၃ = အဖြေ ၁၂ ကောင်

၂ တွက်ပါ

(က)	၁၀ + ၃ + ၂	၁၅	(ခ)	၁၁ + ၁ + ၆	၁၈	(ဂ)	၈ + ၂ + ၄	၁၄
(ဃ)	၃ + ၃ + ၆	၁၂	(င)	၇ + ၁ + ၉	၁၇	(စ)	၂ + ၆ + ၅	၁၃
(ဆ)	၈ + ၃ + ၇	၁၈	(ဇ)	၄ + ၉ + ၆	၁၉	(ဈ)	၇ + ၅ + ၄	၁၆

၂ တွက်ပါ

(က)	၁၅ − ၁ − ၄	၁၀	(ခ)	၁၈ − ၂ − ၅	၁၁	(ဂ)	၁၄ − ၄ − ၃	၇
(ဃ)	၁၅ − ၁၀ − ၂	၃	(င)	၁၉ − ၆ − ၅	၈	(စ)	၁၈ − ၄ − ၉	၅
(ဆ)	၁၁ − ၃ − ၆	၂	(ဇ)	၁၆ − ၉ − ၄	၃	(ဈ)	၁၇ − ၈ − ၉	၀

၃ တွက်ပါ

(က)	၁၆ − ၆ + ၄	၁၄	(ခ)	၁၃ − ၂ + ၅	၁၆	(ဂ)	၁၉ − ၇ + ၃	၁၅
(ဃ)	၁၂ − ၁၀ + ၆	၈	(င)	၁၄ − ၉ + ၅	၁၀	(စ)	၁၅ − ၈ + ၂	၉
(ဆ)	၁၁ − ၄ + ၈	၁၅	(ဇ)	၁၇ − ၉ + ၇	၁၅	(ဈ)	၁၄ − ၆ + ၆	၁၄

သင်ခန်းစာ ၁ (၁/၇)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း □ + □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ငယ်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ကြားပြီးဖြစ်သော အခန်း(၈)မှ ကိန်းသုံးလုံးဖြင့်တွက်ခြင်း ပုစ္ဆာများကို ပြန်လည်မေးမြန်းခြင်း။ (ဥပမာ၊ ၃ + ၅ + ၁)

၂။ အဓိကမေးခွန်း (၁) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါ။ အိတ်ပါကားချပ်တွင် အကွက်ငယ်များကိုထည့်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- အရင်ဆုံးအကွက်ငယ် မည်မျှထည့်ရမည်နည်း။
- ထို့နောက် အကွက်ငယ်မည်မျှ ထပ်ထည့်ရမည်နည်း။
- နောက်ဆုံးအနေဖြင့် အကွက်ငယ်မည်မျှ ထပ်ထည့်ရမည်နည်း။
- နောက်ဆုံးတွင် အကွက်ငယ် မည်မျှရှိမည်နည်း။ ကလေးများ သူတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် ညီမျှခြင်းရေးပြီး တွက်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကြောင်အစား အကွက်ငယ်များကိုသာ သုံးပါစေ။

➔ အကွက်ငယ်များကို ရွှေ့ပြီး မည်သို့တွက်ရမည်ကို သရုပ်ပြပါ။

➔ ၅ + ၄ ကို ဦးစွာတွက်ပြီး၊ ၁၀ အုပ်စု ဖွဲ့၍ ၉ + ၃ ကို တွက်ရမည်ကို ကလေးများ သေချာသိပါစေ။

၃။ ကလေးများ မေးခွန်း (၁) ကိုဖြေစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် မေးခွန်းတချို့ကို အကွက်ငယ်များသုံးပြီး တစ်တန်းလုံးနှင့် ဖြေရှင်းပါ။

၄။ ၉ + ၂ + ၄ ကို ဥပမာပြု၍ □ + □ + □ ပုံစံကို မည်ကဲ့သို့ တွက်ရသည်ကို ကလေးများအား မေးမြန်းပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၂၊ ၃၊ ၄ (၂၊ ၃၊ ၄/၇)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း □ − □ − □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန်
- ၁၉ အတွင်း □ − □ + □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန်
- ၁၉ အတွင်း □ + □ − □ ပုံစံကို ကိန်းသုံးလုံးဖြင့် တွက်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ငယ်များနှင့် အိတ်ပါကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အခန်း(၈)မှ ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာပုစ္ဆာများကို မေးပါ။ (ဥပမာ၊ ၉ − ၃ − ၄)

၂။ မေးခွန်း ၂ (င) ကို တစ်တန်းလုံးတွင်ဖြေရှင်းပါ။ အိတ်ပါကားချပ်တွင် တွင် အကွက်ငယ်များကိုထားပြီး အောက်ပါမေးခွန်းများကို မေးပါ။

- အရင်ဆုံးအကွက်ငယ် မည်မျှထားရမည်နည်း။
- ထို့နောက် အကွက်ငယ်မည်မျှကို ဖယ်ထုတ်ရမည်နည်း။
- နောက်ဆုံးအနေဖြင့် အကွက်ငယ်မည်မျှကို ဖယ်ထုတ်ရမည်နည်း။
- နောက်ဆုံးတွင် အကွက်ငယ်မည်မျှ ရှိသနည်း။

၄ တွက်ပါ

(က) ၁၀ + ၅ − ၃ = ၁၂ (ခ) ၁၂ + ၄ − ၂ = ၁၄ (ဂ) ၆ + ၁၃ − ၅ = ၁၄
(ဃ) ၁၂ + ၄ − ၆ = ၁၀ (င) ၃ + ၁၅ − ၉ = ၉ (စ) ၈ + ၅ − ၁ = ၁၂
(ဆ) ၇ + ၉ − ၁၀ = ၆ (ဇ) ၈ + ၄ − ၇ = ၅ (ဈ) ၆ + ၇ − ၉ = ၄

လေ့ကျင့်ခန်း

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ + ၅ + ၇ = ၁၇ (ခ) ၁၇ − ၄ + ၂ = ၁၅ (ဂ) ၁၂ − ၅ − ၄ = ၃ (ဃ) ၁၀ + ၇ − ၄ = ၁၃
(င) ၃ + ၉ − ၈ = ၄ (စ) ၁၂ − ၇ + ၇ = ၁၂ (ဆ) ၁၃ + ၂ + ၄ = ၁၉ (ဇ) ၁၆ − ၄ − ၂ = ၁၀
(ဈ) ၃ + ၆ + ၈ = ၁၇ (ည) ၁၇ − ၆ − ၃ = ၈ (ဋ) ၃ + ၁၆ − ၅ = ၁၄ (ဌ) ၁၃ − ၇ + ၃ = ၉
(ဍ) ၁၃ − ၃ − ၆ = ၄ (ဎ) ၁၅ − ၈ + ၉ = ၁၆ (ဏ) ၉ + ၃ + ၅ = ၁၇ (တ) ၈ + ၆ − ၂ = ၁၂

၂။ ပူဖောင်း အပြာ ၁၁ လုံး၊ အနီ ၁ လုံးနှင့် အဝါ ၄ လုံးရှိသည်။ ပူဖောင်းအားလုံး မည်မျှ ရှိသနည်း။
၁၁ + ၁ + ၄ = ၁၆ အဖြေ ၁၆ လုံး

၃။ ထွန်းထွန်းမှာ သကြားလုံး ၁၈ လုံး ရှိသည်။ ညီမလေးကို သကြားလုံး ၆ လုံးနှင့် ညီလေးကို သကြားလုံး ၈ လုံးပေးလိုက်သည်။ သူ့မှာ သကြားလုံး မည်မျှကျန်ရှိသနည်း။
၁၈ − ၆ − ၈ = ၄ အဖြေ ၄ လုံး

၄။ ကားရပ်နားကွင်းမှာ ကား ၁၀ စီး ရှိသည်။ ကွင်းမှ ကား ၃ စီး ထွက်သွားသည်။ ထို့နောက် ကား ၉ စီး ထပ်ရောက်လာသည်။ နောက်ဆုံး ကားရပ်နားကွင်း၌ ကား မည်မျှရှိသနည်း။ ၁၀ − ၃ + ၉ = ၁၆ အဖြေ ၁၆ စီး

၅။ သင်းသင်းမှာ လိမ္မော်သီး ၆ လုံး ရှိသည်။ အမေက လိမ္မော်သီး ၉ လုံး ပေးသည်။ ထို့နောက် သူသည် လိမ္မော်သီး ၄ လုံး စားလိုက်သည်။ နောက်ဆုံး သူ့မှာ လိမ္မော်သီး မည်မျှရှိသနည်း။ ၆ + ၉ − ၄ = ၁၁ အဖြေ ၁၁ လုံး

၆။ ကျော်ကျော်သည် ယောက်ျားလေး ၁၁ ယောက်ပါသော ဘောလုံးအသင်း ဖွဲ့လိုသည်။ ယောက်ျားလေး ၅ ယောက် ရှိသည်။ နောက် ယောက်ျားလေး ၃ ယောက် ထပ်ရောက်လာသည်။ နောက်ထပ် ယောက်ျားလေး မည်မျှလိုသေးသနည်း။
၁၁ − ၅ − ၃ = ၃ အဖြေ ၃ ယောက်

ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၁၄ + ၁ − ၈ = ၇ (ခ) ၂၀ − ၉ − ၄ = ၇

၁၉ + ၁ − ၁၃ = ၇ ၁၇ − ၉ − ၁ = ၇
၇ + ၁ − ၁ = ၇ ၁၉ − ၉ − ၃ = ၇
စသည်ဖြင့် စသည်ဖြင့်

၁၁၈

သင်ခန်းစာ ၅၊ ၆၊ ၇ (၅၊ ၆၊ ၇/၇)

သင်ယူမှုဦးတည်ချက်

- ၁၉ အတွင်း ကိန်းသုံးလုံးဖြင့်တွက်ခြင်းကို ကျွမ်းကျင်စွာ တွက်တတ်ရန်
- ၁၉ အတွင်း ကိန်းသုံးလုံးဖြင့် တွက်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (၁)ကို ကလေးများအား ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

၂။ မေးခွန်း (၂)မှ မေးခွန်း (၆)အထိ ပုစ္ဆာများကို ကလေးများအား ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ပုစ္ဆာဖြေရှင်းရာတွင် အခက်အခဲရှိပါက ဆရာမ ပုစ္ဆာကိုရှင်းပြပြီး အကွက်များသုံး၍ မည်သို့တွက်ရမည်ကို သရုပ်ပြပါ။

၃။ ခက်ခဲသည့်မေးခွန်းကို ကလေးများ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေအမျိုးမျိုးထွက်နိုင်သည်၊ ထို့ကြောင့် ကလေးများကို တတ်နိုင်သမျှအဖြေများစွာ ထွက်ရန် တိုက်တွန်းပါ။

၄။ ကလေးများ၏ တွေ့ရှိချက်များကို မေးမြန်းပြီး သူတို့၏ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ တင်ပြစေခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

ကလေးများအား သူတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် ညီမျှခြင်းရေးပြီး တွက်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကွက်ငယ်များကိုရွှေ့ပြီး မည်သို့တွက်ရမည်ကို သရုပ်ပြပါ။

➔ ၁၉ − ၆ ကို အရင်ဆုံး တွက်ရမည်၊ ထို့နောက်မှ ၁၃ − ၅ ကို ၁၀ အုပ်စု သဘောသုံးပြီး တွက်ရမည်ကို ကလေးများ သေချာသိပါစေ။

၃။ မေးခွန်း (၂) မှ ကျန်သည့် ပုစ္ဆာများကို ကလေးများဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများပုစ္ဆာဖြေရှင်းရာတွင် အခက်အခဲရှိပါက ဆရာက အကွက်များကိုသုံးပြီး တစ်တန်းလုံးကို တွက်ပြပါ။

၄။ ၁၂ − ၃ − ၄ ကိုဥပမာပြ၍ □ − □ − □ ပုံစံကို မည်ကဲ့သို့ တွက်ရသည်ကို ကလေးများအားမေးမြန်းပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၃၊ ၄)

သင်ခန်းစာ ၃ နှင့် ၄ ၏ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်သည် သင်ခန်းစာ ၂ နှင့် အတူတူပင် ဖြစ်သည်။

အခန်း ၁၅ နေရာအဆင့်ပြကိန်း

ရည်ရွယ်ချက်

ဤအခန်းသည် ပထမမှ ပဉ္စမအထိ နေရာအဆင့်ပြကိန်းများကို အစပျိုးထားသည်။ သင်ရိုးညွှန်းတမ်းတွင် ဤသင်ခန်းစာအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ အပြည့်ကိန်းများကို အသုံးပြုတတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၄.၁။ ပထမမှ ပဉ္စမအထိ နေရာအဆင့်ပြကိန်းများကို အသုံးပြုတတ်ရန်။

စာသင်ချိန်

- ၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသောစံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ပထမမှ ပဉ္စမအထိ နေရာ အဆင့်ပြကိန်း များကို သတ်မှတ် တတ်ရန်။	● ပစ္စည်းအမျိုးမျိုး (သစ်သီး၊ လူ စသည်)၏ တည်နေရာကို ပစ္စည်းစစ်များအသုံးပြုပြီး ပြောပြခြင်း။	● ကလေးများသည် ပထမမှ ပဉ္စမအထိ နေရာအဆင့်ပြကိန်းများကို မှတ်မိမည်။ ● ကလေးများသည် ပစ္စည်းစစ်များ၏တည်နေရာကို နေရာအဆင့်ပြကိန်းများအသုံးပြုပြီး သတ်မှတ်နိုင်မည်။
၂	နေရာအဆင့်ပြကိန်း ဆိုင်ရာ အသိပညာ များကို ပိုမိုအသုံးပြု တတ်ရန်	● ရုပ်ပုံတစ်ပုံရှိ ပစ္စည်းအမျိုးမျိုး၏ တည်နေရာကို ပြောပြခြင်း။ ● နေရာအဆင့်ပြကိန်းများကို စာဖြင့် ရေးခြင်း၊ နေရာအဆင့်ပြကိန်းများကို အသုံးပြုပြီး လူတစ်ယောက်ရှာသည့်ကစားနည်းကို ကစားခြင်း။	● ကလေးများသည် ရုပ်ပုံတစ်ပုံရှိ ပစ္စည်းအမျိုးမျိုး၏ တည်နေရာကို နေရာအဆင့်ပြကိန်း အသုံးပြုပြီး သတ်မှတ်နိုင်မည်။ ● ကလေးများသည် ပထမမှ ပဉ္စမအထိ နေရာ အဆင့်ပြကိန်းများကို စာဖြင့်ရေးသားနိုင်မည်။
၃	နေရာအဆင့်ပြကိန်း များနှင့် ရေတွက် ကိန်းများကို ခွဲခြား တတ်ရန်	ပစ္စည်းများ၏ တည်နေရာနှင့် ပစ္စည်းများ၏ ရေတွက်ကိန်းများကို ခွဲခြားခြင်း။	● ကလေးများသည် နေရာအဆင့်ပြကိန်းများနှင့် ရေတွက်ကိန်းများကို ဆီလျော်သလို အသုံးပြုတတ်မည်။
၄	နေရာအဆင့်ပြကိန်း များနှင့် ရေတွက် ကိန်းများကို ဆီလျော် သလို အသုံးပြုတတ် ရန်	● နေရာအဆင့်ပြကိန်းများနှင့် ရေတွက်ကိန်း နှစ်မျိုးစလုံးအသုံးပြုရသည့် လွယ်ကူသော ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည်နေရာအဆင့်ပြကိန်းများနှင့် ရေတွက်ကိန်းနှစ်မျိုးစလုံး အသုံးပြုရသည့် လွယ်ကူသော ပုစ္ဆာများကို ဖြေရှင်းတတ်ရမည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	ရေတွက်ကိန်းနှင့် နေရာအဆင့်ပြကိန်းများပါဝင်သည့် ပုစ္ဆာများ ဖြေရှင်းတတ်ရန်	● ရေတွက်ကိန်းနှင့် နေရာအဆင့်ပြကိန်းနှစ်မျိုးစလုံးပါဝင်သော ပိုမိုခက်ခဲသည့်ပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ပိုမိုခက်ခဲသည့် ပုစ္ဆာများကို ပုံများအကူအညီဖြင့် ဖြေရှင်းနိုင်မည်။
၆	နေရာအဆင့်ပြကိန်းများ ဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းတတ်ရန်။	● စာမျက်နှာ ၁၄၈ ရှိ လေ့ကျင့်ခန်းကို ဖြေရှင်းခြင်း။	● ကလေးများသည် အဆင့် (Level) အမျိုးမျိုး ရှိသည့်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ပထမတန်းကလေးများအတွက် နေရာအဆင့်ပြကိန်းဆိုင်ရာအသိသညာသည်အသစ်ဖြစ်ပြီး နေရာအဆင့်ပြစကားလုံးများသည်လည်း သူတို့မှတ်မိရန် အခက်အခဲရှိသည်။ ထို့ကြောင့်ပထမအဆင့်တွင် ဤဆရာလမ်းညွှန်ရှိ ပထမနှင့်ဒုတိယအချိန်တွင် ဖော်ပြထားသော လုပ်ငန်းများ ပြုလုပ်ရာတစ်လျှောက်လုံး နေရာအဆင့်ပြကိန်းများကို ကလေးများသည်အသံထွက်၍ အကြိမ်ကြိမ်ရွတ်ဆိုရန် ဆရာကပံ့ပိုးကူညီရမည်။

အထူးသဖြင့် ပထမတန်းကလေးများအတွက် နေရာအဆင့်ပြကိန်းဆိုင်ရာပုစ္ဆာများဖြေရှင်းခြင်းသည်လည်း အသစ်ဖြစ်သည်။ တချို့ကလေးများအတွက် ရေတွက်ကိန်းနှင့် နေရာအဆင့်ပြကိန်းနှစ်မျိုးစလုံးပါဝင်သော မေးခွန်းတစ်ခုကို စဉ်းစားရာတွင် အခက်အခဲများရှိနိုင်ပါသည်။ ဤအခက်အခဲများသည် ပစ္စည်းများ၏ တည်နေရာနှင့်ပစ္စည်းများ၏ အရေအတွက်ကြား ရောထွေးနေမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် ဆရာလမ်းညွှန်ရှိ စတုတ္ထနှင့် ပဉ္စမအချိန်တွင် ပစ္စည်းများ၏ အရေအတွက်နှင့် ပစ္စည်းအသီးသီး၏ တည်နေရာကို ဖော်ပြသောပုံများ ရေးဆွဲရန် ဆရာများအား အကြံပေးထားပါသည်။

ဤအခန်းအတွက်သိပြီးအသိပညာများ

ကလေးများ၏ နေ့စဉ်ဘဝတွင် အသုံးပြုနေသောနေရာအဆင့်ပြကိန်းဆိုင်ရာ သိပြီးအသိပညာတချို့ရှိနိုင်သည်။ ပထမအချိန်အစတွင် ကလေးများအချင်းချင်းအတွေ့အကြုံများကို မျှဝေနိုင်ရန် ဆရာများကပံ့ပိုးကူညီပေးရန် လိုအပ်ပါသည်။

သင်ခန်းစာ ၁ (၁/၆)

သင်ယူမှုဦးတည်ချက်

- ပထမမှ ပဉ္စမအထိ နေရာအဆင့်ပြကိန်းများကို သတ်မှတ်တတ်ရန်။

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဤစာမျက်နှာရှိ သစ်သီးရုပ်ပုံ ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများ၏ နေရာအဆင့်ပြကိန်းဆိုင်ရာ သိပြီး အသိပညာများကို ပြန်လည်စစ်ဆေးခြင်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာအဆင့်ပြကိန်း အသုံးပြုရသော ဥပမာများကို တစ်တန်းလုံးသို့ မျှဝေပါ။

၂။ ရုပ်ပုံကားချပ်ကို သင်ပုန်းပေါ်ထားပြီး မည်သည့်အသီးအား မည်သည့်နေရာ၌ထားသည်ကို ကလေးများကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာအဆင့်ပြကိန်းများကို မှန်ကန်စွာ သုံးနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း ၁ (က) နှင့် (ခ)ကို မေးပါ။ ညာဘက်မှ တစ်နည်း၊ ဘယ်ဘက်မှ တစ်နည်း၊ နည်းနှစ်နည်းဖြင့် တည်နေရာကိုပြောနိုင်ရန် ကူညီပံ့ပိုးပေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မြန်မာစာအားနည်းသော ကလေးများအတွက် လွယ်ကူစေရန် ဆရာနှင့်ကလေးများ မေးခွန်းကို အတူတူဖတ်ပါ။

၁၅ နေရာအဆင့်ပြကိန်းများ

တည်နေရာကို နေရာအဆင့်ပြကိန်းတွေ သုံးပြီး ပြောလို့ရတယ်

ရေတွက်ကိန်း	တစ်	နှစ်	သုံး	လေး	ငါး
အကြိမ်မြောက်	၁ ကြိမ်	၂ ကြိမ်	၃ ကြိမ်	၄ ကြိမ်	၅ ကြိမ်
နေရာအဆင့်ပြကိန်း	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ

စားပွဲပေါ်မှာ သစ်သီး ငါးလုံး တင်ထားတယ်



၁ သစ်သီးတွေကို ဘယ်လိုနေရာချထားသလဲ



၂ သစ်သီးတွေရဲ့ တည်နေရာကို နေရာအဆင့်ပြကိန်းနဲ့ ပြောပါ

(က) ငှက်ပျောသီးက ညာဘက်ကရေတွက်ရင် **ဒုတိယ** နေရာနဲ့ ဘယ်ဘက်က ရေတွက်ရင် **စတုတ္ထ** နေရာမှာ ရှိတယ်

(ခ) စပျစ်သီးက ညာဘက်ကရေတွက်ရင် **တတိယ** နေရာနဲ့ ဘယ်ဘက်ကရေတွက်ရင် **တတိယ** နေရာမှာရှိတယ်



၁၁၉

ဤသင်ခန်းစာအတွက် ဖြည့်စွက်လုပ်ငန်း

နေရာအဆင့်ပြကိန်းများ၏ အမည်ကို မှတ်မိရန် အကောင်းဆုံးနည်းမှာ ထပ်တလဲလဲ အသုံးပြုခြင်းဖြစ်သည်။ ထို့ကဲ့သို့ အသုံးပြုနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သင့်သည်။

၁။ စာသင်ခန်းတွင် ကလေး ၅ ဦးကို ဘေးချင်းယှဉ် ရပ်ခိုင်းပြီး မည်သည်က ညာဘက်၊ မည်သည်က ဘယ်ဘက် ဖြစ်ကြောင်းပြောပါ။

၂။ "ဘယ်သူက ဘယ်ဘက်ကရေလျှင် ဒုတိယလဲ၊ ဘယ်သူက ညာဘက်ကရေလျှင် ဒုတိယလဲ"
စသည်ဖြင့် မေးပါ။

၃။ "မောင်_____/မ_____ က ဘယ်နေရာမှာ ရပ်နေသလဲ"ဟူ၍ မတူအောင် နေရာကို နှစ်မျိုး ပြောပါစေ။

၄။ တခြားကလေး ၅ ဦးကို ထပ်ရွေးပြီး အထက်ပါ လုပ်ငန်းကို ကလေးများ နေရာအဆင့်ပြကိန်း ၅ ခုကို အခက်အခဲမရှိ အသုံးပြုနိုင်သည် အထိ၊ ထပ်တလဲလဲ လေ့ကျင့်ပါ။

၂ ပုံထဲမှာ တိရစ္ဆာန် ၅ ကောင် ရှိတယ်

(က) ညာဘက်ကရေတွက်ရင် ဒုတိယနေရာမှာရှိတဲ့ တိရစ္ဆာန်ကို ဝိုင်းပါ

(ခ) ဘယ်ဘက်ကရေတွက်ရင် ပထမနေရာမှာရှိတဲ့ တိရစ္ဆာန်ကို ဝိုင်းပါ

(ဂ) ကြောင်ရဲ့ နေရာကို နည်း ၂ နည်းနဲ့ ပြောပါ

ဘယ်ဘက်မှ ဒုတိယနေရာ၊ ညာဘက်မှ စတုတ္ထနေရာ



၃ ကား ၅ စီး တန်းစီ ထားတယ်

(က) ရှေ့ဘက်ကရေတွက်ရင် တတိယနေရာမှာရှိတဲ့ ကားကို ဝိုင်းပါ

(ခ) နောက်ဘက်ကရေတွက်ရင် ပဉ္စမနေရာမှာရှိတဲ့ ကားကို ဝိုင်းပါ

(ဂ) လိမ္မော်ရောင်ကားရဲ့ နေရာကို နည်း ၂ နည်းနဲ့ ပြောပါ

ရှေ့ဘက်မှ ဒုတိယနေရာ၊ နောက်ဘက်မှ စတုတ္ထနေရာ



၄ ကွက်လပ်တွေမှာရှိရမယ့် အကြိမ်မြောက်ကိန်းတွေကို ရေးပါ

၁ ကြိမ်မြောက်	၁ ကြိမ်မြောက်	_____	_____	_____
၂ ကြိမ်မြောက်	၂ ကြိမ်မြောက်	_____	_____	_____
၃ ကြိမ်မြောက်	၃ ကြိမ်မြောက်	_____	_____	_____
၄ ကြိမ်မြောက်	၄ ကြိမ်မြောက်	_____	_____	_____
၅ ကြိမ်မြောက်	၅ ကြိမ်မြောက်	_____	_____	_____

၁၂၀

ဤသင်ခန်းစာအတွက် ဖြည့်စွက်လုပ်ငန်း

ကလေးများ ဤသင်ခန်းစာကို ပိုမိုနားလည်စေရန် အောက်ပါလုပ်ငန်းကို ပြုလုပ်သင့်သည်။

၁။ အတိုင်၊ အတန်း စနစ်တကျ ဖြစ်စေရန် စာသင်ခန်းတွင်းရှိ ကလေးများ၏ ထိုင်ခုံနေရာချုပ်ကို စီစဉ်ပါ။

၂။ နေရာအဆင့်ပြကိန်း ၅ ခု သုံးပြီး မေးခွန်း တစ်ခု မေးပါ။ "ရှေ့ကနေ ဒုတိယတန်းမှာ၊ ဘယ်ဘက်ကနေ တတိယနေရာမှာ၊ ဘယ်သူရှိသလဲ" မည်သူ ဖြစ်သည်ကို တွေ့ရှိရန် ကလေးများကို ပံ့ပိုးကူညီပါ။

၃။ ထပ်တလဲလဲ လေ့ကျင့်ပါ။



ဥပမာ – ကလေး ၄၅ ဦးကို အတိုင် ၈ တိုင်၊ အတန်း ၆ တန်းဖြင့် စီစဉ်ပါ။

● ကလေး

○ နေရာလွတ်

သင်ခန်းစာ ၂ (၂/၆)

သင်ယူမှုဦးတည်ချက်

- နေရာအဆင့်ပြကိန်းများကို ပိုမိုအသုံးပြုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဤစာမျက်နှာရှိ တိရစ္ဆာန်များ ရုပ်ပုံကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကားချပ်ကို သင်ပုန်းပေါ်ထားပြီး မေးခွန်း ၂(က)၊ (ခ) နှင့် (ဂ) ကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် ဤကဲ့သို့ မလေ့ကျင့်မီ နေရာအဆင့်ပြကိန်း ၅ ခုကို ပြန်လည်မှတ်မိစေရန် အချိန်ပေးပါ။

၂။ ကျောင်းသုံးစာအုပ်ကိုကြည့်စေပါ။ မေးခွန်းတစ်ခုပြီးတစ်ခုဖြေစေပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အစီအစဉ် ပြောင်းလဲသွားသည်ကို ကလေးများ သိရှိပါစေ။ (ရှေ့ဘက်နှင့် နောက်ဘက်)

၃။ နေရာအဆင့်ပြကိန်းများအား ကွက်လပ်တွင် စာဖြင့် ရေးသားခြင်းကို လေ့ကျင့်ရန် ကလေးများကို ပြောပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာအဆင့်ပြကိန်းသည် စတင်ရေတွက်သည့် နေရာအပေါ်မူတည်၍ မတူသည်ကို သတိပြုပါစေ။

သင်ခန်းစာ ၃ (၃/၆)

သင်ယူမှုဦးတည်ချက်

- နေရာအဆင့်ပြကိန်းနှင့် ရေတွက်ကိန်းကို ခွဲခြားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုံတွင် ကလေးမည်မျှရှိသလဲမေးပြီး မေးခွန်း (က) နှင့် (ခ) ကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ 'စုတုတ္ထနေရာရှိကလေး'နှင့် 'ကလေးလေးယောက်' ခြားနားချက်ကို ရှင်းပြပါ။

၂။ မေးခွန်းများကို အသံထွက်ဖတ်စေပြီး ဖြေရှင်းစေ၍ တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာအဆင့်ပြကိန်း နှင့် ရေတွက်ကိန်းတို့ကို မှန်ကန်စွာ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း ၅ မှ ရုပ်ပုံကို အသုံးပြုပြီး နောက်ထပ်မေးခွန်းများကို မေးပါ။

(၁) ညာဘက်မှ လူငါးယောက်ကို ဝိုင်းပါ။

(၂) ညာဘက်မှ ပဉ္စမနေရာရှိ လူကို ဝိုင်းပါ။

(၃) ဘယ်ဘက်မှ လူတစ်ယောက်ကို ဝိုင်းပါ။

(၄) ဘယ်ဘက်မှ ပထမနေရာရှိလူကို ဝိုင်းပါ။

၂ ကလေး ၅ ယောက် တန်းစီ ထိုင်နေကြတယ်



(က) ဘယ်ဘက်က လူ ၄ ယောက်ကို ဝိုင်းပါ

(ခ) ဘယ်ဘက်ကရေတွက်ရင် စတုတ္ထနေရာမှာရှိတဲ့ လူကို ဝိုင်းပါ





၅ ညာဘက်ကပုံတွေကိုသုံးပြီး မေးခွန်းတွေဖြေပါ



(က) ဘယ်ဘက်က လူနှစ်ယောက်ကို ဝိုင်းပါ

(ခ) ဘယ်ဘက်ကရေတွက်ရင် ဒုတိယနေရာမှာ ရှိတဲ့လူကို ဝိုင်းပါ

(ဂ) ညာဘက်က လူသုံးယောက်ကို ဝိုင်းပါ

(ဃ) ညာဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတဲ့လူကို ဝိုင်းပါ

၁၂၁

ဖြည့်စွက်အကြောင်းအရာ – ကိန်းအမျိုးအစားသုံးမျိုး

'ရေတွက်ကိန်း'၊ **'နေရာအဆင့်ပြကိန်း'** နှင့် **'သတ်မှတ်ကိန်း'** ဟူ၍ ရှိပြီး အသုံးပြုရာတွင် အဓိပ္ပာယ်နှင့် ခြားနားချက်များကို ဆရာများ သိရှိရန် လိုအပ်သည်။

(၁) **'ရေတွက်ကိန်း'** သည် ရေတွက်ရာတွင် အသုံးပြုသောကိန်းများအတွက် သန်္ခါအခေါ်အဝေါ်ဖြစ်ပြီး အရေအတွက်၊ ပမာဏကိုဖော်ပြရန်သုံးသည်။
(ဥပမာ – ဘောလုံး ၃ လုံး၊ ခွက် ၁၀ ခွက်)

(၂) **'နေရာအဆင့်ပြကိန်း'** သည် စာရင်း တစ်ခုတွင် တစ်စုံတစ်ခု၏ တည်နေရာကို ပြောရန် အသုံးပြုသော ကိန်း ဖြစ်သည်။
(ဥပမာ – မြန်မာနိုင်ငံသည် အာဆီယံဒေသတွင် ပဉ္စမမြောက်လူဦးရေ အများဆုံးနိုင်ငံ ဖြစ်သည် . . . စသဖြင့်)

(၃) **'သတ်မှတ်ကိန်း'** သည် တစ်စုံတစ်ရာကို သတ်မှတ်ရန် အသုံးပြုသော ကိန်း ဖြစ်သည်။ (ဥပမာ– အခန်းနံပါတ် ၂၀၄၊ ဝတ်စုံ နံပါတ် ၁၀၊ စသဖြင့်)

သင်ခန်းစာ ၄ (၄/၆)

သင်ယူမှုဦးတည်ချက်

- နေရာအဆင့်ပြကိန်းနှင့် ရေတွက်ကိန်းတို့ကို ဆီလျော်သလို အသုံးပြုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ပါပုံကို သင်ပုန်းပေါ်တွင် ဆွဲပြီး မည်သို့ဖြေရှင်းရမည်ကို ရှင်းပြရာတွင် သုံးပါ။

၂။ မေးခွန်း ၆ တွင် ပေးထားသော အခြေအနေများကို ကိုယ်စားပြုသော ပုံကို ကလေးများအား ရေးဆွဲခိုင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ပုံကိုမှန်ကန်စွာ ဆွဲသားခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း ၇ နှင့် ၈ တို့သည်လည်း အဓိက မေးခွန်း ၃၊ မေးခွန်း ၆ တို့နှင့် အမျိုးအစား တူသည်ကို ကလေးများ သိပါစေ။

ထို့နောက် မေးခွန်း ၇ နှင့် ၈ တို့၏ ကိုယ်စားပြုပုံကို ဆွဲခိုင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို ပုံဖြင့် သရုပ်ဖော်ရေးဆွဲခြင်းသည် အစပိုင်း၌ အချိန်ကြာသော်လည်း ပုစ္ဆာကို နားလည်ရန် များစွာအထောက်အကူဖြစ်စေသည်။

၃ တန်းစီရာမှာ ဇင်ဇင်က ရှေ့ဘက်ကရေတွက်ရင် စတုတ္ထနေရာမှာ ရှိတယ် ဇင်ဇင်ရဲ့ ရှေ့ဘက်မှာ လူဘယ်နှယောက်ရှိသလဲ



၆ တန်းစီရာမှာ အောင်အောင်ရဲ့ ရှေ့ဘက်မှာ လူ ၄ ယောက်ရှိတယ် အောင်အောင်က ရှေ့ဘက်ကရေတွက်ရင် ဘယ်နေရာမှာရှိသလဲ



၇ တန်းစီရာမှာ စန်းစန်းက နောက်ဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတယ် စန်းစန်းရဲ့ နောက်ဘက်မှာ လူဘယ်နှယောက်ရှိသလဲ



၈ တန်းစီရာမှာ ကျော်ကျော်ရဲ့ နောက်ဘက်မှာ လူ ၃ ယောက်ရှိတယ် ကျော်ကျော်က နောက်ဘက်ကရေတွက်ရင် ဘယ်နေရာမှာရှိသလဲ



၁၂၂

ဖြည့်စွက်လေ့ကျင့်ခန်း

အချိန်ရှိလျှင် အောက်ပါ လေ့ကျင့်ခန်းများကို ပေးပါ။

ပုံပါ ကလေး ၁၀ ယောက် တန်းစီရာ၌ သင်ပါနေသည်။



(၁) သင်သည် ရှေ့ဘက်မှ ရေလျှင် စတုတ္ထနေရာတွင်ရှိလျှင် သင်၏နောက်ဘက်တွင် ကလေးမည်မျှရှိသနည်း။ (အဖြေ – ၆ ယောက်)

(၂) သင်သည် နောက်ဘက်မှ ရေလျှင် တတိယနေရာတွင်ရှိလျှင် သင်၏ရှေ့ဘက်တွင် ကလေးမည်မျှရှိသနည်း။ (အဖြေ – ၇ ယောက်)

(၃) သင်၏ရှေ့ဘက်တွင် ကလေး ၅ ယောက်ရှိလျှင် နောက်ဘက်မှ သင်သည် မည်သည့်နေရာတွင် ရှိသနည်း။ (အဖြေ – နောက်ဘက်မှ ၅ ယောက်မြောက်)

သင်ခန်းစာ ၅ (၅/၆)

သင်ယူမှုဦးတည်ချက်

- ရေတွက်ကိန်းနှင့် နေရာအဆင့်ပြကိန်းများ ပါဝင်သည့် ပုစ္ဆာများ ဖြေရှင်းတတ်ရန်။

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုံကို တစ်ဆင့်ပြီး တစ်ဆင့်ဆွဲကာ ပုစ္ဆာကို ရှင်းပြပါ။

(၁) ရှေ့ဘက်မှ ဒုတိယနေရာ

➔ အဝိုင်း ၂ ခု ဆွဲပြီး ဒုတိယ အဝိုင်းကို အရောင်ခြယ်ပါ။



(၂) နောက်ဘက်မှာ ကလေး ၅ ယောက်

➔ ညာဘက်တွင် အဝိုင်း ၅ ခု ထပ် ဆွဲပါ



၂။ ပုစ္ဆာကို တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

(၁) ရှေ့ဘက်မှ တတိယနေရာ

➔ အဝိုင်း ၃ ခု ဆွဲပြီး တတိယ အဝိုင်းကို အရောင်ခြယ်ပါ။



(၂) နောက်ဘက်မှ ပဉ္စမနေရာ

➔ အနီရောင်အဝိုင်းသည် နောက်ဘက်မှ ပဉ္စမနေရာ ရောက်သည်အထိအဝိုင်း ၄ ခု ထပ်ဆွဲပါ။



၃။ မေးခွန်းကို အသံထွက် ရွတ်ဆိုပြီး အထက်ပါနည်းအတိုင်း ဖြေရှင်းနိုင်ရန် ပံ့ပိုးကူညီပါ။

၄ ကလေးတချို့ တန်းစီရပ်နေကြတယ် သဇင်က ရှေ့ဘက်ကရေတွက်ရင် ဒုတိယနေရာမှာ ရှိတယ် သူ့ရဲ့ နောက်ဘက်မှာ ကလေး ၅ ယောက် ရှိတယ် ကလေးဘယ်နှယောက် တန်းစီရပ်နေကြသလဲ



ကလေးအရေအတွက်ကို ဘယ်လိုရှာမလဲ

__၂__ + __၅__ = __၇__ အဖြေ __၇__ ယောက်

၅ ကလေးတချို့ တန်းစီရပ်နေတယ် မောင်စိုးက ရှေ့ဘက်ကရေတွက်ရင် တတိယနေရာမှာ ရှိတယ် နောက်ဘက်ကရေတွက်ရင် ပဉ္စမနေရာမှာ ရှိတယ် ကလေးဘယ်နှယောက်တန်းစီနေကြသလဲ



ကလေးအရေအတွက်ကို ဘယ်လိုရှာမလဲ

၂ + ၃ + ၄ = ၉

အဖြေ __၉__ ယောက်

မသီတာမှာ မောင်နှမတွေရှိတယ် မသီတာက တတိယအငယ်ဆုံးဖြစ်ပြီး စတုတ္ထအကြီးဆုံးဖြစ်တယ် သူ့မှာ မောင်နှမ ဘယ်နှယောက်ရှိသလဲ

၂ + ၁ + ၃ = ၆ **အဖြေ ၆ ယောက်**

မေးခွန်း ၉ ဖြေရှင်းချက်

ဤစာမျက်နှာတွင် အတည်ပြုမေးခွန်း (၉)အတွက် စဉ်းစားပုံမှာ

မောင်စိုးကို တခြားကလေးတွေထံမှ ဖယ်ထားပြီး စဉ်းစားလျှင် ကလေးအရေအတွက်မှာ

(မောင်စိုးရှေ့မှ ကလေး) + (မောင်စိုး) + (မောင်စိုးနောက်မှ ကလေး)

= ၂ + ၁ + ၄ = ၇

အဖြေ = ၇ ယောက်



လေ့ကျင့်ခန်း

၁။ ပထမမှ ပဉ္စမ အထိ၊ ပဉ္စမမှ ပထမအထိ နေရာအဆင့်ပြကိန်းများကို အသံထွက်ဖတ်ပါ။ **ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ**

၂။ အောက်ပါပုံကို ကြည့်ပြီး မေးခွန်းများကို ဖြေပါ။

(က) ညာဘက်မှ စတုတ္ထနေရာရှိ လူကို ဝိုင်းပါ။

(ခ) ဘယ်ဘက်မှ ပဉ္စမနေရာရှိ လူကို ဝိုင်းပါ။ **ဘယ်ဘက်မှ စတုတ္ထနေရာ**

(ဂ) ထွန်းထွန်း၏နေရာကို နည်း ၂ နည်းဖြင့် ပြောပါ။ **ညာဘက်မှ ဒုတိယနေရာ**



၃။ ဝိုင်းပါ။

(က) ညာဘက်မှ တတိယနေရာရှိအိမ်

(ခ) ညာဘက်ရှိ အိမ် ၃ အိမ်



၄။ ကလေးတချို့ တန်းစီရပ်နေကြသည်။ မောင်မောင်သည် ရှေ့ဘက်မှ ပဉ္စမနေရာတွင် ရှိသည်။ သူ၏ ရှေ့ဘက်တွင် ကလေးမည်မျှရှိသနည်း။ **အဖြေ ၄ ယောက်**

၅။ လူ ၈ ယောက် တန်းစီရပ်နေကြသည်။ တင်တင်သည် နောက်ဘက်မှ တတိယနေရာတွင် ရှိသည်။ သူ၏ ရှေ့ဘက်တွင် လူမည်မျှရှိသနည်း။ **အဖြေ ၅ ယောက်**

၆။ ကလေးတချို့ တန်းစီရပ်နေကြသည်။ မောင်ဦးသည် ရှေ့ဘက်မှ စတုတ္ထနေရာတွင်ရှိပြီး သူ၏နောက်ဘက်တွင် ကလေး ၅ ယောက်ရှိသည်။ ကလေးပေါင်း မည်မျှရှိသနည်း။

၄ + ၅ = ၉ **အဖြေ ၉ ယောက်**

၇။ ကလေးတချို့ တန်းစီရပ်နေကြသည်။ နွယ်နွယ်သည် ရှေ့ဘက်မှ ပဉ္စမနေရာတွင် ရှိပြီး နောက်ဘက်မှ ဒုတိယနေရာတွင်ရှိသည်။ ကလေးမည်မျှ တန်းစီနေကြသနည်း။

၄ + ၁ + ၁ = ၆ (သို့) ၅ + ၂ − ၁ = ၆ **အဖြေ ၆ ယောက်**

ဆရာများအတွက်မှတ်စု

ဤစာမျက်နှာရှိ လေ့ကျင့်ခန်းများကို အဆင့် ၃ ဆင့်နှင့် ရှုထောင့် ၄ ခုဖြင့် အောက်ပါအတိုင်းခွဲခြားနိုင်သည်။

အဆင့်	သိမှုလုပ်ငန်းစဉ်	စစ်ဆေးအကဲဖြတ်သည့်အချက်	ဤစာမျက်နှာရှိ မေးခွန်း
၁	မှတ်မိခြင်း	နေရာအဆင့်ပြကိန်းများကို မှတ်မိသည်	မေးခွန်း ၁
၂	နားလည်ခြင်း	နေရာအဆင့်ပြကိန်းများကို သတ်မှတ်သည်	မေးခွန်း ၂
		နေရာအဆင့်ပြကိန်းများနှင့် ရေတွက်ကိန်းများကို ခွဲခြားသည်	မေးခွန်း ၃
၃	အသုံးချခြင်း	ရေတွက်ခြင်းနှင့် နေရာအဆင့်ပြကိန်းများ ဆိုင်ရာ ပုစ္ဆာဖြေရှင်းရန် သင်ယူပြီးနည်းများ ကိုထုတ်ယူသည်	မေးခွန်း ၄ မှ ၇ အထိ

မေးခွန်း ၄ မှ ၇ အထိ တဖြည်းဖြည်းခက်လာပြီး ကလေးများသည် ပို၍ခက်ခဲသော လုပ်ထုံးလုပ်နည်းပါသည့် မေးခွန်း ၆ နှင့် ၇ သို့ရောက်ရှိလာသည်။ ထို့ကြောင့် မည်သည့် စစ်ဆေးအကဲဖြတ်ရမည့်အချက်တွင် ကလေးများ အခက်အခဲတွေ့သည်ကို ဆရာသည် စစ်ဆေးအကဲဖြတ်ရန် လိုအပ်ပြီး အဆင့်အလိုက် လိုအပ်သော ပံ့ပိုးမှုပေးရမည်။

သင်ခန်းစာ ၆ (၆/၆)

သင်ယူမှုဦးတည်ချက်

- နေရာအဆင့်ပြကိန်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်။

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ။

သင်ကြားသင်ယူမှုလုပ်ငန်းအဆင့်ဆင့်

၁။ မေးခွန်း ၁ မှ ၃ အထိ ပုစ္ဆာများကို တစ်ခုပြီး တစ်ခု ဖြေရှင်းပြီး တစ်တန်းလုံးနှင့်စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာအဆင့်ပြကိန်းအမည်များကို မှတ်မိရန် အခက်အခဲရှိသူတချို့အတွက် နေရာအဆင့်ပြကိန်း ၅ လုံးကို သင်ပုန်းပေါ်တွင် ၁ ကြိမ် ထပ်ရေးပါ။

၂။ မေးခွန်း ၄ မှ ၇ အထိ ပုစ္ဆာများကို အသံထွက်ဖတ်ပြီး ကလေးများကို ရှေ့စာမျက်နှာများကဲ့သို့ ပုံများဆွဲစေပါ။ ထို့နောက် ပုံထဲရှိ လူဦးရေကို ရေတွက်ပြီး မေးခွန်းကို ဖြေရန် ပြောပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ၏ အလုပ်ကို သတိထား လေ့လာပြီး ပုံများမှန်ကန်စွာ ဆွဲသားမှုကိုစစ်ဆေးပါ။

၃။ သင်ခန်းစာတွင် မေးခွန်းတချို့ ဖြေရှင်းရန် ကျန်နေလျှင် ကလေးများကို အိမ်တွက်ပေးပါ။

အခန်း ၁၆ ပုံများဆွဲသားခြင်း

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၅။ ပတ်ဝန်းကျင်ရှိ သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများကို ခွဲခြားသတ်မှတ်တတ်ရန်။

အခန်းအလိုက်ရည်ရွယ်ချက်

၁.၅.၁.၁။ သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ စသည့် ဂျီသြမေတြီပုံများကို အသုံးပြုပြီး ရုပ်ပုံများရေးဆွဲတတ်ရန်။

စာသင်ချိန်

- ၅ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသောစံများကို အခြေခံ၍အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ထုပုံပစ္စည်း အမျိုးမျိုး၏ အနားအတိုင်း ရေးဆွဲခြင်းဖြင့် သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ ဆွဲတတ်ရန်နှင့် ထိုပုံများကို အမျိုးအစားခွဲပြီး အုပ်စုဖွဲ့တတ်ရန်။	● ထုပုံပစ္စည်းအမျိုးမျိုး၏ အနားအတိုင်းရေးဆွဲခြင်းဖြင့် သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ ရေးဆွဲခြင်း။ ● ထိုပုံများကို အမျိုးအစားခွဲပြီး အုပ်စုဖွဲ့ခြင်းနှင့် အုပ်စုတစ်စုအတွင်း တူညီချက်၊ တခြားအုပ်စုများနှင့် ကွာခြားချက်များကို ရှင်းပြခြင်း။	● ကလေးများသည် ထုပုံပစ္စည်းအမျိုးမျိုး၏ အနားအတိုင်း ရေးဆွဲခြင်းဖြင့် သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ ရေးဆွဲတတ်သည်။ ● ကလေးများသည် ထိုပုံများကို အမျိုးအစားခွဲ၍ အုပ်စုဖွဲ့တတ်ပြီး အုပ်စုတစ်စုအတွင်းတူညီချက်၊ တခြားအုပ်စုများနှင့် ကွာခြားချက်များကို ရှင်းပြတတ်သည်။
၂	သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်တတ်ရန်။	● သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများရှိသည့် ရောင်စုံစက္ကူများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်ခြင်း။ ● ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့် ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို ရှင်းပြခြင်း။	● ကလေးများသည် သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများရှိသည့် ရောင်စုံစက္ကူများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်တတ်သည်။ ● ကလေးများသည် ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့်ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို ရှင်းပြနိုင်သည်။
၃	သုံးထောင့်ပုံနှင့် လေးထောင့်ပုံစသည့် ပြင်ညီပုံများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်တတ်ရန်။	● တုတ်ချောင်းများကို အသုံးပြုပြီး သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် ရုပ်ပုံများ ပြုလုပ်ခြင်း။ ● ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့် ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို ရှင်းပြခြင်း။	● ကလေးများသည် တုတ်ချောင်းများကို အသုံးပြုပြီး သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် ရုပ်ပုံများ ပြုလုပ်တတ်သည်။ ● ကလေးများသည် ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့်ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို မှန်ကန်စွာ ရှင်းပြနိုင်သည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄	အစက်များပါသော စာရွက်ပေါ်တွင် သုံးထောင့်ပုံနှင့် လေးထောင့်ပုံ စသည့် ပြင်ညီပုံများကို အသုံးပြုပြီး ရုပ်ပုံများ ရေးဆွဲတတ်ရန်။	● အစက်များပါသော စာရွက်ပေါ်မှအစက်များကို ဆက်၍ရသော သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် တည်ဆောက်ထားသော ရုပ်ပုံများ ပြုလုပ်ခြင်း။ ● ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့် ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို ရှင်းပြခြင်း။	● ကလေးများသည် စာရွက်ပေါ်မှ အစက်များကို ဆက်၍ရသော သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် တည်ဆောက်ထားသောရုပ်ပုံများ ပြုလုပ်တတ်သည်။ ● ကလေးများသည် ရုပ်ပုံ၏ အစိတ်အပိုင်းအသီးသီးအတွက် မည်သည့် ဂျီသြမေတြီပုံများ အသုံးပြုထားသည်ကို မှန်ကန်စွာ ရှင်းပြနိုင်သည်။
၅	တစ်ထပ်တည်းကျသော သုံးထောင့်ပုံ လေးခုကို အသုံးပြု၍ ပုံအမျိုးမျိုးပြုလုပ်တတ်ရန်။	● တစ်ထပ်တည်းကျသော သုံးထောင့်ပုံလေးခုကို အသုံးပြု၍ ပုံအမျိုးမျိုး ပြုလုပ်ခြင်း။ ● တစ်ထပ်တည်းကျသော သုံးထောင့်ပုံလေးခုကို အသုံးပြု၍ ပေးထားသောပုံနှင့် တူသောပုံများ ပြုလုပ်ခြင်း။	● ကလေးများသည် တစ်ထပ်တည်းကျသော သုံးထောင့်ပုံလေးခုကို အသုံးပြု၍ ပုံအမျိုးမျိုး ပြုလုပ်တတ်သည်။ ● ကလေးများသည် တစ်ထပ်တည်းကျသော သုံးထောင့်ပုံလေးခုကိုအသုံးပြု၍ ပေးထားသောပုံနှင့်တူသောပုံများ ပြုလုပ်နိုင်သည်။

သင်ကြားသင်ယူရမည့်အချက်များ

အခန်း (၅) မှ ထုပုံများကဲ့သို့ပင်၊ ကလေးများသည် ပြင်ညီပုံများ၏ ထူးခြားချက်များကို သချိၤာအခေါ်အဝေါ်များ မသုံးဘဲ မိမိတို့သိကျွမ်းသည့် စကားဖြင့်သာ ပြောခြင်းနှင့် အမျိုးအစားခွဲခြားခြင်းတို့ကို သင်ယူလေ့လာကြသည်။ သူတို့သည် ထုပုံများ၏ အနားအတိုင်းရေးဆွဲကာ ပြင်ညီပုံများရေးဆွဲခြင်းကို စတင်ပြုလုပ်ပြီး၊ ထိုသို့ ရေးဆွဲခြင်းဖြင့် ထုပုံနှင့် ပြင်ညီပုံများ၏ ခြားနားချက်ကို သိရှိလာမည်ဖြစ်သည်။

ကလေးများသည် ထိုပြင်ညီပုံများကို မိမိတို့စကားဖြင့် "လေးထောင့်ပုံ"၊ "သုံးထောင့်ပုံ" နှင့် "အဝိုင်းပုံ" ဟူ၍သုံးကာ အမျိုးအစားခွဲခြားကြသည်။ ထို့အပြင် သူတို့သိကျွမ်းသည့် စကားများဖြစ်သော "ဖြောင့်တယ်" နှင့် "ကွေးတယ်" တို့ကို အသုံးပြုပြီး ပုံများ၏ သွင်ပြင်ကို ဖော်ပြစေပါ။

ဂျီသြမေတြီပုံများ၏ အသိသညာသည် ပထမတန်းကလေးများအတွက် စိတ်ကူးဆန်ပြီး ခက်ခဲသည့်အတွက် ကလေးများ ဂျီသြမေတြီပုံများနှင့် ရင်းနှီးလာရန် လုပ်ငန်းအမျိုးမျိုး လုပ်ဆောင်ခြင်းဖြင့် ထိုပုံများ၏ သွင်ပြင်ထူးခြားချက်များကို သတိထားမိလာရန်ကိုသာ ပထမတန်း ဂျီသြမေတြီသည် ဦးတည်သည်။

ဤအခန်းအတွက်သိပြီးအသိပညာများ

ကလေးများသည် သူတို့၏နေ့စဉ်ဘဝတွင်အသုံးပြုလေ့ရှိသော ပြင်ညီပုံများနှင့်ပတ်သက်၍ သိထားသောအချက်များရှိနိုင်သည်။ သို့သော် သူတို့သိသမျှသည် တိကျရေရာမှုမရှိသေးပေ။ ပြင်ညီပုံနှင့်ထုပုံတို့ကို ခွဲခြားသိမြင်မှုမရှိဘဲ ရှုပ်ထွေးနေဆဲဖြစ်နိုင်သည်။ ကလေးများသည် ထုပုံများကို မိမိတို့သိကျွမ်းသည့်စကားကိုအသုံးပြု၍ အခန်း(၅)တွင်သင်ယူခဲ့ပြီး ဤအခန်းတွင်ထုပုံနှင့်မရောစေရန် ပြင်ညီပုံနှင့်ဆိုင်သော ကလေးများသိကျွမ်းသည့်တခြားစကားလုံးများကိုအသုံးပြုစေရန် ဆရာက ဂရုစိုက်ရမည်။

သင်ခန်းစာ ၁ (၁/၅)

သင်ယူမှုဦးတည်ချက်

- ထုပုံပစ္စည်းအမျိုးမျိုးကို အနားအတိုင်း ရေးဆွဲခြင်းဖြင့် သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများရေးဆွဲတတ်ရန်နှင့် ထိုပုံများကို အမျိုးအစားခွဲပြီး အုပ်စုဖွဲ့တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အခန်း (၅)မှ ဘူးခွံအမျိုးမျိုး (သုံးထောင့်ဘူးများ၊ လေးထောင့်ဘူးများ၊ ဘူးဝိုင်းများ) နှင့် စာရွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေး ၇ (သို့) ၈ ယောက်စီ အုပ်စုဖွဲ့ပြီး ကလေးတိုင်းကို သုံးထောင့်ဘူး (သို့) လေးထောင့်ဘူး (သို့) ဘူးဝိုင်း တစ်ခုစီ ပေးပါ။ ကလေးတိုင်းကို စာရွက်ပေါ်တွင် ဘူးတင်ပြီး အနားတစ်လျှောက် ပုံတစ်ပုံစီ ရေးဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အုပ်စုတိုင်းတွင် ပုံအမျိုးအစား ၃ မျိုး ရှိအောင် သေချာ ပြုလုပ်ပါ။

➔ စက္ကူဘူးနှင့် ဘူးဝိုင်းများသည် ကလေးများကို အာရုံပျံ့လွင့်စရာ ဖြစ်သည့်အတွက် ပုံဆွဲပြီး သောအခါ ထိုဘူးခွံများအား ကလေးများထံမှ ပြန်သိမ်းပါ။

၁၆ ပုံများဆွဲသားခြင်း

၁ စာရွက်ပေါ်တွင် ပစ္စည်းတင်ပြီး အနားအတိုင်း ပုံဆွဲကြရအောင်



သင်ပုန်းအသုံးပြုပုံနမူနာ



- ဘူးခွံနှင့် ဘူးဝိုင်းများ၏ အနားအတိုင်း ရေးဆွဲ၍ ပုံများပြုလုပ်ပြီး သောအခါ၊ ဆရာက အဖွဲ့တစ်ဖွဲ့စီရှိ ကလေးတချို့၏ ပုံများကို သင်ပုန်းပေါ်တွင် ကပ်သည်။
- ဆရာက မေးခွန်းများမေးပြီး ပုံအုပ်စုအသီးသီး၏ ထူးခြားချက်များကို ရေးသည်။













ဒီပစ္စည်းကိုသုံးပြီး အမျိုးအစားမတူတဲ့ ပုံနှစ်ပုံကို ဆွဲပါ
ဘာပုံရသလဲ

၁၂၆



နှင့်



ဖြည့်စွက်လေ့ကျင့်ခန်း

ဘယ်သူက ဘယ်ပုံအကြောင်းပြောနေတာလဲ။ မျဉ်းဖြင့် ယှဉ်တွဲပါ။



၂။ အုပ်စုအသီးသီးတွင် ကလေးများ ရေးဆွဲထားသောပုံများကို အမျိုးအစားခွဲပြီး အုပ်စုဖွဲ့၍ အမည်ပေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများကိုယ်တိုင် အုပ်စုများ ပြုလုပ်ပါစေ။ ဤအဆင့်တွင် ပုံနှိပ်စာအုပ်ရှိ အုပ်စုဖွဲ့ခြင်းကို မပြောပါနှင့်။

➔ ကလေးများ နားလည်သော စကားလုံးများဖြင့် အမည်ပေးပါစေ။

➔ ကလေးများ အုပ်စုဖွဲ့ခြင်းအတွက် အကြောင်းပြချက် (ပုံအုပ်စုတစ်ခုစီအတွင်း တူညီချက်များ၊ တခြားပုံအုပ်စုများနှင့် ကွာခြားချက်) များကို စဉ်းစားခိုင်းပါ။

၃။ အောက်ပါ အချက်များဖြင့် ကလေးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

- ပုံအုပ်စုများ၏ အမည်
- ပုံအုပ်စု တစ်စုစီ အတွင်း တူညီချက်များ၊ တခြား ပုံအုပ်စုများနှင့် ကွာခြားချက်များ

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ကောင်းစွာ မတင်ပြနိုင်ပါက အောက်ပါမေးခွန်းများမေးပြီး ကူညီပါ။ (ဥပမာ)

- ထိုပုံများကို ဘာကြောင့် အုပ်စုတစ်စုတည်းတွင် ထားသလဲ။
- ထိုပုံများကို ဘာကြောင့် တခြား အုပ်စုများတွင် ထားသလဲ။

၄။ သင်ပုန်းကို အသုံးပြုပြီး ပုံများအုပ်စုဖွဲ့သည်ကို အတည်ပြုပါ။ (သင်ပုန်း အသုံးပြုပုံ နမူနာတွင် ကြည့်ပါ)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံအုပ်စုအသီးသီးအတွက် ကလေးများပေးသော အမည်များအနက် အကောင်းဆုံးအမည်ကို ရွေးပါ။ ကလေးများ၏ ဆွဲသားချက်တချို့ကို သင်ပုန်းတွင်ကပ်ပါ။

၅။ ခက်ခဲသောမေးခွန်းကို တစ်တန်းလုံး ဖြေရှင်းပါစေ။

➔ သင်ပုန်းပေါ်တွင် အမျိုးအစားမတူသော ပုံများကို ရေးဆွဲရန် ကလေးများကို ပြောပါ။

၆။ အုပ်စုဖွဲ့ခြင်းနှင့် အုပ်စုဖွဲ့ရသည့် အကြောင်းရင်းကို မေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၂ (၂/၅)

သင်ယူမှုဦးတည်ချက်

- သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ရောင်စုံစက္ကူများ (သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ)
- စာရွက်အလွတ်
- ကော်နှင့် တိတ်အကြည်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ (၁) မှ သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများကို ပြသပြီး အမည်များနှင့် ထူးခြားချက်များကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

၂။ သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့် အဝိုင်းပုံများ ရှိသည့် ရောင်စုံစက္ကူများကို စာရွက်ပေါ်တွင် ကပ်ပြီး ရုပ်ပုံအမျိုးမျိုးကို တစ်ဦးချင်း ပြုလုပ်ပါစေ။

➔ နမူနာတစ်ခုပြပြီး နမူနာနှင့်မတူသောပုံ အမျိုးမျိုးကို ပြုလုပ်ပါစေ။

➔ သူတို့ ပြုလုပ်ထားသော ရုပ်ပုံကို အမည်ပေးပါစေ။

➔ သူတို့ ကြိုက်နှစ်သက်ရာ ရုပ်ပုံပြုလုပ်ရန် အားပေးပါ။

၃။ အောက်ပါအချက်များဖြင့် တစ်တန်းလုံးကို တင်ပြပါစေ။

- ရုပ်ပုံများ၏ အမည်
- ရုပ်ပုံများ၏ အစိတ်အပိုင်းအသီးသီးတွင် မည်သည့် ဂျီသြမေတြီပုံကို အသုံးပြုထားသည်၊ ဘာကြောင့် အသုံးပြုသည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံအမျိုးမျိုးကို ရွေးချယ်ပါ။

➔ ကလေးများ သိသောစကားဖြင့် ဖော်ပြပါစေ။ လိုအပ်ပါက သူတို့၏ပုံနှင့် တင်ပြချက်များကို ရှင်းလင်းအောင် ပြင်ပြောပေးပါ။ (ဥပမာ၊ အဝိုင်းပုံက ကားဘီး၊ လေးထောင့်ပုံက ကားကိုယ်ထည်၊ သုံးထောင့်ပုံက အိမ်ခေါင်မိုး)

၄။ အောက်ပါမေးခွန်းများမေးပြီး ကလေးများကို နှိုးဆျုပ်ပါစေ။

အဝိုင်းပုံ၊ လေးထောင့်ပုံ၊ သုံးထောင့်ပုံများကို ရုပ်ပုံတွင် မည်သည့်အတွက်အသုံးပြုသနည်း။ (ဥပမာ၊ ကားဘီးအဖြစ် အဝိုင်းပုံကို အသုံးပြုသည်၊ စသည်ဖြင့်)

၂ ပုံအမျိုးမျိုးသုံးပြီး ရုပ်ပုံတွေပြုလုပ်ကြမယ်





အရောင်အမျိုးမျိုး သုံးကြမယ် မင်းတို့ရဲ့ ရုပ်ပုံတွေကို သင်ပုန်းပေါ်မှာကပ်ပြီး တစ်တန်းလုံးကို ရှင်းပြပါ



၁၂၇

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပုံများအနက် လေးထောင့်ပုံကို အနီရောင်၊ သုံးထောင့်ပုံကို အပြာရောင်နှင့် အဝိုင်းပုံကို အဝါရောင်ချယ်ပါ။

(က)



(ခ)



(ဂ)



(ဃ)



၃ တုတ်ချောင်းတွေကိုသုံးပြီး ရုပ်ပုံတွေပြုလုပ်ကြမယ်



















ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါရုပ်ပုံများတွင် လေးထောင့်ပုံ၊ သုံးထောင့်ပုံနှင့် အဝိုင်းပုံများ မည်မျှသုံးထားသနည်း။

(က)



□ ၁
△ ၆
○ ၄

(ခ)



□ ၁
△ ၇
○ ၅

သင်ခန်းစာ ၃ (၃/၅)

သင်ယူမှုဦးတည်ချက်

- သုံးထောင့်ပုံနှင့် လေးထောင့်ပုံ စသည့် ပြင်ညီပုံများကို အသုံးပြုပြီး ရုပ်ပုံအမျိုးမျိုး ပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အရှည်နှစ်မျိုးရှိသော တုတ်ချောင်း(အချို့ရည်ပိုက်ချောင်း) ရောင်စုံများ
- ကော် (သို့) တိတ်အကြည်
- စာရွက်အလွတ်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာ (၂) တွင် ပြုလုပ်ခဲ့သော ရုပ်ပုံများမှ ဂျီသြမေတြီပုံများကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

၂။ တုတ်ချောင်းများကို အသုံးပြုကာ သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် ရုပ်ပုံများ ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့ ပြုလုပ်ထားသော ရုပ်ပုံကို အမည်ပေးပါစေ။

➔ သူတို့ ကြိုက်နှစ်သက်ရာ ရုပ်ပုံပြုလုပ်ရန် အားပေးပါ။

၃။ ရုပ်ပုံများပြသ၍ အောက်ပါအချက်များဖြင့် ကလေးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

- ရုပ်ပုံများ၏ အမည်
- ရုပ်ပုံများ၏ အစိတ်အပိုင်းအသီးသီးတွင် မည်သည့် ဂျီသြမေတြီပုံကို အသုံးပြုထားသည်၊ ဘာကြောင့် အသုံးပြုသည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသိသော စကားဖြင့် ဖော်ပြပါစေ။ လိုအပ်ပါက သူတို့၏တင်ပြချက်များကို ရှင်းလင်းအောင် ပြင်ပြောပေးပါ။

၄။ အောက်ပါမေးခွန်းများ မေးပြီး ကလေးများကို နှိုးဆျေပ်ပါစေ။

- လေးထောင့်ပုံ နှင့် သုံးထောင့်ပုံများကို ရုပ်ပုံတွင် မည်သည့်အတွက် အသုံးပြုသနည်း။ (ဥပမာ၊ ငါး၏ဆူးတောင်အဖြစ် သုံးထောင့်ပုံများ)

သင်ခန်းစာ ၄ (၄/၅)

သင်ယူမှုဦးတည်ချက်

- အစက်များပါသော စာရွက်ပေါ်တွင် သုံးထောင့်ပုံနှင့် လေးထောင့်ပုံ စသည့် ပြင်ညီပုံများကို အသုံးပြုပြီး ရုပ်ပုံများ ရေးဆွဲတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အစက်များပါသော စာရွက် (အကြီး ၁ ရွက်နှင့် ကလေးတိုင်းအတွက် အသေးတစ်ရွက်စီ)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ တုတ်ချောင်းများဖြင့် ပြုလုပ်ထားသော ရုပ်ပုံအမျိုးမျိုးကို ပြန်လည်ပြသပြီး မည်သည့် ဂျီသြမေတြီပုံများဖြင့် ပြုလုပ်ထားသည်ကို မေးမြန်းခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။ (တစ်တန်းလုံး)

၂။ စတုရန်းပုံဖော် အစက်များပါသော စာရွက်ပေါ်မှအစက်များကို ဆက်၍ သုံးထောင့်ပုံ၊ လေးထောင့်ပုံ စသည့် ပြင်ညီပုံများဖြင့် ရုပ်ပုံများ ရေးဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့ ပြုလုပ်ထားသော ရုပ်ပုံကို အမည်ပေးပါစေ။

➔ သူတို့ ကြိုက်နှစ်သက်ရာ ရုပ်ပုံပြုလုပ်ရန် အားပေးပါ။

၃။ ရုပ်ပုံများ ပြ၍ အောက်ပါအချက်များဖြင့် ကလေးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

- ရုပ်ပုံများ၏ အမည်
- ရုပ်ပုံများ၏ အစိတ်အပိုင်းအသီးသီးတွင် မည်သည့် ဂျီသြမေတြီပုံကို အသုံးပြုထားသည်၊ ဘာကြောင့် အသုံးပြုသည်

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ သိသောစကားဖြင့် ဖော်ပြပါစေ။ လိုအပ်ပါက သူတို့၏ တင်ပြချက်များကို ရှင်းလင်းအောင် ပြင်ပြောပေးပါ။

၄။ အောက်ပါမေးခွန်းများ မေးပြီး ကလေးများကို နိဂုံးချုပ်ပါစေ။

- လေးထောင့်ပုံနှင့် သုံးထောင့်ပုံများကို ရုပ်ပုံတွင် မည်သည့်အတွက် အသုံးပြုသနည်း။ (ဥပမာ၊ ရွက်တိုင် အဖြစ် တြိဂံပုံ)



၄ အစက်တွေကို ဆက်ပြီး ရုပ်ပုံတွေ ဆွဲကြမယ်



ကလေးများကို ပုံများနှင့် ရင်းနှီးစေခြင်း

ကလေးများသည် အောက်ဖော်ပြပါအတိုင်း လေးထောင့်ပုံ၊ သုံးထောင့်ပုံနှင့် အဝိုင်းပုံများကို ဤအခန်းတစ်လျောက်လုံး အသုံးပြုကြသည်။

- ဒုံပုံများ၏အနားများအတိုင်း ရေးဆွဲခြင်းဖြင့် ဂျီသြမေတြီပုံများ ပြုလုပ်ခြင်း
- ဂျီသြမေတြီပုံ ရောင်စုံစက္ကူများဖြင့် ရုပ်ပုံများ ပြုလုပ်ခြင်း
- တုတ်ချောင်း (သို့) အချိုးရည်ပိုက်ချောင်းများ သုံးပြီး ရုပ်ပုံများ ပြုလုပ်ခြင်း
- အစက်များကို ဆက်ကာ ပုံများ ရေးဆွဲခြင်း

ဤလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ကလေးများသည် ဂျီသြမေတြီပုံ သုံးမျိုး၏ သွင်ပြင်နှင့် ထူးခြားချက်များကို နားလည်လာမည်။ ထို့အပြင် အောက်တွင် ဖော်ပြထားသည့် တခြား ထူးခြားချက်များကိုလည်း တွေ့ရှိလာပေမည်။

➔ လေးထောင့်ပုံ နှစ်ခုကို အသုံးပြုပြီး လေးထောင့်ပုံအကြီး ပြုလုပ်နိုင်သည်။

➔ သုံးထောင့်ပုံ နှစ်ခုကို အသုံးပြုပြီး သုံးထောင့်ပုံအကြီး ပြုလုပ်နိုင်သည်။

➔ သုံးထောင့်ပုံ နှစ်ခုကို အသုံးပြုပြီး လေးထောင့်ပုံ တစ်ခု ပြုလုပ်နိုင်သည်။

➔ လေးထောင့်ပုံ တစ်ခုကို သုံးထောင့်ပုံ နှစ်ခုအဖြစ် ခွဲထုတ်နိုင်သည်။

➔ သုံးထောင့်ပုံ တစ်ခုကို သုံးထောင့်ပုံ နှစ်ခုအဖြစ် ခွဲထုတ်နိုင်သည် စသည်ဖြင့် . . .

၅ အရွယ်တူ သုံးထောင့်ပုံ ၄ ခုကိုသုံးပြီး ပုံအမျိုးမျိုးပြုလုပ်ကြမယ်



ဖြည့်စွက် ရှင်းလင်းချက် – (ဃ)ကို ပြုလုပ်ရန် နည်းလမ်းများ

အောက်တွင်ပြထားသည့်အတိုင်း ပုံကို ပြုလုပ်ရန် နည်းအမျိုးမျိုးရှိသည်။



တစ်ထပ်တည်းကျသော နှစ်နှားညီထောင့်မှန်တြိဂံ ၄ ခု ပြုလုပ်ပုံ



သင်ခန်းစာ ၅ (၅/၅)

သင်ယူမှုဦးတည်ချက်

- တစ်ထပ်တည်းကျသော သုံးထောင့်ပုံ လေးခုကို အသုံးပြု၍ ပုံအမျိုးမျိုးပြုလုပ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးတိုင်းအတွက် တစ်ထပ်တည်းကျသော နှစ်နှားညီထောင့်မှန်တြိဂံ ကတ်ထူပြား ၄ ခု
- သင်ပုန်းပေါ် ကပ်ရန် တစ်ထပ်တည်းကျသော နှစ်နှားညီ ထောင့်မှန်တြိဂံ ကတ်ထူပြား ၄ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဆရာက ပုံ(က)ကို သင်ပုန်းပေါ်ကပ်ပြီး သရုပ်ပြပါ။ ထို့နောက် ကလေးများကို သူတို့၏ သုံးထောင့်ပုံ ကတ်ပြားငယ်များဖြင့် ပုံ (က) ကို ပြုလုပ်ပါစေ။

➔ သင်ပုန်းပေါ်တွင် ကပ်ပြီး ပုံ (က) ကို မည်သို့ ပြုလုပ်မည်ကို အတည်ပြုပါ။

၂။ သူတို့၏ သုံးထောင့်ပုံ ကတ်ပြားငယ် များဖြင့် ပုံ (ခ) ကို ပြုလုပ်ပါစေ။ ပုံ (ခ)ကို သင်ပုန်းပေါ်တွင် ပြုလုပ်ပြီး မည်ကဲ့သို့ ပြုလုပ်ရသည်ကို အတည်ပြုပါ။ ပုံ (ဂ)၊ (ဃ) နှင့် (င) ကို အထက်ပါ လုပ်ငန်းစဉ်အတိုင်း ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံများကို သင်ပုန်းပေါ်တွင် ပြုလုပ်စေပြီး မည်ကဲ့သို့ ပြုလုပ်ရသည်ကို အတည် ပြုပါ။

➔ ပုံ (ဃ) အတွက် နည်းတစ်မျိုးထက် ပိုရှိသည်ကို သတိပြုမိပါစေ။ (ဖြည့်စွက် ရှင်းလင်းချက်တွင် ကြည့်ပါ)

၃။ ကျောင်းသုံးစာအုပ်ရှိပုံမျိုးမဟုတ်ဘဲ ကလေးတစ်ဦးစီ တခြားပုံများပြုလုပ်ပါစေ။ သူတို့ ပြုလုပ်ထားသောပုံများကို တစ်တန်းလုံးကို ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မတူသောပုံ ၁၀ ပုံကို ရွေးချယ်ပြီး သင်ပုန်းပေါ်တွင် ကပ်ပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို တင်ပြစေခြင်းဖြင့် ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၁၇ ကိန်းကြိုးများ

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၁။ ၀ မှ ၁၀၀ အထိ ကိန်းပြည့်များကို အသုံးပြုတတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၁.၅.၁။ ၅၀ အထိ ပစ္စည်းများ၏အရေအတွက်ကို ရေတွက်တတ်၊ဖတ်တတ်၊ ရေးတတ်ရန်

၁.၁.၅.၂။၁၀၀အထိ ပစ္စည်းများ၏အရေအတွက်ကို ရေတွက်တတ်၊ဖတ်တတ်၊ ရေးတတ်ရန်

စာသင်ချိန်

- ၁၅ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားတွင် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပြီး ဇယားတွင်ဖော်ပြထားသောစံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၂၁ မှ ၅၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများ၏ အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ခြင်း။ ● နေရာလိုက်တန်ဖိုးဇယားအသုံးပြုပြီး ပစ္စည်းများ၏အရေအတွက်ကို ရေးခြင်းနှင့် ဖတ်ခြင်း။	● ကလေးများသည် ပစ္စည်းစစ်များ ကိုယ်စားပြုပစ္စည်းများ၏အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်တတ်မည်။ ● ကလေးများသည် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီး ပစ္စည်းများ၏အရေအတွက်ကို ရေးနိုင်၊ ဖတ်နိုင်မည်။
၂-၃	၂၁ မှ ၅၀ အထိကိန်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းများ၏ အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ခြင်း။ ● ပေးထားသောကိန်းအတွက် ကိုယ်စားပြုပစ္စည်းများကို နေရာလိုက်တန်ဖိုးဇယားတွင် ဆွဲသားခြင်း။ ● ပုစ္ဆာဖြေရှင်းရန် နေရာလိုက်တန်ဖိုး သဘောကို အသုံးပြုခြင်း။	● ကလေးများသည် ပစ္စည်းများ၏အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်တတ်မည်။ ● ကလေးများသည် ပေးထားသောကိန်းများအတွက် ကိုယ်စားပြုပစ္စည်းများကို နေရာလိုက်တန်ဖိုးဇယားတွင် ဆွဲသားတတ်မည်။ ● ကလေးများသည်ကိန်းများကို မှန်ကန်စွာ ဖတ်တတ်၊ ရေးတတ်မည်။ ● ကလေးများသည် ပုစ္ဆာဖြေရှင်းရန် နေရာလိုက်တန်ဖိုးသဘောကို အသုံးပြုတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄	၅၀ အထိ ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်	● ကိန်းနှစ်ခုကို ကိုယ်စားပြုပစ္စည်းများသုံးပြီး နှိုင်းယှဉ်ခြင်း။ ● ကိန်းနှစ်ခုကို ကိုယ်စားပြုပစ္စည်းများမသုံးဘဲ နှိုင်းယှဉ်ခြင်း။ ● ပေးထားသောကိန်းထက် ၁ ကြီးသောကိန်း၊ ၁ ငယ်သောကိန်းကို ရှာခြင်း။	● ကလေးများသည် ကိန်းနှစ်ခုကို ကိုယ်စားပြုပစ္စည်းများသုံးပြီး နှိုင်းယှဉ်တတ်မည်။ ● ကလေးများသည် ကိန်းနှစ်ခုကို ကိုယ်စားပြုပစ္စည်းများအသုံးမပြုဘဲ နှိုင်းယှဉ်တတ်မည်။ ● ကလေးများသည် ပေးထားသောကိန်းထက် ၁ ကြီးသောကိန်း၊ ၁ ငယ်သောကိန်းကိုရှာတတ်မည်။
၅	၅၀ အထိ ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ် စီတတ်ရန်	● ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်ခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် စီခြင်း။	● ကလေးများသည် ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်မည်။
၆	၅၀ အထိ ကိန်းများကို စီတတ်ရန်	● စီထားသောကိန်းများတွင် လိုသောကိန်းများကို ရှာခြင်း။ ● ကိန်းများကို ငယ်စဉ်ကြီးလိုက် သို့မဟုတ် ကြီးစဉ်ငယ်လိုက်စီခြင်း။ ● အစဉ်လိုက် ကိန်းများရေးထားသောအမှတ်များကို ပုံတစ်ခုဖြစ်ရန် ဆက်ခြင်း။	● ကလေးများသည် စီထားသောကိန်းများတွင် လိုသောကိန်းများကို ရှာတတ်မည်။ ● ကလေးများသည် ကိန်းများကို ငယ်စဉ်ကြီးလိုက် သို့မဟုတ် ကြီးစဉ်ငယ်လိုက် စီတတ်မည်။ ● ကလေးများသည် အစဉ်လိုက်ကိန်းများကို ရေးထားသောအမှတ်များကို ဆက်တတ်မည်။
၇	၉၉ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ပစ္စည်းများ၏အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ခြင်း။ ● နေရာလိုက်တန်ဖိုးသဘောကို ပုစ္ဆာဖြေရှင်းရန် အသုံးပြုခြင်း။	● ကလေးများသည် ပစ္စည်းများ၏အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်တတ်မည်။ ● ကလေးများသည် ကိန်းများကို မှန်ကန်စွာ ဖတ်တတ်၊ ရေးတတ်မည်။ ● ကလေးများသည် နေရာလိုက်တန်ဖိုးသဘောကို ပုစ္ဆာဖြေရှင်းရန် အသုံးပြုတတ်မည်။
၈	၁၀၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်	● ၁၀၀ ကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများသုံးပြီး ဖော်ပြခြင်း။ ● ၁၀၀ ကို နေရာလိုက်တန်ဖိုးဇယားအသုံးပြုပြီး နေရာလိုက်တန်ဖိုးဇယားအသုံးမပြုဘဲ ဖတ်ခြင်းနှင့် ရေးခြင်း။ ● ၁၀၀ နှင့်ဆိုင်သောပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၁၀၀ ကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများသုံးပြီး ဖော်ပြတတ်မည်။ ● ကလေးများသည် ၁၀၀ ကို နေရာလိုက်တန်ဖိုးဇယားအသုံးပြုပြီး နေရာလိုက်တန်ဖိုးဇယားအသုံးမပြုဘဲ ဖတ်တတ်၊ ရေးတတ်မည်။ ● ကလေးများသည် ၁၀၀ နှင့်ဆိုင်သောပုစ္ဆာများကို ဖြေရှင်းတတ်မည်။
၉–၁၀	၁၀၀ အထိ ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်ရန်	● ၁၀၀ အထိကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်ခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် စီခြင်း။ ● စီထားသောကိန်းများတွင် လိုသောကိန်းများကို ရှာခြင်း။	● ကလေးများသည် ၁၀၀ အထိ ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်စီတတ်မည်။ ● ကလေးများသည် စီထားသောကိန်းများတွင် လိုသောကိန်းများကို ရှာတတ်မည်။
၁၁	၁၀၀ အထိ ကိန်းများကို စီတတ်ရန်	● ၁၀၀ အတွင်း ကိန်းများကို ငယ်စဉ်ကြီးလိုက်နှင့် ကြီးစဉ်ငယ်လိုက်စီခြင်း။ ● အစဉ်လိုက်ကိန်းများ ရေးထားသောအမှတ်များကို ပုံတစ်ခုဖြစ်ရန် ဆက်ခြင်း။	● ကလေးများသည် ၁၀၀ အတွင်းကိန်းများကို ငယ်စဉ်ကြီးလိုက်နှင့် ကြီးစဉ်ငယ်လိုက် စီတတ်မည်။ ● ကလေးများသည် အစဉ်လိုက်ကိန်းများရေးထားသောအမှတ်များကို ဆက်တတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁၂–၁၃	၁၀၀ အထိ ကိန်းအစီအစဉ်တွင် ကွာခြားချက်ကို ရှာတတ်ရန်	● ၁၀၀ အထိ ကိန်းဇယားကို သုံးပြီး ကိန်းအစီအစဉ်တွင် ကွာခြားချက်ကို ရှာခြင်း။ ● ၁၀၀ အထိ ကိန်းဇယားတွင် လိုသောကိန်းများကို ရှာခြင်း။	● ကလေးများသည် ၁၀၀ အထိကိန်းဇယားကို သုံးပြီး ကိန်းအစီအစဉ်တွင် ကွာခြားချက်ကို ရှင်းပြတတ်မည်။ ● ကလေးများသည် ၁၀၀ အထိ ကိန်းဇယားတွင် လိုသောကိန်းများကို ရှာတတ်မည်။
၁၄–၁၅	၁၀၀ အထိ ကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်	● ၁၀၀ အထိ ကိန်းများဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း။	● ကလေးများသည် ၁၀၀ အထိ ကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

၂၀ အထိ ကိန်းများအခန်းတွင် ကလေးများသည် ၁၀ အုပ်စုတစ်စုဖွဲ့ပြီး မည်သို့ရေတွက်ရမည်ကို သင်ယူခဲ့ကြသည်။ သို့သော်ထိုသင်ခန်းစာနှင့် ၁၀ အုပ်စုများဖွဲ့ပြီး မည်သို့ရေတွက်ရမည်ကို သင်ယူရန် မလုံလောက်ပေ။ ဤအခန်းတွင် ဆရာက ကလေးများကို ပထမဦးဆုံး ၁၀ အုပ်စုများဖွဲ့ပြီး ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများအား ရေတွက်ခြင်းကိုလေ့ကျင့်ရန် အချိန်လုံလောက်စွာ ပေးသင့်သည်။ ၂၀ အထိ ကိန်းများမှာကဲ့သို့ မည်သည့်ပစ္စည်းစစ်ကိုမဆို အရေအတွက်တူသော ကိုယ်စားပြုပစ္စည်းများဖြင့် အစားထိုးနိုင်သည်ကို ကလေးများ နားလည်စေပါ။

နောက်တစ်ဆင့်သည် ၁၀ အုပ်စုများဖွဲ့ပြီး ရေတွက်ခြင်းဖြင့် နေရာလိုက်တန်ဖိုး သဘောကို နားလည်ရန် ဖြစ်သည်။ သို့သော် ဤနေရာလိုက်တန်ဖိုးသဘောသည် စိတ်ကူးဆန်သည့်အတွက် ကလေးအများစုမှာ နားလည်သဘောပေါက်ရန် အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် ကလေးများ နားလည်ရလွယ်ကူစေရန် အောက်ဖော်ပြပါပုံအတိုင်း နေရာလိုက်တန်ဖိုးဇယားတွင် ကိုယ်စားပြုပစ္စည်းများကို ထည့်သွင်းအသုံးပြုမည်။ ဤနည်းအားဖြင့် ကိန်းများကို ကိုယ်စားပြုပစ္စည်းများနှင့်ချိတ်ဆက်ကာ ပစ္စည်းများ၏အရေအတွက်အား ဖတ်ခြင်း၊ ရေးခြင်းကို သင်ယူရမည်။ ကိန်းများကို ကိုယ်စားပြုပစ္စည်းများနှင့်ချိတ်ဆက်ခြင်းက နောက်အခန်းများ၌ ပေါင်းခြင်းနှင့်နုတ်ခြင်းကို သင်ယူရာတွင် အထောက်အကူဖြစ်စေသည်။

အောက်ဖော်ပြပါပုံတွင် ကိန်း ၄၇ အား ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားအသုံးပြုပြီး ဥပမာအနေဖြင့် ဖော်ပြထားသည်။



(ဖြည့်စွက် အကြောင်းအရာ) ကိန်းများနှင့်စပ်လျဉ်း၍ မြန်မာဘာသာ စကား၏အားသာချက်

မြန်မာဘာသာစကားတွင် ရေတွက်ကိန်း စကားလုံးများသည် ဆယ်လီစနစ် (Decimal System) နှင့် ဆက်စပ်မှုရှိသည်။ ဤအချက်သည် အတန်းငယ်အဆင့် သချိ်ာဘာသာကို သင်ယူမည့် ကလေးငယ်များအတွက် အားသာချက်တစ်ခုဖြစ်သည်။ ဥပမာ၊ ကိန်း ၁၂ ကို စကားလုံးဖြင့် 'တစ်ဆယ့်နှစ်'ဖြစ်ပြီး 'တစ်' 'ဆယ့်' 'နှစ်'ဟု ဆိုလိုသည်။ ထို့အပြင် ၂၆ ကို ခေါ်သည့် မြန်မာစကားလုံး 'နှစ်ဆယ့်ခြောက်'သည် 'နှစ်' 'ဆယ့်' 'ခြောက်' ပင် ဖြစ်သည်။ ၁ မှ ၉၉ အထိ ကိန်းများအတွက် စကားလုံးကို ဆယ်လီစနစ်ကိုလိုက်၍ ၁ မှ ၁၀ အထိ ခေါ်ဝေါ်သည့် စကားလုံးများဖြင့်ပင် တည်ဆောက်ထားသည်။

တနည်းအားဖြင့် ၁၂ ကို ခေါ်သည့် အင်္ဂလိပ်စကားလုံးမှာ 'Twelve' တွဲလ် ဖြစ်သည်။ ထိုစကားလုံးသည် ၁ မှ ၁၀ အထိ အင်္ဂလိပ် စကားလုံးများနှင့် လုံးဝမတူပေ။ နောက်ရှုပ်ထွေးစရာကိစ္စတစ်ခုမှာ ၁၆ ကိုခေါ်သည့် အင်္ဂလိပ်စကားလုံး ဖြစ်သည်။ ထိုစကားလုံးက 'six'-'ten' 'ခြောက်' 'ဆယ်'နှင့် ခပ်ဆင်ဆင်တူသည်။ ထိုနည်းတူစွာ ၁ မှ ၉၉ အထိကိန်းများအတွက် အင်္ဂလိပ်စကားလုံးများမှာလည်း ပုံမှန်မဟုတ် သောအမည်ပေးစနစ်ဖြင့် စီစဉ်ထားသည်။ စကားလုံးများ၏ အစီအစဉ်သည် တစ်ဆယ်ခြောက်ကို 'six'-'ten' 'ခြောက်' 'ဆယ်'နှင့်ဆင်တူ ပြောင်းပြန်ဖြစ်၍ ကလေးအများစုအတွက်ရှုပ်ထွေးစရာဖြစ်သည်။ ဤအကြောင်းများကြောင့် အင်္ဂလိပ်စကားပြောကလေးငယ်များသည် အတန်းငယ် သချိ်ာဘာသာရပ်ကို သင်ယူရာတွင် အခက်အခဲပိုရှိသည်ဟု ဆိုရမည်။



ဤအခန်းအတွက်သိပြီးအသိပညာ

ယခင်အခန်းများတွင် ကလေးများသည် ၁၀ အုပ်စုတစ်စုဖွဲ့ပြီး ၂၀ အထိကိန်းများကို မည်သို့ရေတွက်ရမည်ကို သင်ယူခဲ့သည်။ ထို့အပြင် ၂၀ အထိ ကိန်းများကို မည်သို့ ဖတ်ရမည်၊ ရေးရမည်ကိုလည်း သင်ယူခဲ့သည်။ သို့သော် ၂၀ အထိ ကိန်းများကို နေရာလိုက်တန်ဖိုး သဘော မပါဘဲ သင်ယူခဲ့ပြီးဖြစ်သည်။

သင်ခန်းစာ ၁ (၁/၁၅)

သင်ယူမှုဦးတည်ချက်

- ၂၁ မှ ၅၀ အထိ ပစ္စည်းများ၏အရေအတွက်ကို ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပဲစေ့ ၃၀ စေ့ (ကလေးတစ်အုပ်စုစီအတွက်)
- သင်ပုန်းတွင် ကပ်ရန် အကွက်ငယ်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေး ၄ ယောက် တစ်ဖွဲ့စီဖြင့် ကလေးများကို အုပ်စုများခွဲပြီး တစ်အုပ်စုလျှင် ပဲစေ့ ၂၉ စေ့စီ ပေးပါ။ ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။

- တစ်အုပ်စုလျှင် ပဲစေ့မည်မျှရသနည်း။
- မည်သို့ ရေတွက်သနည်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေတွက်နည်းအမျိုးမျိုးကို ကလေးများ စဉ်းစားပါစေ။

၂။ ကလေးအုပ်စုအသီးသီးက သူတို့၏ ရေတွက်နည်းများကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပဲစေ့များသုံးပြီး သူတို့၏ နည်းလမ်းကို ပြုလုပ်ပြပါစေ။

၁၇ ကိန်းကြီးများ

၂၁ မှ ၅၀ အထိကိန်းများ

၁ ပဲစေ့ ဘယ်လောက်ရှိသလဲ



၁၃၁

ဆရာများအတွက် အကြံပြုချက်

သင်ယူမှုနှေးကွေးသောကလေးများကို ထည့်သွင်းစဉ်းစားခြင်း ၁

ကလေးအများစုသည် ပထမတန်းမတက်မီ ၅၀ အထိ သို့မဟုတ် ၁၀၀ အထိ ကိန်းများရေတွက်ခြင်းကို မိမိတို့အိမ်တွင် သင်ယူခဲ့ပြီဟု ယူဆရသည်။ သို့သော် တချို့ကလေးများသည် ကိန်းများကို မှန်ကန်စွာရေတွက်ရန် အခက်အခဲရှိနိုင်သည်။ ဤကလေးများအတွက် ကိန်းများကိုသင်ယူနိုင်ရန် ဆရာက အထူးအားထုတ်၍ ကြိုတင်ပြင်ဆင်ပေးရန် လိုသည်။ ဤသချိုင်္ကျောင်းသုံးစာအုပ်သည် ကိန်းများဖတ်ခြင်း၊ ရေးခြင်းထက် ကိန်းစနစ်နှင့် ကိန်းများ၏သဘောကို အဓိကထားရန် သတိပြုပါ။

ဤဘက်တွင်ပြထားသည့်အတိုင်း ကိန်းများကိုရေးခြင်းနှင့် ကလေးများအား လုံး ဤကိန်းများကို ရေတွက်နိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းဖြင့် သင်ခန်းစာကို စတင်ရန် ဆရာများကို အကြံပြုသည်။ (ဆက်ရန်)

၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀
၂၁	၂၂	၂၃	၂၄	၂၅	၂၆	၂၇	၂၈	၂၉	၃၀
၃၁	၃၂	၃၃	၃၄	၃၅	၃၆	၃၇	၃၈	၃၉	၄၀
၄၁	၄၂	၄၃	၄၄	၄၅	၄၆	၄၇	၄၈	၄၉	၅၀



၃။ မည်သည့်နည်းက အလွယ်ဆုံးဖြစ်သလဲဟု ကလေးများကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၀ အုပ်စုဖွဲ့ခြင်းအားဖြင့် အလွယ်တကူ ရေတွက်နိုင်သည်ကို ကလေးများ သိပါစေ။

၄။ ယခင်ကအတိုင်း ပဲစေ့များအစား အကွက်များကို အသုံးပြုနိုင်သည်ကိုပြောပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ၁၀ အုပ်စု မည်မျှရှိသနည်း။
- အကွက် မည်မျှရှိသနည်း။

ထို့နောက် ၁၀ အုပ်စု ၂ စုနှင့် အကွက် ၉ ခုကို သင်ပုန်းပေါ်မှ နေရာလိုက်တန်ဖိုးဇယားတွင် ဆယ်နေရာနှင့် ခုနေရာတို့တွင်ထားပါ။ နောက်ဆုံးအနေဖြင့် ဇယားကိုဖြည့်ပြီးနောက် ၂၉ ကို မည်သို့ဖတ်ရ၊ ရေးရသည်ကို သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါစည်းမျဉ်းများကို အဓိကထားပါ။

- ၁၀ အုပ်စုများကို ဆယ်နေရာတွင်သာ ထားနိုင်သည်။
- အကွက် ၉ ကွက် အထိ ခုနေရာတွင် ထားနိုင်သည်။

➔ ၂၉ ကို ဖတ်နည်း၊ ရေးနည်းသည် ၂၀ အထိ ကိန်းများဖတ်နည်း၊ ရေးနည်းနှင့်အတူတူ ဖြစ်သည်ကို နားလည်ပါစေ။

၅။ အုပ်စု အသီးသီးကို ပဲစေ့ ၁ စေ့စီထပ်ပေးပြီး အောက်ပါအချက်များကို ဆွေးနွေးပါစေ။

- ပဲစေ့အရေအတွက်ကို မည်သို့လွယ်ကူစွာ ရေတွက်မည်နည်း။
- နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များကို မည်သို့ထားမည်နည်း။
- ကိန်းကို မည်သို့ဖတ်မည်၊ ရေးမည်နည်း။

ထို့နောက် အုပ်စုအသီးသီးအား သူတို့၏ စိတ်ကူးများကို အတန်းသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များ၊ ကိန်းများထားပြီး စိတ်ကူးများကို တင်ပြပါစေ။

➔ ခုနေရာတွင် အကွက်တစ်ခုမျှ မရှိသဖြင့် '၀' ထားရမည်ကို အလေးအနက်ပြောပါ။

၅။ လွယ်ကူအောင် မည်သို့ရေတွက်ရမည်၊ အကွက်များကို နေရာလိုက်တန်ဖိုးဇယားတွင် မည်သို့ထားရမည်၊ ကိန်းမည်သို့ဖတ်ရမည်။ ရေးရမည်ကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

ဆရာများအတွက် အကြံပြုချက်

သင်ယူမှုနှေးကွေးသောကလေးများကို ထည့်သွင်းစဉ်းစားခြင်း ၂

ကလေးများသည် ကိန်းများ၏အမည်များကို မှား၍ရွတ်ဖတ်သည် သို့မဟုတ် ကိန်းများကို ကျော်ပြီးရေတွက်သည် (ဥပမာ ၂၂၊ ၂၄၊ ၂၅၊ ၂၈ . . .) ကို တွေ့ရှိလျှင် ထိုကလေးများကို အောက်ပါအတိုင်း ထပ်မံသင်ကြားနိုင်သည်။

- အောက်တွင် ပြထားသည့်အတိုင်း ၅၀ သို့မဟုတ် ၁၀၀ အထိ ကိန်းဇယားကို ကိန်းအမည်များဖြင့် ရေးဆွဲပါ။ ထို့နောက် စာသင်ခန်းနံရံပေါ်တွင် ကပ်ထားပါ။
- ပထမတွင် ၅၀ အထိ၊ ထို့နောက် ၁၀၀ အထိ ကိန်းများကို ပြန်စဉ်းစားသည့် အလုပ်ကို အိမ်စာပေးပါ။ ဖြစ်နိုင်လျှင် ကလေးများကို အိမ်တွင် ကူညီရန် မိဘများကို မေတ္တာရပ်ခံပါ။
- စာသင်ခန်းထဲမှ ကလေးများအားလုံး မှန်ကန်စွာ ရေတွက်နိုင်ရန် ကလေးများ အချင်းချင်း ကူညီကြရန် ဆော်ဩပါ။

၃၁	၃၂	၃၃	၃၄	၃၅	၃၆	၃၇	၃၈	၃၉	၄၀
သုံးဆယ့်တစ်	သုံးဆယ့်နှစ်	သုံးဆယ့်သုံး	သုံးဆယ့်လေး	သုံးဆယ့်ငါး	သုံးဆယ့်ခြောက်	သုံးဆယ့်ခုနစ်	သုံးဆယ့်ရှစ်	သုံးဆယ့်ကိုး	လေးဆယ်

သင်ခန်းစာ ၂၊ ၃ (၂၊ ၃/၁၅)

သင်ယူမှုဦးတည်ချက်

- ၂၁ မှ ၅၀ အထိ ကိန်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်တွင် ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ယခင်သင်ခန်းစာမှ ပစ္စည်းများ၏ အရေအတွက်ကို မည်သို့ လွယ်ကူစွာ ရေတွက်နိုင်မည်ကို ကလေးများကို ပြန်မေးပါ။

၂။ အောက်ပါမေးခွန်းများ မေးပြီး အဓိကမေးခွန်း ၁ (က) ကို တစ်တန်းလုံးရှိ ကလေးများ အတူတူ ဖြေရှင်းပါစေ။

- မည်သို့ ရေတွက်ရမည်နည်း။
- လိပ်ပြာ မည်မျှရှိသနည်း။

ကွက်လပ်တွင် အဖြေရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းသုံးစာအုပ်တွင် လိပ်ပြာ ၁၀ ကောင်ကို ဝိုင်းစေခြင်းဖြင့် ၁၀ အုပ်စုဖွဲ့ပြီး ရေတွက်ရမည်ကို အလေးအနက်ထားပါ။

၃။ ကျန်သည့် မေးခွန်းများကို ကလေးတစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်း ၁၀ ခုကို ဝိုင်းစေပြီး ကျောင်းသုံးစာအုပ်တွင် အဖြေကို ရေးပါစေ။



ဆရာများအတွက် အကြံပြုချက် – ၁၀ အုပ်စု၏ အရေးပါမှု

ကိန်းကြီးများကို ရေတွက်သည့် နည်းလမ်းများစွာ ရှိသည်။

ဥပမာ ပစ္စည်း ၃၂ ခုကိုရေတွက်သည့်အခါ တချို့ကလေးများက ၁၊ ၂၊ ၃၊ . . ., ၃၁၊ ၃၂ ဟူ၍ ၁ မှ ၃၂ အထိ ဆက်တိုက် ရေတွက်မည်။ တချို့က ၁၊ ၂၊ ၃၊ . . ., ၁၀။ ၁၊ ၂၊ ၃၊ . . ., ၁၀။ ၁၊ ၂၊ ၃၊ . . ., ၁၀။ ၁၊ ၂ စသည်ဖြင့် ၁၀ စီ ရေတွက်မည်။ အတန်းထဲမှ ကလေးများသည် ပစ္စည်းများ၏ အရေအတွက်ကို မတူသည့် နည်းလမ်းဖြင့် ရေတွက်လျှင် ဆရာက အောက်တွင် ပြထားသည့်အတိုင်း မည်သည့် နည်းက ပိုလွယ်သည်ကို စဉ်းစားမိရန် နှိုင်းယှဉ်ကြည့်စေပါ။





ဤသို့ နှိုင်းယှဉ်ခြင်းဖြင့် ကလေးများသည် ၁၀ စီ ရေတွက်ခြင်း၏ ကောင်းကျိုးများကို သိရှိလာလိမ့်မည်။

၁ ဇယားတစ်ခုစီမှာ အကွက် ၂၁ ကွက်နဲ့ ၄၆ ကွက်ကို ဆွဲပါ

(က)



(ခ)



၂ ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၃ ထုပ်နဲ့ စာအိတ် ၂ အိတ်
က အားလုံးပေါင်း စာအိတ် ___၃၂___ အိတ်ဖြစ်တယ်

(ခ) ၁ ထုပ်မှာ ဘီစကွတ် ၁၀ ခုပါ ဘီစကွတ်ထုပ် ၄ ထုပ်နဲ့ ဘီစကွတ် ၅ ခု
က အားလုံးပေါင်း ဘီစကွတ် ___၄၅___ ခုဖြစ်တယ်

(ဂ) ၂ ဆယ်နဲ့ ၄ ခုက ___၂၄___ ဖြစ်တယ်

(ဃ) ၃ ဆယ်က ___၃၀___ ဖြစ်တယ်

(င) ၄၇ က ___၄___ ဆယ်နဲ့ ___၇___ ခု ရှိတယ်။

(စ) ဆယ်နေရာက ၄ နဲ့ ခုနေရာက ၈ ဟာ ___၄၈___ ဖြစ်တယ်

(ဆ) ၁၆ က ___၁___ ဟာ ဆယ်နေရာနဲ့ ___၆___ ဟာ ခုနေရာမှာ ရှိတယ်

(ဇ)



(ဈ)



(ည)



၁၃၄

၄။ မေးခွန်း ၂ (က) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါ။ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များကို ဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အကွက် ၁၀ ကွက်အုပ်စုဆွဲရန် အခက်အခဲရှိပါက ညာဘက်တွင် ပြထားသည့် ထောင့်မှန်စတုဂံရှည်ပုံ တစ်ဆယ်တိုင်ကို ဆွဲပါစေ။

၅။ မေးခွန်း ၂ (ခ) ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းသုံးစာအုပ်တွင် အကွက်များ ဆွဲပါစေ။

၆။ မေးခွန်း ၃ (က) ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါစေ။

၇။ မေးခွန်း ၃ မှ ကျန်သည့်မေးခွန်းများကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တစ်ဦးချင်းစီဖြေရှင်းရာတွင် အခက်အခဲရှိလျှင် မေးခွန်းတချို့ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

၈။ မည်သို့ လွယ်ကူစွာရေတွက်နိုင်မည်၊ ကိန်းများကို အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားဖြင့် မည်သို့ ဖော်ပြနိုင်မည်ကို မေးခြင်းဖြင့် ကလေးများ သင်ခန်းစာကို နိဒါန်းချုပ်ပါစေ။

ဖြည့်စွက်လုပ်ငန်း – ဂဏန်း ၂ လုံးပါကိန်းများ ပြုလုပ်ခြင်း

ဤလုပ်ငန်းသည် ရှေ့စာမျက်နှာမှ မေးခွန်း (၁)နှင့် ဆင်တူဖြစ်သည်။ အောက်ဖော်ပြပါပုံအတိုင်း ဆရာက တစ်ဆယ်အုပ်စု ၄ စု (သို့) ထောင့်မှန်စတုဂံရှည်ပုံ တစ်ဆယ်တိုင် ၄ တိုင်နှင့် အကွက် ၉ ကွက် စသည့် ကိုယ်စားပြုပစ္စည်းတစ်စုံကို ပေးရမည်။



၁။ ကလေးများကို ၃–၄ ဦး စီဖြင့် အုပ်စုခွဲပါ။ တစ်အုပ်စုစီကို ဤကိုယ်စားပြုပစ္စည်း တစ်စုံစီပေးပါ။

၂။ အုပ်စုအသီးသီးတွင် ကလေးတစ်ဦးက ဤကိုယ်စားပြုပစ္စည်းများဖြင့် ကိန်းတစ်ခုခု (ဥပမာ တစ်ဆယ်တိုင် ၂ တိုင်နှင့် အကွက် ၆ ကွက်)ကို ပြုလုပ်ပါ။ တခြားကလေးများက ထိုကိန်း၏အမည် (ဥပမာ ၂၆) ကို ပြောရမည်။ အဖြေမှန်မမှန် အချင်းချင်း စစ်ဆေးပါ။

၃။ အုပ်စုတွင်းမှ ကလေးအားလုံး ကိန်းတစ်ခုပြုလုပ်ပြီးသည်အထိ နံပါတ်(၂)ပါ ညွှန်ကြားချက်အတိုင်း ဆက်လက်လုပ်ဆောင်ပါ။ လိုအပ်လျှင် ကလေးများကို လုပ်ငန်းလုပ်ဆောင်နိုင်ရန် ကူညီပါ။

သင်ခန်းစာ ၄ (၄/၁၅)

သင်ယူမှုဦးတည်ချက်

- ၅၀ အထိ ကိန်းနှစ်ခုကို နှိုင်းယှဉ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ
- ကလေးများအတွက် အကွက်များ (ရန်ိုင်လျှင်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် ၂၆ နှင့် ၂၃ အတွက် အကွက်များ မည်သို့ထားရမည်ကို မေးပါ။

➔ ယခင်သင်ခန်းစာကို ပြန်လည် သတိရပါစေ။

၂။ ၂၆ နှင့် ၂၃ တွင် မည်သည့်ကိန်းက ကြီးပြီး မည်သည့်ကိန်းက ငယ်သနည်းဟု ကလေးများကို မေးပါ။အကြောင်းပြချက်ကိုလည်း မေးပါ။ အဓိက မေးခွန်း ၂ (က) မှ ကွက်လပ်များကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖြစ်နိုင်လျှင် ၂၆ နှင့် ၂၃ ကိုဖော်ပြရန် သူတို့၏ ကိုယ်ပိုင်အကွက်များကို အသုံးပြုပါစေ။

၃။ အဓိကမေးခွန်း ၂(ခ) ကို ကလေးများ ဖြေရှင်းစေပြီး အထက်ပါလုပ်ငန်းစဉ်အတိုင်း ပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆယ်ဂဏန်း ပိုကြီးသည့်ကိန်းသည် ပိုကြီးပြီး ခုဂဏန်းများကို ကြည့်စရာမလိုကြောင်း သိပါစေ။

၄။ အောက်ပါမေးခွန်းများကို မေးပြီး မေးခွန်း ၄ (က) ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါစေ။

- ကိန်းတစ်ခုစီတွင် ဆယ်ဂဏန်း ဘယ်လောက် နှင့် ခုဂဏန်း ဘယ်လောက်စီရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါစေ။

၅။ မေးခွန်း ၄ မှ ကျန်သည့်မေးခွန်းများနှင့် မေးခွန်း ၅၊ ၆ ကို ဖြေရှင်းပါစေ။ အဖြေများကို အကြောင်းပြချက်နှင့်အတူ အတန်းသို့ တင်ပြစေခြင်းဖြင့် စစ်ဆေးပါ။

➔ ကလေးများ အခက်အခဲရှိလျှင် မေးခွန်းတချို့ကို တစ်တန်းလုံးသို့ ရှင်းပြပါ။

၆။ အောက်ပါအတိုင်း ကလေးများ နိဂုံးချုပ်ပါစေ။

- ကိန်း ၂ ခုလုံးတွင် ဆယ်ဂဏန်းများတူလျှင် ➔ ခုဂဏန်းများကို နှိုင်းယှဉ်ပါ။
- ကိန်း ၂ ခုတွင် ဆယ်ဂဏန်းများမတူလျှင် ➔ ဆယ်ဂဏန်းများကို နှိုင်းယှဉ်ပါ။

၂ ဘယ်ကိန်းက ကြီးသလဲ ဘယ်ကိန်းက ငယ်သလဲ

(က) ၂၆ နဲ့ ၂၃



၂၆ က ၂၃ ထက်ကြီးတယ် ၂၃ က ၂၆ အောက်ငယ်တယ်

(ခ) ၃၅ နဲ့ ၄၁



၄၁ က ၃၅ ထက်ကြီးတယ် ၃၅ က ၄၁ အောက်ငယ်တယ်

၃ ကြီးတဲ့ကိန်းကို ဝိုင်းပါ

(က) ၄၅ နဲ့ ၄၈ (ခ) ၃၄ နဲ့ ၂၁ (ဂ) ၄၃ နဲ့ ၃၉

၄ ငယ်တဲ့ကိန်းကို ဝိုင်းပါ

(က) ၄၂ နဲ့ ၂၄ (ခ) ၄၀ နဲ့ ၄၄ (ဂ) ၃၈ နဲ့ ၄၆

၅ ကွက်လပ်တွေမှာ ပေးထားတဲ့ ကိန်းအောက် ၁ ငယ်တဲ့ကိန်းနဲ့ ပေးထားတဲ့ ကိန်းထက် ၁ ကြီးတဲ့ကိန်းကို ဖြည့်ပါ

(က) ၃၁ ၊ ၃၂၊ ၃၃ (ခ) ၂၈ ၊ ၂၉၊ ၃၀ (ဂ) ၃၉ ၊ ၄၀၊ ၄၁

ဖြည့်စွက်လေ့ကျင့်ခန်း – ကိုယ်စားပြုပစ္စည်းများနှင့် ကိန်းများကို ယှဉ်တွဲခြင်း

အောက်ပါတို့သည် ကလေးများ ကိန်းသဘောကို ပိုမို နားလည်လာစေရန် အားဖြည့်ပေးသည့် လေ့ကျင့်ခန်းများ ဖြစ်သည်။

လေ့ကျင့်ခန်း – ပုံနှင့် ကိန်းကို ယှဉ်တွဲပါ။





၃ ပုံကိုကြည့်ပြီး ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၃၇ ထက် ၁ ကြီးတဲ့ကိန်းက ___၃၈___ ဖြစ်တယ်

(ခ) ၂၈ အောက် ၃ ငယ်တဲ့ကိန်းက ___၂၅___ ဖြစ်တယ်

(ဂ) ၃၉ ထက် ၂ ကြီးတဲ့ကိန်းက ___၄၁___ ဖြစ်တယ်

(ဃ) ၃၂ အောက် ၅ ငယ်တဲ့ကိန်းက ___၂၇___ ဖြစ်တယ်

(င) ၄၉ က ___၄၅___ ထက် ၄ ကြီးတယ်

၄ ကိန်းတွေကို ဖြည့်ပါ



၅ ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး ကွက်လပ်ဖြည့်ပါ

(က) ၅ ၁၀ ၁၅ ၂၀ ၂၅ ၃၀ ၃၅ ၄၀ ၄၅ — ___၅___

(ခ) ၃၀ ၃၂ ၃၄ ၃၆ ၃၈ ၄၀ ၄၂ ၄၄ ၄၆ — ___၂___

၆ ကိန်းတွေကို အစဉ်အတိုင်း ဖြည့်ပါ

(က) ၂၅ — ၂၆ — ___၂၇___ — ___၂၈___ — ၂၉ — ___၃၀___ — ၃၁ — ___၃၂___

(ခ) ___၄၄___ — ___၄၃___ — ၄၂ — ___၄၁___ — ___၄၀___ — ___၃၉___ — ___၃၈___ — ၃၇

၁၃၆

ဖြည့်စွက်လေ့ကျင့်ခန်း – ကိန်းများကို ယှဉ်တွဲခြင်း

အောက်ပါတို့သည် ကလေးများ ကိန်းများကို ပိုမိုနက်ရှိုင်းစွာ နားလည်လာစေရန် အားဖြည့်ပေးသည့် လေ့ကျင့်ခန်းများ ဖြစ်သည်။

လေ့ကျင့်ခန်း – ကိန်းများကို ယှဉ်တွဲပါ။

၅၀ အောက် ၃ ငယ်သောကိန်း (၄၇)	၃၀ အောက် ၂ ငယ်သောကိန်း (၂၈)
ဆယ်နေရာ ၃၊ ခုနေရာတွင် ၅ ရှိသောကိန်း (၃၅)	၃၀ ထက် ၅ ကြီးသောကိန်း (၃၅)
၂၀ ထက် ၈ ကြီးသောကိန်း (၂၈)	ဆယ်နေရာတွင် ၄၊ ခုနေရာတွင် ၇ ရှိသောကိန်း (၄၇)

မှတ်ချက်

- ကိန်းများ မယှဉ်တွဲမီ ကိန်းတစ်ခုစီကို ဦးစွာ ရှာပါစေ။
- ဤလေ့ကျင့်ခန်းမျိုးကို နောက်သင်ခန်းစာများမှ ၅၀ မှ ၁၀၀ ကိန်းများ အတွက်လည်း အသုံးပြုနိုင်သည်။

သင်ခန်းစာ ၅ (၅/၁၅)

သင်ယူမှုဦးတည်ချက်

- ၅၀ အထိ ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ၀ မှ ၅၀ အထိ ကိန်းမျဉ်းပုံကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၀ မှ ၅၀ အထိ ကိန်းမျဉ်းပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ သို့မဟုတ် ကိန်းမျဉ်းပုံကို ဆွဲပါ။ ၄၊ ၁၅၊ ၂၉၊ ၄၇ စသည့် ကိန်းတချို့၏ တည်နေရာကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခန်း ၁၀ တွင် ကိန်းမျဉ်းများ အသုံးပြုခဲ့သည်ကို ပြန်လည်သတိရပါစေ။

၂။ အဓိကမေးခွန်း ၃ (က) နှင့် (ခ) ကို တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအတိုင်း အဆင့်ဆင့် ဖြေရှင်းပါစေ။

ဥပမာ –

(၁) ၃၇ ၏ တည်နေရာကို ရှာပါ။

(၂) '၁ ပိုကြီး'သည်ကို ပြရန် မြားဆွဲပါ။

(၃) မြားဖြင့် ညွှန်ပြသောကိန်းကို ရှာပါ။

၃။ အဓိကမေးခွန်း (ဂ)၊ (ဃ) နှင့် (င) ကို အထက်ပါအတိုင်း တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

၄။ မေးခွန်း ၇၊ ၈ နှင့် ၉ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

၅။ "ကိန်းမျဉ်းသုံးပြီး ဘာတွေသင်ယူခဲ့သလဲ"ဟု မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၆ (၆/၁၅)

သင်ယူမှုဦးတည်ချက်

- ၅၀ အထိ ကိန်းများကို စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ဝ မှ ၅၀ အထိ ကိန်းမျဉ်းပုံကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဝ မှ ၅၀ အထိ ကိန်းမျဉ်းပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ မေးခွန်း ၁၀ (က) ကို တစ်တန်းလုံးဖြေရှင်းပါစေ။ ၅ နှင့် ၁၀၊ ၁၀ နှင့် ၁၅ စသည်တို့ပေါ်တွင် မြားကွေးကို ဆွဲပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ကိန်းများ ကြီးစဉ်ငယ်လိုက် သို့မဟုတ် ငယ်စဉ်ကြီးလိုက် စီထားသလား။
- ကပ်လျက်ရှိသောကိန်း ၂ ခုကြား ခြားနားချက်သည် မည်မျှဖြစ်သနည်း။
- ကွက်လပ်များထဲတွင် မည်သည့်ကိန်းများ ရှိရမည်နည်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကိုရှာရန် ကိန်းမျဉ်းကို အသုံးပြုပါစေ။

၂။ မေးခွန်း ၁၀ မှ ကျန်သည့်မေးခွန်းများကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

- မေးခွန်းများကို ကိန်းမျဉ်း အသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

၃။ မေးခွန်း ၁၁ နှင့် ၁၂ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအချက်များကို သတိရပါစေ။

- ကိန်း ၂ ခုလုံးတွင် ဆယ်ဂဏန်းများ တူလျှင် ➔ ခုဂဏန်းများကို နှိုင်းယှဉ်ပါ။
- ကိန်း ၂ ခုတွင် ဆယ်ဂဏန်းများ မတူလျှင် ➔ ဆယ်ဂဏန်းများကို နှိုင်းယှဉ်ပါ။

➔ ကိန်းမျဉ်းပေါ်ရှိ ကိန်းတစ်ခုစီ၏ တည်နေရာကိုလည်း ကိန်းမျဉ်းပေါ်တွင် စစ်ဆေးပါ။

၄။ "ကိန်းမျဉ်းသုံးပြီး ဘာတွေ သင်ယူခဲ့သလဲ" ဟုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၁၀ ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး အစဉ်လိုက်ကိန်းတွေကို ဖြည့်ပါ

(က) ၅ — ၁၀ — ၁၅ — ၂၀ — ၂၅ — ၃၀ — ၃၅ — ၄၀

(ခ) ၁၈ — ၂၀ — ၂၂ — ၂၄ — ၂၆ — ၂၈ — ၃၀ — ၃၂

(ဂ) ၄၅ — ၄၀ — ၃၅ — ၃၀ — ၂၅ — ၂၀ — ၁၅ — ၁၀

(ဃ) ၄၂ — ၄၀ — ၃၈ — ၃၆ — ၃၄ — ၃၂ — ၃၀ — ၂၈

၁၁ ကိန်းတွေကို ငယ်ရာကကြီးရာကို စီပါ

(က) ၃၂ ၂၅ ၄၀ ၂၂ ၃၆ ၃၈ → ၂၂ ၊ ၂၅ ၊ ၃၂ ၊ ၃၆ ၊ ၃၈ ၊ ၄၀

(ခ) ၅၂ ၅၁ ၄၄ ၅၅ ၄၉ ၄၆ → ၄၆ ၊ ၄၉ ၊ ၅၁ ၊ ၅၂ ၊ ၅၅ ၊ ၄၄

၁၂ ကိန်းတွေကို ကြီးရာကငယ်ရာကို စီပါ

(က) ၂၃ ၂၁ ၂၄ ၂၆ ၂၂ ၂၅ → ၂၆ ၊ ၂၅ ၊ ၂၄ ၊ ၂၃ ၊ ၂၂ ၊ ၂၁

(ခ) ၂၈ ၂၀ ၂၆ ၂၄ ၂၂ ၃၀ → ၃၀ ၊ ၂၈ ၊ ၂၆ ၊ ၂၄ ၊ ၂၂ ၊ ၂၀

ကလေးများအတွက် ဖြည့်စွက်လေ့ကျင့်ခန်း – ကျော်၍ရေတွက်ခြင်း

ရှေ့စာမျက်နှာမှ မေးခွန်းနံပါတ်(၉)ကိုဖြေပြီးလျှင် အောက်ပါလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

လေ့ကျင့်ခန်း – အောက်ပါကွက်လပ်များတွင် ဖြည့်ရမည့်ကိန်းများကို ရှာပါ။

၂၁၊ ၂၄၊ ~~၂၇~~၊ ၃၀၊ ~~၃၃~~၊ ၃၆၊ ~~၃၉~~၊ ~~၄၂~~

လုပ်ငန်း – ကွက်လပ်များတွင် သင့်တော်သည့်ကိန်းများကို ရေးပါ။

၁၀		၂၁			
၂၀	၂၂	၂၄	၂၆	၂၈	၃၀
၃၀		၂၇			
၄၀	၃၇	၃၀	၂၃	၂၀	

ဘာပုံဖြစ်မလဲ

အစက် ၅၀ ကို ၁ က ၅၀ အထိ ရေးထားတယ်
အစက် ၁ နဲ့ ၂ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ
ပြီးရင် အစက် ၂ နဲ့ ၃ ကို မျဉ်းတစ်ကြောင်းနဲ့
ဆက်ပါ ဒီအတိုင်း အစက် ၅၀ အထိ ဆက်တိုက် ဆက်ပါ
ပုံကို တွေ့လိမ့်မယ် **(ဆင်)**



၁၃၈

၄။ ကလေးတစ်ဦးချင်းစီ 'ဘာပုံဖြစ်မလဲ' လုပ်ငန်းကို ပြုလုပ်ပါစေ။
သူတို့၏ တွေ့ရှိချက်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို သေချာစွာ နားလည်ပါစေ။
➔ မည်သို့ပြုလုပ်ရမည်ကို နားမလည်လျှင် အစပိုင်း အစက်တချို့ကို မျဉ်းဖြင့် ဆက်ပြပါ။

၅။ 'ဒီနေ့ ဘာတွေ လေ့လာခဲ့သလဲ'ဟု မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လုပ်ငန်း – ၅၀ အထိ ဂဏန်း ၂ လုံးပါကိန်းများကို ပြုလုပ်ခြင်း

လုပ်ငန်း

၁။ ကလေးများကို အုပ်စုခွဲပြီး အုပ်စုတစ်စုကို အောက်ပါကတ်ပြား ၃ ခုစီပေးပါ။

၃	၁	၄

၂။ ဂဏန်း ၂ လုံးပါကိန်းများကို များနိုင်သမျှ များများပြုလုပ်ရန် ကလေးများကို ပြောပါ။

★ ဂဏန်း ၂ လုံးပါကိန်းများကို အောက်တွင် ပြထားသည့်အတိုင်း နည်းလမ်း ၆ မျိုးဖြင့် ပြုလုပ်နိုင်ပါသည်။



၃။ ဤကိန်းများကို အောက်ပါအတိုင်း ငယ်စဉ်ကြီးလိုက်စီရန် ကလေးများကို ပြောပါ။

၁၃၊ ၁၄၊ ၃၁၊ ၃၄၊ ၄၁၊ ၄၃

သင်ခန်းစာ ၇ (၇/၁၅)

သင်ယူမှုဦးတည်ချက်

- ၉၉ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီး အဓိကမေးခွန်း ၄ (က) ကို တစ်တန်းလုံးဖြေရှင်းပါစေ။ အောက်ပါအချက်များကို မေးပါ။

- ပစ္စည်းများ၏ အရေအတွက်ကို မည်သို့ လွယ်ကူစွာ ရေတွက်မည်နည်း။
- ၁၀ အုပ်စု မည်မျှနှင့် ကျန်သည့်ပစ္စည်း မည်မျှ ရှိသနည်း။
- နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များကို မည်သို့ ထားမည်နည်း။
- ကိန်းကို မည်သို့ဖတ်မည်၊ ရေးမည်နည်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်း ၁၀ ခုစီကိုဝိုင်းစေပြီး အဖြေကို ကျောင်းသုံးစာအုပ်တွင် ရေးပါစေ။

➔ ၅၁ မှ ၉၉ အထိ ရေတွက်ခြင်း၊ ကိန်းဖတ်ခြင်း၊ ကိန်းရေးခြင်းသည် ၁၁ မှ ၅၀ အထိ ကိန်းများ ရေတွက်ခြင်း၊ ကိန်းဖတ်ခြင်း၊ ကိန်းရေးခြင်းနှင့် အတူတူ ဖြစ်သည်ကို သိပါစေ။

၂။ အဓိကမေးခွန်း ၄ မှ ကျန်သည့်မေးခွန်းများကို တစ်ဦးချင်းဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်း ၁၀ ခုစီကို ဝိုင်းစေပြီး အဖြေကို ကျောင်းသုံးစာအုပ်တွင် ရေးပါစေ။

➔ လိုအပ်လျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါ။

၃။ မေးခွန်း ၁၃ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တစ်ဦးချင်းစီ ဖြေရှင်းရာတွင် အခက်အခဲရှိလျှင် မေးခွန်းတချို့ကို တစ်တန်းလုံး ဖြေရှင်းပါ။

➔ လိုအပ်လျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါ။

၄။ နေရာလိုက်တန်ဖိုးဇယားနှင့် ချိတ်ဆက်၍ ကိန်းများကို မည်သို့ရေတွက်ရမည်၊ ရေးရမည်၊ ဖတ်ရမည်ကို မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၅၁ မှ ၁၀၀ အထိကိန်းများ

၄ ဘယ်လောက်ရှိသလဲ

(က) ၅၄

(ခ) ၈၈

(ဂ) ၉၀

(ဃ) ၆၂

(င) ၇၇

၁၃ ကွက်လပ်တွေမှာ ကိန်းတွေကိုဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၉ ထုပ်နဲ့ စာအိတ် ၈ အိတ်က အားလုံးပေါင်းစာအိတ် ___၉၈___ အိတ်ဖြစ်တယ်

(ခ) ၁ ထုပ်မှာ ဘီစကွတ် ၁၀ ခုပါ ဘီစကွတ်ထုပ် ၆ ထုပ်နဲ့ ဘီစကွတ် ၇ ခုက အားလုံးပေါင်းဘီစကွတ် ___၆၇___ ခုဖြစ်တယ်

(ဂ) ၈ ဆယ်နဲ့ ၄ ခုက ___၈၄___ ဖြစ်တယ်

(ဃ) ၅ ဆယ်က ___၅၀___ ဖြစ်တယ်

(င) ၇၃ က ဆယ်နေရာမှာ ___၇___ နဲ့ ခုနေရာမှာ ___၃___ ရှိတယ်

(စ) ဆယ်နေရာမှာ ၈ နဲ့ ခုနေရာမှာ ၆ က ___၈၆___ ဖြစ်တယ်

(ဆ) ၅၉ မှာ ___၅___ က ဆယ်နေရာနဲ့ ___၉___ က ခုနေရာမှာရှိတယ်

(ဇ) ၉၀ မှာ ___၉___ က ဆယ်နေရာနဲ့ ___၀___ က ခုနေရာမှာရှိတယ်

၁၃၉

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် ကလေးများ ကိန်းသဘောကို ပိုမိုနားလည်လာစေရန် အားဖြည့်ပေးသည့် လေ့ကျင့်ခန်းများ ဖြစ်သည်။

လေ့ကျင့်ခန်း – ပုံနှင့်သက်ဆိုင်သောကိန်းကို ယှဉ်တွဲပါ။



၅၉ မှာ ၁ ပေါင်းရင် ဘယ်လောက်ဖြစ်သွားသလဲ



၅၉ ကို ၁ ပေါင်းလျှင် ၁၀ အုပ်စု ဆယ်စု ဖြစ်သည်။
၁၀ အုပ်စု ဆယ်စုကို **'တစ်ရာ'**ဟု ခေါ်သည်။
တစ်ရာကို **'၁၀၀'** ဟု ရေးသည်။
၁ ကို ရာနေရာမှာ ထားသည်။
၁၀၀ က ၅၉ ထက် ၁ ကြီးသည်။

၁၄ ကွက်လပ်တွေမှာ ကိန်းတွေကို ဖြည့်ပါ

(က) ၁ ထုပ်မှာ စာအိတ် ၁၀ အိတ်ပါ စာအိတ်ထုပ် ၁၀ ထုပ်က စာအိတ် ___၁၀၀___ အိတ်ပါတယ်

(ခ) ၁ စည်းမှာ ခဲတံ ၁၀ ချောင်းပါ ခဲတံ ၁၀ စည်းက ခဲတံ ___၁၀၀___ ချောင်း ပါတယ်

(ဂ) ၁၀ ဆယ်စုက ___၁၀၀___ ဖြစ်တယ်

(ဃ) ၁၀၀ မှာ ___၁___ က ရာနေရာ ___၀___ က ဆယ်နေရာနဲ့ ___၀___ က ခုနေရာမှာရှိတယ်

ဖြည့်စွက်ရှင်းလင်းချက် နေရာလိုက်တန်ဖိုး၏ အဓိပ္ပာယ်

ဆယ်နေရာသဘောကို ကလေးများ နားလည်စေရန် ၁၀ အထိ ကိန်းများ သင်ကြားပေးရုံနှင့် မလုံလောက်ပေ။ ဆယ်နေရာသဘောကို နားလည်ရန် ၁၂ အထိ သို့မဟုတ် ၁၅ အထိ ကိန်းများကို သင်ယူသင့်သည်။

ထိုနည်းတူစွာ ဤစာမျက်နှာတွင် ၁၀၀ အထိသာ သင်ယူထားသော်လည်း အောက်ပါအတိုင်း ၁၀၀ ထက် အနည်းငယ်ပိုကြီးသောကိန်းများကိုသုံးကာ ရာ နေရာ၏ သဘောကို ရှင်းပြလျှင် ကလေးများ ပိုမိုသဘောပေါက်နားလည်လိမ့်မည်။

(၁) ၁၁၁ (တစ်ရာတစ်ဆယ်တစ်) ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤ ၁ သုံးခု၏ တန်ဖိုးများ တူညီသလား၊ ကွဲပြားသလား ကလေးများကို မေးပါ။

(၂) ညာဘက်တွင် ပြထားသည့်ပုံကို ကလေးများကို ပြပါ။

(၃) ၁ တစ်ခုစီသည် အဓိပ္ပာယ် တစ်မျိုးစီရှိသည်ကို ကလေးများအား သတိပေးပါ။



သင်ခန်းစာ ၈ (၈/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အောက်ပါမေးခွန်းများ မေးပြီး "စံပယ်ပန်း ၁ ပွင့် မပေါင်းထည့်မီ စံပယ်ပန်းပွင့် မည်မျှရှိသနည်း" ဆိုသည့်မေးခွန်းကို မေးပါ။

- မည်သို့ လွယ်ကူစွာ ရေတွက်နိုင်မည်နည်း။
- စံပယ်ပန်းပွင့် ၁၀ ပွင့်အုပ်စုမည်မျှနှင့် စံပယ်ပန်းပွင့် မည်မျှရှိသနည်း။

➔ ကျောင်းသုံးစာအုပ်တွင် စံပယ်ပန်းပွင့် ၁၀ ပွင့်စီကို ဝိုင်းပါစေ။

➔ စံပယ်ပန်းပုံအစား အကွက်၁၀ အုပ်စု ၉ စုနှင့် အကွက် ၉ ခုကို သင်ပုန်းပေါ်တွင် ထားပါ။

၂။ အကွက် ၉၉ ကွက် ရှိသည့်အနက် နောက်ထပ် အကွက် ၁ ကွက် ထပ်ထည့်ပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ၁၀ အုပ်စု မည်မျှရှိသနည်း။
  ထို့နောက် ၁၀ အုပ်စု ၁၀ စုကို 'တစ်ရာ'ဟု ခေါ်ပြီး ၁၀၀ ဟု ရေးသည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တခြားနည်း အသုံးပြုပြီး ၁၀၀ ခေါ်သည်ကို သတိပြုမိပါစေ။

➔ ၁၀၀ ကို နေရာလိုက်တန်ဖိုးဇယားတွင် ခုနေရာ '၀'၊ ဆယ်နေရာ '၀' နှင့် ရာနေရာ '၁' ဟု ဖော်ပြသည်ကို သိပါစေ။

၃။ မေးခွန်း ၁၄ ကို ကျောင်းသုံးစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အကွက်များကို အသုံးပြုပါ။

၄။ ယနေ့ သင်ယူခဲ့သည့် အောက်ပါတို့ကို ရရှိအောင် ပြန်မေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

- ၁၀၀ သည် ၉၉ ထက် ၁ ကြီးသည်။
- ၁၀ အုပ်စု ၁၀ စုသည် ၁၀၀ ဖြစ်သည်။
- တစ်ရာကို '၁၀၀' ဟု ရေးသည်။

သင်ခန်းစာ ၉၊ ၁၀ (၉၊ ၁၀ / ၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ဝ မှ ၁၀၀ အထိပါသော ကိန်းမျဉ်းပုံကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဝ မှ ၁၀၀ အထိပါသော ကိန်းမျဉ်းပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ သို့မဟုတ် သင်ပုန်းပေါ်တွင် ရေးဆွဲပါ။ ထို့နောက် ၁၄၊ ၅၃၊ ၇၈၊ ၉၆ စသည့် ကိန်းတချို့၏တည်နေရာကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၅၀ အထိ ကိန်းများအတွက် ကိန်းမျဉ်းအသုံးပြုခဲ့သည်ကို ပြန်လည်သတိရပါစေ။

၂။ အဓိက မေးခွန်း ၆ (က) နှင့် (ခ) ကို တစ်တန်းလုံး ဖြေရှင်းပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအဆင့်များအတိုင်း ဖြေရှင်းပါ။

ဥပမာ–

(၁) ၇၅ ၏ တည်နေရာကို ရှာပါ။

(၂) 'ခု ပိုကြီး' သည်ကို ပြရန် မြားဆွဲပါ။

(၃) မြားဖြင့် ညွှန်ပြထားသောကိန်းကို ရှာပါ။

၃။ မေးခွန်း ၆(ဂ)(ဃ)နှင့် (င)ကို အထက်ပါအတိုင်း တစ်ဦးချင်းစီဖြေရှင်းပါစေ။

အဖြေကို တစ်တန်းလုံးတွင် စစ်ဆေးပါ။

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

၄။ မေးခွန်း ၁၅၊ ၁၆ နှင့် ၁၇ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။



၆ ပုံကိုကြည့်ပြီး ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

(က) ၇၅ ထက် ၃ ကြီးတဲ့ကိန်းက ___၇၈___ ဖြစ်တယ်

(ခ) ၈၃ အောက် ၃ ငယ်တဲ့ကိန်းက ___၈၀___ ဖြစ်တယ်

(ဂ) ၅၉ ထက် ၁၀ ကြီးတဲ့ကိန်းက ___၆၉___ ဖြစ်တယ်

(ဃ) ၉၀ အောက် ၁၀ ငယ်တဲ့ကိန်းက ___၈၀___ ဖြစ်တယ်

(င) ၁၀၀ က ___၉၆___ ထက် ၄ ကြီးတယ်

၁၅ ကိန်းတွေကို ဖြည့်ပါ



၁၆ ကိန်းတွေရဲ့ ကွာခြားချက်ကိုရှာပြီး ကွက်လပ်ဖြည့်ပါ



၁၇ ကိန်းတွေကို အစဉ်အတိုင်းဖြည့်ပါ



၁၄၁

ဖြည့်စွက်လေ့ကျင့်ခန်း

ကလေးများသည် အထက်ပါစာမျက်နှာမှမေးခွန်းများကို ကောင်းစွာဖြေနိုင်လျှင် အောက်ပါ ဖြည့်စွက်လေ့ကျင့်ခန်းများကို ပေးပါ။

လေ့ကျင့်ခန်း – လေးထောင့်ကွက်ထဲတွင် ပေးထားသောကိန်းများအနက် အောက်ပါ ဝါကျအသီးသီးနှင့် ကိုက်ညီမည့်ကိန်းကို ယှဉ်တွဲပါ။

၇၃	၁၀၀	၄၅	၆၇	၈၅	၉၅	၁၈	၃၆

(၁) ၉၀ ထက် ၅ ပိုကြီးသောကိန်း **(၉၅)**

(၂) ၃၇ ထက် ကြီးပြီး ၅၇ အောက်ငယ်သောကိန်း **(၄၅)**

(၃) ၇၀ အောက် ၃ ငယ်သောကိန်း **(၆၇)**

(၄) ဆယ်နေရာတွင် ၅ ခုနေရာတွင် ၈ ရှိသောကိန်း **(၅၈)**

(၅) ၁၀ အုပ်စု ၁၀ စု ရှိသောကိန်း **(၁၀၀)**



၁၈ ကွာခြားချက်ရှာပြီး ကွက်လပ်များတွင် ကိန်းတွေကို ဖြည့်ပါ

(က) ၆၅ — ၇၀ — ၇၅ — **၈၀** — ၈၅ — ၉၀ — **၉၅** — **၁၀၀**

(ခ) ၂၀ — ၃၀ — **၄၀** — ၅၀ — ၆၀ — **၇၀** — **၈၀** — ၉၀

(ဂ) ၈၅ — ၈၀ — **၇၅** — ၇၀ — **၆၅** — **၆၀** — ၅၅ — ၅၀

(ဃ) ၁၂ — ၂၂ — ၃၂ — **၄၂** — **၅၂** — ၆၂ — ၇၂ — **၈၂**

၁၉ ကြီးတဲ့ကိန်းတွေကို ဝိုင်းပါ

(က) (၇၄) နဲ့ ၇၂ (ခ) ၈၉ နဲ့ (၉၁) (ဂ) (၈၅) နဲ့ ၅၈

၂၀ ငယ်တဲ့ကိန်းတွေကို ဝိုင်းပါ

(က) (၈၀) နဲ့ ၈၈ (ခ) ၇၁ နဲ့ (၆၇) (ဂ) ၆၄ နဲ့ (၄၆)

၂၁ ကွက်လပ်တွေမှာ ၁ ငယ်တဲ့ကိန်းနဲ့ ၁ ကြီးတဲ့ကိန်းကို ဖြည့်ပါ

(က) **၈၀** ၊ ၈၁၊ **၈၂** (ခ) **၉၈** ၊ ၉၉၊ **၁၀၀** (ဂ) **၆၉** ၊ ၇၀၊ **၇၁**

၂၂ ကိန်းတွေကို ဖြည့်ပါ

(က) ၅၈ → ၅၀ ၊ ၈ (ခ) ၉၃ → ၉၀ ၊ ၃ (ဂ) ၈၄ → ၈၀ ၊ ၄

ဖြည့်စွက်လေ့ကျင့်ခန်း – ကျော်၍ ရေတွက်ခြင်း

အထက်ပါစာမျက်နှာတွင် ၅ ခုစီ၊ ၁၀ ခုစီ ကျော်၍ရေတွက်ခြင်းကို သင်ကြားသည်။ ဤမေးခွန်းများကို ကောင်းစွာ ဖြေရှင်းနိုင်လျှင် အောက်ပါ ၂ ခုစီ၊ ၃ ခုစီနှင့် ၄ ခုစီ ကျော်၍ ရေတွက်ခြင်းကို ဖြေရှင်းပါစေ။

ဆရာက အထက်ပါအတိုင်း ကိန်းမျဉ်းသုံးပြီး ရှင်းပြလျှင် ကလေးများအတွက် အထောက်အကူဖြစ်မည်။

လေ့ကျင့်ခန်း ကွက်လပ်များတွင် အစဉ်လိုက်ကိန်းများ ဖြည့်ပါ။

(၁) ၇၀၊ ၇၂၊ ၇၄၊ **၇၆**၊ ၇၈၊ **၈၀**၊ **၈၂**

(၂) ၅၁၊ ၅၄၊ **၅၇**၊ ၆၀၊ **၆၃**၊ ၆၆၊ **၆၉**

(၃) **၇၆**၊ ၈၀၊ ၈၄၊ **၈၈**၊ ၉၂၊ ၉၆၊ **၁၀၀**

(၄) ၆၈၊ ၆၆၊ **၆၄**၊ **၆၂**၊ ၆၀၊ **၅၈**၊ ၅၆

(၅) ၉၉၊ **၉၆**၊ ၉၃၊ ၉၀၊ **၈၇**၊ ၈၄၊ **၈၁**၊ ၇၈

(၆) ၆၀၊ ၅၆၊ **၅၂**၊ ၄၈၊ **၄၄**၊ **၄၀**၊ ၃၆

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၅။ မေးခွန်း ၁၈ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

➔ အောက်ပါ မေးခွန်းများကို မေးပါ။

- ကိန်းများသည် ကြီးစဉ်ငယ်လိုက် သို့မဟုတ် ငယ်စဉ်ကြီးလိုက် စီထားသလား။
- ကပ်လျက်ရှိသောကိန်း ၂ ခုကြား ခြားနားခြင်း သည် မည်မျှနည်း။

၆။ မေးခွန်း ၁၉၊ ၂၀၊ ၂၁ တို့ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကိုတစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများကို ကိန်းမျဉ်းအသုံးပြုပြီး ဖြေရန် ကလေးများကို တိုက်တွန်းပါ။

➔ ကိန်းမျဉ်းပေါ်၌ ပိုကြီးသောကိန်းက ညာဘက်တွင်ရှိပြီး ပိုငယ်သောကိန်းက ဘယ်ဘက်တွင် ရှိသည်။

၇။ မေးခွန်း ၂၂ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းမျဉ်းပေါ်မှကိန်းအသီးသီး၏ တည်နေရာ ကိုလည်း မေးပါ။

၈။ 'ကိန်းမျဉ်းသုံးပြီး ဘာတွေ သင်ယူခဲ့သလဲ'ဟု မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၁ (၁၁/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ကိန်းများကို စီတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ဝ မှ ၁၀၀ အထိပါသော ကိန်းမျဉ်းပုံကားချပ်
- ကလေးအုပ်စုတိုင်းအတွက် ၃၊ ၁၊ ဝ၊ ၆ အသီးသီးရေးထားသောကိန်းကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၂၃ နှင့် ၂၄ ကို တစ်ဦးချင်းစီဖြေစေပါ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအချက်များကိုပြန်လည်သတိရပါစေ။

- ကိန်း ၂ ခုလုံးတွင် ဆယ်ဂဏန်းများ တူလျှင်
  ➔ ခုဂဏန်းများကို နှိုင်းယှဉ်ပါ။
- ကိန်း ၂ ခုတွင် ဆယ်ဂဏန်းများ မတူလျှင်
  ➔ ဆယ်ဂဏန်းများကို နှိုင်းယှဉ်ပါ။

➔ ကိန်းအသီးသီး၏တည်နေရာကို ကိန်းမျဉ်းပေါ်မှာ စစ်ဆေးပါ။

၂။ ကလေး ၅ ယောက်စီအုပ်စုဖွဲ့ပါ။ အုပ်စုအသီးသီးကို ၃၊ ၁၊ ဝ၊ ၆ အသီးသီးပါသည့် ကိန်းကတ်ပြားတစ်စုံစီပေးပါ။ ထို့နောက် ပိုမိုခက်ခဲသော မေးခွန်းကို အုပ်စုလိုက် ဖြေရှင်းပါစေ။ အဖြေကို အကြောင်းပြချက်နှင့်အတူ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို ကလေးများ နားလည်အောင် သေချာပြုလုပ်ပါ။ အခက်အခဲရှိလျှင် ၃၁ ဖြင့် ဥပမာပေးပါ။

➔ ဖြစ်နိုင်သောကိန်းများကို ဦးစွာရှာရန် ပြောပါ။ (၉ မျိုး ပြုလုပ်နိုင်သည်)

၂၃ ကိန်းတွေကို ယေးရာကကြိုးရာကို စီပါ

(က)



~~၅၄~~ ၊ ~~၅၈~~ ၊ ~~၆၅~~ ၊ ~~၇၃~~ ၊ ~~၇၇~~ ၊ ~~၈၁~~

(ခ)



~~၁၆~~ ၊ ~~၁၉~~ ၊ ~~၆၁~~ ၊ ~~၆၈~~ ၊ ~~၅၆~~ ၊ ~~၉၃~~

၂၄ ကိန်းတွေကို ကြိုးရာကယေးရာကို စီပါ

(က)



~~၉၀~~ ၊ ~~၈၉~~ ၊ ~~၈၇~~ ၊ ~~၆၈~~ ၊ ~~၆၆~~ ၊ ~~၅၇~~

(ခ)



~~၉၄~~ ၊ ~~၉၂~~ ၊ ~~၈၈~~ ၊ ~~၇၃~~ ၊ ~~၅၃~~ ၊ ~~၃၈~~

အေးအေးမှာ ကိန်းကတ်ပြား ၄ ခုရှိတယ် ကတ်ပြား ၂ ခုစီနဲ့ ကိန်းတွေလုပ်ပြီး မေးခွန်းတွေကို ဖြေပါ ကိန်းတွေကို ဝ (သုည)နဲ့ မစပါနဲ့

၃	၁	ဝ	၆

(က) အကြီးဆုံးကိန်းက ~~၆၃~~ ဖြစ်တယ်

(ခ) အငယ်ဆုံးကိန်းက ~~၁ဝ~~ ဖြစ်တယ်

(ဂ) ၂ဝ အောက်ငယ်တဲ့ကိန်းတွေက ~~၁ဝ~~ ၊ ~~၁၃~~ နဲ့ ~~၁၆~~ ဖြစ်တယ်

(ဃ) ၆ဝ ထက်ကြီးတဲ့ကိန်းတွေက ~~၆၁~~ နဲ့ ~~၆၃~~ ဖြစ်တယ်

၁၄၃

ဆရာများအတွက် အကြံပြုချက်

ကိန်းကတ်ပြား ၄ ခုမှ ဂဏန်း ၂ လုံးပါကိန်း ပြုလုပ်ခြင်း

အထက်ပါစာမျက်နှာမှ ပိုမိုခက်ခဲသည့်လေ့ကျင့်ခန်းတွင် ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းများကို နည်းလမ်း ၉ မျိုးဖြင့် ပြုလုပ်နိုင်သည်။ မေးခွန်း (က) မှ (ဃ) အထိကိုဖြေရန် ကလေးများသည် ဤကိန်း ၉ လုံးကို ဦးစွာ ပြုလုပ်နိုင်ရမည်။



ဤကိန်းများကို အောက်တွင် ပြထားသည့်အတိုင်း ငယ်စဉ်ကြီးလိုက်စီရန် ကလေးများကို ပြောပါ။

၁ဝ၊ ၁၃၊ ၁၆၊ ၃ဝ၊ ၃၁၊ ၃၆၊ ၆ဝ၊ ၆၁၊ ၆၃

ကလေးများသည် သူတို့၏ လေ့ကျင့်ခန်းစာအုပ်တွင် အထက်ပါ ကိန်းစဉ်ကို ရေးနိုင်လျှင် မေးခွန်း (က)မှ (ဃ) အထိကို အလွယ်တကူ ဖြေရှင်းနိုင်မည် ဖြစ်သည်။

ဘာပုံဖြစ်မလဲ

အစက်တွေကို ၅၀ က ၁၀၀ အထိ ရေးထားတယ် အစက် ၅၀ နဲ့ ၅၁ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ ပြီးရင် အစက် ၅၁ နဲ့ ၅၂ ကို မျဉ်းတစ်ကြောင်းနဲ့ ဆက်ပါ ဒီအတိုင်း အစက် ၁၀၀ အထိ ဆက်တိုက် ဆက်ပါ ပုံကို မြင်ရလိမ့်မယ်

(ပင်ငွင်းငှက်)



၁၄၄

၃။ ကလေးတစ်ဦးချင်းစီ 'ဘာပုံဖြစ်မလဲ' လုပ်ငန်းကိုပြုလုပ်ပါစေ။ သူတို့၏တွေ့ရှိချက်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းကို သေချာစွာနားလည်အောင် ပြုလုပ်ပေးပါ။

➔ မည်သို့ပြုလုပ်ရမည်ကို နားမလည်လျှင် အစပိုင်းအစက်တချို့ကို မျဉ်းဖြင့် ဆက်ပြပါ။

၄။ "ဒီနေ့ ဘာတွေသင်ယူခဲ့သလဲ" ဟုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လေ့ကျင့်ခန်း

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ၁၀၀ အထိ ကိန်းများကိုရှာခြင်းသည် ကျွန်ုပ်တို့နေ့စဉ်ဘဝနှင့် သင်္ချာကိုဆက်စပ်နိုင်ရန် အထောက်အကူပြုသောအရေးကြီးသည့် လုပ်ငန်းဖြစ်သည်။ လုပ်ငန်း ၂ ခုမှာ – ပစ္စည်းစစ်များကိုရေတွက်ခြင်းနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးအစားများတွင် ရေးသားထားသောကိန်းများကို ရှာခြင်းတို့ဖြစ်သည်။

လုပ်ငန်း ၁

စာသင်ခန်းထဲရှိ ပစ္စည်းများကို ရေတွက်ပြီး ၁၀၀ အထိ ကိန်းများ ရှာပါ။

➔ **(ဥပမာ)** ကလေးများ၊ စားပွဲများ၊ ကုလားထိုင်များ၊ အုပ်စုအသီးသီး ပိုင်ဆိုင်သော ကျောင်းသုံးစာအုပ်အားလုံး စသည်တို့၏ အရေအတွက်

လုပ်ငန်း ၂

အိမ်ရှိ ပစ္စည်းအမျိုးမျိုးပေါ်တွင် ရေးထားသော ၁၀၀ အထိ ကိန်းများကိုရှာပါ။

➔ **(ဥပမာ)** ပစ္စည်းထုပ်များ၊ ဘူးများ၊ ပြက္ခဒိန်များ စသည်တို့ပေါ်တွင် ရေးထားသော ကိန်းများ

ကလေးများ၏ပညာရေးကို မိသားစုက အိမ်တွင် ပံ့ပိုးကူညီမှု ပြုနိုင်ရန် ဆရာက ကလေးများကို မိမိတို့ကျောင်းတွင် သင်ယူခဲ့သောသင်္ချာသင်ခန်းစာအကြောင်း မိဘများကို ပြောရန် အားပေးတိုက်တွန်းသည်။

သင်ခန်းစာ ၁၂၊ ၁၃ (၁၂၊ ၁၃/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိကိန်းများကို စီထားသော အစီအစဉ်၏ကွာခြားချက်ကို ရှာတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်တွင် ကပ်ရန် ၀ မှ ၁၀၀ အထိ ပါသော ကိန်းဇယားအကြီးတစ်ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၀ မှ ၁၀၀ အထိ ပါသည့် ကိန်းဇယားတစ်ခုကို သင်ပုန်းပေါ်တွင် ကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ဒီဇယားက ဘာတွေလဲ ပြောပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၀ မှ ၁၀၀ အထိ ကိန်းများပြဇယားဖြစ်သည်ကို ကလေးများ နာလည်သည်မှာ သေချာပါစေ။

၂။ ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်တွင် အလားတူကိန်းဇယားမျိုး ပြုလုပ်ပါစေ။ မှန်ကန်စွာ ပြုလုပ်နိုင်၊ မပြုလုပ်နိုင် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ လေးထောင့်ကွက်များ ဆွဲရာတွင် အခက်အခဲရှိလျှင် ဆရာလမ်းညွှန်စာအုပ်မှ လေးထောင့်ကွက် စာမျက်နှာကိုကူးယူပြီး အသုံးပြုပါစေ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (သင်ခန်းစာ ၁၃)

၁။ ၀ မှ ၁၀၀ အထိ ပါသည့် ကိန်းဇယားတစ်ခုကို သင်ပုန်းပေါ်တွင် ကပ်ပါ။ ကလေးများကို နှစ်ယောက်တစ်တွဲစီအုပ်စုဖွဲ့ပါ။ ထို့နောက် အဓိကမေးခွန်း ၇ (က)ကို မေးပါ။ သူတို့၏တွေ့ရှိချက်များကို နှစ်ယောက်တစ်တွဲ အချင်းချင်းပြောပါစေ။ ထို့နောက် တချို့ကလေးများအား တစ်တန်းလုံးသို့ တင်ပြစေခြင်းဖြင့် သူတို့၏တွေ့ရှိချက်များကို မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ၏တွေ့ရှိချက်များကို သူတို့သိသည့်စကားဖြင့် ရှင်းပြရန် အားပေးပါ။

၂။ အဓိကမေးခွန်း ၇ (ခ) ကို ၇ (က) အတိုင်း ရှာဖွေပါစေ။

၃။ အဓိကမေးခွန်း ၇ (ဂ) ကို တစ်ဦးချင်းစီရှာစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

➔ အဖြေကို စစ်ဆေးရန် ကိန်းဇယားအကြီးကို အသုံးပြုပါ။

၄။ ဇယားတွင် ၁၀၀ အထိ ကိန်းစီစဉ်ထားပုံ၏ ထူးခြားချက်များကို ပြန်မေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၇ ၀ က ၁၀၀ အထိ ကိန်းတွေနဲ့ ဇယားတစ်ခုပြုလုပ်ကြည့်ကြမယ်

၀	၁	၂	၃	၄	၅	၆	၇	၈	၉
၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉
၂၀	၂၁	၂၂	၂၃	၂၄	၂၅	၂၆	၂၇	၂၈	၂၉
၃၀	၃၁	၃၂	၃၃	၃၄	၃၅	၃၆	၃၇	၃၈	၃၉
၄၀	၄၁	၄၂	၄၃	၄၄	၄၅	၄၆	၄၇	၄၈	၄၉
၅၀	၅၁	၅၂	၅၃	၅၄	၅၅	၅၆	၅၇	၅၈	၅၉
၆၀	၆၁	၆၂	၆၃	၆၄	၆၅	၆၆	၆၇	၆၈	၆၉
၇၀	၇၁	၇၂	၇၃	၇၄	၇၅	၇၆	၇၇	၇၈	၇၉
၈၀	၈၁	၈၂	၈၃	၈၄	၈၅	၈၆	၈၇	၈၈	၈၉
၉၀	၉၁	၉၂	၉၃	၉၄	၉၅	၉၆	၉၇	၉၈	၉၉
၁၀၀									



(က) ဇယားကို အလျားလိုက် ကြည့်ရင် ဘာတွေ့သလဲ (၁ စီတိုးသွားတယ်)

(ခ) ဇယားကို ဒေါင်လိုက် ကြည့်ရင် ဘာတွေ့သလဲ (၁၀ စီတိုးသွားတယ်)

(ဂ) အောက်ကပုံတွေဟာ အပေါ်ကဇယားရဲ့ အစိတ်အပိုင်းဖြစ်တယ် ကွက်လပ်တွေမှာ ကိန်းတွေဖြည့်ပါ

၇၀	၇၁	၇၂	၇၃
၈၀	၈၁	၈၂	၈၃

၁၆		
၂၆		
၃၆		
၄၆	၄၇	၄၈

၁၁		
	၂၂	
		၃၃
		၄၄

၁၄၅

ဖြည့်စွက်လေ့ကျင့်ခန်း – ပြက္ခဒိန်ဖတ်ခြင်း

ကလေးများသည် ပြက္ခဒိန်နှင့် ရင်းနှီးပြီးသားဖြစ်လျှင် ဆရာသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

လုပ်ငန်း

(၁) အောက်ပါ ၂၀၁၇ ခုနှစ်၊ ဧန်နဝါရီလ၏ ပြက္ခဒိန်ကို ပြပါ။

(၂) ကလေးများ တစ်ပတ်တွင်ရှိသောနေ့များကို သိ၊ မသိ စစ်ဆေးပါ။

(၃) တနင်္ဂနွေနေ့တွင် တွေ့ရသောကိန်းများကြား ခြားနားချက်ကို ရှာပါ။(၇) (တနင်္ဂနွေနေ့များသည် ၁၊ ၈၊ ၁၅၊ . . . တို့တွင် ကျရောက်သည်)

(၄) တနင်္လာနေ့နှင့် ကြာသပတေးနေ့တို့တွင် တွေ့ရသောကိန်းများကြား ခြားနားချက်ကိုရှာပါ။ (ပထမပတ်တွင် ၂ ရက်နှင့် ၅ ရက် . . .) (၃)

(၅) ပြက္ခဒိန်နှင့်ပတ်သက်၍ သူတို့တွေ့ရှိချက်များကို မျှဝေရန် ကလေးများကိုပံ့ပိုးပါ။

၂၀၁၇ ဧန်နဝါရီလ

	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
ပထမပတ်	၁	၂	၃	၄	၅	၆	၇
ဒုတိယပတ်	၈	၉	၁၀	၁၁	၁၂	၁၃	၁၄
တတိယပတ်	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁
စတုတ္ထပတ်	၂၂	၂၃	၂၄	၂၅	၂၆	၂၇	၂၈
ပဉ္စမပတ်	၂၉	၃၀	၃၁				

လေ့ကျင့်ခန်း (၁)

၁။ ကွက်လပ်များတွင် ကိန်းများကို ဖြည့်ပါ။

(က) ၆ ဆယ်နှင့် ၇ ခု သည် ၆၇ ဖြစ်သည်။

(ခ) ၃၈ သည် ၃ ဆယ် နှင့် ၈ ခုဖြစ်သည်။

(ဂ) ၉၂ တွင် ဆယ်နေရာ၌ ၉ နှင့် ခုနေရာ၌ ၂ ရှိသည်။

(ဃ) ၄၉ ထက် ၄ ကြီးသောကိန်းသည် ၅၃ ဖြစ်သည်။

(င) ၁၀၀ အောက် ၁၀ ငယ်သောကိန်းသည် ၉၀ ဖြစ်သည်။

(စ) ၇၄ သည် ၆၈ ထက် ၆ ကြီးသည်။

၂။ ပိုကြီးသောကိန်းကို ဝိုင်းပါ။

(က) ၄၇ နှင့် (၇၄) (ခ) (၆၁) နှင့် ၃၉ (ဂ) ၅၀ နှင့် (၈၂)

၃။ ကွက်လပ်များတွင် အစဉ်လိုက်ကိန်းများကို ဖြည့်ပါ။

(က) ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ (ခ) ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀

(ဂ) ၄၂၊ ၄၁၊ ၄၀၊ ၃၉၊ ၃၈ (ဃ) ၈၀၊ ၇၉၊ ၇၈၊ ၇၇၊ ၇၆

၄။ ကွက်လပ်များတွင် အောက်ပါကိန်းများကို ဖြည့်ပါ။

၆၂	၉၁	၂၈	၇၅

(က) အကြီးဆုံးကိန်းသည် ၉၁ ဖြစ်သည်။

(ခ) အငယ်ဆုံးကိန်းသည် ၂၈ ဖြစ်သည်။

(ဂ) ၇၅ အောက်ငယ်သောကိန်းများသည် ၂၈ နှင့် ၆၂ ဖြစ်သည်။

(ဃ) ၆၂ အောက်ငယ်သောကိန်းသည် ၂၈ ဖြစ်သည်။

(င) ၆၂ ထက်ကြီးပြီး ၉၁ အောက်ငယ်သောကိန်းသည် ၇၅ ဖြစ်သည်။

(စ) ၇၅ အောက်ငယ်ပြီး ၂၈ ထက်ကြီးသောကိန်းသည် ၆၂ ဖြစ်သည်။

ဖြည့်စွက်လေ့ကျင့်ခန်း – ပေါင်းခြင်းနှင့် နုတ်ခြင်းကြား ဆက်သွယ်ချက်

ဤအခန်း၏ အခန်းကဏ္ဍတစ်ခုမှာ နောက်တစ်ခန်းတွင် သင်ယူရမည့်ကိန်းကြီးများ ပေါင်းခြင်း၊ နုတ်ခြင်းအတွက် ကလေးများကို ကြိုတင်ပြင်ဆင်ပေးရန် ဖြစ်သည်။ အထက်ပါလေ့ကျင့်ခန်း (၁) မေးခွန်း ၁ နှင့် ၄ ကဲ့သို့ တွက်ချက်မှုများနှင့် ဆင်တူလေ့ကျင့်ခန်းများပေးရန် လိုအပ်သည်။ အောက်ပါတို့သည် ကျောင်းသုံးစာအုပ်ရှိ မေးခွန်းများထက် အနည်းငယ် ပိုခက်သောဖြည့်စွက်လေ့ကျင့်ခန်းများ ဖြစ်သည်။

လေ့ကျင့်ခန်း ကွက်လပ်တွင် ကိန်းဖြည့်ပါ။

(၁) ၈၃ သည် ၇၉ ထက် ~~၄~~ ပိုကြီးသည်။

(၂) ~~၉၁~~ သည် ၉၈ အောက် ၇ ငယ်သည်။

(၃) ၆၂ သည် ~~၆၈~~ အောက် ၆ ငယ်သည်။

(၄) ~~၃၉~~ သည် ၅၄ ထက် ၅ ကြီးသည်။

(၅) ၅၀ သည် ~~၄၅~~ ထက် ၅ ကြီးသည်။

(၆) ~~၁၀၀~~ သည် ၉၆ ထက် ၄ ကြီးသည်။

သင်ခန်းစာ ၁၄၊ ၁၅ (၁၄၊ ၁၅/၁၅)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁၊ ၂၊ ၃ နှင့် ၄ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို အတန်းသို့ တင်ပြစေပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်သင်ခန်းစာတွင် အလားတူမေးခွန်းများကို မည်သို့ဖြေရှင်းခဲ့သည်ကို ပြန်လည်သတိရပါစေ။

➔ လိုအပ်လျှင် အကွက်များနှင့်နေရာလိုက်တန်ဖိုးဇယား သို့မဟုတ် ကိန်းမျဉ်းကို အသုံးပြုပါစေ။

➔ အချိန်ရလျှင် အခန်း ၁၈ အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖြည့်စွက်လေ့ကျင့်ခန်းများကို ဖြေပါစေ။

၂။ ဤသင်ခန်းစာများတွင် သင်ယူခဲ့သည်များကို ပြန်မေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

အခန်း ၁၈ ကိန်းကြိုးများပေါင်းခြင်းနှုတ်ခြင်း

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၁.၄။ ၁၀၀ အထိ လွယ်ကူသော ပေါင်းခြင်း၊ နုတ်ခြင်းကို ပြုလုပ်တတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၁.၄.၁.၁။ ၁၀၀ အထိ လွယ်ကူသော ပေါင်းခြင်းကို ပြုလုပ်တတ်ရန်
၁.၄.၁.၂။ ၁၀၀ အထိ လွယ်ကူသော နုတ်ခြင်းကို ပြုလုပ်တတ်ရန်
၁.၄.၁.၃။ ၁၀၀ အထိ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းတတ်ရန်

စာသင်ချိန်

- ၁၃ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို သင်ကြားပို့ချရမည်ဖြစ်ပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ ကလေးများကို အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၀၀ အထိ ဆယ်ပြည့်ကိန်း ၂ ခုကို အလျားလိုက် ပေါင်းတတ်ရန်	● ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့်အသုံးမပြုဘဲ အလျားလိုက်ပေါင်းခြင်း။	● ကလေးများသည် ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီး အလျားလိုက်ပေါင်းတတ်မည်။ ● ကလေးများသည် ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ အလျားလိုက်ပေါင်းတတ်မည်။
၂	၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်ရန်	● ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့်အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုအသုံးပြုပြီး ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုအသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်မည်။
၃	၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်ရန်	● ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့် အသုံးမပြုဘဲ အလျားလိုက်ပေါင်းခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုအသုံးပြုပြီး ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
			● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်း ၂ခု ကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ၊ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်မည်။
၄–၅	၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်ရန်	● ၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းခြင်း။	● ကလေးများသည် ၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းတတ်မည်။
၆	၁၀၀ အထိ ကိန်းများကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းခြင်းဆိုင်ရာပုစ္ဆာများ ဖြေရှင်းတတ်ရန်	● ၁၀၀ အထိ ကိန်းများကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်ပေါင်းခြင်းဆိုင်ရာပုစ္ဆာများ ဖြေရှင်းခြင်း။	● ကလေးများသည် ၁၀၀ အထိကိန်းများကို ကိန်းပြောင်းဖွဲ့မှုမပါဘဲအလျားလိုက် ပေါင်းခြင်းဆိုင်ရာပုစ္ဆာများ ဖြေရှင်းတတ်မည်။
၇	၁၀၀ အထိ ဆယ်ပြည့်ကိန်း ၂ ခုကို အလျားလိုက် နုတ်တတ်ရန်	● ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုအသုံးပြုပြီးနှင့် အသုံးမပြုဘဲ အလျားလိုက်နုတ်ခြင်း။	● ကလေးများသည် ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီး အလျားလိုက်နုတ်တတ်မည်။ ● ကလေးများသည် ဆယ်ပြည့်ကိန်း ၂ ခုကို ပစ္စည်းစစ်များ၊ ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ အလျားလိုက် နုတ်တတ်မည်။
၈	၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နုတ်တတ်ရန်	● ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့် အသုံးမပြုဘဲ၊ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်ခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီး ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်မည်။
၉	၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်းမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်ရန်	● ဂဏန်း ၂ လုံးပါကိန်းမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့် အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်ခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိုယ်စားပြုပစ္စည်းများနှင့်နေရာလိုက်တန်ဖိုးဇယားကိုအသုံးပြုပြီး ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်မည်။

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁၀	၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နှတ်တတ်ရန်	● ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့် အသုံးမပြုဘဲ၊ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်ခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပြီးနှင့် အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်တတ်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးမပြုဘဲ ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နှတ်တတ်မည်။
၁၁–၁၂	၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်တတ်ရန်	● ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်ခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နှတ်တတ်မည်။
၁၃	၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်ခြင်းဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းတတ်ရန်	● ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နှတ်ခြင်းဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းခြင်း။	● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နှတ်ခြင်းဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းတတ်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ကလေးများသည် ၁၀၀ အထိလွယ်ကူသော ပေါင်းခြင်း၊ နှုတ်ခြင်းကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ သင်ယူကြသည်။ သူတို့သည် ပေါင်းခြင်း၊ နှုတ်ခြင်းကိုဒေါင်လိုက်မဟုတ်ဘဲ အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကြသည်။

(၁) ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း (ဥပမာ ၃၀ + ၂၀)

(၂) ကိန်းပြောင်းဖွဲ့မှုမပါသော ဂဏန်း ၂လုံး + ဂဏန်း ၁လုံး၊ ဂဏန်း ၁လုံး + ဂဏန်း ၂လုံး (ဥပမာ ၂၃ + ၅၊ ၄ + ၃၂)

(၃) ကိန်းပြောင်းဖွဲ့မှုမပါသော ဂဏန်း ၂လုံး + ဂဏန်း ၂လုံး (ဥပမာ ၄၁ + ၁၆)

(၄) ဆယ်ပြည့်ကိန်း – ဆယ်ပြည့်ကိန်း (ဥပမာ ၇၀ – ၃၀)

(၅) ကိန်းပြောင်းဖွဲ့မှုမပါသော ဂဏန်း ၂ လုံး – ဂဏန်း ၁ လုံး (ဥပမာ ၂၈ – ၄)

(၆) ဂဏန်း ၂လုံး – ဆယ်ပြည့်ကိန်း (ဥပမာ ၅၄ – ၃၀)

(၇) ကိန်းပြောင်းဖွဲ့မှုမပါသော ဂဏန်း ၂လုံး – ဂဏန်း ၂ လုံး (ဥပမာ ၃၈ – ၂၆)

ပထမဦးစွာ တွက်ချက်ခြင်းများကိုရှင်းပြရန် ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုနိုင်သည်။ ဤအဆင့်တွင် နေရာအလိုက်ခွဲ၍ တွက်နိုင်သည်ကို ကလေးများနားလည်စေရန် လိုအပ်သည်။ ထို့အပြင် နောက်တစ်ဆင့်သို့မသွားမီ ကိုယ်စားပြုပစ္စည်းများဖြင့် မည်သို့တွက်ရမည်ကို ကလေးများနားလည်စေရန် အရေးကြီးသည်။ ၄၁ + ၁၆ ကို မည်သို့ တွက်ရမည်ကို နားလည်စေရန် အောက်ပါဥပမာ မေးခွန်းများသည် အထောက်အပံ့ ဖြစ်စေမည်။

(က) ၄၁ ရဲ့ ဆယ်နေရာမှာ ၁၀ အုပ်စု ဘယ်နှစ်စုရှိသလဲ။
(ခ) ၄၁ ရဲ့ ခုနေရာမှာ အကွက် ဘယ်နှစ်ကွက်ရှိသလဲ။
(ဂ) ၁၆ ရဲ့ ဆယ်နေရာမှာ ၁၀ အုပ်စု ဘယ်နှစ်စုရှိသလဲ။
(ဃ) ၁၆ ရဲ့ ခုနေရာမှာ အကွက်ဘယ်နှစ်ကွက်ရှိသလဲ။
(င) အတူတူထားပြီးနောက် ခုနေရာတွင် အကွက်ဘယ်နှစ်ကွက်ရှိသလဲ။
(စ) အတူတူထားပြီးနောက် ဆယ်နေရာတွင် ၁၀ အုပ်စုဘယ်နှစ်စုရှိသလဲ။
(ဆ) ဒါဆိုရင် အဖြေက ဘယ်လောက်လဲ။



နောက်တစ်ဆင့်တွင် ကလေးများသည် ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားမပါဘဲ တွက်ရမည်။ အကယ်၍ ကလေးများ အခက်အခဲရှိလျှင် မည်သို့တွက်ရမည်ကို ပြန်လည်မှတ်မိစေရန် အထက်ပါမေးခွန်းများကို ဆရာက ပြန်လည်မေးမြန်းနိုင်သည်။

ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုသုံးပြီး နုတ်ခြင်းကိုပြသပုံ

ကိုယ်စားပြုပစ္စည်းများနှင့် နေရာလိုက်တန်ဖိုးဇယားကိုသုံးပြီး နုတ်ခြင်းကို ပြသသည့်နည်းလမ်း ၂ မျိုးရှိသည်။ ယင်းတို့မှာ အောက်တွင် ပြထားသည့်အတိုင်း 'လျော့သွားခြင်း' အမျိုးအစားနှင့် 'ခြားနားခြင်း' အမျိုးအစားတို့ဖြစ်သည်။ ဇယား ၂ ခုလုံးသည် မတူကွဲပြားသည်ဟု ထင်ရသော်လည်း ၃၈ – ၂၆ ကိုပြသည်။ ဤအခန်းတွင် 'လျော့သွားခြင်း' အမျိုးအစားကိုအသုံးပြုပြီး ဒုတိယတန်း သို့မဟုတ် တခြားအတန်းများတွင် ဆက်တိုက်အသုံးပြုမည် ဖြစ်သည်။

ဤအမျိုးအစားကို ကလေးများပိုမိုရင်းနှီးသည့်အတွက် 'လျော့နည်းခြင်း' အမျိုးအစားကိုအသုံးပြုထားသည်။ ထို့ပြင် ခြားနားခြင်း အမျိုးအစားရှိသည့် ၃၈ – ၂၆ ဥပမာတွင် အကွက် ၅၂ ကွက်ကို ဇယားမှဖယ်ထုတ်ရမည်ဖြစ်သဖြင့် ကလေးများအတွက် ရှုပ်ထွေးနိုင်သည်။



'လျော့သွားခြင်း' အမျိုးအစား



'ခြားနားခြင်း' အမျိုးအစား

ဤအခန်းအတွက်သိပြီးအသိပညာ

ယခင်အခန်းတွင် ကလေးများသည် ၁၀၀ အထိ ကိန်းများကို ၁၀ အုပ်စု သဘောနှင့် နေရာလိုက်တန်ဖိုးဇယားသုံးပြီး သင်ယူခဲ့သည်။ ထို့အပြင် တခြားအခန်းများတွင်လည်း ၁၉ အထိ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းကို ၁၀ အုပ်စုသဘောသုံးပြီး သင်ယူခဲ့သည်။ ဤအခန်းအစတွင် ထိုသိပြီးအသိပညာများကို ကလေးများ ပြန်လည်မှတ်မိစေရန် အရေးကြီးသည်။

သင်ခန်းစာ ၁ (၁/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဆယ်ပြည့်ကိန်းနှစ်ခုကို အလျားလိုက်ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါ ကားချပ်၊ အကွက်ပုံကတ်ပြားများ၊ စာအုပ်ထုပ်ပုံ ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ စာအုပ်ထုပ်ပုံ ကတ်ပြားများကို အိတ်ပါကားချပ်တွင်ထည့်ပြီး အောက်ပါမေးခွန်းများကို မေး၍ အဓိကမေးခွန်း ၁ ကို တစ်တန်းလုံး ဖြေရှင်းပါစေ။ စာအုပ်များအစား ယခင်အတိုင်း အကွက်များသုံးမည်။

- ၁၀ အုပ်စု (တစ်ဆယ်တိုင်) မည်မျှကို ဦးစွာထားသင့်သလဲ။
- နောက်ထပ် ၁၀အုပ်စု (တစ်ဆယ်တိုင်)မည်မျှကို ထည့်သင့်သလဲ။
- အားလုံးပေါင်း ၁၀ အုပ်စု (တစ်ဆယ်တိုင်) မည်မျှရှိသနည်း။
- အကွက်ငယ် မည်မျှရှိသနည်း။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာအုပ်များ၊ အကွက်များနှင့် ကိန်းများကို ရှင်းလင်းစွာ ချိတ်ဆက်ပါ။

၂။ မေးခွန်း ၁ ကို ကလေးများဖြေစေပြီး သူတို့၏ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အကူအညီလိုအပ်လျှင် အောက်ပါမေးခွန်းများကို မေးပါ။

- ၄၀ မှာ ၁၀ အုပ်စု ဘယ်နှစ်စုရှိသလဲ။
- ၁၀ မှာ ၁၀ အုပ်စု ဘယ်နှစ်စုရှိသလဲ။
- ၁၀ အုပ်စု အားလုံး ဘယ်နှစ်စုရှိသလဲ။
- အကွက် ဘယ်နှစ်ကွက်ရှိသလဲ။

➔ ကလေးများ အခက်အခဲရှိသေးလျှင် အကွက်များကို အသုံးပြုပါ။

၃။ မေးခွန်း ၂ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၁ တွင် မေးသည့် မေးခွန်းများကဲ့သို့မေးပြီး ကလေးများကို ကူညီပံ့ပိုးပေးပါ။

၄။ ဆယ်ပြည့်ကိန်း ၂ လုံးကို မည်သို့ ပေါင်းရမည်ကိုမေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၁၈ ကိန်းကြီးများပေါင်းခြင်းနှင့်နုတ်ခြင်း

၁ ဗလာစာအုပ် ၃၀ ရှိတယ် နောက်ထပ်ဗလာစာအုပ် ၂၀ ဝယ်လာတယ် အားလုံးပေါင်းစာအုပ် ဘယ်လောက်ရှိသလဲ







ညီမျှခြင်း ၃၀ + ၂၀ = ၅၀ အဖြေ ၅၀ အုပ်

၂ တွက်ပါ

(က) ၄၀ + ၁၀ ၅၀ (ခ) ၆၀ + ၂၀ ၈၀ (ဂ) ၄၀ + ၅၀ ၉၀

(ဃ) ၁၀ + ၈၀ ၉၀ (င) ၃၀ + ၃၀ ၆၀ (စ) ၆၀ + ၄၀ ၁၀၀

၃ အဖြူရောင် ပန်းပွင့် ၅ စည်းနဲ့ အနီရောင် ပန်းပွင့် ၃ စည်းရှိတယ် တစ်စည်းမှာ ပန်း ၁၀ ပွင့်ရှိတယ် ပန်းပွင့်အားလုံး ဘယ်လောက်ရှိသလဲ

၅၀ + ၃၀ = ၈၀ အဖြေ ၈၀ ပွင့်

၁၄၇

သင်ကြားရေးအတွက်အကြံပြုချက်၊ ၁၀ ကို ဖော်ပြရန် တစ်ဆယ်တိုင်များ အသုံးပြုခြင်း

ကလေးများ ၁၀ အုပ်စုကို ရင်းနှီးလာပြီဆိုလျှင် ဆရာက ၁၀ အုပ်စု ၁စု ကို ဖော်ပြရန် တစ်ဆယ်တိုင် (ထောင့်မှန်စတုဂံရှည်)အဖြစ် အစားထိုးအသုံးပြုနိုင်သည်။



ဥပမာ၊ ညာဘက်ပုံတွင် ပြထားသည့်အတိုင်း ၃၀ နှင့် ၂၀ ကို ပြရန် တစ်ဆယ်တိုင်များကို အသုံးပြုနိုင်သည်။



၁၀ အဖြစ် တစ်ဆယ်တိုင်များကို အသုံးပြုခြင်း၏ ကောင်းကျိုးများ –

- ကလေးများသည် ရေတွက်စရာမလိုဘဲ ၁၀ ကို အလွယ်တကူသိနိုင်သည်။
- ၁၀၀ အထိ ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်သည်။
- ဆရာများသည် သင်ထောက်ကူများကို အချိန်တို အတွင်း ကြိုတင်ပြင်ဆင်နိုင်မည်။

၂ အောက်ကအပေါင်းတွေကို ဘယ်လိုတွက်မလဲ

(က) ၂၃ + ၅





၂၃ + ၅ = ___၂၈___

(ခ) ၄ + ၃၂





၄ + ၃၂ = ___၃၆___

၃ တွက်ပါ

(က) ၃၁ + ၄ = **၃၅** (ခ) ၄၃ + ၆ = **၄၉** (ဂ) ၇၀ + ၂ = **၇၂** (ဃ) ၆၂ + ၅ = **၆၇**
(င) ၄ + ၈၁ = **၈၅** (စ) ၉ + ၅၀ = **၅၉** (ဆ) ၃ + ၄၄ = **၄၇** (ဇ) ၇ + ၉၂ = **၉၉**

သင်ခန်းစာ ၂ (၂/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်းတစ်ခုနှင့် ဂဏန်း ၁ လုံးပါကိန်းတစ်ခုကို ကိန်းပြောင်းဖွဲ့မှု မပါဘဲ အလျားလိုက်ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၂ (က)ကို ကလေးများ တစ်တန်းလုံး အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်မှ နေရာလိုက်တန်ဖိုး ဇယားတွင် ၂၃ + ၅ အတွက်အကွက်များကို ကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ၂၃ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသနည်း။
- ၅ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသနည်း။
- ကိန်း ၂ ခုကို မည်သို့ ပေါင်းရမည်နည်း။

➔ ပေါင်းလဒ်သည် ၂၈ ဖြစ်သည်ကို ပြရန် အကွက်များကို ရွှေ့ပါ။

➔ ခုနေရာမှ ဂဏန်းများကိုသာ ပေါင်းရန်လိုသည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ အဓိကမေးခွန်း ၂ (ခ)ကို မေးခွန်း (က)အတိုင်း တစ်တန်းလုံး အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ခုနေရာရှိ ဂဏန်းများကိုသာ ပေါင်းရန် လိုအပ်သည်ကို အဓိကထား ပြောပါ။

၃။ မေးခွန်း ၃ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၂ (က) ကဲ့သို့ မေးခွန်းများမေးပြီး ကလေးများကို ပံ့ပိုးပါ။

➔ လိုအပ်လျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါ။

၄။ ဤသင်ခန်းစာတွင် ကိန်း ၂ ခု မည်သို့ ပေါင်းရသည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ကြားရေးအတွက် အကြံပြုချက် – ၀ ဖြင့် ပေါင်းခြင်း

၀ ဖြင့်တွက်ခြင်းသည် ကလေးများအတွက် မကြာခဏရှုပ်ထွေးစေသည်။ ဥပမာ၊ ၃ + ၀ ကို တွက်ရာ၌ ပေါင်းပြီးသောအခါ အဖြေသည် တိုးမလာသည့်အတွက် ထူးဆန်းသည်ဟုထင်ကာ ကလေးများသည် ၃ + ၀ = ၅ ဟု တွက်တတ်ကြသည်။ ဤရှုပ်ထွေးမှုကို ဖယ်ရှားရန် အကောင်းဆုံးနည်း တစ်ခုမှာ ကိုယ်စားပြုပစ္စည်းများဖြင့် ရေတွက်ခြင်းဖြစ်သည်။

ဥပမာ၊ ၉ + ၅၀ ကို တွက်ရာတွင် အကွက်ငယ် ၉ ကွက်နှင့် ၀ ကွက်ကို ခုနေရာတွင် အသီးသီးထားပါ။ ၉ ခုသာရှိသည်ကိုသိရန် ရေတွက်ပါ။ ထို့နောက် တစ်ဆယ်တိုင် ၀ တိုင်နှင့် ၅ တိုင်ကို ဆယ်နေရာတွင် အသီးသီးထားပါ။ တစ်ဆယ်တိုင် ၅ တိုင်သာရှိသည်ကိုသိရန် ရေတွက်ကြည့်ပါ။





သင်ခန်းစာ ၃ (၃/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် ပေါင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၃ ကို ကလေးများ တစ်တန်းလုံး အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်မှ နေရာလိုက်တန်ဖိုး ဇယားတွင် ၄၁ + ၁၆ အတွက် အကွက်များကို ကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ၄၁ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှ ရှိသနည်း။
- ၁၆ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှ ရှိသနည်း။
- ကိန်း ၂ ခုကို မည်သို့ ပေါင်းရမည်နည်း။

➔ ပေါင်းလဒ် ၅၇ ဖြစ်သည်ကိုပြရန် အကွက်များကို ရွှေ့ပါ။

➔ ခုနေရာရှိ ဂဏန်းအချင်းချင်းနှင့် ဆယ်နေရာရှိ ဂဏန်းအချင်းချင်း ပေါင်းရမည်ကို ကလေးများ ရှာတွေ့ပါစေ။ (ခုနေရာတွင် ၁ + ၆၊ ဆယ်နေရာတွင် ၄၀ + ၁၀)

၂။ မေးခွန်း ၄ ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၃ တွင် မေးသည့် မေးခွန်းများကဲ့သို့မေးပြီး ကလေးများကို ပံ့ပိုးကူညီပါ။

➔ လိုအပ်လျှင် အကွက်များနှင့် နေရာလိုက်တန်ဖိုး ဇယားကို အသုံးပြုပါ။

၃။ ဤသင်ခန်းစာတွင် ကိန်း ၂ ခုကို မည်သို့ပေါင်းရသည်ကိုမေးပြီး ကလေးများသင်ခန်းစာကို နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤသင်ခန်းစာတွင် ခုနေရာရှိ ဂဏန်းအချင်းချင်း၊ ဆယ်နေရာရှိ ဂဏန်းအချင်းချင်း ပေါင်းနိုင်သည်ကို အဓိကထားပြောပါ။

၃ ၄၁ + ၁၆ ကို ဘယ်လိုတွက်မလဲ





၄၁ + ၁၆ = ___၅၇___

၄ တွက်ပါ

(က) ၃၂ + ၂၀ ၅၂ (ခ) ၄၀ + ၁၅ ၅၅ (ဂ) ၅၁ + ၁၄ ၆၅
(ဃ) ၅၆ + ၂၃ ၇၉ (င) ၂၂ + ၄၄ ၆၆ (စ) ၃၄ + ၆၂ ၉၆

လေ့ကျင့်ခန်း (၁)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀ + ၃၀ ၇၀ (ခ) ၄၀ + ၄၀ ၈၀ (ဂ) ၁၀ + ၉၀ ၁၀၀
(ဃ) ၂၀ + ၆၀ ၈၀ (င) ၅၀ + ၁၀ ၆၀ (စ) ၇၀ + ၂၀ ၉၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၂၀ + ၇ ၂၇ (ခ) ၆ + ၄၂ ၄၈ (ဂ) ၅၄ + ၅ ၅၉
(ဃ) ၄ + ၈၂ ၈၆ (င) ၆၁ + ၇ ၆၈ (စ) ၃ + ၆၃ ၆၆

ဖြည့်စွက်လေ့ကျင့်ခန်း

အဖြေတူ အပေါင်းများကို ယှဉ်တွဲပါ။



၃–၄ ဒေါ်နှင်းဦး

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၂၆ + ၃၀ = ၅၆ (ခ) ၃၅ + ၄၃ = ၇၈ (ဂ) ၅၂ + ၃၁ = ၈၃

(ဃ) ၅၅ + ၄၁ = ၉၆ (င) ၄၄ + ၁၂ = ၅၆ (စ) ၆၅ + ၂၄ = ၈၉

၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၃၀ + ၆၀ = ၉၀ (ခ) ၅၅ + ၂၂ = ၇၇ (ဂ) ၂၇ + ၄၁ = ၆၈

(ဃ) ၅ + ၇၁ = ၇၆ (င) ၉၂ + ၆ = ၉၈ (စ) ၅၃ + ၃၅ = ၈၈

၅။ ကစားကွင်းတွင် ယောကျ်ားလေး အယောက် ၃၀ နှင့် မိန်းကလေးအယောက် ၅၀ ရှိသည်။ ကစားကွင်းတွင် ကလေးအားလုံး မည်မျှရှိသနည်း။

၃၀ + ၅၀ = ၈၀ အဖြေ ၈၀ ယောက်

၆။ ဘိုဘိုတွင် ဖန်ဂေါ်လီ ၄၂ လုံးနှင့် ထွန်းထွန်းတွင် ဖန်ဂေါ်လီ အလုံး ၃၀ ရှိသည်။ သူတို့တွင် ဖန်ဂေါ်လီအားလုံး မည်မျှရှိသနည်း။

၄၂ + ၃၀ = ၇၂ အဖြေ ၇၂ လုံး

၇။ ခြင်းထဲတွင် နှင်းဆီပန်း ၄၄ ပွင့် ရှိသည်။ သူဇာသည် နှင်းဆီပန်း ၃ ပွင့် နောက်ထပ်ဝယ်ပြီး ခြင်းထဲသို့ ထည့်သည်။ ခြင်းထဲတွင် နှင်းဆီပန်း မည်မျှရှိသနည်း။

၄၄ + ၃ = ၄၇ အဖြေ ၄၇ ပွင့်

၈။ ရေကန်တစ်ကန်ထဲတွင် ဘဲ ၂၈ ကောင်ရှိပြီး ကုန်းပေါ်တွင် ဘဲ ၃၁ ကောင်ရှိသည်။ ဘဲအားလုံး မည်မျှရှိသနည်း။

၂၈ + ၃၁ = ၅၉ အဖြေ ၅၉ ကောင်

၉။ တိရစ္ဆာန်ရုံတွင် တိရစ္ဆာန် ၂၁ ကောင်ရှိပြီး ၆ ကောင် ထပ်ရောက်လာသည်။ တိရစ္ဆာန်အားလုံး မည်မျှရှိသနည်း။

၂၁ + ၆ = ၂၇ အဖြေ ၂၇ ကောင်

၁၀။ အောင်အောင်တွင် သကြားလုံး ၄ ထုပ်ရှိသည်။ သူ၏အမေက သကြားလုံး ၂ ထုပ် ထပ်၍ပေးသည်။ သကြားလုံး တစ်ထုပ်လျှင် ၁၀ လုံးပါသည်။ အောင်အောင်တွင် သကြားလုံးပေါင်း မည်မျှရှိသနည်း။

၄၀ + ၂၀ = ၆၀ အဖြေ ၆၀ လုံး

ဖြည့်စွက်လုပ်ငန်း – မေးခွန်းများ ပြုစုခြင်း ၁

မေးခွန်းများ ဖြေရှင်းသည့်အခါ တချို့ကလေးများက 'ဒီမေးခွန်းမှာ ပေါင်းရမှာလား၊ နုတ်ရမှာလား' ဟု ဆရာကိုမေးတတ်ကြသည်။ ဤအခြင်းအရာက ထိုကလေးများသည် တွက်ချက်ခြင်းကို မေးခွန်းပါအကြောင်းအရာနှင့် မချိတ်ဆက်နိုင်သည်ကို ပြသည်။ မေးခွန်းများဖန်တီးခြင်းသည် ကလေးများတွက်ရမည့်အကြောင်းအရာကို ပိုမိုနားလည်စေမည့် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ဤလုပ်ငန်းကို သင်္ချာလုပ်ထုံးလေးခုဆိုင်ရာ အခန်းတိုင်းတွင် ထည့်သွင်းသင့်သည်။

မေးခွန်းတစ်ပုဒ်ပြုစုရန် လုပ်ငန်းတချို့ကို အောက်ပါအတိုင်းထပ်ထည့်ရန် အကြံပြုအပ်သည်။

အဆင့် (၁) ပေးထားသောပေါင်းခြင်းအတွက် မေးခွန်း

မေးခွန်း '၃၀ + ၂၃' အတွက် မေးခွန်း ၁ ခု ပြုလုပ်ပါ။ ကလေးများသည် 'လေ့ကျင့်ခန်းစာအုပ် အုပ် ၃၀ နှင့် လေ့ကျင့်ခန်းစာအုပ် ၂၃ အုပ်'၊ 'အစိမ်းရောင်ပန်းသီး အလုံး ၃၀ နှင့် အစိမ်းရောင်ပန်းသီး ၂၃ လုံး' စသည်ဖြင့် မေးခွန်းအသီးသီး ပြုလုပ်နိုင်သည်။ ကလေးများသည် တွက်ခြင်း သင်္ကေတ + ကို 'အတူတူထားခြင်း' သို့မဟုတ် 'တိုးလာခြင်း' သို့ ပြောင်းနိုင်မှု ရှိ၊ မရှိ ဆရာက စစ်ဆေးရမည်။ (ဆက်ရန်)

သင်ခန်းစာ ၄၊ ၅၊ ၆ (၄၊ ၅၊ ၆/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် ပေါင်းတတ်ရန်
- ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသော အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁၊ ၂၊ ၃ နှင့် ၄ ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိလျှင် အောက်ပါမေးခွန်းများ မေးပြီး ကလေးများကို ပံ့ပိုးကူညီပါ။

- ကိန်း ၁ ခုစီသည် ၁၀အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသနည်း။
- ကိန်း ၂ ခုကို မည်သို့ပေါင်းနိုင်သနည်း။

၂။ မေးခွန်း ၅ ကို တစ်တန်းလုံး အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့် အဖြေကို မှန်မှန်ကန်ကန် ရေးပါစေ။

၃။ မေးခွန်း ၆ မှ ၁၀ အထိကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အောက်ပါမေးခွန်းများမေးပြီး ပံ့ပိုးကူညီပါ။

- ဤမေးခွန်းအတွက် ညီမျှခြင်းက ဘာဖြစ်မလဲ။
- ကိန်း ၁ ခုစီမှာ ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသလဲ။
- ကိန်း ၂ ခုကို မည်သို့ ပေါင်းနိုင်သလဲ။

၄။ ဤသင်ခန်းစာများတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၇ (၇/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဆယ်ပြည့်ကိန်း ၂ ခုကို အလျားလိုက် နှုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အိတ်ပါကားချပ်၊ အကွက်ပုံကတ်ပြားများ၊ စာအုပ်ထုပ်ပုံ ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ စာအုပ်ထုပ်ပုံကတ်ပြားကို အိတ်ပါကားချပ်တွင်ထည့်ပြီး အောက်ပါမေးခွန်းများကို မေးပါ။ အဓိကမေးခွန်း ၄ ကို တစ်တန်းလုံးနှင့် ဖြေရှင်းပါ။ ယခင်အတိုင်း စာအုပ်များအစား အကွက်များသုံးသည်ကို ပြောပါ။

- ၁၀ အုပ်စု မည်မျှကို ဦးစွာထားသင့်သလဲ။
- ၁၀ အုပ်စု မည်မျှကို ဖယ်ထုတ်သင့်သလဲ။
- ၁၀ အုပ်စု မည်မျှကျန်သလဲ။ အကွက် ဘယ်လောက်ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာအုပ်များ၊ အကွက်များနှင့်ကိန်းကို ရှင်းလင်းစွာ ချိတ်ဆက်ပါ။

၂။ မေးခွန်း ၅ ကို ကလေးများအား ဖြေစေပြီး သူတို့၏ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အကူအညီလိုလျှင်အောက်ပါ မေးခွန်းများကို မေးပါ။

- ၄၀ က ၁၀ အုပ်စု ဘယ်နှစ်စုရှိသလဲ။
- ၁၀ နှုတ်ဖို့ ၁၀ အုပ်စု ဘယ်နှစ်စုကို ဖယ်ထုတ်ရမလဲ။
- ၁၀ အုပ်စု ဘယ်နှစ်စုကျန်မလဲ။ အကွက် ဘယ်လောက်ရှိမလဲ။

➔ ကလေးများ အခက်အခဲရှိသေးလျှင် အကွက်များကို အသုံးပြုပါ။

၃။ မေးခွန်း ၆ ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၄ တွင် မေးသည့် မေးခွန်းများကဲ့သို့မေးပြီး ကလေးများကို ပံ့ပိုးကူညီပါ။

၄။ ဆယ်ပြည့်ကိန်းအချင်းချင်း မည်သို့ နှုတ်ရမည်ကို ပြန်မေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

၄ ဆိုင်တစ်ဆိုင်မှာ ဗလာစာအုပ် အုပ် ၇၀ ရှိတယ် ဗလာစာအုပ် အုပ် ၃၀ ကို ရောင်းလိုက်ရင် ဗလာစာအုပ်ဘယ်လောက်ကျန်သလဲ





ညီမျှခြင်း ၇၀ − ၃၀ = ___၄၀___ အဖြေ ___၄၀___ အုပ်

၅ တွက်ပါ။

(က) ၄၀ − ၁၀ **၃၀** (ခ) ၈၀ − ၆၀ **၂၀** (ဂ) ၉၀ − ၃၀ **၆၀**

(ဃ) ၇၀ − ၄၀ **၃၀** (င) ၆၀ − ၅၀ **၁၀** (စ) ၁၀၀ − ၄၀ **၆၀**

၆ ပန်းဆိုင်တစ်ဆိုင်မှာ ပန်း ၅ စည်းရှိတယ် ပန်း ၃ စည်းကို ရောင်းလိုက်တယ် ပန်းတစ်စည်းမှာ ပန်းပွင့် ၁၀ ပွင့်ရှိရင် ပန်းပွင့်ဘယ်လောက်ကျန်သလဲ

၅၀ − ၃၀ = ၂၀ **အဖြေ ၂၀ ပွင့်**

၁၅၁

ဖြည့်စွက်လုပ်ငန်း – မေးခွန်းများ ပြုစုခြင်း ၂

အဆင့် (၁) ကို ပြုလုပ်ပြီးသောအခါ အဆင့် (၂)ကို ဆရာက ဆက်လက်ပြုလုပ်ရမည်။

အဆင့် (၂) ပေးထားသောအခြေအနေအတိုင်း ကိုယ်ပိုင်မေးခွန်းဖန်တီးခြင်း

မေးခွန်း – ဂဏန်း ၂ လုံးပါကိန်းများ ပေါင်းခြင်းဆိုင်ရာ မေးခွန်းတစ်ခုပြုစုပြီး လေ့ကျင့်ခန်းအဖြစ် သင်၏ဘေးမှ သူငယ်ချင်းအားပေးပါ။

ဤမေးခွန်းတွင် ကလေးများသည် ကိုယ်ပိုင်မေးခွန်းများကို လွတ်လပ်စွာဖန်တီးနိုင်သည်။ မေးခွန်းကို တခြားကလေးများဖြေရှင်းရန် လေ့ကျင့်ခန်းအနေဖြင့်လည်း အသုံးပြုမည်။ ဆရာသည် ကလေးများ၏ မေးခွန်းကို အောက်ပါအချက်များဖြင့် ဆန်းစစ်ရမည်။

- ပေါင်းရမည်၊ နုတ်ရမည်ကို မှန်ကန်စွာ ဆုံးဖြတ်နိုင်၊ မနိုင် (ဥပမာ၊ ကလေးများသည် အပေါင်း သင်္ကေတ '+' ကို "အတူတူထားခြင်း" သို့မဟုတ် "တိုးလာခြင်း" စသည့် ဖော်ပြချက်များနှင့် ချိတ်ဆက်ရမည်။
- ကလေးများ၏ အသိပညာနှင့် ဖြေနိုင်၊ မနိုင် (ဥပမာ၊ ပထမတန်းတွင် ကလေးများသည် ကိန်းပြောင်းဖွဲ့မှုပါသော ပေါင်းခြင်း၊ နုတ်ခြင်း ပုစ္ဆာပြုလုပ်ရန် အားမပေးပါ)

၅ ၂၈ – ၄ ကို ဘယ်လိုတွက်မလဲ





၂၈ – ၄ = ~~၂၄~~

? တွက်ပါ

(က) ၃၆ – ၂ = **၃၄** (ခ) ၄၈ – ၅ = **၄၃** (ဂ) ၈၁ – ၁ = **၈၀** (ဃ) ၆၇ – ၄ = **၆၃**

(င) ၅၉ – ၆ = **၅၃** (စ) ၇၅ – ၃ = **၇၂** (ဆ) ၉၉ – ၇ = **၉၂** (ဇ) ၆၅ – ၅ = **၆၀**

၆ ၅၄ – ၃၀ ကို ဘယ်လိုတွက်မလဲ





၅၄ – ၃၀ = ~~၂၄~~

? တွက်ပါ

(က) ၂၄ – ၁၀ = **၁၄** (ခ) ၄၆ – ၂၀ = **၂၆** (ဂ) ၇၃ – ၄၀ = **၃၃** (ဃ) ၆၈ – ၅၀ = **၁၈**

(င) ၈၉ – ၃၀ = **၅၉** (စ) ၉၁ – ၆၀ = **၃၁** (ဆ) ၅၇ – ၅၀ = **၇** (ဇ) ၇၇ – ၃၀ = **၄၇**

သင်ခန်းစာ ၈ (၉/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၁ ခုမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၆ ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ခန်းစာ ၈ မှ အတိုင်းအကွက်များကို အသုံးပြုပါ။

➔ ဆယ်နေရာမှ ဂဏန်းများသာ နုတ်ရန် လိုသည်ကို ကလေးများတွေ့ရှိပါစေ။

၂။ မေးခွန်း ၈ ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေများကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၅ မှ မေးခွန်းများကဲ့သို့မေးပြီး ကလေးများကို ပံ့ပိုးကူညီပါ။

၃။ ဤသင်ခန်းစာမှ ကိန်း ၂ ခု မည်ကဲ့သို့ နုတ်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၈၊ ၉ (၈၊ ၉/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၁ ခုမှ ဂဏန်း ၁ လုံးပါ ကိန်း ၁ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်ရန်
- ၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၁ ခုမှ ဆယ်ပြည့်ကိန်း ၁ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက်နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန်အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၅ ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်မှ နေရာလိုက်တန်ဖိုးဇယားတွင် ၂၈ – ၄ အတွက် အကွက်များကိုကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ၂၈ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှ ရှိသနည်း။
- ၄ ကို နုတ်ရန် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှကို ဖယ်ထုတ်ရမည်နည်း။
- ဤကိန်း ၂ ခုကို မည်သို့ နုတ်ရမည်နည်း။

➔ အဖြေ ၂၄ ဖြစ်သည်ကိုပြရန် အကွက်များကို ရွှေ့ပါ။

➔ ခုနေရာမှ ဂဏန်းများကိုသာနုတ်ရန် လိုသည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ မေးခွန်း ၇ ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိကမေးခွန်း ၅ မှ မေးခွန်းများကဲ့သို့မေးပြီး ကလေးများကို ပံ့ပိုးကူညီပါ။

➔ လိုအပ်ပါက အကွက်များနှင့်နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါ။

၃။ ဤသင်ခန်းစာမှ ကိန်း ၂ ခုကို မည်သို့ နုတ်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၀ (၁၀/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နုတ်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၇ ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်မှ နေရာလိုက်တန်ဖိုးဇယားတွင် ၃၈ – ၂၆ အတွက် အကွက်များကို ကပ်ပါ။ အောက်ပါမေးခွန်းများကို မေးပါ။

- ၃၈ တွင် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှ ရှိသနည်း။
- ၂၆ ကိုနုတ်ရန် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှကို ဖယ်ထုတ်ရမည်နည်း။
- ဤကိန်း ၂ ခုကို မည်သို့နုတ်ရမည်နည်း။

➔ အဖြေ ၁၂ ဖြစ်သည်ကိုပြရန် အကွက်များကို ရွှေ့ပါ။

➔ ခုနေရာမှ ဂဏန်းအချင်းချင်းနှင့် ဆယ်နေရာမှ ဂဏန်းအချင်းချင်းနုတ်ရမည်ကို ကလေးများတွေ့ရှိပါစေ။ (ခုနေရာတွင် ၈ – ၆၊ ဆယ်နေရာတွင် ၃၀ – ၂၀)

၂။ မေးခွန်း ၉ ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် အဓိက မေးခွန်း ၇ မှ မေးခွန်းများကဲ့သို့မေးပြီး ကလေးများကိုကူညီပါ။

➔ လိုအပ်ပါက အကွက်များနှင့် နေရာလိုက်တန်ဖိုးဇယားကို အသုံးပြုပါ။

၃။ ဤသင်ခန်းစာမှ ကိန်း ၂ ခု မည်သို့ နုတ်ရမည်ကိုမေးပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

➔ ဤသင်ခန်းစာတွင် ခုနေရာနှင့် ဆယ်နေရာမှ ဂဏန်းအချင်းချင်း နုတ်ရမည်ကို အဓိကထားပြောပါ။

၇ ၃၈ – ၂၆ ကို ဘယ်လိုတွက်မလဲ




ဒီပုစ္ဆာမှာ ခုနေရာနဲ့ ဆယ်နေရာ နှစ်နေရာစလုံးက နုတ်ဖို့ လိုတယ်

၃၈ – ၂၆ = ၁၂

၉ တွက်ပါ

(က) ၂၇ – ၁၃ ၁၄ (ခ) ၄၅ – ၂၁ ၂၄ (ဂ) ၆၉ – ၃၇ ၃၂ (ဃ) ၇၄ – ၂၃ ၅၁

(င) ၃၆ – ၃၂ ၄ (စ) ၉၈ – ၅၄ ၄၄ (ဆ) ၅၆ – ၅၁ ၅ (ဇ) ၈၇ – ၃၅ ၅၂

လေ့ကျင့်ခန်း (၂)

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀ – ၂၀ ၂၀	(ခ) ၆၀ – ၃၀ ၃၀	(ဂ) ၉၀ – ၅၀ ၄၀
(ဃ) ၇၀ – ၆၀ ၁၀	(င) ၈၀ – ၁၀ ၇၀	(စ) ၁၀၀ – ၈၀ ၂၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၃၅ – ၃ ၃၂	(ခ) ၅၆ – ၂ ၅၄	(ဂ) ၄၇ – ၇ ၄၀
(ဃ) ၆၅ – ၄ ၆၁	(င) ၈၈ – ၆ ၈၂	(စ) ၉၇ – ၅ ၉၂

၁၅၃

ဖြည့်စွက်လေ့ကျင့်ခန်း

တွက်ချက်ပြီး အဖြေတူများကို ယှဉ်တွဲပါ။



သင်ခန်းစာ ၁၁၊ ၁၂၊ ၁၃ (၁၁၊ ၁၂၊ ၁၃/၁၃)

သင်ယူမှုဦးတည်ချက်

- ၁၀၀ အထိ ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ အလျားလိုက် နုတ်တတ်ရန်
- ၁၀၀ အထိ နုတ်ခြင်းဆိုင်ရာပုစ္ဆာများကို ကိန်း ၂ ခုကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း ၁၊ ၂၊ ၃ နှင့် ၄ ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အခက်အခဲရှိလျှင် အောက်ပါမေးခွန်းများမေးပြီး ကလေးများကို ပံ့ပိုးပါ။

- ကိန်း ၁ ခုစီသည် ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသနည်း။
- ကိန်း ၂ ခုကို မည်သို့ နုတ်ရမည်နည်း။

၂။ မေးခွန်း ၅ ကို တစ်တန်းလုံးနှင့် အတူတကွ ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှင့် အဖြေကို မှန်မှန်ကန်ကန် ရေးပါစေ။

၃။ မေးခွန်း ၆ မှ ၁၀ အထိကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အောက်ပါမေးခွန်းများမေးပြီး ပံ့ပိုးကူညီပါ။

- ဤမေးခွန်း အတွက် ညီမျှခြင်းက ဘာလဲ။
- ကိန်း ၁ ခုစီမှာ ၁၀ အုပ်စုမည်မျှနှင့် အကွက်မည်မျှရှိသလဲ။
- ကိန်း ၂ ခုကို မည်သို့နုတ်နိုင်သလဲ။

၄။ ဤသင်ခန်းစာများတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး ကလေးများ သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

သင်ခန်းစာ ၁၁–၁၃

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၆ – ၃၀ = ၁၆ (ခ) ၇၈ – ၂၀ = ၅၈ (ဂ) ၆၄ – ၂၁ = ၄၃
(ဃ) ၇၅ – ၆၂ = ၁၃ (င) ၃၉ – ၁၇ = ၂၂ (စ) ၉၈ – ၇၃ = ၂၅

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၇ – ၄ = ၄၃ (ခ) ၈၀ – ၅၀ = ၃၀ (ဂ) ၅၈ – ၃၁ = ၂၇
(ဃ) ၆၄ – ၆၀ = ၄ (င) ၉၆ – ၃ = ၉၃ (စ) ၇၄ – ၂၂ = ၅၂

၅။ ကျောင်းပန်းခြံထဲတွင် ပန်းပွင့် ၅၀ ရှိသည်။ ပန်းပွင့် ၂၀ ကို ခူးလိုက်သည်။ ကျောင်းပန်းခြံထဲတွင် ပန်းပွင့်မည်မျှကျန်သနည်း။

၅၀ – ၂၀ = ၃၀ အဖြေ ၃၀ ပွင့်

၆။ တန်းခွဲ(က)တွင် ကျောင်းသား ၄၉ ယောက်ရှိပြီး ၂ ယောက် ပျက်ကွက်သည်။ ကျောင်းသားမည်မျှ ကျောင်းတက်သနည်း။

၄၉ – ၂ = ၄၇ အဖြေ ၄၇ ယောက်

၇။ တန်းခွဲ (ခ)တွင် မိန်းကလေး ၂၅ ယောက်နှင့် ယောကျ်ားလေး ၂၁ ယောက်ရှိသည်။ မိန်းကလေးသည် ယောကျ်ားလေးထက် မည်မျှပိုများသနည်း။

၂၅ – ၂၁ = ၄ အဖြေ ၄ ယောက်

၈။ အိတ်ထဲတွင် ဆီးသီးထုပ် ၅၉ ထုပ်ရှိသည်။ အောင်အောင်ကို ၂၇ ထုပ်ပေးပြီး ဇော်ဇော်ကို ကျန်သည့် ဆီးသီးထုပ်များ ပေးလိုက်သည်။ ဇော်ဇော်သည် ဆီးသီးထုပ် မည်မျှရသနည်း။ ၅၉ – ၂၇ = ၃၂ အဖြေ ၃၂ ထုပ်

၉။ ကျောင်းကားတွင် ထိုင်ခုံ ၃၈ ခုံ ရှိသည်။ ထိုင်ခုံ ၃၁ ခုံတွင် ကျောင်းသားများထိုင်နေကြသည်။ ထိုင်ခုံအလွတ် မည်မျှရှိသနည်း။

၃၈ – ၃၁ = ၇ အဖြေ ၇ ခုံ

၁၀။ တောင်းထဲတွင် ဆီးသီးအလုံး ၁၀၀ ရှိသည်။ ဆီးသီးအလုံး ၄၀ ကို စုစုအားပေးပြီး ကျန်သည့် ဆီးသီးများကို မြေခြအား ပေးသည်။ မည်သူက ဆီးသီးပိုရသနည်း။ မည်မျှပိုရသနည်း။ ၁၀၀ – ၄၀ = ၆၀၊ ၆၀ – ၄၀ = ၂၀

မြေခြပိုရသည်။ အဖြေ ၂၀ လုံး

ဖြည့်စွက်လေ့ကျင့်ခန်း

"_____" ကွက်လပ်တွင် ကိန်းရေးပါ။ "( )" အသီးသီးတွင် ' + ' သို့မဟုတ် ' – ' ရေးပါ။

(၁) ၅၀ နှင့် ___၃၀___ သည် ၈၀ ဖြစ်သည်။ ယင်းကို ဤသို့ ဖော်ပြသည်။

၅၀ + ___၃၀___ = ၈၀

(၂) ၆၀ မှ ___၄၀___ လျော့လျှင် ၂၀ ဖြစ်သည်။ ယင်းကို ဤသို့ ဖော်ပြသည်။

၆၀ – ___၄၀___ = ၂၀

(၃) ၄၈ သည် ၄၅ ထက် ___၃___ ပိုကြီးသည်။ ယင်းကို ဤသို့ ဖော်ပြသည်။

၄၅ (+) ___၃___ = ၄၈

(၄) ၉၃ သည် ၉၅ အောက် ___၂___ ငယ်သည်။ ယင်းကို ဤသို့ ဖော်ပြသည်။

၉၅ (–) ___၂___ = ၉၃

(၅) ၂၈ သည် ___၂၄___ ထက် ၄ ပိုကြီးသည်။ ယင်းကို ဤသို့ ဖော်ပြသည်။

___၂၄___ (+) ၄ = ၂၈

အိတ်ပါသည့်ကားချပ် (Pocket Chart) ပြုလုပ်ပုံ

၁။ အိတ်ပါသည့် ကားချပ် ပြုလုပ်ပုံ

ဥပမာအားဖြင့် ပလတ်စတစ် အကြည်ကို ခေါက်ပြီး ပုံတွင် ပြထားသည့်အတိုင်း ပလတ်စတစ်အိတ်တစ်ခု ပြုလုပ်ပါ။ ယင်းကို သင်ပုန်းပေါ်ကပ်ပြီး ပုံတွင် ပြထားသည့်အတိုင်း ရုပ်ပုံကတ်ပြားများ ထည့်ရန် သုံးပါ။ လိုအပ်လျှင် ပိုရှည်သော ပလတ်စတစ်အိတ်ကို ပြုလုပ်ပါ။



၂။ အကွက်ပုံကတ်ပြားများ ပြုလုပ်ပုံ

ကတ်ထူစက္ကူကို သုံးပြီး ၃ လက်မ ပတ်လည် အကွက်ပုံကတ်ပြားတစ်ခုပြုလုပ်ပါ။ ကတ်ပြားပေါ်တွင် အဝါရောင်ခြယ်ပါ သို့မဟုတ် အဝါရောင်ကတ်ပြားကို သုံးပါ။ အကွက်ပုံကတ်ပြားများကို လိုအပ်သလောက် ပြုလုပ်ပါ။ သို့သော် ကတ်ပြား၏ အရွယ်အစားသည် သင်ပုန်း၏ အရွယ်အစားပေါ်မူတည်ပြီး ပြောင်းလဲနိုင်သည်။



၁၀ ကျော်သော ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းအတွက် ၁၀ အုပ်စုတစ်စုကို အကွက်ပုံ ကတ်ပြား ၁၀ ခုကို အတူတူထားပြီး ပြသည်။ ထိုသို့ ပြနိုင်ရန် အောက်ပါပုံအတိုင်း စုစည်းထားသော ၁၀ ကွက်ပြား အရှည်ကို အသုံးပြုနိုင်သည် အိတ်ပါကားချပ်များကို အသုံးပြုမည့် လုပ်ငန်းအလိုက် ကြိုတင်ပြုလုပ်ထားပါ။



စတုရန်းပုံဖော် အစက်များပါသော စာရွက်

(square dotted paper)



ပြုလုပ်ပုံ

စက္ကူပါးတစ်ရွက်ကို စတုရန်းပုံဖော်အစက်များ ပါသော စာရွက်ပေါ်တွင် တင်ပါ။ မြင်ရသော အစက်များကို ဆွဲခြင်းဖြင့် စတုရန်းပုံဖော် အစက်များပါသော စာရွက်ရရှိ နိုင်သည်။

စတုရန်းကွက် စာရွက် (Grid Paper) ပြုလုပ်နည်း



စက္ကူပါးတစ်ရွက်ကို စတုရန်းကွက်စာရွက်ပေါ်တင်၍ မြင်ရသော မျဉ်းများကို မျဉ်းတံဖြင့် တားပြီးဆွဲလျှင် စတုရန်းကွက်စာရွက်ရနိုင်သည်။







မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်
ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ နည်းပညာကူညီပံ့ပိုးမှုပေးပါသည်။

သင်္ချာဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း

ကလေးများအတွက် အကျိုးဖြစ်ထွန်းစေမည့် ထိရောက်သည့် သင်ခန်းစာဖြစ်ရန် ဆရာများသည် သင်ခန်းစာ၏အဆင့်တိုင်းတွင် ကလေးများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။ ကလေးများ၏ နားလည်မှုကိုတိုးမြှင့်ရန်အတွက် သင်ခန်းစာကို ပိုမိုကောင်းမွန်စေရန် ဆရာများသည် အခန်းများ၏ အလယ်နှင့်အဆုံးတွင် ကလေးများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။ ပိုင်းခြားထားသော စာသင်ကာလနှင့် နှစ်ဆုံးတွင် ကလေးများ၏ပေါက်မြောက်အောင်မြင်မှုကို ဆရာများသည် စစ်ဆေးအကဲဖြတ်၍ ကလေးများကို ပြုပြင်ပေးနိုင်ပြီး သင်ခန်းစာများကိုလည်း ပိုမိုကောင်းမွန်အောင်ပြုပြင်နိုင်မည် ဖြစ်သည်။

ကလေးများ၏နားလည်မှု သို့မဟုတ် ပေါက်မြောက်အောင်မြင်မှုကို အကဲဖြတ်ရန်အတွက် ဆရာက နှုတ်ဖြေစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း စသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုရန်လိုသည်။ ထိုစစ်ဆေးအကဲဖြတ်ပုံများသည် အောက်ပါဇယားတွင် ပြထားသည့်အတိုင်း 'မှတ်မိခြင်း'၊ 'နားလည်ခြင်း'နှင့် 'အသုံးချခြင်း' စသည့် သိမှုဖြစ်စဉ်အဆင့်များအပေါ် အခြေခံရန်လိုသည်။

သိမှုဖြစ်စဉ် နယ်ပယ်များပြဇယား

သိမှုဖြစ်စဉ်		
မှတ်မိခြင်း	**နားလည်ခြင်း**	**အသုံးချခြင်း**
မှတ်မိသည်	အနက်အဓိပ္ပာယ်ဖွင့်ဆိုသည်	အဆင့်ဆင့်တွက်ချက်သည်
ဥပမာပေးသည်	အကောင်အထည်ဖော်သည်	
ပြန်မှတ်မိသည်	အမျိုးအစားခွဲသည်	
	အကျဉ်းချုပ်သည်	
	သွယ်ဝိုက်ညွှန်းဆိုသည်	
	နှိုင်းယှဉ်သည်	
	ရှင်းပြသည်	

ရည်ညွှန်းကိုးကားချက်၊ Anderson and Krathwohl (2001), "A Taxonomy for Learning, Teaching, and Assessing: A Revision of Bloom's Taxonomy of Educational Objectives"

သိမှုဖြစ်စဉ်အသီးသီးရှိ ကြိယာများနှင့်သက်ဆိုင်သော နမူနာမေးခွန်းများကို အောက်တွင်ဖော်ပြထားသည်။

၁။ မှတ်မိခြင်း

ကြိယာ	မေးခွန်းနမူနာ
မှတ်မိသည်	မည်သည်က အပေါင်းဖြစ်သနည်း။ (က) ၅ + ၃၊ (ခ) ၅ − ၃၊ (ဂ) ၅ × ၃
မှတ်မိရန်ပြန်တွေးသည်	တတိယနေရာပြီးနောက် မည်သည့် နေရာအဆင့်ပြကိန်း လာသနည်း။ ("... က ဘာလဲ"ဟု ရေးထားသော မေးခွန်းများသည် ဤအမျိုးအစားထဲတွင် ပါဝင်သည်)

၂။ နားလည်ခြင်း

ကြိယာ	မေးခွန်းနမူနာ
အနက်အဓိပ္ပာယ်ဖော်သည်	တန်းစီရာ၌ စိုးစိုးသည် ရှေ့ဘက်မှ လေးယောက်မြောက်တွင် ရှိသည်။ သူ၏ ရှေ့တွင် လူမည်မျှတန်းစီနေသနည်း။
ဥပမာပေးသည်	၈ + ၇ အတွက် သချိၤပုံပြင်ပြုလုပ်ပါ။
အမျိုးအစားခွဲသည်	ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ပုံများကို အဝိုင်းပုံ၊ သုံးထောင့်ပုံနှင့် လေးထောင့်ပုံ ဟူ၍ အုပ်စု ၃ စု ခွဲပါ။
အကျဉ်းချုပ်သည်	(မူလတန်းအဆင့်တွင် ဤအမျိုးအစားမေးခွန်း အနည်းငယ်သာ ရှိသည်)
ဆုံးဖြတ်ချက်ချသည်	ကွက်လပ်ထဲတွင် မည်သည့်ပုံ လာမည်နည်း။ ●△□●△__●△□__△□●
နှိုင်းယှဉ်သည်	မည်သည့်ကိန်းက အကြီးဆုံးဖြစ်သနည်း။ (က) ၅၄၁၃ (ခ) ၅၂၉၇ (ဂ) ၅၇၀၁
ရှင်းပြသည်	အောက်ပါတွက်ချက်မှုရှိ အမှားကို ရှင်းပြပါ။ ၂၅ + ၃၇ = ၅၂

၃။ အသုံးချခြင်း

ကြိယာ	မေးခွန်းနမူနာ
အဆင့်ဆင့်ဆောင်ရွက်ခြင်း	ကလေး ၅ ဦး တန်းစီ နေသည်။ ဝင်းဝင်း၏နောက်တွင် ကလေး ၃ ဦး ရှိသည်။ ဝင်းဝင်း၏ ရှေ့တွင် ကလေးဘယ်နှစ်ယောက်ရှိသလဲ။ (*ဖြေရှင်းဖူးသည့် ပုစ္ဆာများကို လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ရသောအခါ ထိုမေးခွန်းသည် အဆင့်ဆင့်ဆောင်ရွက်ခြင်း အမျိုးအစား ဖြစ်သည်)
အကောင်အထည်ဖော်ခြင်း	၁၀၀ တန် သုံးရွက်၊ ၅၀ တန် ငါးရွက်နှင့် ၂၀ တန် ခုနှစ်ရွက်ရှိသည်။ ၄၄၀ ကျပ်ကို နည်းလမ်းမည်မျှဖြင့် ပေးနိုင်မည်နည်း။ (* ယခင်က မတွေ့ဖူးသည့်ပုစ္ဆာများကို လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ရသောအခါ ထိုမေးခွန်းသည် အကောင်အထည်ဖော်ခြင်း အမျိုးအစားဖြစ်သည်။

အချုပ်ဆိုရသော် ဆရာက ကလေးများ၏ နားလည်မှုနှင့် ပေါက်မြောက်အောင်မြင်မှုကို ကဏ္ဍတိုင်းတွင် အဆင့်အမျိုးမျိုးဖြင့် စစ်ဆေးအကဲဖြတ်ရန် လိုသည်။ ထို့ကြောင့် အထက်ပါအတိုင်း မေးခွန်းပုံစံအမျိုးမျိုးကိုအသုံးချရန် လိုသည်။ ဤနည်းဖြင့် ဆရာသည် ကလေးများ၏ အားသာချက်၊ အားနည်းချက်များကို ရှာဖွေနိုင်ပြီး နောင်တွင် ကလေးများ၏လုပ်ဆောင်မှုကိုတိုးမြှင့်ရန် ဆရာက ထိုအချက်များကို အသုံးပြုနိုင်သည်။

ပြန်လှန်လေ့ကျင့်ခန်း ၁

၁။ ကွက်လပ်အသီးသီးတွင် သင့်လျော်သောကိန်းရေးပြီး ကိန်းနှင့် အရေအတွက်တူသောရုပ်ပုံကို ယှဉ်တွဲပါ။



၂။ ကြီးသောကိန်းကို ဝိုင်းပါ။

(က) ၆ ၃ (ခ) ၂ ၉

၃။ ငယ်သောကိန်းကို ဝိုင်းပါ။

(က) ၁၀ ၇ (ခ) ၄ ၈

၄။ ☐ တွင် လိုသောကိန်းကို ရေးပါ။

၂	၃	၄	၅	၆	၇
၆	၇	၈	၉	၁၀	၁၁
၉	၈	၇	၆	၅	၄

၅။ ကွက်လပ်များတွင် လိုသောကိန်းများကို ဖြည့်ပါ။

(က) ၇ ၄ ၃

(ခ) ၅ ၁ ၄

(ဂ) ၁၀ ၈ ၂

၆။ ◯ များတွင် လိုသောကိန်းများကို ဖြည့်ပါ။

(က) ၆ ၄ ၂

(ခ) ၉ ၆ ၃

(ဂ) ၇ ၆ ၁

(ဃ) ၁၀ ၃ ၇

(င) ၈ ၃ ၅

(စ) ၁၀ ၈ ၂

၇။ ● ထဲရှိကိန်းသည် ပေါင်းလဒ်ဖြစ်စေမည့် ဇယားတွင် နီးကပ်သောကိန်းနှစ်ခုကို တွဲပါ။

(ဥပမာ) ၆

၂	၅	၂
၂	၅	၂
၂	၅	၂

ပေါင်းလဒ် ၆ ရတဲ့ ကိန်းတွဲ အားလုံး ၃ တွဲရှိတယ်



(က) ၇

၂	၁	၄
၅	၃	၁
၂	၄	၂

ကိန်းတွဲအားလုံး ၃ တွဲရှိတယ်

(ခ) ၈

၃	၃	၅
၁	၄	၂
၁	၂	၁

ကိန်းတွဲအားလုံး ၃ တွဲရှိတယ်

(ဂ) ၉

၄	၃	၁	၂
၁	၈	၅	၅
၉	၂	၇	၃
၈	၁	၅	၄

ကိန်းတွဲ အားလုံး ၄ တွဲရှိတယ်

(ဃ) ၁၀

၃	၂	၇	၁
၉	၈	၄	၅
၇	၄	၃	၆
၃	၁	၉	၆

ကိန်းတွဲ အားလုံး ၅ တွဲရှိတယ်

၈။ နောက်လာမည့်ပုံကို ဝိုင်းပါ။

(က)





(ခ)





(ဂ)





၉။ ပုံတူသော ပစ္စည်းများကို မျဉ်းဆွဲပြီး ယှဉ်တွဲပါ။



၁၀။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ + ၂ ၇	(ခ) ၄ + ၄ ၈	(ဂ) ၂ + ၃ ၅	(ဃ) ၆ + ၃ ၉
(င) ၃ + ၄ ၇	(စ) ၈ + ၂ ၁၀	(ဆ) ၉ + ၀ ၉	(ဇ) ၁ + ၇ ၈
(ဈ) ၄ + ၅ ၉	(ည) ၀ + ၀ ၀	(ဋ) ၅ + ၁ ၆	(ဌ) ၂ + ၆ ၈

၁၁။ အောက်ပါပုစ္ဆာများအတွက် ညီမျှခြင်းရေးပြီး အဖြေရှာပါ။



(က) ကြွက် ၅ ကောင်နှင့် ကြွက် ၃ ကောင်ရှိသည်။
အတူတူထားလျှင် ကြွက်အားလုံးမည်မျှရှိသနည်း။

၅ + ၃ = ၈ အဖြေ ၈ ကောင်

(ခ) အေးအေးမှာ အနီရောင်ပန်း ၂ ပွင့်နှင့် အဖြူရောင်ပန်း ၄ ပွင့် ရှိသည်။ အေးအေးမှာပန်းပွင့်အားလုံး မည်မျှရှိသနည်း။ ၂ + ၄ = ၆ အဖြေ ၆ ပွင့်



(ဂ) ဖား ၃ ကောင်ရှိသည်။ ထို့နောက် ဖား ၃ ကောင် ထပ်ရောက်လာသည်။ တိုးလာပြီးနောက် ဖားမည်မျှရှိသနည်း။

၃ + ၃ = ၆ အဖြေ ၆ ကောင်

(ဃ) အောင်အောင်မှာ သကြားလုံး ၆ လုံးရှိသည်။ အမေက သကြားလုံး ၄ လုံးထပ်ပေးသည်။ အောင်အောင်မှာ နောက်ဆုံး သကြားလုံးမည်မျှရှိသနည်း။

၆ + ၄ = ၁၀ အဖြေ ၁၀ လုံး

၁၂။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၃ + ___၂___ = ၅ (ခ) ___၆___ + ၂ = ၈

၁၃။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

_____ + _____ = ၇

၁ + ၆ = ၇ ၆ + ၁ = ၇
၂ + ၅ = ၇ ၅ + ၂ = ၇
၃ + ၄ = ၇ ၄ + ၃ = ၇

၁၄။ အောက်ပါတို့ကို တွက်ပါ။

(က) ၇ − ၂ ၅ (ခ) ၄ − ၁ ၃ (ဂ) ၈ − ၆ ၂ (ဃ) ၅ − ၅ ၀
(င) ၁၀ − ၄ ၆ (စ) ၅ − ၃ ၂ (ဆ) ၆ − ၀ ၆ (ဇ) ၉ − ၈ ၁
(ဈ) ၇ − ၅ ၂ (ည) ၀ − ၀ ၀ (ဋ) ၈ − ၄ ၄ (ဌ) ၁၀ − ၇ ၃

၁၅။ အောက်ပါပုစ္ဆာများအတွက် ညီမျှခြင်းရေးပြီး အဖြေရှာပါ။

(က)ငှက် ၆ ကောင်ရှိသည်။ ငှက် ၂ ကောင်ပျံသွားပြီးနောက် ငှက်မည်မျှကျန်သနည်း။

၆ − ၂ = ၄ အဖြေ ၄ ကောင်

(ခ) အာကာမှာ သကြားလုံး ၄ လုံးရှိသည်။ ၃ လုံး စားလိုက်သည်။ အာကာမှာ သကြားလုံးမည်မျှကျန်သနည်း။

၄ - ၃ = ၁ အဖြေ ၁ လုံး

(ဂ) ကြောင် ၈ ကောင် ရှိသည်။ ကြောင် ၅ ကောင်သာလျှင် အထီးဖြစ်သည်။ ကြောင်အမ မည်မျှရှိသနည်း။

၈ - ၅ = ၃ အဖြေ ၃ ကောင်

(ဃ)တင်တင်မှာ လိမ္မော်သီး ၇ လုံးရှိပြီး သူ၏မောင်လေးတွင် လိမ္မော်သီး ၄ လုံး ရှိသည်။
တင်တင်မှာ သူ၏မောင်လေးထက် လိမ္မော်သီးမည်မျှပိုများသနည်း။

၇ - ၄ = ၃ အဖြေ ၃ လုံး

(င) ပန်းကန်ပြား ၅ ချပ်နှင့် ကိတ်မုန့် ၁၀ ခုရှိသည်။ ကိတ်မုန့်တစ်ခုစီကို ပန်းကန်ပြားအသီးသီးတွင်ထည့်လျှင် ပန်းကန်ပြားမည်မျှလိုသနည်း။

၁၀ - ၅ = ၅ အဖြေ ၅ ချပ်

(စ) စာကြည့်တိုက်ထဲတွင် ကလေး ၉ ယောက်ရှိပြီး ၇ ယောက်က မိန်းကလေးဖြစ်သည်။ ယောက်ျားလေးနှင့် မိန်းကလေး မည်သူက ဝိုများသနည်း။ မည်မျှပိုများသနည်း။

၉ - ၇ = ၂၊ ၇ - ၂ = ၅ မိန်းကလေးပိုများသည် အဖြေ ၅ ယောက်

(၁၆) ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၈ - ___၂___ = ၆ (ခ) ___၅___ - ၁ = ၄

(၁၇) ကိန်းကတ်ပြား ၅ ခုရှိသည်။ ၆ ၅ ၄ ၈ ၉

အောက်ပါကွက်လပ်များတွင် မည်သည့်ကတ်ပြားများကို ဖြည့်ရမည်နည်း။

□ - □ = ၂ ၈ - ၆ = ၂ ၈ - ၅ = ၃

၁၈။ အောက်ပါတို့ကို တွက်ပါ။

(က) ၄ + ၂ + ၁ ၇ (ခ) ၉ - ၅ - ၂ ၂ (ဂ) ၆ + ၄ - ၈ ၂ (ဃ) ၈ - ၆ + ၃ ၅

(င) ၃ + ၅ - ၄ ၄ (စ) ၂ + ၁ + ၇ ၁၀ (ဆ) ၉ - ၈ + ၆ ၇ (ဇ) ၁၀ - ၃ - ၄ ၃

၁၉။ မောင်မောင်မှာ ပန်းသီး ၃ လုံးရှိသည်။ သူ့အမေက ပန်းသီး ၄ လုံးထပ်ပေးသည်။ ထို့နောက် ပန်းသီး ၂ လုံး စားလိုက်သည်။ သူ့မှာ ယခုပန်းသီးမည်မျှရှိသနည်း။

၃ + ၄ - ၂ = ၅ အဖြေ ၅ လုံး

၂၀။ မလှမှာ နာနတ်သီး ၈ လုံးရှိသည်။ ပထမနေ့တွင် ၂ လုံး ပုပ်သွားပြီး ဒုတိယနေ့တွင် ၄ လုံးပုပ်သွားသည်။ နာနတ်သီးအကောင်း မည်မျှကျန်သနည်း။

၈ - ၂ - ၄ = ၂ အဖြေ ၂ လုံး

ပြန်လှန်လေ့ကျင့်ခန်း ၂

၁။ မည်သည်က ရှည်သနည်း။ ရှည်သောပုံ၏ဘေးရှိ ကွင်းများတွင် ✔ ခြစ်ပါ။

(က)



(✔)

( )

(ခ)



( )

(✔)

၂။ ကွက်လပ်ဖြည့်ပါ။

(က) အနီရောင်ခဲတံနံပါတ်(၂)သည် ___၅___ ကွက်အရှည်ရှိသည်။

(ခ) အဝါရောင်ခဲတံနံပါတ်(၃)သည် ___၅___ ကွက်အရှည်ရှိသည်။

(ဂ) အပြာရောင်ခဲတံနံပါတ်(၄)သည် ___၃___ ကွက်အရှည်ရှိသည်။

(ဃ) အစိမ်းရောင်ခဲတံနံပါတ်(၁)သည် ___၄___ ကွက်အရှည်ရှိသည်။

(၁)



(၂)

(၃)

(၄)

(င) အရှည်ဆုံးခဲတံသည် **အပြာရောင် (၄)** ခဲတံဖြစ်သည်။

(စ) အတိုဆုံးခဲတံသည် **အစိမ်းရောင် (၁)** ခဲတံဖြစ်သည်။

(ဆ) **အနီရောင် (၂)** ခဲတံနှင့် **အဝါရောင် (၃)** ခဲတံသည် အလျားတူသည်။

(ဇ) အပြာရောင်ခဲတံ (၄)သည် အနီရောင်ခဲတံ (၂)ထက် ___၂___ ကွက် ပိုရှည်သည်။

(ဈ) အစိမ်းရောင်ခဲတံ (၁)သည် အဝါရောင်ခဲတံ (၃)အောက် ___၁___ ကွက် **တို** သည်။

၃။ ကွက်လပ်တွင် ကိန်းများဖြည့်ပါ။

(က) ၁၇ သည် ၁၀ နှင့် ___၇___ ဖြစ်သည်။ (ခ) ၁၄ သည် ၁၀ နှင့် ___၄___ ဖြစ်သည်။

(ဂ) ၁၆ သည် ___၁၀___ နှင့် ၆ ဖြစ်သည်။ (ဃ) ___၁၉___ သည် ၁၀ နှင့် ၉ ဖြစ်သည်။

၄။ ☐ မှာ လိုသော ကိန်းများရေးပါ။

(က) — ၁၂ — **၁၃** — ၁၄ — ၁၅ — **၁၆** — ၁၇ —

(ခ) — ၂၀ — ၁၉ — **၁၈** — ၁၇ — ၁၆ — **၁၅** —

(ဂ) — ၁၀ — ၁၂ — **၁၄** — ၁၆ — ၁၈ — **၂၀** —

(ဃ) — ၉ — ၁၁ — **၁၃** — ၁၅ — **၁၇** — ၁၉ —

၅။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၀ + ၃ **၁၃** (ခ) ၁၂ + ၄ **၁၆** (ဂ) ၂ + ၁၅ **၁၇** (ဃ) ၁၁ + ၈ **၁၉**

(င) ၉ + ၅ **၁၄** (စ) ၈ + ၄ **၁၂** (ဆ) ၆ + ၇ **၁၃** (ဇ) ၃ + ၉ **၁၂**

(ဈ) ၇ + ၄ **၁၁** (ည) ၆ + ၈ **၁၄** (ဋ) ၉ + ၇ **၁၆** (ဌ) ၅ + ၈ **၁၃**

၆။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) မိမိတွင် ခဲတံ ၁၃ ချောင်းရှိသည်။ ခဲတံ ၄ ချောင်းထပ်ဝယ်သည်။ သူ့မှာ ခဲတံအားလုံးမည်မျှရှိသနည်း။

၁၃ + ၄ = ၁၇ **အဖြေ ၁၇ ချောင်း**

(ခ) မောင်မျိုး၏အခန်းရှိ စာရေးခုံပေါ်မှာ စာအုပ် ၅ အုပ်နှင့် စာအုပ်စင်ပေါ်တွင် စာအုပ် ၉ အုပ်ရှိသည်။ စာအုပ်အားလုံးပေါင်း မည်မျှရှိမည်နည်း။

၅ + ၉ = ၁၄ **အဖြေ ၁၄ အုပ်**

(ဂ) စုစုမှာ အရုပ် ၇ ရုပ်ရှိသည်။ အရုပ် ၈ ရုပ်ထပ်ရသော် သူ့မှာ အရုပ်မည်မျှရှိမည်နည်း။

၇ + ၈ = ၁၅ **အဖြေ ၁၅ ရုပ်**

၇။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ပေါင်းခြင်းအဖြေများကို စာလုံးများနှင့်အတူ ငယ်ရာမှကြီးရာသို့ စီပါ။
စာလုံးများကို စီပြီးသောအခါ မည်သည့်စကားလုံးရသနည်း။

၄ + ၁၁ ၁၅ မ

၇ + ၆ ၁၃ ညီ

၈ + ၈ ၁၆ လေး

ရမည့်စကားလုံးသည် (ညီ) (မ) (လေး) ဖြစ်သည်။

(ခ) ပေါင်းခြင်းအဖြေများကို စာလုံးများနှင့်အတူ ကြီးရာမှငယ်ရာသို့ စီပါ။
စာလုံးများကို စီပြီးသောအခါ မည်သည့်စကားလုံးရသနည်း။

၅ + ၈ ၁၃ စ

၆ + ၆ ၁၂ ရာ

၁၃ + ၂ ၁၅ စား

၇ + ၉ ၁၆ က

ရမည့်စကားလုံးသည် (က) (စား) (စ) (ရာ) ဖြစ်သည်။

၈။ ၉ + ၄ ကို သချိုင်းမေးခွန်းပြုလုပ်ပြီး အဖြေရှာပါ။

ကျောက်ကျောက်မှာ ပန်းသီး ၉ လုံးရှိသည်။ ပန်းသီး ၄ လုံးထပ်ရလာသည်။ ကျောက်ကျောက်တွင် ပန်းသီးအားလုံးမည်မျှရှိသနည်း။

၉ + ၄ = ၁၃ အဖြေ ၁၃ လုံး

၉။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၄ − ၃ ၁၁ (ခ) ၁၉ − ၂ ၁၇ (ဂ) ၁၈ − ၈ ၁၀ (ဃ) ၁၇ − ၁၀ ၇

(င) ၁၆ − ၉ ၇ (စ) ၁၂ − ၇ ၅ (ဆ) ၁၃ − ၅ ၈ (ဇ) ၁၁ − ၂ ၉

(ဈ) ၁၄ − ၈ ၆ (ည) ၁၅ − ၆ ၉ (ဋ) ၁၃ − ၇ ၆ (ဌ) ၁၂ − ၄ ၈

၁၀။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ကစားကွင်းထဲမှာ ကလေး ၁၆ ယောက် ကစားနေကြသည်။ ကလေး ၅ ယောက် အိမ်ပြန်သွားသော် ကလေး မည်မျှကျန်ရှိသနည်း။

၁၆ − ၅ = ၁၁ အဖြေ ၁၁ ယောက်

(ခ) ပန်းသီး ၁၄ လုံးရှိသည်။ ပန်းသီး ၅ လုံးသည် အနီရောင်ဖြစ်ပြီး ကျန်ပန်းသီးများသည် အစိမ်းရောင်ဖြစ်သည်။
အစိမ်းရောင်ပန်းသီး မည်မျှရှိသနည်း။

၁၄ − ၅ = ၉ အဖြေ ၉ လုံး

(ဂ) ထွန်းထွန်းမှာ ရောင်စုံခဲတံ ၁၃ ချောင်းရှိပြီး မိုးမိုးမှာ ရောင်စုံခဲတံ ၈ ချောင်း ရှိသည်။

ထွန်းထွန်းက မိုးမိုးထက် ရောင်စုံခဲတံ မည်မျှပိုများသနည်း။

၁၃ − ၈ = ၅ **အဖြေ ၅ ချောင်း**

(ဃ) ကလေး ၁၅ ယောက် ကဗျာရွတ်ဆိုနေကြသည်။ သူတို့အနက် ၉ ယောက်မှာ မိန်းကလေးများဖြစ်ကြသည်။

ယောကျ်ားလေးနှင့် မိန်းကလေး မည်သူက ပိုများသနည်း။ မည်မျှပိုများသနည်း။

၁၅ − ၉ = ၆၊ ၉ − ၆ = ၃

မိန်းကလေးပိုများပါသည်။ **အဖြေ ၃ ယောက်**

၁၁။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) နှုတ်ခြင်းအဖြေများကို စာလုံးများနှင့်အတူ ငယ်ရာမှကြီးရာသို့ စီပါ။

စာလုံးများကို စီပြီးသောအခါ မည်သည့် စကားလုံးရသနည်း။

၁၇ − ၉ = ၈	၁၅ − ၄ = ၁၁	၁၄ − ၇ = ၇	၁၂ − ၃ = ၉
ရာ	လေး	ဆ	မ

ရမည့်စကားလုံးသည် **ဆ** **ရာ** **မ** **လေး** ဖြစ်သည်။

(ခ) နှုတ်ခြင်းအဖြေများကို စာလုံးများနှင့်အတူ ကြီးရာမှငယ်ရာသို့ စီပါ။

စာလုံးများကို စီပြီးသောအခါ မည်သည့် စကားလုံးရသနည်း။

၁၁ − ၇ = ၄	၁၆ − ၈ = ၈	၁၃ − ၆ = ၇	၁၉ − ၉ = ၁၀
ပွင့်	ကော်	ပန်း	ကုံ

ရမည့်စကားလုံးသည် **ကုံ** **ကော်** **ပန်း** **ပွင့်** ဖြစ်သည်။

၁၂။ ၁၁ − ၆ ကို သင်္ချာမေးခွန်းပြုလုပ်ပြီး အဖြေရှာပါ။

ငှက် ၁၁ ကောင်ရှိသည်။ ၆ ကောင် ပျံသွားလျှင် ငှက်မည်မျှကျန်သနည်း။

၁၁ − ၆ = ၅ **အဖြေ ၅ ကောင်**

၁၃။ နာရီ အသီးသီးတွင် ပြသောအချိန်ကို ရေးပါ။



၉ နာရီ



၁၂ နာရီခွဲ



၄ နာရီ

၁၄။ နာရီအသီးသီးတွင် ပြသောအချိန်အတွက် နာရီတွင် လက်တံရှည်နှင့် လက်တံတို ရေးဆွဲပါ။

(က) ၈ နာရီ



(ခ) ၂ နာရီခွဲ



၁၅။ သူတို့ မည်သည့်အချိန်အကြောင်း ပြောနေကြသနည်း။ မျဉ်းဆွဲပြီး ယှဉ်တွဲပါ။



၁၆။ အောက်ပါတို့ကို တွက်ပါ။

(က) ၈ + ၃ + ၅ **၁၆** (ခ) ၁၅ − ၂ − ၃ **၁၀** (ဂ) ၃ + ၁၁ − ၈ **၆** (ဃ) ၁၃ − ၉ + ၆ **၁၀**

(င) ၇ + ၄ − ၅ **၆** (စ) ၄ + ၂ + ၉ **၁၅** (ဆ) ၁၆ − ၈ + ၇ **၁၅** (ဇ) ၁၉ − ၄ − ၇ **၈**

၁၇။ နန္ဒမှာ မက်မန်းသီး ၁၆ လုံးရှိသည်။ ၇ လုံးစားလိုက်သည်။ အမေက မက်မန်းသီး ၄ လုံးထပ်ပေးသည်။ နောက်ဆုံးသူ့မှာ မက်မန်းသီး မည်မျှရှိသနည်း။

၁၆ − ၇ + ၄ = ၁၃ **အဖြေ ၁၃ လုံး**

၁၈။ ဘောလုံး ၅ လုံးကို တစ်တန်းတည်း စီထားသည်။



(က) ညာဘက်မှ ဒုတိယဘောလုံးကို ဝိုင်းပါ။

(ခ) အောက်ပါကွက်လပ်များကို ဖြည့်ပါ။

အနီရောင် ဘောလုံးသည် ညာဘက်မှ **ပဉ္စမ** နေရာနှင့် ဘယ်ဘက်မှ **ပထမ** နေရာတွင် ရှိသည်။

၁၉။ ပန်းသီး ၅ လုံးကို တစ်တန်းတည်း စီထားသည်။

(က) ဘယ်ဘက်မှ တတိယပန်းသီးကို အရောင်ခြယ်ပါ။



(ခ) ဘယ်ဘက်မှ ပန်းသီး သုံးလုံးကို အရောင်ခြယ်ပါ။



၂၀။ အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ကလေးတချို့ တန်းစီရပ်နေကြသည်။ သင်းသင်းသည် နောက်ဘက်မှ စတုတ္ထနေရာတွင်ရှိသည်။ သူ၏ နောက်ဘက်မှာ ကလေးမည်မျှရှိသနည်း။

သင်းသင်း
●○○○ အဖြေ ၃ ယောက်

(ခ) ကလေး ၇ ယောက် တန်းစီရပ်နေကြသည်။ အောင်အောင်သည် ရှေ့ဘက်မှ ဒုတိယနေရာတွင် ရှိသည်။ သူ၏ နောက်ဘက်မှာ ကလေးမည်မျှရှိသနည်း။

အောင်အောင်
○●○○○○○ အဖြေ ၅ ယောက်

(ဂ) ကလေးတချို့ တန်းစီရပ်နေကြသည်။ ထွန်းထွန်းသည် နောက်ဘက်မှ တတိယနေရာတွင်ရှိနေပြီး သူ၏ ရှေ့ဘက်တွင် ကလေး ၂ ယောက်ရှိသည်။ ကလေးမည်မျှ တန်းစီထားသနည်း။

ထွန်းထွန်း
○○●○○ အဖြေ ၅ ယောက်

(ဃ) ကလေးတချို့ တန်းစီရပ်နေကြသည်။ နီနီသည် ရှေ့ဘက်မှ ဒုတိယနေရာတွင်ရှိနေပြီး နောက်ဘက်မှ ပဉ္စမနေရာတွင်ရှိသည်။ ကလေးမည်မျှ တန်းစီထားသနည်း။

နီနီ
○●○○○○ အဖြေ ၆ ယောက်

ပြန်လှန်လေ့ကျင့်ခန်း ၃

၁။ အနားအတိုင်းဆွဲလျှင် မည်သည့်ပုံရသနည်း။ မျဉ်းများဆွဲပြီး ယှဉ်တွဲပါ။



၂။ ပုံအသီးသီးပြုလုပ်ရန်အတွက် လေးထောင့်ပုံ၊ သုံးထောင့်ပုံနှင့် အဝိုင်းပုံစက္ကူ မည်မျှစီလိုသနည်း။ ကွက်လပ်တွင် ကိန်းများဖြည့်ပါ။

(က)



လေးထောင့်ပုံ စက္ကူ ___၂___

သုံးထောင့်ပုံ စက္ကူ ___၁___

အဝိုင်းပုံ စက္ကူ ___၂___

(ခ)



လေးထောင့်ပုံ စက္ကူ ___၁___

သုံးထောင့်ပုံ စက္ကူ ___၃___

အဝိုင်းပုံ စက္ကူ ___၄___

၃။ အောက်ပါပုံများပြုလုပ်ရန် ပေးထားသော သုံးထောင့်ပုံ  မည်မျှလိုသနည်း။

ကွက်လပ်တွင် ကိန်းများဖြည့်ပြီး အဖြေရေးပါ။

(က)



သုံးထောင့်ပုံ ___၄___ ခု

(ခ)



သုံးထောင့်ပုံ ___၅___ ခု

(ဂ)



သုံးထောင့်ပုံ ___၆___ ခု

(ဃ)



သုံးထောင့်ပုံ ___၄___ ခု

၄။ မည်မျှရှိသနည်း။ ကွက်လပ်ဖြည့်ပါ။

(က)



___၁၆___ ပွင့်

(ခ)



___၃၁___ အုပ်

(ဂ)



___၄၇___ လုံး

၅။ ကွက်လပ်များတွင် ကိန်းများဖြည့်ပါ။

(က) ၃၅ သည် ___၃___ဆယ်နှင့် ___၅___ခု ဖြစ်သည်။

(ခ) ___၄၈___ သည် ၄ ဆယ်နှင့် ၈ ခု ဖြစ်သည်။

(ဂ) ၇၄ တွင် ___၇___သည် ဆယ်နေရာနှင့် ___၄___သည် ခုနေရာတွင်ရှိသည်။

(ဃ) ___၆၉___ တွင် ၆ သည် ဆယ်နေရာနှင့် ၉ သည် ခုနေရာမှာရှိသည်။

၆။ ကွက်လပ်တွင် ကိန်းများဖြည့်ပါ။

(က)



(ခ)



(ဂ)



၇။ ☐ တွင် ကွာခြားမှုအစဉ်လိုက်ရှိသော ကိန်းများဖြည့်ပါ။

(က) ၈၅ — ၉၆ — ၉၇ — ၉၈ — ၉၉ — ၁၀၀

(ခ) ၄၅ — ၅၀ — ၅၅ — ၆၀ — ၆၅ — ၇၀

(ဂ) ၇၈ — ၇၆ — ၇၄ — ၇၂ — ၇၀ — ၆၈

(ဃ) ၈၅ — ၈၃ — ၈၁ — ၇၉ — ၇၇ — ၇၅

၈။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀ + ၁၀ ၅၀ (ခ) ၃၀ + ၆၀ ၉၀ (ဂ) ၂၀ + ၅ ၂၅ (ဃ) ၈ + ၆၀ ၆၈

(င) ၈၁ + ၇ ၈၈ (စ) ၆ + ၅၂ ၅၈ (ဆ) ၃၇ + ၁၀ ၄၇ (ဇ) ၂၀ + ၄၉ ၆၉

(ဈ) ၃၅ + ၁၁ ၄၆ (ည) ၁၆ + ၆၂ ၇၈ (ဋ) ၅၃ + ၂၃ ၇၆ (ဌ) ၄၂ + ၅၆ ၉၈

၉။ အနီရောင်ပန်းပွင့် ၅၀ နှင့် အဖြူရောင်ပန်းပွင့် ၂၀ ရှိသည်။ ပန်းပွင့်အားလုံးမည်မျှရှိသနည်း။

၅၀ + ၂၀ = ၇၀ အဖြေ ၇၀ ပွင့်

၁၀။ ခြင်းထဲမှာ သရက်သီး ၄၄ လုံးရှိသည်။ သရက်သီး ၅ လုံးထပ်ထည့်သည်။ ခြင်းထဲမှာ သရက်သီးမည်မျှရှိသနည်း။

၄၄ + ၅ = ၄၉ အဖြေ ၄၉ လုံး

၁၁။ မူလက ကားပေါ်မှာ ခရီးသည် ၂၈ ယောက်ရှိသည်။ ကားမှတ်တိုင်မှ နောက်ထပ်ခရီးသည် ၁၀ ယောက် တက်လာသည်။ ကားမှတ်တိုင်မှ ထွက်လာပြီးနောက် ကားပေါ်မှာ ခရီးသည်မည်မျှရှိသနည်း။

၂၈ + ၁၀ = ၃၈ အဖြေ ၃၈ ယောက်

၁၂။ မီမီသည် သကြားလုံး ၂၅ လုံးဝယ်သည်။ အစ်မက သကြားလုံး ၅၃ လုံးထပ်ဝယ်သည်။ သူတို့နှစ်ဦး သကြားလုံးမည်မျှ ဝယ်ခဲ့သနည်း။

၂၅ + ၅၃ = ၇၈ အဖြေ ၇၈ လုံး

၁၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၅၀ – ၃၀ ၂၀ (ခ) ၉၀ – ၄၀ ၅၀ (ဂ) ၄၅ – ၃ ၄၂ (ဃ) ၆၇ – ၂ ၆၅

(င) ၇၈ – ၈ ၇၀ (စ) ၄၃ – ၁၀ ၃၃ (ဆ) ၇၉ – ၃၀ ၄၉ (ဇ) ၆၆ – ၄၀ ၂၆

(ဈ) ၂၇ – ၁၂ ၁၅ (ည) ၅၄ – ၂၃ ၃၁ (ဋ) ၆၅ – ၄၁ ၂၄ (ဌ) ၉၆ – ၃၆ ၆၀

၁၄။ အစိမ်းရောင်နှင့် အနီရောင်ကော်ပြား စုစုပေါင်း ၆၀ ရှိသော ခြင်းထဲတွင် အစိမ်းရောင်ကော်ပြားအခု ၂၀ရှိသည်။ ခြင်းထဲမှာ အနီရောင်ကော်ပြားမည်မျှရှိသနည်း။

၆၀ – ၂၀ = ၄၀ အဖြေ ၄၀ ခု

၁၅။ မူလက ဈေးဆိုင်မှာ ထီး ၇၆ လက်ရှိပြီး ယနေ့ ထီး ၅ လက် ရောင်းရသည်။ ဈေးဆိုင်မှာ ထီးမည်မျှကျန်သနည်း။

၇၆ – ၅ = ၇၁ အဖြေ ၇၁ လက်

၁၆။ မောင်မောင်မှာ သကြားလုံး ၃၀ ရှိပြီး စုစုမှာ သကြားလုံး ၅၈ လုံးရှိသည်။ စုစုမှာ မောင်မောင်ထက် သကြားလုံးမည်မျှပိုရှိသနည်း။

၅၈ – ၃၀ = ၂၈ အဖြေ ၂၈ လုံး

၁၇။ ရွာတစ်ရွာမှာ ကလေး ၄၇ ယောက်ရှိပြီး၊ ၂၁ ယောက်မှာ ယောက်ျားလေးများဖြစ်ကြသည်။ ယောက်ျားလေးနှင့် မိန်းကလေး မည်သည်က ပိုများသနည်း။ မည်မျှပိုများသနည်း။

၄၇ – ၂၁ = ၂၆

၂၆ – ၂၁ = ၅ မိန်းကလေးပိုများသည် အဖြေ ၅ ယောက်

၁၈။ အောက်ပါ သင်္ချာညီမျှခြင်းများရှိ ကွက်လပ်များတွင် + သို့မဟုတ် − ဖြည့်ပါ။

(က) ၁၃ [−] ၆ = ၇ (ခ) ၁၀ [+] ၄၀ = ၅၀

(ဂ) ၈၀ [+] ၈ = ၈၈ (ဃ) ၆၇ [−] ၃၀ = ၃၇

(င) ၂၄ [+] ၅၀ = ၇၄ (စ) ၃၆ [−] ၁၃ = ၂၃

(ဆ) ၁၀၀ [−] ၃၀ = ၇၀ (ဇ) ၆၀ [+] ၄၀ = ၁၀၀

၁၉။ ကလေးများသည် မည်သည့်ကိန်းအကြောင်း ပြောနေကြသနည်း။ ကွက်လပ်များတွင် ကိန်းဖြည့်ပြီးဖြေပါ။

(က)



အဖွားက အခုအသက် ___၀၉___ နှစ်ရှိပြီ။

(ခ)



သူ့မှာ ဘီစကွတ်မုန့် ___၃၄___ ခု ကျန်တယ်။

(ဂ)



အခု ကလေး ___၆___ ယောက် ရှိတယ်။

အထွေထွေလေ့ကျင့်ခန်း

၁။ ပစ်တိုင်းထောင် မည်မျှရှိသနည်း။



အဖြေ ၅၀ ရှိ

၂။ ကွက်လပ်များတွင် ကိန်းများကို ဖြည့်ပါ။

(က) ၆ ဆယ်နှင့် ၇ ခု သည် ၆၇ ဖြစ်သည်။

(ခ) ၈၂ သည် ၈ ဆယ်နှင့် ၂ ခု ဖြစ်သည်။

(ဂ) ၉၅ တွင် ဆယ်နေရာ၌ ၉ နှင့် ခုနေရာ၌ ၅ ရှိသည်။

(ဃ) ၃၁ တွင် ဆယ်နေရာ၌ ၃ နှင့် ခုနေရာ၌ ၁ ရှိသည်။

၃။ အောက်ပါတို့တွင် ပိုကြီးသော ကိန်းကို ဝိုင်းပါ။

(က) ၈၁ ၇၉ (ခ) ၄၆ ၆၂ (ဂ) ၈၈ ၁၀၀

၄။ ကွက်လပ်များတွင် ကွာခြားမှုအစဉ်လိုက် ကိန်းများကို ဖြည့်ပါ။

(က)



(ခ)



၅။ ကွက်လပ်များတွင် မည်သည့် အသီးများ ရှိမည်နည်း။ ရှိမည့် အသီးများကို ဝိုင်းပါ။



(က) (ခ)

(က) 

(ခ) 

၆။ အောက်ပါတို့ကို တွက်ပါ။

(က) ၄ + ၁ ၅ (ခ) ၂ + ၇ ၉ (ဂ) ၅ + ၃ ၈ (ဃ) ၃ + ၄ ၇

(င) ၆ + ၂ ၈ (စ) ၁ + ၉ ၁၀ (ဆ) ၇ + ၀ ၇ (ဇ) ၄ + ၄ ၈

၇။ အောက်ပါတို့ကို တွက်ပါ။

(က) ၅ − ၁ ၄ (ခ) ၈ − ၃ ၅ (ဂ) ၇ − ၅ ၂ (ဃ) ၉ − ၂ ၇

(င) ၁၀ − ၆ ၄ (စ) ၆ − ၆ ၀ (ဆ) ၉ − ၇ ၂ (ဇ) ၈ − ၄ ၄

၈။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၀ + ၆ ၁၆ (ခ) ၁၄ + ၂ ၁၆ (ဂ) ၃ + ၁၆ ၁၉ (ဃ) ၁၂ + ၅ ၁၇

(င) ၉ + ၅ ၁၄ (စ) ၆ + ၇ ၁၃ (ဆ) ၈ + ၄ ၁၂ (ဇ) ၇ + ၈ ၁၅

(ဈ) ၉ + ၉ ၁၈ (ည) ၅ + ၈ ၁၃ (ဋ) ၄ + ၇ ၁၁ (ဌ) ၉ + ၆ ၁၅

(ဍ) ၇ + ၇ ၁၄ (ဎ) ၉ + ၃ ၁၂ (ဏ) ၅ + ၆ ၁၁ (တ) ၈ + ၆ ၁၄

၉။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၃ − ၁ ၁၂ (ခ) ၁၇ − ၄ ၁၃ (ဂ) ၁၈ − ၈ ၁၀ (ဃ) ၁၄ − ၁၀ ၄

(င) ၁၇ − ၉ ၈ (စ) ၁၃ − ၆ ၇ (ဆ) ၁၆ − ၇ ၉ (ဇ) ၁၁ − ၈ ၃

(ဈ) ၁၄ − ၅ ၉ (ည) ၁၅ − ၇ ၈ (ဋ) ၁၂ − ၉ ၃ (ဌ) ၁၃ − ၈ ၅

(ဍ) ၁၁ − ၃ ၈ (ဎ) ၁၅ − ၈ ၇ (ဏ) ၁၄ − ၉ ၅ (တ) ၁၂ − ၆ ၆

၁၀။ အောက်ပါတို့ကို တွက်ပါ။

(က) ၅၀ + ၃၀ ၈၀ (ခ) ၂၀ + ၄၀ ၆၀ (ဂ) ၃၀ + ၈ ၃၈ (ဃ) ၅ + ၇၀ ၇၅

(င) ၃၁ + ၄ ၃၅ (စ) ၆ + ၈၃ ၈၉ (ဆ) ၂၆ + ၁၀ ၃၆ (ဇ) ၃၀ + ၄၇ ၇၇

(ဈ) ၃၄ + ၁၂ ၄၆ (ည) ၂၃ + ၂၅ ၄၈ (ဋ) ၅၃ + ၃၆ ၈၇ (ဌ) ၄၂ + ၃၇ ၇၉

၁၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၆၀ – ၂၀ ၄၀ (ခ) ၈၀ – ၅၀ ၃၀ (ဂ) ၃၇ – ၄ ၃၃ (ဃ) ၈၉ – ၆ ၈၃

(င) ၅၃ – ၃ ၅၀ (စ) ၃၉ – ၁၀ ၂၆ (ဆ) ၆၄ – ၃၀ ၃၄ (ဇ) ၇၁ – ၄၀ ၃၁

(ဈ) ၂၅ – ၁၁ ၁၄ (ည) ၄၇ – ၂၄ ၂၃ (ဋ) ၇၆ – ၃၂ ၄၄ (ဌ) ၉၅ – ၇၃ ၂၂

၁၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၄ + ၁ + ၂ ၇ (ခ) ၉ – ၄ – ၃ ၂ (ဂ) ၇ + ၃ – ၆ ၄ (ဃ) ၆ – ၅ + ၈ ၉

(င) ၁၅ – ၄ – ၅ ၆ (စ) ၁၁ + ၅ – ၈ ၈ (ဆ) ၁၂ – ၇ + ၃ ၈ (ဇ) ၅ + ၃ + ၆ ၁၄

(ဈ) ၁၃ – ၆ + ၈ ၁၅ (ည) ၇ + ၄ + ၅ ၁၆ (ဋ) ၁၄ – ၇ – ၄ ၃ (ဌ) ၈ + ၆ – ၉ ၅

၁၃။ ပန်းအနီ ၇ ပွင့်နှင့် ပန်းအပြာ ၄ ပွင့် ရှိသည်။

(က)ပန်းအားလုံး မည်မျှရှိသနည်း။ ၇ + ၄ = ၁၁ အဖြေ ၁၁ ပွင့်

(ခ) ပန်းအနီသည် ပန်းအပြာထက် မည်မျှပိုများသနည်း။ ၇ – ၄ = ၃ အဖြေ ၃ ပွင့်

၁၄။ မိမိတွင် စာအုပ် ၆ အုပ် ရှိသည်။ သူ့ကို စာအုပ် ၈ အုပ် ထပ်ပေးလိုက်လျှင် ယခုသူ့တွင် စာအုပ် မည်မျှရှိသနည်း။ ၆ + ၈ = ၁၄ အဖြေ ၁၄ အုပ်

၁၅။ အောင်အောင်တွင် သကြားလုံး ၁၅ လုံးရှိရာ သကြားလုံး ၆ လုံးကို စားလိုက်သည်။ အောင်အောင်တွင် သကြားလုံး မည်မျှကျန်သနည်း။

၁၅ – ၆ = ၉ အဖြေ ၉ လုံး

၁၆။ ကြက် ၁၃ ကောင်ရှိသည်။ ၇ ကောင်သည် ကြက်ဖဖြစ်လျှင် ကြက်မ မည်မျှရှိသနည်း။

၁၃ – ၇ = ၆ အဖြေ ၆ ကောင်

၁၇။ စာသင်ခန်းထဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ယောက်ရှိသည်။ ၉ ယောက်မှာ ကျောင်းသား ဖြစ်သည်။ ကျောင်းသားအရေအတွက်သည် ကျောင်းသူ အရေအတွက်ထက် မည်မျှပိုများသနည်း။

၁၇ – ၉ = ၈၊ ၉ – ၈ = ၁ အဖြေ ၁ ယောက်

၁၈။ ကျော်ကျော်တွင် ဘီစကွတ်မုန့် ၈ ခုရှိသည်။ ဇင်ဇင်တွင် ကျော်ကျော်ထက် ဘီစကွတ်မုန့် ၄ ခုပိုရှိသည်။ ဇင်ဇင်တွင် ဘီစကစ်မုန့် မည်မျှရှိသနည်း။

၈ + ၄ = ၁၂ အဖြေ ၁၂ ခု

၁၉။ ယခုသီတင်းပတ်တွင် မောင်မောင်သည် လိမ္မော်သီး ၁၄ လုံးစားခဲ့သည်။ တင်တင်က မောင်မောင်အောက် လိမ္မော်သီး ၅ လုံးလျော့စားသည်။ ယခုသီတင်းပတ်တွင် တင်တင်သည် လိမ္မော်သီးမည်မျှ စားခဲ့သနည်း။

၁၄ – ၅ = ၉ အဖြေ ၉ လုံး

၂၀။ မည်သည့်ပုံအကြောင်း သူတို့ပြောနေကြသနည်း။ မျဉ်းဆွဲ၍ ယှဉ်တွဲပါ။



၂၁။ အောက်တွင် ပြထားသည့် မူရင်းပုံတွင် တြိဂံ ၄ ခုပါဝင်သည်။ မူရင်းပုံထဲရှိ တြိဂံတစ်ခုကိုသာ နေရာပြောင်းခြင်းဖြင့် ရနိုင်မည့်ပုံကို ကွင်းထဲတွင် ✔ အမှတ်အသားပြုလုပ်ပါ။


မူရင်းပုံ


(✔)


(✔)


( )


(✔)


( )

၂၂။ ပုံတွင် ကြိုး ၄ ချောင်းကို အရောင်ဖြင့် ပြထားသည်။ အောက်ပါ ကွက်လပ်များတွင် ကြိုးများ၏ အရောင်များကို အတိုဆုံးကြိုးမှ အရှည်ဆုံးကြိုးအထိ အစဉ်လိုက်စီပြီး ရေးသားဖော်ပြပါ။



အဖြေ ကြိုး(၂)၊ ကြိုး(၃)၊ ကြိုး(၄)၊ ကြိုး(၁)

၂၃။ နာရီ အသီးသီးတွင် ပြထားသော အချိန်ကို ရေးပါ။



၁၀ နာရီ



၈ နာရီခွဲ



၅ နာရီ

၂၄။ ကလေးတချို့ တန်းစီရပ်နေကြသည်။ မိမိသည် ရှေ့ဘက်မှ ၅ ယောက်မြောက်နေရာတွင်ရှိပြီး သူ၏ နောက်ဘက်တွင် ကလေး ၂ ယောက်ရှိသည်။ ကလေးမည်မျှတန်းစီ ရပ်နေကြသနည်း။

မိမိ

○○○○●○○

အဖြေ ၇ ယောက်

၂၅။ ကလေးတချို့ တန်းစီရပ်နေကြသည်။ ထွန်းထွန်းသည် ရှေ့ဘက်မှ ပထမနေရာနှင့် နောက်ဘက်မှ စတုတ္ထနေရာတွင် ရှိသည်။ ကလေးမည်မျှ တန်းစီရပ်နေကြသနည်း။

ထွန်းထွန်း

●○○○

အဖြေ ၄ ယောက်

အိတ်ပါသည့်ကားချပ် (Pocket Chart) ပြုလုပ်ပုံ

၁။ အိတ်ပါသည့် ကားချပ် ပြုလုပ်ပုံ

ဥပမာအားဖြင့် ပလတ်စတစ် အကြည်ကို ခေါက်ပြီး ပုံတွင် ပြထားသည့်အတိုင်း ပလတ်စတစ်အိတ်တစ်ခု ပြုလုပ်ပါ။ ယင်းကို သင်ပုန်းပေါ်ကပ်ပြီး ပုံတွင် ပြထားသည့်အတိုင်း ရုပ်ပုံကတ်ပြားများ ထည့်ရန် သုံးပါ။ လိုအပ်လျှင် ပိုရှည်သော ပလတ်စတစ်အိတ်ကို ပြုလုပ်ပါ။



၂။ အကွက်ပုံကတ်ပြားများ ပြုလုပ်ပုံ

ကတ်ထူစက္ကူကို သုံးပြီး ၃ လက်မ ပတ်လည် အကွက်ပုံကတ်ပြားတစ်ခုပြုလုပ်ပါ။ ကတ်ပြားပေါ်တွင် အဝါရောင်ခြယ်ပါ သို့မဟုတ် အဝါရောင်ကတ်ပြားကို သုံးပါ။ အကွက်ပုံကတ်ပြားများကို လိုအပ်သလောက် ပြုလုပ်ပါ။ သို့သော် ကတ်ပြား၏ အရွယ်အစားသည် သင်ပုန်း၏ အရွယ်အစားပေါ်မူတည်ပြီး ပြောင်းလဲနိုင်သည်။



၁၀ ကျော်သော ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းအတွက် ၁၀ အုပ်စုတစ်စုကို အကွက်ပုံ ကတ်ပြား ၁၀ ခုကို အတူတူထားပြီး ပြသည်။ ထိုသို့ ပြနိုင်ရန် အောက်ပါပုံအတိုင်း စုစည်းထားသော ၁၀ ကွက်ပြား အရှည်ကို အသုံးပြုနိုင်သည် အိတ်ပါကားချပ်များကို အသုံးပြုမည့် လုပ်ငန်းအလိုက် ကြိုတင်ပြုလုပ်ထားပါ။



စတုရန်းပုံဖော် အစက်များပါသော စာရွက်

(square dotted paper)



ပြုလုပ်ပုံ

စက္ကူပါးတစ်ရွက်ကို စတုရန်းပုံဖော်အစက်များ ပါသော စာရွက်ပေါ်တွင် တင်ပါ။ မြင်ရသော အစက်များကို ဆွဲခြင်းဖြင့် စတုရန်းပုံဖော် အစက်များပါသော စာရွက်ရရှိ နိုင်သည်။

စတုရန်းကွက် စာရွက် (Grid Paper) ပြုလုပ်နည်း



စက္ကူပါးတစ်ရွက်ကို စတုရန်းကွက်စာရွက်ပေါ်တင်၍ မြင်ရသော မျဉ်းများကို မျဉ်းတံဖြင့် တားပြီးဆွဲလျှင် စတုရန်းကွက်စာရွက်ရနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သင်္ချာ
ပထမတန်း
ဆရာလမ်းညွှန်



၂၀၁၇–၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သင်္ချာ

ပထမတန်း

ဆရာလမ်းညွှန်

၂၀၁၇–၂၀၁၈

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အမှာစာ	၁
ကျောင်းသုံးစာအုပ်၏ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ	၂
ဆရာလမ်းညွှန်စာအုပ်ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ	၄
သချိၤဘာသာသင်ကြားချိန်ခွဲဝေဇယား	၆
သချိၤဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း	၈
သချိၤသင်ပြနည်း	၁၀
ကျောင်းသုံးစာအုပ်ရှိ အခန်းလိုက်လမ်းညွှန်ချက်များ	
အခန်း ၁။ တစ်ဆယ်အထိကိန်းများ	၂၀
အခန်း ၂။ မည်မျှနှင့်မည်မျှ	၄၂
အခန်း ၃။ သုည	၅၂
အခန်း ၄။ နောက်ထပ်ဘာလာမလဲ	၅၆
အခန်း ၅။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ	၆၄
အခန်း ၆။ အပေါင်း သင်ခန်းစာ ၁	၇၀
အခန်း ၇။ အနုတ် သင်ခန်းစာ ၁	၈၇
အခန်း ၈။ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁	၁၀၄
အခန်း ၉။ ဘယ်ဟာကပိုရှည်သလဲနှိုင်းယှဉ်ကြမယ်	၁၀၉
အခန်း ၁၀။ နှစ်ဆယ်အထိကိန်းများ	၁၁၆
အခန်း ၁၁။ အပေါင်း သင်ခန်းစာ ၂	၁၃၈
အခန်း ၁၂။ အနုတ် သင်ခန်းစာ ၂	၁၅၃
အခန်း ၁၃။ ဘယ်အချိန်မှာဘာလုပ်သလဲ	၁၆၈
အခန်း ၁၄။ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂	၁၇၄
အခန်း ၁၅။ နေရာအဆင့်ပြကိန်းများ	၁၇၈
အခန်း ၁၆။ ပုံများဆွဲသားခြင်း	၁၈၆
အခန်း ၁၇။ ကိန်းကြီးများ	၁၉၄
အခန်း ၁၈။ ကိန်းကြီးများပေါင်းခြင်းနှင့် နုတ်ခြင်း	၂၁၄
ပြန်လှန်လေ့ကျင့်ခန်း ၁	၂၂၆
ပြန်လှန်လေ့ကျင့်ခန်း ၂	၂၃၁
ပြန်လှန်လေ့ကျင့်ခန်း ၃	၂၄၇
အထွေထွေလေ့ကျင့်ခန်း	၂၄၂
နောက်ဆက်တွဲ။ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ	၂၄၇

အမှာစာ

ပထမတန်းသချိၤဘာသာ ကျောင်းသုံးစာအုပ်ပို့ချရာ၌ အထောက်အကူဖြစ်စေရန် ဤဆရာလမ်းညွှန်စာအုပ်ကို ပထမတန်းသချိၤဘာသာ သင်ပြပို့ချသော ဆရာများအတွက် ပြုစုထားခြင်းဖြစ်ပါသည်။

ဆရာများသည် သင်ခန်းစာမသင်ကြားမီ၊ သင်ကြားရမည့်သင်ခန်းစာနှင့် ဆက်စပ်သောခေါင်းစဉ်များအားလုံးကို အကျွမ်းတဝင်သိရှိရန် လိုအပ်ပါသည်။ ထို့ပြင် သင်ကြားမည့် သင်ခန်းစာတစ်ခုလုံးကို ခြုံငုံသုံးသပ်ရန် လိုအပ် ပါသည်။ ဆရာသည် သင်ခန်းစာသင်ကြားရေးအတွက် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများပြင်ဆင်ရန်လည်း လိုအပ်ပါသည်။ ဤအချက်များကို ဆရာလမ်းညွှန်စာအုပ်တွင် ညွှန်ပြထားပါသည်။ အခက်အခဲရှိပါက သင်ပြသူဆရာအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

ပထမတန်းသို့ တက်ရောက်သောကလေးများသည် စာဖတ်ရှုရန်နှင့် အဓိပ္ပာယ်နားလည်ရန် အဆင်သင့်မဖြစ်သေးသဖြင့် ဆရာများက သတိပြုကြရပါမည်။ သို့ဖြစ်၍ ကလေးများနားလည်သဘောပေါက်စေရန် ဆရာက မေးခွန်းများကိုရှင်းပြသင့်သည်။ မိမိတို့ ကျောင်း၏ အခြေအနေ ပေါ်မူတည်၍ ကလေးများအရေအတွက်နှင့် သင်ထောက်ကူပစ္စည်း မျှတမှု ရှိ၊ မရှိကို ပြင်ဆင်ညှိနှိုင်းရန်လည်း လိုအပ်ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သောသင်ပြနည်းပုံစံများသည် ကလေးများကို သချိၤဆိုင်ရာ၊ အယူအဆသဘောများ ပိုမိုနိုးကြွစေရန် လှုံ့ဆော်ပေးပါလိမ့်မည်။ သချိၤအမြင်၊ စာတွေ့လက်တွေ့ နှစ်ရပ်ကိုလည်း ပေါင်းစည်းသရုပ်ဖော်ထားပါသည်။

သချိၤဘာသာရပ်ပထမတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်မူကြမ်းကို CREATE (Curriculum Reform And Teacher Education) အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် မြန်မာနိုင်ငံ သင်ရိုးရေးသားပြုစုရေးအဖွဲ့တို့ ပူးပေါင်းပြုစုခဲ့ပါသည်။ ထိုမူကြမ်းကို အချောသတ်နိုင်ရန် တည်းဖြတ်ရေးအဖွဲ့က အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြုပြင်ပြီး အတည်ပြုခဲ့ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်သည် ပညာရေးကောလိပ်မှ သင်တန်းပို့ချသူများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် အကျိုးပြုပါလိမ့်မည်။ အမှန်စင်စစ် ဤစာအုပ်သည် ပညာရေးနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအားလုံးအတွက် ရည်ညွှန်းပါသည်။

သချိၤသင်ပြနည်း

သချိၤသင်ပြနည်းသည် သင်ခန်းစာကောင်းများဖြစ်စေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဤအပိုင်းတွင် သချိၤသင်ပြနည်း၏ ယေဘုယျ သဘောတရားတချို့နှင့် ဥပမာတချို့ကို ဖော်ပြထားသည်။ ဤအပိုင်းတွင် အောက်ပါအကြောင်းအရာများကို ထည့်သွင်းဆွေးနွေးမည်။

- မူလတန်းသချိၤပညာရေး စိတ်ပညာ
- မူလတန်းသချိၤသင်ကြားသင်ယူမှုအစီအစဉ်
- မေးခွန်းအမျိုးမျိုးကို အသုံးပြုခြင်း
- သင့်လျော်သောသင်ခန်းစာသင်ယူမှုပုံစံကို အသုံးပြုခြင်း
- ကိုယ်စားပြုပစ္စည်းများအသုံးပြုခြင်း
- သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း
- အုပ်စုလိုက်လုပ်ငန်းကို အောင်မြင်စွာလုပ်ဆောင်ခြင်း

မူလတန်းသချိၤပညာရေးစိတ်ပညာ

ကလေးများသည် အသက် (၆)နှစ်အရွယ်ရှိသောအခါ ပထမတန်းတွင် တက်ရောက်ပညာသင်ယူကြသည်။ ပီယာဂျေး (Piaget) ၏ အသိဉာဏ်ဖွံ့ဖြိုးမှုစိတ်ပညာတွင် ဤအသက်ဝန်းကျင်ရှိ ကလေးများသည် ရှေ့ပြေးသိမှု ဉာဏ်ရည်ဖွံ့ဖြိုးစအရွယ် (pre-operational stage) (အသက် ၂နှစ်မှ ၇နှစ်) မှ (အသက် ၇နှစ်မှ ၁၁နှစ်) ဒြပ်ရှိ လုပ်ဆောင်မှု ပြုနိုင်သော အရွယ် (concrete operational stage)သို့ ကူးပြောင်းကာလတွင်ရှိပြီး၊ ဒြပ်ရှိပစ္စည်းများ၏ အကူအညီဖြင့် လက်တွေ့လုပ်ဆောင်ရာမှ ကျိုးကြောင်းဆက်စပ် တွေးတောခြင်းကိုစတင်ပြီဟု ယူဆရသည်။ ရှေ့ပြေးသိမှု ဉာဏ်ရည်ဖွံ့ဖြိုးစအရွယ်ရှိ ကလေးများအတွက် အရာဝတ္ထုတစ်ခု၏ပုံစံကို ပြောင်းလဲခြင်းသည် အရာဝတ္ထု ပမာဏ၊ ထုထည် (သို့) ဒြပ်ထုကို ပြောင်းလဲခြင်းမဟုတ် ဟူသောအချက်ကိုနားလည်လက်ခံရန် အခက်အခဲများစွာရှိနေသည်။

ဒြပ်ရှိလုပ်ဆောင်နိုင်မှုပြုနိုင်သောအရွယ် ကလေးများသည်တဖြည်းဖြည်းစိတ်ကူးဖြင့်လုပ်ကိုင်ရမည့် လုပ်ဆောင်ချက်များကို လုပ်နိုင်လာသည်။ အသက် ၁၁ နှစ်ဝန်းကျင်တွင်မူ ပုံစံကျ–လုပ်ဆောင်မှုပြုနိုင်သော အရွယ် (formal operational stage) သို့ရောက်ရှိပြီး ဒြပ်ရှိပစ္စည်းများဖြင့် စိတ်ကူးပုံဖော်စရာအလျဉ်းမလိုဘဲ စိတ်ကူးသက်သက်ဖြင့် စဉ်းစားနိုင်လာသည်။

အထက်ပါအကြောင်းကြောင့် ကိန်းများပေါင်းခြင်း၊ နုတ်ခြင်း၊ ဂျီသြမေတြီပုံများ စသည်တို့ကိုစတင်သင်ကြားရာတွင် ဆရာသည် ပထမတန်းကလေးများကို ပစ္စည်းစစ်များဖြင့်ကိုင်တွယ်လုပ်ဆောင်ရန် အားပေးဖို့လိုသည်။ ထို့နောက် စတုရန်းပုံအကွက်ကတ်ပြားများကဲ့သို့သော ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီးနောက်ပိုင်းတွင် ကျောင်းသုံးစာအုပ်တွင်ဖော်ပြထားသောပုံများကို အသုံးပြုမည်။ ဥပမာ၊ ဆရာသည် ပထမတန်းမှ ပေါင်းခြင်းသင်ခန်းစာ (ဥပမာ၊ ၃ + ၂ = ၅) ကို အောက်ပါလုပ်ထုံးလုပ်နည်းဖြင့် သင်ကြားနိုင်သည်။ ဤဖြစ်စဉ်သည် ကလေးများ ကျိုးကြောင်းဆက်စပ်တွေးတောမှုစွမ်းရည်များရရှိရန် များစွာအထောက်အကူဖြစ်သည်။



သချိၤဆိုင်ရာစိတ်ကူးကို လှုပ်ရှားမှုဖြင့် ချိတ်ဆက်ရန် ပစ္စည်းစစ်များဖြင့် ကိုင်တွယ်လုပ်ဆောင်ခြင်း

ပစ္စည်းစစ်များအစား ကိုယ်စားပြု ပစ္စည်းများဖြင့် ကိုင်တွယ် လုပ်ဆောင်ခြင်း

ကျောင်းသုံးစာအုပ်မှ ရုပ်ပုံများနှင့် ကိုယ်စားပြုပစ္စည်းပုံများကို အသုံးပြုခြင်း

ကလေးများ၏ ကျွမ်းကျင်မှုအဆင့်မြင့်မားလာသည့်အခါ၊ ကလေးများ၏ စိတ်တွက်စွမ်းရည်တိုးတက်လာရန်အတွက် အထက်ပါပုံ(၁)နှင့် (၂) ကဲ့သို့ ရုပ်ဝတ္ထုပါဝင်သောလှုပ်ရှားမှုများကို တဖြည်းဖြည်းခြင်းလျော့၍ အသုံးပြုသွားရမည်။ ဒြပ်ရှိလုပ်ဆောင်မှုပြုနိုင်သော အရွယ်ဟူသည် ဒြပ်ရှိပစ္စည်းများကို အသုံးပြုသောအဆင့်ဟုဆိုလိုခြင်းမဟုတ်ကြောင်း သတိပြုသင့်သည်။ ပထမတန်းပြီးဆုံးသောအခါ ကလေးများသည် လက်ချိုးမရေဘဲ၊ ပစ္စည်းစစ်များမသုံးဘဲ၊ တုတ်ချောင်းများမဆွဲဘဲ လွယ်ကူသောပေါင်းခြင်း၊ နုတ်ခြင်းကို စိတ်တွက်ဖြင့် လုပ်ဆောင်နိုင်မည့်အဆင့်သို့ ရောက်ရှိမည်ဟု ယူဆထားသည်။

မူလတန်းသချိၤသင်ကြားသင်ယူမှု အစီအစဉ်

မူလတန်းကလေးများအား သချိၤသင်ကြားရာတွင် အရေးကြီးသောအချက်တစ်ခုမှာ ကလေးများ၏ပတ်ဝန်းကျင်တွင် တွေ့မြင်နိုင်သော ဒြပ်ရှိဥပမာများပေး၍ အသိသညာကို မိတ်ဆက်ပေးရန်ဖြစ်သည်။ သို့ဖြင့် ကလေးများသည် အသိသညာကို သူတို့၏ အတွေ့အကြုံနှင့် ဆက်စပ်ကာ နားလည်မည်။

အသိသညာကိုသင်ယူပြီးနောက် ကလေးများသည် ထပ်တလဲလဲလေ့ကျင့်ခြင်းအားဖြင့် အသိနှင့်ကျွမ်းကျင်မှုများ ရရှိသည့်အဆင့်သို့ ရောက်ရှိလာမည်။ အတွေ့အကြုံနှနယ်သော ဆရာအသစ်အများစုက ဤဖြစ်စဉ်ကို ခပ်ပေါ့ပေါ့ယူဆပြီး ကလေးများတွက်ချက်မှုအနည်းငယ်ကို မှန်ကန်စွာပြုလုပ်နိုင်လျှင် 'ကျွမ်းကျင်ပြီ'ဟု တွေးလေ့ရှိသည်။ သို့သော် မူလတန်းသချိၤပညာရေး၏ အစောပိုင်းအဆင့်၌ပင်လျှင် ကလေးများသည် ဂဏန်းတစ်လုံးပါ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းကို စိတ်ကူးသက်သက်ဖြင့် (လက်ချိုးရေခြင်း၊ တုတ်ချောင်းဆွဲခြင်းမဟုတ်ဘဲ) တွက်နိုင်သောအဆင့်သို့ ရောက်ရှိရန်လိုအပ်သည်။ စိတ်ကူးတွင် အဖြေရုတ်တရက်ပေါ်လာသည်အထိ ကလေးများသည် ပေါင်းခြင်း၊ နုတ်ခြင်း အမြောက်အများကို ထပ်တလဲလဲတွက်ချက်လုပ်ဆောင်ရမည်။

ဤအသိနှင့်ကျွမ်းကျင်မှုရရှိအောင် ဆောင်ရွက်သည့်အဆင့်ပြီးလျှင် စာသားပုစ္ဆာများ၊ နေ့စဉ်ဘဝနှင့်ဆက်စပ်သောပုစ္ဆာများ ဖြေရှင်းရမည့် အသုံးချနိုင်ခြင်းအဆင့်သို့ ရောက်မည်။ ဤအဆင့်တွင် ကလေးများ၏စာသားပုစ္ဆာများမှ သချိၤညီမျှခြင်းသို့ပြောင်းလဲနိုင်စွမ်းကို တိုးတက်လာစေသည်။ ဤအဆင့်သည်တွက်ချက်ခြင်းထက် စကားလုံးမှသချိၤညီမျှခြင်းသို့ပြောင်းလဲခြင်းဖြစ်စဉ်ကို ပို၍အာရုံထားသည်ကို ဆရာများအနေနှင့် သတိချပ်သင့်သည်။ သို့ဖြစ်၍ ကလေးများသည်အတွက်အချက်အပိုင်း၌ အမှားများမကြာခဏပြုလုပ်နေလျှင် တွက်ချက်မှုစွမ်းရည်များ အားကောင်းလာရန် ယခင်အဆင့်ကိုပြန်သွားရန် လိုအပ်သည်။

အထက်ပါအကြောင်းအရာများကို ပုံ(၁)တွင် ၁၀ အထိကိန်းများပေါင်းခြင်းကို ဥပမာအဖြစ်သုံးကာ ဖော်ပြထားသည်။



ပုံ (၁) မူလတန်းသချိၤအတွက် သင်ကြားသင်ယူမှုအဆင့်ဆင့်

မေးခွန်းအမျိုးမျိုးကိုအသုံးပြုခြင်း

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ဆရာ၏ 'မေးခွန်းများ'နှင့် ကလေး၏ 'မေးခွန်းများ'သည် သဘောအားဖြင့် မတူညီကြပေ။ ကလေးများက မေးခွန်း၏ 'အဖြေ'ကို သိလို၍၊ အဖြေကို အတည်ပြုလို၍ မေးခြင်းဖြစ်သော်လည်း ဆရာက မေးခွန်း၏ 'အဖြေ'ကို မသိ၍ မေးခြင်း မဟုတ်ချေ။ ဆရာက သင်ခန်းစာများတွင် မေးခွန်းများ မေးရခြင်း၏ ရည်ရွယ်ချက်များမှာ –

(က) ကလေးများ သိပြီးအသိပညာကို ပြန်လည်တွေးတောမှတ်မိစေရန်
(ခ) ကလေးများ၏ နားလည်မှုကို အကဲဖြတ်ရန်
(ဂ) ကလေးများ၏ နားလည်မှုကို ဖြည့်ဆည်းပေးရန်
(ဃ) ကလေးများ၏ နားလည်မှုကိုတိုးမြှင့်ပေးရန် (သို့) ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို နှိုးဆွပေးရန်
(င) တက်ကြွပြီးစိတ်ဝင်စားစွာ သင်ယူနိုင်မည့်သင်ခန်းစာများ ဖန်တီးရန်
(စ) ကလေးများ၏ တင်ပြမှုစွမ်းရည်များနှင့် မိမိကိုယ်ကိုယုံကြည်မှုများတိုးလာစေရန် စသည်တို့ ဖြစ်သည်။

ဥပမာအားဖြင့် သင်ခန်းစာကိုနိဒါန်းပျိုးသည့်အပိုင်းတွင် ကလေးများ သူတို့၏သိပြီးအသိပညာကို ပြန်လည်တွေးတောမှတ်မိစေရန်နှင့် ထိုသိပြီးအသိပညာအပေါ် ကလေးများ၏ နားလည်မှုကို အကဲဖြတ်ရန် မေးခွန်းများမေးသည်။ သင်ခန်းစာကို အစပျိုးပြီးနောက် သင်ခန်းစာ၏ ဦးတည်ချက်ကို ကလေးများသိစေရန် ဆရာကသင်ခန်းစာ၏အဓိကမေးခွန်းကိုမေးမည်။ ထိုသို့မေးခြင်းက သင်ခန်းစာတလျောက်လုံး ကလေးများ၏ နားလည်မှုကိုတိုးမြှင့်ပေးလိမ့်မည်။ သင်ခန်းစာ၏ နိဂုံးပိုင်းတွင် သင်ခန်းစာ၏ ဦးတည်ချက်အပေါ် ကလေးများ၏ နားလည်မှုအား ဖြည့်ဆည်းပေးရန် ဆရာက မေးခွန်းများမေးသည်။ ထို့အပြင် ကလေးများသင်ခန်းစာကို နားလည်ခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် ဆရာက သင်ခန်းစာ၏အဆင့်တိုင်းတွင် မေးခွန်းများမေးရမည်။

အထက်ပါရည်ရွယ်ချက်များအောင်မြင်ရန် ဆရာက မေးခွန်းများမေးရန် အသုံးပြုရမည့်နည်းလမ်းများမှာ –

(က) ခက်ခဲသောမေးခွန်းကို မေးခွန်းငယ်များအဖြစ် အဆင့်ဆင့်ခွဲထုတ်ခြင်း
(ခ) စိတ်ကူးဆန်သောမေးခွန်းကို လက်တွေ့မြင်သာထင်သာဖြစ်သောမေးခွန်းသို့ ပြောင်းလဲခြင်း
(ဂ) မေးခွန်းတစ်ခုကို နည်းအမျိုးမျိုးသုံး၍မေးခြင်း
(ဃ) အမှား၊ အမှန် ဝေခွဲရခက်သည့်မေးခွန်းမေးခြင်း
(င) ဆွေးနွေးရန်အတွက် အဖွင့်မေးခွန်းမေးခြင်းတို့ ဖြစ်သည်။

ဥပမာ၊ '၁၉ အတွင်းကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း'အတွက် ပထမသင်ခန်းစာတွင် မေးရမည့်အဓိကမေးခွန်းမှာ '၉ + ၃ ကို ဘယ်လို တွက်မလဲ' ဖြစ်သည်။ ဤနည်းအားဖြင့် နောက်ဆုံးတွင် ကလေးများ၏ နားလည်မှုကိုတိုးမြှင့်စေမည်။ သို့သော် ထိုသို့မေးခြင်းက ယေဘုယျကျလွန်းပြီး ကလေးများဖြေရန် အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် ဆရာကမေးခွန်းကို မေးခွန်းငယ်များအဖြစ် အောက်ပါကဲ့သို့အဆင့်ဆင့်ခွဲထုတ်ရန် လိုသည်။

(၁) ၉ + ၃ ပုစ္ဆာရဲ့ အဖြေက ၁၀ ကျော်မယ်ထင်သလား။ (ထင်တယ်)
(၂) ဒါပေမယ့် ၁၀ အုပ်စု မရှိဘူး။ ဒါဆိုရင်ဘာလုပ်ရမလဲ။ (၁၀ အုပ်စု လုပ်ရမယ်)
(၃) ၁၀ အုပ်စု ဘယ်လိုလုပ်မလဲ။ (၉ ကို ၁ ပေါင်းမယ်)
(၄) ၁ ဘယ်လိုရမလဲ။ (၁ ရဖို့ ၃ ကို ၁ နဲ့ ၂ သို့ ခွဲမယ်)
(၅) ဒါဆို အခု ၁၀ အုပ်စုနဲ့ ဘာရှိသလဲ။ (၁၀ နဲ့အတူ ၂ ရှိတယ်)
(၆) ဒါဆို အဖြေက ဘာလဲ။ (၁၂)

'တြိဂံများရဲ့ သွင်ပြင်လက္ခဏာတွေက ဘာလဲ'ဆိုသည့်မေးခွန်းသည် ကလေးများအတွက်အလွန်စိတ်ကူးဆန်ပြီး အလွန်ခက်ခဲမည်။ ဤကိစ္စရပ်မျိုးတွင် ဆရာက 'တြိဂံတစ်ခုမှာ အနားဘယ်လောက်၊ ထောင့်စွန်းဘယ်လောက်ရှိသလဲ'ဆိုသည့် လက်တွေ့ဆန်သော ထင်သာမြင်သာရှိသောမေးခွန်းသို့ ပြောင်းလဲမေးမြန်းနိုင်သည်။ အနားအရေအတွက်နှင့် ထောင့်စွန်းအရေအတွက်ကို ကလေးများအားသိရှိစေခြင်းသည် အဓိကအချက်ဖြစ်သည်။

တခြားဥပမာတစ်ခုက 'တြိဂံနှင့်စတုဂံတို့၏ ကွာခြားချက်က ဘာလဲ'ဆိုသည့်မေးခွန်းကို စတုဂံတစ်ခုပြလျက် 'ဒီဟာက ဘာကြောင့် တြိဂံတစ်ခုမဟုတ်တာလဲ'ဟု ပြင်ဆင်မေးမြန်းလျှင် ကလေးများအတွက် ပိုမိုလွယ်ကူမည်။

အမှား၊ အမှန် ဝေခွဲရခက်သည့်မေးခွန်းမေးခြင်းသည် အောက်ပါဥပမာအတိုင်း သချိုင်္အသိသညာတစ်ခုကို ကလေးများနက်ရှိုင်းစွာ နားလည်စေသည်။

ဥပမာ



'ဖော်ပြပါပုံနှစ်ပုံသည် ဧရိယာတူသလား'ဟုမေးလျှင် ကလေးများ၏အဖြေသည် နားလည်မှုအပေါ်လိုက်၍ 'တူသည်'(သို့) 'မတူပါ'ဟု ဖြေကြမည်။ အကယ်၍ ကလေးများက 'မတူပါ'ဟု ဖြေခဲ့လျှင် ဆရာက ၃ + ၃ = ၆၊ ၄ + ၂ = ၆ ဖြစ်သည်။ သို့ဖြစ်၍ 'ဧရိယာတူသည်ဟု ပြောနိုင်သလား'ဟု ထပ်မေးပါ။ ထိုမေးခွန်းသည် ကလေးများအတွက် ဝေခွဲရခက်စေမည့်မေးခွန်းဖြစ်သည်။ ထိုသို့မေးခြင်းဖြင့် ဧရိယာရှာရန်မှာ ပေါင်းရမည်မဟုတ်ဘဲ မြှောက်ရမည်ဖြစ်ကြောင်း ထင်ရှားစေသည်။

ကလေးများထံမှ မတူညီသောစိတ်ကူးများ ရယူလိုသောအခါ ဆရာက 'အဖွင့်မေးခွန်း'ကို မေးသင့်သည်။ ဥပမာ၊ ဆရာက '၁၂ + ၂၆ + ၈ ကို ဘယ်လိုတွက်မလဲ'မေးလျှင် ကလေးများက အောက်ပါအတိုင်းမတူညီသောစိတ်ကူးများကို ပြောမည်။

(၁) ၁၂ + ၂၆ + ၈ = ၃၈ + ၈ = ၄၆

(၂) ၁၂ + ၂၆ + ၈ = ၁၂ + ၃၄ = ၄၆

(၃) ၁၂ + ၂၆ + ၈ = ၂၆ + ၁၂ + ၈ = ၂၆ + ၂၀ = ၄၆

ထို့နောက် ကလေးများသည်ဆွေးနွေးကြပြီး မည်သည့်နည်းကအကောင်းဆုံးဖြစ်သည်ကို တွေ့ရှိမည်။

အထက်ပါမေးခွန်းမေးနည်းများအပြင် ဆရာများမှတ်သားထားရမည်မှာ ကလေးများကိုမေးခွန်းဖြေရန် စဉ်းစားချိန်လုံလောက်စွာပေးရန်နှင့် ကလေးများအဖြေရရန် ဆရာကစိတ်ရှည်စွာစောင့်ဆိုင်းပေးရန် ဖြစ်ပါသည်။ သင်ယူမှုနှေးကွေးသော ကလေးများကို ရိုးရှင်းလွယ်ကူသော မေးခွန်းများမေးခြင်းဖြင့် မိမိကိုယ်ကိုမိမိ ယုံကြည်မှုရရှိစေနိုင်မည်ဖြစ်သည်။ သင်ယူမှုမြန်ဆန်သော ကလေးများကို အမှား၊ အမှန် ဝေခွဲရခက်သည့် မေးခွန်းများမေးခြင်းဖြင့် သချိုင်္ဘာသာရပ်အပေါ် သူတို့၏နားလည်သဘောပေါက်မှုနှင့် စိတ်ဝင်စားမှုများကို နှိုးဆွပေးနိုင်မည် ဖြစ်ပါသည်။

သင့်လျော်သောသင်ခန်းစာသင်ယူမှုပုံစံကိုအသုံးပြုခြင်း

စာသင်ခန်းတွင် သင်ခန်းစာသင်ယူမှု(သင်ကြားမှု)ပုံစံများတွင် အခြေခံအားဖြင့် အောက်ပါနည်း(၃)နည်း ပါဝင်သည်။

(က) တစ်တန်းလုံးသင်ယူမှု

(ခ) တစ်ဦးချင်းသင်ယူမှု

(ဂ) အုပ်စုလိုက်သင်ယူမှု (နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ စသဖြင့်)

တစ်တန်းလုံးသင်ယူမှုသည် သမားရိုးကျပုံစံဟုလည်း ပြောနိုင်ပါသည်။ တစ်တန်းလုံးသင်ယူမှု၏ အားသားချက်မှာ ဆရာက ကလေးအားလုံးအား ညွှန်ကြားချက်တစ်ခုတည်းကိုထိရောက်စွာပေးနိုင်ပြီး ကလေးများက ထိုအချက်အလက်ကို တစ်တန်းလုံးနှင့်မျှဝေနိုင်သည်။ ထို့အပြင် ဆရာက သင်ကြားမှုဖြစ်စဉ်ကို အလွယ်တကူထိန်းသိမ်းနိုင်မည်။ သို့သော် ထိုသင်ယူမှု၏အားနည်းချက်များမှာ ကလေးများက တက်ကြွစွာပါဝင်မှုအားနည်းလာပြီး ဆရာအတွက် ကလေးတစ်ဦးချင်းစီ၏ နားလည်မှုကိုသိရှိရန် ခက်ခဲပေလိမ့်မည်။ သို့ဖြစ်၍ ကလေးအများအပြားမှာ သင်ခန်းစာများကို လိုက်နိုင်မည်မဟုတ်ပေ။

ထိုအားသာချက်၊ အားနည်းချက်များကိုမှတ်သားပြီး ဆရာက အောက်ပါတို့အတွက်သင်ယူမှုပုံစံကို အသုံးပြုသင့်သည်။

- ကလေးများ၏ သိပြီးအသိပညာကို အကဲဖြတ်ခြင်း
- တစ်တန်းလုံးကို ညွှန်ကြားချက်ပေးခြင်း
- ယနေ့သင်ယူရမည့်အဓိကမေးခွန်း (သို့မဟုတ် အဓိကအလုပ်)ကို မေးခြင်းနှင့်အတည်ပြုခြင်း
- ကလေးများ၏စိတ်ကူးများကို တစ်တန်းလုံးနှင့်မျှဝေခြင်း
- ကလေးများသင်ယူခဲ့သည်များကို တစ်တန်းလုံးတွင်ချုပ်ဆိုခြင်း

တစ်ဦးချင်းစီသင်ယူမှု၏အားသာချက်များမှာ ကလေးတစ်ဦးစီက အလုပ်ကိုပို၍စွဲစွဲမြဲမြဲလုပ်ဆောင်ရပြီး မိမိ၏လေ့လာနှုန်းအတိုင်း မိမိကိုယ်တိုင်

အရာရာကိုဖြေရှင်းရခြင်းဖြစ်သည်။ သို့ဖြစ်၍ တစ်ဦးချင်းစီသင်ယူမှုဖြင့် ကလေးများအသိပညာနှင့် ကျွမ်းကျင်မှုများရရှိသည့်အတွက် ထိရောက်သောသင်ယူမှုပုံစံဖြစ်သည်။ ထိုသင်ယူမှု၏အားနည်းချက်မှာ ကလေးများအခက်အခဲရှိသည့်အခါ ကလေးများအားလုံးကို ဆရာက နှံ့စပ်အောင်မကူညီနိုင်ပါ။ ထို့ကြောင့် ကလေးတချို့သည် တစ်ခုခုကိုဖြေရှင်းနေစဉ် ခက်ခဲသည့်နေရာတွင်ရပ်တန့်ပြီး ဆက်လက်မဖြေရှင်းနိုင်တော့ဘဲနေမည်။ ထိုအချက်များကိုထည့်သွင်းစဉ်းစားပြီး ဆရာကအောက်ပါတို့အတွက် တစ်ဦးချင်းသင်ယူမှုပုံစံကို အသုံးပြုသင့်သည်။

- တစ်တန်းလုံးတွင်မျှဝေခြင်းမပြုမီ သင်ခန်းစာတစ်ခု၏ အဓိကမေးခွန်းကို တစ်ဦးချင်းစီဖြေရှင်းလုပ်ဆောင်ခြင်း
- အခြေခံကျွမ်းကျင်မှုများကိုပိုင်နိုင်ရန်လုပ်ဆောင်ခြင်း
- ကလေးများ၏နားလည်မှုတိုးမြှင့်ရန် လေ့ကျင့်ခန်းများကို လုပ်ဆောင်ခြင်း

အုပ်စုလိုက်သင်ယူမှု၏အားသာချက်များမှာ ကလေးများသည် သူတို့၏သူငယ်ချင်းများနှင့်အတူတကွ လုပ်ဆောင်နိုင်ခြင်းနှင့် ပိုမိုခက်ခဲရှုပ်ထွေးသောပဟေဠိများကို တစ်ဦးချင်းဖြေရှင်းခြင်းနှင့်နှိုင်းယှဉ်ပါက ပိုမိုလွယ်ကူစွာလုပ်ဆောင်နိုင်သည်။ ထို့ပြင် တစ်တန်းလုံးသင်ယူမှုနှင့်နှိုင်းယှဉ်ပါက ကလေးများသည် ကိုယ်တိုင်လုပ်ဆောင်ခွင့်ပိုမိုရရှိပြီး မိမိစိတ်ကူးများကို ဖော်ပြခွင့်ပိုမိုရရှိမည်။ သူတို့၏အလုပ်ကို အပြုသဘောဆောင်ပြီး စွဲစွဲမြဲမြဲလုပ်ကိုင်နိုင်မည်။ အုပ်စုလိုက်သင်ယူမှု၏အားနည်းချက်များမှာ အဖွဲ့တစ်ခုစီမှ ကလေးများသည် လုပ်ငန်းကိုညီတူညီမျှမလုပ်ကြဘဲ တချို့က အလုပ်ပိုလုပ်၍ တချို့ကအနည်းငယ်သာလုပ်မည်။ ထို့အပြင် ကလေးများသည် သူတို့၏အလုပ်ကို ကိုယ်တိုင်ပြုလုပ်ကြရသည့်အတွက် သင်ခန်းစာ၏ဦးတည်ချက်မှ သွေဖယ်သွားနိုင်သည်။

ထို့ကြောင့် ဆရာသည် အောက်ပါတို့အတွက် ဤသင်ယူမှုပုံစံကိုအသုံးပြုသင့်သည်။

- တခြားမေးခွန်းများနှင့် နှိုင်းယှဉ်လျှင် ခက်ခဲသောမေးခွန်းများကို ဖြေရှင်းခြင်း
- လုပ်ငန်းကို ပူးပေါင်းလုပ်ဆောင်ခြင်း

ထို့အပြင် အုပ်စုလိုက်သင်ယူမှုအား အတန်းငယ်များတွင်အသုံးပြုသောအခါ ကလေးများသည်စကားများသောကြောင့် အတန်းသည် ဆူညံသွားနိုင်သည်။ ထို့ကြောင့် အတန်းငယ်များတွင် အုပ်စုလိုက်သင်ယူနည်းကို မကြာခဏအသုံးမပြုသင့်သည်ကိုသတိပြုရမည်။ ကလေးများသည် မူလတန်းစာသင်နှစ်များ တောက်လျှောက် အဖွဲ့လိုက်သင်ယူမှုကို မည်သို့လုပ်ရမည်ကို လေ့လာသင်ယူရမည်။

အချုပ်ဆိုရသော်၊ အထက်တွင်ဖော်ပြခဲ့သည့် သင်ယူမှုပုံစံတစ်ခုစီ၏ အားသာချက်နှင့်အားနည်းချက်များကိုချင့်ချိန်ပြီး ဆရာက သင်ယူမှုပုံစံ(၃)ခုကို သင့်တော်သောအခြေအနေများနှင့်လျော်ညီစွာ အသုံးပြုသင့်သည်။ ထို့အပြင် ရွေးချယ်အသုံးပြုသောသင်ယူမှုပုံစံများသည် သင်ခန်းစာ၏ဦးတည်ချက်ကိုရောက်ရှိစေမည့် အကောင်းဆုံးရွေးချယ်မှုဖြစ်ရမည်။

ကိုယ်စားပြုပစ္စည်းများ အသုံးပြုခြင်း

ကိန်းစနစ်နှင့် ကိန်းဆိုင်ရာတွက်ချက်ခြင်းအပိုင်းတွင် ကိုယ်စားပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုနိုင်ပါသည်။ ပစ္စည်းစစ်များကို ရေတွက်သောအခါ(သို့)တွက်ချက်သောအခါ ပစ္စည်းစစ်များအစား ထုတုံးငယ်များ(သို့) အကွက်များ၊ အပိုင်းများ၊ အစက်များပါသော ကားချပ်များကို ကိုင်တွယ်ရေတွက်စရာအဖြစ် အသုံးပြုလေ့ရှိပါသည်။ ထိုဝတ္ထုပစ္စည်းများကိုကိုယ်စားပြုပစ္စည်းများဟု ခေါ်သည်။



သူငယ်တန်းမတက်ရောက်မီကပင် ကလေးတချို့သည် ၁၀ အထိကိန်းများကို ရေတွက်နိုင်သည်ဟုပြောလေ့ရှိသည်။ သို့သော် ထိုကလေးများသည် ကိန်းဆိုင်ရာအသိသညာကို အမှန်တကယ်ရရှိခဲ့ပါသလား။ ထိုအချက်သည်မသေချာပါ။ ၁၀ အထိ ကိန်းများ၏သဘောကိုနားလည်ရန် အဓိကအချက်မှာ 'အရာဝတ္ထုများ၏အရေအတွက်ကို ဝတ္ထုပစ္စည်းအမျိုးအစားကိုမစဉ်းစားဘဲ ကိန်းတစ်ခုဖြင့် သတ်မှတ်ဖော်ပြခြင်းဖြစ်သည်'

သို့သော် တချို့ကလေးများအတွက် ထိုစိတ်ကူးမျိုးရှိရန် ခက်ခဲနေပါလိမ့်မည်။ ထိုကလေးများ၏အခက်အခဲကိုကူညီရန် ပုံတွင်ဖော်ပြထားသည့်အတိုင်း ဝတ္ထုပစ္စည်းအမျိုးမျိုး၏ အရေအတွက်နှင့်ကိန်းဂဏန်းများကို ချိတ်ဆက်ပေးရန် ကိန်းတစ်ခုစီအတွက် တစ်ခုတည်းသောအမျိုးအစားဖြစ်သည့် ကိုယ်စားပြုပစ္စည်းများ(အကွက်ငယ်များ)ကို ပုံတွင်ပြထားသည့်အတိုင်းအသုံးပြုလျှင် အလွန်ထိရောက်နိုင်သည်။



ကျောင်းသုံးစာအုပ်အသစ်တွင် '၁၀ အထိ ကိန်းများ'၊ '၁၀ အထိကိန်းများပေါင်းခြင်း'၊ '၁၀ အထိကိန်းများနုတ်ခြင်း'စသည့်အခန်းများတွင် ကိုယ်စားပြုပစ္စည်းများအဖြစ် အကွက်ငယ်များကို အသုံးပြုထားသည်။

ပန်း ၉ ပွင့်နှင့် ပန်း ၃ ပွင့်ပေါင်းခြင်းကို သင်သောအခါ ပန်းအစစ်များကို ပစ္စည်းစစ်များအဖြစ် အသုံးပြုရန်လိုအပ်ပါသလား။ လိမ္မော်သီး ၉ လုံးနှင့် ၃ လုံးပေါင်းခြင်းတွင် မည်ကဲ့သို့ပြုလုပ်မည်နည်း။ လိမ္မော်သီးများကို ကြိုတင်ရှာဖွေထားသင့်ပါသလား။ ထိုကဲ့သို့သောဖြစ်ရပ်များတွင် သင်ကြားသင်ယူမှုဦးတည်ချက်မှာ ပန်းပွင့်များနှင့် လိမ္မော်သီးများမဟုတ်ဘဲ ပေါင်းခြင်းသာဖြစ်သည်ကို သတိရပါ။ ဤဖြစ်ရပ် ၂ ခုတွင် ပစ္စည်းများ၏ အမျိုးအစား၊ အရောင်နှင့်အရွယ်အစားကို ထည့်သွင်းမစဉ်းစားသင့်ဘဲ တူညီသောပေါင်းခြင်း (၉ + ၃ = ၁၂)ကိုသာ အသုံးပြုမည်။ ထို့ကြောင့်ဖြစ်ရပ်တိုင်းအတွက် ပစ္စည်းစစ်များကို အသုံးပြုခြင်းသည် ကလေးများကိုရှုပ်ထွေးမှုများဖြစ်စေပြီး အထောက်အကူမဖြစ်ပါ။ အမှန်စင်စစ်အကွက်ငယ်ကဲ့သို့သော တစ်ခုတည်းသော အမျိုးအစားဖြစ်သည့်ကိုယ်စားပြုပစ္စည်းများကိုဖြစ်ရပ်တိုင်းတွင် အစဉ်အမြဲအသုံးပြုမည်ဆိုလျှင် ထိုဖြစ်ရပ်တိုင်းအတွက် အသုံးပြုရမည့်အပေါင်းသဘောသည် ဝတ္ထုပစ္စည်းအမျိုးအစားနှင့်မဆိုင်ကြောင်း ကလေးများနားလည်သဘောပေါက်သွားမည် ဖြစ်သည်။ ထို့ပြင် ၉ + ၃ = ၁၂ ကဲ့သို့သော ပေါင်းခြင်းကို ရှင်းပြရာတွင် ကိုယ်စားပြုပစ္စည်းများသည် ပို၍အသုံး ဝင်သည်။



ဥပမာ၊ ပုံတွင်ပြထားသည့်အတိုင်း ၁၀ အုပ်စုတစ်ခုပြုလုပ်ခြင်းကို ပိုမိုရှင်းလင်းစွာပြောပြနိုင်မည်ဖြစ်သည်။ အချုပ်ဆိုရလျှင် ၉ + ၃ = ၁၂ ကဲ့သို့ ပေါင်းခြင်းအဆင့်များကိုလိုက်နာလုပ်ဆောင်ရန် အကွက်ငယ်များကို တွက်ချက်လုပ်ဆောင်မှုဆိုင်ရာပစ္စည်းများအဖြစ် ကလေးများကို ပြုလုပ်ခွင့်ပေးခြင်းသည် အမှန်တကယ်ထိရောက်လှပါသည်။

အထက်ပါအတိုင်းတစ်ခုတည်းသော အမျိုးအစားဖြစ်သည့် ကိုယ်စားပြုပစ္စည်းများကို အကြိမ်ကြိမ် အသုံးပြုခြင်းဖြင့် ကလေးများသည် ပေါင်းခြင်းနှင့် နုတ်ခြင်းပြုလုပ်ရာတွင် ကိုယ်စားပြုပစ္စည်းများကို အသုံးပြုလာမည်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် ကလေးများ၏ စိတ်အာရုံတွင် ကိုယ်စားပြုပစ္စည်းများ ထင်ဟပ်လာစေပြီး နောက်ဆုံးတွင်စိတ်တွက်လုပ်ဆောင်မှုများကို သူတို့၏စိတ်ကူးဖြင့်သာ တွက်ချက်ရာတွင် အထောက်အပံ့ဖြစ်လာပေမည်။

အချုပ်ဆိုရသော် မူလတန်းဆင့်ကလေးများကို သချိုင်္ဂဆိုင်ရာအခြေခံများနှင့် အသိသညာများရရှိရေးကူညီရန် ကိုယ်စားပြုပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်သည်။ တနည်းအားဖြင့် ကလေးများအတွက် နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် ပစ္စည်းစစ်ဆိုင်ရာဥပမာများနှင့် ကိန်းဆိုင်ရာ အသိသညာများ၊ အခြေခံလုပ်ထုံးများကို ကိုယ်စားပြုပစ္စည်းများဖြင့် ထိရောက်စွာချိတ်ဆက်ရပါမည်။

သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း

သင်ပုန်းသည် မရှိမဖြစ်လိုအပ်သော သင်ထောက်ကူပစ္စည်းဖြစ်သည်။ ဆရာသည် သင်ခန်းစာနှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ ရုပ်ပုံများ၊ မှတ်စုမှတ်ရာများ၊ ကလေးများ၏ စိတ်ကူးများစသည်တို့ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ကြသည်။ ကလေးများသည် သင်ပုန်း၏ အကူအညီဖြင့် သင်ခန်းစာကိုသင်ယူကြသည်။ သင်ပုန်းကို ထိရောက်စွာအသုံးပြုခြင်းသည် အောင်မြင်သောသင်ခန်းစာများသင်ကြားရန် အဓိကသော့ချက်တစ်ခု ဖြစ်သည်။ သို့သော်လက်တွေ့တွင်ဆရာများသည် သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း၏ အရေးပါမှုကိုမသိရှိကြဘဲ သင်ပုန်းအသုံးပြုပုံကို သင်ခန်းစာမသင်မီ ဂရုတစိုက်ကြိုတင်စီစဉ်ခြင်းမရှိပေ။

အောက်ပါတို့သည် ထိရောက်သောသင်ပုန်းအသုံးပြုပုံနမူနာများဖြစ်သည်။ သင်ပုန်းကို (၃) ပိုင်းခွဲခြားသည်။ ဘယ်ဘက်အပိုင်းက သင်ခန်းစာ၏အစပိုင်းအတွက်အသုံးပြုပြီး အလယ်ပိုင်းနှင့်ညာဘက်ပိုင်းက သင်ခန်းစာ၏အဓိကအပိုင်းနှင့် နိဂုံးချုပ်အပိုင်းအတွက် အသုံးပြုသည်။



သင်ပုန်းကို အထက်ပါကဲ့သို့အသုံးပြုခြင်းသည် ထိရောက်သောသင်ကြားသင်ယူမှုလုပ်ငန်းကို ဖြစ်ထွန်းစေသည်။ တနည်းအားဖြင့် ကလေးများသည် သင်ခန်းစာတောက်လျှောက်ပြောဆိုဆွေးနွေးနေသည်များကို ဆောင်ရွက်နိုင်ပေမည်။ သင်ခန်းစာအပြီးတွင် ကလေးများသည် သင်ခန်းစာတစ်ခုလုံးကို သင်ပုန်းပေါ်တွင်ခြုံပြီးမြင်နိုင်ပြီး သူတို့ကောင်းစွာနားမလည်ခဲ့သောအချက်များကိုရှာဖွေနိုင်သည်။ ထို့ကြောင့် သင်ပုန်းက အရွယ်အစားကြီးလျှင် အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း သင်ပုန်းကိုစနစ်တကျနှင့်ထိရောက်စွာအသုံးပြုရန် အကြံပြုအပ်သည်။

ပထမတန်းရှိ အခန်း (၁၂) မှ သင်ခန်းစာ (၈)အတွက် သင်ပုန်းအသုံးပြုပုံအသေးစိတ်ကို ဥပမာအနေဖြင့် အောက်ပါအတိုင်းဖော်ပြထားသည်။

အဆင့်(၁) သိပြီး အသိပညာကို ပြန်လည်မှတ်မိရန် နိဒါန်းပျိုးခြင်း

၉ + ၃ ကို ဘယ်လိုတွက်မလဲ

(၁) ၉ သည် ၁၀ ဖြစ်ရန် ၁ လို
(၂) ၃ ကို ၁ နဲ့ ၂ အဖြစ်ခွဲ
(၃) ၉ ကို ၁ နဲ့ပေါင်းပြီး ၁၀ ပြုလုပ်
(၄) ၁၀ နဲ့ ၂ သည် ၁၂ ဖြစ်



အဆင့် (၂) သင်ခန်းစာအတွက် အဓိကမေးခွန်းကို ပြောကြားခြင်း



အဆင့် (၃) တွက်နည်းအမျိုးမျိုးကို ရှာဖွေခြင်း

ကလေးများသည် တွက်နည်းအမျိုးမျိုးကိုရှာတွေ့ရန် တစ်ဦးချင်းစီအရင် ကြိုးစားသည်။ ထို့နောက် သူတို့၏စိတ်ကူးများကို တစ်တန်းလုံးတွင် မျှဝေကြသည်။



အဆင့်(၄) နားလည်မှုကို တိုးတက်စေမည့်မေးခွန်းကို ဖြေရှင်းခြင်း



အဆင့် (၅) သင်ခန်းစာကို နိဂုံးချုပ်ခြင်း

သင်ခန်းစာကို နိဂုံးချုပ်ရန် ဆရာက မေးခွန်းများမေးသည်။ ကလေးများ၏ ဖြေကြားချက်များကိုအသုံးပြုပြီး ဆရာကနိဂုံးချုပ်ဆိုခြင်းကို သင်ပုန်းပေါ်ရေးသည်။



အုပ်စုလိုက်လုပ်ငန်းကိုအောင်မြင်စွာလုပ်ဆောင်ခြင်း

မူလတန်းကျောင်းများတွင် သချိၤသင်ခန်းစာသင်ကြားရာ၌ အရေးကြီးသောအစိတ်အပိုင်းတစ်ခုမှာ အုပ်စုလိုက်လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြစ်သည်။ မူလတန်းကျောင်းများတွင် ကလေးများသည်အုပ်စုလိုက်လုပ်ငန်းလုပ်ရာတွင် ကျွမ်းကျင်ပိုင်နိုင်မှုများ ဖြည်းဖြည်းနှင့်မှန်မှန် ရရှိလာသင့်သည်။ သင့်လျော်သည့်အချိန်တွင် အုပ်စုလိုက်လုပ်ဆောင်ခွင့်ကိုပေးပြီး ဆရာက ကလေးများကိုကူညီရန် လိုအပ်သည်။

ပထမပိုင်းတွင် ပထမတန်းကလေးများအဖို့ အတန်းဖော်များနှင့် ညီညီညွတ်ညွတ် အုပ်စုလိုက်အလုပ်လုပ်ရန်ခက်ခဲမည်။ ထို့ကြောင့် ပထမတန်းသင်ခန်းစာများတွင် တစ်ဦးချင်းလုပ်ငန်း(သို့) အတန်းလိုက်လုပ်ငန်းများကို အများဆုံးပြုလုပ်ခြင်းဖြစ်သည်။ သို့သော် အုပ်စုလိုက်လုပ်ငန်းကိုမူ နှစ်ယောက်တစ်တွဲလုပ်ဆောင်ခြင်းကဲ့သို့ လွယ်ကူသောနည်းလမ်းဖြင့် ကလေးများစတင်လေ့ကျင့်နိုင်မည်။

အစပိုင်းတွင်ကလေးများသည် အုပ်စုလိုက်လုပ်ငန်းကို လွယ်ကူသောလုပ်ငန်းကလေးများဖြင့် စတင်နိုင်သည်။ အတန်းကြီးလာသောအခါကလေးများသည် အုပ်စုလိုက်လုပ်ငန်းလုပ်ရာ၌ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံများလိုအပ်သည့်အတွက် ဆရာက ကလေးများကို အုပ်စုလိုက်လုပ်ငန်းများနှင့် ခက်ခဲရှုပ်ထွေးသောလုပ်ငန်းများ ပိုမိုပေးရမည်။

ပထမတန်း
- အုပ်စုလိုက်လုပ်ငန်း အနည်းငယ်
- လွယ်ကူသောလုပ်ငန်းများ

ပဉ္စမတန်း
- အုပ်စုလိုက်လုပ်ငန်း ပိုများ
- ရှုပ်ထွေးသော လုပ်ငန်းများ

(၁) အုပ်စုလုပ်ငန်းပြုလုပ်ပြီးနောက် မိမိတို့၏လုပ်ငန်းကို အတန်းအားတင်ပြရာတွင် တင်ပြမည့်သူသည် အတန်းရှေ့တွင်ရပ်ပြီး တစ်တန်းလုံးကြားသောအသံဖြင့် တင်ပြရပါမည်။
(၂) နားထောင်သူများကလည်း စကားမပြောဘဲ တင်ပြသူကို ကြည့်ပြီး နားထောင်ရပါမည်။
(၃) တင်ပြမှုပြီးသောအခါ အောက်ပါဖော်ပြချက်များကို အသုံးပြုပြီး တင်ပြမှုအပေါ် သုံးသပ်ပြောဆိုနိုင်ပါသည်။
- ➢ . . . အချက်ကို ကျွန်တော်သဘောတူပါတယ်။
- ➢ ကျွန်တော့်ယူဆချက်နဲ့ နည်းနည်းဆင်တူပါတယ်။ ဒါပေမယ့် . . .
- ➢ ကျွန်တော့်စိတ်ကူးကို ထပ်ဆောင်းပြီး ပြောရမယ်ဆိုရင် . . .

ထို့အပြင် တင်ပြခြင်းသည် အုပ်စုလိုက်လုပ်ငန်းများ၏ အဓိကအပိုင်းတစ်ခုဖြစ်သည်။ ကလေးများသည် သူတို့၏စိတ်ကူးများ၊ ထင်မြင်ချက်များကို အတန်းသို့ တင်ပြတတ်စေရန် လေ့ကျင့်ပေးဖို့လိုအပ်ပါသည်။ တင်ပြခြင်းနှင့်ပတ်သက်၍ အရေးကြီးသောအချက်များကို ဖော်ပြထားပါသည်။

ဆရာက နားထောင်သူများအား ပြန်လည်တုံ့ပြန်ပြောဆိုခွင့်ပေးလျှင် နားထောင်သူများသည် တင်ပြသူကို ပို၍ဂရုတစိုက်နားထောင်ပေလိမ့်မည်။ ပထမတန်းကလေးများပြုလုပ်သည့် အောင်မြင်သော အဖွဲ့လိုက်လုပ်ငန်းနမူနာတစ်ခုကို အောက်တွင်ဖော်ပြပါမည်။

ဤလုပ်ငန်းတွင် ကလေးများသည် ဘူးခွံ၊ ဘူးဝိုင်း စသည့်ပစ္စည်းအမျိုးမျိုးကို မြင့်နိုင်သမျှမြင့်အောင်ဆင့်ကြသည်။

ကလေးများသည် ခဏသာအာရုံစိုက်နိုင်ပြီး တခြားအရာများကြောင့် အာရုံပျံ့လွင့်လွယ်ခြင်းမှာ (ဥပမာ၊ ဘေလုံးဆော့ကစားခြင်း) ဤလုပ်ငန်း ၏ခက်ခဲသောအပိုင်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းလုပ်ရာတွင် ဆရာက ဂရုတစိုက်ပြင်ဆင်ထားရန် လိုအပ်သည်။



ဆရာသည်စာသင်ခန်းကို ထိရောက်စွာအသုံးချရန် လိုသည်။ ညာဘက်မှပုံတွင်ပြထားသည့်အတိုင်း အစီအစဉ်တချို့ပြုလုပ်ရန် စာသင်ခန်းကို အပိုင်းသုံးပိုင်းခွဲခြားထားရန်လိုသည်။ လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) စားပွဲခုံနှင့်ကုလားထိုင်များကို စာသင်ခန်း၏ နောက်ဘက်သို့ သို့ရွှေ့သည်။

(၂) ကလေးအဖွဲ့အသီးသီးသည် လုပ်ငန်းတွင်အသုံးပြုမည့် ပစ္စည်းအားလုံးကို အတန်း၏ရှေ့ဘက်သတ်မှတ်ထားသော နေရာတွင်ချထားမည်။

(၃) ကလေးများအားလုံး အတန်း၏အလယ်နေရာလွတ်ကြမ်းပြင်ပေါ်တွင် ထိုင်သည်။ ဆရာက စည်းမျဉ်းများကိုရှင်းပြသည် (လုပ်ငန်းလုပ်ဆောင်ရန် ၅ မိနစ်အချိန်ရသည်)။ ဤအချိန်တွင် ကလေးများသည်ပစ္စည်းများနှင့်ဝေးရာတွင်ရှိသည့်အတွက် ဘေလုံးစသည့် ပစ္စည်းများကို ဆော့ကစားရန် အခွင့်အရေးရမည် မဟုတ်ပေ။



(၄) ကလေးများအားလုံး အတန်းရှေ့ထွက်ပြီး လုပ်ငန်းကို ၅ မိနစ် လုပ်ဆောင်ရမည်။ ဤအဆင့်တွင် ကလေးများအားလုံးစိတ်လှုပ်ရှားပြီး ဆူညံမည်ဖြစ်သော်လည်း ထိုအခြေအနေမှာ လက်ခံဖွယ်ရာပင်ဖြစ်သည်။ ၅ မိနစ်တာလုပ်ဆောင်မှုပြီးစီးသောအခါ ကလေးများသည်မိမိနေရာ အတန်းအလယ်သို့ ပြန်လာထိုင်ရမည်။

(၅) ပထမဦးစွာ၊ အနိုင်ရသူကို ဆုံးဖြတ်ပေးရမည်။ မည်သည့်အဖွဲ့က အနိုင်ရကြောင်း ဆုံးဖြတ်ပေးရန် ဆရာကပစ္စည်းများ၏ အမြင့်ကို တုတ်ချောင်း စသည့်တိုင်းစရာတစ်ခုခုဖြင့် တိုင်းတာသည်။ ဤအဆင့်မှစ၍ ကလေးများ၏အမှန်တကယ်သင်ကြားသင်ယူမှုစတင်တော့သည်။ ပစ္စည်း တစ်မျိုးစီကိုဆင့်ပြီးသည့်အခါ မည်သည့်အချက်ကိုတွေ့ရှိသလဲဟု ဆရာ က ကလေးများအားလုံးကို မေးသည်။ ကလေးတချို့က သူတို့၏ တွေ့ရှိ ချက်များကို တစ်တန်းလုံးကို ပြောပြမည်။

အထက်တွင် နမူနာပြထားသည့်အတိုင်းပြင်ဆင်မှုသည် လုပ်ငန်းအောင်မြင်မှု၏ သော့ချက်တစ်ခုဖြစ်သည်။ ထို့အပြင် ဆရာသည် ပြုလုပ်ပြီးသည့်လုပ်ငန်းကိုပြန်လည်သုံးသပ်ပြီး ကလေးများပိုမိုကောင်းမွန်စွာသင်ယူနိုင်ရန်နှင့် ဆရာကလုပ်ငန်းကို ပိုကောင်းစွာကိုင်တွယ်နိုင်ရန် လိုအပ်သည်များကို ဆောင်ရွက်သင့်သည်။

ဆရာလမ်းညွှန်စာအုပ်၏ ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ

၁။ ဆရာလမ်းညွှန်စာအုပ်တွင် အောက်ပါ အစိတ်အပိုင်းများ ပါဝင်သည်။

- ကျောင်းသုံးစာအုပ်ဖွဲ့စည်းပုံနှင့် အသုံးပြုပုံ
- ဆရာလမ်းညွှန်စာအုပ် ဖွဲ့စည်းပုံနှင့် အသုံးပြုပုံ
- သချိၤဘာသာ သင်ကြားချိန် ခွဲဝေဖေးယား
- သချိၤဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း
- သချိၤသင်ပြနည်း
- ကျောင်းသုံးစာအုပ်ရှိ အခန်းအလိုက် လမ်းညွှန်ချက်များ

၂။ 'သချိၤသင်ပြနည်း'တွင် မူလတန်းသချိၤသင်ပြနည်း၏ အထွေထွေသီအိုရီများကို ရှင်းပြထားသည်။ ဤအခန်းတွင် သချိၤသင်ကြားရေးအတွက် အရေးပါသောနောက်ခံသီအိုရီကို ဖော်ပြထားသည်။



၃။ 'ကျောင်းသုံးစာအုပ်ရှိ အခန်းအလိုက်လမ်းညွှန်ချက်များ'တွင် အခန်းတစ်ခုစီအတွက် 'နိဒါန်း'နှင့် 'သင်ခန်းစာအသီးသီးအတွက် လမ်းညွှန်ချက်' ဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်။ 'နိဒါန်း'တွင် အခန်း၏အထွေထွေအကြောင်းအရာများကို အောက်ပါအချက်များဖြင့် ရှင်းလင်းဖော်ပြထားသည်။

- အခန်းအလိုက်ရည်ရွယ်ချက်
- စာသင်ချိန်
- သင်ကြားရေးအတွက် လမ်းညွှန်ချက်
- သင်ကြားသင်ယူရမည့် အချက်
- ဤအခန်းအတွက် သိပြီးအသိပညာ

ဆရာများသည် အခန်းတစ်ခုကိုမသင်မီ အထက်ပါအချက်များကိုလေ့လာရန် အရေးကြီးသည်။ 'သင်ခန်းစာအသီးသီးအတွက် လမ်းညွှန်ချက်' အပိုင်းက သင်ခန်းစာအသီးသီးအား မည်သို့မည်ပုံ သင်ကြားသင်ယူရမည်ကို ညွှန်ကြားသည်။ သို့သော် ဤညွှန်ကြားချက်က ဥပမာတစ်ခုသာ ဖြစ်ပြီး ကျောင်း၏အခြေအနေအပေါ်မူတည်၍ ပိုမိုကောင်းမွန်သောသင်ကြားပုံများကို ဆရာကရွေးချယ်သင့်သည်။ ဤအပိုင်းတွင် ပုံတွင် ပြထားသည့်အစိတ်အပိုင်းများ ပါဝင်သည်။



မြားအနီက ဖတ်စာအုပ်၏ မည်သည့် အစိတ်အပိုင်းသည် မည်သည့် သင်ကြား သင်ယူမှုလုပ်ငန်းစဉ်အဆင့်နှင့် ဆက်စပ်သည်ကို ညွှန်ပြသည်။

မေးခွန်းအသီးသီးအတွက်အဖြေကို အနီရောင်ဖြင့်ရေးသားထားသည်။ မေးခွန်းများအတွက် အရေးကြီးသည့်သတိပြုရမည့် အချက်များကိုလည်း တချို့နေရာတွင် ထည့်သွင်းထားသည်။

ဤလေးထောင့်ကွက်ထဲတွင် သင်ခန်းစာနှင့်ပတ်သက်၍ ဖြည့်စွက်အသိပေးချက်ကို ဖော်ပြထားသည်။ ထိုဖြည့်စွက်အသိပေးချက်တွင် အောက်ပါတို့ ပါဝင်သည်။

- သင်ခန်းစာအတွက် ဖြည့်စွက်ရှင်းလင်းချက်
- သင်ခန်းစာအကြောင်းအရာနှင့် စပ်လျဉ်း၍ ဖြည့်စွက်အသိပေးခြင်း
- သင်ပုန်းအသုံးပြုပုံနမူနာ
- မေးခွန်းများအတွက်နမူနာအဖြေများ
- ဖြည့်စွက်လုပ်ငန်း
- ဖြည့်စွက်ဥပမာများ
- ဖြည့်စွက်လေ့ကျင့်ခန်းများ

ကျောင်းသုံးစာအုပ်၏ ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ

၁။ ကျောင်းသုံးစာအုပ်ဖွဲ့စည်းပုံသည် ကလေးများ၏သင်ယူမှုနှင့် ဆရာများ၏သင်ကြားမှု နှစ်ရပ်စလုံးကိုဦးတည်သော ပြဿနာဖြေရှင်းခြင်းပုံစံ သင်ခန်းစာဖွဲ့စည်းပုံပေါ် အခြေခံသည်။

- သင်ခန်းစာများအားလုံးကို အခြေခံအားဖြင့် အောက်တွင်ဖော်ပြထားသည့် အဆင့် ၄ ဆင့်ပါသော ပုစ္ဆာဖြေရှင်းခြင်းပုံစံဖြင့် ရေးဆွဲထားသည်။

  (သို့သော် မူလတန်းအောက်ဆင့် အတန်းများတွင် ဤပုံစံသင်ခန်းစာ အနည်းငယ်သာ တွေ့ရမည်)

  ၁။ အဓိက မေးခွန်းကို တင်ပြခြင်း

  ၂။ တစ်ဦးချင်းစီ၊ အုပ်စုလိုက် (သို့မဟုတ်) နှစ်ယောက်တစ်တွဲဖြေရှင်းခြင်း

  ၃။ စိတ်ကူးများကို တစ်တန်းလုံးနှင့်မျှဝေခြင်း (တင်ပြခြင်းဖြင့်)

၄။ နိဂုံးချုပ်ဆိုခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်မေးခွန်းများ မေးခြင်း

ပုစ္ဆာဖြေရှင်းသည့်ပုံစံ သင်ခန်းစာနမူနာ

၁၃ – ၉ ကို ဘယ်လို တွက်မလဲ။	အဓိက မေးခွန်းကို တင်ပြခြင်း
၁၃ – ၉ ကို အကွက်ပုံကတ်ပြားများသုံးပြီး မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ အဖြေရှာပါ။	တစ်ဦးချင်းစီ ဖြေရှင်းခြင်း
တစ်တန်းလုံးတွင် အကွက်ကတ်ပြားများသုံးပြီး ၁၃ – ၉ အား မည်သို့တွက်ရမည်ကို တင်ပြပါ။	စိတ်ကူးများကို တစ်တန်းလုံးနှင့်မျှဝေခြင်း
၁၃ – ၉ အား တွက်ပုံကို အကျဉ်းချုပ်ပြီး ပုစ္ဆာနောက်တစ်ခု ပေးကာ ကလေးများနားလည်မှု ရှိ၊ မရှိ စစ်ဆေးအကဲဖြတ်ခြင်း။	နိဂုံးချုပ်ဆိုခြင်းနှင့် တတ်မြောက်မှုကို အကဲဖြတ်သည့်မေးခွန်းများ

- သင်ခန်းစာ၏အစတွင် အဓိကမေးခွန်းကိုမမေးမီ၊ လိုအပ်လျှင် ကလေးများ၏ သိပြီးအသိပညာတို့ကို ပြန်လည်မှတ်မိစေသည့် ဥပမာတချို့ကို ပေးရမည်။
- သင်ခန်းစာအတွက် အဓိကမေးခွန်းကို စာသားပုံစံဖြင့် ရှင်းလင်းစွာဖော်ပြသည်။
- ကလေးများ၏ သင်ယူမှုလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာဖော်ပြသည်။
- ကလေးများထံမှ မျှော်မှန်းထားသော တုံ့ပြန်မှုနှင့် ဆရာများ၏လိုအပ်သောညွှန်ကြားချက်များကို ဆရာနှင့် ကျောင်းသား၊ ကျောင်းသူရုပ်ပုံများသုံး၍ စကားပြောကွက်များဖြင့် ရေးသားသည်။
- ကလေးများ သင်ခန်းစာ၏ဦးတည်ချက်ကို ပေါက်မြောက်မှု ရှိ၊ မရှိ သိနိုင်ရန် သင်ခန်းစာများ၏အဆုံးတွင် တတ်မြောက်မှုအကဲဖြတ်သည့် မေးခွန်းများကို ထည့်သွင်းထားသည်။
- ကလေးများ သချိုင်းဆိုင်ရာတွေးခေါ်မှုတိုးတက်စေရန်နှင့် အထူးသဖြင့် သချိုင်းပညာရပ်အပေါ် အကောင်းမြင်သော သဘောထားများ ဖြစ်ထွန်းလာစေရန် ပိုမိုခက်ခဲသောမေးခွန်းများကို ထည့်သွင်းထားသည်။

ဤစာအုပ်တွင် အသုံးပြုသော သင်္ကေတများ

... သိပြီးသည်များကို မေးမြန်းခြင်း

... သင်ခန်းစာအသီးသီးတွင် အသစ်သင်ယူမှုအတွက် မေးခွန်း သို့မဟုတ် လုပ်ငန်းများ

... နားလည်မှုကို တိုးတက်စေသည့် မေးခွန်း

... ခက်ခဲသည့် မေးခွန်း

၂။ အခန်းအသီးသီးတွင် ပြဿနာဖြေရှင်းသည့် သင်ယူမှုချဉ်းကပ်နည်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။

- သင်ယူရမည့်သင်ခန်းစာတွင် သချိၤအသိသညာ (concepts) အသစ်များ၏ မရှိမဖြစ်လိုအပ်ချက်ကို ကလေးများတွေ့ရှိလာစေရန်အတွက် သင်ခန်းစာ၏ အစပိုင်းတွင် နေ့စဉ်ဘဝနှင့်ဆက်စပ်သော ပြဿနာများကို အသုံးပြုသည်။
- သင်ခန်းစာ၏ အလယ်တွင်မူ သချိၤအသိသညာအသစ်အား ပိုမိုနားလည်ရန်နှင့်ကျွမ်းကျင်မှုများရရှိရန် ပြဿနာများကို နေ့စဉ်ဘဝ အခြေအနေများ မထည့်သွင်းဘဲ ပေးထားသည်။
- နေ့စဉ်ဘဝ ပြဿနာများတွင် သချိၤအသိသညာအသစ်ကို အသုံးချမှုနှင့်ကျွမ်းကျင်မှုများအတွက် သင်ခန်းစာ၏ နောက်ပိုင်းတွင် ပုစ္ဆာဖြေရှင်းခြင်းကို အဓိကဦးတည်သည်။
- အတန်းကြီးအဆင့်တွင် တချို့ပုစ္ဆာများကိုဖြေရှင်းရန် သိပ္ပံဗီးအသိပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချရန်လိုသည်။

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများဖြင့် ကလေးများ၏ သချိၤဆိုင်ရာတွေးခေါ်မှုနှင့် ဖော်ပြချက်အမျိုးမျိုးကို ကျွမ်းကျင်လာရန် ကျောင်းသုံးစာအုပ်ကို ရေးဆွဲထားသည်။

- သင်ယူမှုလုပ်ငန်းများသည် သချိၤဆိုင်ရာတွေးခေါ်မှု (ဥပမာ၊ ခြုံယူဆင်ခြင်ခြင်း၊ နှိုင်းယှဉ်ဆင်ခြင်ခြင်း၊ အတွေးအမြင်ဖြစ်ပေါ်လာခြင်း၊ စိတ်ကူးစိတ်သန်းဖြစ်ပေါ်ခြင်းစသည်တို့ကို) တိုးတက်စေရန် အခွင့်အလမ်းများဖန်တီးပေးသည်။
- ပြဿနာများကို နက်ရှိုင်းစွာနားလည်ရန်နှင့် ပိုင်းခြားစိတ်ဖြာကြည့်ရှုနိုင်ရန် ဘာသာစကား၊ သင်္ကေတများ၊ သရုပ်ဖော်ပုံများ၊ ကိုယ်စားပြုပစ္စည်းများနှင့် ဒြပ်ရှိပစ္စည်းများ စသည့်ဖော်ပြချက်အမျိုးမျိုးကို အသုံးပြုထားသည်။



ပစ္စည်းစစ်နှင့် ကိုယ်စားပြုပစ္စည်းသုံး၍ ရှင်းလင်းဖော်ပြခြင်း

- ပြဿနာဖြေရှင်းရာတွင် လိုအပ်သောတွက်ချက်မှုများဖြင့် အဖြေထုတ်ရန်သာမကဘဲ သချိၤဆိုင်ရာတွေးခေါ်မှုနှင့် ဖော်ပြချက်အမျိုးမျိုးကို သုံး၍ ဖြေရှင်းနည်းဗျူဟာကို ရှာဖွေတွေ့ရှိရန်အတွက်လည်း ကလေးများထံမှ မျှော်လင့်ထားသည်။ ('သချိၤပုစ္ဆာဖြေရှင်းခြင်း'တွင် ကြည့်ပါ)
- သင်ယူမှုလုပ်ငန်းများတွင် ကလေးများစာသင်ခန်းရှေ့တွင် တင်ပြသည့် ကျွမ်းကျင်မှုများ တိုးတက်လာမည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ (ဥပမာ – ဖော်ပြချက်အမျိုးမျိုးကို သုံး၍ တစ်တန်းလုံးကို တင်ပြခြင်း)



၄။ သင်ယူဆဲနှင့်သင်ယူပြီး စစ်ဆေးနည်းများဖြင့် ကလေးများ၏ နားလည်မှုအဆင့်ကိုအဓိကထားပြီး တိုင်းတာသည့် စစ်ဆေးအကဲဖြတ်ခြင်း

- ကလေးများ၏ သင်ယူမှုအဆင့်အမျိုးမျိုးတွင် သူတို့၏အသိပညာ၊ ကျွမ်းကျင်မှု၊ သချိၤဆိုင်ရာတွေးခေါ်မှုနှင့် သဘောထားများကို စစ်ဆေးအကဲဖြတ်ရန် လေ့ကျင့်ခန်းများပေးသည်။
- ကလေးများနားလည်မှု ရှိ၊ မရှိ တိကျစွာစစ်ဆေးနိုင်ရန် လေကျင့်ခန်းများတွင် ပုစ္ဆာများကို တဖြည်းဖြည်းလွယ်ရာမှ ခက်ရာသို့ စီစဉ်ထားသည်။

သချိုဘာသာသင်ကြားချိန်ခွဲဝေဇယား

လ	အခန်း	စာသင်ချိန်	သင်ကြားသင်ယူရမည့် အကြောင်းအရာ
နှစ်ရှိန် ၂၅	**၁။ တစ်ဆယ်အထိကိန်းများ** စာမျက်နှာ၊ ၁ – ၁၈	၁၉	● ၁၀ အထိ ကိန်းများကို ရေတွက်ခြင်း၊ ဖတ်ရှုခြင်း ရေးသားခြင်း ● ၁၀ အထိ ကိန်းများကို နှိုင်းယှဉ်ခြင်း ● ၁၀ အထိ ကိန်းများကို အစဉ်လိုက်စီခြင်း
	၂။ မည်မျှနှင့်မည်မျှ စာမျက်နှာ၊ ၁၉ – ၂၆	၆	● ၁၀ အထိ ကိန်းတစ်လုံးကို ကိန်းနှစ်လုံးအဖြစ်ခွဲခြင်း
	၃။ သုည စာမျက်နှာ၊ ၂၇ – ၂၈	၂	● သုညအတွက် ဥပမာပေးခြင်း
စူလိုင် ၂၉	**၄။ နောက်ထပ်ဘာလာမလဲ** စာမျက်နှာ၊ ၂၉ – ၃၄	၃	● ပစ္စည်းနှစ်မျိုး၊ သုံးမျိုးနှင့် လေးမျိုးပါသော အဆင်ပုံစံကို ရှာဖွေခြင်း
	၅။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိပုံများ စာမျက်နှာ၊ ၃၅ – ၃၈	၄	● လေးထောင့်ဘူး၊ ဘူးဝိုင်း၊ ဘောလုံး စသည့် နေ့စဉ်ဘဝရှိ ဂျီသြမေတြီဆိုင်ရာ ပုံများကို သတ်မှတ်ခြင်း ● နေ့စဉ်ဘဝရှိ ပုံများ၏ ထူးခြားချက်များကို ရှာဖွေခြင်း
	၆။ အပေါင်း သင်ခန်းစာ ၁ စာမျက်နှာ၊ ၃၉ – ၅၁	၁၃	● အပေါင်း၏ သဘော (အတူတူထားခြင်းနှင့် တိုးလာခြင်း) ● သချိုညီမျှခြင်းသုံးပြီး အပေါင်းကို ဖော်ပြခြင်း ● ၁၀ အထိ ပေါင်းခြင်း ● သုညနှင့် ပေါင်းခြင်း
	၇။ အနုတ် သင်ခန်းစာ ၁ စာမျက်နှာ၊ ၅၂ – ၆၄	၁၅	● အနုတ်၏ သဘော (လျော့သွားခြင်း၊ ဖြည့်စွက်ခြင်းနှင့် ခြားနားခြင်း) ● သချိုညီမျှခြင်းသုံးပြီး အနုတ်ကို ဖော်ပြခြင်း ● ၁၀ အထိ ကိန်းများကို နုတ်ခြင်း ● သုညနှင့် နုတ်ခြင်း
ဩဂုတ် ၂၉	**၈။ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၁** စာမျက်နှာ၊ ၆၅ – ၆၇	၆	● ၁၀ အထိ ကိန်းသုံးလုံးဖြင့် တွက်ခြင်း
	ပြန်လှန်လေ့ကျင့်ခန်း ၁	၁၀	● အခန်း (၁)မှ အခန်း (၈)အထိ ပြန်လှန်လေ့ကျင့်ခန်း
	၉။ ဘယ်ဟာကပိုရှည်သလဲ နှိုင်းယှဉ်ကြမယ် စာမျက်နှာ၊ ၆၈ – ၇၂	၅	● ပစ္စည်းနှစ်မျိုး (သို့) သုံးမျိုး၏အလျားများကို နှိုင်းယှဉ်ခြင်း (တိုက်ရိုက်နှင့် သွယ်ဝိုက် နှိုင်းယှဉ်ခြင်း) ● စံမဟုတ်သော ယူနစ်များသုံးပြီး ပစ္စည်းများကို တိုင်းတာခြင်း
စက်တင်ဘာ ၂၈	**၁၀။ နှစ်ဆယ်အထိကိန်းများ** စာမျက်နှာ၊ ၇၃ – ၈၀	၁၆	● ၂၀ အထိ ကိန်းများကို ရေတွက်ခြင်း ဖတ်ရှုခြင်းနှင့် ရေးသားခြင်း ● ၂၀ အထိ ကိန်းများကို နှိုင်းယှဉ်ခြင်း ● ၂၀အထိ ကိန်းများကို အစဉ်လိုက်စီခြင်း
	၁၁။ အပေါင်း သင်ခန်းစာ ၂ စာမျက်နှာ၊ ၈၁ – ၁၀၁	၁၄	● ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှု မပါသည့် ပေါင်းခြင်း ● ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှု ပါသည့် ပေါင်းခြင်း

သဲချံဘာသာသင်ကြားချိန်ခွဲဝေဇယား

လ	အခန်း	စာသင်ချိန်	သင်ကြားသင်ယူရမည့် အကြောင်းအရာ
အောက်တိုဘာ ၂၃ ချိန်	**၁၂။ အနုတ် သင်ခန်းစာ ၂** စာမျက်နှာ၊ ၁၀၂ – ၁၁၂	၁၆	● ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှု မပါသည့် နုတ်ခြင်း ● ၁၉ အတွင်း ကိန်းပြောင်းဖွဲ့မှု ပါသည့် နုတ်ခြင်း
	၁၃။ ဘယ်အချိန်မှာဘာလုပ်သလဲ စာမျက်နှာ၊ ၁၁၃ – ၁၁၆	၄	● နေ့စဉ်ဘဝနှင့် ဆက်စပ်၍ 'နာရီ'နှင့် 'နာရီခွဲ'ကို ပြောခြင်း
	၁၄။ ကိန်းသုံးလုံးဖြင့်တွက်ခြင်း သင်ခန်းစာ ၂ စာမျက်နှာ၊ ၁၁၇ – ၁၁၈	၇	● ၁၉ အထိ ကိန်းသုံးလုံးဖြင့် တွက်ခြင်း
နိုဝင်ဘာ ၂၈ ချိန်	**၁၅။ နေရာအဆင့်ပြကိန်းများ** စာမျက်နှာ၊ ၁၁၉ – ၁၂၄	၆	● ပထမမှပဉ္စမအထိနေရာအဆင့်ပြကိန်းများကိုအသုံးပြုခြင်း
	ပြန်လှန်လေ့ကျင့်ခန်း ၂	၁၀	● အခန်း (၉)မှ အခန်း (၁၅)အထိ ပြန်လှန်လေ့ကျင့်ခန်း
	၁၆။ ပုံများဆွဲသားခြင်း စာမျက်နှာ၊ ၁၂၅ – ၁၃၀	၅	● သုံးထောင့်ပုံ၊ လေးထောင့်ပုံနှင့်အဝိုင်းပုံစသည့် ဂျီသြမေတြီ ဆိုင်ရာပုံများကို အသုံးပြု၍ ရုပ်ပုံများကို ဆွဲသားခြင်း
ဒီဇင်ဘာ ၂၃ ချိန်	**၁၇။ ကိန်းကြီးများ** စာမျက်နှာ၊ ၁၃၁ – ၁၄၆	၁၅	● ၅၀ အထိ ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းနှင့် စီခြင်း ● ၁၀၀ အထိ ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်းနှင့် စီခြင်း
	၁၈။ ကိန်းကြီးများပေါင်းခြင်းနှင့်နုတ်ခြင်း စာမျက်နှာ၊ ၁၄၇ – ၁၅၅	၁၃	● ၁၀၀ အထိ လွယ်ကူသော အပေါင်းများ တွက်ခြင်း ● ၁၀၀ အထိ လွယ်ကူသော အနုတ်များကို တွက်ခြင်း ● ၁၀၀ အထိ ကိန်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း
ဇန်နဝါရီ ၂၉ ချိန်	**ပြန်လှန်လေ့ကျင့်ခန်း ၃**	၁၀	● အခန်း (၁၆)မှ အခန်း(၁၈)အထိ ပြန်လှန်လေ့ကျင့်ခန်း
	အထွေထွေလေ့ကျင့်ခန်း	၁၂	● ပထမတန်းရှိ အကြောင်းအရာ အားလုံးအတွက် ပြန်လှန်လေ့ကျင့်ခန်း
စာသင်ချိန် စုစုပေါင်း		၂၁၁	
အရန် စာသင်ချိန်		၄၁	
စုစုပေါင်း သင်ချိန်		၂၅၂	